
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၊ သမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅ဝ/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CI

သျှင်မ ၈၉၅.၈

ရိုးမယ်ဖွဲ့အလင်္ကာ / သျှင်မ၊
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၅။
၃၄၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ရိုးမယ်ဖွဲ့အလင်္ကာ




## အခန်း (၁)

မိုးတွေသည်းသည်းမဲမဲရွာနေသည်။ အိမ်ထရံခပ်နွမ်းနွမ်းတွေက
အဟုန်နှင့် မိုးစက်တို့ တဖြန်းဖြန်း ရိုက်ပုတ်မှုကြောင့် ပြုတ်ထွက်
းတော့မတတ် တသိမ့်သိမ့် လှုပ်ခါနေကြသည်။

ဒေါ်ကောက် အိပ်ရာပေါ်မှာ ငုတ်တုတ်ထိုင်ကာ ပုတီးတစ်ဖက်
ာမငြိမ်နိုင် ..။

"ဘုရားတပည့်တော်မရဲ့ သမီးလေး .. ဒီမိုးဒီဒဏ်တွေကြောင့်
ဒ်မဖြစ်ပါစေနဲ့ ဘုရား ..၊ လူကြီးမိဘကို လုပ်ကျွေးပြုစုနေသည့်
မီးမှာလေးမို့လို့ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်
ဆ .. အိမ်ကို ချောချောမောမော ပြန်လာနိုင်ပါစေ .."

ရာသီဥတုက ညဉ့်အမှောင်ကို အားကိုးအားထားပြု၍ စိတ်ကြိုက်
က်နေ၏။ ရွာ၏အနောက်ဘက် ချောင်းမကြီးဆီမှ တဟဲဟဲ
ံတွေကြောင့် မုန်တိုင်းနဲ့အတူ မကောင်းဆိုးဝါးတွေ မြူးတူးနေ
လား ထင်ရလေသည်။

ဒီမုန်တိုင်းနဲ့ ရွာကို ငါဘယ်လိုလုပ် ပြန်မလဲ ..၊

ကျောက်တောင်ပို့ကြီးရဲ့ဆားမှာ ကပ်မှီရင်း ချောင်းကို ငုတ်တုတ်
ဆေးနေမိသည်။ ရေလျှံနေသည့် ချောင်းကြီးက ကမ်းပါးပျောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် တပြန့်တပြောကြီး မြင်နေရကာ ခတ်မီးထိုးကြည့်လိုက်[...]
ပြိုးပြိုက်လက်နေသည့်ရေပြင်က လူကိုခြောက်လှန့်နေသည့်အတိုင်[...]

"ဒုက္ခပဲ .."

ကိုယ့်ဒုက္ခထက် အမေ စိတ်ပူနေမှာကိုသိနေသဖြင့် မယ် ဘ[...]
မှ စိတ်ဒုန်းဒုန်းချပြီး ယိုင်မနေနိုင် ..။

ချောင်းရေကတော့ ပိုတိုးလာမှာ မဟုတ်ပါဘူး ..။

မုန်တိုင်းသံ မိုးသံကြားတိုင်း ဒီချောင်းက ရေလျှံရင် ဒီလော[...]
ဖြစ်ကာ ဖြတ်မကူးရဲကြတာကတော့ ရေစီးသန်လွန်းလို့ဖြစ်သည်[...]

ဖမ်းမိသည့် သားကောင်ပုစိကွစလေးတွေကို သံပုံးထဲမှာထည့်[...]
ကာမို့ သံပုံးကိုတော့ လေကြောင်းလွတ်သည့်နေရာမှာ သေချာထားလိုက်[...]

ပြီးတော့ .. ဝတ်ထားသော မိုးကာအင်္ကျီကြီးကို မေးဖျား[...]
ကြယ်သီးစုံအောင် တပ်လိုက်သည်။ ပြီးမှ ဓာတ်မီးတစ်ဖက်၊ ခ[...]
တစ်ဖက်နှင့် ချောင်းစပ်ကို ဆင်းလာခဲ့၏။

ရေရောက်နေကျနေရာအထိ ရောက်နေပြီဆိုလျှင် လေရော[...]
ငြိမ်သွားအောင် စောင့်ရမည်။ ပြီးလျှင် သူလုပ်ထားသည့် ဝါးဖော[...]
နဲ့ အသာလေးထိန်းပြီး ဟိုဘက်ကမ်းကို ပြန်ကူး[...]လို့ရပြီ ..။

"ဟင် !.."

မျက်လုံးထဲမှာ ရေပြင်ကို ကန့်လန့်ဖြတ်လှုပ်ရှားနေသော မည်[...]
သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသဖြင့် ကျော်လွှားသွားပြီးမှ ဓာတ်မီး[...]
ထိုးကြည့်မိသည်။

လူလား .. တိရစ္ဆာန်တစ်ကောင်ကောင်လား ..။

အနီးကပ်ဓာတ်မီးထိုးထားရင်း .. ရေစပ်အတိုင်းပြေးသွား[...]
မျက်နှာကို မိုးရေစက်တွေက လုံးခနဲဖြိုးမှန်ကာ မျက်လုံးကိုမှိတ်[...]
လိုက်ရသည်။

ထိုခဏလေးမှာပဲ .. သစ်ကိုင်းလုံးကြီးတစ်ချောင်း ဖြောင်း[...]
ကျလာတာ မယ့် ပခုံးနားမှာ ပတ်ကာသီကာလေး ..။





လူကိုမထိပေမယ့် နားထဲမှာ ဗုံးကွဲသလို ဆူညံသွားတာ အူတူကျန်[...]
[...]။ ပြီးတော့ ချောင်းထဲကို ပြန်ရှုကြည့်မိလျှင် ကူးခတ်နေသည့်
[...]ဌာန်က ငုတ်ချီးပေါ်ချီ ..။

ဒါ .. တိရစ္ဆာန်ဆိုလျှင် ကူးခတ်နေနိုင်သည့်အရွယ်အစမို့ အသက်
[...]ချောင်းကို မြင်နေလျှက်နဲ့ လစ်လျူမရှုနိုင်ပါ။ မယ် ထိုသဏ္ဌာန်နှင့်
[...]အောင် ဆက်ပြေးခဲ့မိသည်။

သဏ္ဌာန်သည် တစ်ဖက်ကမ်းကိုကပ်ဖို့ကြိုးစားနေရင်း ရေစီးတိုင်း
[...]သွားနေသဖြင့် ရေစီးသန်နေသည့်အရှိန်ကို မယ် တော်တော်လိုက်
[...]ရသည်။

ဓာတ်မီးနဲ့ ထိုးထားရသဖြင့် အလေးရောင်က ချောင်းရေပြင်မှာ
[...]သက်စွာ ခုန်ပေါက်နေသည်။ မိုးစက်တွေ ပြန်စိပ်လာသဖြင့် အနေအ[...]
[...]သာပေမယ့် မသဲကွဲ ..။

သို့သော် ..

ဒါ .. လူပဲ ..၊

အင်္ကျီအနက်ဝတ်ထားကာ ဒီဘက်ကိုကျောခိုင်းထားသဖြင့် သေချာ
[...]င်ရပေ ..။ သစ်တုံးကိုဖက်ထားသလား .. ဘာလား ..။

တစ်ချက်တစ်ချက် ကူးမြှောက်လိုက်သည့်လက်ကို မြင်လိုက်တာ
[...]ပေမယ့် မိုးတွေသည်းလာလေ ဝေဝါးကုန်လေ ..။

"ဟေး .."

မယ် နှုတ်ခမ်းမှာလက်ကာ၍ တအားအော်ပြီ အသံပေးလိုက်သည်။

"ဟိုဘက်ကပ်ဖို့ မကြိုးစားနဲ့ .. ဒီဘက်ကိုကူးခဲ့ .."

သူ ကြားရဲ့လား !..၊

ဓာတ်မီးထိုးကြည့်လိုက်တော့ လှုပ်ရှားနေသည့်ပုံစံက ဒီအတိုင်း..။

"အဲဒီကြောဘက်မှာ ပြိုကျနေတဲ့ ကမ်းပါးစောက်ပဲရှိတယ် .. တက်[...]
[...]မှာ မဟုတ်ဘူး .. ဒီဘက်ကိုလာ .."

အော်ပြောနေရင်း ဒီလေသံမိုးသံနဲ့ ဘယ်လိုမှ မကြားနိုင်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေးမိလိုက်သည်။ ရေစီးသန်လွန်းသည့် ချောင်းမှာ မရေမက ကူးခ

နေလျှင် ဒီလူလက်ပမ်းကျသွားမှာပဲ ဖြစ်သည်။

ဒီတိုင်းမျောပါသွားလျှင် နောက်ထပ် 'မိချောင်းခို' ချောင်းဝ

ထဲ ရောက်သွားလိမ့်မည် ..။

ဘာမှ စဉ်းစားမနေတော့ဘဲ ဓာတ်မီးကို သစ်ပင်ခွကြားတစ်ခု

ချောင်းဘက်လှည့်ထိုးလျက်နှင့် တင်ထားလိုက်သည်။ ပြီးတော့ .. မိုးက

အင်္ကျီကိုချွတ်၍ လုံးထွေးပုံထားလိုက်ကာ ..၊

"ဝုန်း .."

ဒီချောင်း ဒီရေစီးဆိုတာ မယ့် အတွက်က မထိတွေ့ဘူးသည့်အ

တွေ မဟုတ် ..။

ဒုက္ခပေးနေတာက မိုးသည်းနေခြင်းပဲဖြစ်၏။ လေထန်နေ

ချောင်းရေတွေက အိုးထဲကရေတွေ ဆောင်ဘင်ခတ်နေသလို တဝုန်းဝု

ထနေသည်။

ထိုလူရှိရာ အသာလေး မျှောလိုက်သွားရင်း လှုပ်ရှားမှုကိုမှန်းဆ

စတင် ကူးခတ်လိုက်၏။

"ဟေး .."

လှမ်းခေါ်လိုက်ကာမှ ချောင်းရေတွေ ပါးစပ်ထဲကို တစ်လုံးပြ

ဝင်၏။ ထို့ကြောင့် .. မယ် ဆက်ပြီးတော့လည်း မခေါ်နိုင်တော့သ

တစ်ဖက်ကလူလည်း ကြားပုံမပေါ် ..။

ထိုစဉ် .. သစ်ကိုင်းပြတ်ကြီးတစ်ကိုင်းက ရေစီးထဲမှာ ထိုး

ထောင်းထောင်းနှင့် လူးလိမ့်ပြေးဝင်လာ၏။

ဓာတ်မီးရောင်ပျပျမှာ သစ်ကိုင်း၏အရင်းက ကူးနေသူဘက်

ရှိနေတာကို သိလိုက်ကာ .. မယ် ရေစီးကို တွန်းလှန်၍ ထိုလူဆီ ဦးအေ

ရောက်ဖို့ ကြိုးစားသည်။

သို့သော် .. နောက်ကနေ ထိုလူ၏ ပခုံးတစ်ဖက်ကို ဆုပ်ကို

လိုက်မှာ သစ်ကိုင်းက အနားရောက်နေပြီဖြစ်ကာ ...



"ဖြန်း .. ဒုတ် .."

"အ !.."

သစ်ကိုင်းစတစ်စက မျက်နှာကို ရေစီးသည့်အဟုန်အတိုင်း အား

ပြင်းစွာ ရိုက်ပုတ်ပစ်လိုက်သဖြင့် မယ့် မျက်နှာ ပက်ခနဲလန်သွားသည်။

သို့သော် ဆုပ်ကိုင်ထားမိသည့် အင်္ကျီစကို မလွှတ်သဖြင့် ဗြုန်းခနဲ ရေစီး

နဲ့ မျောမသွားခဲ့ ..။

"ဒုန်း .."

"အ !.."

ပခုံးကို တစ်ယောက်ယောက် လာဆုပ်ကိုင်တာသိလိုက်သဖြင့်

သူ နောက်လှည့်ကြည့်မိလျှင် ချုံစောင်းနေရာကို မာကြောသောအရာတစ်

ခု ပစ်ဆောင့်သွားကာ မျက်လုံးထဲမှာ သစ်ကိုင်းပြတ်ကြီးက မည်းခနဲ..။

နာသွားပေမယ့် .. အစိုး သတိတော့မလစ်ပေ ..။ သူ့ပခုံးကို ဆုပ်

ဆွဲထား၍ ရေထဲမှာ ချာလပတ်ရမ်းသွားသူကို အမိအရ ဖမ်းဆွဲလိုက်

သည်။

ပြီးတော့ .. ရေအောက်ကို ငုပ်ဆင်းပစ်လိုက်၍ ထိုလူကိုပါ ဆွဲဖက်

ထားလိုက်၏။ ရေပေါ်က ကိုင်းများတို့၏အန္တရာယ်က လွတ်မြောက်

သွားသော်လည်း .. ရေထဲဆင်းနေသည့် အရင်းကိုင်းတို့နဲ့ မလွတ်ခဲ့ဘဲ..၊

"အင့် .."

အသက်အောင့်ထားရ၏ ..။ ထိမိခြစ်မိတာတွေကို ကြိတ်ခံနေရ

တာ အခြေအနေတော်တော်ဆိုးနေခဲ့၏။ ရေပေါ်ပြန်ပေါ်လာချိန်မှာ

သည်း ခဏပဲ အသက်ရှူခွင့်ရကာ သစ်ကိုင်း သစ်လုံးကြီးငယ်တို့၏

ရန်ကြောင့် မြင်တော့ ငုပ်ရှောင်လိုက် .. မမြင်တာတွေကြောင့် မူးမိုက်

သွားလိုက်နှင့် ..။

တစ်ညလုံး ချောင်းရေထဲမှာ ဒီတိုင်းသာနေရပါလျှင် ..။

## အခန်း (၂)

"ဟော့ .. ဒီမှာ .. ဒီမှာ .. ဟိတ် .."

မေးဖျားကိုလှုပ်နိုးနေရင်း စိတ်မရှည်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ပါးချိတ်နေရာကနေ ဖြန်းခနဲ ပင့်ရိုက်ပေးလိုက်၏။

"အ .."

ညည်းသံလေးသဲ့သဲ့နှင့် မယ် သတိရလာသည်။

"ဟင်!.."

မျက်လုံးဖွင့်လိုက်တာနှင့် စူးရှသော နေရောင်ခြည်က မျက်လုံး တည့်တည့်ကို ဖမ်းထိုးထားသလိုဖြစ်ကာ လက်နဲ့ ကာထားလိုက်မိသည်။ ဆေးကိုကြည့်လိုက်တော့ .. နှုတ်ခမ်းမွေးစစ ပါးသိုင်းမွေးရာတွေ သိသာ စွာ စိမ်းမှောင်နေသော အသားလတ်လတ်နှင့် မျက်နှာတစ်ခု ..။

"ရှင်!.."

ယောကျ်ားတစ်ယောက်ဆိုတာ သိလိုက်သည်နှင့် မယ် အလန့် တကြား ထထိုင်လိုက်၏။ ပြီးတော့ .. ကိုယ့်ကိုယ်ကိုယ် သတိထားမိ လိုက်သည်က သူမ ဝတ်ထားသည့် ရှပ်အင်္ကျီရဲ့ ရင်ဘတ်နဲ့ လက်မောင်း စတွေ စုတ်ပြဲနာကျင်နေခြင်း ..။



"ရှင် .. ရှင့် .."

"ဟာ!.. ဟော့ .."

လက်က ရိပ်ခနဲ မြောက်တက်သွားကာ အရှိန်နှင့်ကျ၏။ ဒါပေ မယ့် ထိုလူက နောက်လှန်ပြီး ကမန်းကတမ်းရှောင်ကာ လက်နဲ့ကာလိုက် သဖြင့် မထိမိခဲ့ ..။

"တောက်!.."

သူ့မှာလည်း ဒေါသတွေနဲ့ပဲဖြစ်ကာ .. မျက်နှာချက်ချင်းနီရဲသုန် မှုန်သွား၏။

"ဘာ ထဖြစ်တာလဲ .. မင်း .."

ပြောလိုက်တာက ဒေါသနဲ့ပေမယ့် .. သူမ အမူအရာတွေဖြစ်သွား တာကို သိလိုက်ပြီးသားမို့ ...

"မင်းကို ငါက အသက်ကယ်လာတာ .."

"ဘာပြောတယ် .. ရှင်က .."

"ငါ မကယ်ခဲ့ရင် မင်း ရေအောက်မှာ နစ်သေနေပြီ .."

"ရှင် တော်တော် မျက်နှာပြောင်တဲ့ လူပါလား .. ရှင့်ကို ကျွန်မက ကယ်တာ .."

"ဪ .. ဒါဆို .. ကမ်းပေါ် မင်း ဆွဲတင်ခဲ့တာလား .."

မယ် ကြောင်တောင်တောင်ဖြစ်သွား၏။ ဟုတ်သည် သူမ ရေထဲ မှာ ဘာဖြစ်သွားခဲ့သလဲ ..။

ရုတ်တရက် သူ့ကိုကယ်ဖို့ ရေထဲဆင်းကူးခဲ့တာကိုသာ မှတ်မိ သည်။ နောက်ထပ် ဘာဖြစ်ခဲ့သလဲ ..။

"ဟွန်း .. အဲဒါပဲ .. 'မင်းလေ့မျှောလည်း မဆယ်နဲ့' ဆိုတာ .."

"ဒီမှာ .."

"ငါ့နာမည် .. အစိုးယျ .."

"ကြေညာမနေနဲ့ .. အစိုးယျ ပဲဖြစ်ဖြစ် သမ္မတ ပဲဖြစ်ဖြစ် .. အခု

www.burmeseclassic.com



ရှင် မယ့် ကိုအသက်ကယ်ခဲ့ရတယ်ဆိုတာ မှန်ရင်မှန်လိမ့်မယ် ..”

“လာသေးတယ် ..”

“ဒါပေမယ့် .. ရှင့်အဖြစ်ကိုမြင်ပြီး မယ် က ကယ်ဖို့ကြိုးစားတာ ..”

“ဘာ!..”

ဒါကိုတော့ သူတကယ်ကို မယုံတာဖြစ်သည်။ ဘယ်တုန်းကလဲ.. ဘယ်ကနေမြင်ပြီး ရေထဲခုန်ချလာတာလဲ ...।

“ပြောပါဦး .. ငါက မဟာစနကမင်းသား မဟုတ်ပေမယ့် .. ညဥ့်အချိန်မတော် မေခလာနတ်သမီး ပေါ်လာတယ်ဆိုတာ စိတ်ဝင်စားစရာပဲ ..”

“ဘာလဲ .. ရှင့်ကို မဟုတ်ကဟုတ်ကတွေ ပြောနေတယ်လို့ထင်လို့လား ..”

“မင်းပဲ သိမှာပေါ့ ..”

“သိတယ် .. ရှင့်ကိုကယ်ဖို့ မယ် က ရေထဲခုန်ချခဲ့တာ ...। ဒီချောင်းရေမှာ တစ်ခါမှလည်း ရေမနစ်ခဲ့ဖူးဘူး ...। အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အဲဒီလိုဖြစ်သွားလိမ့်မယ်လို့ ထင်ကိုမထင်ခဲ့ဘူး ..”

မယ် ပြောပြနေတာကို မဲ့တဲ့တဲ့ကြည့်နေသည့်မျက်နှာက မျက်ခုံးတွေ မသိမသာတွန့်ကုပ်လာခဲ့၏။

သူမ တကယ်ပြောနေတာလား ...। ဒါဆို သူမက ဒီဒေသနဲ့ ရင်းနှီးနေတဲ့သူပေါ့။

“ဘယ်သူ့ကြောင့်ပဲ အသက်ရှင်ရှင် မယ့် စေတနာကို ရှင် မစော်ကားသင့်ဘူးဆိုတာ ခေါင်းထဲထည့်ထားလိုက် ...। ကျေးဇူးတင်ခံချင်လွန်းလို့ မဟုတ်ဘူး .. ကျေးဇူးကန်တဲ့လူတွေ အသက်ရှင်ပေမယ့် ဘုန်းမကြီးတတ်ဘူးဆိုတာ မေ့နေမှာစိုးလို့ ..”

မယ် က ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး ထိုင်ရာမှ ထရပ်



သည်။ တစ်ကိုယ်လုံးနာကျင်နေကာ အကျီမှာပြဲရာရှရာတွေနှင့် စုတ်ပြတ်သတ်နေတာ မြင်လို့မကောင်း ...။

ဒါပေမယ့် .. အသားပေါ်မှာပါ သွေးစတွေနဲ့ ဒဏ်ရာတွေဖြစ်နေသဖြင့် ဒါတွေ ဘာကြောင့်ဖြစ်ရသည်ဆိုတာကို သူမ တွေးမိသွားပြီဖြစ်သည်။

ကျောကဒဏ်ရာကို စမ်းကြည့်လိုက် .. လက်မောင်းတွေ ပင့်ကြည့်လိုက်နှင့် နှာခေါင်းဖျားက စပ်ဖျဉ်းနေတာကို သတိထားမိတော့ ထိတ်ခနဲဖြစ်သွားသည်။

ညက မျက်နှာကို သစ်ကိုင်းဖျားနဲ့ ရိုက်မိခဲ့၏။ စမ်းကြည့်လိုက်တော့ .. လက်နဲ့ထိတာနှင့် လူက တွန့်ခနဲဖြစ်၏။

“အား ..”

ခပ်ကြိတ်ကြိတ်ညည်းညူရင်း သူမ မျက်နှာမှာ ဒဏ်ရာကြီး ဖြစ်ကျန်ရစ်ပြီဆိုတာ ထိတ်လန့်စိတ်က မိန်းကလေးပီသစွာ ဝင်လာသည်။

“ဟော့ .. ဘယ်သူ .. မယ် .. နေဦး ..”

အစိုး နေရာမှ ကမန်းကတမ်းထရပ်လိုက်ပြီးမှ ...

“ဟုတ်တယ် .. ဆောရီးပါ ...। ငါ အခုမှ ဆက်စပ်တွေးမိတယ်.. မင်း ငါ့ကို လာဆွဲတာ ..”

“ဟွန်း ..”

“နေပါဦး .. ညဘက်ကြီး မင်းက လာကယ်တယ်ဆိုတော့ ငါ ရုတ်တရက် မယုံနိုင်ဖြစ်သွားလို့ပါ .. ဟော့ ..”

တားဆီးရင်း လိုက်ပါလာကာ မယ့် ရှေ့ကို ကျော်တက်ပြီးမှ မျက်နှာချင်းဆိုင်ကြည့်၍ ...

“ငါက မြို့ကဧည့်သည်ပါ ..”

“အဲ့ဒါ ဘာဖြစ်လဲ ..”

မယ် က သူ့ကိုရှောင်ထွက်သွားသည်။ အစိုး ခဏရပ်ကျန်ခဲ့ပြီးမှ ပြန်လိုက်ရပြန်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းက .. ဒီနားရွာကလား .."

"မဟုတ်ဘူး .."

"ဟင် .."

သူမပုံစံက ဂျင်းဆောင်းအကျီရှည်နှင့် ရှပ်အင်္ကျီလက်ရှည် ကွက်စိပ်လေးကို ဝတ်ထားကာ .. ဆံပင်တွေကတော့ ပခုံးလောက်ထိ ရှည်၏။ ပါးတာလား ရေမခြောက်လို့ ကပ်နေတာလား ..။

ဒါပေမယ့် ပစ်စလက်ခတ်ကျသည့် ဆံနွယ်တွေကတော့ သိသာနေသည်။

မြို့သူတော့ မဖြစ်နိုင်ပေမယ့် .. ဒီလောက် တောကျကျနေရာက ရွာသူဖြစ်လိမ့်မည်လို့လည်း တပ်အပ်ပြောဖို့ ခက်သည်။

"နေပါဦးကွ .. မဟုတ်ဘူးဆိုတာ ငါ့ကိုရှင်းအောင်ပြောစမ်းပါ၊ ဒီနားကမဟုတ်ရင် မင်း ငါစီးလာတဲ့ စက်လှေပေါ်မှာပါလာတဲ့ ခရီးသည်လား ..၊ စက်လှေပေါ်မှာတော့ ငါ မင်းကို မတွေ့မိဘူးထင်တယ် .."

လှေသဗ္ဗာန်လေးပေါ်မှာ ကုန်ပစ္စည်းတွေနဲ့ လူပါမှ ခြောက်ယောက်ခုနစ်ယောက်ပေါ့ ..။ သူကြည့်မိသည့် လူတွေထဲမှာ သူမကို မမြင်မိတာ သေချာပါသည်။

စက်လှေ ဆိုကာမှ သူမကလည်း လှည့်ကြည့်ဖော်ရ၏။

"ရှင်က စက်လှေမှောက်လာတာလား .."

"စက်လှေနဲ့က မမှောက်ပါဘူး ..၊ လှေနဲ့ ဒီဘက်ကိုကူးလာကာမှ မှန်တိုင်းမိတာ .. မှောထဲမှာ မှန်တိုင်းမိတာလည်း မကြားဘူးအဲ့တော့ ဘာမှကို စဉ်းစားပြင်ဆင်ချိန် မရလိုက်ဘူး ..၊ ပြောပါကွာ .. ငါက လူဆိုး တစ်ယောက်တော့ မဟုတ်ပါဘူး .. မင်းကိုလည်း ဒုက္ခမပေးဘူးဆိုတာ ယုံပါ .."

"ရှင်ဘာသော ဘယ်လိုလူဖြစ်ဖြစ်လေ .. ရှင်နဲ့ ကျွန်မ ပတ်သက်ခဲ့မိတာ အတိတ်လည်းမပါဘူး .. အနာဂတ်လည်းမပါဘူး .. ပြီးပြီ .."





"ဟာ .. မပြီးပါနဲ့ဦး .. နေပါဦး .."

သူပဲ ထွန့်ထွန့်ပျက်လောက်အောင် တားဆီးနေရကာ ..၊

"မင်းက ဒီရွာခံဆိုရင် ငါ့ ဒုက္ခကို နည်းနည်းပါးပါးကူညီပေးပါ၊ ငါ့မှာ ဘာပစ္စည်းမှ မရှိတော့ဘူး ..၊ ပိုက်ဆံလည်း တစ်ပြားမှ မကျန်တော့ဘူး .. အိတ်ဆောင် ပိုက်ဆံအိတ်လေးတောင် ပါသွားတယ်ကွာ .."

"အဲဒါဆို ပိုတောင်ကူညီဖို့ ခက်သေးတယ် ..၊ မယ် တို့ကလည်း ဆင်းရဲလွန်းလို့ သားအမိနှစ်ယောက်ထဲတောင် မတ်တပ်အိပ်ရတာ .."

"ဘယ်လို!.."

အစိုး မျက်လုံးပြူးသွားပုံက ဒါကို တကယ်ထင်သွားတဲ့အဖြစ်အအုံ့တသြ ..။

"မတ်တပ်အိပ်တယ် .. မတ်တပ် ဘယ်လိုအိပ်တာလဲ .."

"ဟား .."

ဒီလူ ဘာလဲ!..၊

မျက်နှာကိုကြည့်တော့လည်း ကမင်လိုက်ကြောင်နေတာနဲ့ မတူပါ။ ဒီလိုပဲ ဆင်းရဲတာကို အတိုးသရတွေနဲ့ ပြောကြတာ မကြားခဲ့ဖူးဘူးလား ..။

'ဝါးလုံးခေါင်းထဲ ဆင်ဝင်တဲ့အတိုင်းပဲ' လို့များ ပြောလိုက်လည်း 'အဲဒီ ဝါးလုံးခေါင်း ဘယ်လောက်ကျယ်လို့လဲ' ပြန်မေးဦးမှာ သေချာ၏။

"မင်းတို့က .."

"အရမ်းဆင်းရဲတာကို ပြောပြတာ ..၊ ခင်ဗျားပုံစံကြည့်ရတာ ဆင်းရဲတာကို သေချာသိပုံမပေါ်ဘူး .. ဟွန်း .."

"သိပါတယ် .. မင်းပြောတာကိုပဲ မကြားဘူးလို့ပါ .."

မကြားဖူးဘူး ဆိုတည်းက မနီးစပ်လို့ မဟုတ်ဘူးလား ..၊ လူပုံစံကြည့်တော့ ကျားကျားလျားလျား မြင့်မြင့်မားမား ..။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်မွေးတွေ ဘာတွေနဲ့ လူကြမ်းကြီးလိုလို ...၊

"မင်း .. အခု ဘယ်ကိုသွားနေတာလဲ .. ဒီအနီးအနားမှာ လူ
အိမ်ခြေလည်း ဘယ်မှာမှ မမြင်ဘူး .."

"ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေစမ်းပါနဲ့ .. မယ် ဘာသာ ဘယ်သွားသွ
ရှင့်ကို လိုက်ခဲ့ဖို့ ခေါ်နေလို့လား .."

"ဒီလိုတော့ မလုပ်နဲ့လေဗျာ .. မင်းက ဒီနားချုံပ်စပ်က ရွာက
မို့လား .. ငါ့ကို .."

"ဒီမှာ .."

မယ် ခြေလှမ်းရပ်လိုက်တော့ သူပါ တုံ့ခနဲရပ်လိုက်မိကာ ..

"ကျွန်တော် ဒီနားကဆိုတာ မှန်တယ်၊ အခု ကိုယ့်ကိုယ်ကို
ဘယ်ရောက်နေမှန်း မသိဘူး .."

"ဟင်!.."

"ချောင်းထဲမှာ ဘယ်လောက်ထိ မျောလာလဲမသိဘူး၊ တစ်ည
ရှင်နဲ့အတူတူရှိနေတယ်ဆိုတာလည်း မယ့် အိမ်က သိလို့မဖြစ်ဘူး၊ အ
တော့ ရှင့်ကို အတူခေါ်သွားလို့မဖြစ်ဘူးဆိုတာ ရှင်နားလည် .."

အစိုး မျက်နှာမဲသွားကာ ကိုယ့်ဆံပင်တွေထဲ လက်ထည့်ဖွမိ
စိုထိုင်းထိုင်း ဆံပင်တွေက တစ်နေရာမှစေးကပ်ကပ် လုံးတွဲနေပြီ။

"အ .."

ညက ခေါင်းကိုယိမ်းခံ့ည့် ဒဏ်ရာက လူကိုသတိထားလိုက်သ
ပင် ...၊ သွေးဘယ်လောက်ထွက်ခဲ့ပြီး ဘယ်လို နာကျင်ခဲ့မှန်းတော့ မသိ

ခုချိန်မှာ မ႑က်ဖြန်ဆိုတဲ့ အနာဂတ်အတွက် ပူပန်နေရသဖြင့်
ဒဏ်ရာကို ဂရုမစိုက်နိုင် ...။

"မယ် .."

သူမ မကြည်ဖြူပေမယ့် ဒီတောထဲမှာ တစ်ယောက်တည်း မျက
လည်ကျန်ခဲ့ရင် သူ အဖြစ်ဆိုးတော့မှာကို သိနေသဖြင့် ဒီလိုပဲ တော





ပြောနေရင်း အတူတူလိုက်ပါနိုင်အောင် ကြိုးစားနေမိသည်။

"ငါက ကြခတ်ရွာကို သွားမလို့ပါ .."

မယ့် ခြေလှမ်းတွေ နှေးကျသွားသည်။

"အဲဒါ .. လှေသမားပြောပုံအရဆို တော်တော်သွားရဦးမှာ ...၊ မိုး
ရွာနေလို့ ဘယ်လှေမှ ငှားမရဘူး၊ အဲ ဲ လှေသမားကိုလည်း အချိန်
လိုက်တန်ဖိုးထက် သုံးလေးဆပုံပေးပြီး ငါ ခေါ်ခဲ့ရတာ .."

"ရှင်က ဘာတွေအရေးကြီးနေလို့လဲ .. ရာသီဥတုဖောက်ပြန်တော့
သူတို့သိလို့ မလိုက်ကြတာကို .."

"ဒီလိုဖြစ်မယ်မှန်းသိရင်တော့ အသက်ပုံပေးပြီး ဘယ်တွက်မလဲ
ဒါပေမယ့် သူလည်း လိုက်လာတာပဲ .."

"မမြင်ဘူးလောက်တဲ့ပိုက်ဆံတွေ ပုံချပြမှတော့ ဆင်းရဲသားက
ဘာတက်လာမှာပေါ့ ...၊ အခု သူလည်း အဲဒီပိုက်ဆံမရရှာဘူးမို့
"

"သူ့ကိုတော့ ပိုက်ဆံအရင်ပေးလိုက်တာပဲ ...၊ ငါ့လိုပဲဖြစ်သွားရင်
ဘာမှရမှာမဟုတ်ဘူး .. ဒါပေမယ့် ရွာခံလူဆိုတော့ ငါ့လောက်
မှာ မဟုတ်ပါဘူး၊ သူ့ ပိုက်ဆံပါမသွားအောင် ထိန်းဖို့လောက်
သတ်ရမှာပဲ ...၊ ဝုန်းခနဲဆို ၈ဖြစ်တုန်းက လေရောမိုးရောကျလာ
ပြင် ကမ်းပါးစောက်တစ်ခုက ပြိုကျလာတာ ...၊ မှန်ပါင်း မကြီး
ဲ မိုးကြီးလာတည်းက လှေမှောက်တာပဲ .."

လှေရဲ့ ဦးပိုင်းပေါ် တည့်တည့်ကြီး ပြိုကျလာတာ၊ တစ်ယောက်
ယောက် ဘယ်လိုမှ ဆက်သွယ်ကူညီချိန်မရလိုက်ခင် တစ်ကွဲတစ်
ဖြစ်ပြီး မျက်စိအောက်က ပျောက်ကုန်ကြတာဖြစ်သည်။

အစိုး က သေချာပြောနေကာ ...၊

"ငါ့အမှားပါ .. ငါကလည်း ကိုယ်မသိတဲ့ နေရာမှာ ညအိပ်ဖို့
ယဥ်းမှာစိုးတာနဲ့ ကိုယ်သွားဖို့ စီစဉ်ထားတဲ့နေရာထိ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



အရောက်သွားဖို့ ကြိုးစားမိဟာ ..၊ နဲ့ဆော့ .. ကုန်း
ရေထဲဆင်းအိပ်သလိုဖြစ်သွားတယ် "

ပြောပြီး ရယ်ချင်သွားပေမယ့် မရယ်ဖြစ်ခဲ့ပါ

"မင်းကိုတွဲထားပြီး ချောင်းစပ်မှာပဲ ရေစီးမ
ကျော်တယ် .."

"ဟင် .. ဘာဖြစ်လို့ပဲ .."

ချောင်းရေလျှံတာက မိုးချုပ်ဂနှာဖြစ်တာပါ
ဒုက္ခတွေ ရောက်နေခဲ့ကြတာ အလှန်ဆုံး တစ်နာရီ

"ချောင်းစပ်က မှောင်မည်းနေတာလေ ..၊ ပြီး
တအားကြမ်းတာ၊ ရေစပ်ကို ရောက်နေပြီမှန်းသိတာ
ဆွဲချနေသလိုပဲ .."

"ဟုတ်တယ်လေ .. ဒီချောင်းက အစတည်းက
ရေတွေလျှံနေတော့ ပိုဆိုးပြီပေါ့ .. ဒါပေမယ့် .."

"မသိဘူးကွာ .. သရဲတောအကြောင်းတယ်ပြော
ကြစီးနေတာ ရေထဲမှာ အန္တရာယ်မရှိနိုင်ဘူး၊ က
မှန်ကိုင်းခြောက်၊ ပြေးလွှားဆော့တင်နေတဲ့ ပုပ္ပရှုသ
မှာ .."

"ရှင်က အဲ့ဒါကိုကြောက်သို့ !.."

လှည့်မေးလိုက်တော့ သူ့မျက်နှာ နီသွားသည်

"သေသွားမှာကြောက်လို့ မဟုတ်ဘူး တန်း
အကောင်တွေပဲ ဒီအကောင်တွေနဲ့ လူပေါ်ဟက်မှာ

ဒီတစ်ခါတော့ ကိုယ့်ဒဏ်ရာတွေကိုမေ့ကာ
သည်။

လူကိုသေချာကြည့်ပြီး ရယ်လိုက်တာမို့ အစိုး

"လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ရှင်ဆိုင်ဖို့





မကြောက်ဘူး .. အဲ့လိုမျိုး .."

"ဘာဖြစ်ဖြစ် ရှင် သတ္တိကြောင်တာပဲလေ .. ယောက်ျားက ယောက်ျား 'ဇ' တော့ရှိရမှာပေါ့ .."

"'ဇ' ရှိရင်ရှိ မရှိရင်နေကွာ ..၊ ငါ့အဖေခိုင်းလို့ ငါလာခဲ့တာ ကျေးလက်တောတောင်တွေကို ငါမသာယာတတ်ဘူး၊ အဲ့ဒါကြီးကျယ်တာမဟုတ်ဘူး .. သူများရဲ့ ဓလေ့အထာတွေကို ကိုယ်က ဖြုန်းခနဲ စီးမျောလို့မရရင် တဖက်သားကို အားနာစရာတွေ ဖြစ်ရမှာ၊ အဲ့ဒီလိုအနေခက်တာမျိုး မခံစားချင်တာ .."

"ဒါဆို အဖြေကထွက်နေပြီပဲ .. ခင်ဗျား အနီးဆုံးရွာတစ်ရွာ ရောက်ရင် လှေငှားပြီး လှည့်ပြန်လိုက်တော့ .."

"ဟာကွာ .."

"ခင်ဗျားသွားမယ့် ရွာက ချောင်းညှာမှာ ဝေးကျန်ခဲ့ပြီ၊ ပြီးတော့ နောက်ထပ် ကုန်းကြောင်းခရီးဆက်လည်း နေ့တစ်ဝက်လောက်သွားရဦးမှာ .."

"ဒါနဲ့ မင်းပြောတော့ အခု ဘယ်ရောက်နေမှန်း မသိဘူးဆို .."

"ဒီနေရာကို မသိပေမယ့် မယ် ရေထဲဆင်းခဲ့တဲ့နေရာနဲ့ ချောင်းထဲမှာ ကမ်းကိုကပ်လို့မရဘဲ မျောနေခဲ့တဲ့အတိုင်းအတာကို မှန်းကြည့်တာလေ .. ခင်ဗျား အဲ့ဒီရွာနားကပဲ ရေထဲမျောပါလာတာ ဖြစ်မယ် .."

"မဟုတ်ပါဘူး .. လှေသမားပြောပုံအရဆို တော်တော်သွားရဦးမှာတဲ့ .."

"ဒါပေမယ့် ရေစီးသန်ပုံက ခင်ဗျားကို ဟက်စကီးနဲ့ ပို့လိုက်တာထက်တောင် မြန်ဦးမှာ .."

"ဟုတ်တယ် .. ကမ်းကိုကပ်ဖို့ ဖြတ်ကူးတာ ဘယ်လိုမှမအောင်မြင်ဘူး၊ ရေစီးကြောင်းက လူအုပ် အင်အားနဲ့ ဆောင့်တွန်းပစ်နေသလိုပဲ .. လက်တွေကိုပဲ ခတ်လို့မရတာ .."

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီလူ ရေကူးတော့ ကျွမ်းကျင်တဲ့ပုံပါ။ ဘာပဲဖြစ်
သူ ကယ်ခဲ့လို့ ကိုယ့်အသက်ရှင်ခဲ့တာမို့ မယ် သူ့အပေါ် ဆယ်ဆံ
ပုံစံပြောင်းလိုက်ဖို့ စိတ်ကူးမိသည်။

"မယ် .."

"... ... ... ..."

"မင်း ငါ့ကို လောလောဆယ်တော့ ဒုက္ခသည်ချင်း ကူညီတဲ့
နဲ့ ခေါ်သွားပေးပါကွာ .. မင်းနဲ့ငါ ဒုက္ခရောက်နေကြတာကို ငွေ
ယုံပြမှာပါ၊ ငါတို့ကိုယ်မှာလည်း .."

ဒယ်ရာတွေနဲ့လို့ ပြောဖို့ပေမယ့် .. မယ့် ကိုယ်မှာပေါက်ပြဲ
နေတဲ့ အင်္ကျီအနေအထားက သိပ်မကောင်း ..။

"မယ် .. ခဏ .."

မယ့် ကို ဘားပြီး သူ့ကိုယ်ပေါ်က ဂျာကင်အနက်ကို ချွတ်
သည်။ ပြီးတော့ ကမ်းပေးကာ ...

"ဒါ ထပ်ဝတ်ထားလိုက် ."

မယ် ကလှည့်ကြည့်ပြီး မယူလျှင် ...

"ယူလေ မင်းကို လူမြင်ကောင်းအောင်ပြောတာ .၊ ငါ့ကိုယ်
နှနာဝဲနာ ဘာကစ်ခုမှမရှိဘူး တကယ်ပြောတာ၊ ချောင်းရေထဲက
တီးညစ်ပတ်တွေလည်း ဘာမှ ကပ်မနေဘူး ကြည့်ကြည့် .."

မယ် က ခေါင်းခါလိုက်သည်။

သူ့ဂျာကင်အကောင်းစားကြီးမှန်း ဒီလောက်သိသာနေ ..
ရွာတွေမှာ ဒီလိုဝတ်နိုင်တဲ့လူမှ မရှိဘဲ ..။

အင်္ကျီပြဲတွေကို ကာကွယ်ချင်လို့ ယူဝတ်လိုက်ကာမှ ကိုယ့်
မဟုတ်မှန်း လူတွေသိပြီး ပိုပြီးအဖြစ်ဆိုးသွားနိုင်သည်။

"နေပါစေ .. လူတွေရှိတဲ့နေရာတွေ့ရင် ရှင့်ဘာသာဆက်
လိုက်တော့ပေါ့ .. ပြီးတာပဲ .."





"ဟာ .. အဲ့လိုမဟုတ်ဘူးလေ .."

"ဘာလဲ မယ် နဲ့ ဘယ်ထိကပ်လိုက်မလို့လဲ .. ရှင့်ကိုခေါ်လို့မဖြစ်
ကိုအစိုးယျူ၊ မယ် တို့က သားအမိနှစ်ယောက်တည်းနေတာ .."

"ဂျိမ်း .."

စကားပြောနေရင်း မိုးတွေအုံ့ပျက်လာတာကို သတိမထားမိလိုက်
မိုးခြိမ်းသံကြီး ကြားလိုက်ရမှ စကားစတွေ ပြတ်သွားကာ ပတ်ဝန်း
ကို သတိထားကြည့်မိသည်။

မိုးသက်လေပြင်းတွေတောင် တဖြူးဖြူးတိုက်နေပါပြီ။

"ဒုက္ခပါပဲ .."

"ဘာဖြစ်လို့လဲ .. မိုးရွာမှာ ကြောက်လို့လား .."

"ဟုတ်တယ် .. မိုးဆက်ရွာနေရင် ချောင်းရေတိုးဦးမှာပဲ ..၊ ဘယ်
လိုက်ကာမှာ မဟုတ်ဘူး .."

"မင်းက ဘယ်ဘက်ကမ်းရောက်နေတယ်ဆိုတာ သိလို့လား၊ ဒါ
တို့ရွာဘက်ကမ်းဆိုရင် ဒီဝှဲင်းလျှောက်သွားလို့ရတာပဲ .."

"မသိသေးလို့ပြောနေတာပေါ့ .. ဒီဘက်တွေက သိပ်ခေါင်တာ..၊
ရွာနဲ့တစ်ရွာ တောလမ်းတွေရှိတာမဟုတ်ဘူး .. လှေတွေနဲ့ကူးကြ
.."

"ဟုတ်လား .."

နှစ်ယောက်စလုံး စိုးရိမ်စိတ်တွေဝင်သွားကြသည်။ ရာသီဥတုက
ည်း ကောင်းမယ့်ပုံမမြင် ..။ အပေါ်ပိုင်းတွေက မနက်က နေရောင်
ပြခွင့်ရလိုက်လို့ ခြောက်သလောက် ဖြစ်နေပေမယ့် ဂျင်းဘောင်းဘီ
တွေက စိုနေဆဲ ..။

မိုးသက်လေကြောင့် လ..လေးပိုက်ထားမိကာ ..၊

"အဲဒါ ရှင့်ကြောင့် .."

"ဘာ!.."

"ညဦးကတည်းက ကမ်းပေါ်ရောက်ရင် ခုလောက်ဆိုအဝတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ာက်လောက်ပြီ …၊ ရှင် တစ်ညလုံး ရေစပ်မှာစိမ်နေလို့ …"

"ကမ်းပေါ်မှာ မိကျောင်းတွေဘာတွေရှိနေရင် မင်းပါသေမှာ ဖွေး လား …၊ ချောင်းရေထဲမှာ မင်း ပြန်မျောမသွားအောင် ဆွဲဖက်ထားရ ကျေးဇူးတင်ဖို့ မစဉ်းစားဘူး …"

ဆွဲဖက်ထားရတာဆိုသည့် စကားကြောင့် မယ် နှုတ်ခမ်းလေးဟ းသည်။ သူလည်းပြောပြီးမှ သတိရသွားကာ …

"မဟုတ်ဘူး … မင်းကို ငါကမ်းပေါ်ဆွဲတင်လာကာမှ မိန်းကလေး သိတာ …၊ ရေထဲကနေ ကမ်းစပ်မှာ တစ်ပိုင်းနစ်နေတဲ့အထိ လုံးဝ ဘူး … တကယ်ပြောတာ …"

အစိုး က မယ် စိတ်ဆိုးသွားမှာကို သေလုမျောပါး စိုးရိမ်နေပုံပေါ် …

"ငါ့ကိုတစ်မျိုးမထင်လိုက်ပါနဲ့ … မင်း မိန်းကလေးပဲဖြစ်ဖြစ် ဖြစ်ဖြစ် ငါ့မှာ အဲ့ဒီလိုစိတ်ယုတ်မာမျိုးမရှိဘူး …၊ ကာယကံမိ ကျူး ဖို့ဆိုတာ အဝေးကြီးပဲ …"

ပြောနေကြတုန်း မိုးဖွားလေးတွေကျလာခဲ့သည်။ မိုးဖွားကနေ ခပ် ပ်ရွာချလာတဲ့အထိ နှစ်ယောက်စလုံး ခြေသုတ်တင်နေခဲ့ကြတာ : …။

"လမ်းလည်းမဟုတ်ဘဲနဲ့ မင်း ဘယ်ထိသွားမှာလဲ …၊ လမ်းမှားကြီး ခရှည်ကြီးလျှောက်မိမှာစိုးလို့ပြောတာ …"

"ချောင်းအတိုင်း ဆန်တက်လာပေမယ့် … ကိုယ့်နေရာနဲ့နီးရင် ၊ သိမှာပဲဟာ …"

ချောင်းကိုလှမ်းကြည့်ရင်း မိုးစက်တွေစိပ်နေတာကို သတိထားမိ ယည်။

ကိုယ်က ယောကျ်ားလေးမို့ ပြဿနာမရှိပေမယ့် သူက မိန်းက …။

"မယ် … ဟိုသစ်ပင်ကြီးက မိုးလုံလောက်တယ် ခဏဝင်နေမလား၊





…တည်းရှိသော့ …"

…ရှင် ပင်ပန်းနေရင် နေခဲ့ …"

…ပြောတာ …"

…း ဒဏ်ရာတွေက နာကျင်နေပြီပေမယ့် မရေရာ …အနာဂတ်ကြောင့် ခရီးဆက်ဖို့သာ စိတ်စောက

…တစ်ကိုယ်လုံးရွှဲနစ်လာကြကာမှ မတိုင်ပင်ရပါဘဲ …ရပ်မိကြ၏။

…ရဲ့လား …"

…း အရမ်းချမ်းနေပြီ …"

…ာ နားလေ … ခုမှ ရှစ်နာရီပဲရှိပါသေးတယ် …"

…နာရီသော့ ပါသေးသည်။ လက်ဝတ်လက်စားတွေ …ပါပေမယ့် ဒီနာရီတစ်လုံးကိုတော့ သူ့ ဇွဲဇွဲမြဲမြဲဝတ် …မှာ အဆင်ပြေနေ၏။

…သွားပြီးမှ ခေါင်းခါလိုက်ကာ …

…မယ် တို့ အချိန်မလင့်ခင် ရွာတွေ့မှဖြစ်မှာ … ဘာမှ …ဘာမဟုတ်ဘူး …"

…ာင်ရှာသော်ပေမယ့် ရွာဖွေစရာဘာလက်နက်လည်း …နက် တစ်ခုခုလောက် ကယ်လုပ်လိုက်မှီလည်း ခားလေး …ခရှိ …။

…ဒို့ကို ဖောက်မှာထားခမ်းပါတွ … မင်းရောင်ါရော …ါ … ဒဏ်ရာတွေက အေးလေနာလေဖြစ်လာဦးမှာ…၊ …လန်းဆန်းနေမှ အစားစာကို တောင့်တနိုင်မှာ … …နားယူဖို့ထက် ဘာမှအရေးမကြီးဘူး …"

…ပြောနေနေ မယ် က ခြေလှမ်းကိုမရပ်လေ …။ မိုးကလည်း …နေ၏။ တစ်ချက်တစ်ချက်မှာ လေပြင်းတို့ပါလာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပြီး လူကို ရေခဲရေနဲ့ ပတ်ဖျန်းသွားသလိုပင် ..။

ဒီကြားထဲ ညက မုန်တိုင်းနဲ့ မကျိုးဘဲ လှုပ်လီလှုပ်လဲ့ ကျန်ရ သစ်ကိုင်းတွေက လေပြင်း၏ ရိုက်ပုတ်လိုက်တာနှင့် ဂျွတ်ခနဲ ခနဲ ကျိုးကျကုန်တာရှိသေးသည်။

တချို့ဆို ခြေလှမ်းမည့်ရှေ့မှာ ပွတ်ကာသီကာလေး ..၊ တချို့က နောက်ကျောကပ်လေးမှ အုန်းခနဲ ဖြောင်းခနဲ ..။

"သစ်ပင်တွေဘက်က ကပ်မလျှောက်နဲ့တော့ မယ် ..၊ အခြေ က ညကထက်ပိုဆိုးနိုင်တယ်၊ လေပြင်းအရှိန်နဲ့ ဘယ်သစ်ကိုင်းမှ အ တိုင်း ကျန်ပုံမပေါ်ဘူး .."

မယ့် ကို လမ်းလိုသတ်မှတ်ပြီး လျှောက်နေသည့်ဘက်မှာထ သစ်ပင်တွေနဲ့ မလွတ်မလပ်ဖြတ်ရပြီဆို သူပဲ အရိပ်အောက်က ထားလိုက်သည်။

မယ် က လှည့်တော့ကြည့်ပေမယ့် ဘာစကားမှ မဆို ..။

"မယ် .. မင်းကို မသိတာလေး မေးချင်လို့ပါ၊ ညဘက်ကြီး မှာ မင်းက မျက်စိလည်နေတာလား .."

"အမဲရှာနေတာ .."

"ဘာ!..."

သူ အံ့သြသွားပေမယ့် မယ် ကတော့ မတုန်မလှုပ်လျှောက်နေ

"မင်း .. အမဲရှာတာ ဟုတ်လား၊ အဖွဲ့လိုက်လား .. ဒါဆို မျက်စိလည်ပြီး ချောင်းစပ်ရောက်လာတာပေါ့ .."

သူ မယ့် ကို တအံ့တသြမေးမိစဉ် ဂျွတ်ခနဲမြည်သံနှင့် ခေါ် က သစ်ရွက်မိုးတွေတဖျောဖျော ကျလာလျှင် ...

"မယ် .."

မယ့် လက်ကလေးကို လှမ်းဆွဲကာ သူ နောက်ထပ်ဆုတ်လို

"ဖြောင်း .."

သစ်ကိုင်းလုံးက လက်မောင်းလောက်ပဲရှိပေမယ့် အမြင့်ကကျ





အရှိန်နှင့် မြေပြင်ပေါ်က အကျိုးအပြတ်အပိုင်းအစတွေကို ရိုက်ထုတ်လိုက်သလို အောက်ကျမှပိုဆိုး၏။

အခိုး ခြေထောက်တစ်ဖက်ကို မာကျောသော သစ်ကိုင်းကျိုးစတစ်စ အရှိန်နှင့် ပစ်မှန်သွား၏။

ညို့သကျည်းကို တည့်တည့်ထိသွားသောကြောင့် အသည်းခိုက်မတတ် နာကျင်သွားသည်။

သို့သော် အန္တရာယ်တစ်ခုကိုရှောင်ရင်း လှုပ်ရှားယိမ်းထိုးနေဆဲမို့ ဘယ်နေရာမှာ နာကျင်သွားသည်ဆိုတာကို ရှာဖွေခံစားချိန်မရ ..၊

"မင်း ရရဲ့လား မယ် .. တစ်ကိုယ်လုံးအေးစက်နေတာပဲ .."

"မိုးရေထဲမှာနေရတာ အေးတာပေါ့ .."

မယ် က သူ့ရင်ခွင်ထဲကထွက်ကာ ကိုယ်ကိုမလုံမလဲ သပ်ခါချပြီးမှ ဆက်လျှောက်၏။ ဆံပင်တွေကကျဆင်းသည့် ရေတွေက ရေတံလျှောက်ကဲ့သို့ရှိကာ မိန်းမလှလေးတစ်ယောက်၏ နဂိုအလှက အရိုင်းဆန်စွာ လှနေပေသည်။

အစိုး သူမကို နောက်ကနေတစ်ချက်တော့ ကြည့်မိကာ စိတ်မကောင်းဖြစ်သွားမိ၏။ သူမအကြောင်း ဘာမှမပြောပြသေးပေမယ့် ကိုယ့်ကို ကယ်တင်ဖို့အတွက် အန္တရာယ်ကြီးသည့် ချောင်းရေထဲကို ခုန်ဆင်းလာခဲ့သည်။

ခုချိန်ထိ ကိုယ့်ကြောင့်ပဲ သူမ ဒဏ်ရာအလူးလူးနှင့် ဒုက္ခရောက်နေရတုန်း ..။

"မယ် .. ငါ မင်းကို အရမ်းကျေးဇူးတင်ပါတယ်၊ ကိုယ့်ညီမလေးလိုလည်း ခင်မင်စိတ်ဖြစ်မိတာ တကယ်ပါ ..၊ ငါ့အတွက် မင်း စိတ်အနှောက်အယှက် ဘာမှမဖြစ်ပါနဲ့ ..၊ ငါ့အနေနဲ့ မင်းကို ပြန်ပြီး အကူအညီပေးချင်တဲ့စိတ်ကလွဲပြီး တခြားဘယ်လိုစိတ်မျိုးမှ မထားပါဘူး.. အဲဒါ ..."

သူ စကားမဆုံးခင် မယ့် ယိုင်ခနဲဖြစ်သွားသည်။ လုတ်တိုက်သွား

www.burmeseclassic.com

ဖြစ်တာမို့ သူ ကြည့်နေမိစဉ် သူမ ကိုယ့်ကိုယ်ကိုယ် ထိန်းနေရင်း အိခွေကျသွားသည်။

"မယ် ..."

သူ စိုးရိမ်တကြီး ပြေးပွေ့ထားလိုက်မိ၏။

"မယ် .. ဟေ့ .. ညီမ .."

သူမ နှုတ်ခမ်းတွေ ပြာနှမ်းနေကာ ပါးပြင်တွေ နုဖူးပြေ အေးစက် မယ့် လည်ပင်ကြားမှာတော့ ပွန်းခြစ်နေတာကို သေချာစမ်းကြည့် မိ၏။

သူ ဘာလုပ်ရမလဲ .. ဒီဒေသကိုလည်းမသိ လူသူအရိပ်အယောင် မမြင် ..။

ဒါပေမယ့် အားနွဲ့တဲ့ မိန်းမသားတစ်ယောက်က ကိုယ့်လက်ပေါ် ရောက်နေခဲ့ပြီမို့ မသိလို့လည်းမဖြစ် ..၊ မမြင်ပေမယ့်လည်း နိုင် ..။

သူ့ကိုပွေ့ယူကာ ဒီတိုင်းဆက်လျှောက်လာခဲ့ရင်း မိုးလေလုံခြုံနိုင် ခကာအကွယ်တစ်ခုကို အလျင်စလိုရှာမိသည်။ ခရီးပေါက်လာခဲ့ ၍မှာ ရွာတစ်ရွာရွာတော့ နီးနေနိုင်သလို မနီးသေးဘူးလည်း ဖြစ် ယ်။

ကပဲဖြစ်ဖြစ် ဒီပုံစံနဲ့ ရွာရောက် ရှာဖွေသွားဖို့ မဖြစ်တော့တာကြောင့် ယှက်ဖြာလျက် သစ်ကိုင်းတွေအုပ်မိုးနေသော နေရာတစ်ခုကို ာ်တာနှင့် တိုးဝင်ခဲ့၏။

"ဝှန်း .."

"ဟာ!.."

ူတစ်ခုလုံး သိမ့်ခနဲခါသွားကာ အထဲမှာခိုအောင်းနေကြသည့် ါလေးတွေ တစ်ကွဲတစ်ပြားစီ လန့်ဖြန့်ပြေးကုန်ကြ၏။

ဆောရီးပါကွာ .. ငါ မင်းတို့နေရာကို မလုပ်ပါဘူး၊ တစ်ယောက် ယာက် အန္တရာယ်မပြုဘူးဆိုရင် မင်းတို့လည်း ပြန်လာနေကြပါ





နားပါရစေ .."

တွေကို သနားမိသည့်စိတ်နှင့် တစ်ယောက်တည်း တောင်း သည်။ ပြီးတော့ မယ့် ကို ချုံအောက်လေးထဲထိ လုံခြုံ ပ်လိုက်ရင်း .. သူ့အတွက်ပါလုံအောင် သစ်ရွက်သစ်ခက် ခြင်ဆင်လိုက်၏။

.. မင်း သတိရရဲ့လား .. မယ် .."

.. အင်း .. ခေါင်းတွေကိုက်လိုက်တာ .. အား .. ကျွတ် ..

.. နားထင်ကိုထောက်ပေးမယ် .. မင်း သတိလစ်မသွားနဲ့

ိုင်ခင်းကလည်း စိုစိစိ ..၊ မိုးရေထဲမှာပဲ ခိုကပ်နေရတာမို့ ယ်ရောက်နေရကာ သူကိုယ်တိုင် လည်ပင်းနဲ့ မျက်နှာ ာ ဒဏ်ရာတွေကို ဂရုမစိုက်နိုင် ..။

.. ညို့သကျည်းတစ်ခုလုံး ညိုပုတ်နေကာ ထိုနေရာတစ် င်နေပြီဖြစ်သည်။

သစ်တုံးတွေနဲ့ ကိုက်ဆောင့်မိသည့် ကျောတွေ ရင်တွေက ာ ငုတ်တုတ်ထိုင် နားလိုက်မှ လုံးဝပေါ်လာခဲ့တာဖြစ်၏။

ယ့် သူ ညည်းညူလိုက်လျှင် မယ့် လို မိန်းမသားက ပိုပြီး ဖြစ်သွားနိုင်တာကြောင့် နေနိုင်သမျှတော့ အံကြိတ်ဖြေ ့ ဆုံးဖြတ်လိုက်၏။

.. အမေ .. အမေ .. မယ် ဒီမှာ အမေ .."

တ်ထိုင်နေတုန်း မယ့် ညည်းညူသံကြောင့် အစိုး ဆတ်ခနဲ မယ် အဖျားတက်ပြီး ကယောင်ကတမ်းတွေ ပြောနေပါပြီ ..။ လုပ်ရမလဲ ..၊ တောထဲမှာ ဆေးဖက်ဝင်မည့်သစ်ရွက်တွေ ည်း သူ နားမလည် ..။

.. နာလိုက်တာ အမေ .. အား .."



www.burmeseclassic.com

www.burmeseclassic.com



"မယ် .. ဘယ့်ကနာတာလဲ မင်း သတိရရဲ့လား .. အိမ်မက်မက်နေတာလား .."

"နာတယ် .."

"ဘယ်ကလဲ .. ခေါင်းကိုက်နေသေးတာလား .."

"ခါး .. ခါးကနာတယ်၊ ကျောတွေလည်းနာတယ် .."

"ဟင်!..."

ဒါကြောင့် မယ် ပက်လက်လေးကနေ ခါးလေးကော့ပြီး ညည်းညူနေတာလား ..။

"ဒဏ်ရာရှိနေတာထင်တယ် .. နည်းနည်းစောင်းလိုက် ငါကြည့်ပေးမယ် .."

သူ ပြောနေတာကို မယ် သိနေသလား .. ဒါမှမဟုတ် သူ့အသံသာ နာနေလို့ ကော့ကြွနေတာလားမသိ ..။ သူ အသာလေး ထူလိုက်တာနှင့် ကိုယ်တစောင်းလေးဖြစ်သွားခဲ့၏။

မိုးရေကြောင့် အင်္ကျီမှာတော့ ဘာမှသိပ်ပေကျံတာမရှိဘဲ စုတ်ပြဲထားသည့်နေရာနှင့် သွေးကွက်လို မက်စေ့လောက်အနီကွက်လေးပဲရှိသည်။

"ငါ ကြည့်ပေးမယ်နော် .. ခဏလေး .."

သူ အင်္ကျီအနားစကို အသာလေး လှန်ကြည့်လိုက်မိလျှင် အသားပေါ်မှာ ဒဏ်ရာက လက်တစ်ညှိုးလောက်ရှည်ကာ နက်မည်းပုံလည်းပေါ်၏။

မိုးလွတ်သည့်နေရာရောက်တော့ သွေးတွေစိမ့်ထွက်နေ ဘာ ပိုဆိုးလာသည်။ အင်္ကျီစလေးကို ပြန်ဖုံးပေးလိုက်ကာ အစိုး ဘာစ်ခုခုကို စွန့်စားမှ ဖြစ်တော့မှာကို တွေးမိလာသည်။

ဒီထဲမှာ မိုးလုံအောင်ထိုင်နေရုံနဲ့တော့ ဘယ်လိုမှ အကူအညီရလာမှာ မဟုတ် ..။

ပြောရလျှင် သူလည်း တောအကြောင်း ဘာမှမနံ့စပ် ဗဟုသုတမကြွယ်သော မြို့ပေါ်က လူတစ်ယောက် ..။

"မယ် .. မင်း ခဏနေခဲ့ဦး ..၊ တစ်ခုခုဆို အားတင်းပြီး အသံကျယ်အောင်လုပ်နော် .. ငါ ဒီနားမှာ ထွက်ရှာလာလိုက်ဦးမယ် .."

မယ် ကြားသလား မကြားဘူးလား မသိ ..။ မယ့် ကိုယ်ပေါ်ကို သူ့ ဂျာကင် ထပ်ခြုံပေးလိုက်ကာ ဂူလေးလို ဖန်တီးထားသည့် နွယ်ချုံလေးကိုလည်း အပြင်က ရုတ်တရက် မမြင်ရအောင် အုပ်ဆိုင်းကာကွယ်ထားလိုက်သည်။

သစ်ပင်အောက်က ထွက်လိုက်တာနှင့် ဖွဲနေသောမိုးက အရှိန်ပြင်းစွာ ရိုက်ပုတ်ရန် စလာကြသည်။ စားစရာ သစ်ဥသစ်ဖုဆိုတာ ဝေးသို့ သီးပွင့်နေကဲ့ အပင်လည်း တစ်ပင်တစ်လေမှ မတွေ့ ..။

မျက်နှာပေါ်ထိ လျှောဆင်းလာသည့် ရေပေါက်တွေကို သပ်ဖယ်ပစ်ကာ အနီးတပ်ဝိုက်ကို မျက်လုံးကစားရင်း တရွေ့ရွေ့လှမ်းခဲ့၏။

သူ့မှာလည်း ခြေထောက်က နာနေတာမို့ ကိုယ်ပေါ်က နာကျင်နေသမျှကို ခြေထောက်က အနိုင်နိုင်သယ်နေရ၏။

မိုးကြီးလေထန်ပြီး ချောင်းရေကြီးရခြင်း ဖြစ်ရပ်တွေထဲမှာ သူကိုယ်တိုင် ပါဝင်ကူးခတ်ခဲ့ရသည့် ချောင်းကတော့ ကြမ်းတမ်းလှချေလား..။

ကြားဖူးတာ ချောင်းရေဆိုတာ မသေဘူးတဲ့ ..၊ ကမ်းတစ်နေရာမှာတော့ သွားတင်နေတာပဲတဲ့ ..။

ဟုတ်ပါလိမ့်မည်။ ကမ်းတစ်နေရာရာမှာ အလောင်းအဖြစ်နဲ့ ..။

ချောင်းရေပွေ့ကို ငေးကြည့်ရင်း ဘယ်လို အကြံဉာဏ်မှ မပေါ်ဘဲ ယိတ်လန့်ဖွယ်တွေကိုပဲ ..။

"ရေ .."

နှုတ်မှ ရေရွတ်လိုက်ရင်း ရေသာတာ .. အသိအမှတ်ပြုလိုက်သည်။ မယ် လည်း အဖျားကြီးသာတာနဲ့အမျှ အဆုတ်ခြောက်ပြီး ရေဆာင်းလာတော့မှာ ဧကန် ..။

ဒါဆို လောလောဆယ် သောက်ရေအတွက် မိုးရေခံရမည်။ သစ်ပင်ကြီးတစ်ပင်အောက်ကို အရဲစွန့်ဝင်ကာ ကိုင်းရင်းက အရွက်အားကြီးတစ်ရွက်ကို ခြွေယူလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ .. ပြေပြစ်သည့် ချိုင့်ခွက်နှင့် သစ်ပင်ခွ
ရွေးကာ သစ်ရွက်ကြီးကို အလယ်ခွက်လေးလုပ်ထားလို

ဆင်းကျလာသည့် မိုးရေစက်တွေက ကြည်စိမ်းအေ
မယ့် အတွက်ပါ ရေပါအောင် သေချာယူလာခဲ့သည်။

သူရောက်လာတော့ မယ် ကယောင်ကတမ်းတွေ
ကိုယ်လုံး ပူခြစ်နေလေသည်။

"မယ် .. ရေ့ .. ရေသောက် .. ပါးစပ်ဟ .."

"ရေ .. ရေသောက်ချင်တယ် .. ရေပေးပါ .."

"ဟုတ်တယ် .. ရေယူလာတယ် .. ပါးစပ်ဟလိုက်
လေး မျိုချနော် .."

မယ် ရေသောက်လိုက်ရမှ အနည်းငယ်မှိန်းကျသွား
ကို သွေးမထွက်အောင် ခါးကနေ ပတ်စည်းပေးလို့ရသည်
ဘာနဲ့စည်းပေးရမလဲ ..။

သူ ဝတ်ထားတာတွေက ဆုတ်ဖြဲချလို့လွယ်မယ့်
မဟုတ် ..။

အစိုး ရဲ့ အကြည့်တွေက မယ့် ရှပ်အင်္ကျီကွက်လေး
သည်။ စုတ်ပြတ်နေသော အင်္ကျီတစ်ထည်လုံးက ဘ
အကောင်းတိုင်းမရှိတော့ ..။

သူမ ဒဏ်ရာအတွက် သူ ကာခုံမှုလုပ်ရတော့မည်





## အခန်း (၃)

"ဒီနေ့ဆို နှစ်ရက်နဲ့ တစ်မနက်ရှိသွားပြီ .."

"ဟုတ်တယ် .. ချောင်းထဲကရတဲ့ အလောင်းနှစ်လောင်
လည်း.."

"အောင်မယ်လေး .. ကျွန်မ သမီးလေး မသေပါဘူး၊ ဘယ်
မသေနိုင်ဘူး .. ကျွန်မသိတယ် .."

"ဒေါ်ကောက် ရယ် .. ကျွန်မတို့ကလည်း အလောင်းတွေထဲ
မပါတာကိုပြောမလို့ပါ ..၊ ဒါပေမယ့် ချောင်းရေကြီးတာက မိုးသ
လေပြင်းကြောင့် အကြီးအကျယ်ဖြစ်သွားတာရယ် ချောင်းထဲမှာ
ပြတ်ပါလာတဲ့ သစ်ပင်သစ်လုံးတွေဆိုတာ နည်းတာမဟုတ်ဘူ
အလောင်းမတွေ့ဘဲ သေတာတွေလည်း .."

"ဘုရား .. ဘုရား .."

"ကဲ .. မစိန့် ကလည်း တော်ပါတော့ ..၊ ဒေါ်ကောက် က
လစ်တော့မယ်ဗျာ .."

အိမ်ရှေ့၌ လူတွေဝိုင်းနေကြတာ ဆယ်ယောက်ခန့်ရှိသ
ချောင်းထဲကို ဘယ်သူမှ မဆင်းရဲကြပေမယ့် ကမ်းစပ်ဟစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ပိုင်းရှာပေးကြသူတွေပါ။

အထူးသဖြင့် ဒေါက်ကောက် တို့ သားအမိကို တစ်ရွာလုံးက စေတနာ ပိုကြသည်။ ဒီရွာသားတွေ မဟုတ်ကြပေမယ့် ဒေါက်ကောက် နဲ့ မယ် တို့က ရပ်ရေးရွာရေးဆိုလည်း ပါဝင်တတ်ကြကာ ဆင်းရဲပေမယ့် ရိုးသား ကြိုးစားကြသည်။

ထို့ပြင် မယ် က ချောချောလှလှလေးဖြစ်သလောက် တွာ့ခြွေသိက္ခာ နဲ့နေတတ်သည်။ ယောကျ်ားတစ်ယောက်လို ရင့်ကျက်မာကျောသည့် စိတ်လေးလည်းရှိ၏။

မိခင်ကို သူမ တစ်လက်တည်းနှင့် ပြည့်စုံအောင် ရှာဖွေကျွေးမွေး နိုင်ခဲ့တာကိုက ချီးမွမ်းထိုက်နေပြီဖြစ်ရကာ ...၊

"ကျွန်တော်တို့ကလည်း မယ့် ကို ဒုက္ခရောက်သွားမှာ စိုးပါတယ် ဗျာ .. ဒါပေမယ့် သူက တောထဲမှာ အမဲရှာတတ်တဲ့သူဆိုတော့ ချောင်း ရဲ့ဟိုဘက်ကို ရောက်သွားပြီး နယ်ကျွံနေတုန်း ချောင်းရေကျလာတာ ဆိုရင် .."

"ဟုတ်တယ် .. အဲ့ဒါဖြစ်နိုင်တယ် .."

"ဒီမှာ တွေ့ပြီဟေ့ !.."

စကားပြောနေကြသည့် ခြံဝင်းထဲထိ အဝေးက အော်ပြေးလာသည့် အသံက ထွင်းဖောက်ရောက်ရှိလာ၏။ သူတို့အားလုံး လမ်းဘက်ကို မျှော်ကြည့်လိုက်မိကြသည်။ ရွာသားတစ်ယောက်က လက်နှစ်ဖက်မှာ ပစ္စည်းတစ်ခုစီကိုင်ပြီး ပြေးလာနေကာ မကြာခင် ခြံဝင်းထဲ ပြေးဝင်လာ ပြီး ...

"ဒီမှာ .. ဒီမှာ အကြီးကောက် ကြည့်ပါဦး .. ဒါ မယ် ကိုင်နေကျ ဓာတ်မီးလား .. ဒီမှာ မို့ဘာအကျီကရော .."

"ဟင်!..."

ဒေါက်ကောက် ပစ္စည်းတွေကိုကြည့်ကာ မျက်လုံးအဝိုင်းသားနှင့်





ဆက်မပြောနိုင်တော့ပေ။ ဘယ်သူမှ သေချာမသိပေမယ့် ဒေါက်ကောက် ို မြင်လိုက်တာနှင့် သဘောပေါက်သွားကြ၏။

သေပြီလားလို့ လွယ်လွယ်တွေးပြီး ဝေဖန်နေကြသံတွေလည်း ရက်မဆိုရက်တွေနှင့် ပါးစပ်ပိတ်ကုန်ကြလေသည်။

"ဒါ .. ဒါတွေ ဘယ်ကရလာတာလဲဟင် .."

"ဖိုးလုံး .. မင်း ဒါတွေဘယ်ကရလာတာလဲ .."

"ဟိုဘက် ချောင်းစပ်ကလေ .."

"မင်း .. အဲဒီဘက်ကို ဘယ်လိုကူးသွားတာလဲ . ရေတွေဒီလောက် င်းလန်နေတာ .."

"ရေတွေ ဘောင်းလန်နေပေမယ့် ချောင်းထဲမှာ ခရီးဆောင်အိတ် .. တန်ဖိုးကြီးပစ္စည်းတွေ ပါပါလာတယ်ကြားလို့ အရဲစွန့်ပြီး သွား တာလေ ..၊ ရသွားတဲ့သူတွေလည်း ဟိုဘက်ကမ်းက လူတွေချည်း .. အဲဒါကြောင့် ကျုပ်လည်း ဟိုဘက်ကို ရအောင်ကူးသွားတာ .."

"ရလား .."

"မရပါဘူး .. ကျုပ်က ကံမကောင်းလို့နေမှာပေါ့ .. ဒါတွေပဲတွေ့ ယ့် ပစ္စည်းတွေလို့ထင်လိုက်တာနဲ့ ဆက်လည်း မနေချင်တော့လို့ ူးလာတာ .. ကံကောင်းလို့ ရွာပြန်ရောက်တာ .."

ဖိုးလုံး က သူ ချောင်းဖြတ်ကူးခဲ့ပုံကို သည်းထိတ်ရင်ဖိုပြောပြနေ ...

"အဲဒီနားကပဲ မြေကြွက်ကြီးတစ်ကောင်ရယ် .. ပုတက်သုံးကောင် .. ပြီးတော့ .."

"ဖိုးလုံး ရယ် .. နင့်ကို အမဲရှာခဲ့တာတွေ မေးနေတာမဟုတ်ဘူး .. ဒါတွေကို မယ့် ဟာတွေလို့ နင် ဘယ်လိုသိလိုက်တာလဲ .."

"အဲဒါပြောမလို့ပါ .. မယ် အမဲလိုက်တတ်တာ ကျွန်တော်လည်း ယ်လေ ..၊ အဲဒီ သတ္တဝါတွေထည့်ပိတ်ထားတဲ့ သံပုံးစုတ်လေးကို



www.burmeseclassic.com

ဖြင့်လိုက်တော့ မယ် ကိုင်ကိုင်သွားတယ်တာကို ဘန်းသတိရလိုက်
ပေါ့ ..၊ နောက်ထပ် ဒါတွေလည်း ရယူးတာဆိုတော့ မယ် အဲဒီက
ချောင်းထဲဆင်းသွားတယ်ဆိုတာ .."

"အကြီးကောက် .."

"ဒေါ်ကောက် .. ဟဲ့ .. လုပ်ကြပါဦး .."

ဒေါ်ကောက် သတိတော့မလစ်ပါ။ ဒါပေမယ့် ဓာတ်မီးလေ
အသေအုပ်ထားဟာ တစ်ခုခုပြောဖို့ ကြိုးစားနေရှာ၏။

ပါးပြင်ခပ်တွဲတွဲမှာ စီးကျနေသည့် မျက်ရည်တို့ဖြင့် အားလုံးစိ
မကောင်းဖြစ်ကြရလေသည်။

မယ် ရေထဲကိုဖြုတ်ကျဖို့ ကြိုးစားတာလား .. ဒါမှမဟုတ် ရေမ
ခင် ဖြုတ်ကျရင်း ရေမလွတ်ဘဲဖြစ်သွားတာလား ..။

သို့ဆိုလျှင် ဒီပစ္စည်းတွေကိုထားခဲ့ပြီး ဘာဖြစ်လို့ ပြန်လာဖို့မ
စားတာလဲ ..၊

"ဟဲ့ .. သံပုံးရော..."

"အစက ယူလာတယ် .. လှေပေါ ရေစီးထဲမှာ ဟာအားလူး
ဘယ်မှာပြုတ်ကျနေခဲ့မှန်းမသိလိုက်ဘူး ..၊ အထဲမှာ ပုတက်တွေ
တောင် မသေသေးဘူးရယ် .."

ဒါပေမယ့် မယ် ကတော့ သေရှာပြီပေါ့။

ဒေါ်ကောက် ကို အိမ်ထဲ ပိုင်းတွဲသွားတဲ့ လူတွေရော .. ခြေဖြ
ဖိုးလုံး ကို ဗေးမြန်းလို့မပြီးနိုင် ဖြစ်ကျန်ရစ်တဲ့လူတွေရော .. အိမ်
သေးသေးလေးမှာ လူတွေ ခြေရှုပ်နေကြ၏။

အားလုံးကတော့ ဒီသားအမိအတွက် ကရုဏာ စေတနာတွေနဲ့
ပြီးတော့ .. ဒေါ်ကောက် ရဲ့ ကျန်းမာရေးနဲ့ စားသောက်ရေးတာဝန်
ရွာသားတွေ အလှည့်ကျတာဝန်ယူဖို့ ဆွေးနွေးကြ၏။

"ငါတို့ ရေပြန်ကျသွားရင် နှစ်ရက်လောက်တော့ ဆက်ရှာ





..၊ ချောင်းညာဘက်တွေ အောက်ပိုင်းတွေကို လှူဖြန့်ရှာစမ်းမယ်.."
ဒို .. ဒီရက်ပိုင်းမှာတော့ ရှာဖွေတာတွေလုပ်လို့ မဖြစ်ပါဘူး
ယ် .. လေမထန် မိုးမကြီးပေမယ့် မိုးကဆွေနေတာ တစ်ခါမှ
ဘူး .."

တ်တယ် .. မိုးမှောင်ကျနေတဲ့ပုံက နောက်တစ်ခါလေပြင်း
ဦးမယ့်ပုံပဲ .. တော်ကြာ တစ်ယောက်ကိုရှာရင်း .."

တော် .. တော် .. နိမိတ်မရှိတာတွေ မပြောကြနဲ့ .. ငါပြောချင်
.."

လူကြီး ဦးမှန် က အိမ်ထဲကို ငဲ့ကြည့်ပြီး လေသံကိုနှိမ့်လိုက်

သူတစ်ယောက် သေမှန်းရှင်မှန်း သိရပြီဆိုရင် ငါတို့ မြန်မာ
တိုင်း လုပ်ကိုင်ပေးရမှာတွေ ရှိသေးတယ်လေ ..၊ ဒါကြောင့် ,
ါကို မစုံစမ်းဘဲ ထိုင်နေလို့ကတော့ ဘယ်လိုမှမဖြစ်ဘူး .."
အားလုံး လက်ခံသွားကြသည်။ ဒါပေမယ့် မိုးကတော့ စိပ်လိုက်
နှင့် ဆွေနေဆဲ ..။

www.burmeseclassic.com



အခန်း (၃)

"မိုးကတော့ ပြတ်မယ့်ပုံ မမြင်သေးဘူးဟ .."

ဦးကြာကွေး က စကားသံဝဲဝဲနှင့် ပြောရင်းပြန်ဝင်လာသည် လာသည့် ယုန်သေတစ်ကောင်နှင့် သစ်မြစ်သစ်ရွက်တွေကို မီး မှာထားပြီးမှ ခေါင်းရင်းဘက် ပြန်လျှောက်လာပြီး ...

"ဘယ့်နှယ်လဲ .. စားသောက်ဝင်ရဲ့လား .."

"ဟုတ်ကဲ့ .."

"ငါတို့ကတော့ အလုပ်တွေပြတ် အသားတွေပြတ် .. မဖ အကြောက်လွန်းစား ကင်စား ဒါတွေနဲ့ပဲ ဝမ်းစာလုပ်နေရတာ ကမင်းစားဖြစ်ရင် တစ်ခါတလေပဲ .."

လူပုံကလည်း ဂေါ်ဇီလာပေါက်ကြီးလို ..၊ ပြီးတော့ ဆံ က ထူပျစ်နေသေးသည်။ သူ့ သမီး ကြာရှုံလေး က အပျိုပေါက် မယ့် စကားမပြောနိုင် ..။

မျက်လုံးအစုံက စူးရဲနက်မှောင်နေ ကာ လှတာကတော့ ဦး မလေးလို့ ထင်ရလောက်အောင်ပင် ..။

ထို့ကြောင့်လည်း လူတွေတစ်မျိုးတစ်မည် အထင်ခံရတာ ဖြစ်





ကြာရှုံ အမဲသွားဖျက်လိုက်ဦးဟ ..၊ ငါလည်း ဆေးမြစ်သွားတူး အမဲတွေ့တာနဲ့ ပစ်လာခဲ့တာ .."

ကြာရှုံ က မယ့် ဘေးမှာထိုင်နေရင်းကနေ ခေါင်းညိတ်ပြီး ထထွက် ၊ ဆံပင်တွေက ခါးကျော်အောင်ရှည်ကာ ထူခဲနေသေးသည်။ သေးက ပုပုတိုတိုမို့ ကြာရှုံ က အရပ်လေးနဲ့လည်း တူပေသည်။ ဦးကြာကွေး က သမီးဖြစ်သူ ယုန်သေကောင် ဆွဲထွက်သွားတာကို ကြည့်ပြီးမှ ကွပ်ပျစ်ခြေရင်းမှာ ဝင်ထိုင်လိုက်ကာ ...

မင်းတို့ကို ပြောထားသလိုပဲကွ .. ငါ့သမီးက စကားသာမပြော သားလိုလည်း အားကိုးရတယ် သမီးလိုလည်း အိမ်မှုကိစ္စမှာ တယ် ..၊ ငါ့သမီးကို စုန်းမလို့ ဝိုင်းပြောကြတာ ငါ ဘယ်ခံနိုင်

သတ်ကောင်းကောင်းရပြီး အစား စ,စားရသည့် မယ် က မျက် ပွင့်လာကာ ...

"ကြာရှုံ့ ကိုလားဟင် .."

"ဟုတ်တယ် မယ် .. ငါတို့ကို လာကယ်တဲ့ညနေတည်းက ဦးလေး ပြတယ် ..၊ မင်းက သတိလစ်နေတာလေ .."

ဦးကြာကွေး တို့က ဘယ်ရွာမှာမှ မနေကြဘဲ ရွာတွေနဲ့ ဝေးဝေးမှာ နှစ်ယောက်တည်း လေလုံမိုးလုံ တဲထိုးပြီး ဖြစ်သလို ရှာဖွေ ကြတာဖြစ်၏။

မိန်းဖြစ်သူတုန်းကလည်း ဖြူဖြူလှလှလေးပဲဖြစ်ကာ သမီးကလည်း ပဲဖြစ်၏။ မအေလက်ထက်တည်းက စုန်းမလို့ ကွယ်ရာမှာ အဖျင်းပြောနေကြသူတွေ ကြာရှုံလေး ကိုတော့ လက်ညှိုးထိုး ကြသည်။

ယ်ငယ်တည်းက ဖအေနဲ့အတူလိုက်ပါကာ အမဲပစ်တတ်နေသည် က ဖအေမပါလည်း တောထဲဝင်သည်။ ငါးမျှားတံမပါ ဓားမသုံး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ချောင်းထဲဆင်းပြီး ငါးဖမ်းနိုင်သည်။

သူမ အိမ်ပြန်လာတာနှင့် အမဲသားငါးတွေ တစ်နင့်တစ်
တတ်တော့ ရွာသားတွေက တော်လိုက်တာလို့မမြင် ...၊

"စုန်းမ .. အကုသိုလ်တွေနဲ့ သင်းပဲ အကျိုးပေးတယ် ..

"မနေ့က သချိုင်းဘက်က ပြန်လာတာ .. ဘာကြီးလဲ
အတွဲလိုက်ကြီးကိုင်သွားတာ ခွေးတွေကို ဆူနေတာပဲ .."

"မီးနေသည် လှရီ လေ .. မမွေးနိုင်လို့ မအေရော က
သေသွားတာ .. မနက်ကျတော့ အလောင်းက မြေပုံပေါ်ရောက်
ဗိုက်ပေါင်းလောင်းနဲ့ .."

"အချင်းသွားနှိုက်ယူတာ သူပဲ .."

"ဟုတ်တယ် .. စုန်းမ .."

"အချင်းတင်မကဘူး .. လူသေကောင်တွေ ဗိုက်ပွင့်ပွင့်
မတွေ့ဘူးလား .. အဲဒီစုန်းမ သွားသွားစားတာ .."

"ဟုတ်တယ် .. အဲဒီကောင်မ စုန်းမ .."

အဖြစ်သနစ်တွေကို ဦးကြာကျွေး ပြောပြတဲ့အတိုင်း ကာ
ကို အနားမှာထားကာ အစိုး က ပြန်ပြောပြနေ၏။ မယ် က နား
နေရင်း ငေးနေကာ ...

"အဲဒီလိုဖြစ်ခဲ့တာလား .."

"ဟုတ်ပါသော်ကော .. လူတွေက ရေမျှားရာ မိုးရွာကြ
တစ်ယောက်က ဒါဆိုရင် အားလုံးက ဒါနောက်ပဲ ထောက်ခံ ခေါ်
ချင်တာ ...၊ အမှန်တရားကို ထွင်းဖောက်ရှာဖို့ မကြိုးစားဘူး ..
ဆန့်ကျင်ပြီး အမှားအမှန်ခွဲခြားပြရဲတဲ့ လူလည်း မရှိဘူး ...၊ ငါ
တကယ်တော့ သူ စကားမပြောနိုင်တဲ့ ရောဂါကို ပျောက်ချင်လို့
ဆရာကြီးတစ်ယောက်ရဲ့ အကြံပေးချက်အတိုင်း ညဆယ့်နှစ်
သချိုင်းသွားပြီး တရားထိုင် ပုတီးစိပ် လုပ်ရတာပါ .."





"သူက အဲ့ဒီလို သွားရဲတယ်ပေါ့ .."

"သွားရဲလို့ လူတွေပြောကြကာပေါ့လေ ...၊ သွားရဲကာကလည်း
သချိုင်းနဲ့က ကွာဝေးပေမယ့် ငါတို့က သချိုင်းရဲ့နောက်မှာပဲ
တာလေ ...၊ လူသေလို့ ခံမြှုပ်အုတ်ဂူတွေ မြင်နေရတာ ဆန်းမှ
းတော့တာ .."

ဦးကြာကျွေး က ဖြည့်စွက်ပြောပြီး သက်ပြင်းချ၏။

"အဲဒါကို ခုနစ်ရက်လုပ်ရမှာ .. သူ မလုပ်ဖြစ်ခဲ့ပါဘူး ...၊ လူတွေ
ဝိုင်းဖမ်းပြီး ခံနဲ့ပေါက် မီးရှို့မယ်လုပ်နဲ့ .."

"သူတို့က နှင်ထုတ်လိုက်ကြတာလားဂင် .."

"နှင်လို့ဘယ်ရမလဲ .. ငါတို့က ရွာပြင်သချိုင်းနားမှာနေကြတာ
နှင်ထုတ်ခွင့်မှ မရှိပဲ ...၊ ဒါပေမယ့် ငါ မခံနိုင်လို့ ယွက်လာခဲ့တာ
ဒီမှာအခြေချနေတာ နှစ်နှစ်ကျော်ပဲရှိသေးတယ် .."

သစ်လုံးတွေပါ တွဲကူထားသဖြင့် တဲအိမ်ဆိုပေမယ့် တဲအကြီးကြီး
သည်။ ကွပ်ပျစ်ကြီးကလည်း ကျယ်ကား၊ မီးဖိုချောင်သင်္ဘောနှက်သည့်
ခြမ်းမှာလည်း အကျယ်ကြီးရှိသေးသည်။

"ဆန်စပါးတော့ ငါမဖန်တီးနိုင်ပေမယ့် .. တောပင်သီးပင်တွေ
ပတ်မှာ ငါ စိုက်ထားတယ် ...၊ အသားငါးကတော့ ဒီလိုပဲ အကောင်
ကောင်လေးတွေဖမ်း ချောင်းထဲဆင်းပေါ့ကွာ ...၊ ငါတို့ သားအဖ ဒီနေ
ဘယ်သူမှ ဂရုစိုက်စရာမလိုဘူး .. ကိုယ့်မင်းကိုယ်ချင်းပဲ .."

"မယ့် အဖြစ်နဲ့တူလိုက်တာ .."

"ဟင်!..."

"ဘယ်သူလဲ .. နင်လား .."

ဦးကြာကျွေး က အံ့သြသည့်ဟန်နှင့် မေး၏။ မယ် က လှဲနေရာ
ငုတ်တုတ်ထထိုင်ကာ ...

"မယ် က အဲဒီလောက်တော့ အဖြစ်မဆိုးသေးဘူး ...၊ ငြိမ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြာရုံ လောက်လည်း မတော်ပါဘူး .. ဒါပေမယ့် မိန်းကလေးက ...ပစ်နိုင်ပြီဆိုရင်ပဲ သူတို့က ပြောချင်ကြတာ ..''

မယ့် စကားသံလေးက အားနည်းနေသဖြင့် လေးလေးမှျင်မှျင်... ပဲဖြစ်ကာ သူမကိုယ်တိုင်လည်း ကိုယ့်အတိတ်ကို စိတ်ပျက်နာ... ပုံပင် ..။

"မယ် တို့ကတော့ ရွာပြင်ထွက်မနေရဲဘူးလေ .. သားအ... ယောက်တည်းဆိုတော့ တခြားရွာကို ပြောင်းခဲ့ရတာပေါ့ ..၊ မယ်... အဖေနဲ့လည်း နေရလို့မဟုတ်ဘူး .. တော်လို့လည်း မဟုတ်ဘူး ..၊ ဒ... က မုဆိုးမဆိုတော့ ကိုယ်ပဲ ဦးဆောင်ရှာကျွေးချင်တာနဲ့ ဟိုထွက်ဒီ... ရှာဖွေရင်း အမဲပစ်တတ်လာတာ ..၊ အဲဒီလိုတွေ ဘာလို့လုပ်... နေမှန်းလည်း မယ့် ကိုယ် မယ် တကယ်မသိပါဘူး ..''

"ဟေး .. ဟေး ..''

ဦးကြာကွေး က ပခုံးတွေလှုပ်အောင်ရယ်ကာ ...

"တော်ရုံမိန်းကလေးက သတ္တဝါတစ်ကောင်ရဲ့အသက်ကို ... ရဲတာမှ မဟုတ်ဘဲ .. သတ်ရဲတဲ့ မိန်းကလေးကိုပြောကြတာပေါ့ ..၊ ဒါ... အဲဒီမိန်းကလေးမှာ ဘာအပြစ်ရှိသလဲ ကြည့်ပါဦး ..''

ဦးကြာကွေး က ခံစားချက်တွေနဲ့ ပြောသလို၊ မယ် က မ... လေး ပြုံးသည်။ အစိုး ကတော့ ဘယ်သူ့အကြောင်းကိုမှ နားမလ... သည့်ပြင် မယ့် အကြောင်းကိုတောင် သေချာမသိခဲ့ရတာမို့ နား... ဖို့ထက် စဉ်းစားရင်းသာ ရှုပ်ထွေးနေခဲ့၏။

မယ် နဲ့ သူ တောထဲမှာ ဒုက္ခတွေအကြီးအကျယ်ရောက်ခဲ့... မယ် က မိန်းကလေးမို့ ခံနိုင်ရည်မရှိသလောက် သတိလစ်သွားတဲ့... ဖြစ်ခဲ့၏။

သူကတော့ မယ့် အတွက် ဦးဆောင်ကာကွယ်ဖို့ ကြိုးစ... ထူမတ်ထားခဲ့ပေမယ့် ဘာမှလည်းမသိ ဘာမှလည်း မတတ်နိုင် ...



ထိုအချိန်မှာ ဦးကြာကွေး အမဲပစ်ထွက်လာရင်းနှင့် ကြုံကာ သူတို့... ရာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့၏။ တောထဲမှာ ခွေးသေ ဝက်... သေဖို့ ကံမပါခဲ့တော့ ကယ်မယ့်သူရောက်လာခဲ့တာမျိုး ..။

ဒါပေမယ့် မယ် က လုံးဝသတိမရဘဲ အဖျားကြီးနေခဲ့တာ နှစ်... ရက်တိတိ ..။ သူလည်း အဖျားတွေတက်ကာ သတိတော့မလစ်ပေမယ့်... ခေါင်းမထူနိုင်ခဲ့ပေ ..။

လွတ်လွတ်ကျွတ်ကျွတ် ထူထူထောင်ထောင်ဖြစ်လာကြတာက ...ဒီနေ့မှ ..၊

"ဒါနဲ့ ရောဂါကို အရေးတကြီး ရှာဖွေကုစားနေရတာနဲ့ မမေးမိ... ဘူး .. မင်းတို့နှစ်ယောက်ကရော ချောင်းထဲကျမှ ဆုံခဲ့ကြတာလား ..''

"ဟုတ်ကဲ့ – ပြောခဲ့တဲ့အတိုင်းပါပဲ ဦးရယ် .. ကျွန်တော်က ခရီး... သွားပါ၊ သူကတော့ ကျွန်တော့်ကိုကယ်ဖို့ကြိုးစားရင်း ချောင်းထဲမှာ... သစ်တိုသစ်စတွေနဲ့ ခိုက်မိပြီး ရေနစ်ခဲ့တာ ..''

"အေးပေါ့ .. ရေစိုကြီးတွေနဲ့ တစ်ညလုံး တစ်နေ့လုံးနေကြရမှ... တော့ အသက်မသေတာပဲ ကံကောင်း ..၊ နင်တို့ကိုက မသေထိုက်လို့... သိလား ..၊ ဒီဘက်ပိုင်းမှာ ရွာမရှိဘူး တောလည်း ထူတယ် .. နွံအိုင်တွေ... သည်းရှိတော့ သွားလေ့မရှိတဲ့လူတွေဆို ထင်းရှာ မှျစ်ရှာ ဘယ်သူမှ... မလုပ်ရဲဘူး ..၊ အမဲလိုက်ဖို့ဆိုတေးရောပဲ ..''

ဦးကြာကွေး ပြောမှပဲ သေဘေးက လွတ်ခဲ့ရပါလားလို့တွေးပြီး... တြက်သီးထသွား၏။ ကျေးဇူးလည်းတင်မိရင်း ...

"ကျွန်တော်တို့မှာလည်း ဦးလေးပေးတဲ့ အသက်ပဲရှိပါတော့တယ်၊... ဒီကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး ..''

"မလိုပါဘူးဟယ် .. ငါ့သမီးက စကားပြောဖော်တွေရလို့ ပျော်နေ... တာ ..၊ နင့်နားကနေ ထကိုမထတာ ကြည့်တော့ ..''

မယ့် ကို ရယ်ပြပြီး ပြောနေသေးသည်။ ထိုစဉ် ကြာ...က ယုန်ကို

www.burmeseclassic.com



ဖျက်ပြီး မြေအိုးထဲထည့် ‘မ’ လာသဖြင့် ဦးကြာကျွေး ကပျာကယာဆ
သွားကာ ...

“သေးသေး .. အဲဒါကို ငါ့ဘာသာကင်လိုက်မယ် .. နင် ဟိုကော
မလေးဖို့ ဆေးမြစ်သွေးစမ်း ..”

ကြာရုံ က မယ့် ကို လှမ်းကြည့်ပြီး ပြုံးပြသည်။ ပြီးတော့ ဖအေ
ပြောတာကို လှမ်းခေါင်းညိတ်ပြီး သားအဖနှစ်ယောက် တာဝန်ကိုယ်
နှင့် လှုပ်ရှားနေကြလျှင် ...

“ကိုစိုးယျ ..”

အစိုးရ ခေါ်သလား .. စိုးရ လို့ပဲခေါ်သလားတော့မသိ .. သူ့နား
မှာ ကိုစိုးရ ပဲ ကြားလိုက်သဖြင့် လှမ်းကြည့်လိုက်မိသည်။

“မယ် ပြန်မှဖြစ်မှာ ..”

“မဖြစ်သေးဘူး မယ် .. မင်း ခါးနဲ့ လက်ပြင်မှာ ဒဏ်ရာနှစ်ချ
က အကြီးကြီးပဲ .. အနာရင်းတာရော အအေးပတ်တာရော မင်း စု
ခံလိုက်ရတာပဲ ...၊ အခု မင်း သတိရအောင် မနည်းကုထားရတာ ဒဏ်
ကို ဂရုမစိုက်နိုင်သေးဘူး၊ အခု မင်း ဒဏ်ရာအတွက် ဆေးမြစ်သွား
ပြီး သူပြန်လာတာလေ ..”

“မယ် သိတယ် .. ဒါပေမယ့် အမေ ခုလောက်ဆို ဘာဖြစ်နေပြ
လဲမသိဘူး ..”

“မင်း ဘာမှမဖြစ်ဖို့ လောလောဆယ် အရေးကြီးနေတယ် မယ်
မင်း ကျန်းကျန်းမာမာရှိနေတာ သူ သိရင် ..”

“အဲ့ဒါကို အကြောင်းကြားဖို့ မလွယ်လို့ပေါ့ .. အခု မယ် တို့ရွာ
ကိုတောင် ဦးကြီးက သိတာမဟုတ်ဘူး ..”

“ဒါကတော့ သူတို့လာခဲ့တဲ့ရွာက မင်းတို့ရွာနဲ့ ဆချူနဲ့အနောက်
ဖြစ်နေသလားမှ မသိကာ .. ဒီကထွက်ရင်တော့ စုံစမ်းလို့ရှာပါ ..”

“နင်တို့ ဒီကထွက်ဖို့ မစဉ်းစားနဲ့ဦး လူလေး ..”





ဦးကြာကျွေး က မီးဖိုချောင်နဲ့အပြင် သွားလာရင်း သူတို့ပြောတာ
ကို ကြားပြီး လှမ်းပြော၏။

“အပြင်မှာ ရာသီဥတုက ဆိုးလိုက်တာလွန်ပါရော ...၊ ချောင်းရေ
တွေက မရောက်ဘူးတဲ့နေရာအထိ တိုးတက်လာတာ အုံ့ဆြစရာကြီး၊
နောက်ထပ် တိုးဦးမလားတောင် မသိဘူး ..”

ပြောသွားပုံက စိတ်တက်ကြွစရာပါလား ...။

မယ့် မျက်နှာအကြီးအကျယ် ပျက်ယွင်းနေခဲ့လျက် ...

“မဖြစ်ဘူး .. မယ် ပြန်မှဖြစ်မှာ .. အမေ့ စိတ်ကို မယ် သိတယ်၊
မယ့် ကို သေပြီထင်သွားရင် အမေ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး ...၊ ပြီးတော့
အမေ့မှာ အားကိုးစရာ မယ် ပဲရှိတာ ..”

အစိုး ဘာထပ်ပြောရမှန်းမသိတော့ပေ ...။ သူ့ဒဏ်ရာတွေက များ
ပေမယ့် မယ့် လောက် နက်နက်ရှိုင်းရှိုင်း သိပ်မဖြစ်ပေ၊ အအေးပတ်လို့
များခဲ့တာတောင် သူ သတိလစ်ခဲ့တာမဟုတ် ...။

မယ် ကလည်း ကိုယ့်ကြောင့်ဖြစ်ရတာမို့ နှစ်သိမ့်တားဆီးနေပြန်
ရင်လည်း မစာနာတတ်လိုက်တာလို့ ထင်သွားရင် အခက် ...၊

‘ဒါဖြင့် .. လာ ..’ ဆိုပြီး သူမနဲ့အတူ လိုက်ထွက်ရအောင်လုပ်
လည်း မဖြစ်နိုင် ...။

“ငါတို့ ဒီလိုဖြစ်ချင်ခဲ့တာမှ မဟုတ်တာ မယ် ...၊ မင်းရဲ့ မဖြစ်
တာတွေအားလုံးထဲကနေ အသက်မသေဘဲ ရှင်သန်ခွင့်ရခဲ့တာကိုပဲ ကြံ
ဖန်ဖြေသိမ့်ပါ ..”

“မဖြစ်ဘူးလို့ ရှင့်ကိုပြောနေသားနဲ့ ဘာဖြစ်လို့ ဖြေသိမ့်ခိုင်းနေရ
တာလဲ ..”

အော်မိပြီးမှ မယ် အသံကို ပြန်နှိမ့်ကာ ...

“မယ် ဘာဖြစ်ဖြစ် အခု မသေနိုင်တော့ဘူး ...၊ သေရင်လည်း အမေ့
ဆီကို အသက်ပါသွားရင် ပြီးတာပဲ .. အဓိကက မယ့် ကြောင့် အမေ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ဖို့ ..."

မယ် က ပြောပြီးတာနှင့် ကိုယ်ပေါ်က ချည်စောင်ကို ခွာချပစ်လိုက်သည်။

"မယ့် .. ခင်း တကယ်လုပ်မလို့လား .."

"ဟုတ်တယ် .. ဖယ်ပေး .."

သူမ ရှေ့က တန့်ထားသည့် အစိုး လက်ကို ပုတ်ချပစ်ကာ မယ် က ကွပ်ပျစ်ပေါ်က ဖွတ်ဆင်း၏။

"ဟေး .. နင် အပြင်ထွက်မလို့လား .. မိုက်ပါဘိတော့ .."

ဦးကြာကွေး က ကရင်ကပြားဖြစ်ကာ စကားဝဲပေမယ့် တောသံပါနေတော့ ပိုဆိုးသည်။ တစ်ခါတစ်ခါ တိုင်းရင်းသားပုံပေါက်လျက်၊ တစ်ခါတစ်ခါကျတော့ ရှေးခေတ်ဟောင်းက လူကြီးတွေလို ..၊

"အပြင်မှာ မိုးတော့ တိတ်သွားပြီ .. ဒါပေမယ့် ရွာဦးမှာပဲ ဒီလောက်မှောင်မည်းနေတာ .."

"မယ် မပြန်လို့မဖြစ်လို့ပါ .. လမ်းလျှောက်နိုင်နေရင် ရပါတယ်၊ အမေက ကျန်းမာရေးသိပ်မကောင်းဘူးလေ ..၊ မယ့် ကြောင့် စိတ်ဆင်းရဲပြီး တစ်ခုခုဖြစ်သွားနိုင်တယ် .."

"ဟုတ်လား .."

ဦးကြာကွေး က ခေါင်းတညိတ်ညိတ်နှင့် ခဏကြာအောင် စဉ်းစားနေသည်။ ကြာရုံ က ပြေးလာတော့ မယ် ပြန်တော့မှာကိုသိနေသလို မျက်လုံးလေးဝိုင်းနေ၏။

"ဟုတ်တယ် .. သူတို့ပြန်ကြတော့မှာ သူတို့တွေအတွက် စားစရာလေး လုပ်ပေးလိုက် ကြာရုံ ..၊ ပြီးတော့ လိမ်းဆေးနဲ့ သောက်ဆေးမှုန့်တွေ သပ်သပ်စီထည့်ပေးလိုက် .."

ဦးကြာကွေး က မယုံနိုင်လောက်အောင် စိတ်ထားကောင်းသူဖြစ်ကာ ဆေးဝါးနဲ့ စားသောက်စရာအပြင် ဓားတိုလေးတပ်ချောင်းပါ ထည့်





ဆားလိုက်သေးသည်။

"ဓားပါယူသွားကြ .. ဓားပါတော့ လမ်းခရီးမှာ လက်နက်လည်း ရတယ် ရိက္ခာလည်းရတယ် ..၊ ငါ နင်တို့ကို ချောင်းစပ်နားထိလိုက်ပို့ပေးမယ် .. မဟုတ်ရင် တောထဲမှာ မျက်စိလည်နေမှာ .."

"အဲလောက်တောင် တောနက်တာလား ဦးကြီး .."

"ဟုတ်တယ် .. လူသိပ်မရောက်တော့ တောထူတာပေါ့ ..၊ သားရဲတိရစ္ဆာန်တွေတော့ မရှိပါဘူး၊ ဒါပေမယ့် နွယ်အိုင်တွေရှိတယ်၊ အပေါ်ယံကြည့်ရင် မယိုသာတဲ့ မာယာနွယ်မျိုးပေါ့ .. မကြောက်ပါနဲ့ ဒီတောက စား သောက်စရာမရှားပါးတဲ့ တောလေးပါ၊ ငါတို့အတွက်တော့ နတ်နိဗ္ဗာန်ပဲ .."

သူတို့အပြင်ရောက်လာတော့မှ ကြာရုံ က တဖားဖားပြေးလိုက်လာကာ မယ့် လက်ကိုဆွဲထား၏။ လှည့်ကြည့်တော့ သူမ မျက်ရည်တွေဆဲ့နေလျက် ဘာတွေ ခေါင်းညိတ်ပြနေမှန်းမသိ ..။

ဦးကြာကွေး က သက်ပြင်းချကာ ...

"နင်တို့ကို နောက်တစ်ခါ ပြန်လာခဲ့ဖို့ ပြောနေတာ .. ငါ့သမီးက တယောက်တည်း အထီးကျန်နေတာကြာပြီဆိုတော့ အဖော်မင်နေတာပါ ..၊ ကဲ .. ကဲ .. ကြာရုံ ပြန်ဝင်တော့ .."

မယ် စိတ်မကောင်းဖြင့် ကြာရုံ လက်လေးကို ပြန်ကိုင်ထားလိုက်မိရင်း ...

"ငါပြန်လာခဲ့မှာပါ ရာသီဥတု ကောင်းသွားရင် .. ငါတို့ချင်း သိပ်မှ မဝေးကြတာ .. စိတ်ချနေနော် ပြန်လာခဲ့မယ် .."

ကြာရုံ ဝမ်းသာအားရလေး ထဖြစ်ကာ သွားလေးတွေပေါ်အောင်ရယ်သည်။ ခေါင်းလေးတွင်တွင် ညိတ်ပြရင်း အစိုး ကိုပါ လှမ်းကြည့်ပြီးမှ ပြန်လှည့်ပြေးသွား၏။

"နင်ကတော့ မြို့ကိုပြန်မှာပေါ့ .. ဟုတ်လား .."



www.burmeseclassic.com

www.burmeseclassic.com



"မပြန်သေးပါဘူး ဦးလေးရယ် .. ကျွန်တော်လည်း ကြခတ်ရွာထိ သွားဖို့ကိစ္စက အရေးကြီးနေတာပါပဲ၊ ဒါပေမယ့် မယ့် လို နောက်ဆံတင်းစရာကိစ္စမျိုးတော့ မဟုတ်ဘူးပေါ့ .."

"အေး .. ဒါနဲ့ နင်တို့နာမည်တွေလည်း ငါသေချာမသိပါလား .. နင်က 'မယ်' ဟုတ်လား .."

"မယ် .. အဲ .. မယ့် နာမည်က 'ရိုးမယ်ဖွဲ့' ပါ .."

"ရိုးမယ်ဖွဲ့ .. နာမည်က ဘယ်လိုလဲ .."

ကိုယ်မေးတုန်းကတော့ ဘာမှ သေချာမပြောခဲ့ဘဲ ခုမှ သိခွင့်ရလိုက်သဖြင့် အစိုး ကလည်း နာမည်ကိုစိတ်ဝင်စားနေခဲ့၏။

"ဒီလိုပါပဲ ဦးကြီးရယ် .. အဖေနဲ့ အမေက သူတို့နာမည်တွေက မလှကြဘူးဆိုပြီး မယ့် ကိုတော့ ဘုန်းကြီးကျောင်းမှာ နာမည်သွားမေးပြီး သေချာပေးခဲ့တာလို့ ပြောတယ် .."

"ဟုတ်လား .. လှတော့လှပါတယ်၊ ငါတော့ မခေါ်တတ်ဘူးဟေ့.. 'မယ်' ပဲ ကောင်းပါတယ်နော့ .."

"ဟုတ်ကဲ့ .. မယ့် ကို ကြာရုံ့ အကျီအဝတ်စားတွေ ပေးဝတ်တဲ့အတွက် ဦးကြီးတို့ကို ကျေးဇူးတင်ပါတယ်နော် .. မရှိတဲ့လူကို ဆင်းရဲတဲ့လူက ဒုက္ခလာပေးသလိုဖြစ်နေပြီ .."

"မဟုတ်ပါဘူး .. ငါတို့ကလည်း ပိုလျှံလို့ လှူတာမဟုတ်ဘူး၊ နင်တို့လည်း ဒါ တမင်သာဆောင်လာတာမဟုတ်ဘူး .. လိုအပ်နေတဲ့အချင်းချင်း ကူညီရတာပဲ .. ဘာမှ စိတ်မပူပါနဲ့ .. နင်တို့သာ ချောချောမောမော ပြန်ရောက်အောင် ဂရုစိုက်ကြ .."

သက်သခင်ကျေးဇူးရှင်ဒို့ သူတို့ ဦးကြာတွေး ကို ကန်တော့ခဲ့ကြသည်။ မယ် ကတော့ လက်အုပ်ချီပေမယ့် ခါးကဒဏ်ရာကြောင့် ဦးမချနိုင်ခဲ့ပါ။

"မယ် .."





"ဘာလဲ !..."

"မင်း သက်တောင့်သက်သာရှိရဲ့လား .. ခါးနဲ့အိတ်ကို ငါ့ပေးလေ .."

"မလိုပါဘူး .."

မယ် က ဦးကြာတွေး တို့ဆီ ထွက်လာသည်နှင့် သူ့အပေါ်မှာ ဆံပုံ ပြောင်းလဲသွား၏။

"ရှင် .. မယ့် ကို သက်သာလား ဘာညာတွေ လိုက်မေးမနေပါနဲ့.. ကိုယ့်ကိုယ် ကိုယ် လူမမာဆိုတာ သတိမရချင်ဘူး၊ ဒီနေရာမှာပဲ သွားပေ့စေ .. မလဲမချင်းတော့ သွားနေမှာပဲ .."

"မင်းကလည်း ငါ့ကို နည်းနည်းမှ အကောင်းမမြင်ပါလား .."

သက်ပြင်းချရင်း ရေရွတ်လိုက်မိသည်။ မယ် ဘယ်လို သန်မာကြံ့ခံ သူ့အမြင်မှာတော့ မိန်းကလေးတစ်ယောက်ပဲဖြစ်သည်။ သည်သည့်ခရီးဟာ သူမအတွက် ဂရုစိုက်စရာမလိုသော သူမရဲ့ အမဲပစ်ကြီးဖြစ်နေသည်ဆိုရင်တောင် သူကတော့ ဖေးမညှာတာဖို့ထက် ကိုမှ ထည့်တွေးမှာ မဟုတ်ပေ ..။

လိုစဉ် မိုးဖွားတွေ ကျလာကြသည်။ မိုးသည်းလာမှာစိုးရိမ်ပေမယ့် ဘာမှ ထပ်မပြောတော့ဘဲ နေလိုက်၏။

"အား .. ကျွတ် .. ကျွတ် .."

ချောင်းစပ်ကနေ ဆန်တက်၍ လျှောက်ခဲ့ရင်း လှေရှာပေမယ့် ဖွေးဖွေး ဆောင်းလာန်ပြည့်လျှံနေသည့် ချောင်းရေမျက်နှာပြင်မှာ လှေတစ်စင်း အရိပ်အယောင်သော်မှ မမြင် ..။

မယ့် နှုတ်မှားက ညည်းသံသဲ့သဲ့ထွက်လာတော့ သေးတိုက်ကနေ မျက်နှာလေးကို ငုံ့ကြည့်လိုက်မိသည်။

"ဒီကသွားရင် နောက်ထပ် တစ်မိုင်လောက်ဆို ရွာတစ်ရွာတွေ့ လို့ ဦးကြီး ပြောလိုက်တာ ခင်ဗျား ကြားလား .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

"အခု .. မျှော်ကြည့်လိုက်စမ်းပါ .."

အရုပ်အအောင်းက သူမထက် ခေါင်းတစ်လုံးနီးပါး မြင့်နေသည်
တစ်ရုပ်ဘနီးပါး ထူထပ်နေသည့် တချို့ချုံပုတ်တွေကို မယ် လှမ်းကျေ
ပြီး မကြည့်နိုင် ..။

အစိုး က နည်းနည်းပိုမြင့်သည့် ကုန်းမို့တစ်ခုပေါ် ထပ်တက်ပြ
မျှော်ကြည့်လိုက်သည်။ ပြီးတော့ ပြန်ဆင်းလာပြီး ခေါင်းခါ၏။

"မမြင်ရသေးဘူး .."

"မယ် .. ဆက်လျှောက်လို့မရတော့ဘူး .."

သူမကိုယ်သူမ အားမလိုအားမရနှင့် ထိုင်ချလိုက်သည့်တိုင် မျက်
လေး ငိုတော့မယ့်အတုင်း ..။

မိုးဖွဲတွေက မသည်းဘဲ တဖွဲဖွဲကျဆင်းနေဆဲရှိကာ မဲဆင်မှတ်
ကြန့်ကြာနေလျှင် ခရီးလမ်းခုလပ်မှာ အစိုး ဘာလိုဦးဆောင်သွားရမ
လည်း မသိ ..။

သူမကို နှစ်သိမ့်ဖို့ကြိုးစားမိပေမယ့် ကိုယ်သာလျှင် အမှားမေ
ပြောဆိုနေသူဖြစ်နေရကာ ..၊

"ကိုစိုးယျ .."

"ဟင် .."

"ရှင် မယ့် ကို စိတ်ဆိုးနေတာတော့ မဟုတ်ပါဘူးနော် .."

"မဟုတ်ပါဘူး .. ဒါပေမယ့် မင်းနဲ့ အဆင်ပြေအောင် ပြောဖို့
စကားလုံးရှားနေလို့ .."

"ရှင့်ကို အကောင်းဆုံး၁ကား ပြောနိုင်တဲ့ဆု ဘယ်သူကမှ မ
မြှင့်ဘူး .. မယ့် ကို ဂွဲ၁ပးပါ .."

"ဘာလဲ .. မင်း ဆက်လျှောက်မလို့လား .."

"ဟုတ်တယ် .."





ယ် စကားလည်း သိပ်မပြောနိုင်ရှာပေ ..။

ဒါထက်ရာနာကျင်လာရင် ဆေးပူလိမ်းပြီး ဆေးသောက်လိုက်လို့
ားတယ်မို့လား .. အဲဒါ ခဏအချိန်ပေးပြီးလုပ်ကြည့်လိုက်ပါ
.. သက်တောင့်သက်သာ သွားလာလို့ရတာပေါ့ .."

ရှင် မတွဲချင်လည်း ရတယ် ကိုစိုးယျ .. မယ့် ကိုပဲအပြစ်ဖို့ ဟို
ါ ဒီမှာနားပါ တိုက်တွန်းနေတာဟာ လူတစ်ယောက်အတွက်
ာင့်သက်သာဖြစ်ဖို့တစ်ခုချည်းပဲ အရေးကြီးနေလို့လား .. ဒါမှ
မယ် က ချူနာပါတေးရုပ် ပေါက်နေလို့လား .."

မင်း .. မင်းကွာ .."

အိုးယျ ထောင်းခနဲဖြစ်သွားသည့်စိတ်ကို မနည်းချုပ်တီးလိုက်ရ
ဒါပေမယ့် မျက်လုံးတွေကတော့ စူးစူးရဲရဲဖြစ်သွားခဲ့ပြီး ..၊

ခင်း .. စေတနာကို တော်တော်စော်ကားပါလား မယ် .."

ဆေတနာထားရင် နားဖို့တွေ စားဖို့တွေ မယ့် ကို ဘာမှလာမပြော
.. ရှင့်ကို ကယ်ဖို့ပြင်ဆင်ရင်း မယ် ခုလိုဖြစ်ရတာ .. ခုထိလည်း
ာင့် ဒုက္ခများနေရတုန်းပဲ .."

အဲဒီတော့ မင်းကို ဘာထပ်လုပ်ပေးရဦးမလဲ .. မင်း မကြိုက်တဲ့
ပြာမိတဲ့အတွက် မင်းရှေ့မှာ ပါးထိုးပေးပြီး အရိုက်ခံရမလား၊
တ်တောင်းပန်ရမလား .."

းရဲသည့် မျက်လုံးတွေ စူးစိုက်တွေ့ဆုံခဲ့ကြရင်း ...

ငါ ဒီနေရာမှာ ရေထဲက ငါးဖြစ်နေတယ်၊ ရေပဲကူးတတ်တဲ့ငါး
န်းပေါ်မှာ ဘာမှ မလုပ်တတ်ဘူး ..၊ ဒါပေမယ့် ငါက လူ ..
ားတစ်ယောက်လည်း ဖြစ်တဲ့အတွက် ငါးတစ်ကောင်လိုအဖြစ်
ရှိဘူး မယ် .. မင်း အပေါ်မှာ မိန်းကလေးဆိုတဲ့စိတ်နဲ့ ငါ စိတ်ပူ
ညာတာသမျှ မင်း စော်ကားဖို့တွေချည်းဖြစ်နေတာ စိတ်မကောင်း
.."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် နောက်ကိုခြေလှမ်းဆုတ်လိုက်သည်။

"မင်းက ငါ စိတ်ပူစရာမလိုတဲ့ မိန်းကလေးပါ၊ ဒါ မင်းရဲ့နယ်
ပဲ .. ငါ သွားမယ် .."

နှစ်ယောက်စလုံး တိတ်ဆိတ်စွာ လမ်းခွဲလိုက်ကြသော်လည်း .. တ
ရွာနေသည့်မိုးက ပြည်သံပေး၍ သည်းချလာခဲ့သည်။ မိုးရေတွေ စိုရွှဲ
ကြသော်လည်း မယ် ကလည်းမတား၊ သူကလည်း ပြန်လှည့်မကြည့်

ထို့ပြင် သူမ မျက်နှာမှတားသည့် အရပ်မျက်နှာကို ကျောခိုင်
ဆန့်ကျင်ဘက်ထွက်လာခဲ့တာမို့ သူမက ချောင်းညာသို့ရှေ့တူရှု
သူကတော့ ရေစုန်အတိုင်း ..၊

"ငါ မှန်ရဲ့လား .."

ခြေလှမ်းတိုင်းမှာ ဒီမေးခွန်းပဲဖြစ်နေသည်။ မေးနေမိရင်း ခြေ
တွေက နေးကျသွားလိုက် တစ်မျိုးအတွေးနှင့် ဆက်လျှောက်မိလိုက်

သူ လျှောက်လာခဲ့သမျှ တကိုယ်ကျိုးစီးဆင်းနေသည့် ချောင်းရေ
မှလွဲ၍ လူသူတစ်စုံတစ်ယောက်ကိုမှ မမြင် ..။

ခုကွဲရောက်နေကြတာချင်းတူလည်း မိန်းကလေးတစ်ယော
တည်းဖြစ်နေတဲ့ သူမအတွက်က ပိုဆိုးနေမှာ မဟုတ်ဘူးလား ..။ ဒ
သူ ဆုံးဖြတ်ခဲ့တာ မှန်ရဲ့လား ..။

တွေးကြည့်လိုက်တော့ ယောကျ်ားဆိုသည့်မာနနှင့် ဖြစ်လာသ
ဒေါသကသာပ်သပ်၊ သူမအတွက်ပဲ စိတ်ပူနေမိတာကို မငြာတ်အော
ဘယ်လိုကြိုးစားလို့မှ မရ ..။

မိုးသံက စဲသွားကာ မိုးဖွဲလေးတွေအဖြစ် ပြောင်းလဲသွားပြန်သ
ပိုယ်ပေါ်မှာ ခြောက်သွေ့ခွင့်မရသေး အဝတ်စားတွေနှင့် ဒဏ်ရာ
လည်း သူ့ထက်များကာ သူ့လောက် ခံနိုင်ရည်မရှိသည့် မိန်းမငယ်
တစ်ယောက် ..၊

"ဟင်!..."





ချောင်းထဲမှာ မျောလာတာ ဘာလဲ ..၊

ချာကြည့်လိုက်တော့ ဦးကြာကွေး ဆေးနဲ့စားစရာတွေထည့်
ထားသည့် လွယ်အိတ်လေး ..။

တည် .. အမြင်မလှပေမယ့် တိရစ္ဆာန်သားရေနှင့် အတွင်းခံ
ထားသည့် အိတ်လေးပါ။

ချောအောင် အနားကပ်ကြည့်မိပြန်တယ်။ နောက်ကြောင်းကို
ကြည့်မိ၏။ သူ ကျောခိုင်းထွက်လာခဲ့တာ ခရီးတော်တော်
ခဲ့တာလား ..။

အရိပ်အယောင်ကို လုံးဝမတွေ့ရသဖြင့် ဘယ်လိုမှ ဟန်ဆောင်
နေနိုင်တော့ဘဲ ပြန်လှည့်ပြေးခဲ့မိသည်။

ယ်မှာလဲ!...၊

ယ် .."

ထွက်ခွာခဲ့တာ ဒီလောက်ထိတော့ မဝေးသေးပေ ..။ မယ် က
ဆက်လှမ်းသွားသည်ပဲထား .. ခုချိန်ထိ တစ်ဆုံးတစ်စ မမြင်
ာ်အောင် ကွာဝေးသွားဖို့မရှိ ..။

ယ် .. မင်း တစ်နေရာမှာ မိုးခိုနေတာလား အသံပေးကွာ .."

လုံးသာမကဘဲ တစ်ကိုယ်လုံး ပတ်ချာလည်နေအောင် ပတ်ဝန်း
လိုက်ရှာကြည့်မိသည်။

၍ ချောင်းစပ်သစ်ပင်ချုံပုတ်ကြီးဘေးမှာ မယ် ငုတ်တုတ်လေး
ာကို မြင်လိုက်ရပြီ ..၊

ယ် .. မယ် ဘာဖြစ်လို့လဲ .."

အနားရောက်သွားတော့ မယ် က မျက်နှာလေးငုံ့လာပေမယ့်
ည် ..။

ာ .. ဘာတွေဖြစ်ထားတာလဲ .."

ာကျ်ားကြီးဖြစ်ပြီး အသည်းကြောင်သွားမိတာလို့ ကဲ့ရဲဦး



www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုလျှင်လည်း ခံရမှာပါ။

အဝါညိုကွက်ကျားနှင့် မြွေကြီးတစ်ကောင် ခေါင်းပြတ်ေ
နည်းတာကြီးမဟုတ် ..။

ကုန်းစပ်ကနေ စီးကျနေသည့် မြွေသွေးတွေက ချောင်းရေ
ရောနှောပေါင်းစီးနေတာ ခုထိမရပ်သေးပေ ..။

"မယ် .. မင်းကို ကိုက်မိသွားသလား .. ဘယ်နားထိသွားလဲ

"မကိုက်မိပါဘူး .. ယုန်လေးကို မျိုနေလို့ ဆွဲထုတ်ပေးလိုက်

"ဘာ!..."

ဟိုနားဒီနားလိုက်ကြည့်တော့လည်း ယုန်ကိုမတွေ့ ..၊

"ယုန်က ဘယ်မှာလဲ .."

"ခြောက်လွှတ်လိုက်ပြီ .."

"မင်း .."

သူ ဘယ်လိုမှကို မယုံနိုင် ..။

တစ်ဆက်တည်း 'ငါစိတ်ပူ နမိတာ မှားသွားပြန်ပြီလား' ဆ
အတွေးက ဝင်လာ၏။ သူမ အမဲပစ်တတ်တယ်ဆိုတာလည်း သိပ
နှင့် မျက်စိအောက်မှာ ဒီလောက်အတုံးလိုက်အတစ်လိုက် သွေးသ

"မင်း .. လက်ရဲလှချေလား မယ် .. ယုန်ကိုကယ်လိုက်ေ
ဒီမှာ အသက်တစ်ချောင်းလည်း သေသွားတာပဲ .."

"သေပေ့စေပေါ့ .. ယုန်က အပြစ်မရှိဘူး၊ သူ့မှာ အဆိပ်

"မဟုတ်ဘူးလေ သူကလည်း ယုန်ကို အပြစ်ရှိလို့ ဆုံး
မဟုတ်ဘဲ တိရစ္ဆာန်ဆိုတာက 'နိုင်ရာစား' ပဲ .."

"အို .. မစားရပါဘူး မျက်စိရှေ့မှာ ဒါမျိုးမတရားတာမြင်
ကတော့ သူ့အသက်မကလို့ ကိုယ်ပါသေသွားသွား ချမှာပဲ .."

ကြည့်စမ်း .. ဒီကောင်မလေး ..၊

"သူတို့က တိရစ္ဆာန်ပဲ .. ငါတို့လောက်မှ မမြတ်တာဆိုပြီး



သူများအသက်ကို မရိုမသေနဲ့ဝါးမျိုနေတာ ဒီအတိုင်းကြည့်နေရ
.."

"ငါပြောတာက .."

"ဟွန်း .. ရှင်ပြောသလိုသာဆို ဘုရားလည်း 'လူတွေက ငါ့လိုမှ
ရောက်ကြောင်းတရား မသိကြတာ' လို့တွေးပြီး တစ်ပါးတည်း
ဘူးသွားလို့ရတာယ်လေ .. ဒါပေမယ့် ကျွတ်ထိုက်သူကိုတော့ ချွတ်
တာပဲ .."

"မယ့် ငါပြောချင်တာ အဲဒါမျိုး .."

"ရပြီ မပြောနဲ့တော့ .. ပြောချင်ရင် အဲဒီမြွေနဲ့ ရှင် ဘယ်လိုတော်
သလဲဆိုတာ သက်သေအရင်ပြ .."

"ဘာ!..."

"မဟုတ်ရင် မြွေဘက်က ရပ်တည်ပြီး မယ့် ကို ဝေဖန်ဖို့မကြိုးစား
မယ်ဖွဲ့ ဆိုတဲ့မိန်းမက နာမည်ကသာ ရိုးပုံရိုးပန် ရှိရင်ရှိမယ် ကိုယ့်
ပါးလာလို့ကတော့ ခြင်တစ်ကောင်တောင် အလွှတ်မပေးဘူး .."

အစိုး ဘာမှပြောစရာမရှိတော့ပေ ..။ ပြောချင်ရာကို ဘယ်မျက်နှာ
ကြည့်ဘဲ ပြောချသွားပြီး သူမ ဘာသာ ထရပ်လိုက်သည်။

"ခြင်ထက်စာရင် မြွေသတ်ရတာကမှ ခုတ်ချလိုက်တဲ့အသံထွက်
.."

"ကောင်းပါတယ် မင်းက ကိုယ့်တရားနဲ့ကိုယ်ပဲ၊ ဟိုလွယ်အိတ်
ချောင်းထဲမျောလာတာတွေ့လို့ မင်း တစ်ခုခုဖြစ်နေပြီထင်သွားတာ.."

"အခု .. မဖြစ်ဘူးဆိုတော့ ကိုယ့်ခရီးကိုယ်ဆက်လို့ရပြီ .."

"ဟုတ်တယ် ဒါပေမယ့် မင်းကို တစ်ယောက်တည်း မထားခဲ့နိုင်
"

မယ် က သူ့ကို ဖျတ်ခနဲကြည့်၏။ ပြီးတော့ မဲ့လိုက်သဖြင့် အစိုး
ာ ရဲခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သတ္တိရှိတာကို ငါသိတယ် .. ခုလိုတွေ လုပ်ရဲ
ခု ယုံသွားပါပြီ .. ဒါပေမယ့် မိန်းကလေးတို့ ရှင်းမရနိုင်တဲ့ပြ
တာတွေလည်းရှိလို့ ငါ ပြန်လာတာ .."

"မယ် ကလည်း အရာရာကိုအောင်နိုင်သူပါလို့ ကိုယ့်ကို
သတ်မှတ်နေတာမဟုတ်ဘူး .. ဒါပေမယ့် မယ် က တောသူ
မြို့သားမဟုတ်တော့ ရှင်နဲ့ မယ် ပြောဆိုတာတွေမှာရော ဒီလို
ဒီလိုမနေဘူး စသဖြင့် ဘယ်နေရာမှာမှ အဆင်ပြေမှာမဟု
ဒါကြောင့်ပဲ ရှင် နာလုံးပေါက်ပြီး ထွက်သွားတာလေ .. နေ
ရှင် နာကြည်းဒေါသထွက်စရာတွေ မယ် က ပြောမိဦးမှာ ..

"ကြိုက်သလောက်ပြော .. မင်း အတွက် လမ်းခရီးချော
ငါ အဖော်လိုက်ပေးမယ် .."

စိတ်ကိုဒုန်းဒုန်းချလိုက်ပြီး သူမ ရှေ့မှပဲ လည်စင်းပေး
ပါ။ အစိုး မျက်နှာကို မယုံသလိုစိုက်ကြည့်နေပြီးမှ မယ် က
သွား၏။

ကရင်အင်္ကျီအနီရောင် ပွပွလေးနှင့် ချည်ထမီအနက် ဒူး
လေးက မယ့် ကိုယ်လုံးသွယ်သွယ်လေးပေါ်မှာ ရှေ့ကိုစိုနှင့် က
ပေသည်။

ဘွတ်ဖိနပ်ပုံစံ ခြေမျက်စိဖုံးရှုံ ရော်ဘာဖိနပ်ကြီးက
တော့ သူမနဲ့ အဆင်ပြေနေပေမယ့် ခြေသလုံးဖြူဖြူသွယ်သွ
တော့ သိပ်မလိုက်ဖက်သလိုရှိ၏။

"နေဦး .. ရော့ .. ဒီဂျာကင် ခေါင်းပေါ်တင်ထားလိုက်

"ရပါတယ် .."

"ရမှန်းသိတယ် .. မိုးစဲသွားတုန်း ခေါင်းခြောက်ချိန်
အောင် ဆောင်ထားလိုက်ပါ၊ တော်ကြာ ပြန်ရွာလာဦးမှာပဲ ..

"ဘာမှမှ မထူးတော့တာ ဘာလုပ်ရမှာလဲ .. ရှင် အဲဒီ





ဆေးဝတ်ထားလိုက်စမ်းပါ .. မဟုတ်ရင် ရှင် အဘင်းပေးတိုင်း ဒီက
နေရတာ .."

သူမ ငြင်းနေရသည့်အဖြစ်အပျက် ပြန်လျှော်ပေးရဖို့ ရှိလာနိုင်
ဒို့ ဂျာကင်ကို ပခုံးပေါ် ပြန်တင်လိုက်ရင်း သက်ပြင်းချမိ၏။

"ဆေးအိတ်ကို ကမင်လွှင့်ပစ်လိုက်တာလား .."

"ပစ်စရာလား .. ရေမြွကိုအာရုံစိုက်နေတုန်း .. အဲဒါကို ဘယ်လို
ကိမိမှန်းမသိဘူး .. ရေထဲမျောသွားမှ သဘောရတယ်၊ ချောင်းထဲဆင်း
သို့မှ မရတော့တာ .."

ကောင်းကောင်းတော့ ဖြေပေမယ့် ဖြေပြီးတာနှင့် အစိုး ကို ဖုတ်ခနဲ
ကြည့်ကာ ...

"သူများက စေတနာနဲ့ ပေးလိုက်တာကို လွှင့်ပစ်ရအောင် ရှင်က
ကို ကျေးဇူးကန်းတတ်တဲ့မိန်းမ ထင်နေဘာလား .."

"မင်းကို မေးပဲမေးရသေးတာ .."

"ဟွန်း .."

လူကို မဲ့ရွဲ့ကြည့်ပြီးမှ ပြန်လှည့်လျှောက်ကာ ...

"အဲဒီဆေးသောက်လိုက်လို့ ခုလို ရှင်နဲ့ ရန်ဖြစ်နိုင်နေတာ .."

"ဟုတ်လား .."

ဦးကြာကွေး ကို ကျေးဇူးတင်ရမှာပဲ ...၊

စိတ်ထဲမှာသာ ဆက်ပြောခဲ့ပေမယ့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ငါ့အခန်းထဲ တန်းစီဝင်လာကြတာ ဘာကိစ္စလဲ .."

ရှေ့ဆုံးက ဝင်လာတာ သားအကြီးဆုံးဖြစ်သည့် အောင်ထွန်း။ ... က ပါလာတာက ဒုတိယမွေးစားခဲ့သည့် အလတ်ကောင် နေ... သူတို့နောက်မှာတော့ အောင်ထွန်း ၏ ဇနီးနှင့် သမီးအပြင် နေ... ၏ အသစ်စက်စက် ဇနီးချော ..။

ဦးစိုးရာ က သားနှစ်ယောက်ကိုစိုက်ကြည့်ပြီးမှ နောက်က... ကို မျက်လုံးဝေ့ရုံ ..၊

"ဖေဖေ .."

"ဆို .. ဘာကိစ္စလဲ .."

"အငယ်ကောင်ကို ဖေဖေ ဘယ်လွှတ်လိုက်တာလဲ .."

"ငါ့ကိစ္စအတွက် ခိုင်းလိုက်တာလေ .. မင်းတို့ကိုပြောဖူးပါ...

ညီအစ်ကိုနှစ်ယောက် မျက်လုံးချင်းဆုံသွားကြ၏။ ပြီးတော့ ... ခုတင်ရဲ့ တစ်ဖက်မှာ ခေါင်းရင်းကနေ ခြေရင်းထိ သူတို့တန်းစီ... ဝိုင်းပတ်နေရာယူ လိုက်ကြသည်။

လာကြပုံကတော့ ပြောဖို့စကားတွေကို အစီအပြင်စီစဉ်...



...င် လာကြပုံပါ။

ဦးစိုးရာ က သားသမီးချွေးမတွေမျက်နှာကို အကဲခတ်ပြီး နားလည်...သည်။ ဒါပေမယ့် လှဲနေရာကနေ ကိုယ်ကို နည်းနည်းမှ မရွေ့လျား... ဲ ခေါင်းတစ်ဝက်တင်ထားသည့် ဗိုက်ပေါ်မှာ လက်နှစ်ဖက် ထပ်တင် ...ားရင်း ပြောလာမှာကိုပဲ နားစွင့်နေလိုက်သည်။

"ဖေဖေ .."

"ပြော .."

"ကျွန်တော်တို့က ဖေဖေ့ရဲ့ ကျေးဇူးဆပ်ရေးကိစ္စ ဒီလောက်ထိ အရေးကြီးနေမှန်း မသိလို့ပါ၊ ပြီးတော့လည်း ဖေဖေ ဘယ်လောက် ...ြန်ဆပ်ချင်သလဲ ပေးချင်သလောက်ကို လူကြုံနဲ့ .."

"ဘာကွ !..."

"မဟုတ်ဘူး လူမကြုံရင်လည်း ဖေဖေ့မှာ ခိုင်းစရာ တပည့်တွေရှိ ...ာယ်၊ ကျွန်တော့်တပည့်တပန်းတွေလည်း အများကြီးပဲ .. ဘယ်သူဖြစ် ...ြစ် ခိုင်းလိုက်လို့ရတာပဲ .."

"အောင်ထွန်း မင်းက အစိုး ကို ခိုင်းလိုက်လို့ပြောနေတာလား.."

"ဒါလည်းပါတယ် ဖေဖေ .. တစ်ခါမှ တောနားတောင်မကပ်ဘူး ...ဲ့ လူကို ဟိုးနယ်စွန်နယ်ဖျားက ရိုးမတောကြီးနား .."

"ဒါကြောင့် စိုးရိမ်တာပါဆိုရင်တော့ မင်း ညာနေတာပဲ .."

အောင်ထွန်း မျက်နှာပျက်သွားသည်။ ထိုအခါ နေသူရိန် က အစ်ကို ...ျက်နှာကို အကဲခတ်ပြီး သူဝင်ပါသင့်ပြီကိုသိ၍ ...

"ကျွန်တော်တို့ ညီအစ်ကိုတွေ မသင့်မြတ်ခဲ့တာ အမှန်ပါ ဖေဖေ၊ ဒါပေ...မယ့် ဖေဖေကလည်း ညီအစ်ကိုတွေသင့်မြတ်အောင် ရင်ကြားစေ့ပေးခဲ့ ...တာ မရှိဘူးဆိုတာ ထည့်တွေးကြည့်ပါဦး ..၊ ခုကိစ္စက ဒါနဲ့မဆိုင်ဘူး .."

"ဘာနဲ့ဆိုင်သလဲ .."

"အစိုး နဲ့ သင့်မြတ်ချင်လို့မဟုတ်ပါဘူး ..၊ ဒါပေမယ့် အစိုး ကိုမှ

www.burmeseclassic.com



ရွေးလွှတ်လိုက်တာက ဖေဖေ့မှာ အကြောင်းရှိနေတယ်ဆိုတာ ..”

“ရှိတာပေါ့ ..”

ဦးစိုးရာ က ကြားဖြတ်ပြောပြီး နေသူရိန် ရှိရာကို မျက်လွှာ
ကြည့်သည်။

“နံပါတ်တစ်က တခြားလူကို ယွှတ်ဖို့မယုံကြည်ဘူး၊ နံပါတ်
က ကိစ္စတစ်ခုတည်းပဲ နိုင်းလိုတ်တာမဟုတ်ကဲ့အတွက် ရွေးချယ်ဖို့
လာရင် ဆုံးဖြတ်နိုင်တဲ့သူပဲဖြစ်ရမှာ .. နံပါတ်သုံးက ဒီကိစ္စကိုဆေ
ရှက်နိုင်မှ ငါ အသေဖြောင့်မှာမို့လို့ပဲ ..”

စူးစိုက်နားထောင်နေကြသည့် မျက်နှာတွေမှာ တွန့်ကောက်
ကုတ်သွားခဲ့သည့် ကောက်ကြောင်းတွေ တော်တော်နဲ့ နေရာမကျ

“ငါ့အတွက် အသက်လောက်အရေးကြီးနေတဲ့ကိစ္စကို မင်းတို့
ပြုက်ရယ်ပြုခဲ့တယ် .. အလေးအနက်ထားတဲ့သူကိုလွှတ်တော့ ငါ့အ
ထိ ဝင်လာပြီး မေးခွန်းတွေထုတ်ကြတယ် .. ဒီမှာ ..”

ဦးစိုးရာ အားလုံးကို ဝေ့ပတ်ကြည့်လိုက်ကာ ...

“မင်းတို့ ဘာအတွက်အစီကနဲ့ ဒီထဲရောက်လာကြတာလဲ ..

အောင်ထွန်း နဲ့ နေသူရိန် မျက်လုံးချင်းဆုံသွားကြပြန်သည်

“ဘာဘ ကလည်း နွယ် တို့က ကိုယ့်အဘိုးအခန်းထဲကို အကြော
ကိစ္စကြီးကြီးမားမားရှိမှ ဝင်ရမှာလား ..”

အောင်ထွန်း ရဲ့ သမီး နွယ်နွယ်ထွန်း က သွက်လက်သူဖြစ်သ
အတိုင်း နှုတ်ခမ်းလေးစူထော်နေအောင်ဆိုးနွဲ့ပြ၏။ ဇနီးဖြစ်သည့် သိ
က သမီးကို တံတောင်နဲ့တို့ရင်း ...

“လူကြီးတွေစကားထဲ ဝင်မပါရဘူးလေ ..”

တားဆီးနေပေမယ့် သူမ မျက်လုံးတွေဝှာ ယောကျ္ာမဖြစ်သ
ဦးစိုးရာ ထံမှာ ခပ်စူးစူး ...၊

“သမီးတို့ကတော့ အဖေ့ ကျန်းမာရေးကိုသိချင်လို့ လိုက်လာ





ပါ အဖေရယ် ...၊ မြန်မာပြည်အနှံ့ဘုရားဖူးကနေ ဗုဒ္ဓဂါယာထိ ရောက်
သွားခဲ့တာ အိမ်မကပ်ဖြစ်တာလည်းကြာတော့ အဖေ့ကို လာကြည့်တာ
ပါ၊ လာ .. လာ .. ငါတို့သွားမယ် ..”

ပြောပြီးတာနှင့် သမီးကို လက်တို့ကာ ချာခနဲပြန်လှည့်သွား၏။
ခပ်ပြစ်သလို စကားပြောသွားပေမယ့် လှုပ်သွားသည့်ပုံစံက ရှိုင်းစိုင်း
နေ၏။

ဦးစိုးရာ နှုတ်ခမ်းစေ့ထားလျက် တိတ်တိတ်ဆိတ်ဆိတ်ပဲ နေခဲ့သည်။

“ကျွန်တော်တို့ ဖေဖေ့ဆီကို လာခဲ့တာ ဖေဖေ့ကျေးဇူးတွေဘယ်
လိုရှိခဲ့တဲ့အကြောင်းကို သိချင်လို့ပါ .. ပြီးတော့ ..”

“ပြီးတော့ကို ရှေ့မဆက်နဲ့တော့ အောင်ထွန်း .. ငါနဲ့ မောင်ရိုး
ရဲ့ အတိတ်ကအကြောင်းကို မင်းတို့ကိုပြောခဲ့ဖူးတယ် ...၊ အဲ့ဒီအတွက်
ငါ ဘာလုပ်ပေးချင်တယ်ဆိုတာလည်း ပြောပြီးသား .. မင်းတို့ ငါ့ခံစား
ချက် ငါ့ရဲ့ဆန္ဒကို ဘယ်နေရာမှာ အလေးအနက်ထားခဲ့သလဲ ..”

“ဒီလိုတော့ မပြောပါနဲ့ ဖေဖေ .. ကျွန်တော်တို့က ဒီငွေတစ်သိန်း
အတွက်နဲ့ ..”

“ဟော့ .. တိတ်စမ်း ..”

ဦးစိုးရာ ဒီလိုပြောလာတာကို မကြိုက်ဆုံး ...၊

“ဒီငွေတစ်သိန်းဟုတ်လား အောင်ထွန်း .. အဲဒီငွေတစ်သိန်းက
လူတစ်ယောက်ရဲ့ဘဝကို ဘယ်လောက်ပြောင်းလဲပေးခဲ့သလဲ .. ဒီငွေနဲ့
ငါ မင်းတို့ဘဝကို ဒီအခြေအနေထိ ပျိုးထောင်ပေးခဲ့တာ ..”

“ဒါက ဟုတ်တယ် .. ငွေတစ်သိန်း အဲဒီတုန်းက တန်ဖိုးကြီးခဲ့
တယ်၊ အခု အဲဒီငွေအတွက် ဖေဖေ ဘယ်နှစ်ဆလောက်ထပ်တိုးပေး
မလဲ .. သိန်းရာနဲ့ချီပြီး ပေးလိုက်ဦး ဒါဆို အဲဒီကျေးဇူးလေး ပြတ်ပြီပေါ့ ..”

“မပြတ်ဘူးကွ မပြတ်ဘူး .. ကျေးဇူးတရားဆိုတာ သိတတ်တဲ့
လူအတွက် ဘာနဲ့မှ မေ့ဖျောက်ချေဖျက်ပစ်လို့မရနိုင်တဲ့အရာ .. မသိတတ်

www.burmeseclassic.com



ရင်လည်း တစ်ပြားမှ ပေးဆပ်ဖို့မလိုဘူး .. တစ်ချက်မှ ပြန်လှည့်မကြ
လည်းရတယ် ..”

“နှစ်ခုစလုံးက မကောင်းဘူး ဖေဖေ ..”

အောင်ထွန်း က သူ့အကြီးဆုံးမို့ မိဘနဲ့ ဆွေးနွေးခွင့်အပြည့်အ
ရှိနေသူအဖြစ် သတ်မှတ်ယုံကြည်ထားသည့်အတိုင်း ..၊

“ကျေးဇူးတရားက ဆပ်လို့မကုန်ပေမယ့် ဖေဖေ ပြောသလိုကြ
တော့ မဟုတ်သေးပါဘူး ..၊ ဖေဖေက လုံးဝမသိတတ်ဘဲ ကျောခိုင်း
တဲ့ လူမျိုးလည်း မဟုတ်ဘူး ..၊ အဲဒီတော့ သိတတ်သင့်သလောက်နဲ့ပဲ ..

“မင်းငါ့ကို ဝေဖန်ဇယား ခင်းပြမနေပါနဲ့ .. ငါ ပေးဆပ်ဖို့ရှိနေ
ကျေးဇူးအတွက် ငါ့ဘာသာဆပ်ချင်တဲ့ ပုံစံနဲ့ ဆပ်မယ် ..၊ မင်းတို့အတွ
ရသင့်တာကိုပေးပြီးသားဖြစ်တဲ့အတွက် ဒီကိစ္စက မင်းတို့ကို ရိုက်ခ
လာဖို့လည်း မရှိဘူး ..”

အောင်ထွန်း မျက်နှာပျက်သွားကာ နေသူရိန့် ကို လှမ်းကြည့်သည်
ဒီအိမ်ပေါ်မှာ သူတို့က မွေးစားသားတွေဖြစ်ကြကာ ဦးစိုးရာ ၏ သွေ
သားရင်းဆိုလို့ အစိုးယျ တစ်ယောက်ပဲရှိသည်။

ညီအစ်ကိုဆိုသည့် သံယောဇဉ်စိတ်တွေနဲ့ ဘယ်လိုမှ ဆက်ဆံသည်
လို့မရခဲ့ခြင်းအကြောင်းတွေဟာ သွေးသားတော်စပ်မှုမရှိခဲ့ကြသည်
သူတို့သုံးယောက်၏ ပဋ္ဌာန်းဆက်တွေပဲထင်သည်။

“ဖေဖေ .. ဖေဖေ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်းပြောပြပ
ဖေဖေ့ရဲ့ နောက်အစီအစဉ်တစ်ခုက အဲဒီပုဂ္ဂိုလ်ကို အိမ်ပေါ်ထိခေါ်လ
ဖို့မို့လား ..”

“ဟုတ်တယ် ..”

“ဖေဖေတော်င် မိသားစုနဲ့ အသိုက်အမြုံနဲ့ မြေးတွေမြစ်တွေရ
ပြီ .. ဟိုမှာလည်း ဒီလိုပဲရှိမှာပေါ့ .. ဖေဖေ့ ကျေးဇူးရှင်က တောကြို
ကြားမှာ ဘယ်လိုပဲဖြစ်ဖြစ် မြို့ကအမှီသဟဲတစ်ခုခုကို လက်လွတ်ခံမှာ





ဟုတ်ဘူးဆိုရင် ..”

“မိသားစုလိုက် လာပေ့စေပေါ့ကွ .. ဒါမှမဟုတ် ဆွေစဉ်မျိုးဆက်
ဘယ်နှစ်ဆက်ပဲဖြစ်နေနေ ..”

နေသူရိန့် မျက်နှာ တင်းခနဲဖြစ်သွားသည်။

“ဒါပေမယ့် အတူတူနေရမယ့် ကျွန်တော်တို့တွေနဲ့ ဖေဖေ တိုင်ပင်
ခင့်ပါတယ် ..”

“မင်းတို့ကို ငါနဲ့အတူတူနေပါလို့ ဘယ်တုန်းကများ တောင်းဆို
ခဲ့ဘူးသလဲ ..”

“ညီအစ်ကိုတွေ ဥမကွဲသိုက်မပျက်နေဖို့တော့ ဖေဖေ ပြောခဲ့တာပဲ ..”

“မင်းတို့ကတော့ အသိုက်မပျက်ဘဲနဲ့ ဥကွဲနေပြီးသားတွေပါ ..၊ ငါလို
ချင်တာက အတူတူနေကြဖို့တစ်ခုတည်းမဟုတ်ဘူး နေသူရိန် .. ခေါင်း
သုံးလုံးစုလိုက်တာနဲ့ ရန်ဖြစ်ကြဖို့လည်း မဟုတ်ဘူး ..”

“ဒါကလည်း ချိတ်ချိတ်ချင်း ချိတ်မိကြတာမျိုးပါ၊ ဖေဖေက
ကျွန်တော်တို့ဘက်က ဆင်ခြင်သင့်တာပဲ တစ်ဖက်တည်းကြည့်ပြီး ..”

“နေသူရိန် ဒီကိစ္စတွေ မင်းတို့နဲ့ငါ မပြောချင်ဘူး တစ်သက်လုံး
ငြိမ်းချမ်းခဲ့ရတဲ့ ဒီအိမ်ထဲကမီးကို ဒီအိမ်ရဲ့ အရှင်သခင်ကပဲ မွေးခဲ့တာ
မို့လို့ ငါ စခဲ့တဲ့ဇာတ်လမ်းကို အစကအဆုံးထိ ငါပဲရေးရတော့မှာမို့ အဲဒါ
တွေကြောင့် အားလုံးကို ထားခဲ့လိုက်ပြီ၊ မင်းတို့ ကိုယ့်စီးပွားကိုယ်လုပ်ပြီး
အေးဆေးနေကြပါ ..”

ဦးစိုးရာ ဒီစကားပြောပြီးတာနှင့် မျက်နှာလွှဲပြီး ကိုယ်ကိုပါတစ်ဖက်
ဆောင်းလှည့်လိုက်ကာ သူတို့ကိုကျောခိုင်းထားလိုက်၏။

အောင်ထွန်း တို့ ဘာစကားမှမဟခဲ့ကြပေမယ့် တိတ်ဆိတ်ခြင်း
ရဲ့နောက်ကွယ်မှာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဘာဖြစ်လို့လဲ …"

မိုးတိတ်သွားပြီမို့ တစ်ဖက်နဲ့တစ်ဖက် စကားမပြောဖြစ်တော့ဘဲ လျှောက်သွားနေကြစဉ် မယ် က ခြေလှမ်းရပ်လိုက်သဖြင့် အစိုး ကလှည့်ကြည့်၏။

"မယ် … ခဏနားမှဖြစ်မယ် …"

ကျားသားမိုးကြိုးပါလား …။

သူလည်း ပင်ပန်းနေပြီပေမယ့် ဒဏ်ရာတွေနဲ့ မိန်းမသားကတောင် တစ်ချက်မှအသံမထွက်တာကြောင့် ပါးစပ်ပိတ်ခံနေခဲ့၏။

"နားလေ … နားရင်းနဲ့ ဗိုက် ဆိုက်ဆာမှာပဲ … ဒီနားမှာ ငါတစ်ခုခု လိုက်ရှာကြည့်ဦးမယ် …"

"ဘာရှာမှာလဲ …"

"စားလို့ရတဲ့ အသီးအနှံတစ်ခုခုပေါ့ …"

မယ် က ပေါ်သားပဲဆိုသည့် အကြည့်တစ်ချက်နှင့် တစ်ဖက်လှည့်ပြီး မှဲ့သည်။ ပြီးတော့ လေသလပ်တာနဲ့ သွေ့ခြောက်လွယ်နေသော ကုန်းမို့လေးပေါ်က သစ်မြစ်တုံးကြီးတစ်ခုပေါ် တက်ထိုင်လိုက်၏။





သူမ ထိုင်လိုက်ပြီးတာနှင့် အစိုး က လှည့်ထွက်သွားလျှင် …

"ဘယ်လိုအသီးအနှံက အဆိပ်အတောက် ကင်းတယ်ဆိုတာရော သိလို့လား …"

အစိုး ခြေလှမ်းတုံ့သွားပြီး လှည့်ကြည့်သည်။

"ရှင် မြင်ဖူးတာ လိမ္မော်သီး ပန်းသီးတွေပဲ ဖြစ်မှာပေါ့ ကိုစိုးယျ… တောထဲက သစ်သီးတွေထဲမှာ ပန်းသီးမရှိဘူး …"

"ဘာသီးရရ အဆိပ်သီးရလာရင်လည်း ငါအရင်သေမှာပဲ … ဘာဖြစ်လို့လဲဆိုတော့ မင်းရှေ့မှာပဲ ငါ အရင်စားပြမှာမို့လို့ …"

"ရှင် စားပြတိုင်းလည်း မယ် က လိုက်စားမှာမဟုတ်ဘူး … ဘာဖြစ်လို့လဲဆိုတော့ မယ် က သူများအသက်လေးပါမှ စားလို့ဝင်တာလော၊ ဘားငါးတွေပဲကြိုက်တာ သစ်သီးမကြိုက်ဘူး …"

သရဲမလေး …။

"သရဲမလို့ စိတ်ထဲမှာ ပြောနေပြီလား …"

အစိုး မျက်နှာနီသွားတော့ မယ် က မျက်စောင်းရွယ်ပြီး စိုက်ကြည့်၏။

"ဟုတ်တယ် … အဲလိုပြောနေတာဆိုလည်း ရှင် မှန်တယ် …၊ မယ် တို့ဝမ်းစာကိုယ်ရှာစားခဲ့ရတာ၊ ဒီတောဒီတောင်ထဲမှာ သစ်ခုတ်ခုတ် ဒါမှမဟုတ် သူများအိမ်မှာ နွားကျောင်း ကောက်လှိုင်းပုတ်ပဲ လုပ်စားကြတာ …၊ မယ် က အဲ့ဒါတွေမလုပ်တော့လည်း နေ့စဉ်မှန် စားနေဖို့အတွက် နေ့စဉ်ကြိုက်သလို သတ်စားလို့ရတဲ့ အကောင်ကောင်တွေက မယ် တို့ အတွက် ဝမ်းစာဖြစ်လာတယ် … ဒါပဲ …"

ကြားရတာ နားလည်းမချမ်းသာ စိတ်ချမ်းမြေ့စရာလည်းမရှိ …။ မိန်းကလေးကြည့်တော့ လုတပတာနဲ့ သတ်ဖြတ်စားသောက်နေသည်တဲ့ …။

ဒါကိုပဲပြောပြနေတာ သူမ မျက်နှာက ခက်ခဲနာကျင်ဟန်လည်း



www.burmeseclassic.com

www.burmeseclassic.com



မမြင် …၊

သူ အံ့သြနေသည့်မျက်နှာကို မယ် က လှမ်းကြည့်ပြီး ခေါင်းညိတ်နေသေးသည်။

"ရှင် မယ့် ကို ဂရုစိုက် စောင့်ရှောက်နေဖို့ မလိုဘူးလို့ပြောတာ အဲဒါကြောင့် …"

"မင်း သူများအသက်တွေကို သတ်ရဲနေတာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ်ဘယ်လိုအန္တရာယ်မျိုးမဆို ဂရုစိုက်စရာမလိုတော့ဘူးလို့ ထင်နေတယ်ပေါ့ …"

"ရှင်ပြောသလောက် မဟုတ်ပေမယ့် အဲ့ဒီအတိုင်းပဲ …၊ ဥပမာ … ဒီလိုချောင်းစပ်တောရိုင်းနေရာမှာ သစ်ဥသစ်ဖုသွားရှာဖို့ ကြိုးစားနေတဲ့ ရှင့်ထက် အများကြီးပိုသိနေလို့ …"

အစိုး ကိုယ့်ပတ်ဝန်းကျင်ကို သတိတရ လှည့်ပတ်ကြည့်မိသည်၊ တစ်ဖက်မှာ ချောင်းရိုးကြီးက ရေတွေဖွေးဖွေးလှုပ်နေတာ၊ ဒီဘက်မှာ ချုံပုတ်အကြီးအသေးတွေ … ပြီးတော့ သစ်ပင်ကြီးတွေရှိနေတာက အမိုးပေါ်အရွက်မဖုံးနိုင်သော ထနောင်းကဲ့သို့ အမည်မသိ ပင်မြင့်ကြီးတွေသာ …။

"မယ့် လို ပြေးလွှားနေတဲ့ သတ္တဝါပုပုရွရွတွေ ခုတ်ထစ်သတ်ဖြတ်ပေးပါ့မယ်ဆိုရင်တော့ …"

"ဟော့ … မလုပ်နဲ့ …"

မယ် က သူမ ကိုင်ထားသည့်ဓားကို ပစ်ပေးမလို ရွယ်လိုက်သဖြင့် ပျာပျာသလဲ တားဆီးမိကာ …

"အဲဒါတော့ မဖြစ်ဘူး …"

မြှောက်ထားသည့် ဓားကိုင်လက်ကိုပြန်ချပြီး မယ် က ဟွန်းခနဲရယ်သည်။





"ရှင့်ကို မသတ်နိုင်းပါဘူး … သိစေချင်တာ …"

"ဘာ!…"

"ရှင့်စိတ်က ဦးဆောင်ချင်နေပေမယ့် ရှင် ဘာမှဦးဆောင်နိုင်မှာ ဘူးဆိုတာ …"

အစိုး မျက်နှာတင်းသွားတာကို မယ် က အားမနာတမ်းစိုက်ကြည့်

"အဲဒီတော့ ပြန်ထိုင်နေစမ်းပါ၊ မယ် က ကမ်းစပ်ပြေတဲ့နေရာမှာ မ်းလို့ရတယ် … ဒါပေမယ့် အစိမ်းစားမှပဲရမှာ …"

းဆင်းဖမ်းဦးမယ်ဆိုပါလား …။

ရေထဲဆင်းပြီး ဓားနဲ့ခုတ်မှာလား … လက်နဲ့လိုက်စမ်းမှာလား …။

သူမ မျက်နှာဟန်ပန်အရ ဒါလည်း သူမ တကယ်တတ်နိုင်တယ် သေချာနေသည်။ ဒါပေမယ့် သူမကဲ့သို့ ကျွမ်းကျင်တတ်မြောက် ဘာအရပ်ရပ်တွေ ဆွဲမှာ မရှိတိုင်း သူဟာ ဦးစီးဦးရွက်မပြုနိုင်သူ ဖွဲ့ဝစ်လိုက်တာက လွန်လွန်းသည်။

ှတ်ခမ်းလည်းမပါး လျှာလည်းမပါးဘဲနဲ့ သူမ ဘာဖြစ်လို့ ဒီလောက် ခတည့်စကားတွေပဲ လွယ်လွယ်ပြောထွက်နေရတာလဲ …။

သူများဘက်ကို နည်းနည်းမှ မငဲ့ဘဲ ဘာဖြစ်လို့ ဒီလောက်ထိ ရိုင်း တာလဲ …။

စိတ်ထဲမှာ ခံပြင်းသွားတာတွေ၊ မျိုသိပ်ရခက်တာတွေ ဘယ်လိုပဲ ပါစေ သူသာလျှင် အလျှော့ပေးလိုက်ရကာ …၊

"ဘာတွေ တွေးသွားတာလဲ … ရှင် စိတ်တိုသွားတာလား …၊ ဒါမှ ဘ် ဓာတ်လမ်းတွေထဲမှာလို ကျောက်တုံးနှစ်ခုခတ်ပြီး မီးမွှေးကြည့် သား …"

"အဲဒါတွေလုပ်ဖို့ စိတ်ကူးမိရင်လည်း မင်းကိုပဲ ဆရာတင်မှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ပဲတဟ်တာလေ .."

အံ့သြသွားသလိုကြည့်ပြီးမှ မယ် က ပခုံးတွန့်၍ရယ်သ... တော့ ကျောလေးကော့သွားပြီး မဲ့၏။ ပြီးတော့ ...

"ကျွတ် .. ကျွတ် .."

"ဒဏ်ရာနာရင်တော့ ညည်းတတ်သေးတာပဲ .."

"ဘာ !..."

"မင်းက နေရာတကာ အရှမ်းလွန်နေတော့ ဒဏ်ရာနာတာ... ကိုလည်း ဂရုမစိုက်ဘူးမှတ်လို့ပါ .."

"ရှင် မငေါ့ပါနဲ့ .. မယ် က အရှမ်းတော်နေတယ်ဆို... အရှမ်းညံ့လို့ .."

"ဘာကွ !..."

"ဟုတ်တယ် .. မယ့် ကို တော်လိုက်တာလို့ ဘယ်သူမှ မ... ဖူးဘူး .. ကိုယ့်ကိုယ်ကိုယ် ဒီမလောက်တော်နေမှန်းလည်း မ... ရှင်နဲ့တွေ့မှာပဲ .."

"ချီးမွမ်းတာ ကျေးဇူးပါပဲ .."

အစိုး က သူမအားကို ပြန်လှောက်လာကာ ...

"ဒါဆို .. ငါ ဒီမှာတိုင်လို့ရပြီလား .."

"ရှင်က ထိုင်နေလို့ကောင်းအောင် ဟန်ရေးပြနေတာလား... ပါဘူး မိန်းကလေးတစ်ယောက်ကို ငုံ့ညှာချင်စေနဲ့ ဘာမှမသိဘ... လှမ်းပြင်နေတယ်မှတ်တာ .."

"မယ့် .."

သူ စိတ်ထိန်းမရဖြစ်လာကာ မယ့် အားမှာ မှဆိုးဒူးထောက်... လိုက်ကာ လက်မောင်းလေးတစ်ဖက်ကို ဆောင့်ကိုင်ပစ်လိုက်...

"ဘာလုပ်တာလဲ .. ဖယ်နော် .."





...ယ် က သူမ အားကိုင်ထားသည့်လက်ကို အကိုင်ခံလိုက်ရသဖြင့် ...တစ်ဖက်ကနေ အားကိုပြောင်းယူလိုက်သည်။

...သူမ လက်ထဲကို အားရောက်သွားတာမြင်သည်နှင့် အစိုး က ထိုလက် ...ဆုပ်ကာ အားစိုက်ပြီး ဖျစ်ပစ်လိုက်၏။

"အား !..."

...အားက ဖုတ်ခနဲလွတ်ကျသွား၏။ သို့သော် မယ် က လက်နက် ...မယ့် ဒေါသတကြီးပုတ်ခတ်ဖို့ကြိုးစားလျှင် ...

"မင်းနော် .. ဟော့ .."

"အ .."

...ရှန်းရင်းဆန့်ခတ်ဖြစ်ကာ နှစ်ယောက်စလုံး မြေပြင်ပေါ် လဲကျသွား ...။ သို့သော် အစိုး က အောက်မှာဖြစ်ကာ မယ် က သူ့ရင်ဘတ်ပေါ် ...ကလျက်လေး ...၊

"ရှင် .. ရှင် .. လွှတ်နော် .."

"မင်းအခု ရုန်းလို့ရလား .."

"ရှင် မယုတ်မာနဲ့ .. လွှတ် .."

"မင်းကို ယုတ်မာချင်လို့မဟုတ်ဘူး .. သိစေချင်တာ၊ ဒီထက် ...သွားအောင် ငါ့ရင်ဘက်ပေါ်ကနေ ရင်ခွင်အောက် ထည့်လိုက်လို့ ...ရသေးတယ် .. မင်း ကျောက ဒဏ်ရာကြောင့် .."

...နီးကပ်လွန်းသည့် အထိအတွေ့များကြောင့် မယ့် မျက်နှာလေး ...နေကာ နှုတ်ခမ်းသားလေးတွေပါ တုန်ယင်နေတာ သတိလစ် ...ဘာမတတ်ပင် ...။

ထိုမျက်နှာလေးကိုကြည့်၍ သူ သနားသွားမိ၏။

"ဆောရီး .."

ဘာ ဆောရီးလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



အသားတုန်မတတ် ထွက်နေခဲ့သည့်ဒေါသက သူ့လက်က
လိုက်တာနဲ့ ပါးကိုဘယ်ပြန်ညာပြန် ရိုက်ချလိုက်ဖို့ ဆုံးဖြတ်ထား
သော်လည်း ...၊

"ဟာ!..."

လူရိပ်တစ်ရိပ်နှင့်အတူ အကြီးအကျယ်တုန်လှုပ်သွားသော
သံကြီးက နှစ်ယောက်စလုံးကို ပုဟ်ခတ်ခြောက်လှန့်လိုက်သည်

"ဟာ .. ကြည့်စမ်း .. နင် .. နင် ရိုးမယ်ဖွဲ့ .."

"ဦးကြီးအေးမောင် .."

မယ် ကမန်းကတန်း ထရပ်လိုက်သည်။ သို့သော် ဒဏ်ရာ
ယိုင်ခနဲဖြစ်သွားသဖြင့် အစိုး ကပဲ နောက်ကနေ ထိန်းကိုင်ပေ
ရကာ ...၊

"နင်တို့က .."

"ဦးကြီးအေးမောင် ဘာတွေပြောနေတာလဲ .."

"မဟုတ်ဘူးလေ .. ငါတို့က .. အဲ .. နင်တို့က .. အာ ..
သေးပါဘူး၊ ငါတို့နင့်ကို လိုက်ရှာနေတုန်းကတော့ .."

"အဲဒါက မယ် .."

"နင်က ချစ်သူနဲ့ ခိုးရာလိုက်သွားတာလား .."

"မဟုတ်ဘူး .. မဟုတ်ပါဘူး .."

"ဒီလိုပါ ဦးရယ် .. သူနဲ့ ကျွန်တော်က ချောင်းရေတွေကျ

"နေ .. နေ .. ငါ သိပြီ .."

ဦးအေးမောင် ဆိုသည့် လူကြီးက ဘာကိုသိသွားမှန်းမသိ ..
ပေါင်းထားသည့် ပုဆိုးကွင်းကို လက်တင်ဖက်လျှိုပြီး ပခုံးမှာ
သိုင်းချိတ်လိုက်ကာ ...

"လာကြ .. မိုးမရွာခင် ချောင်းကူးရအောင်၊ ငါ့လှေ ဟိုးဘ





ားခဲ့တယ် .."

"ဦးကြီးအေးမောင် မယ် တို့က ဦးကြီးအေးမောင် ထင်သလို .."

"မြန်မြန်လာဟ .. မိုးညို့လာပြန်ပြီ .."

ဦးအေးမောင်ကြီး က ပြောရင်း အပြေးတစ်ပိုင်း လျှောက်နေ၏။
တော့ သူ့နောက် မြန်မြန်မလိုက်နိုင်သလို အစိုး ကိုလည်း
ရှိနေသဖြင့် ...

"ရှင် ဒီကိစ္စကို ဘာမှဝင်မပြောနဲ့ .. စကားတွေက ဟိုမရောက်
က်နဲ့ ရှုပ်ကုန်တာပဲရှိမယ် .."

"ခင်း တစ်ယောက်တည်း ပြောပြနေတော့ ယုံမှာမို့လို့လား .."

"အဲဒါ ရှင့်ကြောင့် .."

မယ် က ခြေလှမ်းရပ်ကာ လူကို နပမ်းဖက်လုံးတော့မလို လက်သီး
ခံကြိတ်သည်။ ပြီးမှ ဦးအေးမောင် ပြန်လှည့်ကြည့်လာတာမြင်မှ
သယ်၍ ...

"ရှင် သွားမယ့် ကြခတ်ရွာက ဟိုဘက်ကို ဆက်သွားရုံပဲ ...၊ မယ်
မှာ လှေကပ်ရင် ကိုယ့်ခရီးကိုယ်ဆက်သွား .."

သူမကပဲ ကြိမ်းမောင်းစီရင်နေတာ မပြီးနိုင် ...။
အားလုံးက ကိုယ့်ဒုက္ခနဲ့ကိုယ်ပါ၊ ဘယ်သူကရော လိုက်ချင်လွန်း
...

လှေပေါ်မှာ ထိုင်မိကြတော့ သူမက ဦးအေးမောင် ရဲ့ဘေးမှာဖြစ်
အစိုး က ပဲ့ပိုင်းမှာ ...။

"နှင့်ကိုသေပြီပဲ ထင်နေကြတာ .."

လှေလှော်ရင်းပြောကာ ပြောရင်းနဲ့ လှည့်ကြည့်ပြီး တစ်ကွဲတစ်
ထိုင်နေကြသည့်နှစ်ယောက်ကို အံ့ဩသလို နှစ်ခါပြန်ကြည့်၏။
အဲဒီလိုထင်နေတာမှန်းသိလေ မယ့် မျက်နှာလေး သုန်မှုန်လေ...။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးအေးမောင် .. သူက ကြခတ်ရွာကိုသွားမှာ .. ကမ်းက
သူ့ကို ဆက်ပို့ပေးလိုက်ပါ .."

"ဟမ်!.."

ဦးအေးမောင် က လှည့်ကြည့်ပြန်၏။

"သူက ကြခတ်ရွာကလား .."

"ကျွန်တော်က .."

"အေးလေ .. ကြခတ်က ရွာကြီးပဲ ငါတို့မသိတဲ့လူတွေ ရှိမှာပေ

ဒီလူတွေ ကိုယ်ထင်သလိုတွေး၊ ထင်သလိုပြောကြတာ ဘယ်
အကျင့်စရိုက်တွေလဲ ...။

ဘာစကားမှဆိုးအောင် ပြောခွင့်မရသည့်အဖြစ်ကို စိတ်ညစ်
စွာတွေးဖြစ်ရင်း အစိုး မျက်နှာရှုံ့မဲ့နေ၏။

ထို့အတူ ဒီပြဿနာကို မယ် ဘယ်လိုရှင်းမလဲဆိုတာတွေးမိ
ပိုပြီးရင်လေးသွားခဲ့သည်။

တွေးလိုက်တော့ .. သူ့ဘက်က ဘယ်လိုစေတနာတွေထားပြီး
နေပါစေ ...၊

သူမကတော့ ဒါတွေပြောရင် ဒေါတွေပါနေဦးမှာမို့ ...။





အခန်း (၇)

ခင်း .. ဓာတာအရုံဆိုရင်တော့ .. အဲ .. ရာသီတြင်းနေ့ဝင်းမှာ..
ဆော်တော်ကောင်းတဲ့ ဓာတ်ာရှင်ပဲကွယ် .."

ဟုတ်လား .."

ခင်မြင့်ဝင်း က ဝမ်းသာအားရလေးဆိုရင်း ကျုံ့ကျုံ့လေးထိုင်ရင်း
ရှေ့ကို အားမလိုအားမရ ထပ်ကိုး၏။ ကိုယ့်ဓာတာကို ကြည့်
ဆင်ဆရာကြီးကိုင်ထားသည့် ခင်မြင့်ဝင်း ရဲ့ ဓာတာကို လှမ်း
ကြည့်နှင့် ညီမဖြစ်သည့် ခင်မေဝင်း က မျက်နှာလေးငယ်နေသည်။
သူ့ရဲ့ဓာတာကံအကျိုးဆေးက အစ်မဖြစ်သူ ခင်မြင့်ဝင်း လို ကောင်း
လှမ်းတွေးပူနေ၏။ ဘေးမှာရှိနေသော သူငယ်ချင်း အေးတင်
တို့၌ မျက်နှာနားကပ်ကာ ...

"ခင်တို့က ညီအစ်မတွေပါဟာ .. ရေစက်ဆုံလို့ ညီအစ်မ လာဖြစ်
ကံအကျိုးပေးတွေလည်း တူလို့ပေါ့ .."

"ဟုတ်ပါ့မလား အေးတင် ရယ် .. မြင့် ရဲ့ ဓာတာကို ကိုင်ပြီး
သွန်းလို့ ဆရာကြီး အားပါးတရဖြစ်နေတာကြည့်ပါဦး၊ တော်
ကောင်းနေတာတွေ့လို့နေမှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟောပေးပါဦး ဆရာရယ် .. ကျွန်မ သမီးတွေကို အပျိုကြီး
တော့ မလုပ်စေချင်ပါဘူး၊ သူတို့မှာလည်း ရတာမလုံ လိုတာမရ
ခုချိန်ထိ အိမ်ထောင်ဘက်မပြောနဲ့ ရည်းစားသနာလေးတောင်မရှိ
အိမ်ထောင်ရေးလေးပဲ အဓိကဟောပေးပါ .."

ဒေါ်ကြီးစိန် ကတော့ သမီးနှစ်ယောက်စလုံးကို အကောင်းဆုံး
စေချင်နေကာ ဗေဒင်ဆရာဟောနေတာကို အတင်းပဲလမ်းကြောင်း
နေတော့သည်။

"မိန်းကလေးရဲ့ဇာတာက အိမ်ထောင်ရေးမှာကို အထူးကောင်
တာ အံ့မခန်းပဲဗျာ ..၊ ကျုပ် အံ့ဩတာက ဒီလို ဇာတာရှင်မျိုးက တိုက်
စည်းစိမ်နဲ့ ခြွေရံသင်းပင်းတွေနဲ့ နေရမယ့် မိဖုရားဇာတာမျိုး .."

"ဟင်!.."

"တောနဲ့မတန် ထီးနန်းဟန်ပေါက်နေတာမျိုးပေါ့ .."

ဒေါ်ကြီးစိန် ကိုယ်တိုင်အံ့ဩကာ ကိုယ့်သမီးတွေကို မခြင်ဘူး
ပြန်ကြည့်၏။ အသားလတ်လတ်မှာ ကိုယ်လုံးကိုယ်ထည်က လုံး
ပေါက်လှဆိုတော့ တောမှာဆို ကိုယ်လုံးလှသည့်မိန်းကလေးပါပဲ

သမီးငယ် ခင်မေဝင်း လည်း ထိုနည်းနှင်နှင်သာ ..။

ကိုယ့်သားသမီးတွေကိုတော့ ဘယ်မိဘမဆို အလှဆုံးလို့ထင်
မှာပဲပေမယ့် ရွှက်ကြမ်းရေကျိုလောက်ပါပဲဆိုတာလည်း ဒေါ်ကြီး
နားလည်နေသည်။

ဒီဆရာကြီး မြှောက်ပင့်ဟောနေတာ နည်းနည်းများသွားတာ
မည်။

"အဟွန်း .. ဆရာကတော့ လုပ်ပြီ .. အဲ့လောက်ဟုတ်ပါ့မလား

"သိပ်ဟုတ်တာပေါ့ .. ဒီဇာတာရှင်နဲ့ထိုက်တန်မယ့် သတို့
တောင်မှ ဟောဒီဒေသမျိုးမှာ မရှိနိုင်ဘူး၊ အိမ်ထောင်ရေးဂြိုဟ်မှာ
ကသစ်တွေ နှစ်ပွင့်သုံးပွင့်စီပူးနေတာဗျာ .. ပြီးတော့ ဂြိုဟ်ပြင်ထွေ





သည်း အားကောင်းတယ်၊ နဝင်းထိ မပြောင်းလဲတဲ့ ရာသီခွင်က အိုဇာတာ
ဘယ်လိုကောင်းသလဲဆိုတာပါပြနေတာ ..၊ ဘုရားအမ ကျောင်းအမ
ဖြစ်ဦးမယ် .. အလှူကြီးအတန်းကြီးပေးပြီး ဘာသာရေးတွေလုပ်ရင်း
သက်တမ်းစေ့ နေထိုင်သွားနိုင်မယ့်ဇာတာ .."

ဒေါ်ကြီးစိန် တို့ အမြှောက်ကြိုက်တယ်ဆိုပေမယ့် ဒီလောက်ကျ
တော့လည်း ရယ်နေရင်း မျက်နှာပူလာခဲ့သည်။ အနားမှာ ဗေဒင်မေးမလို့
စောင့်နေကြသည့် အိမ်နီးချင်းတွေကလည်း လေးငါးယောက်လောက်
ရှိသေးရာ ..၊

"အဟွန်း .. အဲလောက်ကောင်းတယ်ဆိုရင် တော်ပါပြီရှင် .. အငယ်မ
ကိုပဲ .."

"နေပါဦးဗျ .."

ဒေါ်ကြီးစိန် အငယ်မ ခင်မေဝင်း ရဲ့ ဇာတာကိုလှမ်းယူကာ ဗေဒင်
ဆရာ့လက်ထဲက ခင်မြင့်ဝင်း ရဲ့ ဇာတာနဲ့လဲမလို့ပေမယ့် ဗေဒင်ဆရာက
လက်ကာ၍ ...

"အခု .. လောလောဆယ်မှာတော့ အခိုက်ရှိနေနိုင်တယ် .."

"ဟင် .. အခိုက်ရှိတယ် .."

"ဟုတ်တယ် .. အဲ့ဒါကိုတော့ အင်္ဂဝိဇ္ဇာနည်းနဲ့ တွက်ကြည့်မှသိ
မှာ ..၊ အရမ်းကောင်းတာလာတော့မယ်ဆိုရင် ဆိုးဆိုးရွားရွားတွေ ဖြစ်
တတ်ကြတယ်မို့လား ..၊ ကျုပ်တို့ ဘုရားရှင်တော်မှ တရားထူးကိုရဖို့
ရှုပလ္လင်တော်အောင်ဖို့အတွက် ဒုက္ခအခက်အခဲအမျိုးမျိုးကို ကျော်လွှား
ခဲ့ရတာ၊ အကောင်းဆုံးကို အလွယ်တကူ ပြောင်းလဲရရှိသွားတဲ့လူ မရှိ
ဘူး .."

"ဒါဆိုရင်လည်း ကြည့်ပေးပါဦး ဆရာရယ် .."

"အင်း .. နာမည်က .."

"ခင်မြင့်ဝင်း ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘယ်သူ .."

ဗေဒင်ဆရာက စာတာမှာပါသည့်နာမည်ကို မျက်မှန်ကြီးပင့်ပြီး ဖတ်နေတုန်း ဖျတ်ခနဲမော့ကြည့်ပြီး တအံ့တဩ ..၊

"တူမကြီး ပြောလိုက်တာ ဘယ်သူ .."

"ကျွန်မက ခင်မြင့်ဝင်း ပါ .."

"ဟာ .. ဒါဆို ဒီမှာက တစ်မျိုးပါလား .. နာမည်ပြောင်းလိုက်တာလား .."

"မပြောင်းပါဘူး ဆရာရယ် .. ကျွန်မသမီးတွေမှာ ဒီနာမည်ပဲရှိတာပါ .."

"ကျွဲမ .. ကျွဲမ လို့ ရေးထားလို့လားဟင် ..၊ အမေ အမေတို့သမီးကို ငယ်ငယ်က ကျွဲမ လို့ ခေါ်တာလေ .. စာတာကို အဲဒီနာမည်နဲ့ရေးထားတာလား .."

သားအမိချင်း မေးခွန်းတွေ ပြူးပြဲထမေးကုန်ကာ ဗေဒင်ဆရာက ဟိုမျက်နှာကြည့် ဒီမျက်နှာကြည့် ..။

"ပေါက်ပေါက်ရှာရှာ မိမြင့် ရယ် .. စာတာရက်ချုပ်က ညည်း တစ်လသမီးလောက်တည်းက ဒီရွာကျောင်းက ပြောင်းသွားတဲ့ ဆရာတော် ဦးဝိလာသ ရေးပေးခဲ့တာ၊ ကျွဲမ လို့ခေါ်တာက ညည်းကြီးလာမှ မည်းမည်းတိုတိုလေးမို့ နောက်ပြောင်ခေါ်ကြတာလေ .. ဘာတွေလျှောက်မေးနေတာလဲ .."

"နေကြပါဦးဟယ် .. ညည်းတို့သားအမိ ငြင်းခုံနေတာနဲ့ ဆရာက ဘာဆက်ပြောရမှန်းမသိဘူး ဖြစ်နေပြီ .."

နောက်ပိုင်းမှာထိုင်နေသည့် ဒေါ်ရွှေမိ က စိတ်မရှည်သလိုဝင်ပြောလာကာ ..၊

"ဆရာ .. ဆရာ့လက်ထဲကစာတာမှာ နာမည်က ဘာတဲ့တုန်း ပြောပြပါဦး .."

"ဒီမှာ စာတာရှင်က ရိုးမယ်ဖွဲ့ တဲ့ .."





"ဘာ!..."

"ဘာ .. ရိုးမယ်ဖွဲ့ .."

"တောက်!..."

တအံ့တဩရေရွတ်သံတွေကြားမှာ ဒေါ်ကြီးစိန် နဲ့ ခင်မြင့်ဝင်း ၏ ဒေါသတွေက ရှူးရှောက်ထွက်ပေါ်နေကာ ..၊

"အဲဒီကောင်မရဲ့ စာတာက ဘာဖြစ်လို့ ကျန်နေခဲ့တာတုန်း .."

"မမြင့် .. နင်ကလည်း ယူလာတည်းက သူ့ဟာမှန်းကိုယ့်ဟာမှန်း သိဘူးလား .."

ခင်မေဝင်း ကလည်း ဒေါသတွေထွက်နေကာ ...

"အဲဒီစုန်းမက ကျက်သရေမရှိတဲ့ စာတာကိုထားခဲ့တာကိုး .. ဒါကြောင့် သင်းဆင်းသွားတာတောင် အိမ်မှာဖွတ်တက်မြဲတက်နေတာ.."

"ပေးပါ ဆရာရယ် .. ဟောလည်းဟောမနေပါနဲ့တော့ စိတ်ရှုပ် ...ိုက်တာ .."

"ဉာဏ်ပူဇော်ခလည်း ပေးမနေနဲ့ အမေ .. သမီးတို့အကြောင်း ...ာတာလည်းမဟုတ်ဘဲနဲ့၊ ဟွန်း .. အလကား သမီးတို့ဟာမှတ်ပြီး ...ယားဟောနေတာ .. မြှောက်လုံးတွေချည်းပဲ .."

"ဟော့ မိန်းကလေး ညည်း ကျုပ်ပညာကို မစော်ကားပါနဲ့ .."

အိမ်ပေါ်မှာ ဝရုန်းသုန်းကားဖြစ်ဖို့အရေးရှိလာကာ အိမ်နီးနားချင်း ...ဝါ ဝိုင်းဆွဲရတော့သည်။ ဗေဒင်ဆရာ ပုဆိုးစတစ်ဖက် 'မ' ပြီး ခြေ ...မ်းကျဲကျဲနှင့် ထွက်သွား၏။

"ဟွန်း .. ဒါလား သီလ သမာဓိရှိတဲ့ဆရာ .. ပုံစံကိုက .."

ခင်ပြင့်ဝင်း အိမ်ပေါ်ကနေ ဆရာ ထွက်သွားတဲ့အတိုင်း လိုက်ကြည့် ...ီး မျက်စောင်းခဲနေမိစဉ် တံခါးဝကို ရောက်လာတာက ယောကျ်ား ...စ်ယောက် ..။

ကြံ့ခိုင်တောင့်တင်း၍ မြို့သားမှန်းသိလောက်အောင် မဟာဆန်သော



www.burmeseclassic.com

www.burmeseclassic.com



ပြေပြစ်ခြင်းဖြင့် ..၊

"ဟို .. ဟိုမှာ .."

ခင်မြင့်ဝင်း မျက်လုံးအဝိုင်းသားနှင့် လက်ညှိုးထိုးနေရင်း ရှေ့ဆက်မပြောနိုင် ..။

"ဟဲ့ .. အဲ့ဒါဘယ်သူတုန်း .."

အားလုံး၏အကြည့်တွေ ထိုယောကျ်ားထံ စုပြုံရောက်ရှိသွားကြကာ ...

"ဧည့်သည်လား .."

ဒေါ်ကြီးစိန် က အိမ်ရှင်မို့ အားလုံးရှေ့ကနေထွက်သွားပြီး ..၊

"ဘာကိစ္စရှိလို့လဲကွယ် .."

"ဟုတ်ကဲ့ခင်ဗျာ .. ဒါက ဦးမောင်ရိုး တို့အိမ်လားမသိဘူး .."

"ဟုတ်ပါတယ် .. ဟုတ်ပါတယ် ငါ့တူက .."

"ကျွန်တော်က ဦးစိုးရာ ရဲ့ သားပါ .."

"ဦးစိုးရာ .. စိုးရာ .."

ဒေါ်ကြီးစိန် တစ်ယောက်တည်း သံယောင်လိုက်ရွတ်နေရင်း ..

"သြော် .. သိပြီ စိုးရာ၊ တို့ရွာသားပဲ .. သူ မြို့တက်သွားပြီးတည်းကပျောက်သွားတာ .. ဟုတ်တယ် ..၊ လာပါကွယ် .. အိမ်ပေါ်ကိုတက်ပါဦး မင်းကို ဒီအိမ်ထိ ဆိုက်ဆိုက်မြိုက်မြိုက် ဘယ်သူညွှန်လိုက်တာလဲ .."

"ရွာအဝင်တည်းက မေးမြန်းလာဘာပါ .."

တောသဘာဝအတိုင်း မြို့ကဧည့်သည်ဆိုတည်းက ပတ်ဝန်းကျင်ကလူတွေ တဖွဲဖွဲရောက်လာကြကာ အပြင်ကနေလာကြည့်၊ ပြတင်းပေါက်ကလာကြည့်နှင့် တချို့က အိမ်ထဲထိ ခပ်တည်တည်ဝင်လာပြီး အနားမှာ ပြောင်ပြောင်ထိုင်ကြည့်၏။

"ဟဲ့ .. ခုနကပဲ ဗေဒင်ဟောသွားတာနော် .. နင့်အစ်မတော့ မြို့ကသူဌေးသားနဲ့ ဖူးစာပါပြီထင်တယ် .."





"ဟာ .. မဖြစ်နိုင်တာ ဗေဒါက မမြင့် ဗေဒါမှ မဟုတ်တာ.."

"အောင်မယ်လေး .. ညီအစ်မချင်း မနာလိုဖြစ်မနေစမ်းပါနဲ့ မေမယ် .. ဘယ်သူ့ဗေဒါပဲကိုင်ထားထား မိမြင့် ကမေးနေတဲ့သူပဲ မိမြင့်ကို ဟောတယ်ပဲ ထားလိုက် .."

"ဟုတ်သားပဲ မေ .. နင့်အစ်မ မြို့သားနဲ့ညားသွားပြီဆိုတည်းက နင်လည်း မကြာခင် ဟီဟိ .."

ဧည့်သည်ကို ကွယ်ရာက ချောင်းကြည့်နေကြရင်း မိန်းကလေးဆွက တွတ်ထိုးနေကြ၏။

ပြင်ပြတင်းပေါက်ကနေ မိုးတို့မတ်တပ်ရပ်ကြည့်နေကြသည့် လူကြီးပိုင်းအမျိုးသမီးကြီးတွေကျတော့ တစ်မျိုး ..၊

"ခုန ဖတ်သွားတာ ရိုးမယ်ဖွဲ့ ရဲ့ ဗေဒါဆို .."

"ဟုတ်ပ .. ဒါပေမယ့် မယ် တို့က ရှိမှမရှိတော့တာ .."

"အေးနော် .. မြို့ကသူဌေးသားရောက်လာတယ်ဆိုတာ ဘယ်နည်းနဲ့မဆို စုတ်ရောလာဘ်ရောပွင့်ဖို့ပဲ ဖြစ်ရမယ် ..၊ ကြည့်ပါဦး မကြီးစိန်ကို ရယ်နေလိုက်တာ ပါးစပ်ကြီး နားရွက်တက်ချိတ်တော့မလားမှတ်ရတယ် .."

"အဟွန်း .. ဟွန်း .. လူလေးက ကိုစိုးရာ ရဲ့ သားကို၊ ရွှေရိုး အဲ မောင်ရိုး က ကျုပ်ရဲ့ မောင်ဝမ်းကွဲလေ .. အစတုန်းက ဟောဒီခြံကြီးထဲမှာ ဆွေမျိုးတွေအများကြီး စုဝေးနေကြတာပေါ့ .."

ဒေါ်ကြီးစိန် က ခြံဝင်းကျယ်ကြီးကို လက်ညှိုးထိုးပြီး ဝိုက်ပြကာ အားပါးတရရှင်းပြနေသည်။ ခင်မြင့်ဝင်း က ပေါင်လယ်လောက်ထိရှည်သည့် ဆံပင်ရှည်ကြီးကို ရင်ဘတ်တစ်ခြမ်းပေါ် ဆွဲသိမ်းတင်လိုက်ကာ ဧည့်သည်အတွက် ခရေနွေးကြမ်းနဲ့ လက်ဖက်ရည်ဗန်းကလေး တရိုတသေ လာချပေး၏။

"သူက .. ကျုပ်သမီးအကြီးဆုံး ခင်မြင့်ဝင်း တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ကျွန်တော့်နာမည်က အစိုးယူ ပါ .."

"အစိုးယူ ဟုတ်လား .. ဘယ်လို အစိုးရတာလဲ .."

"ယပလက် ယပင့်နဲ့ပါ .. ဒါပေမယ့် ရကောက်နဲ့ဖြစ်ဖြစ် ယလက်နဲ့ဖြစ်ဖြစ် ခေါ်တော့ အစိုးရ ပါပဲ ..၊ တချို့သူငယ်ချင်းတွေကဆို သမ္မတလို့တောင် နောက်ပြောင်ခေါ်နေကြတာ .."

"ဟုတ်လား .."

အစိုး က ရယ်ရင်းနဲ့ မျက်လွှာပင့်ကြည့်လိုက်တော့ ခင်မြင့်ဝင်းနဲ့ မျက်လုံးချင်းဆုံသွား၏။ သမီးမျက်နှာပေါ်က ရှက်ပြုံးလေးကို အတဲခတ်လိုက်မိစဉ် နောက်က ခင်မေဝင်း ရဲ့ မျက်နှာလေး ရှေ့တိုးလာတာ မြင်လိုက်သဖြင့် ...

"သြော် .. ဟိုမှာ သမီးအငယ်မ ရှိသေးတယ် .. ဆံပင်ရှည်လေးနဲ့ပဲလေ သူက ခင်မေဝင်း တဲ့ .."

"ဟုတ်ကဲ့ မှတ်ထားပါ့မယ် .."

ခရီးကပမ်း ဒုက္ခတွေပွေလီလာခဲ့ရတာမို့ သိလိုသည့်လိုရင်းကိုပဲ တည့်တည့်မေးချင်လှပါပြီ။ ပြီးတော့ ခြောက်သွေ့သော အိပ်ရာခင်းတစ်ခုပေါ်မှာ စိတ်ချလက်ချလှဲပြီး အနားယူချင်မိ၏။

ဂျာကင်ဝတ်ထားသည့် အတွင်းခံအင်္ကျီပါမကျန် တစ်ကိုယ်လုံးမှာ ထိရှ ရိုက်ပုတ်ခံထားရသော ဒဏ်ရာတွေ ဘယ်လောက်အပြင်းအထန်နှိပ်စက်နေကြတာ ဘယ်သူမှမသိ ။

"မင်းကိုကြည့်ရတာ တော်တော် ခရီးပမ်းလာတဲ့ပုံပဲ .."

"ဟုတ်ပါတယ် .. ကျွန်တော်သိချင်တာက .."

"မင်း အဲဒါမကောင်းဘူးဟာ .. မနေ့တစ်နေ့ကထိ အထက်ပိုင်းမှာ မိုးတွေကြီးပြီး ချောင်းရေတွေကျလိုက်တာ ခုထိကောင်းကောင်းမကျသေးဘူး ..၊ ခါတိုင်းဆို ချောင်းညာမှာပဲ မိုးကြီးပြီး ရေကျတာလေ .. အခု ဒေသတစ်ခုလုံး မိုးကြီးတာ ဘာပြောကောင်းမလဲ .. နေရောင်ကို





မြင်ရတာ လေးငါးခြောက်ရက် .."

"ဟုတ်ပါတယ် .. သိခဲ့ပါတယ်၊ ကျွန်တော်ကိုယ်တိုင် လက်တွေ့ ဆုံလှမျှောပါးပါ ..' လို့ ကွင်ကွင်အော်ပြီး အဲဒါတွေတော်ပါတော့လို့ ပြောပစ်ချင်လှ၏။ သို့သော် ..၊

"ဟိုလေ .. ဖေဖေက အန်ကယ် .. အဲ .. ဦးလေးဦးမောင်ရိုး ကို.."

"ရွှေရိုး က မရှိတော့ဘူး .."

"ဗျာ!..."

"သူသေတာ ကြာလှပေါ့ .."

"ကျွန်တော်က .."

"မင်းမသိလို့ပါကွယ် .. ငါရယ် ရွှေရိုး ရယ် စိုးရာ ရယ်က ရွှေရိုးကတော့ ငါ့မောင်ပေါ့ ..၊ စိုးရာ နဲ့ငါက အသက်လည်းမတိမ်းမယိမ်း ရယ် .. ငါတို့တွေ သူငယ်ချင်းတွေပေါ့ .."

"ဟုတ်ကဲ့ပါ .. ဖေဖေက အန်ကယ် ဦးမောင်ရိုး ကိုပဲ .."

"စိုးရာ နဲ့ ငါနဲ့ကမှ ပိုတောင်ရင်းနှီးသေးတယ်၊ သူ့ကိုဒီရွာမှာ တုန်းက ဖိုးနီ လို့ခေါ်ကြတာဟဲ့ .. သူက အသားဖြူလွန်းလို့ ပါးတွေတောင် နီနေတာ၊ ဖိုးနီ လို့ ငါက စခေါ်ခဲ့တာပဲ ..၊ သူ့ကိုလည်း ဖိုးနီလို့ပဲလူတိုင်း ခေါ်ကြတော့တာလေ .. ဒါကြောင့် စိုးရာ ဆိုတာကို ရုတ်တရက်မမှတ်မိဖြစ်သွားတာ .."

ပြောနေရင်း အားပါးတရ ရယ်နေလေသည်။ ပြီးတော့ ...

"ဟဲ့ .. အငယ်မ ဘာလုပ်နေတာလဲ .. ဧည့်သည်အတွက် အိပ်ရာသွားပြင်ထားလေ၊ တစ်ခါမှ မသုံးရသေးတဲ့ အိပ်ခင်းခေါင်းအုံးတွေနဲ့ ပြင်နော် .."

"အဲဒါတွေကရပါတယ် အန်ကယ် .. ကျွန်တော်က .."

"အငယ်မ မအေပြောတာကြားလား .. ပြီးရင် ညည်းတို့သိမ်းထားတဲ့ ပေါင်ဒါလေးလည်း ဖြူးထားလိုက်ဦး ..၊ သြော် .. အဲဒါတွေက



www.burmeseclassic.com

www.burmeseclassic.com



ဈေးကြီးပါတယ် .. အဲ .. မဟုတ်ဘူးနော် လူလေး .. အနံ့ပြင်းတော့ မင်း မကြိုက်မှာစိုးလို့ပါ .."

"ရပါတယ် .."

"ရပါတယ်မလုပ်ပါနဲ့ကွယ် .. ဟဲ့ .. မိမေ ဟိုမီးနေသည်ကိုပေးဖို့ ထားတဲ့ ပေါင်ဒါရှိတယ် .. အဲဒါများများသုံးလို့ရတယ်၊ အဲ့ဒါတွေ ဖြူး လိုက် မွှေးသွားအောင် .."

"မကြီးစိန် ရယ် .. ဝိုင်အုံလတ်တွေကို နင်ကလည်း .."

"အို .. ဘာဖြစ်လဲ ဒေါ်အေးတင် ရယ် .. မွှေးနေတာပဲဥစ္စာ ရောဂါ တောင်ကင်းသေး .."

သေလိုက်စမ်း အစိုးယျ ..။

ဘာမှပြောဖို့ မကြိုးစားနဲ့ ဘာမှလည်း စောဒကမတက်နဲ့တော့၊ လဲသေလိုက်ဖို့စဉ်းစား ..။

"ဒေါ်ကြီးစိန် က ကိုယ့်အသံနဲ့ကိုယ် လှိုင်ဘောလည်နေတယ်ဗျာ.. ခြည့်သည်ကို သေချာမေးပါဦး၊ ဘကြီးရိုး ကို တွေ့ချင်တာက ဘာလဲ ဆိုတာ .."

အပြင်ဘက်ကနေ ကယ်တင်ရှင်တစ်ဦး ပေါ်ပေါက်လာခဲ့သဖြင့် အသံနောက် လိုက်ကြည့်မိကာ အစိုး ကျေးဇူးတင်သွားမိသည်။

"ဟုတ်ပ .. အဲဒီ ကြီးစိန်မ က လိုရင်းကိုမမေးဘူး .."

ဒေါ်ကြီးစိန် က ဒါကိုတမင်ကွေ့ရှောင်နေတာပေမယ့် တစ်ယောက် တစ်ခွန်း စကားသံတွေကြောင့် မနေသာတော့ဘဲ ...

"ဟုတ်သားပဲ .. ပြောပါဦး အစိုးယျ .. မင်းအဖေက ဘာမှာလိုက် လို့လဲ .."

ပြောခွင့်သာခဲ့ပြီ အမိုး ..၊ ကံကောင်းခြင်းတွေ စလာပြီ ..။

ကိုယ့်ခေါင်းကိုယ် ထုရိုက်ပစ်ချင်စိတ်တွေ ဖြစ်လာပေမယ့် မျက်နှာ ကို ပြုံးထားရရင်းဖြင့် ...





"လာတုန်းကတော့ ဖေဖေ ပေးလိုက်တာတွေရယ်၊ မှာလိုက်တာ ... ပြောဖို့လာဖို့ပါ .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာတွေဖြစ်ကုန်လို့လဲ .."

ဒေါ်ကြီးစိန် စကားကို ဖြတ်မေးကာ လက်ချည်းလာတာမြင်လျက် ...နှင့် အစိုး ရဲ့ ဘေးဘီရှေ့နောက်ကို မျက်လုံးပြူတ်ထွက်မတတ် ...ရှာဖွေရင်း ...

"ဘာတွေပေးလိုက်တာလဲ .. ဘာမှလည်းမပါပါလား .."

"ဟုတ်ပါတယ် စက်လှေငှားပြီး ထွက်လာတုန်းက လှေက ချောင်း ရေလျှံတာနဲ့တိုးပြီး မှောက်သွားတယ် .."

"ဘုရားရေ .."

"ယော့တော် .. မိုးကြီးတာနဲ့ တိုးခဲ့တာကိုး .."

တစ်ခုခု အံ့ဩနားလည်သွားတာနှင့် ဘေးကဝင်လာသည့် အသံတွေ ...သေက် ပွက်ထလာတာကို တော်တော်ကြာအောင် သည်းခံစောင့် ...ရ၏။

"ဘာတွေပါသွားတုန်း .."

"ပိုက်ဆံတွေပါသွားမှာပေါ့ .."

"ဒါကြောင့် သူ ဘာမှပါမလာတာ ကြည့်ပါလား .. လက်ချည်းပဲ"

ဖြစ်ရတာ ဒေါ်ကြီးစိန် တို့ ပွပေါက်တိုးကာမှ ချောင်းရေတိုးလို့ ...တဲ့အဖြစ် .."

"ဘာဖြစ်လဲဟဲ့ .. ဟိုက သူဌေးတွေဖြစ်နေပြီးနေမှာ ..၊ တစ်ခုကုန် ...ခဲ့လာမှာပေါ့ .. နိုက်တိုင်းထွက်နေတဲ့ ရွှေကွင်းကြီး ဟီး .. ဟီး"

ဒေါ်ကြီးစိန် ဘာမှပြန်မပြောရပါဘဲ ပတ်ဝန်းကျင်ရဲ့ တစ်ယောက် ...စကားတွေကပဲ သူ့တို့ ဘာဆက်ပြောရမည်ကို အလိုလိုဖော် ...သွားခဲ့ပြီ ..၊

"ဘာဖြစ်လဲ လူလေးရယ် .. ဘာမှမပါလည်း တို့တော့ ...တောင်



www.burmeseclassic.com

www.burmeseclassic.com



သားတွေက ဖြည့်သည်မကြောက်ပါဘူး ဟွန်း .. ဟွန်း ..၊ ဒီမှာ ပြ
သလောက်နေ လွတ်လွတ်လပ်လပ်နေ့ သဘောရှိ .."

"ကျွန်တော်က ပြန်ရမှာပါ အန်တီ .."

"အံမယ် အန်တီတဲ့ .. ပြောတာလေးက ချစ်စရာလေး
မို .. မို .."

အသံလေးတစ်သံ ခပ်ကျယ်ကျယ်ထွက်လာသဖြင့် အစိုး
ရပ်သွားရပြန်ကာ ..၊

"ဒီလိုဂါ ဖေဖေ မှာလိုက်တဲ့အထဲမှာ အန်ကယ်လ်ဦးမောင်
တော့ရင်ဆိုတာ မပါဘူးခင်ဗျ .. ဒါပေမယ့် အန်ကယ်လ်ဦးမောင်
ဇနီးနဲ့ .."

"ရွှေရိုး ရဲ့ မိန်းကလည်း သူ့လိုပဲ ရှေ့ဆင့်နောက်ဆင့် ဆုံး
လင်မယားနှစ်ယောက် တစ်ပတ်လေးပဲကွာတာ ..၊ ရွှေရိုး ဆိုတဲ့
ရိုးလွန်းလို့ ထုံထုံထိုင်းတိုင်းကြီးဖြစ်နေတာကိုး ..၊ သူ့ဘဝတစ်
လုံး ဟိုလူညာဟာခံလိုက် ဟိုလူယိမ်တာခံလိုက် တစ်ခါခံရလည်း
နှစ်ခါခံရလည်း မသိ တကယ့်ကို အူးလှိုးတဲ့ကောင် သွေးထွက်မှာ
တဲ့ ခေါင်းကြီးပဲ .."

အစိုး က ခေါ်ကြီးစိန် ပြောတာကို နားထောင်ရင်း ဖခင်ကြီး
တာကို သတိရနေခဲ့၏။

"ခမောင်ရိုး ဆိုတဲ့အတိုင်း သိပ်ကိုရိုးအေးတဲ့ကောင်၊ သူ့ကို
လုံးက ခေါ်နိုင်း ခေါ်လိမ်၊ အဲဒီထဲမှာ အဆိုးဆုံးက ဖေဖေပဲ .. ဒီ
ကို ဒုက္ခရောက်အောင် အမျိုးမျိုးချောက်တွန်းတယ် ..၊ ဒုက္ခရောက်
အိုရင် ဟားတိုက်ရယ်တယ် .. ဒါက သူငယ်ချင်းတွေတုန်းက
တဲ့ ..။

"တကယ်ဆို ရွာမှာ သူတို့က သိပ်မချမ်းသာပေမယ့် ဆေး
မဆောင်းရဲဘူး၊ ဒါပေမယ့် တုံးလွန်းလို့ လူတကာလှည့်ဟိုင်းခံရ





ရဲ့ ခိုင်းဖတ်ဖြစ်နေခဲ့တယ် .." တဲ့ ..။

ဒါတွေပြောပြနေတုန်းက ဖေဖေ့မျက်နှာမှာ ကြေကွဲမှုတွေနဲ့ပါ။
လို့ ကြေကွဲနေရသလဲဆိုတာကတော့ ..။

"မောင်အစိုးရ .."

"ဗျာ .."

ခေါ်ကြီးစိန် က ရုတ်တရပ်ခေါ်ကာ ..၊

"ပြောပြစမ်းပါဦး ခုအချိန်ကျမှ မင်းအဖေက သူ ဒီလောက်အနိုင်
ခဲ့တဲ့ ရွှေရိုး ကို ဘာဖြစ်လို့ သတိရသွားတာလဲ .."

"မသိပါဘူးခင်ဗျာ .. ဖေဖေက သူ့ဇာတိရွာကို သတိရတာရယ်၊
ယ်ချင်းကို သတိရတာရယ် .."

"အေးပေါ့ .. အသက်ကြီးလာရင် ဒီလိုပါပဲ .."

"ဟုတ်မယ်ထင်တယ် .. ဖေဖေက အန်ကယ်လ်ဦးမောင်ရိုး တို့
မယ်ဆိုရင်လည်း မြို့ကိုခေါ်လာဖို့ .. မလိုက်ဘူးဆိုရင်လည်း သူ
တက်ပံ့မယ့်အကြောင်း .."

"ဟင် .. ဘာ .. ထောက်ပံ့မယ် ဟုတ်လား 'ရွှေရိုးတို့' ဆိုတာ
မရှိတော့ပေမယ့် သူ့အစ်မဖြစ်တဲ့ ငါတို့ပါပါတာပေါ့ .."

"အဲ့ဒါက .."

"အောင်မယ်လေးဟယ် .. ဟောဒီခြံဝင်းကြီးထဲမှာ အိမ်လေးလုံး
ရှိခဲ့တာနော် ..၊ ဒီအိမ်မကြီးကတော့ ရွှေရိုး တို့ နေတာပေါ့၊
ချင်းအိမ်မှာ ငါတို့ ခြေရင်းမှာက အရီးလေး .."

"ဒီလိုရှိပါတယ် အန်တီ .. ကျွန်တော့်ကို တစ်ခုလောက်ဖြေပေး
"

"ဖြေပေးနေတာပဲ .. ဒီခြံထဲမှာ သူ့ရဲ့ဆွေမျိုးအရင်းအချာတွေချည်း
ငါကတော့ အရင်းဆုံးပေါ့၊ တခြားလူတွေကို ခြံထဲကနေ မောင်း
လိုက်တာလည်း ငါပဲလေ ..၊ ရွှေရိုး ရဲ့ အာဏာကုန်လွှဲအပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခံရတဲ့ အစ်မကြီးကို ..."

"ဒါပေမယ့် အန်ကယ်လ် ဦးမောင်ရိုး ရဲ့ သားသမီးမြေးမြစ် [illegible] ညာ ရှိ၊ မရှိ ကျွန်တော် သိချင်ပါတယ် ..."

"ဘာရယ် ..."

ပြုံးအီနေသည့် ချိုသာခြင်းတွေ ဒေါ်ကြီးစိန် မျက်နှာမှာ ရုတ် [illegible] ပျောက်ကွယ်ကုန်ကြ၏။ အောဘီကလည်း တိတ်ကျသွားခဲ့ပြီး ခဏ [illegible] မှ ...၊

"အဲ့ဒီ သရဲမလေးအကြောင်း စကားထဲကို ထည့်မပြောချင် [illegible] ကတည်း .. ပြီးပြီးရောပြောလိုက်ပြီးကာမှ သင်းတို့အကြောင်း [illegible] သရေမရှိ ပါးစပ်ထဲ ထည့်ပြောရဦးမယ် ..."

"နှင်မပြောချင်လည်း ငါပဲ ပြောပြလိုက်မယ် ကြီးစိန် ..."

ပြောချင်လွန်းလို့ ပါးစပ်ပြင်နေသူတွေက ချက်ချင်းအသံ [illegible] လာ၏။

"အောင်မယ်လေး ပြောမလို့ပါတော် .. စုန်းသားအမိတွေက [illegible] ရှိသေးတယ်ဟေ့ .. ဒါပေမယ့် ဒီရွာမှာမရှိတော့ဘူး ..."

ဒေါ်ကြီးစိန် က ရွာသားတွေဘက်ကို လှည့်ရန်တွေ့ရင်း သူ [illegible] လှည့်ပြောသည်။ ဒါပေမယ့် ပြောသမျှစကားတွေက တစ်လုံးမှ [illegible] တာမပါ။

"လူတကာတွေ နက်ချလွန်းလို့ ရွှေရိုး တို့ ပြာထိုင်အော [illegible] တယ်လေ ..၊ ကိုယ့်အိမ်ကို ပြန်ရောင်းပြီး အဲဒီမှာပဲ ကျွန်ခံရတော့ [illegible]

"ဗျာ .. ဒါဆို .. ဒီအိမ်မှာပဲပေါ့၊ ဒါဆို အန်တီ့ဆီမှာပဲ အန် [illegible] ဦးမောင်ရိုး က .."

ကိုယ်ပစ်တဲ့မြားက ကိုယ့်ဘက်ပြန်ပြီး ဦးလှည့်လာမည်လို့ [illegible] တရက် မတွေးမိခဲ့ဘဲ အစိုး ရဲ့ မေးခွန်းထွက်လာမှ ဒေါ်ကြီးစိန် မျ [illegible] ပျက်၏။





"အင်း .. ဟုတ်တယ် အဲ့ဒီအတိုင်းပဲ .."

ဘာပဲဖြစ်ဖြစ် တခြားလူတွေလည်းရှိနေတော့ ပြောကိုပြောရတော့ ...

"အစတုန်းကတော့ အတူတူနေကြပေမယ့် ငါတို့က အောအိမ် တွေမှာလေ ..၊ ဒီခြံထဲမှာပဲ အိမ်ငါးလုံးတောင်ပျံ့နေကြတာကိုး .. [illegible]ယ့် သူ့ကို တခြားဆွေမျိုးတွေ ဝိုင်းနက်ကြတာ ကြာရင် ငါပါ [illegible]တော့ဆင်းရတော့မှာ အဲဒါကြောင့် .."

"ပြောရခက် မနေပါနဲ့ အမေရယ် .. ပြောပြလိုက်စမ်းပါ .."

[illegible]နုတုန်းက ဆံပင်ရှည်လေးနဲ့ နှုတ်ခမ်းသိမ်မွေ့စွာ ပြုံးနေသော ခင်မြင့် [illegible]နဲ့ မျက်နှာလေးက ခုတော့ မျက်မှောင်ကုတ်ထားကာ နှုတ်ခမ်းတို့ [illegible]ဖိမဲ့လျှက် ..။

"သူတို့အိမ်ကို ကျွန်မတို့က ပြန်အမ်းပြီးယူလိုက်တဲ့အတွက် သူတို့ [illegible]ပြန်ကပ်နေလို့ရတာလေ ..၊ တခြားလူတွေသာ ယူကြည့်ပါလား [illegible]သားအမိတွေ ရွာထိပ်က ဘုန်းကြီးကျောင်းရှေ့မှာ ခွက်ခွဲတောင်း [illegible]ရတာကြာပေါ့ .."

"ဒါဆို အခု .. သူတို့ ဘယ်ရောက်သွားကြလဲ .."

"ဘယ်သိမလဲ .. နေဦးလေ ကျွန်မ စကားမှ မဆုံးသေးတာ၊ သူတို့ [illegible]ထဲက ဘာဖြစ်လို့ထွက်သွားရတာလဲ သိလား .. ကျွန်မတို့ချည်းပဲ [illegible]မြှတ်လို့ နှင်လွှတ်လိုက်တာ မဟုတ်ဘူး၊ သားအမိနှစ်ယောက်စလုံး [illegible]ပြီး စုန်းဖြစ်နေကြတာ လူတွေအားလုံး သိကုန်ကြလို့ .."

"ဘယ်လို .."

"တစ်ရွာလုံးက ထောက်ခံချက်နဲ့ နှင်လွှတ်လိုက်တာ .."

"ရွာထဲကနေ နှင်ထုတ်ပစ်လိုက်တာဟုတ်လား ..၊ ဒါဆို အန်ကယ် [illegible]င်ရိုး ရဲ့ ဇနီးက မသေဘူးပေါ့ .."

"ဟုတ်တယ် .. မသေသေးဘူး၊ ဒါပေမယ့် သူ့ယောက်[illegible]သေတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရက်တောင်မလည်သေးဘူး ရေခပ်သွားရင်းနဲ့ ရေတွင်းထဲခုန်ချ
လေ ..''

ကြားရတာ မသက်သာပါလား ..။

ဖေဖေ ဒီမှာအဖြစ်ဆိုးနေတာတွေကို ဘာမှမသိခဲ့ဘဲ သူ့အစီအ
နဲ့သူ အားလုံးအဆင်ပြေမှာပဲလို့ မျှော်လင့်နေခဲ့သည်။ ဒါတွေကို ဘ
လိုရှင်းရမလဲ ..။

“ဟိုမှာ အခြေအနေတစ်ခုခု ပြောင်းလဲနေနိုင်တယ်ကွ ..။
လက်ခံဖို့ဖြစ်ဖြစ် သူတို့ လိုက်လာလို့မရနိုင်တာဖြစ်ဖြစ် သူ့မိသားစု
တစ်ခုခုကွာ .. အဲဒါတွေရှိလာရင် မင်းဘာသာ စဉ်းစားဆုံးဖြတ်
လုပ်လာခဲ့ရမှာ .. ဒါကြောင့် တခြားလူသွားလို့မဖြစ်ဘူး ..'' တဲ့ ..

ဖေဖေကတော့ ပြောပြလိုက်ပေမယ့် သူ့ရော ဖေဖေရော ဒီလိုအ
အနေတွေထိ ထည့်မတွက်မိခဲ့တာ အမှန်ပင် ..။

“ဟုတ်တယ်ဟော့ .. ရေတွင်းထဲက ပြန်ဆယ်ဖို့ကြိုးစားကြရ
နည်းတဲ့အချိန်လား .. အဲ့ဒီမှာပဲ သရဲပူးလာတာ ..''

ဒေါ်ကြီးစိန် က သမီးဖြစ်သူရဲ့စကားကို ဆက်ပြောပြရင်း
သလို ရှုံ့မဲ့နေလျက် ..။

“ရေထဲက ပြန်ဆယ်လာတည်းက စားလိုက်တဲ့ထမင်း၊ ကြိုက်
တဲ့ အသားငါး၊ လူနဲ့မတူဘူး သရဲစီးပြီး စားနေတာ ..။ ငါတို့လ
မကျွေးနိုင်တော့ဘူးလေ .. အဲ့ဒီတော့ သမီးဖြစ်တဲ့ ကောင်မက အမဲ
ရှာတယ် .. ရလာလိုက်တဲ့ ယုန်တွေ မြွေကြက်ကြီးတွေ၊ တစ်ခါတ
များ ရေကြက်တွေဆိုတာ လက်ပံပွင့်ကောက်လာသလား ထင်ရ
သမီးက လှိုင်လှိုင်ရှာ မအောက အသေစား ..''

“ဟုတ်တယ် မောင်ရင် .. ဒေါ်ကောက် က ဖုတ်ဝင်သွားတာ သူ
ကလည်း ပြုစားယူနေတဲ့အတိုင်းပဲ တောထဲဝင်သွားတာနဲ့ ယော
ရင့်မာကြီးတွေ အမဲရှာတယ်ဆိုတာလောက်ကို သူက အသာလေး





မိန်းကလေးက အမဲရှာနေတယ်ဆိုတော့ ရိုးမယ်ဖွဲ့ ကို သတိရလိုက်
ည်း

မယ် တို့က သားအမိနှစ်ယောက်တည်းနေတာ ..' လို့ ပြောဖူး
လည်း သတိရလိုက်သည်။ ဒါဆို ရိုးမယ်ဖွဲ့ က ဦးမောင်ရိုး ရဲ့
း ဖြစ်နေမလား ..။

“အန်တီ .. ဒါဆိုရင် ..''

“ခင်း မမေးနဲ့ အဲဒီ သားအမိတွေကို ဒီရွာမှာ ဘယ်သူကမှ စကား
ည့်မပြောတော့ဘူး ..။ ရွှေရိုး ကျတော့ ပုံပြင်တွေထဲက ကာတွန်း
ပိုဆိုးလို့၊ မိတောက် ကျတော့လည်း ရွှေရိုး နဲ့ ခတ်ဘူနံ့တူ ..''

“ဟုတ်တယ် .. ငါတို့တွေက မယ်ကောက် ကို မယ်ကောက်
ပြောင်းခေါ်ပေးကြတာလေ၊ တစ်ယောက်က အရမ်းရိုးလွန်းတော့
ယောက်က ကောက်ပေးလိုက်ဆိုပြီးတော့ ..။ ဒါပေမယ့် မယ်တောက်
မယ်ကောက် ဖြစ်သွားတာပဲ အဖက်တင်တယ် ဘာမှဖြစ်မလာပါ
''

“သရဲမဖြစ်လာဘဲ်ယ်လေ .. ညညဆို ခွေးတွေတစီစီနဲ့၊ ငါ့ထိုင်မတော့
သားအမိ အသားစိမ်းတွေတောင် စားနေကြသလားပဲ ..''

ရွာသားတွေ တစ်ယောက်တစ်ခွန်း ဝင်ပြောကြသော် ဒေါ်ကြီးစိန်
ည်းပဲ မလိုစကားပြောနေတာ မဟုတ်မှန်းသိလာခဲ့သည်။
ဒါပေမယ့် ဒီလိုအဖြစ်မျိုးတွေကို သူ မယုံကြည်ပါ။

‘မိန်းကလေးတစ်ယောက်က သက်ရဲဖြတ်ရဲလာပြီဆိုရင် မုန်းမ
မလို့ပဲ ပြောကြတော့တာ ..' တဲ့ ..။ မယ် ဒီစကားတွေကိုလည်း
ခဲ့သေးသည်။

သူတို့ပြောနေကြသည့် မိန်းကလေးသာ ရိုးမယ်ဖွဲ့ ဖြစ်နေခဲ့တာ
င် သူ သေချာသိနေသည်။ သူမ သူတို့ပြောသလိုမဖြစ်နိုင် ..။

“အားလုံးကို တစ်ခုလောက်မေးပါရစေ .. အန်ကယ်လ် ဦးမောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဇနီးက ဒေါ်မယ်တောက် လား .. ဒေါ်မယ်ကောက် လား .."

"အခု အားလုံးက မယ်ကောက် လို့ ခေါ်နေကြတာပဲ၊ မိတော
ဆိုတဲ့နာမည်ပျောက်နေပါပြီ .."

"သူ့သမီးကရော ဘယ်အရွယ်လည်းခင်ဗျ .. နာမည်လေးပါ
ရစေ .."

"မယ် လေ .. ရိုးမယ်ဖွဲ့ တဲ့ .."

ဘေးလူတွေကချည်း ဂင်ဖြေနေကာ ဒေါ်ကြီးစိန် တို့ သား
မျက်နှာတွေက တင်းနေကြလျက် ..၊

"ဘာလဲ မင်းက အဲ့ဒီစုန်းမ သားအမိကို ရှာဦးမလို့လား .."

"သူ့သာသာ ရှာရှာ မရှာရှာ အမေရယ် .. စိတ်ဝင်စားမနေစမ်းပါနဲ့

"ဘာပဲဖြစ်ဖြစ် .. ဒီရောက်မှတော့ အေးဆေးတည်းပြီးမှ ပြန်

ဒေါ်ကြီးစိန် ရင်ထဲမှ ဖြစ်နေသည့် ဒေါသက မနာလိုဝန်တိုခြင်း
ပဲဖြစ်ကာ လူပုံချော သူဌေးသားဆိုတာကိုတော့ ကိုယ့်အိမ်ပေါ်ထိ
နေကာမှ လက်လွှတ်မခံချင် ..။

"သူတို့ကိုရှာမယ်ဆိုလည်း ဒီနေရာတစ်ဝိုက်မှာ ရှိတော့မယ်
ပါဘူး .. ဒါမှမဟုတ်ရင်လည်း ငါတို့ဒေသခံလူတွေ ဝိုင်းရှာပေး
တယ်လေ ..၊ ဒီနားမှာက ရွာတွေအများကြီးရှိပေမယ့် ငါတို့
ရွာတိုင်းကိုရောက်ဖူးတာမဟုတ်ဘူး .."

"ဟုတ်တယ် .. ကျွန်မတို့က အားလုံးထဲမှာ အကြီးဆုံး .."

အငယ်မ ခင်မေဝင်း က မေးဖျားလေးပင့်နေအောင် ဝင်ကြွား
ပြီးတော့ မျက်နှာလေးလွှဲထား၍ ...

"ဒါပေမယ့် ရွာကထွက်သွားတော့ အဲဒီ သရဲမသားအမိက လူ
ကို ကပ်ကြိမ်းသွားသေးတယ်၊ သူ့တို့ဟာသူတို့ တခြားရွာငယ်
မှာ ဇာတ်မြှုပ်နေကြတာကို ဘယ်သူက သွားဆွဲထုတ်မှာလည်း ..၊
ကို ဒီရွာသားတွေက ဘယ်သူမှ ဝိုင်းရှာပေးကြမှာ မဟုတ်ဘူး .."





နားစွင့်ကြည့်လိုက်တော့ ရွာသားတွေကလည်း တစ်ခွန်းတစ်ပါဒ
ဖူ ဟုတ်တယ်, မဟုတ်ဘူး ဘာမှဝင်မပြောကြတာမရှိ ..။ ထို့ကြောင့်
သူ ဘာလုပ်ရမည်ကို နားလည်လိုက်ကာ ..၊

"ရပါတယ် .. အားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က
သည်း ကျွန်တော့်အဖေ တာဝန်ပေးလိုက်တဲ့အတိုင်း မယ် တို့ကို..အဲ..
ရိုးမယ်ဖွဲ့ တို့ကို တွေ့အောင်ရှာရမှာဆိုတော့ ခရီးဆက်ရဦးမှာပါ .."

"ဘယ်လို .."

မယ် လို့ ခေါ်လိုက်တည်းက သားအမိတွေ ပြုံးသွားသည့် မျက်
လုံးတို့က သွားကော့မည်ဆိုတော့ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ၏။

"မင်းက ခုချက်ချင်း ပြန်သွားမယ် ဟုတ်လား .."

"ဟကောင်ရ .. မင်း ခရီးပန်းလာတာမို့လား ..၊ ရာသီဥတုကလည်း
ခကောင်းဘူးနော် .."

ရွာသားတွေက ခုမှ အသက်ဝင်လာကြ၏။

"ဟုတ်တယ် ရွာစဉ်ရွာဆက်တွေကလည်း သွားရတာ လမ်းမသာ
ဘူး ..၊ မောင်ရင်က မြို့သားဆိုတော့ မသွားတတ် မစားတတ်နဲ့ ဒုက္ခ
ရောက်လိမ့်မယ် .."

"ကြည့်ရတာ .. ခရီးဆောင်အိတ်တွေရော ငွေတွေရော နေ့ထဲမျော
သွားတယ်ဆို .. မင်းမှာ ဟို ဥစ္စာရော ရှိသေးလို့လား .."

"ဗျာ!..."

"ပိုက်ဆံ .. ပိုက်ဆံကိုပြောတာ ပိုက်ဆံရှိမှ ထမင်းစားလို့ရမှာ.."

ပြောမှပဲ ကိုယ့်အဖြစ်ကို သတိရပြီး ပြုံးမိသည်။ ဒုက္ခရောက်နေတဲ့
မိသားစုကိုတွေ့ရင် ဘယ်လိုကူညီပါ၊ ကယ်တင်ပါဆိုပြီး ဖေဖေက နိုင်း
လိုက်သည်။

ခုတော့ ကိုယ်က ဒုက္ခသည်အဖြစ်နဲ့ ရောက်လာခဲ့ရတာ ပြောမယ်
ဆိုလည်းပြောစရာ ..။



www.burmeseclassic.com

www.burmeseclassic.com



"ခုလို စိုးရိမ်ပူပန်ပေးကြတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ နောက်ထပ် ဆောင်ရွက်စရာကိစ္စလေးတွေလည်း ရှိနေလို့ မတည်းတော့ပါဘူး .."

"ဟဲ့ .. ဩော် .. ပိုက်ဆံမရှိလည်း ငါတို့အိမ်မှာ ကြိုက်သလို နေလို့ စားလို့ရပါတယ် .. ဩော် .. ငါ့နှယ် .."

"သွားပါစေ အမေရယ် .. ညှော်သည်တစ်ယောက်စရိတ်ဟာ နည်းသလား .."

"ညည်း ဘာသိလို့လဲ မိမေ .. သူက ခရီးဆောင်အိတ်တွေ ရေမျောကုန်လို့ ခဏပဲမရှိတာ မြို့ပေါ်က သူဌေးသား .."

"အေးလေ .. မိမေ ကလည်း လာဘ်မမြင်လိုက်တာ၊ အကြီးစိန်က ခုန ဗေဒင်ဆရာဟောတဲ့အတိုင်း ကောင်းတာပဲလို့တွက်ပြီး ပြောနေတာကို .."

"နင်ကလည်း မိစန်း ရယ် .. ဗေဒင်ဆရာက မယ့် ဇာတာကိုကြည့်ပြီး ဟောတာ၊ ဒီသူဌေးက မယ့် ကို လာရှာတာ .."

"ညည်းတို့ကလည်းအေ ရွှေရိုး ကို လာရှာတာပါ .."

ဒေါ်ကြီးစိန် ကက်ကတ်လန်ထပြောတော့ အားလုံး ပြုံးစိစိတွေ ဖြစ်ကုန်ကြကာ ..၊

"ဟုတ်ပါတယ် .. ကျုပ်တို့က ဟိုကောင်လေးပြောသွားတဲ့ မယ့်ကို လိုက်ရှာရင်းမှာဆိုတာကို မကြားလိုက်ဘူးပဲ ထားလိုက်ပါ .. ဟုတ်ပါတယ် .."

"ဟား .. ဟား .. ဟား .."

"ခစ် .. ခစ် .. ခစ် .."

"သူဌေးက တော်ကောက်ဖို့ အိမ်ပေါ်တော့ ရောက်လာပါရဲ့ .. ရွှေမင်းသမီးက မရှိ .."

"ရှိတဲ့ မိန်းကလေးတွေကလည်း တော်မဝင် .."





"ကဲ .. သွားကြစမ်းပါ၊ နင်တို့တွေ သူများကိစ္စကို တော်တော်စိတ်ဝင်စားကြတယ် ဟုတ်လား .. သွားကြပါ .. ကိုယ့်အိမ်ကို ပြန်ကြ.."

ဒေါ်ကြီးစိန် လည်း မခံနိုင်လို့ အကုန်လုံးကို မောင်းထုတ်ပစ်လေသံတွေ ကျွတ်စိကျွတ်စိ များပြားလာလေ ..၊ လူတစ်ယောက်က ပြောရောက်မှ ခပ်ကျယ်ကျယ်အော်သွားသေးသည်။

"ဩော် .. ဘဝ .. ဘဝ .. ရောက်လာပေမယ့်လည်း မရ .. ခင်မြင့်ဝင်း ဘို့ဘဝ .."

"အံမာ .. လာစမ်း .. လာစမ်း ဟိုသေနာကောင် ခုပင်လာခဲ့စမ်း.."

ခင်မြင့်ဝင်း နဲ့ ခင်မေဝင်း တို့ တုတ်တွေ တွေ့ကရာဆွဲ၍ပြေးထွက်လိုက်ကြလျှင် ..၊

"ဟား .. ဟား .. ဟား .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"တိတ်တိတ်နေစမ်းပါ မယ် ရယ် ..၊ အဲ့ဒါတွေ အမေ ရှင်းပါ့မယ်၊ ညည်း ဘာဖြစ်လို့ ထစ်ခနဲရှိ ဒေါသထွက်ချင်ရတာလဲ .."

ဒေါ်ကောက် ကိုယ့်သမီးကိုပဲ မနည်းဖျောင်းဖျနားချနေရသည်။ အိမ်ရှေ့မှာ ရွာလူကြီးနဲ့ လူတစ်ချို့ကလည်း ကိုယ့်အိမ်ကိုယ်မပြန်နိုင်ကြဘဲ ဒီကိစ္စကိုသာ သည်းကြီးမည်းကြီး ဆွေးနွေးနေကြ၏။

မယ် ကလည်း ဒါကိုပဲ မခံရပ်နိုင် ..။

"သူက ခရီးသွားပါ၊ မယ် နဲ့လည်း ဘာမှမဆိုင်ဘူး .. ဖြစ်ပျက်ပုံကိုလည်း ပြောပြပြီးပြီလေ .."

"ဟုတ်တယ် .. ဒါပေမယ့် ကိုအေးမောင် က သူ ဘယ်လိုတွေ့ခဲ့ပါတယ်ဆိုတာ သေချာပြောပြသွားတာလေ .. ဒါကျတော့ ညည်း ငြင်းနိုင်လို့လား .."

"မဟုတ်ဘူး .. မငြင်းနိုင်တာနဲ့ ဟုတ်နေတာနဲ့က တခြားစီ .."

"အေး .. အဲဒါကို အခု ရှင်းနေကြရတာပဲ၊ ဘာပဲဖြစ်ဖြစ် ညည်း အဲဒီကောင်လေးကို ခေါ်လာခဲ့ရမှာ မယ် ..၊ သူ လိုက်ရှင်းပြရင်တောင် ညည်းထက်တော့ အဆင်ပြေဦးမှာ ခုတော့ ပျောက်နေတာလည်း ညည်း





ဲ – ပြန်တွေ့တော့လည်း ဒါကို ညည်းက ဘူးကွယ်တယ် ဖျောက်ဖျက်ကြိုးစားတယ် .."

"အမေ့ .."

"သိတယ် .. ညည်းအကြောင်းကို ငါ မသိဘဲနေမလား .. ဒါပေမယ့် သူတို့ကတော့ မသိဘူးလေ၊ ပိုဆိုးတာ ငါတို့က တခြားရွာက ပြောင်းလာကြတဲ့လူတွေ .."

"ကြာပဲကြာလှပြီ အမေ .."

ခံပြင်းသည့်စိတ်နှင့် မယ့် အသံတွေ တုန်းဆဲပင် ..။

ကိုယ့်ကို သေပြီထင်ပြီး အမေက လူမမာသည်ကြီးဖြစ်နေသည်။ လူတွေက ရက်လည်ဆွမ်းသွတ်ဖို့ စီစဉ်နေကြ၏။ ထိုအချိန်မှာ သူမ ပြန်ရောက်လာတော့ သားအမိ အလွမ်းသယ်နေကြတာ ရုတ်တရက် လူတွေကို သတိမရခဲ့ပေ ..။

သူတို့တွေ မယ့် ဆီ ပြေးလာပြီး ဖြစ်ကြောင်းကုန်စင် မေးရမယ့်အစား အပြင်မှာပဲ တိတ်တဆိတ်စုဝေးကျန်ရစ်တာကို ဘာကြောင့်ဆိုတာ တစ်ချက်လေးတောင် ခေါင်းထောင် မကြည့်မိခဲ့ ..။

တကယ်တမ်းကျတော့ မယ် နဲ့ အစိုး ကို ဘယ်လိုမြင်ခဲ့ပါသည်။ မယ် က ရွာကိုမပြန်ဘဲ ယောက်ျားရနေပါသည်ဆိုတာတွေ ဦးအေးမောင်က ကောင်းကောင်းကြီး မော် ~နေတာဖြစ်သည်။

"သူတို့မို့ ထင်ရက်တယ် .. မယ် က ဒီလောက်ရာသီဥတုထဲမှာ အမေ့ကိုပစ်ထားခဲ့ပြီး .. တောက် အဲဒါကိုသွားပြောမှဖြစ်မယ် အမေ..၊ ဒီတစ်ခါ ဒီလိုအဖြစ်နဲ့တော့ ရွာထဲက အနှင်မခံနိုင်တော့ဘူး ..၊ အားရအောင်ပြောပြီး အနိုင်နဲ့ပိုင်းပြီးမှ ထွက်မယ် .."

"မယ် .. ညည်းကို အမေပြောနေတာ နားမလည်ဘူးလားဟင်..၊ ဘယ်မှာမဆို ညည်းပဲ အနိုင်နဲ့ပိုင်းခဲ့တာ၊ ကြခတ်ရွာကလူတွေလည်း ငါတို့ကို ဒီရွာကထွက်တော့ဆိုတဲ့ စကားမျိုး မထွက်သေးဘူး၊ ညည်း



www.burmeseclassic.com

က စလိုက်မှ ဝိုင်းပြောကြတာ .. ညည်းပဲ တစ်ရွာလုံးကို စိန်ခေါ်ခဲ့တာ.."

"အမေက အဲဒါတွေကိုလည်း မယ့် အပြစ်လို့ ပြောနေတာလား.."

"မှားခဲ့တာကိုပြောတာပါ ..၊ ဘာပဲဖြစ်ဖြစ် ရှုပ်ထွေးလည်း ရှင်းရမှာပေါ့ .. ဟိုမှာလည်း .."

"အမေ အဲဒါပဲ .. ဖြစ်လာတဲ့ ပြဿနာကို ချည်ငင်စဆွဲပြီး အစအလယ်အဆုံး တိကျညီညာအောင် ပိုင်းဖြတ်ဖို့ပဲ စဉ်းစားတယ်၊ အမေ အစဆွဲထုတ်နေတုန်း သူများက မီးပုံရှို့လိုက်တော့ အမေ ဘာလုပ်နိုင်သလဲ .. အမေနဲ့ အဖေတို့ သိနေတဲ့ အမှန်တရားက မယ့် အတွက်တော့ ဆေးခါးတစ်ခွက်ပဲ .."

ပြောနေရင်း နာကျင်သည့် မျက်ရည်စက်တို့ စေ့သီလာခဲ့၏။

"ဆေးပဲဖြစ်ဖြစ် ဘေးပဲဖြစ်ဖြစ် ခါးတာကို ဘယ်သူမှ မကြိုက်ဘူး၊ ခါးသီးတာထက် ချိုမြိန်တာကို လူတိုင်းမက်မောတယ်၊ လိုရင်းက အဲဒါ.."

"ညည်း စာတတ်တိုင်း လျှောက်ပြောမနေနဲ့ .. ငါ့သမီး ပြန်လာလို့ ဝမ်းသာနေရတဲ့ ငါ့ရင်ထဲက ငြိမ်းချမ်းမှုကို ပဋိပက္ခတွေနဲ့ ပျက်စီးမခံနိုင်ဘူး ..၊ ညည်း လုံးဝ ထွက်မလာခဲ့နဲ့ ဒါတွေ ငါ သွားရှင်းမယ် .."

"မယ် ပြောတာတောင် တိုးမပေါက်ဘဲနဲ့ အမေရယ် .."

"အေး .. ဘယ်လိုမှပြောပြလို့မရရင် ကြခက်ရွာထိလိုက်ပြီး အဲ့ဒီကောင်လေးကို တွေ့အောင်ရှာမယ်၊ အားလုံးရှေ့မှာ ရှုပ်ပြခိုင်းမယ်.."

ဥပမာ ကောင်လေးက ခြေပျက်ပျောက်သွားသလို ဖြစ်ခဲ့တာကြောင့် အခြေအနေပေါ့ ဘိုးရှားကုန်ရတာဖြစ်သည်။

"ဒီမှာ သူကြီးရယ် .. ကျွန်မ ပြောပြတာလေး နည်းနည်းလောက်နားထောင်ပါဦး .."

အိမ်ရှေ့ ကွပ်ပျစ်ကပြင်မှာ စုဝေးနေကြသည့် သူကြီး ဦးမှန် နဲ့ ယူရှယ်တစ်စုက ဒေါ်ကောက် ထွက်လာတာကို လှည့်ကြည့်ကြ၏။

ဒေါ်ကောက် က ဦးမှန် ရှေ့မှာ ထမိစလေးသိမ်း၍ ဖြည်းလေးစွာ





ဆိုင်ချလိုက်ကာ ..၊

"ကျွန်မတို့သားအမိမှာ မိန်းမသားတွေချည်းပဲမို့လို့ သူကြီးတို့ ရှုပ်ပေးတာကို ကျေးဇူးတင်ပါတယ် .."

"ကျေးဇူးကို နောက်မှတင် ဒေါ်ကောက် .. ကျုပ်တို့က ကိုယ့်ရွာသူကို သူများရွာက ကျူးကျော်စော်ကားသွားတာမျိုးကို လုံးဝလက်ပိုက်ကြည့်မနေနိုင်ဘူး၊ ဒီအတွက် ကျေးဇူးတင်တင် မတင်တင် ကျုပ်တို့လုပ်ထိုက်တာကို လုပ်ရမှာပဲ .."

"ဟုတ်တယ် ဒေါ်ကောက် ကျွန်တော်တို့က မယ့် ကို ယောကျ်ားရနေပါတယ်လို့လည်း ခွတ်စွပ်စွဲနေတာမဟုတ်ဘူး၊ ချောင်းရေလျှံပြီး တစ်ဖက်ကမ်းမှာ ဒုက္ခရောက်နေတုန်း သူများစည်းရုံးသိမ်းသွင်းတာကို ခံလိုက်ရတာလား .. ဒါမှမဟုတ် .. အိုဗျာ .. ဒီကောင် ဒီလို ရောင်ဘွက်သွားတာ လုံးဝ မိုက်ရိုင်းတဲ့ကိစ္စ .."

"ဟုတ်တယ်ဗျာ .. သူတို့နှစ်ယောက် မှားယွင်းနေကြပြီဆိုတာ ဒီလောက်ထိ လူမြင်သူမြင် .."

"အဲဒါ မဟုတ်ပါဘူးလို့ ဘယ်နှစ်ခါတောင် ပြောပြနေရမှာလဲ.."

"မယ် .."

ဒေါ်ကောက် ထိတ်ထိတ်ပျာပျာ ယရုပ်ကာ မယ့် ရှေ့ကနေ ကာဆီးထားမိရင်း ..၊

"ညည်းကို ငါ ဘာပြောနေသလဲ မယ် .."

"အို .. မသိဘူး .. လူတွေပြောတိုင်းငြိမ်ခံနေရင် အဖေ့ကို တစ်ရွာလုံးက ခြေသုတ်ဖဝါးလုပ်သလို အလုပ်ခံရလိမ့်မယ် .. ခုကိစ္စက .."

"ဟိုမှာ ခြေ့သည်ထင်တယ်ဟေ့ .."

ဦးမှန် ၏ အောင်မြင်ခန့်ညားသည့် စကားသံကြောင့် ငြင်းခုံဆူညံနေတာတွေ တိခနဲ တိတ်ကျသွားကာ အားလုံး ပိုင်နဲ့နဲ့ ခြံစည်းရိုးတန်းဆီ အကြည့်တွေ ရောက်သွားခဲ့ကြ၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"အစိုးယျ ..။

မယ့် မျက်လုံးစူးခနဲဖြစ်သွားသည်။ ခုချိန်မှာ ဦးအေးမောင် လည်း အနားမှာ ရှိမနေသဖြင့် အစိုး ကို မယ့် အပြင်သိတဲ့လူမရှိ ..။

"လာပါ .. လာဝင် .. ဒါ မယ် တို့ အိမ်ပဲ .."

လိုက်ပို့သည့် လူကြီးက ဘုန်းကြီးကျောင်းက ကပ္ပိယကြီး ဦးလှဝေ ဖြစ်သည်။ သူက အစိုး ကို အိမ်လိုက်ပြပေးတာဖြစ်ပုံရကာ ...

"ခေါကောက် .. ဒီမှာ ဧည့်သည်ပါတယ်၊ မြို့ကတဲ့ .."

ဝင်သွားဖို့ အစိုး ကို လက်တွေဘာတွေပြခဲ့ပြီး ဦးလှဝေ က ပြန် သွား၏။ ဧည့်သည်လူငယ်ကို ဦးမှန် တို့က အကဲခတ်နေကြတုန်း လူ ငယ်က မယ့် ကိုပဲ လှမ်းကြည့်နေကာ ..၊

"မယ် .."

"ဘာလဲ .. ဘာကိစ္စလဲ .."

"ဟဲ့ .. ဧည့်သည်ကို ဘာလိုပြောလိုက်တာလဲ မယ် .."

လူတွေအုံသြနေကြတုန်း ခေါကောက် က မှာမှာသလဲထွက်လာကာ ..၊

"လာ .. လူလေး ထိုင်ပါဦး ..၊ လူလေးက မယ် နဲ့ သိနေတာလား"

အစိုး က နှုတ်ဆိတ်စွာ စောင့်ကြည့်နေကြသည့် အားကလူတွေ ကို တစ်ချက်လှည့်ကြည့်ပြီးမှ ခေါကောက် သင်ဖြူးလေး ခင်းပေးလိုက် သည့်ပေါ်မှာ တင်ပါးလွှဲဝင်ထိုင်သည်။

မယ် က ဘာမှမပြောဘဲ အိမ်ထဲအဆင့်ပေါ်ကနေ မတ်တပ်လေး ရပ်ကြည့်နေကာ တွန့်ကုတ်နေသည့် မျက်ခုံးတန်းလေးတွေက မျက် တောင်ဖျားလေးတွေနဲ့ ထိသက်နေတဲ့အထိ ..၊

"ကျွန်တော့်နာမည်က အစိုးရ ပါခင်ဗျ .. လာတာက ကြခတ်ရွာ ကိုပါ .. မယ် နဲ့ သိခဲ့တာက .."

မုန့်တိုင်းမိနေတုန်း မယ် ကူညီရင်း နှစ်ယောက်စလုံး ရေမျောပြီး ဒုက္ခရောက်ခဲ့တာတွေ သေချာပြောပြလိုက်သည်။





"သော် .. အဲ့ဒီလိုလား .."

ခေါကောက် ချက်ချင်းသဘောပေါက်သွားသလို သူများတွေပါ ...င် အသံကျယ်ကျယ်ဆိုရင်း ခေါင်းညိတ်လိုက်သည်။

သို့သော် လူရွယ်တစ်ယောက်က ခေါင်းခါ၍ ...

"အဲဒီလို ဆုံကြတာဆိုတာထားပါ .. ဦးအေး က သူ ဘယ်လိုတွေ့ လာပါတယ်ဆိုတာ တပ်အပ်ပြောပြခဲ့တာ ..၊ တောထဲမှာ မင်းတို့ ...က်တည်း ဘယ်လောက်ထိ ရှိးသားကြမှာလဲ .. ဒါကို အမှန်အ ...ထည့်ပြောမှပေါ့ကွ .."

"ဦးသိလ .."

...ယ့် အသံလေး က စူးရှကျယ်လောင်နေကာ ..၊

"ရှင့်မှာလည်း နှမအပျိုလေးနဲ့နော် .. စကားပြောတာ မဆိုက်ရိုင်းနဲ့ .."

"နေပါဦး အဲ့ဒါ ကျွန်တော် ရှင်းပြပါ့မယ် ..၊ ကျွန်တော်က အဲဒီလို ...မဟုတ်သလို မယ် ကလည်း သိက္ခာရှိတဲ့ မိန်းကလေးပါ၊ သူနဲ့ ...တော်နဲ့ ဒီလိုငြိစွန်းဖို့မပြောနဲ့ ဒုက္ခရောက်တာ သူ့ကြောင့်ကိုယ့် ...ာင့်ဆိုတာတွေ အငြင်းပွားပြီး တစ်လမ်းလုံး တစ်ချက်လေးမှာ စကား ...င်းမပြောဖြစ်ခဲ့ပါဘူး .."

"ဒါဆိုလည်း မင်းက အတင်းအဓမ္မအနိုင်ကျင့်တာမျိုး ဖြစ်မှာပေါ့၊ ...း သေချာမြင်ခဲ့တာ .."

အစိုး ခေါင်းတွင်တွင်ခါနေရင်း ...

"ကျွန်တော် အဲဒီလိုလူဆိုရင် အခု ဒီခြံဘဲထိ ပြန်ရောက်လာစရာ ...ကြောင်းမရှိပါဘူး၊ ကျွန်တော်က ရန်ကုန်ကပါ ဒီက .."

"နေဦး .. နေဦး .."

ဦးမှန် က အစိုး ရဲ့ စကားကိုဖြတ်၍ ဟိုဘက်အစပ်မှာထိုင်ရင်း ... ဆင်းလျှောက်လာကာ ...

"မင်းကိုအရင်မေးမယ် .. ကြခတ်ရွာကို ဘာအတွက်လာတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခု ရောက်ခဲ့ပြီလား ..."

"ဦးလေး ဖြတ်မမေးဘူးဆိုရင် ကျွန်တော့်စကား အဲဒါကိုဖြေ... သားဖြစ်နေလောက်ပြီ ...၊ ကျေးဇူးပြုပြီး ကျွန်တော့် စကားဆုံးအော... နားထောင်ပေးပါ ..."

ဦးမှန် မျက်နှာပျက်သွားတာကို ဂရုစိုက်မကြည့်တော့ဘဲ အ... က ဒေါက်တာ ကိုပဲ လှည့်ပြုံးပြကာ ...၊

"ကျွန်တော်က ကြခတ်ရွာက ဦးစိုးရာ ရဲ့ သားပါ ..."

"ဟင် .. ဘယ်လို စိုးရာ .. စိုးရာ ...လား ..၊ သူက မြို့ကိုပြော... သွားတာ ကြာလှပြီဥစ္စာ .."

"ဟုတ်ပါတယ် .. ဖေဖေက သူ့ သူငယ်ချင်း အန်ကယ်... ဦးမောင်ရိုး ကို အရမ်းသတိရပြီး တွေ့ချင်လို့ ကျွန်တော့်ကို လွှတ်လိုက်... တာ .."

"ဟင် !.."

ဒေါက်တာ မျက်နှာမှာ အေးမြေကြွေကွဲသွားခြင်းတွေက သိသာ... ဖြစ်ထွန်းနေခဲ့လျက် မျက်ရည်တွေ ဝေ့တက်လာတော့ ခေါင်းငုံ့ပစ်ရှာ...

"ဒါပေမယ့် အန်ကယ်လ်ဦးမောင်ရိုး က မြို့ကိုလိုက်ဖို့ အ... မပြောဘူးဆိုရင်လည်း လိုအပ်တဲ့အကူအညီပေးခဲ့ဖို့ မှာလိုက်ပါတ... ကျွန်တော် ကြခတ်ရွာကို ရောက်သွားတော့ .."

"နေပါဦး မောင်ရင်ရဲ့ .. ဦးမောင်ရိုး ဆိုတာ ဒေါက်တာ ... လား .."

အစိုး ကို တားဆီးပြီး ဒေါက်တာ ကို မေးခွန်းထုတ်သည်။ ဒေါ... ဂေါက် က ခေါင်းညိတ်၍ ...

"ဟုတ်ပါတယ် သူကြီးရေ .. မယ့် အဖေပါ၊ သူက ဆုံးသွားပါပြီ..."

"မယ့် အဖေကို မင်း ကလာရှာတာဆိုပြီး မယ် နဲ့ တွေ့ရဲ့သား..."

"သူနဲ့ ဘာအကြောင်းမှကို မပြောဖြစ်ခဲ့တာပါ၊ ချောင်းဘဲမှာ အသ...





...ကြပြီး ကမ်းပေါ်ရောက်တော့လည်း မပြန်နိုင်ကြတဲ့ကိစ္စနဲ့ ...ဘယ်မယ့်သူလက်ထဲရောက်တော့ သူက နှစ်ရက်လောက် ...ကို ...ကြက် မရတစ်ချက်နဲ့ ကျွန်တော်လည်း ဖျားနေတယ်၊ အဲ့ဒါတွေ ...မသေဘဲ သူ အတင်းထွက်လာတော့ သူနဲ့အတူပါသွားတဲ့ ...ဘော်ပါ ပြန်လိုက်ခဲ့တယ် .."

"ဒီလိုဖြစ်ခဲ့တာလား .."

...သဘောပေါက်သွားသလို ရွှေရွှတ် ယမယ့် စောစောက စွပ်စွဲသည့် ...ဆိုသူမျက်နှာက မဲ့သလိုလို ..။

"လမ်းမှာပဲ စကားပြောအဆင်မပြေဖြစ်ပြီး ကျွန်တော့်ကို သူက ...တ်ဖို့လုပ်တာ .."

"ဟာ !.."

"အဲဒါ .. ရိုးမယ်ဖွဲ့ ပဲ ဘွ .."

...ရှိ အားလုံး၏ မျက်နှာတွေမှာ အရယ်အပြုံးတို့ စွန်းထင်နိုင်ခဲ့၏။ ...သောာ့ မယ့် ကို လှမ်းကြည့်ပြီး မျက်လုံးတွေပြုံးနေကြလျက် ..၊

"ဟုတ်မှာပါ ဒီကောင်မလေး .."

"ငါပြောသားပဲ မယ် က ယောက်ျားလေးလိုနေတာ .. ဒီလိုအကျင့် ...ပါဘူးလို့ .."

...လမ်းဆုံးမှ ရွာတွေ့နေကြ၏။

"အဲဒါ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရင်းနဲ့ သူ့ ...လုရင်း မထင်မှတ်ဘဲ လုံးထွေးသတ်ပုတ်မိသလိုဖြစ်သွားခဲ့တယ်၊ ...ဒဏ်ရာတွေလည်းရှိပါတယ် ..၊ ကျွန်တော် စိတ်တိုသွားမိတာ ...တော့်အမှားပါ .."

"ဒါဆိုရင်လည်း မင်း သေမှာပဲ .. မယ် က တကယ်ခုတ်မှာ .."

"ဟုတ်တယ် .. လက်က ယဉ်သလားမမေးနဲ့ .."

အခြေအနေက မထင်မှတ်ဘဲ ငြိမ်းချမ်းသွားခဲ့သဖြင့် ဒေါက်တာ...



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာကျေနပ်နေမိလျက် မယ် က အထဲပြန်ဝင်သွား၏။

အစိုး က မယ့် ကို လှမ်းကြည့်ကာ ...

"မယ် ကျွန်တော့်ကို စိတ်ဆိုးနေတာထင်တယ် တကယ်... နဲ့ လာခေါ်တဲ့ ဦးလေး တစ်ခုခုအထင်လွဲသွားပြီဆိုတာ ကျွန်တော်... ပါတယ်၊ လိုက်ရှင်းပြဖို့လည်း ကြိုးစားပါသေးတယ် .. မယ် က ... လျှောက် ကျွန်တော့်ကို မောင်းကတ်နေတာ .."

"အိုကွယ် .."

"ဟား .. ဟား .. ဟား .."

"မင်းက မြို့ကဧည့်သည်ဆိုတော့ သူဌေးပဲဖြစ်ရမယ်၊ ဒါ... အကူအညီပေးဖို့လာတဲ့လူက လက်ချည်းပါလား .."

"မင်းကလည်း ချောင်းထဲမျောသွားပါတယ်ဆိုမှ .. လူမ... တောင် မယ် ကယ်လို့ .."

အဖြစ်သနစ်တွေကို သိပြီးသားပေမယ့် ပြန်မေးကြ၊ အံ့ဩ... ရွာသားတွေရဲ့ အပြောအဆိုကြမ်းတမ်းမှုတွေအပေါ် အစိုး နား... ပေးနိုင်ခဲ့၏။

ထိုညမှာ ဧည့်သည်အတွက်ဆိုပြီး ရောက်လာခဲ့သည် ဟင်း... တွေလည်း မနည်းပါ။

"မယ်ကောက် တို့ သားအမိ မြို့လိုက်သွားမှာလား .."

"လိုက်သွားပါလားအေ .. တောမှာ ဖားသတ် ငါးသတ်... မတိုးတက်ပါဘူး .."

စသဖြင့် ညဘက်ထိ စကားလာပြောတဲ့သူတွေက စုံသွားတယ်...

"မင်း နေကောင်းရဲ့လား မယ် .."

"ကောင်းပါတယ် .."

မိုးမရွာပေမယ့် နက်ချိုက်နေသည့် ကောင်းကင်ကို မော့ကြည့်... နောက်ဖေးရေချည်ပိုင်းနားမှာ မယ် က တစ်ယောက်တည်း ထိုင်...





...လာတာမြင်သည်နှင့် ကဗျာလွှတ်မော့ငေးနေသည့် ပုံစံလေးက ...င်း တောင့်တောင့်မတ်မတ်ဖြစ်သွားကာ ...

"ရှင် ဘာလို့ နောက်ဖေးဆင်းလိုက်လာတာလဲ .. အလိုပို့ကမှ ...ကြတာ ပါးစပ်မပိတ်သေးဘူး .."

"ပိတ်ကုန်ပါပြီ .. အန်တီက မင်း သွားနားပေဆိုလို့ အိပ်ရာမဝင် ...ထွက်လာခဲ့တာ .."

...ပြောပြီး သူမနဲ့ မျက်နှာချင်းဆိုင်မှာရှိသည့် ကျောက်တုံးပေါ်မှာ ...ိုက်ကာ ...

"ငါတို့နှစ်ယောက် ထူးဆန်းတယ်နော် .."

"ဘာကိုလဲ .."

"ငါ မင်းနဲ့ ခွဲထွက်သွားတုန်းက ကြခတ်ရွာကိုရောက်ရင်တော့ ...မှာပဲလို့ ထင်ခဲ့တာ .. စိတ်ပမ်းလူပမ်းနဲ့လေ၊ ကိုယ့်သွားမယ့်ခရီး ...ရောက်တာနဲ့ စိတ်ကိုပေးနားချလိုက်တော့မှာကိုး ..၊ ဒါပေမယ့် မင်း ...တွေ့လို့ ဒီထိ ဆက်လိုက်ခဲ့ရတယ် .. ခုထိလည်း မလဲသေးဘူး.."

"ဘယ်လဲမလဲ ရှင် အိပ်ဖို့ ဖျာခင်းပေးစရာမှမရှိတာ ..၊ မယ် တို့ ...လေးဆောက်နိုင်တာဘောင် တစ်နှစ်မပြည့်သေးဘူး၊ အရီးတို့ဆီ ...ထွက်လာတော့ ဆယ့်ရှစ်လက်မညာဏ်တော်ရှိတဲ့ ရွှေနားကွပ်သကၤန်း ...နဲ့ ကျောက်ဖြူဆင်းတုတော်လေးတစ်ဆူပဲ အမေ့ခေါင်းပေါ်မှာ ...လာခဲ့တာ .."

...မှောင်မှောင်မည်းမည်းထဲမှာ ခေါင်းလေးငုံ့ထားရင်း ပြောပြနေ... မယ့် ပုံရိပ်လေးကိုတော့ သေချာမြင်နေရလေသည်။

...ညဦကို ရုပ်တိုက်ပြေးလာသည့် မိုးသက်တင်လေကြောင့် နည်းနည်း ...စိမ့်သွားသလိုဖြစ်မိသည်။ အစိုး လက်ပိုက်မိမလိုဖြစ်သွားပြီးမှ ...ဒီအတိုင်းနေနေတာကိုကြည့်ကာ လက်ကိုပြန်ချမိ၏။

"ပြီးတော့ ဒီမြေကွက်လပ်ကို ဝိုင်းလေးတစ်ဝိုင်းစာဖြစ်အောင် ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တယ်၊ ရွာထဲက ကလေးတွေလည်း လာပိုင်းကူတယ်၊ ရွာ
ကလည်း ဟိုမေးဒီမေးလာမေးပြီး ဝိုင်းကူဖို့ လူတွေ လွှတ်ပေး
ဒါက ရွာပြင်နတ်နန်းအတွက် အပိုင်စားပူဇော်ထားတဲ့မြေတဲ့ ..၊ ဒါ
လင်မယားဘာညာမပါတော့ မိန်းမသားတွေချည်းပဲမို့ နေဖို့ခွင့်ပြု
တယ် ..''

"ဦးမှန် ဆိုတဲ့ ဦးလေးမို့လား .. သူတို့တွေက မင်းတို့ကို
ရောက်ကြတဲ့ပုံပါ၊ မင်း ကျေးဇူးတင်သင့်တယ် ..''

"ရှင် ဆရာ မလုပ်ပါနဲ့ .. ရှင့်ကို အဖေ့သူငယ်ချင်းရဲ့သား
ပြောချင်တဲ့စိတ်လည်း ဖြစ်လာလို့ ပြောပြနေတာ ..၊ မယ် တို့ကို
ဝေဖန်စရာမလိုဘူး ..''

"ဆောရီး .. ဆောရီး .. ဟုတ်တယ်၊ ငါ သတိထားရမယ့်အ
ကို နှုတ်တိုက်ကျက်ထားတာ မေ့သွားလို့ ..''

"ရှင် လူကို ရွဲ့တာလား ..''

"ဩော် .. ဂွဲ .. မင်းကိုတည့်အောင်ပေါင်းဖို့ ကိုယ်က ကြိုး
နေတာ ..''

"မလိုဘူး .. ရှင်နဲ့ ခင်မင်ဖို့စိတ်ကူးလည်း ငယ်ကျွန်းကမှ မရှိခဲ့ဘူး

"မယ့် ..''

"ရှင် .. လုပ်ပြန်ပြီ ..''

သူမ ထရပ်လိုက်တာနှင့် သူက လက်ကိုဆွဲထားလိုက်မိကာ
ကလည်း ဆောင့်ခနဲ ခါထုတ်ပစ်၍ ..၊

"တောက် ..''

"ဆောရီးပါကွာ .. ဘဲရီးဆောရီး ..''

မတ်တပ်ထရပ်ပြီး အလေးပြုသလိုအမူအရာတွေ ဖြစ်သွားတဲ့
လက်ရော ခေါင်းရော ခယတောင်းပန်လိုက်ရကာ ..၊

"ငါ မင်းနဲ့ စကားပြောလက်စ ပြတ်သွားမှာစိုးပြီး စိတ်လော





ခဏ ပြန်ထိုင်ပါဦး .. အပြင်မှာ ရွာသားတွေလည်း မပြန်ကြသေး
ခင်း အိပ်ခန်းထဲ တန်းဝင်တော့မလို့လား ..''

"ရှင်နဲ့ စကားမပြောချင်တော့ဘူး ..''

"ဒါဆို ကိုယ်မေးတာပဲ ပြောပေးကွာ .. မင်း မဖြေချင်တာ လုံးဝ
း မမေးဘူး ..''

လှယ်ပါလား ..၊

ရိုးမယ်ဖွဲ့ ..။

နာမည်နဲ့လူနဲ့ လိုက်ပါပေ့ .. ဘာကိစ္စပဲဖြစ်ဖြစ် မင်းပဲ ရိုးမယ်ဖွဲ့
စ်ရှာ ..။

"အခု .. အဲဒီ ဆင်းတုတော်လေးကို မတွေ့ဘူးနော် ..''

သူမ ပြန်မထိုင်ဘဲ ခေါင်းရင်းဘက်ကို လျှောက်သွားတော့ သူ
း အတူလိုက်လျှောက်မိသည်။

"မတွေ့ဆို ဒီမြေလေး ရှင်းသွားတာနဲ့ တာလပတ်ခင်းပြီး ဘူးစင်
ါးလေးလုံးနဲ့ ဝါးထရံကျဲကျဲမှာ သစ်ခက်တွေမိုးပြီး နေ့နဲ့ည ဘုရား
း အိပ်ခဲ့ရတာ ကိုးရက်တိတိလေ ..၊ ဘုရားကို မြေပြင်မှာ မချ
တော့ ရွာကျောင်းမှာ သွားသျှုံ့ကိုးရတယ်၊ အဲ့ဒီမှာ ဆရာတော်
တိုင် ကြွလာပြီး မယ် တို့အတွက် လေလုံမိုးလုံအိမ်လေးတစ်လုံး
တ်ပေးဖို့ ရွာထဲမှာ လှုံ့ဆော်ပေးတယ် ..''

"ဩော် ..''

"ရွာလူကြီးတစ်ပြီး ရွာရဲ့ အင်အားနဲ့ အားလုံးဝိုင်းကူညီကြတာလေ ..''

ဒီလို ကျေးဇူးရှိနေတဲ့ရွာကို မင်းက မချေမငံတွေ ခံပြောခံဆိုနဲ့ ကောင်း
ား မယ် ..။

စိတ်ထဲမှာ ရေရွတ်ရင်း ကြောင်မလေး တော်တော်စိတ်ဆတ်ပြီး
ာကို တရားကျမိလေသည်။

"မင်းကို ဒီလောက်ကောင်းကောင်းကန်းကန်း ဆက်ဆံပေးန



www.burmeseclassic.com

www.burmeseclassic.com



တာ ရန်ကုန်ပြန်ရောက်ရင် ထိုအရင်ပြေးထိုးလိုက် ယောကောင် ..
ကိုယ့်အဖြစ်ကိုတွေးရင်း ရယ်ချင်သွားသည်။

"ဒါတောင်မှ အစိုးတို့သားအမိ ဒီအထိရှာဖွေလာပြီး ပြော
သေးတယ် .."

"ဒီရွာတော့ ဖွတ်တက်ပြီပေါ့အေ .. ညည်းလည်း အသိတ
တော့ ရိုးမယ်ဖွဲ့၊ ပျဉ်ထောင်အိမ်မြင့်ကြီးပေါ်ကနေ မြေကြီးမှာ ခွေးယော
တောင် မပြောင်မယောင်အိပ်နေရပြီ ..၊ အဲ့ဒါ ညည်းမိဘတွေ တုံး
အလွန်းလို့လေ .. ပညာမတတ် ဦးနှောက်မရှိနဲ့ကိုး .."

"ညည်းကတော့ စာလေးပေလေးတော့ တတ်ထားပါရဲ့၊ ငါ့အ
တုံးလှတာ ငါ့ကျတော့ ချွန်မ ဟဲ့လို့ အားခဲထားပုံပဲ ..၊ အဲဒါကလည်း
ဘဝင်လေဟပ် စွန်ကြိုးပြတ်တာမျိုးပဲ .. ညည်းတို့မိသားစုတွေ ဘယ်
မှ လူဖြစ်မှာမဟုတ်ဘူးဆိုတာ ငါ ကြိုပြောလိုက်မယ်၊ 'မလျှော့မ
စောင်းကြိုးညှင်း' ဆိုတာမျိုး ကျင့်ကြံနိုင်ဖို့မှ မရှိတာ .."

စကားလုံးတွေအားလုံးကို နှုတ်တိုက်ကျက်ထားသလို မယ်
အကုန်ပြောပြပြီး တွန့်ခနဲမဲ့သည်။

"အဲဒီတုန်းက ပြောသွားလိုက်တာ အသားစီးပဲ .."

"မင်း နေမကောင်းဖြစ်နေတုန်းလား .."

"ဟင့်အင်း .. အမေ အအေးပတ်ပြီး သတိလစ်သလိုဖြစ်နေ
မဟုတ်လို့ကတော့ .. ဟွန်း .."

အစိုး မသိမသာပခုံးတွန့်မိသည်။ ပြီးတော့ ..၊

"မင်းကို တကယ်လေးစားပါတယ် .."

"ဘာအတွက်လဲ .."

"မင်းသာ ပျော့ညံ့တဲ့မိန်းကလေးဆိုရင် ဘဝပျက်တာကြာပြီ
နောက်ဆုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ကိုယ့်ကိုယ်ကိုယ် သေကြော
ကြံတဲ့အထိလည်း ဖြစ်နိုင်တယ်၊ ကိုယ် ကြွားတာမဟုတ်ဘူး .. မင်း





သည်း နှိမ်ချင်လို့မဟုတ်ဘဲ အရှိအတိုင်းပြောရရင် အဲဒီလောက် ဆင်းရဲ
တဲ့ဘဝမျိုး ရှိလိမ့်မယ်ဆိုတာ ယုံကိုမယုံနိုင်ဘူး၊ ပြီးတော့ ရင်ဆိုင်ကျော်
သွားခဲ့ရတာကလည်း မိန်းမသားနှစ်ယောက်တည်းရယ် .."

"အဲဒါကြောင့် ထမင်းဟင်းဆိုတာ ဘာမှန်းမသိအောင်ဖြစ်သွားခဲ့
တာလေ ..၊ မယ် တတ်နိုင်တာလည်း တောထဲဝင်ပြီး တောကြောင်တွေ
ကြွက်တွေ ဖွတ်၊ ပုတတ်တွေ ရှာတာပဲတတ်တာ ..၊ နောက်တော့
ဆန်တွေကိုလည်း ချမ်းသာမပေးနိုင်တော့ဘူး၊ မိန်းမသားတွေပေမယ့်
အစိမ်းတွေသာစားနေရရင် အစွယ်တောင် ထွက်လာနိုင်တယ် .."

"မင်းကတော့ ပိုတောင်လှလာတဲ့ပုံပဲ .."

"ဘာ!..."

"သဘောပြောတာပါ၊ မင်း ပုံစံက မထင်ရဘူး .. ဒါပေမယ့် မင်းရဲ့
ဖြတ်လတ်စူးရှမှုတွေကို မျက်လုံးမှာကြည့်ရင်တော့ သိသာတယ်၊ လူ
တစ်ယောက်ရဲ့ စိတ်အပြောင်းအလဲဆိုတာ မျက်လုံးမှာပေါ်နေတာပဲ
လေ ..၊ ဘာပဲဖြစ်ဖြစ် မင်း အရမ်းတော်ပါတယ် .."

"ရှင့်ဆီက ပထမကြားဖူးတာပေမယ့် အဲဒီ ချီးမွမ်းသံကြောင့် မယ်
စိတ်ချမ်းသာမသွားဘူး .."

"မင်းကို မြှောက်ပြောနေတယ်ထင်လို့လား .."

"အဲဒါကိုလည်း စိတ်မဝင်စားပါဘူး၊ မယ် ခုနပြောချင်တဲ့အဓိက
က မယ် တို့ ဘယ်လောက်ထိဆင်းရဲနေသလဲဆိုတာပဲ ..၊ ဒီအိမ်လေး
တစ်လုံးဖြစ်လာရတဲ့အကြောင်းရင်းရယ် .. တစ်အိမ်လုံးမှာ မယ် တို့အိပ်
တဲ့ သင်ဖြူးလေးတစ်ချပ်ပဲ အကောင်းရှိတာရယ် .. အခု ဖျာမရှိလို့ ရှင်
အိပ်နိုင်ဖြစ်နေတာလေ ..၊ အဲဒါကိုပြောပြတာ .."

"ဒါလား .."

အစိုး က အသံထွက်အောင် ရယ်လိုက်ပြီးမှ ..၊

"အဲဒါက ပူစရာမလိုပါဘူး၊ အခု တစ်အိမ်လုံး ဖျာပြည့်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ ..."

"ဟင်!..."

ခြေလှမ်းရပ်သွားပြီး မယ် က မေးကြည့်သည်။

"ရွာထဲကလူတွေ လာခင်းပေးကြတာလား .."

"ဟုတ်မယ်ထင်တယ် ...၊ စကားပြောနေတုန်း လှည့်ကြည့်လိုက်တော့ အန်တီနဲ့ အမျိုးသမီးတစ်ယောက် ဖုံခါခင်းနေကြတာ တွေ့တာပဲ.."

အိမ်လေးက ခပ်ကျဉ်းကျဉ်းမှာ အိပ်ခန်းသဘောမျိုး ဝါးထရံလေး ကန့်ထားတာ တစ်ခန်းပဲရှိသည်။ တခြားနေရာက ဘုရားစင်နဲ့ ခေါင်းရင်း ခန်းကျဉ်းကျဉ်းလေးပဲရှိသည်။

ဖျာခင်းရရင်လည်း အပြင်မှာ သုံးချပ်ပေါ့။ ဗြီးတော့ ကဖြင်ဆိုတဲ့ ကွပ်ပျစ်လေးက ဖျာနှစ်ချပ်စာလောက် ...၊

"အဲဒါတွေကြောင့် စိတ်ပျက်တာ ...၊ ဟောဒီအိမ်ဆောက်ဖို့အတွက် ရွာက ကူညီသမျှတွေကို မယ် ဘာတစ်ခုမှ ဒီအတိုင်း အလကားယူပြီး မှိန်းနေခဲ့တာမဟုတ်ဘူး .."

"ဘယ်လို!.."

"ဟုတ်တယ် .. မယ် ရှာလို့ရသမျှ ငါးဖြစ်ဖြစ် အသားဖြစ်ဖြစ် အဲဒီတန်ဖိုးသတ်မှတ်ထားတဲ့အတိုင်းအတာ မပြည့်မချင်း သူကြီးအိမ်ကို သွားပို့ပေးလိုက်တယ်၊ နှစ်အိမ်စာ ဖလောက်ရင်ဖြစ်ဖြစ်၊ သုံးလေးအိမ်စာပဲရရ .. မယ် ပြန်ဆပ်နေတဲ့တန်ဖိုးကို သူကြီးက မှတ်ထားခိုင်းပြီး မကျေမချင်း ဆပ်ခဲ့တာ .."

အစိုး နားရှုပ်သွားသည်။ ဘာကိုပြန်ဆပ်တာလဲ ...။ သူမ ရှာဖွေလို့ ရလာတဲ့ အမဲသားငါးတွေက ကိုယ်စားဖို့အပြင် သူများတွေ အကြွေး ဆပ်ဖို့အတွက်ပါ ပေါများနေလို့လား ...။

"ရှုပ်ကုန်ပြီ မယ် .. နေပါဦး၊ ဒီအိမ်ဆောက်ဖြစ်ဖို့ ဆရာတော်က ဆင်းလာပြီး တိုက်တွန်းခဲ့တာဆို .."





"ဒါပေမယ့် လူတွေက ပစ္စည်းစိုက်ထုတ်ပြီ ဆောက်ပေးခဲ့တာဆ ...၊ တောထဲမှာ သစ်တွေဝါးတွေ ဝယ်စရာမလိုဘူးထင်လို့လား .."

"ထင်ပါဘူး .. ဒါပေမယ့် .."

"ရွာထဲမှာ ယောကျ်ားတွေက တောထဲဝင်ပြီး သစ်ခုတ်ဝါးခုတ် လုပ်ကြတာ ...၊ ဒီလိုပဲ မခုတ်နိုင်မဖြတ်နိုင်တဲ့လူတွေကို ပြန်ရောင်းပြီး ငွေရှာကြတယ်၊ ဟင်းစားရှာကြတယ်ဆိုတာက အဲဒါတွေလုပ်ရင်း သွားရင်းလာရင်းနဲ့ ထောင်ချောက်တွေလုပ်ပြီး ဖမ်းတာပဲရှိတာ ...၊ ရရင်ပြန်သယ်တယ်၊ မရရင်နေတယ် .."

"မင်းကျမှ စီးပွားဖြစ်လုပ်နေတာပေါ့ .. ဒါကြောင့် မင်းကို ဟိုလို ဒီလိုတွေပြောကြတာ .."

"ရှင် သိလာခဲ့ပြီလား .."

"ဒီမှာလည်းပြောနေကြတာပဲကွ ...၊ မင်းက အကုသိုလ်နဲ့အရမ်း အကျိုးပေးတာတဲ့၊ မိန်းကလေးဖြစ်ပြီး လက်ယဉ်တာ သတ်ရဲတာတွေ ပြောတော့ ကြခတ်ရွာက ပြောကြသလိုပဲ .. ဘာဂျူးလဲ .."

"ထူးထူး မထူးထူး ကိုယ်လုပ်မှကိုယ်စားရတာ ...၊ ဆန်ပဲစားစား အသားပဲစားစား သူများဆီက အလကားယူထားတာဘာမှမရှိဘူး .."

"သူများအသက်တွေသတ်နေတာ မင်းမှာ နေ့စဉ်အကုသိုလ်ရှိနေ တာပဲလေ ...၊ ငါပြောတာက ကိုယ်ရှာမှ ကိုယ်စားရတာမှန်တယ် .. ဒါပေမယ့် မိန်းကလေးပီပီ .."

"သူများအိမ်မှာ ထမင်းချက် ရေခပ်ပေး ဘယ်တော့မှ မလုပ်ဘူး၊ ချေးတောင်းခေါင်းပေါ်ရွက်ပြီး အော်ဟစ်ရောင်းရဲရင်တောင် ဒီရွာမှာ ကိုယ့်စားပင်ကိုယ်စိုက်ပြီး ကိုယ့်ဘာသာ တိရစ္ဆာန်မွေးတယ် .. ပြန်သတ်စားတယ်၊ မိန်းကလေး ဘာသွားလုပ်စားရမလဲပြော .."

ဒါဆို မိန်းကလေးတွေ ဘာမှလုပ်ကိုင်မစားရတော့ဘူးလားလို့ မေးခွန်းတစ်ခုဖြစ်လာမိ၏။ ဒါကို အစိုး ဖွင့်ဟပြီး မမေးခဲ့ပါ။ သို့သော်...၊



www.burmeseclassic.com

www.burmeseclassic.com



"ရွာက အရမ်းရှေးဆန်ပြီး ခေတ်နောက်ကျတယ်၊ မိန်းကလေးတွေရှိနေကြပေမယ့် မိဘလက်ထဲမှာ ဒါမှမဟုတ် အိမ်ထောင်ရက်သားကျပြီး ဦးဆောင်တဲ့သူရဲ့နောက်မှာ 'ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာပါ' ဆိုတာလို .."

မိန်းကလေးတွေ လုပ်ကိုင်စားလို့မရတဲ့အကြောင်းကို သက်သေနဲ့တကွ ပြောချသွားတာ သူ မေးစရာတောင်မလို ..။

"ရှင် အဲ့ဒါကိုသိချင်တာမို့လား .. မိန်းကလေးတွေ ဘာမှလုပ်စားလို့မရတော့ဘူးလားဆိုတာလေ၊ ရှင့်မျက်နှာမှာ မယ် က ပီပီသသမနေဘူး .. မိန်းကလေးဖြစ်ပြီး သတ်ရဲဖြတ်ရဲနေတယ်ဆိုတဲ့ အတွေးတွေ ရှင့်မျက်နှာမှာ ပေါ်နေတယ်၊ ဒီလိုနေရာမှာ သတ်ရဲဖြတ်ရဲမှ စားစရာနပ်မှန်တယ်ဆိုတာ ရှင် လက်မခံနိုင်ပေမယ့် ရိုးမယ်ဖွဲ့ ရဲ့ ဘဝကတော့ ဒီလိုပဲ .."

"ဟူး .."

သူ့ထံမှ မောလျှစွာ မှုတ်ထုတ်လိုက်သည့် လေပူလုံးကြောင့် သူမက လှည့်ကြည့်သည်။

"မယ့် ကို ရှင် သနားလာအောင် ပြောပြနေတာမဟုတ်ဘူး .."

"ဟော်ဗျာ .."

ခပ်မှောင်မှောင်မှာ မပီပြင်ပေမယ့် သူ့မျက်နှာ ရှုံ့မဲ့သွားပုံကို အသံက ဖော်ပြနေသည်။ မယ် က မျက်နှာပြန်လွှဲ၍ ...

"အဲဒီလို မိန်းကလေးမျိုးအဖြစ်နဲ့ ဒီထိရပ်တည်လာခဲ့ရတာ ခဏတစ်ဖြုတ်ရောက်လာတဲ့ ရှင့်ကြောင့် သူများဝိုင်းကူညီကြတဲ့ ဖျာတွေ အိမ်ထဲမှာ ပြည့်နေပြီ .."

"ဖျာတွေ .. ဟုတ်လား .."

သူ အံ့ဩသွားရပြန်ပြီ ..။ ဒီဖျာတွေကြောင့် သူမ ဒေါတွေပွပြီး ဒါတွေပြောနေတာလား ..။





"မယ် .. ဘယ်သူ့အကူအညီမှ မတင်ချင်လို့ သူများအသက်တွေ လိုင်လိုင်သတ်ပြီး ဒီအိမ်ဆောက်တဲ့အကြွေး မကျေမချင်း ဆပ်လာခဲ့တာ၊ အခု ဒီဖျာတွေက .."

"မယ် .. နေဦး၊ ဒီဖျာတွေကို အနှိတ်ငှားတာလည်းမဟုတ်ဘူး ကိုယ်လည်းမသိဘူး .."

"ရှင် သိဖို့မလိုဘူး .. ရှင့်ကြောင့် အခု ဒီအိမ်က ဧည့်သည်အတွက် သူတို့ ဒီလိုကူညီခဲ့ပါတယ်ဆိုတာ တင်သွားပြီ၊ အဲဒါကိုပြောနေတာ.."

"ဟား .. ပြဿနာပဲကွာ .."

"ဟုတ်တယ် .. ပြဿနာက ရှင်ပဲ .."

"ဒါဆို .. ကိုယ်က ညတွင်းချင်း လမ်းမထွက်အိပ်ပေးရမလား.."

မယ် က ငြိမ်နေသည်။ တိတ်ဆိတ်နေခြင်းက ဝန်ခံနေခြင်းမည်ဆမယ့် မာနတကြီးထွက်မသွားနိုင်တာက သူ ..။ ပိုဆိုးတာက သူ လာရင်းကိစ္စအကြောင်းကို စတော့စထားပြီးပြီပေမယ့် ဒီလိုပြီးရင် ဒီလိုဆိုတာတော့ မပြောရသေးပေ ..။ ပါလာခဲ့သည့် အစီအစဉ်ကို သူမကိုပြောပြဖို့ဖြစ်နိုင်ဘူးဆိုတာ ကိုယ့်ဘာသာတွေးမိရင်း သက်ပြင်းချမိ၏။

"မင်းပဲ ဆက်လက်ပြီး မျက်နှာပြောင်ဖို့ စဉ်းစားတော့ အစိုးယူ.."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဘာမှစဉ်းစားဖို့မလိုဘူး၊ တောသားငမွဲတွေက မြို့မှာ မိန့်မိန့်ကြီး စံစားဖို့ခေါ်ရင် ဘယ်သူက ခေါင်းခါလွှတ်မှာလဲ ..၊ ဒီဟာတွေ ရန်ကုန် ကိုပါကိုပါလာမှာ .."

"မင်းကလည်း အိမ်ထဲကနေ အမျိုးမျိုး ဟောကိန်းထုတ်နေတာပဲ၊ ဖေဖေ့ကို ရင်ဆိုင်ရတော့ ငါတစ်ယောက်တည်း .."

"သြော် .. ရှင်က သီရိ ကိုများ ဒို့အရေးလုပ်ခိုင်းချင်သေးလို့လား၊ ရှင်တို့က သားအဖ .. သီရိ က .."

"ဘာမှ မထူးဘူး သီရိ ..၊ ဘာမှ မဇော်ကြတာအတူတူပဲ .."

"ကိုအောင် .."

သီရိနှယ် ခြေချင်းနှံ့ဘယ်တားတားကို အလန့်တကြားဖြုတ်ပစ်သည်။ ပြီးတော့ ဆတ်ခနဲသရုပ်လိုက်ကာ ..၊

"ရှင် အဲဒီစကားမျိုး ငါ့ဝှတ်ကိုယ်လွှတ်မပြောပါနဲ့ဆိုတာ ဘာဖြစ်လို့ မှတ်မထားရတာလဲ .."

"ဘယ်သူမှ မကြားပါဘူးကွာ .."

"ဘာပဲဖြစ်ဖြစ် နံရံတွေမှာ မျက်စိတွေနားတွေရှိတယ် .."

"ရှိရှိ သီရိ .. ငါမပြောလည်း ဖေဖေကိုယ်တိုင် ငါတို့ကို ဒီတိုင်း





ပြောနေတာ .."

"မဟုတ်ဘူး .. သီရိ ထင်တာတော့ ရှင်နဲ့ နေသူရိန် တို့ပဲ စပြီး သွားကြတာ .."

သွားမတော်ပေမယ့် ကိုယ်က သားနေရာမှာနေတဲ့သူ ..။ ချွေးမဖြစ်နေသည့် သီရိ က သခင်နေရာဘက် ပြောနေသဖြင့် အောင်ထွန်း အံ့သြ သည့်မျက်နှာနှင့် ကြည့်၏။

သီရိ က သူ့ကိုပြန်ကြည့်ရင်း ကိုဖာတွေကြားထဲက ခပ်လှုပ်လှုပ် လျှောက်ထွက်လာကာ ..

"သီရိ လည်းတစ်မ်းပဲ ကိုအောင်၊ ရှင်က စိတ်တိုလွယ်တယ်၊ သီရိ က မိန်းမပီပီ သဘောထားနုပြီး မစွေရစိတ်တွေများနေရင် ဘာမှ လုပ်လို့ ရတော့မှာမဟုတ်ဘူး၊ အဲ့ဒါကြောင့် ရှင် စိတ်တိုနေတာတွေကို ထိန်းသိမ်း သက်ပြန်နိုင်ဖို့ သီရိ က သဘောထားကြီးဟန်ဆောင်နေရတာ .."

ဒီလိုလား ..။

အထင်ကြီးမိသလိုဖြစ်သွားသည့်စိတ်တော့ ပျောက်သွားသည်။ ဒါ သမယ့် ဒါလည်းမှတ်ပါသေးသည်လို့ တွေးမိလိုက်၏။

"အဲဒီလိုပဲ သီရိ ချ၊ မိန်းမညာဏ်ဆိုတာကို လူတွေက အထင်ကြီး ရာအဖြစ်အပျက် သာဓကတွေရှိခဲ့လို့သာ လက်ခံနေရတာ၊ ပြောချိဆို ရင် ကဲ့ရယ်စရာတစ်ခုပဲသိလား .."

နေသူရိန် ရဲ့ ဇနီး စောဥမ္မာ ကားခိုင်းထဲဝင်လာသည်။ အဖြင် သွားမလိုပုံစံနှင့်သမယ့် ဆိုဖာမှာ ..အနေဝင်ထိုင်လိုက်ပြီးမှ ..

"မောင်လည်း ဒီအတိုင်းပဲ .. ငယ်ငယ်တည်းက အတူတူနေလာပြီး ကိုယ့်အဖေရဲ့စိတ်ကို မသိဘူး၊ မနေ့တစ်နေ့ကမှ ရောက်လာတဲ့ စော တပဲ သတိပေးနေရတာ၊ ဆစ်ခနဲ ရှိရင် သွားပြောမယ် .. ဒါလုပ်မယ်နဲ့ ဖြတ်ပဲသိလား .."

လည်ပင်းမှာ စိန်ကုံးနှင့် ဟန်ချိန်းပွေ လက်စွပ်တွေ အပြည့်အဝင် နားမှာအိတ်တွဲနေအောင်ပန်ထားသည့် နားကပ်ကအစ တကိုယ်လုံးစိန်တွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တဖျတ်ဖျတ်လက်နေသည့် စောဥမ္မာ ..။

သူမက စကားပြောတိုင်းလည်း ခေါင်းရောလက်ရောပါတတ်သည်မို့ စိန်တွေနဲ့ သူမက လိုက်တင်(နိုး)ပေးဖို့မလို ..။

အကြံတူကြံသူချင်း တူပေမယ့် မိန်းမချင်းမို့ သီရိနွယ် မျက်နှာတွေက စောဥမ္မာ ကိုယ်ပေါ်က စိန်တွေဆီ တန်းခနဲရောက်၏။

မနာလိုစိတ်သည် မျက်နှာမှာပေါ်တော့မှာမို့ အကြည့်နဲ့အတူ မျက်နှာကိုပါ လွှဲပစ်လိုက်ရ၏။

အကြည့်သည်သာ တလွဲရောက်ခဲ့သော်လည်း သူမ မျက်လုံးထဲမှာ ပြိုးပြက်လက်နေဆဲသာ ..။

တကယ်ဆို အောင်ထွန်း နဲ့ နေသူရိန် ကလည်း ဘာမှမတော်ပေ။ အောင်ထွန်း ကို အရင်မွေးစားကာ နေသူရိန် ထက် တစ်နှစ်ပိုကြီးသဖြင့် အစ်ကိုကြီးဖြစ်သွားခဲ့သည်။

ပြီးတော့ အောင်ထွန်း က စိတ်ဆတ်သလောက် ခံစားချက်ဖြစ်လာပြီဆို မျိုသိပ်နိုင်စွမ်းမရှိပေ။ ရှူးရှူးဒိုင်းဒိုင်းပြောချလိုက်ပြီးမှ ကိုယ့်နဖူး ကိုယ်ရိုက်ပြီး တက်ခေါက်တာမျိုး ..။

နေသူရိန် ကတော့ မျိုသိပ်နိုင်သည်။ လက်ထပ်လိုက်သည့် မိန်းမ ကလည်း အကြံကြီး၏။ ထိုအခါ နေသူရိန် ရဲ့ မြဲစိစိပုံစံက မျိုသိပ်နိုင်စွမ်းသည့် အောင်မြင်မှုတွေနဲ့ ဝေဆာနေခဲ့၏။

သူမ မှာတော့ ဒီအိမ်ရဲ့ ချွေးမကြီးတော့ ဖြစ်ခွင့်ရခဲ့ပါရဲ့ ..၊ စောဥမ္မာ ထက် အစောဆုံးရောက်လာခဲ့ပြီး ခုချိန်ထိ ကိုယ်ပေါ်မှာ စိန်တစ်ဆင်စာ မြဲခဲ့တာမရှိ ..။

စောဥမ္မာ က စကားတွေ ပြောနေသလောက် သီရိနွယ် စိတ်တွေ လွတ်ကာ မိန်းမချင်းယှဉ်ပြီး ရင်ကုမနာဖြစ်ရခြင်းတွေနဲ့ လုံးထွေးနေခဲ့၏။

"အခု .. အဖေ ပြောပုံကိုကြည့်လေ သီရိ ရဲ့ .. အချိန်တန်တော့ သူ မွေးထားတဲ့သားကသာ သူ့ခံစားချက် အခက်အခဲတွေကို နားလည် တဲ့ပုံ ပြောသွားတာ၊ အဲဒါ သူတို့ အပြောမတတ်တာတွေကြောင့် ..





"အော .. နင်က ငါ့ကိုပါ ထည့်ပြောလိုက်တာလား .."

ဥမ္မာ က အောင်ထွန်း ကို တောင်းပန်သလိုကြည့်ပြီး ရယ်ကာ..၊

ဟုတ်ပါဘူး အဓိကပြောချင်တာက စော ယောကျ်ားကိုပါ၊ စော တို့လည်း အဲဒါကိုပြောရင်း ငြင်းခုံလာရတာလေ ..၊ အောင်ထွန်း တို့လိုပဲ မောင်ကလည်း သူ့ကို အပြစ်တင်ရင် ဘူး .."

အောင်ထွန်း အောင့်သက်သက်မျက်နှာကြီးနှင့် ငြိမ်ကျသွားသည်။

ဟုတ်တယ် .. စော က ဘယ်လိုစိတ်ကူးတွေရှိထားလို့လဲ ပြောပါဦး.."

"စိတ်ကူးရှိလို့ မဟုတ်ပါဘူး၊ သူတို့ပြောတာဆိုတာလေးတွေ လွဲချော်ကိုပဲ ပြောပြတာပါ .."

သီရိနွယ် မျက်နှာမဲ့ပေမယ့် မျက်ဝန်းတွေက တော့ အေးခနဲဖြစ် ၊ စောဥမ္မာ အကြောင်း သူမ မသိဘဲနေမလား ..။ စကားချိုချို လိုက်ရောပြီး ဘယ်သူ့စိတ်ကူးဘယ်လို ဘယ်သူကဘာစကား က်သလဲဆိုကာတွေကို နှိုက်ထုတ်စုဆောင်းမည်။

သူမတို့ရဲ့ စိတ်ကူးအကြံအစည်တွေကိုတော့ ဘယ်သူမှ မသိရ အမြဲတမ်း လျှို့ဝှက်၏။ ဒီလိုသိနေပေမယ့်လည်း သူမ အပြော လွှန်းတော့ ကိုယ့်စကားမပါအောင် ထိန်းချုပ်ဖို့က မလွယ်ပေ။ လည်း အဘိုးကြီးက ဒီလိုဆန္ဒရှိနေတာ ရှင်ဒီလိုမပြောနဲ့ ဒီလိုပြော ပ်နဲ့ ဒီလိုနေ စသဖြင့် ယောကျ်ားကို နှုတ်တိုက်သင်ကြားပေးပြီး ပါပြီ ..။

"အဖေက အသက်ကြီးလာပြီလေ .. စကားတွေတောင်စဉ်ရေမရ ည်း ပြောလာပြီ ..၊ အဲဒါကို ကိုယ်ကပါတောင်စဉ်ရေမရ လိုက် လိုဖြစ်မလား သီရိ ရယ် .. မဟုတ်ဘူးလား .."

"ဟုတ်တယ် .. အဲ့ဒါကိုပဲပြောနေတာ၊ ကိုယ်က အားမပေးချင်နေ သီးနဲ့ပေါ့ .. ယောဒီ ကိုအောင် ကတော့ ပြောလည်းမရပါဘူး ဟယ် .."

"ဘာထူးလဲ .. ငါ့အလုပ်ငါသိတယ်ဆိုတာချည်းပဲ၊ မောင်ရေပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ ...၊ အခု ဟိုကပြန်ရောက်လာတော့မ သ် တောက မိသားစုတွေ လိုက်လား .. သူ့ကျေးဇူးရှင်ဆိုတဲ့ တစ်သိန်းတန်အဘိုးကြီးလား

"အို .. ဘယ်သူပဲရောက်လာလာ ငါတို့အတွက်ကောင်းဖို့ စော ...၊ မိသားစုလိုက်ဆိုရင်ပိုဆိုးပြီ၊ အခု အစိုး က 'ငမောင်တော မြောက်မှန်းမသိ' လုပ်နေလို့ စီးပွားရေးတွေလုပ်ပါတော့မယ်ဆို ပါလာရင် ဒါလေးနဲ့ ရပ်တည်နေရတဲ့ ငါတို့တွေ သွားပြီ .."

"ဟုတ်တယ် .. ဟုတ်တယ် .. စောတို့ လည်း ဒါကိုပဲပူနေ

"ပူနေရုံနဲ့ ခရာဘူးလေ .. ငါတို့က ကိုယ့်ဇာတ်ကိုပဲ ကပ်ပေါ် ရမှာ .. သံယောဇဉ်တွေကြီးနေအောင် ပြု ဘးချည်နှောင်ထားရမှာ သူက ကန့်လန့်တိုက်ဖို့ပဲ .."

စကားတွေပြောနေရင်းမှ အာဥမ္မာ ချက်နှာမှာ စိတ်ဝင်တ ဖြစ်လာတာကို သတိထားမိလိုက်၏။ သို့သော် ...၊

ပြီးပြီ ...၊

ပြောလိုက်ပြီပြန်ပြီ ဟိုအကြံဒီအကြံတွေ ...။

ကိုယ့်စကားကို ဘရိတ်အုပ်ဖို့ သတိရပေမယ့် စိတ်ကူးအကြံ တွေလည်း ကုန်ပါပြီ။

"ကဲ .. ရှင်လည်း အပြင်သွားစရာရှိတယ်ဆို ကိုအောင် ..

"ဘယ့်နှယ် ရုတ်တရက်ကြီး ငါ့ကိုလွှတ်နေတာလဲ၊ မျက် မှာ ပြောရတာအားမရလို့ ကွယ်ရာမှ ဒိုတက်ဆိုးတာတွေပြောပြီး တုတ်ချင်လို့လား .."

အရေးထဲမှာ ဒီလူ 'တုံး' တာ 'အ' တာကတစ်မျိုး ...။

မိန်းမချင်းမို့ စောဥမ္မာ ကတော့ သဘောပေါက်နေကာ -

ကာကွယ်ပိတ်ဆို့ဖို့ ကြိုးစားမနေနဲ့ သိပြီးသား ...။





## အခန်း (၁၀)

"ငါ ဒီလိုကြားရမယ်ဆိုတာ သိပြီးသားပါ မယ် ရယ် .."

အမေ့ စကားသံက နာကျင်ကြေကွဲမှုတွေနဲ့ပါလား ...၊

မီးဖိုပေါ်မှာ ကြွက်ကို ပျှန်လှောကင်နေရင်း အံ့ဩသွားမိသဖြင့် ကြည့်လိုက်မိသည်။ အစိုး က ရွာသားတစ်ယောက်နဲ့ မနက်တည်း ပါသွားတာ ပြန်မရောက်သေးလေ ...။

ဒေါ်ကောက် က ကျက်သွားပြီဖြစ်သည့် ရှေကြက်ကင်ကို ပန်းကန် လေးထဲ ဖွဲ့ထည့်ရင်း အရှမ်းပူနေသည့်နေရာရောက်လိုက် ပြန်ချထား ပြီ ပြန်ကိုင်လိုက်နှင့် ...၊

"ငါကတော့ ဟောဒီအသားတွေကိုပဲ ပြုတ်လိုက်ကြော်လိုက်နဲ့ ချင်း ဘုရားရှိခိုးတိုင်း မုသာဝါဒတွေနဲ့ ရောပြွန်ဦးချနေရတဲ့နေ့တွေ ချင်လှပြီ .."

"ဘာဆိုင်လို့လဲ အမေ .."

"မဆိုင်ဘူးဟုတ်လား .. ညည်းက ငါသတ်တာပဲ အမေနဲ့မဆိုင် သို့ထင်နေတာလား .."

"မယ် ကရော ဝါသနာပါလို့ သတ်နေတာလား အမေရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ညည်းအခု ဝါသနာပါနေပြီ မယ် .."

"အမေရယ် .. ဒုက္ခပါပဲ .."

မယ် က တိုတိုတုတ်တုတ်ဝတ်ထားသည့် ထမီကို ထိုင်ရင်း အောက်စဆွဲသိမ်းသည်။ ပြီးတော့ ကြက်ကင်ကို ပြန်ကိုင်၍ လက်ဖက်ကို နေရာစုံပို့ရင်း ညည်းလည်းညည်း၏။

"ဝါသနာပါနေလို့သာ ဒီဘဝကလွတ်မြောက်ဖို့အခွင့်အလမ်း နေတာကို ခါးခါးသီးသီးဖြစ်နေဟာပေါ့ .."

"အမေ့ .."

"မပြောနဲ့ မယ် .. ဘုရားရှိခိုးပြီးတောင်းတောင် သတ္တဝါတွေကို မပို့ရဲတဲ့ ငါ့ဘဝ .."

"အမေ့ဘာသာပို့ပါလား သတ်တာက မယ် ပဲဟာ .."

"အဲ့ဒါတွေကို ဝါးမျိုနေတာက ငါလေ .."

"ဒါဆို မယ် ရှာလာတဲ့ အမဲသားငါးတွေကို ရွာထဲမှာပြန်ရောင်းတာ ကြွေးဆပ်ခဲ့တာတွေက ငရဲတွေ မျှဝေခံနိုင်းနေတာလား .. ရလာတာကို သူတို့စားတာနဲ့ပဲ ငရဲတွေအတူတူပြေးကုန်ရောလား"

"ကပ်သပ်ပြောမနေနဲ့ မယ် .. ငါက ညည်းအမေ ညည်းကို ငါ ကျွေးရမှာ .. ငါ ဆုံးမခဲ့ရမှာ .."

"ဘုရားဒကာကမွေးတိုင်း ဘုရားဒကာပ်စီလေးတွေဖြစ်လာတာ မဟုတ်ပါဘူး အမေရယ်၊ မြှစက်တော်ခြေတော်ရာဘုရားကြီး ကြီးအကြောင်း အမေလည်း ကြားဖူးသားနဲ့ .. တစ်သက်လုံးက လိုက် သတ်ဖြတ်လာတာ ဘုရားနဲ့တွေ့တော့ ချက်ချင်း .."

"ညည်းကျတော့ ချက်ချင်း ကျွတ်တမ်းဝင်လို့လား .. မြို့ကို ခဲ့ပါ .. အိုးအိမ်စည်းစိမ်ပေးပါ့မယ်လို့ ဟိုကခေါ်နေတာ ညည်းဘာ ပြောပစ်လိုက်သလဲ .."

လည်ပင်းလေးလိမ်ပြီး လှည့်ကြည့်နေသည့် မယ့် မျက်နှာ





ပြန်ရောက်သွား၏။

"အကယ်တမ်း မလုပ်ချင်ဘဲလုပ်နေရတဲ့လူတွေက ဘယ်က အားလင့်စရာ အခွင့်အရေးမှမရှိခဲ့ကြလို့လုပ်နေကြတာ၊ ညည်းက သတ်ဖြတ်စားသောက်နိုင်နေတာကို ငါ့ခြေထောက်ပေါ် ငါရပ်မယ်ဆိုတဲ့ မာနတွေနဲ့ .."

"အမေရယ် .. အမေပဲ ပြောတော့ .."

"ပြောရမယ် .. အခု ပြောနေရုံနဲ့ မရဘူးဆိုရင် ရမယ့်နည်းသုံးရ .."

ကြက်ကင်လှန်ပေးနေသည့် မယ့် လက်ကလေး တုံ့ခနဲရပ်သွား၏။ ဆက်လှုပ်ရှားသည်။ ဒေါ်ကောက် က မယ့် ကျောပြင်လေးကို ..င်ရှေ့ အဆင့်ပေါ်ကနေ လှမ်းကြည့်ရင်း ...

"ရွာသားတွေကဆို ငါတို့အတွက် ဘယ်လောက်များ ဝမ်းသာနေလဲ၊ အစက ဆေးဖော်ကြောဖက်မလုပ်တဲ့ လူတွေကလည်း ငါတို့ ..ကြာ် ထမင်းတွေပို့ပေး ဟင်းတွေပို့ပေး ထ..းခွဲပြီးသားတွေ ထမ်း ..ပို့တဲ့သူကပို့ .."

"အဲဒါ အစိုးရ ကို ဖားပြီးပို့နေတာ၊ မယ် တို့ကိုမဟုတ်ဘူး .. လူ ..က မစားရအညှော်ခံ .. အဲဒါမျိုး ဖားရမယ်ဆို မျက်နှာပြောင်ပါ့ .."

"ရပြီ .."

မယ် က မီးဖိုပေါ်က ကြက်ကင်ကို မီးဖိုဘေးမှာထောင်လျက် ..တ်ပစ်လိုက်ပြီး ထလာသည်။ ပြီးတော့ ဒေါ်ကောက် ရှေ့မှာ တင်ပါး ..ထိုင်လိုက်ပြီး ..

"မယ် တို့ မလိုက်သွားပဲနေရင် ဒီလူတွေ ကဲ့ရဲ့ကြတော့မယ်ဆို အမေက ဂရုစိုက်နေတာမို့လား .."

ဒေါ်ကောက် က ခေါင်းခါပြီး ပါးစပ်ပြင်လျှင် ..

"ငါတို့ကို ဖားနေတာလေးတွေ ပြန်ပျောက်ကုန်မှာပဲလို့လည်း

www.burmeseclassic.com



အမေ တွေးနေတယ် ..."

"သြော် .. ညည်းက ငါ့ရင်ထဲတောင်ဝင်ကြည့်နိုင်ပြီပဲ .. အသာ
ငါးစိမ်းတွေသာစားနိုင်ပြီဆိုရင်တော့ ထမီမခြုံရဘဲနဲ့ လင်းတကြ
သွားမှာ သေချာနေပြီပေါ့ ..."

ကိုယ့်သမီးကို စုန်းမလို့ပြောလိုက်တာပေမယ့် မယ် က စိတ်
ဘဲရယ်ကာ ..။

"ဟိုတုန်းကရော ဒီလူတွေဘာများကူညီခဲ့လို့လဲ အမေရယ်
ဂရုစိုက်စရာမလိုတာကိုပြောတာပါ၊ ဒီအိမ်ဆောက်တဲ့ အကူအည
အတွက် မယ် ရှာလို့ရတဲ့ အမဲသားငါးတွေ လနဲ့ချီပြီး သွားပို့ပေးနေ
ကလည်း အမေပဲ 'ဒီလိုမလုပ်ပါနဲ့ သူတို့စေတနာကို စော်ကား
ဖြစ်ပါ့မယ်၊ စိတ်ဆိုးသွားပါ့မယ်' နဲ့ ..."

ဒေါ်ကောက် ဘာမှမပြောနိုင်ဘဲ ထိုင်ကြည့်နေရတော့သည်

"တကယ့်တကယ် မယ် သွားပေးတော့ သူကြီးအိမ်မှာ မယ့်
တွေ ချလိုက်တာနဲ့ အမဲတစ်ကိုဝင်ထိုးဖို့ အော်ဟစ်ပျံ့ဝဲနေတဲ့ ကျ
လိုပဲ ..."

"မိုက်ရိုင်းနေတာကြည့်ဦး ..."

"ဥပမာပေးတာလေ အမေရဲ့၊ သူကြီးဆိုရင် သွားကြီးအဖြီး
မယ် လာမယ့်လမ်းကို မျှော်တောင်မျှော်နေသေးတယ် ..."

"ဒါကတော့ လာဘ်လာဘဆိုတာ မကြိုက်တဲ့လူမရှိဘူး -"

"မယ် က လာဘ်ထိုးတာမှမဟုတ်တာ ဟန်ဆောင်ပြုံးနေတာ
ကို ခွာချပြချင်လို့ ကြွေးပြန်ဆပ်တာ၊ အဲဒီလိုလုပ်ရပ်မျိုးက တ
စေတနာထားတဲ့လူဆိုရင် ခေါင်းခေါက်ပါးရိုက်တာထက်တောင်
ဦးမယ်၊ မာနကြီးတဲ့လူဆိုရင် လဲသေသွားနိုင်တဲ့ကိစ္စ ..."

"အေးပေါ့ .. ညည်းလောက် ဘယ်သူမှ မာနမကြီးကြလို့
ညည်းပဲ မာနရှိတာ၊ ညည်းပဲ သတ်နိုင်ဖြတ်နိုင်တာ တစ်ရွာလုံးစာ





တ်တာလေ .. ရေဲကိုတိုက်ရိုက်ဆင်းလို့ရအောင် ဆီပုလင်း ခါး
ပြီးတော့ ..."

ယ် ရယ်လည်းရယ်ချင်သည်။ အမေ တကယ့်ကို ဒေါသထွက်
နမှန်းသိလို့ စိတ်လည်းညှစ်မိ၏။

"အမေရယ် နောက်ဆို မယ် ဟောဒီထဲမထွက်တော့ဘူးလို့ အမေ့
ပြီးပြီပဲ၊ ဘုန်းဘုန်းကလည်း ကျောင်းရဲ့နောက်က မြေကွက်မှာ
ပ်ဖို့ပြောထားတယ်လေ၊ ချောင်းကနေရေသွယ်ပြီး စိုက်လို့ပျိုးလို့
လုပ်တဲ့ ..."

"သြော် .. ခုတော့ လယ်လုပ်တော့မယ် ဖြစ်သွားပြန်ပြီလား .."

"အင်းလေ .. သွေးသံရဲရဲ အမေ မကြိုက်ဘူးမို့လား၊ ဒါပေမယ့်
ထဲမှာ ငါးတော့ရှာရမှာပဲ၊ ဒါက ဟင်းစားအတွက်ပေါ့၊ အမေ
ရင် အမြဲမဖမ်းပါဘူး .. ဟင်းသီးဟင်းရွက်စိုက်တာက သွယ်တာ
.. အကုသိုလ်အလုပ်ကို တဖြည်းဖြည်းလျှော့ပါ့မယ် .."

"အမေက ညည်းကို အဲဒီလိုလည်း မပင်ပန်းစေချင်ဘူး မယ်၊
အလုပ် ထွန်ယက်စိုက်ပျိုးတဲ့အလုပ်တွေကလည်း မိန်းမသားတစ်
တ်တည်း ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ်ဆိုလည်း မလုပ်ရ
အမေ ညည်းကို မကူညီနိုင်ခဲ့သလို ခုရောနောက်ရော အမေက
နီးလာလေ မကူနိုင်လေပဲ ..."

"အမေရယ် ..."

"မပြောနဲ့ မယ် .. ဘာမှမတတ်နိုင်ခဲ့လို့ ဆိတ်ဆိတ်သားထိုင်ကြည့်
ရတာ၊ အခု အမေ တတ်နိုင်တဲ့ အခွင့်အရေးပေါ်လာပြီ၊ နည်းနည်း
သေးတာနဲ့ အကောင်းဆုံး ဘယ်ဟာကိုရွေးမလဲဆိုရင် အကောင်း
ကိုရွေးရမှာပဲ ..."

"အစိုးရ နဲ့ မြို့ကိုလိုက်သွားဖို့ မဖြစ်နိုင်ဘူး အမေ .."

"ဖြစ်နိုင်ရမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ အမေရယ် ..၊ မြို့မှာ မယ် ပညာလည်းမတ
မြို့လိုလည်း မစားတတ် မနေတတ်ဘူး .."

"မခိုင်လုံတာတွေအကြောင်းပြမနေပါနဲ့အေ .. သူများကို အ
ပြီး မနေချင်တာပဲ မဟုတ်ဘူးလား .."

"အဲဒါကတော့ အဓိကပေါ့၊ အမေက မယ် ပြောရင်လ
တာ၊ ဦးစိုးရာ ဆိုတာ အမေနဲ့ ဆွေမျိုးလည်းမဟုတ်ဘူး၊ အမေ့ သူ
ချင်းလည်းမဟုတ်ဘူး .."

"ယောကျ်ားချင်းမှ သူငယ်ချင်းဖြစ်လို့ရတာမဟုတ်ဘူး မယ်
ရယ် ညည်းအဖေရယ် ငါရယ်က ငယ်ငယ်တည်းက ကစားဖော်
ဖက်၊ ငါကလည်း မတော်ပါဘူး ဒါပေမယ့် စိုးရာ လူလည်ကျသွာ
ညည်းအဖေဘက်က ငါနဲ့အမြဲတမ်းရန်ဖြစ်ရတာ .."

"ရန်ဖြစ်နေရတာကို အရမ်းချစ်တဲ့ သူငယ်ချင်းလို့ပြောလို့ရ

"ရန်မဖြစ်တဲ့ သူငယ်ချင်းတွေမှ ခင်ကြပါတယ်လို့ရော ည
ဘယ်သူပြောထားလို့လဲ ..၊ ဆွေမျိုးတော်တဲ့လူတွေကရော ငါတို့
ဘယ်လောက်များကောင်းခဲ့သလဲ ..၊ ညည်း သိချင်တဲ့နေရာက
သိနေပြီး ဒါတွေကို ထည့်တွေးကြည့်စမ်းပါ .."

"မတွေးချင်ဘူး အမေ၊ အမေ့အတွက် ဘယ်လိုမိတ်ဆွေသူငယ်
ပဲဖြစ်ဖြစ် မယ် နဲ့ ဘာမှမဆိုင်ဘူး၊ အမေနဲ့လည်းမဆိုင်ဘူး၊ သူက အ
ကိုရှာဖွေပြီးလာတာ .."

"မဟုတ်ဘူး မယ် .. မိသားစုအရေးကိုပါ နည်းလမ်းတွေထည့်
လိုက်သေးတယ်၊ အကယ်၍ ကိုရွှေရိုး ရှိနေသေးရင် သူ့မှာလည်း
ပွဲပေးကမ်းခဲ့ဖို့ပါလာရင် အဲဒါကတစ်မျိုး၊ အခု သူထင်ထားတာ
ငါတို့က အများကြီးပိုပြီး ဒုက္ခရောက်နေတာ .."

"မယ် တောင်းပန်ပါတယ် အမေရယ်၊ ရန်ကုန်မြို့ကြီးကို
နဲ့ မအူပင်မြို့ပေါ်ကိုတောင် နှစ်ခေါက်ပြည့်အောင် ရောက်ဖူးတာ



ဘဲနဲ့ ဘာမှမသိတဲ့လူတွေကို အားကိုးပြီး ဘယ်လိုယုံစားရမှာလဲ ..၊
အစိုးယူ ဆိုတဲ့လူနဲ့ဆို ပိုဆိုးတယ်၊ သူ့ကို စေတနာလေးပေါက်ပြီး ကယ
မိခဲ့တာပဲရှိတယ်၊ တစ်လမ်းလုံး တောင်လျှောက်မတည့်ခဲ့တာ .."

"ညည်းကပဲ နေမှာပါ၊ ဟိုကောင်လေးက ညည်းကိုသည်းခံနေရှာ
တာ အားလုံးမြင်တယ် .."

"ဖြစ်ရမယ် .."

မျက်နှာလေး ရှုံ့မဲ့ညည်း၏။

"ရပြီ .. ဒီအကြောင်း ညည်းကို ထပ်မပြောတော့ဘူး .."

ဒေါ်ကောက် က မထွင်ရသေးသည့် ကြက်ကင်ကိုရော၊ ဖွဲ့ထွင်
ပြီးသား ပန်းကန်ကိုပါ ဖျာပေါ်ကနေ ထရံထောင့်ကပ်သွားအောင် တွန်း
ဖို့ပစ်လိုက်ပြီး ..၊

"အခု ငါဘာလုပ်မယ်ဆိုတာ ပြောတော့မယ် .."

ပြောပြီး မယ် နဲ့ မျက်လုံးချင်းဆုံအောင်စောင့်သည်။ ပြီးမှ ...

"တစ်ယောက်ကောင်းစားချင်ရင် တစ်ယောက်က ပျက်စီးရတယ်
တဲ့ .. အဲဒီစကားပုံက အားလုံးအတွက်တော့ ဟုတ်ချင်မှ ဟုတ်လိမ့်မယ်
ငါကတော့ အဲဒီအတိုင်းလုပ်ရဖို့ရှိလာပြီ .."

"ဟင် .. အမေ ဘာကိုပြောတာလဲ .."

"ညည်းကို အမေ ဟောဒီ တောကြိုအုံကြားလေးမှာ ဓားတစ်ချောင်း
လောက်လေးခွတစ်လက်နဲ့ ယောကျ်ားမှန်းမသိ မိန်းမမှန်းမသိ ပေပေ
တေတေနေရင်း ဘဝဆုံးသွားမှာ အဖြစ်မခံနိုင်ဘူး၊ အကုသိုလ်ကင်းအောင်
ကြိုးစားမယ်ဆိုတဲ့ ညည်းပြောတဲ့ ပြုပြင်ပြောင်းလဲမှုတွေကိုလုပ်လည်း
ငါများသေသွားခဲ့ရင်ရော .."

"အမေကလည်း .."

"မပြောနဲ့ ညည်း ပြောတာတွေကို နားမထောင်ချင်ဘူး၊ မိန်းမ
တစ်ယောက် ဘယ်လောက်ပဲ စိတ်ဓာတ်မာကျောနေနေ ဘယ်လိုကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တမ်းတဲ့မိန်းမပဲဖြစ်ဖြစ် မိန်းမက မိန်းမပဲ ..၊ ရုပ်ရှိအရွယ်ရှိတုန်းမှာ..”

“ဟာ .. အိမ်ထောင်ရေးတွေဘက် ရောက်သွားပြန်ပြီ ..”

မယ် မျက်နှာလေးမဲ့လျက် မီးဖိုဆီပြန်ဆင်းထိုင်၏။ ကျောခိုင်းထားလိုက်ပေမယ့် အမေ့ စကားတွေကို ကြားနေသည်။ မီးသတ်ဖို့ ရေထွက်ခပ်ပြီး မီးဖိုနားပြန်ထိုင်တော့လည်း အမေက ဒါကိုပဲ ပြန်ဆက်၍ ..၊

“ညည်းကို လင်ယူဖို့ပြောနေတာမဟုတ်ဘူး၊ အေး .. အဲဒီလိုယူမယ့်သူရှိရင်တောင် ကျေးဇူးတင်ရဦးမှာ .. ငါသေသွားလို့ ညည်းဒီအတိုင်းကျန်ခဲ့ရင် သူများစော်ကားတာခံရပြီး ဘဝပျက်မှာ နားလည်ရဲ့လား ..”

ဘာမှ ပျက်ဖို့မရှိဘူး ..။

စိတ်ထဲမှာ ပြန်ပြောမိရင်း တစ်ဖက်ကရေသွန်ချကာ လက်ဖဝါးတစ်ဖက်နဲ့ခံပြီး ရေပေါက်တွေအဖြစ် မီးဖိုပေါ်ကို ဖြန်းချနေမိသည်။

“အဲဒီတော့ အစိုးရ နဲ့ မြို့ပေါ်ကို ညည်းလိုက်မပြောင်းဘူးဆိုရင် ငါ ညည်းနဲ့ မနေတော့ဘူး မယ်၊ ဃောဂီဝတ်ပြီး ငါ့ဘဝအေးရာအေးကြောင်း ရှာသွားတော့မယ် ..”

“ဟင်!..”

“ဘုတ် ..”

ရေတစ်ဝက်လောက် ကျန်သေးသည့် အုန်းမှုတ်ခွက်က မီးဖိုထဲကို အလုံးလိုက်ပြုတ်ကျ၏။ ရေနဲ့ ခွက်၏ အရှိန်ကြောင့် ပြာမှုတွေထောင်းထောင်းထသွားလေသည်။





## အခန်း (၁၁)

“နောက် သတိရရင်လည်း လာလည်ကြဦးပေါ့ ..” တဲ့ ..။

လက်ပြနှုတ်ဆက်နေသူတွေကို မယ် က လှည့်လည်းမကြည့်၊ ပြုံးလည်းမပြ ..။

အစိုးယျု နဲ့ ဒေါ်ကောက် တို့ကတော့ လှေထွက်နေတာတောင် လက်ပြလို့မပြီးနိုင် ..။

“မယ် ရယ် .. ငါ့သမီးကလည်း ရိုင်းလိုက်ပါဘိတော့ ..”

“ကိုယ်နေတတ်သလို နေတာပဲ အမေရယ်၊ အဲဒီလိုဟန်ဆောင်ပြုံးတာတွေ စိတ်ပျက်လွန်းလို့ ..”

ဒေါ်ကောက် အစိုးယျု ကို စိတ်မလုံသလိုလှမ်းကြည့်မိကာ ..၊

“ဟန်ဆောင်မှုဆိုတာလည်း လူမှုရေးတစ်ခုပဲအေ့ ..၊ ငါတို့လည်း သူတို့နဲ့ ကင်းခဲ့ကြတာမှ မဟုတ်တာ ..”

“ဘာလို့မကင်းရမှာလဲ .. အဲဒီလိုနေလို့ရအောင် အထူးသဖြင့် ကင်းအောင်နေခဲ့တာ၊ မယ် မလုပ်ချင်တာတွေ တစ်ခုပြီးတစ်ခု လုပ်ရဖို့ဖြစ်လာတာလည်း အဲဒီလူတွေကြောင့်ပဲ အရမ်းမုန်းတယ် ..”

လှေဦးမှာထိုင်ပြီး ရွာထဲက လှေထိုးသားရှေ့မှာ ကျကျနနကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မုန်းပြနေတော့သည်။ ပွဲပိုင်းမှာထိုင်ရင်း အစိုးယျ နဲ့ မျက်နှာချင်းဆိုင်နေကြည့်နေရကာ မျက်နှာပူတာကို ရှောင်လွှဲနေဖို့လည်း မရ ..။

"ရေတွေဝင်လာပြီ ကိုဘထူး၊ ရှင့်လှေက ဝမ်းဗိုက်ဒဏ်ရာရှိနေတာလား .."

"အေး .. ဟုတ်တယ်ဟ .. ရပါတယ် .. ငါ စိုင်ကော်ရှာထိတော့.. ဟာ!..."

"မရတော့ဘူး .. ကမ်းကိုကပ်လိုက်တော့ .."

လှေက ရေတွေချက်ချင်းများလာသဖြင့် မယ် က တွင်တွင်ခပ်ထုတ်ရင်း မျက်မှောင်ကုတ်နေကာ ..၊

"ဒီလှေက ရေကျတုန်းက ဒဏ်ရာဖြစ်လို့ ပြင်နေရတဲ့လှေမို့လား၊ ကမ်းနားမှာ မယ် တွေ့နေသားပဲ .."

"မဟုတ်ပါဘူး .. ပျက်ပေမယ့် ကောင်းနေပါပြီ .."

"ဟွန်း .."

မယ် က မဲ့၍ ..၊

"ကမ်းနားမှာ လှေတွေရှိနေသားနဲ့ ဒီလှေနဲ့ပို့လိုက်ဆိုပြီး ပေါက်နေတဲ့လှေကို လက်ညှိုးထိုးတယ်၊ လှေလှော်ဖို့ကျတော့ ဆင်လောက်ရှိတဲ့ ကိုယ်ခန္ဓာနဲ့လူကို ခိုင်းတယ် .."

"မယ် .."

"မဟုတ်လို့လား အမေ ..၊ ခုပဲ ကမ်းမရောက်ခင် နစ်သွားရင် ရေမကူးတတ်တဲ့ အမေ့ကို အသေရရ အရှင်ရရ မယ် အသက်စွန့်ကယ်ရတော့မှာ .."

"မနစ်ပါဘူးဟ .. ကမ်းရောက်အောင်တော့ ရပါသေးတယ် .."

လှေသမားခမျာလည်း စိတ်မဆိုးသည့်ပြင် မယ့် ကို ဖြေရှင်းပြနေရသေးသည်။

"မင်း ဖယ် .. အဲ့ဒီရေခွက်ပေး .."



အစိုးရ့ က မယ့် နားကပ်ထိုင်လိုက်ပြီး ရေခွက်ကိုလှမ်းကိုင်သည်။ မယ် က လက်ကိုလွှဲပစ်လိုက်ကာ ..၊

"မလိုပါဘူး .. ရှင် အမြင်မတော်ရင် လက်ခုပ်နဲ့ ဝင်ခပ်ပြီးထုတ်ပစ် .."

"ရေတွေများနေလို့ပြောတာ .. မင်း တစ်ယောက်တည်း လက်အံ့သေမှာပေါ့ .. ပေး .."

"အခု အံ့မသေသေးဘူး .. အပိုတွေလုပ်မနေနဲ့ .."

"အစိုးရ ထားလိုက် သူ့ပေးမှပဲယူ ..၊ ဒီမိန်းကလေး ပြောလေ ကဲလေပါကွယ် .."

ကမ်းကပ်တဲ့အထိ သူမဘာသာ ရေတွေထုတ်ပစ်နေပြီး လက်မောင်းကို နှိပ်နေ၏။

"ဘထူး .. မင်း ဘယ်လိုလုပ်ပြန်မလဲ၊ လှေကိုဖာပြီးမှ ပြန်ရမှာထင်တယ် .."

"မတတ်နိုင်ဘူး အရှိ အကောက် ရှာ .."

"အမေကရော ဘာကိုတတ်နိုင်လို့ လိုက်ပူနေတာလဲ၊ ကိုယ်တောင် ဒီညဘယ်မှာအိပ်ပြီး ဘယ်အိမ်မှာ ဝင်တောင်းစားရမှန်းမသိဘူး .."

"ဟဲ့ .. သြော် .."

"ဘယ်မှာမှ ဝင်တောင်းစားဖို့မလိုဘူး မယ်၊ အချိန်ရှိတုန်းမြို့ပေါ် ရောက်သွားရင်ပြီးတာပဲ .."

"မြို့ပေါ်ရောက်ဖို့က ဒီလှေအနေးထိရောက်ရင်တောင် ကုန်းကြောင်းလျှောက်သွားဖို့ တစ်နာရီခွဲလောက်ရှိသေးတာ၊ အခု လမ်းတစ်ဝက်မကျိုးခင် ဆင်းလိုက်ရပြီလေ .."

"ဒါက မင်း မာနနဲ့မင်းပဲ ခရီးသွားဖို့အတွက် လိုအပ်တာလောက်ကို ပြင်ဆင်ထားကြတာ .. မင်း လက်ခံလို့လား .."

"သြော် .. ရှင်ကတော့ ဒါတွေကိုလက်ခံချင်ရက်နဲ့ မယ့် ကြောင့် မခံခဲ့ရတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်မလိုပါဘူး ... အန်တီနဲ့ မင်းအတွက်ပဲ ..."

"အမေ့အတွက် ပူရမှာ မယ့် ကိစ္စပါ၊ မယ့် အတွက်ဆိုပိုတောင် မလိုသေးတယ် ...၊ တောလမ်းမှာ သာခွေယိုင်ဖြစ်ပြီး တနဲ့နဲ့ ညည်းညူလာတာက ရှင် ..."

ရင်ထဲမှာ တင်းကျပ်ကျပ်ကြီးဖြစ်သွားသည်။ ဒီဟာလေးကို ဘယ်လိုတည့်အောင် ပေါင်းရမလဲ ...၊

ချောင်းရေထဲမှာ အရင်မဆုံဖြစ်ကြဘဲ ပြောဆိုရင်းနှီးခဲ့ဖူးတာလည်း မရှိခဲ့ဘူးဆိုလျှင် သူ ဘယ်လိုဆုံးဖြတ်မိမလဲဆိုတာ မပြောနိုင် ...။

ဖေဖေကရော ဒီမိန်းကလေး ခုလိုပုံစံမျိုးဖြစ်နေသည်ဆိုလျှင် မပါပါအောင် ခေါ်ခဲ့ဖို့ပြောပါ့မလား ...။ ခုတော့ မိုက်ရိုင်းဖို့ သူမက တာဝန်ကျေနေသလောက်၊ မပါပါအောင် ခေါ်သွားဖို့လည်း ဖေဖေ့အတွက် သူက တာဝန်ကျေနေခဲ့သည်။

တကယ်ဆို ဒီတာဝန် ကျေကျေ မကျေကျေ ဖြစ်နေတဲ့ကိစ္စ ...၊





## အခန်း (၁၂)

"အမေ ဗိုက်ဆာတယ်မို့လား ... ငါးကင်နဲ့ထမင်း စားလိုက်လေ..."

"မစားချင်ပါဘူးအေ ... ထမင်းက နည်းနည်းလေးရှိတော့တာ..."

"စားလိုက်ပါ အန်တီ ... ကျွန်တော်တို့က လူငယ်တွေပဲ ဆာလည်း ခဆာသေးပါဘူး၊ အန်တီ အဘောခံနေလို့မဖြစ်ဘူး ..."

"နှစ်ယောက်စားလို့ရပါတယ် ရှင်လည်း စားဖို့အရေးကြီးတာပဲ၊ အတူစားလိုက်ပါလား ... ငါးကင်လည်း သုံးကောင်တောင်မှ ..."

အစိုး မျက်နှာနီသွားသည်။ စူးစူးရဲရဲ ဖြစ်သွားသည့်မျက်လုံးတွေကို မယ် က ပြန်စိုက်ကြည့်ပြီး ထမင်းထုပ်ကို ထပ်ပြီးမေးဆတ်ပြလိုက်သေးသည်။

"ရှင်စားမှ အမေလည်း မျိုကျမှာ ... ထမင်းစားဖို့ပြောတာများ နာစရာကျလို့ ..."

နှုတ်ခမ်းလေးကို လှလှပပမဲ့ပစ်ပြီးမှ တစ်ဖက်လှည့်သွားသည်။ အစိုး ကျိုခနဲအံကြိတ်မိတဲ့အထိ ဒေါသကထိန်းရခက်သွားသည်။

သူ့မှာ ငွေကမရှိ ...။ ထို့ပြင် မလိုက်ချင်သည့်လူကို ငွေရှိဘဲ မရအရ အာမတွေခံပြီးခေါ်ခဲ့ရသည်။ ဒါက စေတနာတွေနဲ့ပါ။

သူမနဲ့ သူ ဘယ်လိုပတ်သက်လာဖို့ ရှိနေမှန်းမသိခင်တည်းက



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးခဲ့သည့် သံယောဇဉ်ကြောင့် သားအမိနှစ်ယောက် ရင်ဆိုင်နေတဲ့ ဒုက္ခကို ကယ်တင်ဖို့ချည်းပဲ စိတ်ကဖြစ်နေခဲ့မိသည်။

ခေါ်ထုတ်လာခဲ့တဲ့အထိ သည်းခံဖို့စိတ်ကူးတွေကလည်း စေတနာကြောင့်ပဲဖြစ်၏။ ဒါကို ခုလောက်ထိ ခြေကန်ဆော်ကားနေတာ ကောင်းလား ..။

ငွေအတွက်လည်း ရွာမှာတည်းက သူ ကြိုးစားခဲ့သေးသည်။

"အန်တီ ကျွန်တော့်နာရီကို ရွာထဲမှာ တစ်သိန်းလောက်နဲ့ ခဏထားပေးပါ၊ ကျွန်တော် ပြန်လာရွေးမှာပါ .. မြို့ပေါ်တစ်ခုခု မရောက်ခင် ကျွန်တော်တို့စရိတ်အတွက် .."

'တစ်သိန်း ဟုတ်လား ..' တဲ့ ..။

ဒေါ်ကောက် က တအံ့တဩ ..။

ပြီးတော့ သမီးဖြစ်သူက တစ်မျိုး ..၊

"ရှင့်နာရီက ဆယ်သိန်းလောက်များတန်နေလို့လား ..၊ ဟွန်း .. အဲလောက်တန်နေရင်တောင် ဒီရွာထဲမှာ သိန်းနဲ့ချီပြီးကိုင်နိုင်တဲ့သူရှေး မရှိဘူး .. ရှိရင်လည်း ပေးမှာမဟုတ်ဘူး၊ အဲဒီနာရီကို အလွန်ဆုံးပေးရင် တစ်သောင်းပဲ .. ဒါတောင် ပြန်လာရွေးမယ်ဆိုသွားပြီ .."

သူမကတော့ ဆယ်သိန်းဆိုတာ တမင်ပေါ့ပြောလိုက်တဲ့စျေးစကားပဲဖြစ်သည်။ ဒါပေမယ့် သူ့နာရီက ရိုးလက်စ်နာရီပါ။ ဘယ်လောက်တောင်တန်တယ်ဆိုတာ ပြောပြလိုက်လျှင် မယ် ဆိုတဲ့မိန်းမ ကမ္ဘာကြီး ဟက်တက်ကွဲသွားအောင် ထရယ်သွားမလားမသိ ..။

ထို့ကြောင့် သူလည်း ဒေါ်သမထွက်ချင် ..၊ ကမ္ဘာကြီးဟက်တက် မကွဲဖို့အရေးကိုလည်း ကာကွယ်ရင်းဖြင့် နာရီထားခဲ့ဖို့အစီအစဉ်ကို ဖျက်လိုက်ရသည်။

သူမတောင်မှ မိန်းကလေးဖြစ်ပြီး မာနတွေထားနိုင်သေးတာ တောလမ်းက ရွာစဉ်ရွာတန်းကိုဖြတ်သန်းသွားလာဖို့အတွက် သူမလိုပဲ စိတ်မပူတတ်အောင်နေဖို့ ဆုံးဖြတ်ခဲ့၏။

ခုတော့ ငွေလည်းမပါ၊ ဦးလည်းမဆောင်နိုင်ကာမို့ သူမ ပြောသ





ရှဲ ..။

"ဟာ!... အန်တီ .."

ရှေ့မှာ ပါးပျဉ်းခွက်ကြီးနှင့် မြွေဟောက်ကြီးက ခေါင်းကြီးယမ်း း မာန်ဖီနေတာ ယိမ်းကနေတဲ့အတိုင်း ..။

"မြွေ .."

ဒေါ်ကောက် က ရှေ့ဆုံးကသွားနေသည့် အစိုး ရဲ့ နောက်မကျ လေးမှာ လျှောက်နေတာမို့ အစိုး လက်တစ်ဖက်ဆန့်ပြီးကာထား တာနှင့် ရှေ့မတက်ဖြစ်တော့ဘဲ မျက်လုံးအပြူးသားနှင့် ..၊

"ဗုစ် .."

"ဘုတ် .."

"ဟာ!..."

"ဟင်!..."

"ဘုတ် .."

"ဖလန်း .. ငလန်း .."

"ဘုတ် .."

"ဟဲ့ .. တော်ပြီ မယ် .. တော်တော့ .."

"မသေသေးဘူး .."

"ဘုတ် .."

လောက်လေးခွနှင့် ဆက်တိုက်ထုပစ်နေသဖြင့် သစ်ရွက်သစ်ကိုင်း ကြားမှာ တဖြန်းဖြန်းလွန့်ခါနေသောမြွေက တဖြည်းဖြည်းငြိမ် သွား၏။

"မယ် ရယ် .."

"မြွေဟောက်က အရမ်းအသက်ပြင်းတာ အမေရဲ့ ..၊ နာကျင်သွား ဒီ သေမရှင်ဆိုရင် ဘယ်လောက်အန္တရာယ်ကြီးလဲ အမေ မသိဘဲနဲ့.."

"ဟုတ်ပါတယ် .. ညည်းပဲသိပါတယ် .. ဘုရား .. ဘုရား .."

သွေးတွေနဲ့ သစ်ရွက်တွေ ရောယောညှိမှောင်နေသည့် မြွေကို ထပ်

www.burmeseclassic.com



မကြည့်ရဲတော့ဘဲ ခေါင်းကောက် ထမိတာ‌ေ မှ ရှုံ ရှေ့က ခပ်သွက်သွ
ျောက်၏။ လျှောက်နေရင်း ရင်ဟုန်ခနသည့်အသံဖြင့် ...

"မြေတွေဘာတွေက အငြိုးသိပ်ကြီးတာ ... ဒီတော့ သူတို့
လင်နဲ့မယား မိသားစုတွေနဲ့ ..."

"ကုလားကားထဲမှာသား ..."

"မပြောတော့ဘူး ညည်းကို ..."

"မပြောပေမယ့် အမေ ရှေ့သွားနေလို့လည်း မဖြစ်ဘူး နော
ကလည်း စိတ်မချဘူး။ အဲဒီတော့ ဒီမှာ ကိုရီး ..."

ခေါင်းငယ် ကို မီအောင်လိုက် ... ာက်နေသည့် အစိုး က နော
လှည့်ကြည့်၏။

"ရှင် နောက်ဆုံးမှာနေ ... မယ် ရှေ့ကသွားမယ် ..."

"ဘယ်လို !..."

စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားသည့်အတိုင်း မာဆတ်ဆတ်
လိုက်မိသည်။ ဒါကိုက သူ့အမှား ...၊

"ရှင့်ကို နောက်မှာနေဖို့ပြောတာ ဘာဖြစ်သွားနိုင်လို့လဲ ..."

"ဟ ... မင်း အဲဒီလောက်ထိ နေရာမလုနဲ့လေ ... ငါက ယောက်ျားလေး"

"ယောက်ျားလည်း မိန်းကလေးနောက်က လိုက်သင့်ရင် လိုက်ရမှာပဲ"

"ဘာ !..."

"ခုပဲ ရှင် ရှေ့ကသွားပြီး မြွေတွေ့တော့ သမ္ဘုဒ္ဓေဂါတာရွ ...
လား ..."

အစိုး မျက်နှာကင်းသွားသည်။

"ဒါမှမဟုတ် မဟောသမယသုက်ရွတ်ပြီး မြွေဟောက်နဲ့ စစ်ပြေ
ငြိမ်းစေနေတာလား ..."

"မိုးမယ်မှ ... မင်းက တော်တော်မာန်ဘက်ပြီး မာန်မာနစကား
ပြောတဲ့နေရာမှာလည်း ပိုက်ပဲ ..."

"မှန်တယ် ... မယ် က အဲဒီလိုမိန်းမပဲ၊ ရှင် အခုမှသိမယ် ...





...သပါဘူး ... ရောက်တဲ့ရွာမှာ မယ် တို့ကိုထားခဲ့ ရှင်သွားလို့ရ
... အခိကက မြို့ကိုမလိုက်ဖြစ်တာ မယ့် ကြောင့်လို့ အမေ အငြ်စ်
...င် ပြီးပြီ ..."

...ခင်းက ဖွင့်ပြောတော့လည်း အန်တီ့ရှေ့မှာပဲ မင်းနဲ့ငါ ရန်ဖြစ်ရ
... အေး ... ငါကလည်း မင်းကို လက်လန်မိလို့ ခေါ်မသွားတော့
...ဘူးမိရင် မင်း ဘယ်လောက်ဆိုးသလဲဆိုတာ အန်တီ ပိုသိသွား
... သချာကို ထောက်ပြခဲ့ဦးမှာ ရှင်းရဲ့လား ..."

"ရှင်းတယ် ..."

"ရှင်းရင်ပြီးတာပဲ ... အဲဒီတော့ မြို့ကိုလည်းမလိုက်ရ၊ အန်တီနဲ့
... စိတ်ဝမ်းကွဲပြီး မကျန်ခဲ့ချင်ရင် အပြောအဆိုလေးဘာလေး နည်း
...ပါ၊ ဆင်ခြင် ..."

"ဒီမှာ ..."

"ဘာလဲ !..."

သူကလည်း ဒီတိုင်းဆက်လျှောက်သည်။ မယ် ကလည်း ခေါသ
...ာင့်ခေါ်၏။

"ရှင့်ကို မယ့် နောက်က လိုက်ဖို့ပြောနေတာ ..."

"မလိုက်နိုင်ဘူး ..."

"ရှင် မတတ်နိုင်တဲ့ကိစ္စကို မဟုတ်တဲ့မာနတွေပြမနေနဲ့နော်..."

"ဘာကွ ..."

"မယ် က အမေ့အတွက်ပြောနေတာ ..."

"ငါ ဘာမှမဖြစ်ရင် အန်တီ ဘာမှမဖြစ်စေရဘူး ..."

"ရှင်က အာမခံအေးဘာ ဘယ်သူက အမေ့ကို ရှင့်လက်ထဲ ဝကွက်
...သာအိမ်လို့လဲ ... ဒါက ရှင် ကျွမ်းကျင်တဲ့နေရာလည်း မဟုတ်ဘူး ..."

...တွမ်းကျင်တာကတော့ အမှန်ပါ။ ခုနကပဲ မယ် က နောက်ဆုံး
...ဆမယ့် လက်မြန်လိုက်လို့ ...၊

မဟုတ်လျှင် မြွေပေါက်ခံရဖို့က ကိုးသယ်ရာခိုင်နှုန်း တင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com



ကျပ်ပြည့် ..။

ချွတ်ခနဲအသံကြားတာနှင့် သူမက ဒိုင်းခနဲပစ်လွှတ်ပြီး

ကိုယ် မကျွမ်းကျင်တာကိုတော့ ဝန်ခံရမှာပေမယ့် ..'

"အဲဒီလိုဖြစ်သင့်ရင်လည်း သူများနာခံသာအောင်ပြော

မှာပဲ ဒေါသရှိတာမဟုတ်ဘူး .."

"ရှင်က အဲဒီလိုအပြောကိုစောင့်နေမှန်းမှ မသိဘဲ -"

ကြည့်စမ်း ..။

"ဟုတ်ပါတယ် .. တပည့်ကောင်းတော့ ဆရာအာပတ်လွ

ပေါ့၊ လောလောဆယ် ကမ္ဘာကြီးက ငြိမ်းချမ်းနိုင်သေးပေမယ့်

ရှင့် စိတ်ချမ်းသာမှ ဒီခရီးလမ်းက ငြိမ်းချမ်းမှာ .."

သြော် .. ဒီက အရှုံးလား ..။

သူ့ဒေါသတွေကို မယ် က ဂရုမစိုက် ..။ ဒေါ်ကောက် ရဲ့

တွဲပြီး ရှေ့ကတက်သွား၏။

အထုပ်အပိုးပါလာတာလေးကိုလည်း မယ် ကပဲ စုဆက်

ပခုံးမှာ ချိတ်ထားသည်။ ပြီးတော့ ခါးပတ်လိုပတ်ချည်ထားသည်

ရေပြားတစ်ခုမှာ ဓားကိုကပ်ချိတ်ထား၏။

လက်တစ်ဖက်ထဲမှာ လောက်လေးခွနှင့် ဆောင် ဘီအိတ်

လောက်စာလုံးတွေ ..။

သူကတော့ လက်ထဲမှာ စားစရာရိက္ခာထုပ်လေးပိုက်

နောက်လိုက် ..။

အစိုးရ ..။

မင်း ဒီနေရာမှာတော့ ဘာမှ အစိုးမရပါလား ..။





အခန်း (၁၃)

"ရေမှာတော့ ရွာရောက်ပြီ အမေ .. ဘယ်ရွာလဲတော့မသိဘူး၊

နေပြီလား ဘာလားလဲမသိဘူး .."

ရာရလာသည့် မှိုတွေကို သစ်ငုတ်တစ်ခုပေါ်မှာ တင်လိုက်ကာ..၊

"ညစာ ဘာမှမရှိတော့ဘူးဆိုတော့ မှိုနဲ့ငါးနဲ့ ပြုတ်သောက်ရအောင်၊

ငါးဆင်းဖမ်းလိုက်ဦးမယ် .."

"မှိုလေးပဲပြုတ်လိုက်ဝ ာပေါ့ အေ .. ချောင်းရေတွေက သိပ်ကျ

တာမဟုတ်ဘဲနဲ့ အန္တရာယ်များပါတယ် မသွားပါနဲ့ .."

"မဖြစ်ဘူး အမေ .. ဒီနေရာမှာ ကန်စွန်းရွက်လည်းမတွေ့ဘူး၊

ပြုတ်တဲ့အရွက်တော့ ရှာရဦးမယ်၊ အမေက စားလို့ရတဲ့မှိုတွေနဲ့

သိပ်တည့်တာမဟုတ်ဘူး .."

"ငါကြည့်ဘာနဲ့သိတယ် ဒီမှိုက စားလို့ရပါတယ်၊ တည့်တာ

တာကလည်း ဆင်းရဲသား..တွေအတွက် မလိုအပ်ဘူး မယ် ..၊ ဒါပဲ

ယ် ဘာမှမရှာနဲ့ .."

"ကျွန်တော်လိုက်သွားမှာပဲ အန်တီ စိတ်မပူပါနဲ့ .."

"ရှင်က ဘာလိုက်လုပ်မှာပဲ .. အမေ့ကိုပဲ စောင့်နေစမ်းပါ၊ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တလေ ကူညီတာက နှောင့်ယှက်ရာရောက်တယ် ..."

"နှောင့်ယှက်ရာကျရင်လည်း မင်း တစ်ခုခုဖြစ်နေရင် အ
လာပြောပေးလို့တော့ ရတယ်မို့လား .. ဥပမာ ရေနစ်နေရင် .."

"ဟဲ့ .. ဟဲ့ .. ဒေ ာထဲမှာ မပြောကောင်းမဆိုကောင်း .."

"သူပြောလို့ ပြောပြတာပါ၊ ကျွန်တော် ဘာမှအသုံးမက
တာပဲ သူပြောချင်တာ ..၊ နောက်ဆုံး မင်းသေနေရင်တောင် အ
ကို ပြန်ထမ်းလာပေးနိုင်သေးတယ် .."

"ဟွန်း .."

ဒေါ်ကောက် ရင်ဘတ်ဖိနေပေမယ့် ဂရုမစိုက်ဘွာထွက်သ
တာ နှစ်ယောက် ...။

"ဒီနေရာက စိုထိုင်းထိုင်းကြီးမကောင်းပါဘူး၊ လင်းတဲ့
သွားဖမ်းပါလား .."

ချောင်းစပ်ရဲ့ဘေးမှာ အုပ်ဆိုင်းနေသည့် သစ်ပင်ကြီးတွေ
ဖက်တစ်ချက်ကနေ ချောင်းရေပြင်ကို ခေါင်မိုးအုပ်ကွယ်ထားသ

ထို့ပြင် ကမ်းစပ်က မြုံပုတ်ကြီးတွေကလည်း ရေပြင်ထဲထိ
ပွားများနေကြတာ ကမ်းစပ်မှန်း ရေပြင်မှန်းတောင် ရှုတ်တရက်
လို့မသိနိုင် ...။

ဒီပတ်ဝန်းကျင်မှာ အုံ့ပျက်ပျက်မိုးသားတို့ကြောင့် ပို၍မှော
နေကာ စိုထိုင်းသည့် လေငွေ့တွေကလည်း ဘယ်လိုအနံ့အသက်
ထွက်နေမှန်းမသိ ...။

သူပြောသလို နေရာကိုလှည့်ပတ်ကြည့်ပြီး မယ် လည်း ခံစား
ဒါပေမယ့် ဒီနေရာမှာပဲ ရေစပ်မှာ ငါးဆ နေကြတာမို့ ဒါကိုရှောင်လို့

"မင်း ရေထဲဆင်းမလို့လား .. တခြားအကောင်ပလောင်တွေ
နိုင်တယ်နော် .."





"မသတ်နိုင်ဘူး၊ ဒီလိုနေရာမှာပဲ ငါးနေတာပေါ့ဟ .."

"ဟော့ ..

ရေထဲကို စမ်းချလိုက်သည့် ခြေတစ်ဖက်ကပဲ ဒူးဆစ်သာသာထိ
ဆင်းသွားသဖြင့် အစိုး ယိတ်ယိတ်မျှာမျှာဖြစ်သွား၏။ ရေစပ်ထိ
ချင်းရောက်လာကာ ...

"နေဦး .. ထောနေဦး ပြန်တက်ခဲ့ .."

"ဘာလုပ်မလို့လဲ .."

"ရေအတိမ်အနက်သိရအောင် ငါ အရင်ဆင်းကြည့်ပေးမယ် .."

"ဆို .. မလိုပါဘူး၊ ရှင်လိုက်လာတည်းက ကျွန်မရေနစ်သေရင်
ကောင်းကောက်ပေးဖို့ပဲဆို ..၊ ရှင် အဲဒီလိုနေရာလောက်မှာပဲ ကူညီပေး
ပြီ .."

"မယ့် .. မင်း တော်တော် စေတနာစော်ကားပါလား .."

"စော်ကားနေရတဲ့ သူမှာလည်း ဒုက္ခကသေးတယ်မှတ်လို့လား၊
စော်ကားမခံချင်တဲ့လူက ဆင်ကြည့်ပေါ့ .."

"ကျွတ် .."

သင်းကိုပဲ စော်ကားနေတဲ့ဒုက္ခကကွတ်အောင် ကူညီရဦးမှာလား..။

ဒီဟာလေးကိုပဲ အမြဲတမ်းပြောမိ ဘာ ဂ တာ သူ့ဒုက္ခကမှာ
ဘာလဲ၊ ဘယ်သူ့အပြစ်လဲ ...။

အဲဒါ မင်းပဲ အစိုးရ ...။

ကိုယ့်စိတ်ကို အစိုးရဖို့သာ ကြိုးစား ...။

ဒေါသတွေသာထွက်ပြီး နောက်လည်း မဆုတ်နိုင်ဘဲ ကမ်းစပ်
ဘေးမှာ ထိုင်ချလိုက်၏။ မိန်း လေးကြည့်ပြီး တစ်ဘက်လက်နှင့် ရေထဲ
ဆင်းသွားသည်။

ဟောင်းနွမ်းဖုတ်ဖွာနေပြီဖြစ်သည့် ဖော့ဖိနပ်ဟောင်းဘောင်းဘီရှည်



www.burmeseclassic.com

www.burmeseclassic.com



ကို ဒူးထိလိပ်တင်ထားပေမယ့် သူမက ပေါင်းလယ်လောက်ထိ အေ
သွားအောင် ဆင်းပစ်လိုက်သဖြင့် အစိုး မျက်နှာမဲသွားသည်။

ကိုယ့်မှာ အဝတ်ပိုလဲစရာ မပါပေမယ့် ဒါလဲဒါဝတ်နဲ့ပဲ ပြောင်ပြေ
ရောင်ရောင်ပါ။ သူမကျတော့ အကျီကောင်းကောင်းလည်းမရှိရှာ ..

ခုလို နွမ်းဖတ်ဖတ်ကို ကိုယ်မှာ ရေစိုတစ်ဝက်နှင့် တစ်ညလုံး
တော့မှာလားမသိ ..။ သူမ မချတမ်းလွယ်ပိုးလာခဲ့သည့် အိတ်လေးထဲ
လဲဖယ်စရာရောပါရဲ့လား ..။

မိန်းကလေးဖြစ်ပြီး ဖတ်ဖတ်မောအောင် ရှာဖွေကျွေးမွေးနေရသ
ပုံစံကို မြင်နေရသရွေ့ သူဘယ်လိုလုပ် အေးချမ်းစွာနေရမလဲ ..။

မှားပါပြီ ..။ ဒီလိုလမ်းခရီးကို လာမိတာကိုက မသေခင် အ
လတ်လတ် ငရဲကျခဲ့တာဖြစ်၏။

ပစ္စည်းရှိတိုင်းလည်း ငွေမဖြစ် ..။

ငွေရှိနေရင်တောင် လိုချင်တာမရနိုင်သော ..၊

"ဟင် .. ဘာလုပ်တာလဲ .."

စိတ်ဆင်းရဲစရာတွေ တွေးနေတုန်း မယ်ှ ကိုယ်လေး ရေထဲ
စွပ်ခနဲမြုပ်သွား၏။

"မယ့်!.."

ငေးနေရင်း အလန့်တကြားလှမ်းအော်မိကာ ရေထဲခုန်ချဖို့ခြေလှ
လိုက်စဉ် ..၊

"ဝုန်း!.."

"ဟာ!..."

"ရှော့ .."

သူမ ရေထဲက ဘွားခနဲပြန်ပေါ်လာကာ ငါးတစ်ကောင် မည်း
မြောက်တက်လာ၏။



"ဘုတ် .."

"ဟ!.."

"ဖလက် .. ဖလက် .."

ငါးက သူ့ခြေထောက်နောက်မှာ အမြီးဆတ်ဆတ်ခါလျက် ဒိုးဒိုး
နှံ့ဖြစ်နေ၏။ ဖနောင့်မှာ စူးခနဲလာကပ်လိုက်၍ လန့်ဖျပ်ခုန်လိုက်မိ၏။

ငါးကလန့်၊ လူကလန့်နှင့် ပြိုင်တူခုန်မိလျက်သားဖြစ်သွားကာ မြေ
ပြန်ကျတော့လည်း သူ့ခြေထောက်ကျမယ့်နေရာမှာ ငါးက သူ့ထက်
လေသည်။

"ဟ .. ဟ .."

"ဖလက် .. ဖလက် .."

"ဘာလဲ .. ဟာ .. သေပြီ .."

နောက်ထပ်ခုန်ရှောင်တော့လည်း ငါးနဲ့ ထုပ်ဆီးထိုးသလိုဖြစ်နေကာ..၊

"မြန်မြန်ရှောင် ငါးက ရှင့်ကိုချိပြီး ရေထဲဆွဲချလိမ့်မယ် .."

မယ် က သူ့ကိုလှောင်ရယ်နေတာမဟုတ်ပေ .. ဒေါသထွက်နေ
တာဖြစ်၏။ ဒါပေမယ့် သူကလည်း ကိုယ့်အဖြစ်ကို ရှက်သွားမိကာ
ငါးနဲ့အဝေးကြီးရောက်အောင် ခုန်ရှောင်လိုက်ပြီး ...

"ရေထဲပဲဆွဲချချ လေထုထဲကို အမြင့်ပေတစ်ထောင်လောက်ရောက်
သွားအောင်ပဲ ကော်ထုတ်ပစ်ပစ် မတတ်နိုင်ဘူး ..၊ ငါးကိုဘာလုပ်ဖို့ပစ်
ပေးလိုက်တာလဲ .. ငါ လုံးဝမကိုင်ရဲဘူး .."

မယ် က ခေါင်းကဆံပင်တွေနဲ့ မျက်နှာကို ရေတွေဖိသပ်ခါပစ်
နေရင်း ရေထဲမှာ ဒူးထောက်ထိုင်ရာကနေ ထရပ်သည်။

"အဲဒီငါးမှာ ဒဏ်ရာရှိတယ် .. ရှင့်ကို ဘာမှမလုပ်နိုင်ဘူး .."

"အဲဒီတော့ .."

"ရေထဲပြန်ဆင်းမသွားအောင် ရှင် တာထား .. လွတ်သွားလို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



မယ့် အဆိုးမဆိုနဲ့ ..”

ပြောပြီးတာနှင့် ရေထဲမှာ ဒူးထောက်ပြန်ထိုင်သည်။ ရေက ရင်ယံ ထိ ချက်ချင်းတက်၏။

ကြည့်စမ်း သူများအသက်ကို သတ်ဖို့များ ကုန်းပေါ်မှာရော ရေ မှာပါ သူမက ဆရာကြီး ..။

သူများအသားစားရဖို့ ကိုယ့်ကိုရေထဲနှစ်ပြီး ရေကသိုင်းရှူသ လုပ်နေတဲ့ ဒုက္ခမျိုး သူမြင်ဖူးတာလည်း ဒါ ပထမဆုံး ..။

“ဟာ .. ဟ ..”

ငါးက ခုန်နေရင်း ကမ်းစပ်ကိုရောက်သွားသည်။ နီးစပ်ရာသစ်ကိုင် တစ်စ ပြေးကောက်ကာ အမိုး တလွှားလွှားလိုက်၏။

“ရှူး .. ရှူး ..”

“ဘုတ် ..”

ကမ်းစပ်ဘက်ကနေ ခြောက်လှန့်သလို ပုတ်ပေးလိုက်မိ၏။ သော် တစ်ချက်ခုန်လိုက်တာ ကမ်းစပ်နဲ့ နည်းနည်းပြန်ကွာသွားပြီး ထပ်ခုန်လိုက်တော့ ရေထဲကို ဒွပ်ခနဲ ..။

“ဟာ!.. သွားပြီ ..”

အစိုး စိတ်ဓာတ်အကြီးအကျယ်ကျသွားလေသည်။ ကြည့်လိုက် တော့ မယ် က ရေထဲကိုစိုက်ကြည့်ပြီး မျက်လုံးဖွင့်လျက်သား သေ တဲ့အတိုင်း ..။

သူမကာ နောက်တစ်ကောင်လင်ရဖို့ ကြိုးပမ်းနေပြန်ပြီ ..။

ဒီတစ်ခါ ဘုတ်ခနဲကျလာဦးမှာ သေချာနေကာ နောက်ဝဲ နဲ့ ရန်ဖြစ်ရ သူပဲ အရှုံးပေးရဖို့သော တွေးမိရင်း ..။

“ငါးစုတ်ငါးပြတ် ငါ့ကိုပါ တစ်ခါတည်း ရေထဲဆွဲချသွား လား .. သေနာငါး ..”





ပွစိပွစိရေရွှတ် ဆဲရေးနေမိလျက် ..၊

ဟင် ..၊

သစ်တုံးတစ်တုံး မျောလာသည်။ ဒါပေမယ့် ရေပေါ်မှာပေါ်နေသည့် အကိုင်းခက်လေးတစ်စပေါ်မှာ လှုပ်လှုပ်ရွရွနဲ့ ဘာအကောင်လဲ ..၊

မြွေ ..၊

အစိုး မျက်လုံးပြူးသွားသည်။

မြွေက သိပ်မကြီးပေမယ့် ဘစ်ကောင်တည်းမဟုတ် ..။

မြွေနှစ်ကောင် ရန်ဖြစ်နေတာလား၊ မိတ်လိုက်နေတာလား ..။

ဒါမျိုးလည်း ကြားသာကြားဖူးသည် မမြင်ဖူးခဲ့ပေ ..။ မြွေနဲ့သစ် ကိုင်းက အသည်းယားစရာမျောလာ၏။ မယ် ဒီတိုင်းငြိမ်နေရင်တော့ သူ့ဟာသူမျောသွားနိုင်ပေမယ့် ..၊

“ဝုန်း!..”

“ဟာ!.. သွားပြီ ..”

ရေက ဂယက်ထသွားသည်။ မယ် ငုပ်ခနဲမြုပ်သွားတာနှင့် ဝဲစုတ်ခံ လိုက်ရသလို သစ်ကိုင်းက ဒီဘက်ကို သိမ့်ခနဲခါ၍ချ၏။

မယ် ရေထဲကနေ ဘွားခနဲပေါ်လာလျှင် ..

“ဟာ .. မယ့် .. မယ် ပြန်ငုတ်လိုက် ..”

“ဘာလဲ .. အား ..”

မြွေတွေရေထဲမှာ ငုတ်ချီပေါ်ချီဖြစ်နေသေးတာကို ဂရုမစိုက်နိုင်ဘဲ အစိုး ရေထဲကို ဂုန်းခနဲဆင်းသည်။

“မယ် ..”

“အား .. အရမ်းနာတယ် ..”

“ငြိမ်ငြိမ်နေ .. မြွေက မြွေကောင်းတွေပါ၊ ဘာမှမဖြစ်ဘူး .. မကြောက်နဲ့ ..”



www.burmeseclassic.com

www.burmeseclassic.com



မယ့် ကို ရင်ခွင်ထဲဆွဲသွင်းကာ မြွေတွေရေကူးသွားတဲ့အထိ ခဏလေး ငြိမ်နေလိုက်သည်။ ပြီးမှ ကမ်းပေါ်တက်လာခဲ့ပြီး …

"မယ် .."

"နာတယ် .. ဒီမှာ .. ဒီမှာ အား .."

"ဘယ်မှာလဲ .. လက်ဖယ်လိုက် .."

မယ် က သူမရဲ့ ကုပ်သားလေးကိုဖိဆုပ်ထားရင်း အော်နေသည်။ ကိုယ်ခန္ဓာအောက်ပိုင်းကျွေပဲ မြွေကိုက်ခံရတာတွေ ကြားဖူးသဖြင့် ကုပ်မှာကိုက်သွားတာကို သူ ဘာလုပ်ရမှန်းမသိ ..။

သို့သော် …

"မယ် .. ငါ့ကိုအထင်မလွဲနဲ့နော် .. ခဏ အောင့်ထား .."

"အား!…"

မယ့် ကို ရုန်းလို့မရအောင် လက်တွေပါအတင်းဖိချုပ်ဖက်ထားလိုက်ပြီး …၊



## အခန်း (၁၄)

"အား .."

"မယ် .. သမီးလေး .. မယ် .."

"ရေ .. ရေသောက်ချင်တယ် အမေ .."

"ရော့ .. သမီး ရေ .. ပါးစပ်ဟ .."

စကားသံတွေကြားကာ လေးကန်ရီဝေနေသည့် မျက်လုံးကို မရမက ဖွင့်ကြည့်မိ၏။

"ယော .. အစိုးရ နိုးလာပြီလား .. မင်းရော သက်သာရဲ့လား လူလေး.."

"ရပါတယ် .. ကျွန်တော်က ပါးစပ်နဲ့ စုပ်လိုက်လို့ နည်းနည်းပါးပါး အဆိပ်သင့်တာပါ၊ မယ် ဘယ်လိုနေလဲဟင် .."

"ခုပဲ သတိရလာတာ .. မိုးချုပ်နေပြီ လူလေး၊ အဲဒီကိစ္စထည့်မပြောနဲ့နော် .. ဖျားတာလို့ပဲပြော မင်းတို့က မြို့သားတွေဆိုတော့ တောရဲ့ အထာကိုသိတာမဟုတ်ဘူး .."

"ဟုတ်ကဲ့ .. ကြားဖူးနားဝတော့ရှိပါတယ် အန်တီ .."

မီးပုံ၏အလင်းရောင်က ပတ်ဝန်းကျင်ကိုလင်းနေစေကာ အနွေးဓာတ်ကိုပါ ပေးထား၏။ မီးပုံရဲ့ တစ်ခြမ်းမှာ သစ်ကိုင်းတစ်ကိုင်း ကပ်



www.burmeseclassic.com

www.burmeseclassic.com



ထားကာ သစ်ကိုင်းပေါ်မှာ ငယ့် အဝတ်အစားတွေ လှန်းထားတာတွေ့သည်။

သူ့ကိုယ်ပေါ်မှာတော့ အကျႌတွေမရှိတော့ဘဲ ဖောင်ပိုင်းတစ်ထည်ခြုံထားကာ ဆောင်းဘီက ဒီအတိုင်း ..။ သူ လှဲရာကနေ ထလိုက်ပြီး စောင်ကိုခွာချလိုက်မှ ခေါ်ကောက် က လှမ်းကြည့်ကာ ...

"လူလေး တန်းသတိ ရလာလို့တော်သေးတာပေါ့၊ အခေါ် မင်းဘောင်းဘီရေစိုကို လဲထားပေးမလို့လုပ်သေးတယ်၊ ဘောင်းဘီခါးပတ်ကို ဘယ်လိုဖြုတ်ရမှန်းမသိတာနဲ့ လက်လျှော့လိုက်ရတယ် .."

"ဟာ .. ရပါတယ် အန်တီကလည်း .."

မီးပုံက မီးရောင်မှာ သူ့မျက်နှာ ရှက်ကိုးရှက်ကန်းဖြစ်သွားတော့ ခေါ်ကောက် က ပြုံးလိုက်ပြီး ...

"အမေ့ သမီးအရွယ်လေးသာ လူလေးရယ်၊ မိဘက သားသမီးကို ပြုစုခဲ့ရသလိုပေါ့ ..၊ အခေါ်ကို မိဘလိုသဘောထားပါ ဘာမှ ရှက်စရာမရှိဘူး.."

"ဟုတ်ကဲ့ .."

"သမီးကိုတော့ ခြောက်သွေ့အောင် အဝတ်လဲပြုစုပေးပြီး လူလေးကို အခေါ်က ပစ်ထားရက်ပါ့မလား .."

"ကျွန်တော်က အန်တီ့ကို အားနာလို့ပါ၊ စေတနာနဲ့ဆိုတာ သိပါတယ် အန်တီ ..၊ ပြီးတော့ ကျွန်တော့်စကားတွေလည်း မှားခဲ့တယ်၊ မယ် ကို ထမ်းပြီး အန်တီရှေ့ ပြန်ခေါ်လာရကော ..'"

"အို .. အဲ့ဒါတွေမပြောနဲ့တော့ .. ပြီးတာကိုအားလိုက်ပါတော့ကွယ် ..၊ နောက်ကို အပြောအဆိုဆင်ခြင်ပါ လူလေး၊ တောမှဖြစ်ဖြစ် မြို့မှာဖြစ်ဖြစ် ကိုယ့်ပါးစပ်က ထွက်တဲ့စကားက မင်္ဂလာရှိတဲ့စကားဝကောင်းတယ်၊ အပြောသင့်တဲ့စကားဆိုရင် ဓမ္မဒိတ်နိမိတ်တဲ့ .."

အမိုး က တကယ်ကိုမိတ်ဖော်ကောင်းဖြစ်ခဲ့တာမို့ မယ် ကို လှမ်းကြည့်ပြီး ငေးငိုင်နေ၏။ သူ့မျက်လုံးတွေ ခုချိန်ထိ ရီဝေနေဆဲ ..။

ပြီးတော့ ခေါင်းတွေအုံခဲနာကျင်နေသည်။ ကိုယ်ကျက်တွေပါ မလှုပ်





အောင် လေးလံနေတာလည်း ဘာဖြစ်ချင်လို့လဲဆိုတာမသိ ..။

တကယ် အကိုက်ခံလိုက်ရသည့် မယ် ဆို ဘယ်လိုနေမလဲ ..။ သတိလာင်းဘောင်းရလာရင် သူမ ဘာလုံးအကောင်းတိုင်းမှ ရှိပါ့မလား ..။

"သမီးကို စိတ်ပူနေတာလား လူလေး .."

"ဗျာ .. ဟုတ်ကဲ့ .. သူ သတိရလာရင် .."

"သမီး ဘာမှမဖြစ်နိုင်ပါဘူး .."

"ဟင် .. သူ့ ခဲလားကျွဘာတွေပြောလိုက်သေးလား .. ပြန်အိပ်သွားသေး .."

"မဟုတ်ဘူး .."

ခေါ်ကောက် က ခေါင်းခါရင်း မယ့်ခေါင်းလေးကို တယုတယ သပ်သင်ပေးလျက် ..။

"သမီးက ဟိုးငယ်ငယ်တည်းက အဲဒါမျိုးဖြစ်ဖူးတယ်၊ တောကြီးမြိုင်ထဲက နဲ့ ပေါ်အုံး တိုက်ခိုက်နေကြတာလေ ..၊ အဲဒီတုန်းက သမီး အခါလယ်လောက်လေးရယ်၊ ကလေးကိုချစ်လို့ ခေါ်ထိန်းနေတဲ့ လေးက ဆော့ချင်တော့ ကလေးကို ချထားပြီး တမေ့တမော့ ဆော့နေတာပေါ့ .."

"ကလေးချင်း ထိန်းခဲ့တာလား .."

"ဟုတ်တယ် .. ဟိုကလေး .. သျှောင်ပေစူးအရွယ်ပေါ့၊ အဲဒါ လေးကို သတိရပြီးရှာတော့ ... မြွေနှစ်ကောင်ကလည်း လုံးထွေးနေတော့ ခြေကုန်ကြတယ်၊ ကလေးကလည်း အဲဒီမှာ သတိလစ်ပြီး မန်းနေတော့တယ် .."

"အဲဒါ ဘာမှ မဖြစ်ဘူးလား .."

"မဖြစ်ဘူး အဲဒီနှစ်ကောင်စလုံးရဲ့အစွယ်ရာတွေလည်း ကလေးရဲ့ လက်တွေ့တယ်၊ အဆိပ်လည်းတက်တယ်၊ ဒါပေမယ့် နှစ်ရက်လောက် ပျောက်သွားတာပဲရှိတယ် .. ပြန်ကောင်းလာတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. မသေဘူးခိုပေမယ့် တစ်ခုခု .."

"ဘာမှမဖြစ်ဘူးကွယ် .. အဲဒီနောက်ပိုင်းမှာ သတိထားမိတာ ကလေးပေါက်စတည်းက ပုပုရွရွ ဘယ်လိုသတ္တဝါကိုမှ သူ မကြောက်ဘူ အခေါ်ကို ကိုက်ဖို့ပြေးလာတဲ့ အင်းဆွဲကြီးကို မယ် က ဖက်လုံးတာ .."

"ဟာ!.."

"သူက ငါးနှစ်တောင်မပြည့်တတ်သေးဘူး ခွေးက သူ့အရပ်နီး ရှိဘာလေ .. ဒါပေမယ့် ခွေးသေသွားတယ်၊ သူ့မှာ ပွန်းရာရှရာလောက်ပဲ .."

သူ့ အံ့သြလွန်းကာ တံတွေးမျိုချမိလေသည်။

"တစ်ခုခုဖြစ်လာပြီဆို သူများလိုပဲ သူ နာကျင်ခံစားရတာယ်၊ ဒါပေ သူများလို ဖြစ်မသွားဘူး၊ အင်း .. အဲဒါတွေက လူတွေအထင်ကြီးအား စရာဖြစ်ပေမယ့် သူ့ကိုတော့ အဲဒါတွေကြောင့်ပဲ .."

စုန်းမလေးလို့ အမည်တွင်လေသည်။

ဒါတွေကို ဒေါ်ကောက် မပြောချင်ပါ။ ယောကျ်ားသေလို့ သော ပွေပြီး သူ့မစိတ်တွေ ကစဉ့်ကလျားဖြစ်ခဲ့တုန်းကလည်း ဒေါ်ကော သရဲပူးပါသည်တဲ့ ..။

မယ် က သတ်ရဲဖြတ်ရဲသည်။ စကားပြောရိုင်းသည်။ သူမကတော ရောဂါသည်ပီပီ ထင်သလိုပြော ထင်သလိုနေခဲ့တာ ကာလကြာရှည်စွာ

ထိုအချိန်ကာလတွေအတွင်းမှာ သမီးလေးကိုပဲ စုန်းမလေးလို့ သူ စွပ်စွဲခဲ့ကြပြီး တောမှာ နွားမွေး ဝက်မွေး ဘယ်အိမ်မှာဖြစ်ဖြစ် ဝက်အချ ပျောက်သွားသည်။ နွားအချင်းပျောက်သွားသည်။

ဒါတွေ ခိုးယူစားသောက်နေတာက ရိုးမယ်ဖွဲ့ တို့သားအမိ .. တဲ့

"ဒီအကြောင်းတွေကို ပြန်လည်းမပြောချင်ပါဘူး လူလေးရယ် ဓိနယ်ပယ်ထဲမှာရှိနေကြတုန်း အဒေါ်တို့ရဲ့ ဘဝအကြောင်းကို လူလေ သိစေချင်လို့ပါ၊ ဒါတွေကို စိုးရာ တောင် သိတာမဟုတ်ဘူးလေ .."

"ဟုတ်ကဲ့ .."





ဒါပေမယ့် မြို့ကိုရောက်ရင်တော့ အဒေါ်သမီးလေးရဲ့ ကောင်းမှု င်းမှုတွေ တတ်တာသိတာတွေကို လူလေးဘာမှ ပြန်မပြောပါ .."

"စိတ်ချပါ အန်တီ .. ကျွန်တော် မပြောပါဘူး .."

ြန်မာတို့ရဲ့ ရှေးရာဇဝင်တွေထဲမှာတောင် လူစွမ်းကောင်းတွေ သက်ဆိုးရှည်လို့လဲ၊ သူများနဲ့မတူတဲ့ ထူးချွန်မှုတစ်ခုခုရှိလာ လူက လူ့အဖွဲ့အစည်းထဲက ထုတ်နှုတ်ဖယ်ကျဉ်ခံရတာပဲ .."

ဒေါ်ကောက် ရဲ့ လေသံဟန်ပန်တွေက တောမှာနေထိုင်ခဲ့ရသည့် တွေကို တော်တော်ကြီး နာကျင်ခံစားနေရပုံရှိကာ ..၊

"မြို့ကိုလိုက်ရမယ်ဆိုတော့လေ .. အဒေါ်သမီးလေးအတွက် အရမ်း ာတာ၊ ယောဒီတောက လွတ်မြောက်ခွင့်ရရင်ပဲ တော်ပါပြီ၊ မြို့ က်သွားခဲ့ရင် မယ် ကို ဒီလိုတောထဲပြန်မရောက်အောင် အဒေါ် ုန်ကြိုးစားမယ်၊ မြို့မှာ အံမဝင်နိုင်တဲ့ အကျင့်စရိုက်တွေရှိလာ သည်း လူလေးကပဲ မင်းညီမကို သည်းခံပြုပြင်ပေးပါကွယ် .."

"ဟုတ်ကဲ့ .. ကျွန်တော် ."

"အမေ .."

"ဟင် .."

ယ့် ခေါ်သံကြောင့် ဒေါ်ကောက် ပျာပျာသလဲဖြစ်သွားသည်။

"အမေ ဘာစားပြီးပြီလဲဟင် .."

"မယ် ရယ် .. ကိုယ့်ကိုယ်ကိုယ် သက်သာသလိုနေစမ်းပါ သမီး .. ညည်းနဲ့ အစိုးရ နှစ်ယောက်စလုံး လဲနေကြတာ စားဖို့ကို ိုလုပ်စိတ်ကူးနိုင်ပါ့မလဲ၊ အခု နှစ်ယောက်စလုံး သတိရလာပြီ၊ ာထက်တောင် ပြည့်ဝနေသေးတယ်၊ အမေ့ရင်ထဲမှာ ဝမ်းသာလုံး ပြည့်နေပြီ .."

ယ် ပက်လက်လေးကနေ ရှုံ့ရှုံ့မဲ့မဲ့လေး လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား .. ခေါင်းတွေမူးလိုက်တာ .."

"မယနဲ့လေ .. ဘာလုပ်ချင်လို့လဲ .."

ဒေါ်ကောက် က ပြန်လှဲဖို့ တိုက်တွန်းရင်း ဂက်မောင်း
မိကိုင်ထား၏။ မယ် ထလိုင်မလို့ဟာ မအောင်မြင်ဘဲ အစိုး ထံသို့
မော့ကုတ်ကြည့်လိုက်ပြီး ...၊

"သူက ဘာဖြစ်မှာမို့လို့လဲ အမေနေသကြီး .."

မျက်စိနှမ်းပုံးဖွင့်တာနှင့် ရှေ့စကားဆိုဖို့ ခွန်အားတွေကအ
စိတ်တိုမရာစကားပေမယ့် ဒီစကားကိုသော့ အစိုး စိတ်တို
မရပေ။ သူမ ဒီလိုဖြစ်ရသမျှ ကိုယ့်ကြောင့်မကောင်းဘူးလို့ပဲ လူ
ဖြူလျော့နေသည့် မျက်နှာလေးကိုကြည့်၍ သနားနေမိ၏။

"ဘယ်လိုမပြောလိုက်တာလဲ မယ် .. သမီး ထိသွားတဲ့အဆ
ကို သူ့ပါးစပ်နဲ့ စုပ်ထုတ်ပစ်လိုက်တာလေ၊ ဒါကြောင့် ညည်း ခံ
သာတာပေါ့၊ မဟုတ်ရင် ကုဂ်မှာ ထိသွားတာ တွေးတောင်မတွေ
ဦးနှောက် မျက်လုံး နား ဘာဖြစ်ဖြစ် ဘဲစုခုတော့ ထိခိုက်သွားနိုင်တဲ့
ဒေါ်ကောက် က အဖြစ်ကို သေ့ပါးစွာပြောလိုက်တာပေမယ့်
နေသည့် မယ့် မျက်နှာလေး အနီရောင်သမ်းသွားတာကို အစိုး က မြင်
ရုက်တရက် ဒါကိုပြန်ကြားလိုက်ရတာမှ သူလည်း ပူထူ
သွားကာ မျက်နှာလွှဲရင်း နောက်ဆပ် ဒီမျက်နှာကို ဘယ်ထင်
မှန်းမသိ ...၊





အခန်း (၁၅)

"ဒီမှာ ခဏနေခဲ့ဦးနော် အန်တီ၊ ကျွန်တော် ဖုန်းသွားဆက်လိုက်
.."

"သစ်ပင်အောက်မှာပဲ ထိုင်နေမယ်လေ လူလေးရယ် .. ဆိုင်က
ကြီးပဲ ငါတို့မထိုင်ရဲဘူး .."

"ဟာ .. မလုပ်ပါနဲ့ လာပါ .."

ပုံစံတွေက စုတ်စုတ်ပြတ်ပြတ် ဖြစ်နေရသည့်ပြင် ဆိုင်ထဲကိုအတင်း
နေရတော့ လူတွေ သတိထားမိကုန်ကြ၏။

ခတော်တရော်ထင်ပြီး ဆိုင်ထဲကများ မောင်းထုတ်ရင် ဒုက္ခ ..။

အစိုး ဆိုင်ထဲကို တစ်ပတ်စေ့ကြည့်ကာ စားပွဲလွတ်တစ်လုံးမှာ
နှဆိုင်ပြီး နေရာယူလိုက်၏။ လက်ဖက်ရည်ဆိုင်နှင့် ရောနေသည့်
ဘက်ဆိုင်ကြီးဖြစ်သည်။

စားပွဲတွေ ကျပ်သိပ်နေကာ ဆိုင်က အကျယ်ကြီးဖြစ်နေပေမယ့်
တနားတော့မရှိ ..။

သူဘယ်တုန်းကမှ ဒီလိုဆိုင်တွေမှာ မထိုင်ခဲ့ဘူးပေမယ့် ခုချိန်မှာ
ဆိုင်ကိုလန့်ပြီး ပြန်ထပြေးဖို့ပြင်နေသည့် ဒေါ်ကောက် တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကို သေချာဆွဲထားရ၏။

စားပွဲထိုးက ရောက်လာပေမယ့် မယ် တို့ကိုပဲ ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ဘာမှမမေး ..။

မယ် က ဆံပင်စုတ်ဖွားဖွားနှင့်ကျင်ကျင်ကို သားရေကွင်းနဲ့ဖြစ်သလို ချည်ထား၏။ ဖြူပေမယ့် ကြေးနီရောင်သမ်းချင်နေသော မျက်နှာက အပြောင်သား

မျက်နှာတစ်ပိုက်မှာ ဖွာရရာကျဲအောင် ပြန့်ကျနေသည့်ဆံပင်တွေ အစတို့နှင့် မေးမိုန်စုတ်ပြနေသည့် ရှပ်အင်္ကျီလက်ရှည်ပွပွက သူမကို ဘယ်လိုပုံစံပေါက်နေပြီလဲ ..။

အစိုး ဆိုင်ထဲကို နောက်ထပ်အထပ်ထပ်ကြည့်မိပြန်ကာ ..

"ချာတိတ် ဘာရသေးလဲ .."

"အစုံရတယ် အစ်ကို၊ လက်ဖက်ရည် ကော်ဖီ မုန့်ဟင်းခါး အ ပူတီ အုန်းနို့ခေါက်ဆွဲ အသုတ်စုံ .. အသုတ်က နန်းကြီးနန်းပြား အ ရှေ့မှာ မီနူးလည်းရှိတယ်လေ .."

သေချာပြောပြပြီးမှ မီနူးကို မယ့် ရှေ့ကယူပြီး သူ့ရှေ့မှာချသေး

"ထမင်းကြော်လည်းရတယ် ကြက် ဝက် ဘဲဥ ဆိတ်ကလီစာ

"အန်တီ ထမင်းကြော်စားမလား .. မုန့်ဟင်းခါးစားမလား မယ် ရော .."

"ဘာမှ မစားချင်ဘူး ပါးစပ်ပျက်နေလို့ .."

မယ် က နေမကောင်းသေးဘဲ ခရီးသွားနေရသဖြင့် မျက်နှာ လည်း ချောင်နေသည်။ ဘာမှမစားချင်ဘူးဆိုတာလည်း ဖြစ်နိုင် ဒါပေမယ့် မစားလေ ပိုဆိုးလေဖြစ်သွားနိုင်၏။

"မစားချင်လည်း စားရမှာပဲ .. မုန့်နဲ့ လက်ဖက်ရည်လေး မျိုချကွာ .. အန်တီက ထမင်းကြော်စားမယ်မို့လား .."

"ရပါတယ် လူလေးအဆင်ပြေသလိုမှာပါ .."

"အိုကေ .. ချာတိတ် .. ထမင်းကြော်ကြက်သားနဲ့တစ်ပွဲ၊ ...





ချွတ် လက်ဖက်ရည်တစ်ခွက် .. မုန့်ပါချကွာ .."

"ဟုတ်ကဲ့ .. အစ်ကို ကော်ဖီက .."

"ကော်ပချီနို ရလား .."

"မရဘူး .. ပရီမီယာ .. နက်စ်ရယ် နှပ်ဖျော်လည်းရတယ် .."

သူ့မှာနေတာကို မယ် က စူးစိုက်နားစွင့်နေ၏။ ဒေါ်ကောက် က ဆိုင်တွင်းဆိုင်ပြင်ကို ငေးမောနေတာ မပြီးနိုင် ..။

"အဒေါ် မြို့ကြီးပေါ်ကို တစ်ခါရောက်ဖူးတယ်၊ နောက်တစ်ခါ တော့ မြို့ထဲတောင် မရောက်လိုက်ပါဘူး .. ဒါပေမယ့် နှစ်ခါစလုံး သို မြို့ထဲကျကျ မရောက်ခဲ့ဘူးထင်တယ်၊ ဒီလောက်စည်ကားနေ လည်း မမြင်ဖူးဘူး၊ ဆိုင်ကြီးတွေမှာလည်း ထိုင်မစားခဲ့ဖူးဘူး .."

ဗဟုသုတရှေ့ တော်တော်ကြွယ်ဝမယ့် ပုံပါလား ..။

မယ့် ကို ကြည့်တော့ သူမ မျက်လုံးတွေက တွေဝေနေရသည်။ မသိတာ မြင်ဖူးတာတွေအပေါ်မှာ စူးစမ်းနေမှန်းသိသာပေမယ့် ငေးမော ငြိနေတာမျိုးကြီးမဟုတ် ..။

သူမ စာတတ်မှန်းတော့သိလည်း။ အတန်းပညာဘယ်လောက်ထိလဲ ဒါမှ ဘုန်းကြီးကျောင်းက သင်ယူခဲ့ရတာလား ..။ ဒါတွေလည်း သူ မသိ ..။

အိမ်ပေါ်မရောက်ခင် ဒါတွေ သူ အရင်သိထားမှဖြစ်မှာပါ။ မေးဖြစ်အောင် မေးဖို့လည်း ဆုံးဖြတ်လိုက်၏။ လောလောဆယ် သူလုပ်သင့်တာ တော့ ဒါတွေမဟုတ်သေးသည်မို့ ..၊

"အန်တီ ဒါခဏယူထားနော် .. ကျွန်တော် ပြန်လာခဲ့မယ် .."

"ဟင် .. ဘယ်ကိုလဲ .."

သူမ လက်ထဲကို ပိုက်ဆံပယ်လေး လာထည့်ပေးသဖြင့် ဒေါ်ကောက် လုံးအဝိုင်းသားဖြစ်သွား၏။ မယ့် မျက်နှာလေးကလည်း ခက်ထန် သွားတာ ...

"စကားကို ရှင်းရှင်းပြောသွား .. ရှင် ယောက်ျားမဟုတ်ဘူးလား.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!.."

သားအမိနှစ်ယောက် ဘာဖြစ်သွားမှန်းပင် မသိလိုက်ကြမီ သူက
အာရုံနဲ့ကိုယ် ထရပ်လိုက်ပြီးဖြစ်ကာ ..၊

"အန်တီ .. ဘာဖြစ်လို့လဲ .."

အစိုး နေရာမှာ ပြန်ထိုင်လိုက်ရကာ ..၊

"ကျွန်တော် ကိစ္စလေးလုပ်စရာရှိလို့ ခဏလေးပါ .."

"လူလေးရယ် .. အခေါ်တို့ကိုတော့ ထားမသွားပါနဲ့၊ ငါတို့
ကိုမသိဘူးနော် .."

"ဟာ .. မဟုတ်တာ အန်တီကလည်း .."

သူ စိတ်မကောင်းဖြစ်သွားမိသည်။ လက်ထဲမှာ ငွေရှိမှ ခရီး
လို့ရမှာဖြစ်သည်။ ရွှေကိုငွေဖြစ်အောင်လဲလှယ်ရဖို့အတွက် သူ့
သွားဖို့ စိတ်စောသွားမိတာပါ။

ဒီပိုက်ဆံ ငါးထောင်တန်လေးနဲ့ တစ်ထောင်တန်နှစ်ရွက်က
ကိုယ်ပေါ်မှာ လွှမ်းလို့ကျန်ရစ်သည့် နောက်ဆုံးလက်ကျန်ပိုက်ဆံ
"ကျွန်တော် ခုပဲ ပြန်လာမှာပါ၊ ဒီပိုက်ဆံပေးခဲ့တာက အန်တီ
စားသောက်ရင်း စိတ်မောနေရမှာစိုးလို့ .."

"အေးပါ .. မင်းကိုယုံပါတယ်၊ ဒါပေမယ့် ကိုယ်မသွားဘူး
နေရာဆိုတော့ .."

"ယုံကြည်ခဲ့ပြီးမှတော့ မှားလည်းမှောက်အိပ်ပဲ အမေ ..၊ တော
ခယမနေပါနဲ့ .. မရောက်ဘူးတဲ့နေရာမှာလည်း နတ်ဒေဝါတွေ
ရှိနေတာမှမဟုတ်တာ လူလူချင်းပဲ .."

မယ် တော်တော်ဒေါသထွက်နေမှန်းသိကာ အစိုး ဘာလုပ်
မသိတော့အောင် ဖြစ်သွားသည်။ သူမထွက်ကို နေရာတကာခေါ်သွားဖို့
လူမြင်တင့်တယ်စေမည့် အဝတ်အစားတွေတော့ လဲဝတ်ရဦးမှာဖြ
ယောင်းနွမ်းရုံမကဘဲ တောထဲက ဒုက္ခသုက္ခတွေနဲ့ ငြီးရာပြီးရာ





တဲ့ အဝတ်အစားတွေကို သူပ ကိုယ့်ကိုယ်ကိုယ် နည်းနည်းမှ မြင်နိုင်
မိဘူးလေး ..။

"သွားလေ .. လူလေး၊ မြန်မြန်တော့ ပြန်လာခဲ့နော် .."

"ဟုတ်ကဲ့ .."

ကောင်းကောင်းမွန်မွန် ချပ်ပြတုန်း ကပျာကယာပြန်ထရပ်လိုက်ကာ ..၊

"အန်တီတို့လည်း ဒီမှာပဲ ထိုင်နေနော် .. ပိုက်ဆံပေးခဲ့တာက ရှင်းဖို့
တွေး၊ အေးအေးဆေးဆေး .. ကျွန်တော်လာမှ ရှင်းပေးမယ်၊ ဘယ်မှ ထမသွား
ဘူး .. ထိုင်နေလို့ရတယ် .."

သူမှာ သေချာမှာနေပြီးမှ စိတ်မချဘဲ ဝိတ်တာကိုပါခေါ်ပြီး မှာခဲ့
သည်။

"သူတို့က တောကလည့်သည်တွေပါ .. အစ်ကို ဒီနားခဏသွားချင်
တို့ကို ခဏလေးကြည့်ရှောက်ထားပေးပါ၊ ဆော်ကြာ သူ့ကို ကိုယ့်
လှဲ့ကုန်ကြမှာစိုးလို့ .."

"ဪ .."

ဝိတ်တာက ခေါင်းညိတ်ပေးယ် သူ့ကိုကြည့်ပုံက တစ်ခုခုမှာသကဲ့
သို့ ..။

"စောပဲနော် ညီလေး .. မင်းကို အစ်ကို မှန့်ဖိုးပေးမယ် .."

ထင်ချင်ရာထင် ကိုယ့် ရှိုးသားမှုက သစ္စာပါပဲ ..။

အမိကက စားသောက်ပွဲတွေနဲ့ ကားသွားပြီးထင်ပြီး မယ် တို့ကို
အားမြန်းလားတွေ သွားမလုပ်ဖို့ ..။

"ဟူး .."

အပြင်ထွက်လာပြီးမှ သက်ပြင်းမောကြီးချမိ၏။ မြို့မှာလူတွေက
တိုကြည့်ပြီး အဆင့်အတန်းခွဲကြသည်။ နိမ့်ပါးပြီထင်တာနှင့် အား
ဘာကယ်ဆိုတာ မရှိသလောက် ..။

"ဟလို .."



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆိုင်ထဲကထွက်လာတော့ သူ ဖုန်းဝင်ဆက်သည်။ အိမ်ဖုန်း ကိုင်မယ့်လူတောင် မရှိပါလား ..။

"ဟလို .."

"ကြည်ပြာ လား .. မေမေ မရှိဘူးလား .."

"ခုပဲ သွားကြည့်တာ အစ်ကိုလေး သူ့ခွေး အိပ်ပျော်နေ အစ်ကိုကြီးနဲ့ အစ်ကိုငယ်က အလုပ်သွားကြပြီး .. မမသီရိ .."

"တော်ပြီ ပြောတာကိုနားထောင် .."

"ဟုတ် .."

"ငါ မနက်ဖြန် ပန်းတနော်ရောက်မယ် ..၊ တောမှာ လေ ပြီး ပစ္စည်းတွေရော ငွေပါပါသွားတာ တစ်ပြားမှ မကျန်တော့လို့ မှ လုပ်မရတော့ဘူး .."

"ဟယ် .."

"ဟယ်မနေနဲ့ မေမေ့ကိုပြောပေး .."

"ဘာဆိုကနေ ပိုက်ဆံလွှဲပေးဖို့လားဟင် .."

"ငါ့မှာ မှတ်ပုံတင်လည်းမရှိတော့ဘူး .. ဘယ်လိုလုပ်ငွေ ရမှာလဲ ..၊ နင် တော်တော်လျှာရှည်ပါလား ကြည်ပြာ၊ ငါ ပန်း မှာ စောင့်နေမယ် တစ်ယောက်လွှတ်ပေးပါလို့ ပြောလိုက်၊ ချေး တွေလည်း ပါလာတယ်လို့ .."



## အခန်း (၁၆)

"ဟုတ်ကဲ့ အစ်ကိုလေး .."

ဟိုဘက်က ဖုန်းချသွားမှ စောဥမ္မာ ကိုင်ထားသည့် ဖုန်းကို ချသည်။ ပြီးတော့ အပြင်ကို ခြေလှမ်းကျဲများနှင့် လှမ်းလာခဲ့ကာ ...

"ကြည်ပြာ .."

"ရှင် .."

ဦးစိုးရာ အခန်းဘက်ကို ခြေဦးလှည့်လိုက်ပြီးမှ အထဲကထွက်လာ သည့် စောဥမ္မာ ကိုမြင်တော့ ကြည်ပြာ ခေါင်းလေးငုံ့သွား၏။

"နင် အစိုး နဲ့ ပြောလိုက်တာလား .."

"ဟုတ် .."

ကြည်ပြာ ကို ကြည့်နေရင်းကနေ ဖုန်းဆီလှမ်းကြည့်ပြီး စောဥမ္မာ က မဲ့သည်။ ဖုန်းတွေခွဲထားပြီး ခိုးနားထောင်တာကို ဦးစိုးရာ က မကြိုက်ပေ ..၊ ဘယ်သူမှလည်း ဒီလိုမလုပ်ရဲကြပေမယ့် သူမကတော့ ဂရုမစိုက်ခဲ့ ဘာ ဒါတွေ ဒီလိုရှိတတ်လို့ ..။

"ဟွန့် .. ပြန်ပြောစမ်း အစိုး ဘာပြောသွားသလဲ .."

သူမနားထောင်ခဲ့ပြီးမှန်း ကြည်ပြာ ကလည်းသိပါသည်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မေးလာတော့လည်း ထပ်ပြောပြရတာ ...။

"အဲဒါတွေပဲ မမလေး .. သူ့မွေးနို့လာရင် ပြောမလို့ ကျွန်မ .."

"မပြောနဲ့ .."

"ရှင် .."

"ဒီဖုန်းလာတာကို မေ့ပစ်လိုက်ယော့ .."

မျက်လုံးပြူးနေသည့် ကြည်ပြာ့ လယ်ထဲကို ငါးသောင်းတန်တွေ အလိပ်လိုက်ရောက်လာသည်။ လက်ထဲရောက်လာပေမယ့် ဆုပ်မကိုင်ရဲဘဲ ဖြစ်နေသည့်လက်ကို ဆောဉမ္မာ ကပဲ သေချာထည့်ဆုပ်ပေးလိုက်၏။

ပြီးတော့ .. နားနားကပ်၍ ...

"ပေးတာကိုယူပြီး တိတ်တိတ်နေလိုက်၊ မဟုတ်ရင် ဒီတစ်ခါ နင့်ကို ထောင်ပါချပစ်မှာ .."

ကပ်ကြိမ်းခဲ့ပြီး လှည့်ထွက်လာခဲ့တာ စိတ်ချလက်ချ ..။

လိုပြင် နှုတ်ခမ်းမှာ ပိုင်နိုင်သည့် မဲ့ပြုံးတွေပါရှိနေခဲ့၏။ ကြည်ပြာ ဆိုတဲ့ကောင်မလေး နည်းနည်းခေါင်းကြောမာတယ်ထင်လို့ ဟိုတစ်ခါ ပညာပေးထားလိုက်တာ တော်တော်မှတ်သောက်သားသောက်ဖြစ်သွားခဲ့သည်။

ခုဆို ဘာပြောလိုက်ပြောလိုက် မျက်လွှာချ ခေါင်းညိတ်ပြီးသား ..။

ငွေနဲ့ ဖြားယောင်းလို့မရတဲ့ လူတားမျိုးတွေ ရှိမှာရှိလိမ့်မည်။ ဒါပေမယ့် ထောင်တန်းကျသွားနိုင်သည့်ပြဿနာမျိုးဆိုရင်တော့ မကြောက်တတ်တဲ့လူ မရှိဘူးထင်ပါသည်။

အထူးသဖြင့် အင်အားမဲ့လူတန်းစားတွေပဲဖြစ်၏။ ကြည်ပြာ ကို သူမ ပိပိရိရိ ပညာပေးထားတာ ခုချိန်မှာ ကျသနားလ်ချွေးချမ်းသာရတဲ့ဘဝမျိုးနဲ့ဆိုကော့ ...။





အခန်း (၁၇)

"ဟာ!.."

ကားပေါ်ကဆင်းလိုက်တည်းက ဆိုင်ထဲမှာ ရုပ်ရှုပ်သဲသဲတွေ ဖြစ်နေတာကိုမြင်လိုက်ရသည်။ အစိုး စိတ်ထင့်သွားကာ ပြေးဝင်သွားခဲ့ရင်း သူ ထင်သည့်အတိုင်း ..။

"ခွမ်း .. ဝုန်း .."

"လာစမ်းဝါ .. လူကို ဘယ်လိုအတန်းအစားအောက်မေ့နေလို့လဲ"

"ခင်ဗျားကို ဘယ်သူက ဘာပြောရသေးလို့လဲ .."

"ဘာမှမပြောရသေးဘူးဟုတ်လား .."

"ဒုန်း .."

"ဟော့ .. ဟော့ .. ဘယ့်နှယ်လဲကွ .. မင်းက ခိန်းကလေးဖြစ်ပြီး ကြမ်းတမ်းလှချေလား .."

"ဟိုကောင် ရဲကို ဖုန်းဆက်လိုက်စမ်း .."

"နေပါဦး ခဏလေး .. ခဏလေးပါ .."

အစိုး ဝင်သွားတော့ မယ် တို့ထိုင်နေသည့် စားပွဲမှာ ဘာပန်းကန်မှမရှိတော့ဘဲ စားပွဲခင်းကအစ ပန်းကန်ခွက်ယောက်တွေအားလုံး မြေပြင်ကြွကျနေကြ၏။

ပြီးတော့ ကုလားထိုင်တစ်လုံးက လဲကျနေကာ တစ်လုံးက စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ဖျွမ်းထိုးမှောက်ခုံ ..။

"ချာတိတ် မင်းကွာ .. ငါ သေချာပြောခဲ့တာတောင်မှ .."

"ဘာလဲ .. ဘာပြောခဲ့တာလဲ ရှင်က၊ အဲဒီကောင် လူကိုဘာမေ့လာမေးလဲ ရှင် သိလား .."

"ကျွန်တော် သူ့ကို .."

"ရှုပြီ .. တော်ပြီ ဖြစ်ရတဲ့ကိစ္စအတွက် ကျွန်တော် တောင်းပန်ပါတယ်၊ ဦးက ဆိုင်ရှင်လားမသိဘူး .."

"ဟုတ်တယ် .."

"ဘာဟုတ်တာလဲ .."

မယ် က တစ်မျိုး ..။

သူမကပဲ ဖောင်းပွနှုန်းတွေမြင့်သထက်မြင့်နေကာ တောင်းပန်ရင်းပြောင်းဆန်နေ၏။

"တောင်းပန်ရအောင် ဒီက စော်ကားမော်ကား အမေးခံရတာဘာကို တောင်းပန်ရမှာလဲ ..၊ ရုပ်တွေကိုက နှာခေါင်းပွပွအဆီပြန်ပြန်နဲ့ မပြောလိုက်ချင်ဘူး .."

မယ့် ကို ဘယ်လိုမှ တားဆီးမနိုင်ဖြစ်နေရကာ ဆိုင်ရှင်ကျေနပ်အောင် ပျက်စီးကွဲရှမှုတွေအတွက် တောင်းသလောက် ချလျော်ခဲ့ရသည်။

ရွှေဆိုင်မှာ လက်စွပ်မောင်းကွင်းလေးရောင်းလာခဲ့တဲ့ ပိုက်ဆံကကုန်လုနီးပါး ..။

"မယ် ရာ .. မင်း ထစ်ခနဲရှိ လက်ပါချင်တာကို ထိန်းစမ်းပါ .."

"လက်မပါရင် လူပါသွားမှာပေါ့၊ အဲဒီသတ္တဝါက လူကို ထောင်ပေါင်းစုံကနေ ကြည့်နေတာ .."

"ငါ ကြည့်ခိုင်းထားခဲ့တာလေ .."

"ဘာ!.."

"မယ် ဘယ်လိုဖြစ်နေတာလဲ သမီး ..၊ ဘေးမှာ မအေတစ်ယောက်လုံးရှိနေတာကို ဆွဲမနိုင်လို့မရ .."

ဒေါ်ကောက် ဝင်ဟန့်မှပဲ မယ့် အသံ ခထာလေးတိတ်၏။





"မင်းတို့ကို စိတ်ပူလို့ ဟမင်မှာခဲ့တာ .. မတော်လို့ ဟိုဒီအတွေးခေါက်ပြီး ထထွက်သွားဖို့ဆုံးဖြတ်ရင်တောင် ဘယ်ကိုထထွက်သွားပါဘယ်လို့ လမ်းပြမယ့်သူရှိအောင်လို့ .."

"ဩော် .. မဟာအတွေးပညာရှင်ကြီးပဲ .."

"မတတ်နိုင်ဘူးလေ .. မင်းက ငါ့ကို သံသယတွေပွားများနေတာကိုး၊ မင်း တစ်ခုခုထလုပ်ရင် အန့်ဘီရော တားနိုင်မှာမို့လို့လား .. ခုပဲကြည့် .."

"ဒီလောက် ပူတတ်နေရင် ဘာလို့တစ်ခါတည်း ခေါ်မသွားတာလဲ ..၊ မရိုးသားတာက ရှင်ပဲ .."

"မင်း ငါ့ကို မစွပ်စွဲနဲ့ မယ် .."

"ဟုတ်တာပြောနေတာပဲ .."

'မင်း ပုံစံ ဒီလောက်စုတ်ပြတ်နေတာ မြို့ထဲခေါ်သွားဖို့မဖြစ်လို့' ဆိုသည့်စကား ပြောချလိုက်ရင်ပြီးပြီ ..၊ ဒါပေမယ့် သူ မပြောရက်ခဲ့ပါ။

ခုတော့ သူမတို့ကို ပြုပြင်ဆင်ယင်ပေးဖို့ ထုခွဲရောင်းချလာခဲ့သည့် ပိုက်ဆံလေးလည်း ပါသွားပြန်ပြီ ..။

မိန်းမသားနှစ်ယောက်ကို ခေါင်းဆောင်လမ်းပြလုပ်ပြီး ခေါ်ထုတ်လာခဲ့ပြီးမှ သူ ဘယ်လိုလုပ်ရမလဲ ..။

လက်ကျန်ငွေလေးနဲ့ ပန်းတနော်ကိုရောက်သွားနိုင်တော့ရော ဟိုမှာ တည်းခိုဖို့တွေ ဒီလူသုံးယောက်အတွက် လိုအပ်တာဖြည့်ဆည်းဖို့တွေ ..၊

ကျွတ် ..၊

တစ်ယောက်တည်း ခပ်ကြိတ်ကြိတ်ညည်းမိရင်း မယ် တို့ကို ငဲ့ကြည့်မိ၏။ မယ့် မျက်နှာလေးက ဒါနားစရာပါ။

ပြီးတော့ ဖြစ်ဖြစ်သမျှကို လိုက်ကြည့်နေသည့် ဒေါ်ကောက် ခများကလေးတစ်ယောက်လိုပင် ..။

မင်း တစ်ခုခုလုပ်စမ်း အစိုးရ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ချစ်ဦး .."

"ခင်ဗျား .. လာပါပြီ သူဌေး .."

ကားရေဆေးနေရာကနေ ချစ်ဦး ကမန်းကတန်းပြေးလာသည်။

"ကားရေဆေးရမှာ မင်း အလုပ်လား၊ အကျိုးအကြောင်း ပြောဆိုမေးမြန်းချင်ပြီဆို အနားမှာ ဘယ်တော့မှမရှိဘူး .."

"မမစော က ကားနှစ်စီးစလုံး ရေဆေးထားရမယ်လို့ သေချာမှာထားလို့ပါ၊ သူဌေးလည်း အိပ်နေတယ်ဆိုတော့ .."

"စောဥမ္မာ က ဘာလို့မင်းကိုမှ ခိုင်းတာလဲ .. ဂေါ်ဝက်ရ နဲ့ သီလတို့ရော .."

"မသိဘူး သူဌေး၊ အစ်ကိုသူရိန် ကလည်း အလုပ်တစ်ခုခိုင်းထားတာက ရှိသေးတော့ ကား မြန်မြန်ပြီးအောင် ဆေးနေတာပါ .."

ဦးစိုးရာ အမေးသည် လှုပ်ရှားဖားဖားကြီးနှင့် လက်နှစ်ဖက်နောက်ပစ်ထားရင်း မျက်မှောင်ကုတ်သွားသည်။

"သူဌေး ဘာခိုင်းမလို့လဲ .."

"မင်း မနက်တည်းက ခြံထဲရောက်နေတာလား .."





"မဟုတ်ဘူး သူဌေး၊ သူဌေးအတွက် နို့ကြက်ဥမွှေခဲ့ပြီးမှ ဆင်းလာတာပါ .."

"မင်းကို ငါ ဖုန်းစောင့်ခိုင်းထားတာ ဘာဖြစ်လို့ ဖုန်းနားမှာ မနေတာလဲ .."

"ကျွန်တော် စောင့်နေတာပါ၊ မမစော က ကြည်ပြာ ကိုပဲ .."

"တော်ပြီ .. တော်ပြီ .."

ဦးစိုးရာ လက်ကာ ယိုက်ပြီး အထဲပြန်လှည့်ဝင်ခဲ့သည်။ ချစ်ဦး က နောက်ကနေ ခပ်ကုပ်ကုပ်ပါလာကာ ...

"သူဌေး .. ကျွန်တော် ဘာလုပ်ပေးရမလဲဟင် .."

"ဟဲ့ .. နင့်ကို ငါခိုင်းထားတာ မလုပ်ဘဲ ဘာတက်လုပ်တာလဲ အိမ်ပေါ်ကို .."

ဦးစိုးရာ ရော ချစ်ဦး ပါ ခြေလှမ်းတုံ့သွားသည်။ စောဥမ္မာ က အနီရောင်အနက်ကွက် ဆွဲသားကိုယ်ကျပ်နှင့် ခပ်နွဲ့နွဲ့လေးလျှောက်ထွက်လာကာ မလှမ်းမကမ်းဂျမှ ဦးစိုးရာ ကို မြင်သွားသလို ပျာပျာသလဲဖြစ်သွား၏။

"အမေ့ .."

ဦးစိုးရာ က မပြုံးသည့်မျက်နှာနှင့် မိုက်ကြည့်နေပြီး ခွန်းတုံ့မဆို။

"ချစ်ဦး ကို အဖေ ခိုင်းဖို့ ခါလာတာမှန်း မသိလို့ပါ .. အဟွန်း.."

မနက်တည်းက ချစ်ဦး ကိုပဲ သူ့သားမှာထားခဲ့တာ ဘာတွေဆန်းနေလို့လဲ ..။

တည်နေသည့် ဂုဏ်နှာက မျက်ခုံးတွေ တွန့်ကုတ်သွားတော့ တင်းသလိုဖြစ်သွားသည်။ ဦးစိုးရာ အကြည့်တွေကို စောဥမ္မာ က မျက်လုံးချင်းမဆုံဘဲ ခပ်လွှဲလွှဲနေ၍ ..

"အိမ်ပေါ်မှာ မိန်းကလေးတွေ အများကြီးရှိတာပဲ အဖေ့ရယ်၊ လူကြီးသူမ ဖျားနာတာမျိုးကျတော့ မိန်းကလေးပြုစုတာမှ ကောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တာ ..၊ စော က အဲဒါကိုလည်းတွေးမိလို့ပါ၊ ကောက်ရ တို့ကိုလည်း အလုပ်တွေခိုင်းထားတော့ ..''

"နင်တို့ဘာသာ အဆင်ပြေသလိုနေကြပါ ..''

ဦးစိုးရာ က သူမစကားကို ဖြတ်ပြောပြီး ...

"ငါ့ကျန်းမာရေးအတွက် ငါ့နားမှာ ဘယ်သူ့ခေါ်ထားထား ဘယ်သူမှ ခွဲခြမ်းနေရာချထားပေးဖို့မလိုဘူး ..''

ပြောပြီး ချစ်ဦး ဘက်ကို မျက်နှာငဲ့၍ ...

"ကြည်ပြာ ကို ခေါ်လိုက်စမ်း ..''

"ဟုတ်ကဲ့ သူဌေး ..''

ထိုအချိန်တွင် အပေါ်ထပ်ကနေ အောင်ထွန်း နဲ့ သီရိ တို့ ဆင်းလာကြကာ ဧည့်ခန်းရဲ့ နောက်ခန်းနားမှာ လူစုမိသလိုဖြစ်သွား၏။

အလွန်အင်မတန် အလုပ်ကြိုးစားနေသည့် နေသူရိန် ကတော့ ဒီအချိန် အိမ်မှာမရှိတတ်တာကို ဦးစိုးရာ က သတိထားမိကာ မျက်နှာတွေကို အေးစက်စက်လိုက်ကြည့်၏။

အားလုံးသည် မျက်နှာချင်းဆိုင် မျက်လုံးချင်းတွေဆုံမိနေကြပြီး ဘာစကားမှ ဘယ်သူကမှ မဆိုဘဲ တိတ်ဆိတ်နေကြ၏။

"သူဌေး .. ဒီမှာ ကြည်ပြာ ..''

ကြည်ပြာ က လူစုကိုမြင်သည်နှင့် မျက်နှာပျက်သွားကာ ဇက်ကြိုးမတတ် ငုံ့ချပစ်ပြီး ဦးစိုးရာ ရှေ့ကို လျှောက်လာ၏။

"ကြည်ပြာ ..''

"ရှင် ..''

"နင်အိမ်ထဲမှာ အမြဲတမ်းရှိနေတယ်မို့လား ..''

"ဟုတ်ကဲ့ ရှင့် ..''

"အငယ်ကောင်ဆီက ဖုန်းမလာဘူးလား ..''

"ရှင် ..''





"မနေ့တည်းက ဖုန်းလာတယ်လို့ ပြောသံကြားလိုက်တာ ဘယ်သူ့ ...သို့မရဘူး ..''

ကြည်ပြာ ဖုန်းကိုင်ပြီး ဦးစိုးရာ အခန်းကို ပြေးကြည့်ခဲ့သေးသည်။ ...ရှုမှာပဲ ထမင်းချက်သည့် ဒေါ်ဥ နှင့် တွေ့လို့ 'ဖုန်းလာလို့ သူဌေး ...ဘခေါ်တာ' ဖြစ်ကြောင်း ပြောပြခဲ့သည်။

ထိုစဉ်က သူဌေးအိပ်နေလို့ မနိုးဖြစ်ခဲ့ပေမယ့် ဤသို့ သူမ ပြေးလွှား...းနေတုန်းမှာ သူဌေး ပျော်တစ်ဝက်နိုးတစ်ဝက်နှင့် ကြားသွားတာ...သည်။

"ဟဲ့ .. ဖြေလိုက်လေ .. ဖုန်းလာသလားလို့ အဖေ နင့်ကို မေးနေ...မို့လား .. လာရင်လာတယ် မလာရင်မလာဘူးပေါ့ ..''

ကြည်ပြာ မျက်နှာငုံ့ရင်း လက်နှစ်ဖက်ဖိဆုပ်ချေနေသည့်ပုံကို စော...သည်းယားသလို အော်ပစ်လိုက်သည်။

ကြည်ပြာ ကိုယ်လေး မသိမသာတုန်ယင်သွား၏။

အသံကြောင့် ထိတ်လန့်သွားရကာ မော့လိုက်တော့ ဦးစိုးရာ ရဲ့ အကြည့်...ကြောင့် ကြည်ပြာ အသက်ဘယ်ကထွက်ရမှန်းမသိဖြစ်သွား၏။

"ဟို .. မ .. မလာပါဘူး ..''

ကြည်ပြာ တုန်ယင်ထစ်ငေါ့နေပုံကြောင့် အောင်ထွန်း တို့ လင်မယား ...ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။ ခုတစ်လော ကြည်ပြာ ...ာ ကို မကြာခဏ ပူးတွဲမြင်နေရကာ ကြည်ပြာ ပုံစံကလည်း ဒီ...ာ စော ရဲ့ ဝေယျာဝစ္စတွေကိုလုပ်ပေးဖို့သာ သူမ တာဝန်ယူထား...ျိုး စော မှ စော ..။

ဦးစိုးရာ မျက်နှာပေါ်က ရာသီဥတုနဲ့ မေးခွန်းကိုအကဲခတ်သည်။ အကြည့်တွေက စော ထံမှာ ရှုးနစ်သွားခဲ့၏။ မြှေ မြှေချင်းမို့ ခြေ...သည်။

'ဘာ' ဆိုတာ တပ်အပ်မသိပေမယ့် ဒါက မသင်္ကာဖွယ်တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ခံစားမိလိုက်၏။

"သွားတော့ .."

ဦးစိုးရာ က ဘယ်မျက်နှာကိုမှ မကြည့်တော့ဘဲ ကျောခိုင်း သွားခဲ့၏။ အိမ့်ရာယဲမှာချည်း အနေများခဲ့သည့် ဦးစိုးရာ အပြင်ထွ ခဲ့သဖြင့် အောင်ထွန်း က အံ့သြပြီး လိုက်ကြည့်နေကာ သီရိ က စော မျက်နှာပြုံးတုံ့တုံ့ဖြစ်နေတာကိုပဲ အမိအရအကဲခတ်နေခဲ့သ

ပြီးတော့ ကြည်ပြာ ခေါင်းငုံ့လှည့်ထွက်သွားပေမယ့် အော ဖျတ်ခနဲမျက်လွှာပင့်ကြည့်သွားသေးသည်။

"ကြည်ပြာ ကလည်း ဘာလေးလဲမသိဘူးနော် .. မြို့စိစိနဲ့

စော လှည့်ထွက်လာကာမှ သီရိ ရဲ့ ခပ်ကျယ်ကျယ်စကားပြော တုံ့ခနဲရပ်တန့်သွားသည်။

"မသိရင် တစ်ယောက်ယောက်က ဓားနဲ့ထောက်ပြီး ခြိမ်းခြော နေတဲ့အတိုင်းပဲ .."

"ဒီကောင်မလေးကိုက အစတည်းက ဒီပုံစံပါကွာ .."

"ဟုတ်ပါတယ် .. ခုကျမှ သေချာကြည့်မိလို့ပါ၊ အဖေကဖြင့် မှ ကြိမ်းလားမောင်းလား မဆူဘူးဘဲနဲ့ ဘာတွေကြောက်နေတုန်း မသိဘူး .."

"ဖုန်းစောင့်ခိုင်းထားလားမှမသိတာ သူ တာဝန်မကျေလို့ဖြစ်မှာ

မိန်းမသားချင်း ပို့လွှတ်နေသည့် လှို့ဝှက်ခြိမ်းခြောက်မှု အောင်ထွန်း က ရုတ်တရက်မရိပ်မိပေ..။

"အငယ်ကောင်ကလည်းပဲ တာဝန်နည်းတဲ့ကောင်ပါကွာ .. သွားရင် နောက်ကြောင်း ပူတတ်တာမှ မဟုတ်တာ၊ ခုလည်း ဖေဖေ ဆိုတော့ ထင်တိုင်းသုံးဖွဲ့ရတော့မှာပဲဆိုပြီး တာဝန်ယူတာ ဟန်ပြ တောကြုံအုံကြားကိုလား ဒီကောင် သွားမှာ .."

"ဟုတ်လောက်တယ် .. ခုလောက်ကြာနေပုံထောက်ရင် သူ





ဘယ်ရာမှာ လုပ်ချင်ရာလုပ်နေတာဖြစ်မှာ .."

စော က မျက်နှာခပ်ပြုံးပြုံးနှင့် ပြန်လှည့်လာပြီး စကားဝင်ပြော

"လူငယ်တွေက ဒီတိုင်းပါပဲ အစ်ကိုအောင်ထွန်း ရယ် ..၊ အဲဒါ ကြောင့် အစိုး ကို ခိုင်းတည်းက စော တို့က တားချင်တာလေ၊ ဒါပေမယ့် ဘာမဟုတ်ဘဲနဲ့တောင် မေးမိတာလေးကို စော တို့ ဘယ်လိုအထင် သလဲ ..၊ အဟွန်း .. ကိတ္တိမသားတွေဆိုကာ ဒီလိုပါပဲ .. သွေးသား ချင်းနဲ့ယှဉ်ရင် ဘေးရောက်သွားရတာပဲ .."

အောင်ထွန်း ကလည်း ခေါင်းညိတ်သည်။ သူတို့ အိမ်ထောင်တွေ ပြီးသည့်နောက်ပိုင်းမှာ ဖေဖေ လုံးဝပြောင်းလဲသွားတာဖြစ်သည်။ တော့ စည်းကမ်းဘောင်တွေ တင်းကျပ်လာပေမယ့် အစိုး ကို ယ်သဘာဝ နေနေတာတွေပျောက်သွားအောင် ပြုပြင်ဖို့ပဲမှတ်ခဲ့သည်။

အမွေတွေခွဲဝေပေးခဲ့တုန်းကလည်း မနည်းမနောရလိုက်တာမို့ ပ်နေခဲ့သေး၏။ အစိုး အတွက် ဘယ်လိုဝေပုံချပြီး ခွဲဝေပေးထား ဆိုတာ စိတ်ဝင်စားရမှန်းမသိခဲ့တာက ငါ့ကိုက မွေးစားသားပဲဆို စိတ်နဲ့ အလိုလို နောက်ဆုတ်ပေးခဲ့မိတာလည်း ဖြစ်နိုင်၏။

သီရိ နဲ့ လက်ထပ်ပြီးကာမှ ပို၍ရှင်းအောင်ပြောရပါလျှင် စောဥမ္မာ ရောက်လာတော့ စကားတွေက ပိုပြီး အင်အားကောင်းလာခဲ့၏။

"မိန်းမတွေကတော့ ယောကျ်ားထက်သာတာပဲလေ ..၊ ယောကျ်ား ဘာသိဘာသာနေလိုက်တဲ့တချို့ကို မိန်းမတွေကမြင်တယ်၊ ယောကျ်ား သည်းခံတတ်တဲ့ဘက်ကဆိုရင် မိန်းမသားတွေကတော့ သည်း တတ်တဲ့ဘက်က ပြောရမှာပဲ .. မွေးစားခဲ့တာပေမယ့် အမွေစားအမွေ ခဲ့တာလေ .."

"ဒီအချိန်ထိ စီးပွားရေးအုတ်မြစ်ကြီးနဲ့ တောင့်တင်းလာခဲ့တာ စော သီရိ တို့ ယောကျ်ားတွေ ကြိုးစားခဲ့ကြလို့ပဲ ..၊ သူ့သားဆိုတဲ့ သ က သုံးဖြုန်းဖို့အပြင် ဘာတတ်လို့လဲ .."

www.burmeseclassic.com



"အဖေ့ပါးစပ်ထဲမှာကိုက မွေးစားသားပီသကြတယ်ဆိုတဲ့စကား
လာတာနော် ..၊ အဲဒါကို ဓာ တို့ ဘယ်လိုကောင်းအောင်နေကြမှာ

"ဓာ တို့က ရာလေးမရှိဘူး ကိုအောင် ..၊ သီရိ တို့မှာ သမီး
ရှိတယ်၊ သမီးအတွက် သီရိ တို့ တိုက်ပွဲဝင်သင့်ရင် ဝင်ရမှာ .."

စသဖြင့်သော စကားတွေက ခွန်အားတို့ကိုဖြစ်စေခဲ့သည်။
ပြောလာတဲ့ နေရာမကျတဲ့စကားတချို့ကို ခွန်းတုံ့ပြန်ရဲတဲ့အထိ
တွေပြည့်ဝခဲ့၏။

ခုလည်း သူတို့မှာ တိုင်ပင်လုပ်ကိုင်စရာတွေ ရှိနေပါသေး

"ရှင်က ဘယ်ကိုလဲ ကိုအောင် .."

ကိုယ့်အတွေးနဲ့ကိုယ် လျှောက်သည့်ခြေလှမ်းက သီရိ မေးခွန်း
ရပ်တန့်သွားခဲ့လျက် ..၊

"အဖေ နေကောင်းလား သွားမေးမလို့ပါ .."

"နေကောင်းနေတာမြင်မှ သွားမေးစရာလား ကိုအောင်၊
မို့လို့ မေးတာတောင် အပြောခံလိုက်ရတာ .. စကားလုံးကြီးတွေက
ပစ်ပေါက်ရင် သေလောက်တယ် .."

"ဟုတ်ပေမယ့် နေထိုင်ကောင်းလာတာမြင်တော့ စကားသွား
ရမှာပေါ့ သီရိ ရယ် ..၊ ဖေဖေ ဘာလုပ်ချင်သလဲ ဘာလုပ်ပေးရမလဲ

"မေးမနေနဲ့ .. သီရိ တို့ကို မလိုအပ်လို့ ချစ်ဦး ကို အိမ်
ထွက်ခေါ်တာ၊ အစိုး ဆီက ဖုန်းလာမယ်ထင်လို့ ဖုန်းစောင့်ခိုင်း
လည်း ကြည့်ဖြာ့ ကို .."

သီရိ က မကျေမနပ်ပြောရင်း ဓာ ထွက်သွားသည့်ဘက်ကို
ကြည့်ပြီးမှ ...

"ကိုအောင့် အဖေ ဘာတွေဖြစ်နေသလဲ သိရဲ့လား ..၊ ဥစ္စာ
နေတာ၊ သူ့ပစ္စည်းတွေကို သားဖို့၊ သူ့တောက ကျေးဇူးရှင်ဖို့နဲ့
သီရိ တို့က သူ့ကိုလည်ပင်းညှစ်နေမှာကျနေတာပဲ .."

အောင်ထွန်း က သီရိ ဘက်ကို မျက်နှာချင်းဆိုင် ပြန်လှည့်





"မင်း တိတ်တိတ်နေစမ်းပါ သီရိ ရယ် ..၊ ဓာ ကိုတွေ့လား မင်း
တာကာ အသံထွက်မနေဘူး၊ ဝင်ပြောလာပြီဆိုလည်း သူ့ စကား
စ်ခွန်းဆိုတစ်ခွန်းပဲ .."

"မတတ်နိုင်ဘူး ကိုအောင်၊ စကားကိုပဲ မာယာတွေသုံးပြီး သီရိ မပြော
ဘူး ..၊ ဆင်ကြံကြံတယ်ဆိုတာလည်း ဘာမှန်းမသိဘူး၊ တစ်ခုပဲရှိတယ်
ကြံစည်ထားပြီးရင် အဲ့ဒါကိုတော့ ရှင် ယုံကြည်မှုဖြစ်မှာ .."

သင်မယားနှစ်ယောက် မျက်လုံးချင်းဆုံသွားကြသည်။ သီရိ က
ကို ထပ်ကပ်လိုက်ပြီး ..၊

"အစိုး ပြန်ရောက်လာရင် တောကလူတွေပါလာမှာပဲ .. ပါလာ
ကျိန်းသေသလောက်ပါပဲ .."

"အဲဒါ ဘာဖြစ်လဲ .."

"သီရိ တို့အတွက် အချိန်သိပ်မရှိဘူးလေ ..၊ အဖေက အဲ့ဒီအချိန်
ဆောင့်နေတာ ကျေးဇူးဆပ်ဖို့တွေ သားအရင်းနဲ့ မွေးစားသား ဘယ်
သင့်တာတွေ စိစိပေါက်ပေါက် ခွဲခြမ်းထုတ်ချလိုက်တာနဲ့ သီရိ
ဘက်ရှိကိုင်ထားနိုင်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးပြီပဲ .."

"ဟုတ်တယ် .."

"ပြီးတော့ အစိုး က အသက်ပြည့် အရွယ်ရောက်နေပြီ ..၊ ဟိုအရင်
ဆယ့်ရှစ်ဆယ့်ကိုးအရွယ် လူငယ်လေးမဟုတ်တော့ဘူး ..၊ အစိုး
အိမ်ထောင်ချပေးဖို့ စီစဉ်တာနဲ့ အမွေကိစ္စပါမှာပဲ .. အားလုံး အစိုး
ထဲရောက်သွားရင် ရှင် တွေးကြည့်ဦး .."

ကိုယ့်အတွက် ရထားပြီးသားတွေပေမယ့် ရှေ့ရေးနောင်ရေးတွေ
တွက် အမိအရ ဆုပ်ကိုင်ထားပြီး မိဘလက်ထဲကပဲ ရသမျှ ခြွေယူ
ဆောင်းနေကြတာ သူတို့ရော နေသူရိန် ဟို့ရော အတူတူပင် ..။

နေသူရိန် တို့ ဗိုချမ်းသာနေတာကလည်း ပိုကြိုးစားသလောက်
ယားနှစ်ယောက်စလုံးက လုပ်သည်။ သူတို့ကတော့ အဆောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အနေများသည့် သမီးမိုက်ကြောင့် တော်ကြာ ဟိုကိစ္စပြေးရှင်း၊ တော်
ကြာ ဟိုလိုပြဿနာပေါ်လို့ သွားရနှင့် ..။

စိတ်အာရုံတွေလည်း ဘယ်ဘက်မှာမှ လုံးလုံးလျားလျား မရ
နိုင်ခဲ့ပေ ..။

"တောက် .. ဇာတ်လမ်းတွေထဲကလို သီရိ တို့သမီးနဲ့ အဒ
ပေးစားလို့ရရင် ပြီးပြီ .."

"ဟာ .. သီရိ အဲဒါမလုပ်နဲ့နော် ..၊ မင့်သမီး အနေအထိုင်
တာတွေ မေမေက အလိုလိုကာမှ ကြည့်ရှောမဟုတ်ဘူး၊ အစိုး နဲ့
နဲ့ကလည်း အသက်ချင်း .."

"အသက်ချင်း ဘယ်လောက်များကွာလို့လဲ ကိုအောင် ရယ်
ရှင်တို့ကို မွေးစားပြီးမှ အစိုး ကို မွေးတာ ..၊ သမီးကို မွေးတုန်းက
အစိုး က အသက်ငယ်ငယ်ပဲရှိသေးတာကို .."

"မင်းကွာ .."

"ပြောပြတာပါ ..၊ သီရိ လည်း စိတ်ကူးထားတာမဟုတ်ပါ
ဒါပေမယ့် ဓော က လာဘ်မြင်တဲ့မိန်းမနော် ..၊ သူ့ညီမဝမ်းကွဲ
ဟိုတစ်ယောက်နဲ့ ခုလောက်ဆို စိတ်ကူးနေလောက်ပြီ .."

"ညီမဝမ်းကွဲပဲဖြစ်ပါစေဦးကွာ .. သွေးသားအရင်းမှမဟုတ်
ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ပါစေဆိုရင်တောင် အဲဒါမျိုးကို
အိတ်ထဲ ဖိတ်တယ်လို့ ခေါ်မလား ..၊ သူ့ညီမဝမ်းကွဲဆိုတာ ဘယ်
ကွဲမှန်းတောင် မသိဘူး .."

"ဘာပဲဖြစ်ဖြစ် အစိုး ပြန်ရောက်လာရင်တော့ ဓော ဘာတွေကြ
နေလဲ သိရမှာပဲ .. တော်တော်လည်တဲ့ မိန်းမ .."





အခန်း (၁၉)

ဟလို .."

ဟား .. ကြည်ပြာ .. တစ်အိမ်လုံးမှာ နင်ပဲရှိနေတာလား ..၊
ရော ကိုကြီးတို့ရော .."

မ .. မရှိကြလို့ပါ အစ်ကိုလေးရယ် .."

နင့်ကို ငါ ဟိုနေ့က ပြောခိုင်းထားတာ ဘယ်သူ့ကိုမှ မပြောလိုက်
း .."

ဟို .. ဟိုဟာ .."

ကြည်ပြာ ဖုန်းကိုင်ထားရင်း ထစ်ငေါ့တုန်ယင်နေစဉ် လက်ထဲက
တစ်ယောက်ကဆွဲယူသွား၏။

သူ့ငွေး ..။

ကြည်ပြာ လက်ဖျားတွေပါ အေးစက်ကျင်ခဲသွား၏။ ဦးစိုးရာ
ခကို လှည့်မကြည့်ဘဲ ဖုန်းပြောနေသည်။ မျက်မှောင်ကုတ်သွား
ဘင်းခနဲ အံကြိတ်လိုက်နှင့်မျက်နှာကို ခြေစုံရပ်ငေးရင်း ကြည်ပြာ
သေသေနေခဲ့သည်။

သို့သော် ခဏအကြာမှာပဲ ဖျတ်ခနဲ သတိဝင်လာကာ နောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်လျှင် ...၊

"အမေ့ .."

သူမ အခန်းထဲကတောင် မထွက်ရသေးဘဲ အပြင်ကနေ လ
ဖက်က ဆောင့်ဆွဲခေါ်သွားခဲ့ပြီ ...။

"ချစ်ဦး ရေ .."

ဦးစိုးရာ အသံကြီး အခန်းထဲက ဟိန်းထွက်လာ၏။ ချစ်ဦး
ခင် ရောက်လာကာ ...

"သူဌေး .."

"အပြင်မှာ ကြည်ပြာ ကို တွေ့လား .."

"တွေ့တယ် သူဌေး .. မမစော ခိုင်းဖို့ ခေါ်သွားတယ်ထင်
ခုတင်ပဲ .."

ဦးစိုးရာ မျက်နှာက အေးစက်တည်ငြိမ်နေကာ ...၊

"အေး .. ဒါဆိုလည်း ခေါ်ဥ ကိုသွားပြော၊ အုန်းထမင်းချက်
လို့ .. အုန်းနို့များများနဲ့ .."

"ဗျာ .. သူဌေး .."

"ငါ စားချင်လို့ ...၊ ပြောပြီးရင် မင်း ပြန်လာခဲ့၊ ချက်ချင်း
မင်း အရေးတကြီးခရီးထွက်ရမှာ .."

"ဟုတ်ကဲ့ သူဌေး .."

ဦးစိုးရာ တစ်ယောက်တည်း ကိုယ့်အခန်းထဲပြန်လာကာ
ပိတ်လိုက်သည်။ ပြီးတော့ နံရံကပ်ဗီရိုစင်မြင့်ကြီးရှေ့မှာရပ်ရင်း အ
ကြီး ငိုင်နေခဲ့၏။

ပြီးတော့ ထိုရှေ့မှာပဲ ခေါက်တုံ့ခေါက်ပြန် သုံးခေါက်လော
လျှောက်ရင်း ခြေစုံရပ်၍ မျက်လုံးတွေမှိတ်ထားလိုက်တာလည်း

"တောက် .."

ရင်ထဲမှာ တဆစ်ဆစ် ဘာတွေနာကျင်လာခဲ့မှန်းမသိ ...။ စိ
အဆမတန် လှုပ်ရှားလာခြင်းကြောင့် ခေါင်းတွေတရိပ်ရိပ်မူးလာ



တကြည့်စားပွဲရှေ့မှာ ဖြည်းလေးစွာ ထိုင်ချလိုက်သည်။ မူးနေတာက
မျက်လုံးမှိတ်ထားလည်းမပျောက်၊ ပြန်ဖွင့်လိုက်တော့လည်း ပိုဆိုးသည်။

အစ အလယ်အဆုံး ကိုယ့်ဘဝနဲ့ ကိုယ့်ခံစားချက်တွေကို ပြန်လည်
အနှောက်မကြည့်ချင်ပါ။ ဒါပေမယ့် နာကျင်တတ်လာခဲ့သော ရင်တွင်း
ကြေကွဲမှုတွေက သူ့ရဲ့ အတိတ်ဆိုးတွေကိုသာ လက်ယပ်ခေါ်ပြနေခဲ့၏။

ဟိုအရင်တုန်းက သူ့ရဲ့ အတိတ်ဟာ ဆိုးရွားခဲ့တာမရှိ ...။ ညည်းညူ
စိတ်ပျက်ဖွယ်လည်း ဘာဆိုဘာမှ မရှိခဲ့ပေ။ ဒါပေမယ့် ခုကျမှ သူ ပြန်
တွေးတိုင်း ပူလောင်နေသည်။

ငရဲပန်းကို ရွှေပန်းထင်ပြီး ဦးထိပ်မှာပန်ကာ ပျော်ရွှင်ကျေနပ်နေခဲ့သ
ူ ခု ပြန်ကြည့်လိုက်တော့ ကိုယ့်ပုံရိပ်တွေကို မှန်ထဲပြန်မြင်နေရသလိုပင် ...။

သူ ပန်ဆင်ခဲ့တာ ရွှေပန်းမဟုတ် ...။

တောသား စိုးရာ ဟာ တောမှာလည်း ဆိုးသည်။ မြို့ပေါ်ရောက်
လာတော့လည်း လူချောလေးမို့ သူ့မှာ ချစ်သူတွေဝိုင်းဝိုင်းလည် ...၊

"ရှင်က သူဌေးဆိုတော့ ဝိုင်းအုံုင်းလည်နေမှာပေါ့ ...၊ ရုပ်ရှိရေလျှံလေ .."

"ကိုကိုစိုး .. သစ် တို့ကို ပစ်မသွားရဘူးနော် .."

"စိုးရာ တို့ကတော့ သေးကျကျရာ အရုပ်ထင်တယ်ဟော့ ...၊ စီးပွားရေး
က အရှုံးကောင်း၊ မိန်းမရတော့ မုဆိုးမ စိန်ကုန်သည် သူဌေးမကြီးနဲ့ .."

"စိုးရာ တို့ ကံကောင်းလိုက်ပုံများနော် .. အချစ် တို့က မုဆိုးမ
ဆိုမယ့် လှတုန်းပတုန်းပဲ ...၊ ချမ်းသာလိုက်တာလည်း မိဘတိုးဘွားအစဉ်
အဆက်က စည်းစိမ်ဥစ္စာတွေနဲ့ .."

"အားကျမနေပါနဲ့ကွာ .. စိုးရာ က လည်း တော်တာစဲ၊ ပြီးတော့
တစ်ကိုယ်ရည်တစ်ကောင်ကြွက်၊ အချစ် ကလည်း ဆွေမျိုးမရှိ သားသမီးမရှိ
နဲ့ တစ်ကောင်ကြွက် သူတို့မှ မချမ်းသာရင် ချမ်းသာမယ့်လူမရှိတော့ဘူး .."

"ဒီကောင်က တကယ့် တောခေါင်ခေါင်ကလာတဲ့ တောသားပါ၊
မြို့မှာ လာအခြေချလိုက်တာ သူ့ကျတော့လည်း တောသားဖြစ်ပြီး မြို့
သားတွေထက်တောင်လည်သေးတယ်နော် ...၊ စီးပွားရေးမှာ အောင်မြင်

www.burmeseclassic.com



တယ်ဆိုတာ လာဘ်မြင်ဖို့လိုတာ၊ တောသားပေမယ့် သူတော်လို့ ကြီးပွားတာပါ ..'' တဲ့ ..။

အမျိုးမျိုးသော စကားသံတွေက ပတ်ဝန်းကျင်မှာ မကောင်းသတင်းတစ်ခုမှ မပါခဲ့ပေ။ တောသားလို့ပြောကြတဲ့လူတွေလည်း နိမ်ချချင်လို့ မဟုတ်ဘဲ အံ့ဩနေကြတာဖြစ်သည်။

ဆေးစက်ကျရာ အရုပ်ထင်ဖို့ဆိုတာကလည်း ဆေးစက်တစ်စက်မှ မရှိခဲ့ရင်တော့ ဘာအရုပ်မှ ထင်နိုင်မှာမဟုတ်ပေ ..။ စိုးပြေ ဆိုတဲ့ လူတစ်ယောက် တစ်ထောင်ကနေ တစ်သောင်းဖြစ်အောင် ရှာဖွေခဲ့တယ်ဆိုရင်တောင် အဲဒီငွေတစ်ထောင်ကို ဘယ်လိုရခဲ့တာလဲ ..။

သူ့စိတ်အတွေးတွေက ဒီနေရာရောက်လာတိုင်း မီးလောင်ပြင်တစ်ခုလို ပြင်းရှခဲ့၏။ ရောင်စုံအလှအပတို့နှင့် ဝေဆာပွင့်လန်းနေကြသော ပန်းဥယျာဉ်ကြီးက မီးပြင်းတိုက်၍ လောင်မြိုက်ခံလိုက်ရသလို အစိမ်းဆတ်ဆတ်နှင့် အညွန့်ကျိုးခဲ့၏။

ဤသို့သော ဆင်းရဲခြင်းတွေကို သူ့ကြောက်ရွံ့တတ်ခဲ့ပါပြီ။ အံ့သက်အရွယ်ကြီးရင့်သောလေ မတရားမှုကို ရှောင်ရှားလိုစိတ်တွေဖြစ်ရလေ..။

ဒါပေမယ့် သူ့မှာတော့ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေခဲ့ပြီဖြစ်၏။ သူ မိုက်မှားမိခဲ့သည့် မကောင်းမှုက ခုအချိန်မှာ ဘယ်လိုမှ ရှောင်လွှဲမရနိုင်တော့ပေ ..။

တစ်ဘဝလုံးမှာ ဖိစီးနေပြီဖြစ်သော ဝန်ထုပ်ဝန်ပိုးကို သူ ကိုယ်တိုင်ချရမည်။ ဒါကို ရဲရင့်စွာ ရင်ဆိုင်၍ နောင်သံသရာကောင်းဖို့အတွက် သူ ကြိုးစားရတော့မည်။

ဒါဟာ မောင်ရိုး ခေါ် ရွှေရိုး ဟံမှ သူ မတရားရယူခဲ့သည့် ငွေတစ်သိန်းနှင့်သာ ပတ်သက်ခဲ့သည်ဖြစ်ရာ ..။





## အခန်း (၂၀)

BURMESE CLASSIC

''ချစ်ဦး .. မင်း အိမ်ပြန်နှင့်၊ ငါ ဘဏ်ကိုဝင်စရာရှိသေးတယ်..''

''ဟုတ်ကဲ့ .. အစ်ကိုလေး ..''

''လူလေး .. မင်းက ဘယ်ကိုလဲဟင် ..''

ရန်ကုန်မြို့ကြီးကို ဝင်လာတည်းက ခေါက်ကောက် နဲ့ မယ် တို့ မျက်စိချက်နှာ ပျက်နေကြသည်။ ဂျုတ်ဆတ်ဆတ်မာကျောကျော မယ့် ရဲ့ ပုံစံလေးတောင် တိတ်ဆိတ်ညှိုးငယ်နေကာ စိုးရိမ်ကြီးနေတာကို ဖုံးမရနိုင် ..။

''ဘယ်မှ မဟုတ်ဘူး အန်တီ .. နောက် နာရီဝက်လောက်ဆို အန်တီတို့ ဖေဖေနဲ့ တွေ့တော့မှာပါ ..၊ ကျွန်တော်က ဘဏ်ကိစ္စဝင်စရာရှိလို့ပါ ..''

သူ့မှာ တခြားကိစ္စတွေလည်းရှိသေးသည်။ ရေမျောပျောက်ဆုံးကုန်သည့် စာရွက်စာတမ်းတွေအတွက်ပါ လုပ်စရာတွေရှိနေသေးတာမို့ ..၊

''ချစ်ဦး .. မင်း သူတို့ကို အိမ်ပြန်ပို့ပြီးမှ လုပ်စရာရှိတာလုပ်..၊ သွားနေတုန်း ဘယ်ဖုန်းပဲလာလာ ကြားဖြတ်ပြီး ဘာမှမလုပ်နဲ့ ..''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ .."

အစိုး က ချစ်ဦး ယူလာပေးသည့် ဖုန်းကို အိတ်ထဲကောက်ထည့်ပြီး ကားပေါ်က ဆင်းသွားသည်။

"အစ်ကိုလေး အိမ်ပြန်ရောက်ရင် ကားလွှတ်ပေးလိုက်ရမလား.."

"နေပေ့စေ ငါ လိုရင် ခေါ်လိုက်မယ် .."

ကားထဲမှာ လေအေးစက်ကြောင့် အေးစိမ့်နေသည်။ ဒေါ်ကောက် က ပခုံးပေါ်တင်ထားသည့် တဘက်စောင်နဲ့ တစ်ကိုယ်လုံးကို ပတ်ခြုံပြီး ကွေးနေကာ မယ် က လက်လေးပိုက်ထားပြီး ငြိမ်သက်နေ၏။

"မယ် .. သမီး မချမ်းဘူးလား၊ အိတ်ထဲက စောင်ထုတ်လိုက်လေ .."

"ဟင့်အင်း .."

ဒီအထုပ်ကိုပဲ မဖွင့်ချင်တော့ပေ ..။ မအူပင်မြို့ပေါ်မှာ ပြဿနာတက်ကြတုန်းကလည်း ဒီအထုပ်ကိုပဲ တဝဲဝဲကြည့်ပြီး လူကိုတော့ ဘာတွေမှတ်သွားကြသည်မသိ ..။

ပြီးတော့ ကိုယ်ပေါ်က အဝတ်အစားတွေ ..၊

"အန်တီတို့ အဝတ်အစားလဲဖို့လိုတယ် .." ဆိုပြီး ဒီကားကြီးတည်းခိုခန်းရှေ့ရောက်လာတဲ့အထိ ဘယ်မှာလဲခဲ့ရလို့လဲ ..။

ကိုယ့်အထုပ်ကိုဖွင့်ပြီး ပါလာတဲ့ အထဲက အကောင်းဆုံးကိုပဲ ရွေးထုတ်လဲခဲ့ရသည်။

ဒါဟာ သိမ်ငယ်ခြင်းပဲဆိုတာ နားမလည်ပေမယ့် ဒီကားကြီးပေါ်ထိုင်မိလိုက်သည့်နောက်ပိုင်းမှာ မယ့် စိတ်တွေ ဘာတွေဖြစ်ကုန်မှန်းမသိ ..။

စိတ်ရှုပ်သွားတာလား မပျော်နိုင်တော့တာလား ..။ ပေါ့ပါးစွာ ချီတက်လာခဲ့သည့်စိတ်တွေက ..၊

"အန်တီနဲ့ အစ်မ .."





"ဟင် .."

"ရောက်ပါပြီ .. ဆင်းလို့ရပါပြီခင်ဗျာ .."

ဟင် ..၊

ဒီတိုက်ကြီးလား ..။

ကားထဲကနေ ခြံကိုလှည့်ပတ်ကြည့်လိုက်မိသည်။

လှလိုက်တာ ..၊

ဒေါ်ကောက် အသံထွက်ပြီး ရေရွတ်၏။

ခြံကြီး ဘယ်လောက်ကျယ်သလဲဆိုလျှင် လှမ်းမျှော်ကြည့်မိသမျှ ရောင်စုံပန်းခင်းနဲ့ ကျောက်ခက်ပင်အုပ်အုပ်လေးတွေပဲရှိနေကာ နောက်မှာကျတော့ ပန်းချီကားဆန်အောင် လှနေသည့် ပင်မြင့်ကြီးတွေ ဝိုင်းပတ်လို့ ..။

ဒါကြောင့် ခြံတစ်ခြံထဲကို ချဉ်းနင်းဝင်ရောက်လာခဲ့ပြီးမှန်း သူမတို့ ရုတ်တရက်မသိလိုက်ခြင်းဖြစ်သည်။

တိုက်ကြီးက နံ့သာရောင်လွင်နေကာ ဖွင့်ထားသော တံခါးနှစ်ချပ်ကနေ လှမ်းမြင်နေရသည့် ကြမ်းပြင်က ဘာတွေလဲ ..၊

ဒေါ်ကောက် သေချာကြည့်လေ မှန်တွေခင်းထားသည်လို့ပဲ မြင်သာလေ ..။

"အန်တီတို့ အိမ်ပေါ်ကိုကြွပါခင်ဗျ .."

"အေး .. အေး .."

"ဟော့ .. နေဦး .."

ဒေါ်ကောက် နဲ့ မယ် တို့ လှေကားထစ်ပေါ် ခြေတင်လိုက်ပြီးမှ နောက်ပြန်ဆုတ်လိုက်မိ၏။ ရှေ့ဆုံးက ထွက်လာတာ လင်မယားစုံတွဲတစ်တွဲ ..။

ပြီးတော့ အိမ်ထဲက လိုက်ထွက်လာတာလည်း နောက်ထပ်စုံတွဲတစ်တွဲပဲဖြစ်ကာ ဘယ်သူတွေမှန်းတော့ မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘယ်သူတွေလဲဟော့ .."

အောင်ထွန်း က နောက်ကနေ လှမ်းမေးပြီး နေသူရိန် တို့ကိုရော တက်ကာ ..၊

"ချစ်ဦး .. သူတို့က ဘယ်သူတွေလဲ .."

အံ့ဩသည့်မျက်နှာများ အထင်မြင်သေး၍ မလိုလားသော အကြည့် တွေ ရောထွေးပါနေ၏ လျက် ..၊

"မင်းတို့ရောသိလား .."

ရှေ့ကရောက်နေပြီး တစ်ခွန်းမှ မမေးသည့် နေသူရိန် တို့ကို ပြ လှည့်မေးသည်။ ဘယ်သူတွေဖြစ်နိုင်လဲဆိုတာ စော က သိထားပြီးသား ပါ။ ဒါပေမယ့် မသိသလို ရေငုံနှုတ်ပိတ်နေလိုက်၏။

နေသူရိန် က တကယ်မသိတဲ့လူ ..၊

"ကျွန်တော်မသိဘူး .. လူစိမ်းတွေမို့လို့ လှမ်းတားလိုက်တာ - ဟော့ .. ချစ်ဦး မင်းခေါ်လာတာ ဖြေလေ .."

နေသူရိန် က ချစ်ဦး ကို လှည့်မဲ၏။

"အန်တီတို့ကို အစ်ကိုလေး .."

"အိမ်ဖော်သွားခေါ်လာတာနေမှာပေါ့ မောင်ရယ် ..၊ ကြည့်ပြ က မရှိတော့ဘူးဆိုတော့ .."

"ဟာ .. မဟုတ်ပါဘူး၊ အစ်ကိုလေး ကိုယ်တိုင်သွားခေါ်လာတာ ပါ၊ သူဌေးရဲ့ မိတ်ဆွေ .."

"နင်ဘာသိလို့ ပြောနေတာလဲ ချစ်ဦး .."

စော က ဘာစကားကိုမှ တိုးမပေါက်စေဘဲ ရှေ့တိုးလာကာ -

"ဒီလောက် စုတ်ပြတ်သပ်နေတာတွေက အဖေ့ မိတ်ဆွေဖြစ်နိုင် ပါ့မလား .."

ဒေါ်ကောက် ကိုယ့်သမီးလက်ကို ဖမ်းဆုပ်ထားလိုက်သည်။ အိမ်ဖော် ဆိုတာ နားထဲမှာ ခါးသီးစွာပစ်ဝင်သွားခဲ့လျက် မယ် တစ်ခုခုမိုက်ရိုင်း





ဆိုက်မှာလည်းစိုးသည်။

မယ် ကတော့ ဘယ်သူတွေက ဘယ်လိုပတ်သက်နေကြမှန်းလည်း မသိ၊ ဦးစိုးရာ က ဘယ်လိုကတ္တူကနေ ဝင်ပါလာမယ်မှန်းလည်းမသိ သေး သဖြင့် ဘာမှမသိသောနေရာမှာ သိချင်စိတ်တွေကသာ ကြီးစိုးနေခဲ့သည်။

ထို့နောက်ကြောင့် လူကို စော်ကားပြောဆိုနေကြတာလည်း ဂရုမထားမိဘဲ သူမ နားစွံ ရှာဖွေနေခဲ့တာက ဦးစိုးရာ ..။

"ငါသိတယ် .. ဒါတွေကို ငါ အစအဆုံးသိတယ် .."

ချက်မှောင်လေးကုတ်ပြီး အိမ်ထဲကိုပဲ စိတ်ဝင်စားနေသည့် မယ့် မျက်နှာလေးက သူမကို အကဲခတ်နေသည့် စော ရဲ့ အကြည့်တွေအောက် မှာတော့ သနားစရာသတ္တဝါလေးလို ..။

"ဒူဘို့ကို အိမ်ထဲခေါ်လာခဲ့ .. ဘာလဲဆိုတာ ငါပြောပြမယ် .."

ချစ်ဦး က မျက်နှာပူနေသည်မို့ ခွင့်ပြုချက်ရသည်နှင့် ပျာပျာသလဲ ခေါင်းညိတ်ကာ ..၊

"လာ .. အန်တီ .."

ဒေါ်ကောက် ကတော့ မယ့် လက်လေးကိုသာမလွှတ်တမ်းဆုပ် ထားခဲ့၏။ မှန်လိုကြည်လဲ့နေသည့် ကြမ်းခင်းပေါ်ကို ခြေချလိုက်လျှင် ခြေသည်းမစင် ကြေးညှော်မကင်းသော ကိုယ့်ခြေထောက်တွေကို ခဏ လေး ဖြုတ်ပြီး ပါလာသည့်အိတ်ထဲ ထည့်ဝှက်ထားချင်စိတ်တွေ နောက် ထပ်ဖြစ်လာခဲ့၏။

တစ်ဆက်တည်းကြည့်လိုက်မိတာက အိမ်ကလူတွေရဲ့ ဂန်းသွေး ရောင်ထနေသော ခြေဖဝါးစောင်းလေးတွေနှင့် လှပသော ခြေထောက်တို့ တို့ပဲဖြစ်၏။

မြို့သူမြို့သားတွေရဲ့ အသွေးအရောင်တွေကိုက တောနဲ့မြို့လို ကွာခြားနေခဲ့တာထင်သည်။ အင်္ကျီဝတ်စားတာကအစ ကိုယ်ပေါ်မှာ ဆင်ထားသော လက်ဝတ်ရတနာတွေအဆုံး ဒီက အမျိုးသမီးတွေ လှလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြပါဘိ ...။

ကိုယ့်သမီးလေးရဲ့ နုံချာနွမ်းလျှော့သော ပုံစံလေးကို ပြန်ကြည့်မိကာ
သနားကရုဏာစိတ်တို့ဖြင့် လက်ဖဝါးလေးကို ပို၍ဖျစ်ဆုပ်ထားမိသည်

ဘယ်မျက်နှာကိုကြည့်ကြည့် ထင်မြင်သေး၍ တင်းမာခြင်းတွေသာ
မြင်နေရလျက် ကိုယ်နဲ့သိသော၊ ကိုယ့်ကိုသိနေပြီး နွေးထွေးစွာကြို
မယ့် အပြုံးနဲ့တူသော မျက်နှာမျိုးတစ်ယောက်မှမရှိ ...။

ဒီအချိန်မျိုးမှာ အစိုးရ အနားမှာမရှိခဲ့ခြင်းကရော ရိုးသားရဲ့လာ
စိုးရာ က ဘယ်ရောက်နေသလဲ၊ ဟိုမိန်းကလေးက 'ငါသိတယ်' ဆိုတာ
ဘာကိုသိတာလဲ ...။

ဒေါ်ကောက် စိတ်တွေကယောက်ကယက် စတင်လှုပ်ရှားခဲ့သည်
မယ် က သူတို့နဲ့အတူဝင်လာပြီး ခြေစုံရပ်လိုက်ကာ ...၊

"အမေ .."

"ဟင် .."

သားအမိချင်း နားငုံ ကပ်ကာ ...

"ဒီလူတွေထဲမှာ အမေ့အသိဆိုတဲ့ လူကြီးမပါဘူးမို့လား .."

"မပါဘူး .. သူက အမေနဲ့ ရွယ်တူလောက်ပဲဟာ ...၊ ဒါက သူ
သားသမီးတွေပဲနေမှာ .."

"သူက ခေါ်နိုင်းပြီး ဘာလို့ထွက်မလာသေးတာလဲ .."

"ဟဲ့ကောင်မလေး ဘာလုပ်နေတာလဲ .. ထိုင်လေ .."

"ဟဲ့ .. ဟဲ့ .. ဘယ်မှာထိုင်မလို့လဲ .. နောက်ဆုတ်ဦး၊ ချစ်ဦး အထဲ
မှာ ဆက်တီခုံသုံးလုံးခုံလေးတွေ သွားယူခဲ့ .."

ထိုင်ဆိုလို့ ထိုင်မယ်ပြင်တော့ မထိုင်နဲ့ဖြစ်ပြန်ကာ မယ့် နားထဲ
မှာ ဟဲ့ ဆိုတာတွေအူနေခြင်းက တစ်မျိုး ...၊

"ဒေါ်ကြီးက တဟဲ့ဟဲ့နဲ့ ခွေးခြောက်ဟာကျနေတာပဲ .. မယ် တို့
ခွေးတွေမဟုတ်ပါဘူး .."





"အောင်မာ .. နင်ကများ ငါ့ကို .."

ာ က ခါးတစ်ဖက်ထောက်လိုက်ကာ ...၊

"နင်တို့ပုံစံကိုပြန်ကြည့်ဦး၊ ဆက်ဆံရေးဆိုတာ အဆင့်အတန်းလိုက်
ခြားသွားတာတွေရှိတယ်၊ တောအထာတွေနဲ့ ဒီမှာ စွာတာတာ
ုပ်နဲ့ .."

"ဒီမှာ .."

"မယ် .. တော်စမ်း ."

ယ့် ဒေါသကို သူမမှ ဝင်မပါလျှင် ဘရိတ်တပ်ပေးတာတောင်
ဟုတ်မှန်း သူမသာ သိ၏။ စော ကလည်း ဂရုမစိုက်ပါ။ ချစ်ဦး
လာသည့် ခုံတွေကို နံရံမှာ ကပ်ချထားခိုင်းပြီးမှ ...

"ဟိုမှာ သွားထိုင် .."

ဒေါ်ကောက် က မယ့် လက်လေးကိုဆွဲသွားပြီး ထိုင်ခိုင်းသည့်
ာပဲ ထိုင်နေလိုက်ကာ ...၊

"တူမကြီးရယ် .. အဒေါ်တို့ကို စိုးရာ .. အဲ .. ကိုစိုးရာ က .."

"ရှင်မပြောနဲ့ စော ပြောတာပဲနားထောင် .."

ကားပြောတိုင်း လက်ညှိုးထိုးပြီးမှ ပြောတတ်ပုံက ရိုင်းစိုင်းလွန်း
သူမ အပြုအမူတွေကို မယ် က စူးစူးစိုက်စိုက်ကြည့်နေခဲ့၏။

"ရှင့်နာမည်ကိုပြော .."

"အဒေါ်က ဒေါ်ကောက် ပါ .."

"သူကရော .."

"မယ် က ရိုးမယ်ဖွဲ့ .."

"ဘာ!..."

တန်မရာဆိုသည့်အကြည့်နှင့် မျက်နှာကို မဲ့ပစ်၏။ အောင်ထွန်း
ာ နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ကာ မယ် တို့ကို လှမ်း
၍ ...

www.burmeseclassic.com



"သူတို့ကို နေရမယ့်နေရာပြပြီး နားခိုင်းလိုက်ပါဦး .. ပင်ပန်း
ကြမှာပေါ့ .."

"အို .. တောသူတောင်သားတွေပဲ ပင်ပန်းတယ်ရှိပါ့မလား
ဒီမှာ အပန်းဖြေလာကြတာမဟုတ်ဘူး၊ အလုပ်လုပ်ဖို့လာတာ .."

"မဟုတ်ပါဘူး .. ခယ် တို့ကို ဦးကြီးဦးစိုးရာ က တကူး
လာခေါ်တာပါ၊ ကျေးဇူးဆပ်ချင်လို့တဲ့ .."

"ဟဲ့ .. မမေးဘဲနဲ့ ဘာဖြစ်လို့ဝင်ပြောနေတာလဲ .. နင် စွာလ
လား ..၊ ငါတို့လို သူဌေးတွေက နင်တို့ကို ကျေးဇူးဆပ်ရအောင် န
ကိုယ်နင်တို့ ပြန်ကြည့်ဦး .."

မယ် ဒေါသထွက်သွားပေမယ့် ပြောစရာစကားလည်း ရှာမရ ..။

"ဟွန်း .. တောသူပီပီဒုန်းဆေးပါ၊ စကားတစ်ခွန်းပြောရင် ရှေ့
စဉ်းစားပြီးမှပြော .. နင်တို့ကို အဲဒီကလူတွေရှေ့မှာ သိက္ခာကျမှာ
ကြားကောင်းအောင်ပြောခဲ့တာနေမှာပေါ့၊ တောကလူတွေ မြို့မှာ အ
ရချင်လွန်းလို့ မြို့ရောက်ရင်လည်း လက်သင့်ခံကျွေးမွေးမယ့်လူ လို
လွန်းလို့လေ .."

စော က မယ့် ပုံစံ ကဲကဲဆတ်လေးကို အသည်းယားကာ နင်
ဖိပြောတော့သည်။

"နင်တို့ကျမှ နေစရာအဆင်သင့် လုပ်စရာအလုပ်အဆင်သ
စောင့်နေတာကို အရိုးမျှားသလေး ချေးခါးသလေး .."

"အရိုးမမျှားဘူး ချေးမခါးဘူးဆိုတာ အန့်တီ သက်သေပြနိုင်လာ

"ဘာပြောတယ်!.."

"မယ် .. ညည်း .."

"သူပြောလို့မေးတာပဲ အမေရဲ့ .."

မယ် က သူမ ပြောလိုက်တဲ့စကား ဘယ်လောက်ထိပေါက်





သွားမှန်း သိတဲ့ပုံလည်း မပေါ် ..။

မယ် တို့က နေစရာမရှိလို့လည်း မဟုတ်ဘူး၊ အလုပ်ရှာနေတာ
မဟုတ်ဘူး၊ သူတို့လာခေါ်လို့ လိုက်လာတာပဲ .. လာခေါ်တာကို
ပါတယ်ပြောတာ ဘာဖြစ်လို့မဆိုင်တာတွေ လျှောက်ပြောနေ

အောင်မာ .. တောက် .."

အစော ရယ် .. ညည်းကလည်း ဒေါသချည်းပဲ .."

ဒေါသဖြစ်ရတဲ့အကြောင်းကို အစ်ကိုအောင်ထွန်း မြင်နေတာပဲ
ဒီကောင်မလေး နည်းနည်းမှ လေးစားသမှုမရှိဘူး .."

လေးစားချင်စရာကိုး .."

ဘာ!..."

မယ် တို့ ခြံရှေ့မှာရပ်တည်းက ဒေါ်ကြီးက ဘီလူးဆိုင်းတီးပြီး
သာတာ .."

တဲ့ .. ဒါ ငါ့အိမ် .."

ဒါဆိုပြန်မယ် အမေ .. ထ .."

ဟင်!.. အို .. မယ် .."

ထပါ အမေရယ်၊ အမေ့ ဦးစိုးရာ လည်းမရှိဘူး၊ ရှိရင်လည်း
ဟုတ်ချင်မှဟုတ်မှာ၊ ဒီနေရာမှာ စုဝေးနေကြတာ 'ဗိုလ်တစ်ထောင်
သားတစ်ယောက်' .."

ပြောပြီးတာနှင့် မယ် က ထရပ်လိုက်သည်။ အောင်ထွန်း ပျာပျာ
လိုက်ထရပ်ကာ ...

နေကြပါဦး .. ပြန်ထိုင်ပါဦး တူမ၊ ခုမှ တွေ့ကြတာဆိုတော့
အဆင်မပြေဖြစ်တတ်ပါတယ် .."

ငါ့တူရယ် .. အဒေါ်တို့ကလည်း ခရီးရောက်မဆိုက် ဒီလိုမဖြစ်
ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ .. ပြန်ထိုင်ကြပါ၊ ဒီလိုပါ .. ဖေဖေက နေမ
လို့ အပေါ်ထပ်မှာ မဆင်းနိုင်တာ နှစ်ရက်ရှိပြီ၊ အစားမှားပြီး ကံ
လို့ အာရုံကြောပြတ်ပြီး ဒုက္ခမရောက်တာ .."

"ဟင်!.. ဟုတ်လား .."

ဒေါ်ကောက် က မယ် ကိုင်ထားသည့်လက်လေးကို ထပ်ဆုပ်
လိုက်ပြီး အတူပြန်ထိုင်ဖို့ မျက်ရိပ်ပြ၏။

ပြီးတော့ .. နှစ်ယောက်စလုံး ပြန်ထိုင်လိုက်ကြကာ ..၊

"အဒေါ်တို့က မသိလို့ပါကွယ် .."

"မသိလို့ မယ် တို့က ဘာတွေစော်ကားမိလို့ပဲ၊ ရောက်တ
သူတို့ပြောတာပဲ လိုမ့်ခံနေရတာ .."

"ကြည့်စမ်း .. ပြောရဲလိုက်တာ .."

"နေဦး အစော .. သူက ငယ်တဲ့သူပါ .."

အောင်ထွန်း စော ကိုပဲ အံ့ဩနေမိတာပါ။ ရောက်လာတဲ့ ဧည့်
ကို ဘာဖြစ်လို့ အိမ်ဖော်လုပ်ခိုင်းမည်လို့ မိုက်မိုက်ရိုင်းရိုင်းဆီး
တာလဲ ..၊

ဖေဖေ ကိုယ်တိုင်က အစစအရာရာအပြစ်ရှာ ကြိမ်းမောင်း
တာ မပြီးသေး ..။

"ဖေဖေ့ကို ဧည့်သည်ရောက်နေတာ သွားမပြောချင်သေးလို့
တော့ သည်းခံပါ၊ အဒေါ်တို့ နေဖို့အတွက် .."

"နောက်ဖေး တန်းလျားမှာ ပြင်ခိုင်းထားတယ်၊ ဒေါ်ဥ ဝို့နဲ့

အောင်ထွန်း အံ့ဩသွားပြန်သည်။ ဒီမိန်းမနဲ့ အတူတူထွက်
မိတာ မှားပြီထင်၏။ ကိုယ့်ဇနီးနဲ့ သူ့ယောကျ်ားက အိမ်မှာ မရှိ
ဧည့်သည်တွေရောက်လာမယ်ဆိုတာလည်း သူတို့မသိခဲ့ကြပါ။

စော ကတော့ နေစရာတွေတောင် စီစဉ်ထားသည်လို့ဆို၍။
နေသူရိန် အပြင်သွားမယ်ဆိုတုန်းက သူမ တမင်နေရစ်ခဲ့တာလ





မိန်းမချင်း ဒီလောက်ခင်မင်တွယ်တာနေကြပါလျက်နှင့် သီရိ ဖေဖေ့
ဆေးဝယ်ထွက်မယ်ဆိုတုန်းကလည်း သူမ လိုက်မသွားခဲ့ပေ။
ဒီဧည့်သည်တွေကိစ္စကို မလိုလားစွာ ကိုင်တွယ်စီစဉ်နေရခြင်းနှင့်
ဆက်၍ စော ကို အောင်ထွန်း အံ့ဩနေတာတွေ များပြားစွာ ..၊

"ဒီမှာ ရိုးမယ်ဖွဲ့ .. ငါ့နာမည်က စောဥမ္မာ .."

သူတွေးနေတုန်း စော က စလာပြန်၏။ ပြီးတော့ မရှိသေးသည့်
နာမည်ကိုပါ တော်စပ်ပုံနှင့်တကွ ပြောပြနေကာ ပြောပြရခြင်း၏
အကြောင်းရင်းသည် ..၊

"ဒေါ်ကောက် ကို ပြောထားမယ်၊ စော ကို တူမကြီးတွေ သမီးတွေ
ပါနဲ့ မစော လို့ပဲခေါ်ပါ .. ဒီမှာ .."

မယ့် မျက်နှာကို လက်ညှိုးထိုး၍ ခေါ်ပြီးမှ ...

"ငါ့ကို မမစော လို့ခေါ် .. ဒေါ်ကြီးလို့ခေါ်ရအောင် ငါ နှင့်အဒေါ်
လည်းမဟုတ်ဘူး၊ ဒါက မြို့ .. တောကြုံအုံကြားမဟုတ်ဘူး.."

ပြောချင်တိုင်းပြောနေပေမယ့် မယ် က သူမကိုပဲ စူးစိုက်ကြည့်နေ
ခေါင်းမညိတ် ခေါင်းမခါ ..။

သူတို့တွေ ထွက်သွားကြမှ အောင်ထွန်း မနေနိုင်စွာ ..၊

"ဧည့်သည်တွေ ပိုလာတာ မကြိုက်ကြတာတော့ အတူတူပါပဲ၊
မယ့် ညည်းပြောလိုက်တာတွေ နည်းနည်းများလွန်နေသလားလို့.."

"လွန်ထားမှ တော်ကကျတာ အစ်ကိုအောင်ထွန်း၊ ရိုးမယ်ဖွဲ့ ပုံစံ
ညည်းကြည့်ဦး၊ အစော တို့ ဒီလိုနိုင်မထားရင် အကုန်လုံးကို ခေါင်း
နင်းသွားမှာ .."

"ညည်း .. သူတို့ ဒီနေ့ရောက်လာကြမှာကို သိထားတာလား .."

မေးလိုက်တော့ စော မျက်နှာပျက်သွားသည်။ ထိုစဉ် ကြည်ပြာ
အေးနှစ်ခွက်နှင့် ဗန်းလေးကို ကိုင်လာတာမြင်လျှင် ..၊

"အဲဒါတွေ နင့်ကို ဘယ်သူယူလာခိုင်းလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. ဧည့်သည်တွေအတွက် .."

"အဲ့ဒါ ဧည့်သည်မဟုတ်ဘူး အိမ်ဖော်တွေ .. နင့်အလုပ်
ဝိုင်းလုပ်ကြမယ့် အိမ်ဖော်တွေ .."

ပြောနေရင်း စော နေရာမှ ဆိုးဆိုးဆတ်ဆတ်ထသွားကာ ကြ
သားမှာ လက်သီးဆုပ်ရပ်လိုက်ပြီး ..၊

"နင်ဟာ ခုချိန်ထိ အရိုပ်သုံးပါး နားမလည်ပါလား ကြည်
ငါ နင့်ကို မခေါ်ရင် မလာနဲ့ ..၊ မမေးဘဲ မပြောနဲ့လို့သင်
လည်း မှတ်မထားဘူး .."

သူမ ပြောနေတုန်း အောင်ထွန်း က လက်ယပ်ခေါ်လိုက်
စော က မမြင် ..။

ကြည်ပြာ က လှမ်းမြင်ကာ ခေါင်းလေးငုံ့၍ ထွက်သွားဖို့

"ဟဲ့ .. နင့်ကို ငါပြောနေတယ်လေ .."

"ဟို .. ကိုကိုကြီးက အအေးသောက်ဖို့ .."

"ဘာ!..."

စော က ဒေါသနှင့်အော်ကာ အအေးတွေကို ဆွဲယူပြီး ကြ
ပေါ်ပက်ချပစ်လိုက်၏။

"ဟာ!... အစော .."

အောင်ထွန်း နေရာမှ ဖျတ်ခနဲထရပ်လိုက်သည်။ စော က သူ
အံ့သြသွားသလိုပြန်ကြည့်၍ ..၊

"အစ်ကိုအောင်ထွန်း က ဒါကိုသောက်မလို့လား .. ဒါ
တွေအတွက် ဖျော်လာတာတွေလေ .."

"ဟား .. ညည်း .."

"ဟဲ့ .. သွားလေ .. ကြမ်းပေါ်မှာ ခုချက်ချင်းပြောင်သွားအောင်

အောင်ထွန်း မျက်မှောင်ကုတ်ရင်း စော ရဲ့ ပုံစံကို ရှုံးစိုက်
မိသည်။ ကြည်ပြာ ကို စော ဆက်ဆံပုံက ဘမင်အပြစ်ရှာဖို့





ဘူလာ၏။

သူ သတိထားမိသလောက်ဆို ဒီရက်ပိုင်းတွေကျမှ ဒါမျိုးတွေဖြစ်
တာပင် ..။ ထို့ပြင် စော ပုံစံသိသာစွာပြောင်းလဲသွားတာလည်း အံ့သြ
..။

ဖေဖေက သားအရင်းမဟုတ်တာတွေ ထုတ်ဖော်ခွဲခြားပြလိုက်သ
ကျော့နုပ်ချက်တွေကို သိသာစွာဖွင့်ထုတ်လာတာလား၊ ရောက်လာ
ည့်သည်တွေကို မလိုလားတာ သက်သက်နဲ့လား ..၊

ဒါကို သီရိ ရောက်လာလို့ ပြန်ပြောပြတော့ သီရိ ကလည်း နား
ည်သည့်ပုံ ..၊

"မလိုလားဘူးဆိုရင်လည်း အိမ်မှာ အလုပ်သမားတိုးလာတာ ကိုယ်
တ်သာတာပေါ့၊ သူက အခု ကိုအောင် သောက်မယ့် အအေးကိုပါ
သွန်ပစ်တယ်ဆိုတာ စော်ကားရာကျနေပြီလေ .."

"ကဲ .. တော်ပါတော့ကွာ၊ ငါက အံ့သြနေလို့မေးတာပါ၊ မင်းတို့
တော့ ဘာမှမဖြစ်ကြပါနဲ့ .. နေသူရိန် ဆိုတဲ့ကောင်ကလည်း ဘာ
ဖြစ် 'စော သဘော' ဖြစ်နေတာ ဒီမိန်းမ ကဲပြီပေါ့ .."

"သူ ကဲတာ အကြောင်းမဟုတ်ဘူး ... အဖေ က သီရိ တို့နဲ့ တစ်ဖွဲ့
ည်းလို့ သတ်မှတ်ထားတာ၊ အစေ့ဘ သိပ်လောဘကြီးတာ ကိုအောင်
လို့ .. ပြီးတော့ .."

"ပြီးတော့ ဘာဖြစ်လဲ"

"အစော ရဲ့ စိတ်ကိုက တစ်မျိုးကြီးပဲ၊ လက်စောင်းရော လျှာစောင်း
အကုန်ထက်တယ်၊ အဲ့ဒီကောင်မလေးကလည်း စွာတာတာဆိုရင်
စော နဲ့ မလွှယ်ဘူး .."

"ဘာဖြစ်ဖြစ် ငါတို့မပါအောင်နေရမှာပဲ၊ သဘောမတူတာကို
တင်ပြောပြပြီးပြီ၊ မိသားစုချင်း ဒီလောက်ထိ ကန့်ကွက်ဆန္ဒပြဖို့
ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. အမေက လူမမာဖြစ်နေတာပဲ တစ်သက်လုံး
ဖြစ်သွားမယ့် ရောဂါသည်လည်းမဟုတ်ဘူး၊ ဘာဖြစ်လို့ အဖေ့ကို
ပြီး အဓော က ထင်သလိုပြောဆိုနေရတာလဲမသိပါဘူး၊ ကိုယ်က
နဲ့ ကင်းကွာနိုင်တဲ့အရှည်အချင်းလည်းရှိတာမဟုတ်ဘဲနဲ့ .."

"သူတို့ကတော့ ရသမျှကုတ်ခြစ်ဖဲ့ချထားတာတွေရှိတာ
လူဆိုတာလည်း တစ်ကိုယ်ကောင်းဆန်နိုင်မှ ကိုယ့်အတွက်
မေတ္တာတွေ သစ္စာတွေထားနေပြီး သံသရာကောင်းဖို့လုပ်နေသေ
ပဲ၊ သူရိန် တို့က ဒီလိုစောစောစီးစီး နားလည်နေတဲ့ကောင်တွေ

"ရှင်လည်း ခုမှ ဒီလိုပြောဖော်ရတယ်နော် .. ကိုယ့်မှာ အခွံ
ကျန်မှ .."

"ဒါကတော့ မင်းလည်းပါတာပဲ သီရိ ရာ ..၊ မင်းတစ်ဝိုင်
လိုက်ရင် နည်းသလား .."

"ကဲပါ .. တော်ပါတော့၊ နောက်ဆို အငယ်ကောင်ရဲ့ အိမ်
ရေးတွေဘာတွေ ကြီးမားပါဝင်လာမယ်၊ အမွေကိစ္စတွေလုပ်
မယ်ဆိုရင် သီရိ တို့ လက်ချည်းပဲ ကျန်ခဲ့လိမ့်မယ် .."

"အဲဒီတော့ .. ဘာလုပ်ရမလဲ .."

"အချိန်တွေနည်းနေပြီ ကိုအောင် .."

သီရိ က ကိုယ့်အခန်းထဲမှာပေမယ့် လေသံကို လျှော့ချ

"ငါအကြီးပဲဆိုပြီး ခန်းဝင်ခန်းထွက်စစ်ဆေးကြပ်မတ်
လုပ်မနေနဲ့တော့လေ ..၊ သူရိန့် လိုပဲ ကုမ္ပဏီမှာအချိန်ပြည့် ထိုင်
"ဘာပဲဖြစ်ဖြစ် ငါတို့ကို ဖေဖေက ဦးစီးလုပ်ခိုင်းထားတာ
ကုမ္ပဏီက ငါတို့ဟာမှမဟုတ်တာ .."

သူတို့တွေကို ဆန်ပွဲရုံနဲ့ ကုန်လှောင်ရုံတွေ ထူထောင်ပေး
သည်။ နှစ်ယောက်စလုံးပဲ တိုးတက်အောင် မစွမ်းဆောင်နိုင်ခဲ့
ဒီလိုပဲ လှုပ်လီလှုပ်လဲ့ ခရီးဆက်နေခဲ့ရ၏။



ဖေဖေ့ကိုတော့ အဆင်မပြေတာတွေကို အရှိအတိုင်း မတင်ပြရဲခဲ့
ပါ။ နောက်ထပ် မရမည့်အပြင် လက်ရှိခံစားခွင့်လေးတွေပါ ရုပ်သိမ်းသွား
မှာ စိုးလို့ဖြစ်၏။

ဒါကြောင့် သူနဲ့ နေသူရိန် တို့တိုင်ပင်ကာ ဖေဖေ့ ကုမ္ပဏီကြီးထဲ
မှာ ပါဝင်ကူညီရင်း ခြေကုတ်ယူထားခဲ့ကြသည်။ ဒီထဲကနေ ရသလောက်
ကဲ့ပြီး ပွဲရုံနဲ့ ကုန်လှောင်ရုံတွေအတွက် ဖြည့်တင်းနေရ၏။

နေသူရိန် က ဟိတ်ဟန်ထုတ်ရတာကို ဝါသနာကြီးသူပီပီ ကုမ္ပဏီ
မှာ ခြေကုတ်ယူဖို့တင် မဟုတ်တော့ဘဲ ကုမ္ပဏီက အလုပ်တွေကျမှ
သူ စိတ်ပါလက်ပါ အဆင်ပြေနေခဲ့၏။ ထို့ပြင် ...

အပင်ပန်းလည်းခံသည်။ ရအောင်လည်း ကဲ့နိုင်သည်။ သူ့ကြောင့်
လည်း ဖေဖေက သူ့ရဲ့မွေးစားသားတွေ ကုမ္ပဏီအလုပ်တွေကိုပဲ စိတ်ပါ
ဝင်စားရှာသည်ဟုထင်မှတ်ကာ ဒီနေရာမှာပဲ မြဲမြဲစေခဲ့တာလည်းပါသည်။

သူကတော့ ဘာဖြစ်ဖြစ် မရဲတာရဲ ...။

နောက်ကကိစ္စကို ပေါ်သွားမှာလည်းစိုး၏။ ရှေ့မှာ အမှားလုပ်မိ
မှာလည်းကြောက်၏။ ထို့ကြောင့် အလိုမကြီးပေမယ့် အရနည်းခဲ့တာ
တော့အမှန်ပင် ...။

သူတို့မျက်စိထဲမှာ သူဘို့နှစ်ယောက်ထက် အများကြီးငယ်သည့်
အစိုးရ က ဘယ်တုန်းကမှ လူရာမဝင်ခဲ့ပေ ...။

ထို့ပြင် အစိုးရ က လူငယ်ပီပီ ဘာစီးပွားရေးမှလည်း စိတ်ဝင်စား
တာမဟုတ် ...။

ခုဆို ဖေဖေ့ ကျန်းမာရေးအခြေအနေက မကောင်းသည့်ဘက်ကို
ယိမ်းယိုင်နေပြီမို့ အလုပ်ကိစ္စသဘောတရားတွေကို ဘာမှနားမလည်
သည့် အစိုးရ က သူတို့အတွက် ပူပန်စရာမဟုတ်ခဲ့ပေ ...။

ဘယ်အချိန်မှာဖြစ်ဖြစ် အစိုးရ က သူတို့ထိန်းကျောင်းစောင့်ရှောက်
ရမည့် ကလေးသာသာ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့.. အိမ်မှာ ဘယ်သူမှမရှိကြဘူးလား .."

ပသင် ..၊

ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေမိကြစဉ် အပြင်ဘက်က ကြားဖူးနေရ အောင်မြင်ခန့်ညားသော စကားသံကြီး ကျယ်လောင်စွာဝင်လာသဖြင့် နှစ်ယောက်စလုံး လန့်ဖျပ်သွားကြသည်။

"အဘွား .."

တီးတိုးသံနှင့် ခေါ်လိုက်မိကြရင်း ပြေးထွက်လိုက်ကြတာလည်း ကိုယ်လုံးချင်း တိုက်မိလိုမိ ..၊

"အဘွား .. ပြန်ရောက်လာပြီ .."

"ဟုတ်တယ် ပြန်ရောက်လာတယ်၊ ဘယ်လိုဖြစ်ကြတာလဲ .. မြေ တူးပြဲတဲနဲ့ .."

"မဟုတ်ပါဘူး အဘွားရဲ့ .. အဟွန်း .. ဟဲ ကြည့်ပြာ တို့ ဖေါက်ဖေါ် တို့ လာကြစမ်း၊ အဘွား ပြန်လာတယ် .."

ထိုစဉ် နေသူရိန် တို့လင်မယားလည်း ပြေးလွှားထွက်လာကြကာ တအံ့တသြ ..၊

"အဘွားပြန်လာတယ် .."

ဒေါ်မြင့်မြတ် က လေးယောက်စလုံးမျက်နှာတွေကို စေ့စေ့စပ်စပ် ကြည့်၍ လက်တံတောင်ဆစ်ကွေးထဲ ပြေကျနေသည့် ခြုံပဝါကို ပခုံးပေါ် ဟန်ပါပါ ခွဲတင်သည်။

ပြီးတော့.. ဘာမှထပ်မပြောတော့ဘဲ ခပ်မိန့်မိန့်လှမ်းဝင်လာရင်း–

"စိုးရာ ဘယ်မှာလဲ .."

"သူ့အိပ်ခန်းထဲမှာပါ အဘွား .."

"အို .. အိပ်ခန်းထဲမှာဆိုတာတော့ သိတာပေါ့၊ စာကြည့်ခန်းထဲမှာ လည်း သူ့အိပ်ခန်း၊ နားနေခန်းထဲမှာလည်း သူ့အိပ်ခန်း၊ အပေါ်ထပ်မှာ လည်း .."





"အ .. အပေါ်ထပ်မှာပါ .."

ဒေါ်မြင့်မြတ် က လက်မွေ့အိတ်ကြီးချိတ်ထားသည့်လက်ကို တစ်ချက်ပင့်၍ လှေကားကြီးဘက်ကိုထွက်သွား၏။ သူမက ဦးစိုးရာ ၏ ယောက္ခမ၊ အစိုးရ ရဲ့ အဘွားဖြစ်သည်။

သမီးရှိနေစဉ်တုန်းကတော့ ဒီသမက်ကိုလည်း မကြည်ဖြူ၊ သူများ သားသမီးတွေကို မွေးစားကြတာတွေကြောင့်တစ်မျိုး ..၊

သမီးကိုပါ ခေါ်လည်းမခေါ်၊ အဆက်အသွယ်လည်းမလုပ်ဘဲနေ ခဲ့၏။ ကျိုကျိုတက်ချမ်းသာသည်။ ရုပ်ဆင်းအင်္ဂါအရလည်း ဘာမှအပြစ် ဆိုစရာမရှိသည့် သမီးဖြစ်သူကို ဥစ္စာမဲ့ ပညာနည်းသည့် ဓာဘသားတစ် ယောက်နှင့် သဘောမတူတာက အဆိုးဆုံးပင် ..။

ဒါတွေအားလုံးက အစိုးရ ကို ကိုယ်ဝန်ရလာကာမှ ..၊

"ငါ ဒီလိုအရေးတွေကိုမြင်တယ်၊ အဲဒါတွေကြောင့် ပြောမိဆိုမိ မှာစိုးလို့ အိမ်ရှေ့ကတောင် ဖြတ်မလျှောက်ဘဲနေတာ၊ ကိုယ့်ကိုယ်ကိုယ် ကလေးမမွေးနိုင်တော့ဘူးလို့ပဲထင်ရတယ်လို့ အချစ် ရယ်၊ ညည်းတို့ကို ငါ မပြောချင်တော့ဘူး .."

မွေးစားထားသည့် ယောက်ျားလေးနှစ်ယောက်ကို မလိုလားစွာ ရှုံ့မဲ့ကြည့်ရင်း ဒီလို တဖျစ်တောက်တောက် ရေရွတ်သံတွေကို အောင်ထွန်း ကတော့ မှတ်မိနေပါသေးသည်။

နေသူရိန် နဲ့ သူ့ကို တစ်ယောက်တစ်နေရာစီက တစ်ချိန်စီခေါ်ယူ မွေးစားခဲ့တာပေမယ့် အစိုးရ ထက် နှစ်ယောက်စလုံးက ရှစ်နှစ်တောင် ပိုကြီးခဲ့တာဖြစ်၏။ ထို့ကြောင့် နေသူရိန့် ထက်လည်း အောင်ထွန်း ပိုပြီး နားလည်နေခဲ့သည်။

လူကြီးတွေ ချစ်ခင်ယုယ၊ ငြိုငြင်တာတွေအကုန်လုံးကို နားလည် မှတ်မိနေပြီမို့ ဒေါ်မြင့်မြတ် ရောက်လာတိုင်း ကြောက်ရွံ့ခဲ့ရသည့်အကျင့် တွေက ခုချိန်ထိ ..။



www.burmeseclassic.com

နေသူရိန် ဆို ထမင်းတစ်ဝိုင်းတည်း မစားဖြစ်အောင် ရှောင်တိမ်းနေတတ်တဲ့အထိ ..။

ဒေါ်မြင့်မြတ် ကို ကြောက်မယ်ဆိုရင်လည်း ကြောက်စရာပါ။

"ဝမ်းနဲ့မလွယ် သားမမယ် (မည်) တဲ့ .. သူများသားသမီးတွေကို မွေးစားတဲ့အလုပ်လောက် ဝဋ်ဒုက္ခကြီးတာမရှိဘူး .."

ဆိုတဲ့ စကားတွေကို ဒေါ်မြင့်မြတ် က ခုချိန်ထိ ကြုံရင်ကြုံသလို ပြောနေတုန်း ..၊

"အောင်ထွန်း .."

"ဗျာ .. အဘွား .."

ခေါင်းငုံ့တွေးနေမိတုန်းမို့ အောင်ထွန်း ဆတ်ခနဲ မျက်နှာမော့သွား၏။ ဒေါ်မြင့်မြတ် က လှေကားရင်းရောက်မှ စော ကိုပါ မြှင့်လှည့်ကြည့်ကာ ..၊

"ရုတ်တရက်ကြီး အိပ်ရာထဲလဲသွားအောင် ဘာဖြစ်တာတုန်း .."

"အစားမှားသွားတာ အဘွား ..၊ တက်စာတွေစုံသွားလို့ပါ၊ ခု သက်သာသွားပါပြီ .."

"တက်စာတွေစုံသွားအောင် ဘယ်သူက စီမံချက်ပြုတ်နေတာလဲ.."

ဟင် ..၊

ကိုယ့်ခေါင်းပေါ်ကျလာပြီဆိုတာ စော နားလည်လိုက်ကာ မျက်ခုံးနှစ်ဖက် မသိမသာပင့်တက်သွားသည်။

"ဒီအိမ်မှာ ချွေးမနှစ်ယောက်ရှိတယ်၊ တစ်ယောက်က အလုပ်ပျက်မှာစိုးလို့ ကလေးမလိုချင်ဘူး၊ အခု ချက်ပြုတ်စီမံခန့်ခွဲမှုမတတ်တာက ဘယ်သူလဲ .."

'ဘယ်သူမှ မတတ်ကြပါဘူး' လို့ပြောလိုက်ရင် ဘယ်လိုနေမလဲ..

အောင်ထွန်း မျက်ခုံးခြစ်ရင်း မသိမသာငုံ့လိုက်မိသည်။ ဒေါ်မြင့်မြတ်ကလည်း သဘောပေါက်သွား၏။





ပြန်ဖြေတာကို မစောင့်တော့ဘဲ လှေကားပေါ် လှည့်တက်သွားရင်း ...

"ဆန်းတော့ မဆန်းပါဘူး၊ ဒီလိုကာရိုက်တာမျိုးတွေလာမှာပဲဆိုတာ ငါ ကြိုဟွက်ပြီးသား၊ ဟောဒီ အိမ်ကိုရောက်လာလိုက်ရင် ပြောစရာတွေချည်းပဲ ..၊ ငါကလည်း သမက်ကအစ သိပ်ကြည့်ရတာမဟုတ်ဘူး ငါ့မြေးမျက်နှာ ကွက်ကွက်လေးရှိနေလို့ .."

အသက်အရွယ်ကြောင့် လှေကားထစ်တွေကိုဖြည်းနှေးစွာ နင်းဖြတ်တက်နေရပေမယ့် ပြောသွားသည့် စကားတွေကတော့ လှေကားတစ်ထစ်တာမှာ စကားလုံးပေါင်း မြောက်မြားစွာဖြင့် ..၊

"ငါ့မြေး ရောက်ပြီဆို .."

လှေကားတစ်ဝက်လောက်မှာ ခြေစုံရပ်ပြီး လက်ရမ်းကို တစ်ဖက်က ကိုင်၍ ပြန်လှည့်မေး၏။ နှုတ်ခမ်းမဲ့၍ မျက်စောင်းရှယ်ရင်း မေတ္တာထွားနေသည့် စော မျက်နှာ အော်တိုမစ်တစ်ပြုံးသွားကာ ..၊

"ပြန်ရောက်ပြီ အဘွား .. ပြန်ရောက်ပြီ .."

"ဘယ်မှာလဲ .."

"မရောက်သေးဘူး .."

"ဘာ!..."

"အဲ .. ခု အိမ်ပြန်မရောက်သေးဘူးလို့ပြောတာပါ၊ ရန်ကုန်ကိုတော့ ပြန်ရောက်နေပါပြီ .. ညီ့ .."

ညီ့သည်တွေပါလာကြောင်း ပြောမလို့စကားစလိုက်ပြီးမှ ဒီမိန်းမကြီးကို ပြောမှားဆိုမှားဖြစ်ဖွယ် မစမိဖို့သတိရပြီး ဝါးစပ်ပြန်ပိတ်ထားလိုက်၏။

ထို့ပြင် စိတ်ထဲမှာ ကြိတ်ပြီးပူဆွေးသောကရောက်သွားခဲ့၏။

ဒီမိန်းမကြီး အကြာကြီးနေမှာဆိုရင်တော့ ဒုက္ခ ..၊

www.burmeseclassic.com



## အခန်း (၂၁)

"ဘယ်သူ .. ရိုးမယ်ဖွဲ့ .. ဟုတ်လား .."

လာပြန်ပြီ ထပ်ဆင့်မေးခွန်း ..၊

မယ် မျက်နှာလေးက စိတ်ကျဉ်းကျပ်ဟန်တွေနှင့် ညိုမှောင်နေ၏။ ရောက်ကာစကလည်း ဦးစိုးရာ ကိုမတွေ့ဘဲ .. ခုလည်း ဦးစိုးရာ မဟုတ်သေးသည့် သူမတို့ကို မလိုလားသော ဒီလို မျက်နှာထားနဲ့လူတွေနဲ့ဘာ ..၊

"မြေး အဖေ ဘာတွေလုပ်နေတာလဲ မြေး၊ ဟဲ့ .. ရိုးမှရိုးသားရဲ့လား .."

"ဟာ .. ဘွားကလည်း .."

အစိုး အားနာကာ မယ် တို့ကိုလှည့်ကြည့်ရင်း ဒေါ်မြင့်မြတ် ကိုလည်း မကားကီးဝံ့ဘဲ ..၊

"အဲဒါတွေကို ဘွား ဖေဖေနဲ့ပဲ ပြောပါ၊ ဧည့်သည်တွေကို ကျွန်တော်ခေါ်လာတာ ကျွန်တော့်ကို မျက်နှာပျက်ရအောင် မလုပ်ပါနဲ့ .."

"မြေး အဖေ ခေါ်ခိုင်းတာလေ .."

"ဟုတ်ပေမယ့် ခုချိန်ထိ ဖေဖေက သူတို့နဲ့မတွေ့သေးဘူး၊ ကျွန်တော်





တို့က တစ်လမ်းလုံး မိသားစုလိုနေလာတာ .."

မြေး မျက်နှာပျက်နေပြီမို့ ဒေါ်မြင့်မြတ် လျှော့လိုက်ရပေမယ့် မျက်လုံးတွေက မကျေမနပ်ကြည့်နေဆဲ ..။

ရိုးမယ်ဖွဲ့ ဆိုတဲ့ ကောင်မလေးကလည်း အလာသားပါလား ..။

သူ့ကို မလိုလားစွာကြည့်နေတာတောင် မျက်မှောင်လေးကုတ်ပြီး ပြန်ကြည့်နေသေးသည်။ မိုက်မိုက်ရိုင်းရိုင်း စူးစူးရဲရဲအကြည့်မျိုးမဟုတ်သော်လည်း သူမဟာလည်း မာနရှိသည်ဆိုသောအခြေအနေကို စိတ်ပျက်နေသည့် အမူအရာတွေနှင့် ..၊

မယ် တကယ်ကို စိတ်ပျက်နေတာပါ။ ဒီ အမျိုးသမီးကြီးကလည်း ဘာဥစ္စာ ဆိုသည့် ချွေးမဖြစ်သူနဲ့ ဘာမှ မထူးခြား ..၊

ရွှေချည်းအိတွဲနေသော လက်သန်းလုံးလောက် ကြိုးရှည်ကြီးက ချယ်လောက်ထိရှည်ကျပြီး လွှဲခါနေ၏။ နားနှစ်ဖက်မှာ တွဲကျနေလောက်အောင် တလက်လက်တောက်နေတာ မြို့သူတွေပြောတဲ့ စိန်ဆိုတာကြီးထင်၏။

လက်နှစ်ဖက်မှာ လက်စွပ်ပြူးပြူးပြဲပြဲကြီးတွေ ထပ်ညပ်နေကာ အသက်အရွယ်အရ ပါးရေတွဲနေပြီပေမယ့် ကိုယ်မှာလည်း လင်းလက်နေသေးသည်။ လူကလည်း မာမာချာချာ ..။

ပို၍ မာကျောသည်က ဩဇာသြောင်းသော သူမ၏ အသံပင် ..။

"သူ့ပညာအရည်အချင်းကရော .."

"သူက .."

"ပညာမတတ်ဘူး၊ ရေးတတ်ဖတ်တတ်ရုံပဲ .."

မယ် ဝင်ဖြေလိုက်တော့ ဒေါ်မြင့်မြတ် မျက်လုံးပြူးသွားကာ ..၊

"ငါ မင်းကို မမေးသေးဘူး .."

"ကိုအစိုးရ ဖြေချင်ပုံမပေါ်လို့ပါ၊ မယ် နဲ့ အမေ့ကို မေးခွန်းထုတ်နေကြတာ ရောက်တည်းက ခုချိန်ကဲ၊ ဒီအိမ်မှာ လူဘယ်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိသေးသလဲ၊ လူတွေကျန်သေးရင်တော့ တခြားလူတွေပါ စုံအောင် ခေါ်ပေးပါ ..”

“ဘာပြောတယ် ..”

“အားလုံးကို တစ်ခါတည်းဖြေလိုက်ချင်လို့ပါ၊ တစ်ယောက်လာ တိုင်း တစ်ခါမေးမယ့်အစားပေါ့ ..”

“မယ် .. ညည်းကို ငါ ဒီလောက်သင်ထားတာတောင်မှ ..”

ဒေါ်ကောက် မျက်စိမျက်နှာပျက်နှင့် လှမ်းဆူ၏။ မယ် က မအေ ကို မကြည့်ဘဲ မျက်နှာလွှဲ၍ ..၊

“ဒါမှ အေးမှာ အမေ၊ မယ် တို့ လာခဲ့ကြတာ ရွာကလည်း အဝေး ကြီး၊ ပိုက်ဆံလည်းမရှိဘူး၊ နောက်ပြန်လှည့်လို့မှ မဖြစ်တော့တာ အဲဒီ တော့ ဒီကိုဘာကြောင့်ပဲရောက်လာလာ၊ အခု မယ့် ကို ဘာခိုင်းမှာလဲပဲ သိချင်တယ် ..”

“မယ် .. အဲ့ဒီလိုမဟုတ်ပါဘူး၊ ဒီမှာက မင်းနဲ့ အန်တီ့ကို ..”

“ဟုတ်တယ် ..”

မယ် က အစိုးရ အားနာနေတာကိုသိသည်။ ဒါပေမယ့် ဒီအိမ်မှာ အစိုးရ ချည်းပဲနေတာမဟုတ် ..။

“တစ်ခုပဲပြောချင်တာ .. အမေ့ကိုတော့ အိမ်ဖော်မလုပ်ခိုင်းပါနဲ့ မယ့် ကိုပဲ ..”

“ဟော့ .. နေဦး ..”

ဒေါ်မြင့်မြတ် က ခပ်မာမာပိတ်ပင်လိုက်ကာ ..၊

“မင်းကို ဒီမှာ ဘာပဲလုပ်ခိုင်းလုပ်ခိုင်း အဲ့ဒါကို ဘာခိုင်းပါ ညာခိုင်း ပါ မင်းပြောဖို့မလိုဘူး ..”

ဧည့်ခန်းမှာ လူစုံတက်စုံရှိနေကြကာ အခြေအနေကိုကြည့်၍ အား လုံးက ကျေနပ်အားရနေကြ၏။ သူတို့သိထားကြတာက ဒီသားအမိက ဦးစိုးရာ ရဲ့ ကျေးဇူးရှင်တွေတဲ့ ..။





ကိုယ် အုပ်စီးကိုင်တွယ်နေသည့်ထဲက ရှိရှိသမျှကို ပုံချကျေးဇူးဆပ်တော့ စိုးရာ က ပြောနေခဲ့တာမို့ ဒီလိုအဖြစ်မခံနိုင်သူတွေက ကျေနပ်နေကြ၏။ သူတို့တွေက အောင်ထွန်း တို့ လင်မယားနဲ့ သူရိန် တို့ပဲဖြစ်လေသည်။

ပြောစမ်းပါဦး မြေး အဖေနဲ့ သူတို့နဲ့ ဘယ်လိုပတ်သက်နေတာ

“ရွာမှာတုန်းက ဖေဖေ့အပေါ်မှာ ကျေးဇူးရှိခဲ့တယ်တဲ့၊ ဒီ အန်တီ့ ကျားက ဦးမောင်ရိုး လို့ခေါ်တယ် ဘွား ..၊ ဖေဖေ့သူငယ်ချင်း၊ ဖွဲ့ ရဲ့ အဖေ ..”

မိဘနှစ်ပါးလည်း ပြစရာရှိနေသည်ဆိုတော့ လေလောဆယ် ဘေး အကလည်း ငုတ်တုတ်မို့ ဒေါ်မြင့်မြတ် စိတ်ထဲက ဟိုလိုဒီလိုတွေး တွေ လျော့ပါသွားခဲ့၏။

မြင်လိုက်စတုန်းက ရိုးမယ်ဖွဲ့ ဆိုသည့် နာမည်လေးနဲ့ လူပုံလေး နဲ့ ချစ်စဖွယ်လေးမို့ မသင်္ကာချင်။ ‘စိုးရာ ဆိုတဲ့သတ္တဝါ ခြေပုန်း ခဲ့တဲ့ အရှုပ်ထုပ်တွေလား’ လို့ တွေးလိုက်မိတာအမှန် ..။

သားသမီးတွေ တစ်နေရာမှာ တိတ်တိတ်ပုန်းမွေးထားပြီးမှ တူလိုလို မျိုးလိုလို ဒီလိုအရွယ်တွေရောက်မှ အိမ်ပေါ်ခေါ်တင်လာကြတာ တစ်ပုံကြီး ..။

ခုတော့ ဒီလိုမဟုတ်နိုင်ပါဘူးလို့ တွေးမိပြန်ကာ ..၊

“မင်းက ယောကျ်ားလေးလိုဝတ်စားပြီးတော့ ဘာပုံစံလဲ ..”

“သူက ယောကျ်ားလေးစိတ်ပေါက်နေတာမဟုတ်ပါဘူး၊ တော တော့ ..”

“ဘွားက မြေးကိုမေးတာမဟုတ်ဘူးလေ .”

ဒီကောင်မလေး ဘယ်လိုလေးလဲ၊ မေးတာကျတော့ မဖြေချင် ..၊ ဘာတွေကျတော့ ဝင်ဝင်ပြော ..၊

“ဟော့ .. မင်းကိုမေးနေတာ ..”



www.burmeseclassic.com

www.burmeseclassic.com



မယ် က ကြောင်တောင်ကန်းနေသူကဲ့သို့ ဒေါ်မြင့်မြတ် ကို [illegible] နေရင်းမှ ခေါင်းညိတ်ကာ ...၊

"မယ့် ကို မေးတာသိပါတယ်၊ အခု တစ်ခါဖြေပြီးရင် နောက် [illegible] ခါထပ်ဖြေရဖို့တွေ ရှိသေးလားလို့ စဉ်းစားနေတာ .."

"မေးရင်ဖြေရမှာပေါ့ .. ငါတို့က မင်းတို့ကို ခုမှ တွေ့ဖူးတာ [illegible]"

"မယ် တို့လည်း ဒီတိုင်းပါပဲ ...၊ ဒါပေမယ့် မယ် ကတော့ ဘယ် [illegible] အကြောင်းကိုမှ မသိချင်ဘူး .."

ဒေါ်မြင့်မြတ် မယ့် ရဲတင်းပုံကြောင့် စိတ်တိုဖို့တောင်မေ့လေ [illegible] မယ် ကလည်း ဒီလိုအရပ်မှာ မနေချင်တော့သည့်စိတ်က ခုန်းခုန်း [illegible] ပြီမို့ ...၊

"မေးရင်ဖြေရမှာကိုလည်း သိပါတယ်၊ ဒါပေမယ့် ဒါ [illegible] ထပ်ခါထပ်ခါ ပြောပြနေရတာက မကောင်းဘူး .."

"အဲဒါက မင်းတို့ကို စိုးရာ က သူ့သဘောနဲ့သူ ခေါ်လိုက်တာ [illegible] ဒီအိမ်မှာ လူတွေက အများကြီးပဲရှိနေကြတာ .."

"ဘွား .. တော်ပါတော့ .. မယ် တို့က ဘွားထင်နေတဲ့ လူ [illegible] တွေမဟုတ်ပါဘူး .."

"ပြောပါဦး ဘယ်လိုလူစားတွေလဲ .."

"အစက ကျွန်တော် မသိပါဘူး .."

"ခုသိတာကိုပဲ ပြောစမ်းပါ .."

"ခုလည်း သေချာမသိဘူး၊ ဒါပေမယ့် ဖေဖေ့ ကျန်းမာရေး [illegible] သူ စိတ်ချမ်းသာအောင် ကျွန်တော် ဟိုထိသွားခေါ်ပေးခဲ့တာ တော [illegible] ဒီ ပြန်ရောက်တဲ့အထိ ကျွန်တော့်ကို သူတို့ကပဲ ပြန်ပြီး ဂရုစိုက် [illegible] ရောက်ခဲ့ကြတာ .."

"ဘယ်လိုတွေလဲကွယ် .. ရှင်းအောင်ပြောစမ်းပါ .."

သူကလည်း ပြောပြချင်နေတာပါ။ မယ် တို့ အိမ်ထဲဝင်ကာ [illegible]





[illegible] တို့ ဘယ်လိုဆီးကြိုလိုက်သည်ဆိုတာ ချစ်ဦး ပြန်ပြောပြလို့သိခဲ့ပြီးပြီ။ ဖေဖေ တစ်ယောက်လုံးရှိသေးသည်။ ဒါတွေကို ဖေဖေ စီစဉ်ထား [illegible] ရက်နဲ့ ဒီလိုဖြစ်သင့်သလား ...၊

ပြီးတော့ သူ့အိမ်ကို ဖုန်းဆက်အကြောင်းကြားပြီး စောင့်နေခဲ့သေး [illegible] ကြည်ပြာ ဖုန်းကိုင်ခဲ့ပါလျက်နှင့် သူ့ဆီကို ဘာမှအကြောင်းမပြန် [illegible] လိုက်တာလည်း ဘာမှ လုပ်မပေး ...။

ဒါတွေကို သူ ရှင်းရဦးမည်။ ဟိုမရောက် ဒီမရောက် လမ်းခုလတ် [illegible] ဒုက္ခရောက်ခဲ့တာ အကြီးအကျယ် ...၊

ဖြစ်ခဲ့ရသမျှကို အားလုံးပြောမပြခဲ့ပေမယ့် လမ်းခရီးမှာ ရာသီဥတု [illegible] ဆိုပြီး ချောင်းရေလျှံသည့်ဒုက္ခနဲ့ တည့်တည့်တိုးခဲ့ရသည့်အဖြစ်ကို ပြောပြလိုက်မိကာ ...၊

"အဲဒီတုန်းက ကျွန်တော့်ကို ရေထဲကနေ သူပဲ ဆင်းကယ်ခဲ့တာ.."

"ဟင် .."

ဒေါ်မြင့်မြတ် စိုးရိမ်သည့်မျက်နှာကြီးနှင့် မျက်လုံးတွေပါ ပြူးထွက် [illegible]

"အဲဒီမှာ တစ်ယောက်နဲ့တစ်ယောက် ဘယ်သူဘယ်ဝါတွေမှန်း [illegible] မသိကြသေးဘူး၊ နောက်ပိုင်းမှာလည်း ပိုက်ဆံမပြောနဲ့ စာရွက် [illegible] စတောင်မရှိတော့တဲ့အဖြစ်နဲ့ ကိုယ် မကျွမ်းကျင်တဲ့တောထဲ [illegible] ယ် တို့ပဲ ကူညီထားခဲ့တာ .."

ဒေါ်မြင့်မြတ် မျက်နှာပြင်မှာ စောစောက တင်းမာခြင်းတွေ လျော့ [illegible] ရဲဖြစ်ကုန်ကြ၏။ ဒါပေမယ့် ဒီမိန်းကလေး မျက်နှာပေါ်က အချိုး [illegible] သည့် အမူအရာတွေကို ပြန်ကြည့်မိတော့လည်း အရေးပေးခင်မင် [illegible] ရာတစ်စက်မှမရှိ ...။

"ဒါပေမယ့် ကာလံဒေသံဆိုတာရှိတယ်လေ မောင်လေးရဲ့ ...၊ ရေထဲ [illegible] ဝါကုန်းပေါ်တက်ပြီး မင်းမူလို့မရလို့ ကုန်းနေသတ္တဝါ ရေထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရင်လည်း အလကားပဲ ..."

ဒေါ်မြင့်မြတ် ရဲ့ မျက်နှာပေါ်က စာကိုဖတ်ပြီး စော က ကုန်... မှာ လီဗာထပ်တင်ပေး၏။ ပြီးတော့ မယ် ကို ကြည့်၍ ...၊

"သူကြည့်ရတာ ဘာကိုမှ ဂရုစိုက်ပုံမပေါ်လို့ သတိပေးတာပါ၊ ... နေရောက်လာပြီး မျက်စိသူငယ် နားသူငယ်ဖြစ်မနေတဲ့ပုံကိုကြည့်...

"ဒါကတော့ မှန်တယ် အစိုး ..."

သီရိ ကလည်း ထောက်ခံချက်တွေပေးလာလျက် ...၊

"အသိဉာဏ်နည်းတဲ့လူတွေ တစ်လွဲအစွန်းရောက်သွားရင် ... ကြောက်စရာကောင်းတာ ..."

မယ့် မျက်နှာလေး တင်းသည်ထက်တင်းလာကာ ဒေါ်... ကို တစ်ချက်ပြန်ကြည့်၏။ ဘယ်အချိန်ဖြစ်ဖြစ် ဘယ်သူ့ဘာပြော... မျက်နှာငယ်နှင့် ရှိနေတတ်သည့် မိခင်ဖြစ်သူရဲ့ ညှိုးငယ်မှုက ဆ... နိုင်စွမ်းကို ပျက်ပြားစေလျက် ...၊

"ကိုအစိုးရ ..."

"မယ် ..."

မယ် ထရပ်လိုက်တာနှင့် ဒေါ်ကောက် က လက်ကိုလှမ်းဆွဲ... မယ် က လှည့်မကြည့်ဘဲ ဖယ်ချပစ်ကာ ...၊

"ရှင်နဲ့ပဲသိတာဆိုတော့ မယ် ရှင့်ကိုပဲ တောင်းဆိုရမှာပဲ ... တို့ကို ဒီကနေ ထွက်သွားဖို့ ..."

"မယ် နေဦး ... အဲ့ဒီလိုလုပ်ဖို့မလိုပါဘူး၊ ဥပမာ ဖေဖေ ကျန်း... မကောင်းသေးတော့ ..."

"အခု ... ဦးစိုးရာ နဲ့ တွေ့ဖို့လည်းမလိုတော့ဘူး ကိုအစိုးရ ..."

"ဟော့ ... မိန်းကလေး၊ မင်း အသက်အရွယ်နဲ့ လူကြီးကို ဒီလို... နှန်းတာ မိုက်ရိုင်းလှချေလား ..."

မယ် က ဒေါ်မြင့်မြတ် ကို လှည့်ကြည့်ပေမယ့် အစိုး က သူ...



...လာသဖြင့် ...၊

"မယ် တို့ကို ဒီက ထွက်သွားနိုင်အောင် တစ်ခုခုကူညီပါ၊ ကျန်တာ ...ာ့ ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ ..."

"ဒါတော့ မဖြစ်ဘူး မယ်၊ ဖေဖေသိရင် စိတ်ထိခိုက်လိမ့်မယ်၊ ...ာ့ မင်းတို့ကို ကိုယ်က တာဝန်ယူပြီး ခေါ်လာတာ ..."

"ဘယ်လိုတာဝန်မျိုးလဲ မြေး ... မြေးရဲ့ ဖေဖေက သူတို့ကို ဘယ်လို ...တုံ့ပြန်ချင်တာတဲ့လဲ ..."

"ဒါက ဖေဖေ့ဆန္ဒပဲ ဘွား ...၊ ဖေဖေ သက်ရှိထင်ရှားရှိနေသေးတာ ...ယ်လိုဆက်လုပ်မယ်ဆိုတာ သူ့စိတ်ကူးတွေရှိမှာပေါ့ ...၊ ဘာပဲဖြစ် ...လိုကတောက်ကဆဖြစ်ပြီး သူ မသိဘဲ ပြန်ထွက်သွားတယ်ဆိုရင် ...ခေါ်ပေးခဲ့တဲ့ ကျွန်တော်လည်းမကောင်းဘူး ..."

"ဒါပေမယ့် ကိုအစိုးရ တို့မိသားစုထဲမှာ မကောင်းတတ်တာတွေ ...ကြောင့် မယ် တို့က နေမပေးနိုင်ဘူး ..."

ဒီစကားကြောင့် သီရိ နဲ့ စော တို့ မျက်ခုံးတွေ မသိမသာပင့်သွား ...၊ နှုတ်ခမ်းမှာ လှောင်ရယ်ခြင်းတွေနှင့် ...၊

"နေ့စဉ် စစ်ဆေးမေးမြန်းလိုက် ချိုးဖဲ့နှိမ့်ချခြင်းအမျိုးမျိုးနဲ့ မျက်နှာ ...ပြီး ကဲ့ရယ်လိုက် ..."

"မယ် ရယ် ... ခဏနေပါဦး၊ အမေ ပြောပြလိုက်ပါ့မယ် ..."

"အမေ့ကို မယ် ပဲ တစ်သက်လုံးရှာကျွေးလာတာပါ အမေရယ်၊ ...ည်း မြို့ကြီးပြကြီးမှာဆိုပြီး အမေ မကြောက်ပါနဲ့၊ မယ် လုံးဝမကြောက် ...တောမှဖြစ်ဖြစ် မြို့မှဖြစ်ဖြစ် အကုန်လုံးလူတွေပါ၊ ဘီလူးသရဲတွေ ...တ်ပါဘူး ..."

ဒေါ်မြင့်မြတ် က မယ် တို့သားအမိပြောနေတာတွေကို ရူးစိုက်နား ...င်နေကာ ...၊

"ဘီလူးသရဲတွေမဟုတ်ပေမယ့် မကောင်းတဲ့လူတွေလည်း အချင်း

www.burmeseclassic.com



ချင်းဘဝဖျက်အောင် ဝါးမျိုဖျက်ဆီးနိုင်တာပဲ ..၊ မင်းက ဘာမသိညာ
ဒီကထွက်သွားပြီး တခြားလူတွေစော်ကားလို့ ဘာဖြစ်ဖြစ်ပေါ့ .. ဒီလို

ဒေါ်မြင့်မြတ် ဘယ်လိုသဘောနဲ့မေးမှန်း မသိပေမယ့် မေ
အစတည်းက ကြောက်သွေးဆိုတာ ဘာမှန်းမသိတဲ့သူ ..။

"တခြားလူတွေ ဘယ်လိုစော်ကားသလဲ မသိဘူး၊ အခု ဒေါ်
ခံနေရတာ ခံရခက်တာတော့ အမှန်ပဲ .."

"ဒါနဲ့ ခုနပြောတုန်းကတော့ နောက်ပြန်ဆုတ်ဖို့ စကား
လား ..၊ ဘာပဲလုပ်ရလုပ်ရလို့ မင်း ပြောခဲ့သာထင်တယ် .."

မယ် က ဒေါ်မြင့်မြတ် ကို ရဲတင်းစွာပြန်ကြည့်၏။

"အဲ့ဒါလည်း ကောင်းပါတယ် .."

ပြောပြီး အစိုးရ ဘက်ကိုလှည့်ကာ ..၊

"မယ့် ကို တစ်ခုခုခိုင်းပါ၊ မေးခွန်းတွေ ဘာမှထပ်မမေးဘဲ ဦး
ဘာလို့ခေါ်သလဲဆိုတာလည်း မပါဘဲနဲ့ .."

"အဟွန့် .."

စော ရဲ့ ခပ်သဲ့သဲ့ရယ်သံထွက်ပေါ်လာကာ ..၊

"သူ ဘာလုပ်ရမယ်ဆိုတာ အစော က ပြောပြီးသားပါ၊ အဖေ
ဒီတိုင်းစီစဉ်ထားတာပဲဆိုတာ သေချာတယ်၊ မောင်လေးက ဘာ
စိုးရိမ်နေတာလဲ .."

အစိုး မျက်နှာက စော တို့ရဲ့ မျက်နှာတွေ အပြုံးတွေပေါ်မှာ
ရဲရဲဝေ့ဝဲနေခဲ့၏။ ဒါပေမယ့် ဘွား ရှိနေသဖြင့် ဒါကို သူချည်းပဲဆုံး
လိုက်ဖို့က ခက်နေသည်။

ပိုခက်နေတာက ဖေဖေကလည်း သတိပြန်ရလာတည်းက ဘယ်
နဲ့မှ စကားကောင်းကောင်းမပြော ..၊





## အခန်း (၂၂)

"အဲ့ဒါကို ကျွန်တော် သဘောမတူဘူး ဘွား .."

"မြေး သဘောတူတူ မတူတူ ဒါ သူ ရွေးလိုက်တဲ့လမ်းပဲလေ.."

"မဟုတ်သေးဘူး .."

အစိုး နေရာမှထရပ်ပြီး ပြတင်းတံခါးကို လျှောက်သွားသည်။ ပြီး
တော့ ပြန်လှည့်လာကာ ..၊

"လူတစ်ယောက်ရဲ့ အဆင့်အတန်းကို ဆင်းရဲချမ်းသာကြည့်ပြီး
ခြားသင့်ပါဘူး .."

"ဟုတ်ပါပြီ .. ဒါဆို ရိုးမယ်ဖွဲ့ ကို ဘယ်လိုအဆင့်အတန်းလို့
သတ်မှတ်မှာလဲ ..၊ စာပေပညာလည်း အလယ်တန်းဆင့်တောင်မရှိဘူး၊
ဆင်းရဲတာကို ထားဦး၊ ဖွံ့ဖြိုးမှုနည်းပါးလွန်းတဲ့ တောကြိုအုံကြားမှာပဲ
အရွယ်ထိ ကြီးပြင်းနေထိုင်လာတဲ့သူ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် ဘွား .. မယ် က လူတွေအကြောင်း
ကို အရမ်းသိတယ်၊ အများတကာထက်သူ့ပြီး နှိမ့်ချပြောဆိုခံခဲ့ရတာ
တွေက သူ ရင့်ကျက်ခဲ့ရတဲ့ဘဝအသိတွေပဲ ..၊ ပြီးတော့ စာတွေဖတ်
တယ်၊ သူ့မှာ လေးစားဖို့ကောင်းတာက ဖြောင့်မတ်တဲ့စိတ်ပဲ .. ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



က ခိုင်းလို့ ကျွန်တော်သွားခဲ့ရတာ မှန်ပါတယ်၊ ဒါပေမယ့် သူတို့အ
ကို ဖေဖေ့ထက် ကျွန်တော်က ပိုသိခဲ့တာ ..."

"အဲဒီတော့ မြေးက ဘာကိုပြောချင်တာလဲ ..."

"ဒီအိမ်မှာ သူ့ကို ခိုင်းဖို့ခေါ်တာ မဟုတ်ဘူးဆိုတာ အားလုံး
ချင်တာ ..."

ဦးစိုးရာ ရဲ့ စာကြည့်ခန်းထဲမှာ မြေးအဘွားနှစ်ယောက်တ
အစိုးရ က သူ့ဆန္ဒကိုတင်ပြလိုက်သည်။

သို့သော် ဒေါ်မြင့်မြတ် က စိုက်ကြည့်နေရင်း ခေါင်းခါ
ကာ ...

"မြေးရဲ့ ဆန္ဒကိုပြောပြီးပြီဆိုတော့ – ဘွား ဆန္ဒကိုပြောတော့
နံပါတ်တစ် စိုးရာ ရဲ့ ဇာတိချက်မြှုပ်ကလူတွေဖြစ်တဲ့အတွက်
ကြည့်လို့မရဘူး၊ နံပါတ်နှစ် မိန်းမငယ်လေးဖြစ်နေတဲ့အတွက် သူ့အ
အခွင့်အရေးဆိုတာ မရှိရဘူး၊ နံပါတ်သုံးက သူ့အတွက် အခွင့်အ
တစ်ခုခု မြေး ပါးစပ်ကပြောလာရင် သူ့အတွက် နစ်နာမှု နှစ်ခုသုံး
သွားနိုင်တယ် ..."

"ဘွား ..."

"ဟုတ်တယ် မြေး၊ မြေးရဲ့ မေမေ့ကို မြေး ဖေဖေနဲ့ ဘွား
သဘောတူခဲ့တာမဟုတ်ဘူး၊ ပြီးတော့ တောကလူတွေရဲ့ နေထိုင်မှု
အထာတွေကို ဘွား ဘယ်တုန်းကမှ အထင်တကြီးမရှိခဲ့ဘူး၊ မြေး
အထင်မကြီးရဘူး ..."

"ဘွား ဘာတွေစိုးရိမ်နေတာလဲ ...၊ ကျွန်တော် အခု ဘွားကို
နေတဲ့ထဲမှာ ဘွား စိုးရိမ်နေတာတွေ ဘာမှမပါဘူး၊ ကျွန်တော် ပြော
လုပ်ခဲ့တာတွေ ဒီအိမ်ရောက်လာတာနဲ့ ဘာမှမဟုတ်တော့ဘူးဖြစ်
တာ ကျွန်တော်က ဘာ့ကြောင့်ဖြစ်သွားသလဲ ..."

"မြေးကို စိုးရာ ခိုင်းခဲ့တာပဲ ..."





"ဟုတ်တယ် .. ဒါပေမယ့် မယ် နဲ့စပြီးဆုံခဲ့တာက ဖေဖေ ခိုင်းခဲ့
တာနဲ့မဆိုင်ဘူး၊ တစ်ယောက်ကိုတစ်ယောက် အသက်စွန့်ကယ်တင်ရင်း
နဲ့ လေးစားသမှုတွေဖြစ်ခဲ့ကြတာ၊ သူတို့သားအမိကို အဖေ ခိုင်းတာထက်
ပိုပြီး ကူညီချင်တဲ့စိတ်တွေ ကျွန်တော့်ရင်ထဲမှာ တကယ်ဖြစ်လာခဲ့တာ
လည်း တကယ့်ခံစားချက်တွေပဲ၊ အဲဒါတွေလည်း ရိုးသားတယ် ..."

"လူကို ယုံပေမယ့် အခြေအနေနဲ့ အချိန်အခါက ယုံရတာမဟုတ်
ဘူး။ သတိပေးသလိုဖြစ်သွားလည်း မတတ်နိုင်ဘူး မြေး၊ ဘွား နောက်
ထပ်တစ်ခါ အမှားမခံနိုင်ဘူး ..."

"ဘွား ပြောနေတဲ့ပုံက ကျွန်တော်ကပဲ မိန်းကလေးတစ်ယောက်
နဲ့အကူမထားရဲအောင် ..."

"မဟုတ်ဘူး .. မဟုတ်ဘူး၊ ဘွား ပြောတာ မြေးရဲ့ ဂုဏ်သိက္ခာ
မပါဘူး ..."

"မပါဘူးဆိုရင် ထားလိုက်ပါ ဘွားရာ၊ ကိုယ့်ကို အားကိုးနေရ
တဲ့သူ၊ ကိုယ်က ကူညီဖေးမထားတဲ့မိန်းကလေး၊ ဒါကို စိတ်ကူးရလောက်
အောင် ကျွန်တော် အောက်တန်းမကျဘူး ..."

ဒါက အောက်တန်းကျခြင်း အထက်တန်းကျခြင်းနဲ့ မဆိုင်ဘူးဆို
တာ ဘယ်လိုပြောရမလဲ ...။

ဒါပေမယ့် ဘာမှမဖြစ်သေးတာကို ဒီထက်တပ်အပ်ကြီး စွပ်စွဲစိုး
ရိမ်နေပြန်ရင်လည်း လူကြီးဖြစ်ပြီး သဘောနုရာကျတော့မည်။

"စိုးရာ ကို ငါ အဲဒါတွေမကြိုက်တာ ..."

မြေးကို မပြောချင်တာတွေက ဦးစိုးရာ ဘက်ကို ဒေါသအဖြစ်
သိမ်းယိုင်ကုန်၏။

"သူ့ကို ငါ ဒါကြောင့် တစ်သက်လုံးက ကြည့်မရခဲ့တာ၊ ဒါကိုပဲ
ထပ်လုပ်တယ် ..."

"ဘာကိုလဲ ဘွား ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတောကြီးအုံကြားကို မမေ့နိုင်တာလေ ..၊ အခု ဒီ သားအမိကို ဒီထိ ဆွဲထုတ်ခေါ်ရတာကရော ဘာလဲ .."

"ကျေးဇူးကြွေးတင်နေလို့ပါ အမေ .."

ခပ်ယဲ့ယဲ့စကားသံကြောင့် လှည့်ကြည့်လိုက်ကြတော့ ဦးစိုးရာ ဧည့်ကြည့်ခန်းထဲကို လှမ်းဝင်လာပြီဖြစ်ကာ ဘေးက တွဲကိုင်လာပေးသည့် ချစ်ဦး ကို ဖယ်ချပြီး အပြင်ထွက်ဖို့လက်ပြ၍ ..၊

"အမေ ရောက်နေတယ်ဆိုတည်းက ဒီကိစ္စကို ကျွန်တော် ရှင်းပြချင်တာပါ၊ စကားပြောချင်စိတ်မရှိအောင် လူက နုံးနုံးကြီးဖြစ်နေလို့ပါ .."

"မင်းကို ငါ လာကြည့်ပါတယ်၊ အိပ်နေတာနဲ့ပဲတိုးနေလို့ .."

ရောက်လာတည်းက မျက်နှာချင်းမဆိုင်ဖြစ်တာကို ဝတ္တရားပျက်သလို ခံစားမိသဖြင့် ဒေါ်မြင့်မြတ် က ရှင်းပြသလိုပြောသည်။

ဒါက တောင်းပန်တာနဲ့တူပေမယ့် မျက်နှာကတော့ ခပ်တည်တည်..

"ဖေဖေ ဒီမှာထိုင် ဖေဖေ ..၊ ခု ထွက်လာတာရော သက်တောင့်သက်သာရှိရဲ့လား .."

"ရှိပါတယ် .. ဖေဖေ မင်း အဘွားနဲ့ စကားပြောဦးမယ်၊ မင်း အပြင်ထွက် .."

သူ့အတွက် ဒရင်းမ်ဘက်ဒ်ခင်းပေးပြီးတာနှင့် အစိုး ကို ထွက်သွားခိုင်းလိုက်ပြီး ..၊

"ဒီလူကလေးက ကျွန်တော့်အတွက် .."

"မင်း ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ ဒါတွေပြောဖို့အတွက် များ တကူးတက ဆင်းလာရတယ်လို့ .."

ဦးစိုးရာ အပေါ်မှာ ဘယ်အချိန်ဖြစ်ဖြစ် အကောင်းမမြင်တတ်သည့် ဒေါ်မြင့်မြတ် ၏ လေသံတွေကလည်း ဟိုတုန်းကအတိုင်း မပြောင်းလဲ..

"ကျွန်တော် သက်သာနေပါပြီ .."

ဦးစိုးရာ ဘက်ကလည်း ဒေါ်မြင့်မြတ် နဲ့ ပတ်သက်သမျှ အမြဲတမ်း





ခေါင်းငုံ့အလျှော့ပေးတတ်ခဲ့တဲ့အတိုင်း ..၊

"ဒီသားအမိနဲ့ ပတ်သက်တာကိုတော့ အမေ့ကို သေချာပြောပြချင်လို့ပါ .."

"ပြောတော့ပြောလေ .. ဒါပေမယ့် မင်း နောက်ထပ် အမွေစားအမွေခံမွေးဖို့ အစီအစဉ်တွေပါလာရင်တော့ .."

"မဟုတ်ပါဘူး အမေ .. ဟောဒီ တိုက်တာခြံမြေတွေနဲ့ လုပ်ငန်းဆိုင်စိမ်ငွေအားလုံးကိုက ဒီသားအမိနဲ့ သက်ဆိုင်နေတာပါ .."

"ဘာ .. ဘာ ပြောတယ် စိုးရာ .."

ဦးစိုးရာ မျက်နှာက တည်ငြိမ်နေပေမယ့် ဒေါ်မြင့်မြတ် က ထခုန်တော့တော်ဖြစ်သွားခဲ့၏။ တောသားဆိုတာတောင် ပညာလေးတော့ တတ်သေးသည်။ စီးပွားရှာတာလည်း တော်သားပဲဆိုပြီး ဒီသမက်အပေါ်မှာ နှစ်သက်ဖွယ်ရှိတာလေးတွေရွေးပြီး အမှတ်ပေးထားခဲ့တာပါ။

ခုချိန်ထိလည်း အမွေအနှစ်ရယ်လို့ ဒေါ်မြင့်မြတ် ဘက်က တစ်ပြားတစ်ချပ်မှ ချပေးခဲ့တာမရှိသေးပေ။ သမီးကိုခွင့်လွှတ်ပြီး ပြန်ဆက်သွယ်ခဲ့ပေမယ့် သမီးက ဆုံးသွားသည်။

ဒီမြေးလေးကျမှ စုပုံပေးဖို့ သူမ ရည်ရွယ်ထားခဲ့၏။ ဘာပဲဖြစ်ဖြစ် ဦးစိုးရာ ရှာဖွေစုဆောင်းတာတွေရော နည်းလို့လား ..၊ ဒါတွေက ဒီသားအမိနဲ့ ဘယ်လိုရှာကြံပတ်သက်သွားရတာလဲ ..၊

"မင်း ခုမှပေါ်လာတဲ့ အဖြစ်အပျက်တွေကို ရှေးဟောင်းနှောင်းဖြစ်လို စာဖွဲ့မပြနဲ့ စိုးရာ၊ ဒါ ငါ့မြေးရဲ့ အနာဂတ်နဲ့ဆိုင်တယ် .."

ဒေါ်မြင့်မြတ် က ရှင်းရှင်းပြောကာ ...

"ဟို စုန်းပြူးနှစ်ကောင်ကို မင်း ဘာတွေပေးခဲ့ပေးခဲ့ ထားလိုက်.."

"ခုဟာက .. ကျွန်တော့်ရဲ့ အတိတ် .."

"နေဦး စိုးရာ .. မင်းက ဘာလဲ၊ ငါရှာတဲ့ပစ္စည်း ငါ ဘာလုပ်လုပ် ဆိုကာမျိုး အချိုးချိုးလာတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမဟုတ်ပါဘူး အမေ ..၊ အချစ် ကို ကျွန်တော် ဘယ်လောက် တန်ဖိုးထားမြတ်နိုးသလဲဆိုတာ အမေ သိပါတယ်၊ အဲ့ဒါကြောင့် အချစ် ရဲ့ အမေဖြစ်တဲ့ အမေ့ကိုလည်း လေးစားတန်ဖိုးထားပါတယ်၊ သား ကတော့ ကျွန်တော့်ဘဝပါ၊ အချစ် ရဲ့ ကိုယ်ပွားဆိုလည်းဟုတ်တယ်.."

"ဒါကြောင့် မင်းက သူ ပိုင်ဆိုင်ခွင့်ရှိတာတွေကို လမ်းဆုံမှာချပြီး ခေါင်းလောင်းထိုးစွန့်ကြဲနေတာပေါ့ .."

"ကျွန်တော် ရှင်းပြတာကို နားထောင်ပါဦး အမေ .."

နားထောင်ပါဦးဆိုလို့ ငြိမ်နေလိုက်ရပေမယ့် ပြောချင်တာတွေရော မကျေနပ်တာတွေလည်း ပြည့်သိပ်ညပ်ကာ မျက်နှာက တင်းမာနေ၏။

"ကျွန်တော်ပြောချင်တဲ့ သက်ဆိုင်မှုဆိုတာက ရိုးမယ်ဖွဲ့ ရဲ့ အဖေ ရွှေရိုး ဆီက ကျွန်တော်,.."

"ချေးငှားသုံးခဲ့ဖူးတာလား စိုးရာ၊ ဒီလိုကျေးဇူးရှိတာဆိုရင် မင်း ကျေးဇူးဆပ်ချင်တဲ့ပုံစံက အလွန်အကျွံဖြစ်နေပြီ .."

"မဟုတ်ပါဘူး .. ကျွန်တော် သူ့ဆီက .."

ဦးစိုးရာ တုံ့ဆိုင်းဆိုင်းဖြစ်နေရင်း မျက်နှာ မသိမသာငုံ့သွားခဲ့၏။ ပြီးမှ ...

"ကျွန်တော် မသမာစွာ ရယူခဲ့တာတွေရှိလို့ပါ .."

"ဘုရားရေ!..."

ဒေါ်မြင့်မြတ် ရင်ဘတ်ဖိမိလေသည်။ ကြားနေရသည့် ဦးစိုးရာ ဆက်လက်ပြောပြသော အကြောင်းအရာတွေက သူမရင်ကို အသက်ရှူ မှားမတတ်ရှိနေစေကာ ..၊

"ထီပေါက်တဲ့ပိုက်ဆံ .. ဟုတ်လား .."

"ဟုတ်ပါတယ် အမေ .. ရွှေရိုး ထီပေါက်တာပါ .."

ရွှေရိုး ဆိုတဲ့အတိုင်း ပခုံးတို့ မျက်နှာကြည့်ပြီး ဆံရင်တောင် ခေါင်း ငုံ့ရှောင်လွဲသွားတတ်သည့် သည်းခံခြင်းပါရမီလည်းရှိလေသည်။





သူ့မှာ လောဘဆိုတာရှိပေမယ့် ရယူပိုင်ဆိုင်လိုစိတ် ပြင်းပြနေတတ် သည့် အကျင့်လည်းမရှိ ..။

ချမ်းသာချင်တာထက် 'မိသားစုမှုလုံးရုံလေး ရှာနိုင်ရင်ပဲတော်ပါပြီ' လို့သာ ပြောကတ်ရှာ၏။ အလုပ်သမားဘဝကနေ လယ်ရှင်မြို့ရှင်တို့က လုပ်အားခထက် ပိုလျှော့သောငွေကိုပေးပြီး ခေါင်းပုံဖြတ်နေတာကိုလည်း သိသာသိသည် ဘာမှ စောဒကမတက်၊ မာနစကားလည်းမဆို ..။

"မင်းကွာ .. မဝရေစာကျွေးပြီး အိမ်ပြန်ချိန်ကျတော့ မိုးချုပ်မီးခွက် ထွန်းချိန်၊ ပေးတော့ ဆန်ကွဲလေးတစ်ဆုပ်တစ်ခဲနဲ့ ..၊ မင်းလုပ်အားနဲ့ ဒီလောက်ပေးတာ မင်းကို ခေါင်းပုံဖြတ်နေတာကွ .."

အဟုတ်တူရှိနေချိန်ဆို ရွှေရိုး လက်ထဲမှာ ကျစ်နေအောင် ဆုပ်ခဲထား သည့် ဆန်ကွဲထုပ်လေးကိုကြည့်ပြီး စိုးရာ က ဒေါသတွေထွက်၊ တက် ခေါက်မိလို့မိ ..၊

"နေပါစေကွာ .. သူ့အိမ်မှာ စာရင်းငှားလုပ်ရတည်းက ငါ သူ့ကို အတိတ်ကကြွေးဟောင်းဆပ်နေရတာပါ၊ အလုပ်သမားဆိုတာလည်း တစ်အိမ်ကတစ်အိမ် ကူးပြောင်းနေရင် နာမည်ပျက်တာပဲ ..၊ တစ်ချို့ ညှာတာတဲ့ သူဌေးဆိုရင် သူတို့ဆီက ထွက်မယ်ဆိုတာနဲ့ အဲဒီအလုပ် သမားကို နာမည်ပျက်အောင် လျှောက်ပြောတော့တာ ..၊ ငါ အလုပ်လက် မဲ့ဖြစ်နေရင် ငါ့အမေ ငတ်မှာ .."

ငတ်ရမှာထက်စာရင် ဆန်ပြုတ်သောက်နေရတာ တော်ပါသေး သည်လို့ ဖြေသိမ့်နေနိုင်တဲ့ လူမျိုး ..။

ရွှေရိုး နဲ့ စိုးရာ တို့က ဆန့်ကျင်ဘက်စရိုက်သဘာဝတွေနဲ့ အတူတူ ကြီးပြင်းခဲ့ကြသော အချစ်ဆုံးသူငယ်ချင်းတွေဖြစ်သည်။ စိုးရာ တို့က အသင့်အတင့် ပြေလည်ကြသဖြင့် အထက်တန်းပညာသင်နိုင်တဲ့အထိ တက်နိုင်ကြသည်။

ရွှေရိုး တို့ကတော့ ဘုန်းကြီးကျောင်းစာသင်လိုက်ပြီး ကျောင်းပြေး



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်နှင့် ရေးတတ်ဖတ်တတ်ရုံနဲ့ ပြီးခဲ့ရသည်။ ဒါပေမယ့် စိုးရ က ရွှေရိုး လိုမဟုတ်ပေ၊ မြို့တက်ပြီး ကြီးပွားချမ်းသာဖို့ အမြဲတမ်းတွေး နေခဲ့၏။

မြို့နေလူတန်းစားထဲမှာ ပေါက်ရောက်ဖို့အတွက် တတ်သင့်သည့် ပညာတွေလည်း သင်ချင်သည်။ ထိုလောဘစိတ်တွေနဲ့ပဲ သူငယ်ချင်း အပေါ်မှာ မှားမိတဲ့အထိဖြစ်ခဲ့ရ၏။

"ကျွန်တော် မှားသွားခဲ့တယ်၊ သူ့ခမျာ မစားရက်မသောက်ရက် နဲ့ ဆရာတော်ပေးတဲ့ ပိုက်ဆံလေးတွေစုပြီး သိန်းထီလက်မှတ်လေးတောင် စောင့်ထိုးခဲ့တာ .."

ပြောပြနေရင်း သူ အမြဲတမ်းမေ့ချင်ယောင်ဆောင်နေခဲ့သည့် အတိတ် က ကွက်ကွက်ကွင်းကွင်းပြန်ပေါ်လာခဲ့သည်။

"ဟ .. ရွှေရိုး၊ မင်း ထန်းရည်မူးနေတာလား .. မင်း ထန်းရည် သောက်တယ်ပေါ့ .."

"ငါ .. ငါလေ .."

"ဘာဖြစ်လို့လဲကွ .. မင်းကို မယ်ကော့ က မကြိုက်ဘူးပြောလွှတ် လိုက်လို့လား .."

သိန်းထီဖွင့်တဲ့နေ့ပါ ..။

ထိုနေ့ကို သူ ဘယ်တုန်းကမှ မမေ့ခဲ့ဘဲ မေ့ချင်ယောင်ဆောင်နေ ခဲ့တာ နှစ်ပေါင်းများစွာ ..။

"မယ်ကော့ နဲ့လည်းဘာမှမဖြစ်ဘူး၊ ငါ .. ငါလည်း မသောက်ချင် အေ့ .."

မသောက်ဖူးဘဲ သောက်ပြီး လမ်းမှာ ယိမ်းထိုးအော့အန်နေခဲ့၏၊ သူ ဝင်ဖွဲ့ပြီး ရွာထဲက ဈေးဆိုင်အိမ်လေးရှေ့က တန်းလျားပေါ်မှာ အတူထူ ထိုင်လိုက်ကြသည်။

"မင်း .. မင်းကရော မြို့ကိုသွားတော့မှာဆို .."





"မသွားဖြစ်ပါဘူးကွာ .. အမေတို့ကျန်ခဲ့တဲ့လယ်ကို ပြန်ရောင်း လိုက်တာ ပိုက်ဆံက နည်းနေသေးတယ်၊ ညှော်သည်တွေက ပြန်သွားကြ ပြီ .."

"ဟုတ်သား .. အကြီးဆုံး တို့က .. ငါ့ .. ငါ့ကို ရက်စက်ပါတယ် ကွာ .."

တန်းလျား ပေါ်မှာ လှဲအိပ်လိုက်ပြီး ရွှေရိုး က ညည်းညူနေ၏။ ပြီးတော့ ရင်ဘတ်ကို ပုတ်ပြကာ ..၊

"ငါက မြို့မှာထီထိုးခဲ့ပါဆိုပြီး ပိုက်ဆံပေးလိုက်တာကွာ .. အဲ့ .. အဲ့ဒါ .. အေ့ .."

"ဟော့ကောင် .. မင်း တစ်လမ်းလုံးအန်လာတာ အန်ဖတ်ဆိုဦးမယ် ကွ၊ ထထိုင်စမ်းပါ .. ကောက် .. ရွှေရိုး ရာ စိတ်ညစ်ရတဲ့အထဲ .."

"ငါလည်း ညစ်တာပဲ .. ငါ့ .. ငါ့ကို ထီဖွင့်ပြီးမှ ထီလက်မှတ်လာ ပေးတယ် .."

ကြည့်ဦးဆိုပြီး သူ့ခါးကြားထဲမှာ ဖြစ်သလိုလိပ်ထားသည့် ထီလက် မှတ်ကို ဆွဲထုတ်ပြသည်။ ပြီးတော့ ဇက်တျိုးမတတ်ဖြစ်နေကာ ..၊

"ငါ့အမေ နေမကောင်းဖြစ်နေတာ ဆေး .. ဆေးမကုနိုင်လို့ အခြေ အနေတော်တော်ဆိုးနေပြီ .."

"အဲ့ဒါကို မင်းက ထန်းရည်သောက်ပြန်ဦးမယ်ပေါ့ .."

"မဟုတ်ပါဘူးကွ .. ငါ .. ငါ သောက်တာမဟုတ်ဘူး၊ ကိုကျားကြီး လေ ငါ့အမေ့ဆေးဖိုးပေးမယ်ဆိုပြီး ငါ့ကို အတင်းတိုက်တာကွ .."

"ဘာ!..."

"ပြီးတော့ ငါက တစ်အိုးမကုန်ဘဲနဲ့ မူးတယ်ဆိုပြီး .. အေ့ ..ဘာ.. ဘာမှလည်း မပေးဘူး .."

"ဒီလူ အသက်ကြီးပြီး အချိန်မစီးဘူး .. တွေ့မယ် .."

သူငယ်ချင်းအတွက် မခံချင်ဒေါသဖြစ်သွားတာက ဟန်ဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



အလျှင်းမပါခဲ့ပေ။ ဒါပေမယ့် ကိုကျားကြီး နဲ့ မတွေ့ရာသားဘဲ ထီလက်မှတ်ပေါ်က ထီပေါက်စဉ်ဂဏန်းတွေက သူ့ကို အသိစိတ်အားလုံးပျောက်သွားစေခဲ့၏။

ဈေးဆိုင်အိမ်ထဲက ရေဒီယိုကနေ ကြေညာနေသော သိန်းထီပေါက်စဉ် နံပါတ်တွေနဲ့ ရွှေရိုး ချုပြထားသည့် နံပါတ်တွေက အက္ခရာနဲ့ ပေါက်စဉ်ဂဏန်း အစအဆုံး အတူတူဖြစ်နေရာ ..။

"မင်း အဲဒါကို ယူခဲ့တာပေါ့ .."

"ဟုတ်တယ် အမေ .. ထီဖွင့်သွားပြီဆိုပြီး ထီလက်မှတ်ကို စိတ်မဝင်စားတဲ့သူဆီက ကျွန်တော် ခိုးယူခဲ့တယ် .."

"နေပါဦး တစ်နယ်တည်းသားချင်းပဲ .. မင်းနဲ့လည်း သူငယ်ချင်းဆိုပြီး ဒီကောင်လေးက ဒီလောက်တောင် ဗဟုသုတနည်းရသလား .."

"စိတ်အခံကိုက ရိုးသားတယ်၊ ပြီးတော့ စူးစမ်းလိုစိတ်လည်း မရှိဘူး၊ ပညာဖြစ်ဖြစ် ငွေကြေးဥစ္စာကိုဖြစ်ဖြစ် လိုချင်လောဘနည်းတယ် .."

"သုံးစား မရတော့ဘူးပေါ့ .."

"မယ်ကော့ ကတော့ လည်ပါတယ် .. ဒါပေမယ့် .."

"မယ်ကောက် ဆို .."

"ဟုတ်တယ် .. နာမည်ရင်းကတော့ 'မယ်ကော့' ပါ၊ မောင်ရိုးနဲ့ မယ်ကောက် ဆိုပြီး ဆန့်ကျင်ဘက်ဖြစ်အောင် စကြရင်းနဲ့ မယ်ကောက်ဖြစ်သွားတာ၊ ကျွန်တော်တို့ကသာ စနောက်နေကြတာ အဲဒီတုန်းက လူပျိုပေါက်မ ..လေးသာသာအရွယ်တွေပါ၊ တောမှာဆို လူပျိုဖြစ်ပြီလို့တောင် လူကြီးတွေက မသတ်မှတ်သေးတဲ့အရွယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ မြို့နဲ့ကူးလူးသွားလာနေပြီး လောဘသဏ္ဍာယတွေလည်း ရှိနေပြီ၊ တောကလူတွေကို ငါ့လောက်မသိကြ မတတ်ကြဘူးဆိုတဲ့ မာန်မာနတွေလည်းအပြည့်ပဲ .."





"ဒါက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဆိုရင်တော့ ကောင်းတယ်၊ ...ကောက်ကျစ်ဖို့ဆိုရင်တော့ ရှုံ့စရာပဲ .."

...ဦးစိုးရာ ခေါင်း ပိုငုံ့သွားသည်။

"ကျွန်တော် မသိတာမဟုတ်ဘူး၊ ထည့်မတွေးခဲ့တာ .. တစ်ကိုယ်...ဆန်ခဲ့တာဆိုလည်း ဟုတ်တယ်၊ အဲဒီအချိန်တုန်းက ငွေတစ်သိန်း...တိုက်တာ ခြံမြေ၊ စီးဖို့ကား လုပ်ငန်းအားလုံးကို ပြည့်စုံသွားစေ...မာဏပါ၊ ကျွန်တော် အဲဒီငွေနဲ့ မြို့မှာ ဘဝပြောင်းသွားပေမယ့်...ကတော့ သူ့အမေလည်းဆုံးသွားတယ်၊ အရမ်းရိုးအလွန်းလို့ အကြံ...ရှိ ငွေမရှိနဲ့ တစ်ဘဝလုံးနစ်မွန်းလာခဲ့တာ ဒီနေ့ထိ .."

"ဘယ်မှာလဲ .. ရွှေရိုး ဆိုတာက .."

"သူ သေသွားပြီ .."

"အေးလေ .. သူ့ကျေးဇူးဆိုတာက မင်း လိမ်လည်ခဲ့လို့ဖြစ်လာတဲ့ မင်း အခု ပြန်သိတတ်တော့ ကျေးဇူးကြွေးတင်တာဖြစ်သွားတာ ..ဒါကို ဘယ်သူမှလည်း မသိခဲ့ဖူးမို့လား .."

"အမေ .."

"ငါပြောချင်တာက ကျေးဇူးကိုဆပ်ပါ၊ အလွန်အကျွံတွေပေးဆပ်...မကူးပါနဲ့၊ မင်းရဲ့ လေသံထဲက နောင်တတွေအရ ဒီသားအမိကို ...လောက်ထိ ဖြည့်ဆည်းဖို့ စိတ်ကူးထားသလဲ ငါ ခန့်မှန်းလို့ရ... .."

"ကျွန်တော် ချမ်းသာအောင် ကြိုးစားလာခဲ့တာကလည်း သူတို့ကို...ပြီးဖြစ်ခဲ့တာပါ အမေ ..၊ မိတ္တူဆိုတာ မူရင်းရှိမှ ပွားလို့ရတာ၊ ...ဘယ် ချဲ့တယ်ဆိုတာလည်း မူရင်းမရှိရင်မရဘူး၊ သိန်းရာထောင်ချီ...ချမ်းသာလာအောင် တစ်သိန်းကနေစခဲ့ရတာ ကျွန်တော့်ဘဝပဲ၊ အမေ...ကျွန်တော့်ကို သမက်လိုမမြင်ဘဲ သားတစ်ယောက်လို သဘော...ရင် အမေ့သားရဲ့ ကျေးဇူးရှင်တွေကို ကျွန်တော်နဲ့ထပ်တူကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပေးနိုင်မှာပဲ ..."

ဒေါ်မြင့်မြတ် မျက်နှာပျက်သွားသည်။ ဦးစိုးရာ က တောင်းပန်
သည့်အသံတို့နှင့် ...၊

"ဒီနေ့ လူကုံထံတွေကြားမှာ စိုးရာ ဆိုတဲ့ လူဝင်ဆံ့လာခဲ့
ငွေတစ်သိန်းနဲ့ 'မ' တည်ခဲ့တာပါ ..."

"ဒါပေမယ့် မင်းယူခဲ့တာ သူတို့မသိဘူးလေ စိုးရာ၊ မင်းကို
စိတ်ရင်းနဲ့ ကူညီခဲ့တာမဟုတ်ဘူး ..."

"အမေရယ် ..."

အံ့ဩသည့်လေသံနှင့် ဦးစိုးရာ မျက်နှာပေါ်ကခံစားချက်တွေ
ဒေါ်မြင့်မြတ် ကိုယ့်စကားနဲ့ကိုယ် မျက်နှာပူသွားမိကာ ...၊

"တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာ သူ မကျွေးဘဲစားမိတဲ့
တစ်နပ်လည်းပါတာပဲမို့လား ...၊ ကျွန်တော် ဒီကြွေးကိုမဆပ်ရဘဲ
လည်း မဖြောင့်နိုင်ဘူး၊ အသေလည်း မဖြောင့်နိုင်ဘူး၊ ခုထိ မယ်
တို့သားအမိကို ဆင်းမတွေ့ဘဲနေခဲ့တာလည်း သူတို့အတွက် ကျွန်
ဘယ်လောက်ထိ ပြင်ဆင်ထားသလဲဆိုတာ သူတို့သိရင် ကျေနပ်သွား
ပါ၊ ပြီးတော့ .. ကျွန်တော့်သားတွေ ကျွန်တော့်ရင်ထဲကို ဘယ်သူ
လောက်ထိနားလည်ပေးနိုင်သလဲဆိုတာ သိချင်တယ် ..."

ဒေါ်မြင့်မြတ် က နှုတ်ခမ်းမသိမသာမဲ့၍ ...

"ခုထိ ငါ တွေ့ဟာတော့၊ မင်းရဲ့ ကတ္တိမသားတွေ ကြိုးစား
ပါတယ်၊ မိန်းမဖိနပ်မှာ စိန်စီပေးဖို့ ..."

စိတ်ပျက်စွာ ကဲ့ရယ်နေရင်း ဒေါ်မြင့်မြတ် က တစ်စုံတစ်ခုကို
ရသွားကာ ...၊

"ငါအခု လာတာ မင်းရဲ့ ကျန်းမာရေးကိုကြားလို့ပဲ ...၊ ဒါ
အစတည်းကလာဖို့စိတ်စဉ်နေတာ .. အဲဒါက ငါ့မြေးရဲ့ အိမ်ထောင်
အတွက်ပဲ ..."





ဦးစိုးရာ က ဘာမှမပြောဘဲကြည့်နေ၏။

"အခု .. သူစိမ်းမိန်းကလေးတစ်ယောက်က အိမ်မှာရှိနေပြီဆိုတော့
ပိုပြင်းထန်သွားပြီ၊ ဒီကိစ္စမပြီးဘဲ ငါ မိုးကုတ်ကို မပြန်ဘူး ..."

ဒေါ်မြင့်မြတ် က မုဆိုးမဖြစ်သည့်ပြင် သားသမီးဆွေမျိုးအထောက်
ည်း နည်းသူမို့ လောလောဆယ်မှာ ဟန်ချက်စီးပွားရေးလေး
ပဲချန်ကာ သူမကိုယ်တိုင်ကတော့ ဘာမှမလုပ်တော့ဘဲ လူယုံတွေ
ထားခဲ့၏။

တစ်ယောက်တည်း မြန်မာပြည်အနှံ့ဘုရားဖူးသွားလိုက်၊ ဗုဒ္ဓသာ
ပြန့်ပွားသမျှ နိုင်ငံရပ်ခြားထိသွားပြီး သာသနာ့အကျိုးပြုလုပ်ငန်း
ပ်နေလိုက် ...။

သူမရဲ့ အချိန်တွေက ခရီးထွက်ခြင်းတွေပဲဖြစ်ကာ ကိုယ့်ကိုယ်ကိုယ်
ဖြာသည်။

"ဒါ .. အခု .. ငါ့ခေါ်သကို ငါတော်တော်ထိန်းနိုင်လာတာ ဘာသာရေး
ကို လှုံ့လစိုက်နေလို့ ...၊ မြင့်မြတ် တို့ ငယ်ငယ်ကဆို တော်ရုံလူနဲ့ ပေါင်း
ာမဟုတ်ဘူး၊ သူငယ်ချင်းထားတာတောင် မိန်းကလေး ဖြစ်ဖြစ်
ကြားသူငယ်ချင်းဖြစ်ဖြစ် ငါ မနိုင်ရရင်မပေါင်းဘူး ..." တဲ့ ...။

ဒါကိုတော့ ဦးစိုးရာ ယုံပါသည်။ ခုချိန်ထိ ဒေါ်မြင့်မြတ် ရောက်
ဆို အိမ်မှာ ဘယ်သူမှနေစရာမရှိအောင် ဖိန့်ဖိန့်တုန်၏။

"ငါပြောတာ မင်း ကြားရဲ့လား စိုးရာ ..."

"ကြားပါတယ် .. ဒါပေမယ့် အမေ ကျွန်တော် ကျန်းမာရေးသိပ်
ာင်းတော့ဘူး၊ အခု မယ်ကော့ တို့ ရောက်လာမှ ဒီအိမ်မှာ ဆက်ဆံ
ခြေအနေတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျွန်တော် အားလုံး
တယ် ..."

"အဲဒီတော့ ဒါပေမယ့် ဆိုတာကဘာလဲ ..."

"အစိုး ကို အိမ်ထောင်ချပေးဖို့ကိစ္စ ခဏတော့ ဆိုင်းငံ့ပေးပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်တုန်း .."

"သူတို့သားအမိအတွက် စိတ်ရင်းနဲ့ ကူညီစောင့်ရှောက်[illegible] ဆိုလို့ သူပဲရှိတာ .."

"တော် .. တော် .. အဲ့ဒါကို ငါ လက်မခံနိုင်တာ၊ ကြိုးချင်[illegible] ကြိုးချင်းငြိတယ်၊ အိုးချင်းလည်း အထိမခံနိုင်ဘူး၊ ကြိုးချင်းလည်း[illegible] မခံနိုင်ဘူး၊ အဲဒါကြောင့်ကို မြန်မြန်အိမ်ထောင်ချပေးဖို့စီစဉ်မှာ .[illegible]

"ဖွတ်မလုပ်ပါနဲ့ အမေ .. ဒီကောင်မလေးက အလယ်တန်း[illegible] ပညာတောင်မသင်နိုင်ခဲ့တဲ့သူပါ၊ ပြီးတော့ မြို့ကြီးပြကြီးဆိုတာ[illegible] ရုပ်ရှင်ဗီဒီယိုထဲမှာတောင် သေချာမမြင်ဘူးခဲ့တဲ့သူ ..၊ ကျွန်တော်[illegible] ဆီကို လွှတ်လိုက်ပေမယ့် ရွှေရိုး သေသလား ရှင်သလားလည်း[illegible] ဘူး၊ သူ့မိသားစု ဘယ်နှစ်ယောက်ရှိသလဲ၊ သားတွေလား သမီး[illegible] တာလည်း ဘာမှမသိခဲ့ပါဘူး၊ အခု သူမရှိတော့တဲ့အပြင် မိန်းမ[illegible] ယောက်တည်း ကျန်ရစ်ခဲ့တာ .."

"ဒါ ကိုယ်လုပ်တဲ့ကိစ္စမှမဟုတ်ဘဲ .."

ဒေါ်မြင့်မြတ် က ဘယ်ဘက်ကမှ အပြောမခံ ..။ ဦးစိုးရာ က[illegible] ခံစားချက်တွေအပြည့်နှင့်မို့ တိတ်ဆိတ်မကျန်ခဲ့ဘဲ ..၊

"ဒါပေမယ့် ကျွန်တော်ကသာ ဒီငွေကို ခိုးမယူခဲ့ရင် အစိုး[illegible] မှာ ကောင်းစားနေမယ့်သူက ရိုးမယ်ဖွဲ့ ပဲ အမေ .."

"တစ်ဦးတစ်ယောက် ကောင်းဖို့ရှိရင် တစ်ယောက်ကတော့ [illegible] ရတာ ဓမ္မတာပဲ .."

"မှန်ပါတယ် .. ဒါပေမယ့် ကျွန်တော်ကတော့ အဲလိုမ[illegible] ဒီလိုမှ သူ ရသင့်တာကို ထိုက်ထိုက်တန်တန်ပြန်မပေးဆပ်ရင် ကျွ[illegible] ပိုင်ဆိုင်သမျှတွေက မကြာခင် .."

"ဟော့ .. စိုးရာ၊ မင်း စကားပြောတာ ဆင်ခြင်စမ်းပါ .."

ဒေါ်မြင့်မြတ် ဒေါသချောင်းချောင်းထွက်သွားကာ ..၊





"ငါ့မြေးကို မင်း ပခုံးထမ်းတင်မှ မဟုတ်ဘူး၊ မြင့်မြတ် ဆိုတဲ့ [illegible]သွားတွေမှာ စိန်ရွှေရတနာမှ အပြည့်ပဲ၊ ဝါသနာပါရင် ပေါက်[illegible]တွေ ဆုပ်ပြီးကြဲသလိုကြဲပစ်လို့ရတယ် .. မင်း နားလည်လား .."

"နားလည်ပါတယ် အမေ .. ကျွန်တော်ပြောတာ ကျွန်တော်ရာဖွေ[illegible]င်းနိုင်ခဲ့တာတွေကိုပဲ ပြောတာပါ၊ အမေ မကြည်ဖြူမှန်းသိလို့ [illegible] က သူ့သား အကြီးနှစ်ကောင်ကို ပေးချင်တဲ့ဆန္ဒရှိတာတောင် [illegible]တော် တက်နိုင်သလောက်ပဲပေးခဲ့တာပါလို့ အမေ့ကို ပြောပြခဲ့သား [illegible]

"အေး .. အဲဒီ နှစ်ယောက်အကြောင်းပါလာပြီဆိုတော့ ငါကလည်း [illegible]ရှိလာပြန်ပြီ၊ မင့်သားတွေကို အမွေခွဲပေးထားပြီးပြီဆိုတော့ စီးပွား[illegible]ရော ဟောဒီအိမ်မှာနေတာရော အားလုံးကို ခွဲထုတ်လိုက်ပါ .."

ဦးစိုးရာ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်ပေမယ့် ဘာမှမပြောပေ ..။

"ဒါ .. မင်းနဲ့ငါ ပြောရမယ့် လက်စသတ်စကားပဲ စိုးရာ၊ ငါက [illegible]ယောက်တည်း အထီးကျန်ဖွာနေရပေမယ့် တခြားလူတွေလို မိသားစု[illegible]တွေ နွေးထွေးဖို့တွေ ဘာကိုမှ စိတ်မဝင်စားဘူး၊ ရှင်းရှင်းလင်းလင်း [illegible]ပါများလို့ မျက်စိရှုပ်တာတွေ နားပူတာတွေလည်း မခံနိုင်ဘူး၊ [illegible]တွေ ရှင်းထုတ်ဖို့ မင်း စဉ်းစားပါ .."

ဦးစိုးရာ ဘာမှမပြောဘဲ ငြိမ်ကျသွားခဲ့သည်။ အိမ်ထောင်ရက်သား[illegible]ကုန်ပြီဆိုတော့ ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာတော့ ဓမ္မတာပါ [illegible]..။

သူလိုချင်တောင့်တခဲ့သည့်ဆန္ဒတစ်ခုကို ထပ်မံပိတ်ပင်တားဆီးခြင်း[illegible]ခဲ့သဖြင့် ကျန်တာကို သူ လိုက်လျောနိုင်ရမည်။ ထို့ကြောင့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"တလွဲမတွေးပါနဲ့ အန်တီ .. ဖေဖေ ကျွန်တော့်ကိုတောင် ...
စကားမပြောနိုင်ဘူး .."

"မယ် တို့ရောက်လာမှ ဖြစ်သွားတာလို့ ဒေါ်စောဥမ္မာ ပြော...

"မယ် .. ညည်းကို မမစော လို့ ခေါ်ဖို့ပြောထားတယ်လေ ..."

မယ် က ဒေါ်ကောက် စကားကို မကြားသလိုနေကာ အစိုး ...
ပေးသည့်စာအုပ်တွေကို ကိုင်တောင်မကြည့်ဘဲ ဘေးလွှင့်ပစ်၏။

ပြီးတော့ ဆက်တီခုံမှာ ကျောလေးကပ်မှီ၍ ...

"မျက်နှာလေးဖြစ်ဖြစ် မြင်ခွင့်မရှိဘူးလား အမေရယ်၊ အမေ့ ...
ချင်းဆိုတာကြီးက သူ့ဒွေးကြီးဖြစ်နေတာကို မယ် လည်း ကြည့်...
ပဲ၊ အမေ့ကို ဘယ်လိုစိတ်ကူးနဲ့ ခေါ်သလဲဆိုတာ မယ် တို့ သေ...
ရော မလိုဘူးလား .."

"ငါ ပြောပြီးသားပဲ မယ် .. ဖေဖေက .."

"အဲဒီ ဖေဖေ ဆိုတာကလွဲရင် တစ်အိမ်လုံးရဲ့သဘောက ...
သရဲ စီးနေကြတာလေ .."

"တစ်အိမ်လုံးလူတွေရဲ့ သဘောထက် ဖေဖေ့သဘောက ...





...အခုလည်း မင်းအတွက် ကိုယ် ဒါတွေလုပ်...ချင်တာပြောတော့
...င်းညိတ်တယ် .."

စာအုပ်တွေဆီ ပြိုင်တူအကြည့်ရောက်သွားကြသည်။ မယ် က
...နှာလေးဆတ်ခနဲလွှဲပစ်ကာ နေရာမှ ထသွား၏။ စောစောက ကြမ်း
...လက်စ ရေစိုဝတ်ဆီ ပြန်သွားမှာသိနေသဖြင့် အစိုး က မယ့် လက်
...ကို ဆွဲထားလိုက်ကာ ...၊

"ဒီမှာ စကားပြောနေကြတာ မပြီးသေးဘူး .."

"မပြီးသေးရင်ပြောပေါ့ .. မယ် မှ စိတ်မဝင်စားတာ .."

"မဝင်စားလို့မရဘူး၊ ဘွား က ငါ့ကို လက်ထပ်ပေးတော့မှာ .."

"အဲဒီတော့ ရှင် လက်မထပ်ခင် မယ့် ကို ဘွဲ့ရအောင် ပညာတွေ
...င်ပေးခဲ့ချင်တာလား .."

"ငါ တစ်သက်လုံး မိန်းမမယူဘဲ မင်းနားမှာ တုတ်တစ်ချောင်း
...ငုတ်တုတ်ထိုင်သင်နေလည်း မင်း ဘွဲ့ရမှာမဟုတ်ဘူး၊ ဘွဲ့ရတဲ့အထိ
...တာအတွက် ပူမနေနဲ့ .."

မြို့ကိုရောက်မှ သေချာစကားမပြောဖြစ်ပေမယ့် ရန်ဖြစ်ဖို့ကိုတော့
...ကြသေး ...၊

"ဒါတွေက ဘွဲ့ရဖို့မဟုတ်ဘူး၊ အဲ့ဒါထက် အများကြီးပိုလေးနက်
...ယ်၊ အရေးကြီးတယ်၊ အထူးသဖြင့် မင်း မျက်စိဖွင့် နားပွင့်ဖို့၊ ပြီး
...တော့ .. အခု မင်းကြမ်းတိုက်နေရမှာထက် အများကြီးပိုကောင်းတဲ့နေရာ
...ဆို ရယူနိုင်ဖို့ .."

မယ့် အကြည့်တွေ စာအုပ်တွေဆီ ပြန်ရောက်သွား၏။ ပြီးတော့...

"ဘယ်အရာမဆို လိုချင်သလောက် မရနိုင်ဘူးဆို .."

"ဒါတော့ မင်း ပြောတတ်သေးတာပဲ .."

"စာဖတ်ထားတာ .."

"ဟုတ်တယ် .. ဒါပေမယ့် ဒြပ်ရှိ ဒြပ်မဲ့ ခွဲခြားပြီးမှပြော .."



www.burmeseclassic.com

www.burmeseclassic.com



အစိုး က မယ် ရွှေ့ပစ်လိုက်တဲ့ စာအုပ်တွေကို မယ့် ရှေ့ကို တွန်းပို့ကာ ...

"မင်း ဒီအိမ်မှာ နေဖို့အတွက် ကြမ်းတိုက်ထမင်းချက်လုပ် မလိုဘူး မယ်၊ အလုပ်တစ်ခုခုလုပ်နေချင်တယ်ဆိုရင် ငါ ခိုင်းတဲ့အ ကို မင်းလုပ်၊ အဲ့ဒီအလုပ်က ငါ သင်ပေးသမျှ ပညာရပ်တွေကို ကျေ အောင် သင်ရမယ် .."

"ဒါတွေက .."

"အင်္ဂလိပ်စာ သင်္ချာနဲ့ အရေးအဖတ် .. အဲ့ဒီကြားထဲမှာ စ ကြားညှပ်သင်ရမယ်၊ မင်းက အသက်ကြီးမှ သင်ရတာဆိုတော့ ပိုပြ မယ် .. ဂရုစိုက်ရမယ် .."

"ဖတ်ရကျက်ရမှာတွေ မယ် ဝါသနာပါပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် မနေနဲ့ .. အန့်တီလည်း မယ့် ကို ပညာတတ် ယောက်ဖြစ်အောင် ဝိုင်းဂရုစိုက်ပေးဖို့ပြောချင်ပါတယ်၊ ဒါ သူ့အ ပါ၊ ပြီးတော့ ဖေဖေ ဖြစ်စေချင်တဲ့အတိုင်း အန့်တီ တစ်သက်လုံး ချမ်းသာသွားရဖို့ပါ .."

မယ့် ရဲ့ တစ်ဖက်စောင်းဆန်ချင်တဲ့ စိတ်လေးနဲ့ အရိုင်းဆန်နေ အရာရာကို သူ ပြုပြင်ပေးချင်သည်။ ဒါတွေ အကောင်အထည်ဖော် ဖို့က မယ့် အသိဉာဏ်တွေ ဒီ့ထက် စူးရှအမြင်ကျယ်လာဖို့ပဲဖြစ်

ဒီအကြောင်းတွေ ဖေဖေ့ကို ပြောပြတုန်းက ဖေဖေလည်း သ တူသည်။

"ကောင်းတယ် .. လောလောဆယ် ဖေဖေ ဘာမှလုပ်မပေး သေးဘူး၊ သိပ်ရှုပ်ရှုပ်ထွေးထွေးလည်း မစဉ်းစားချင်ဘူး၊ မင်းပဲ သူ့ အတွက် အဆင်ပြေအောင် စောင့်ရှောက်ထားလိုက်ပါ .."

ဖေဖေ ပြောခဲ့တာ ဒါပဲဖြစ်သည်။ ပြောပြတော့လည်း မယ် မယုံကြည် ...။





သူမတို့ဘက်က ကြည့်တော့လည်း မှန်ပါသည်။ တစ်အိမ်လုံးက ငြိုငြင်ကဲ့ရဲ့နေကြသည်မို့ ဖေဖေ့ တစ်မျက်နှာကို အားကိုးမျှော်လင့်နေကြရှာသည်။

ခေါ်တုန်းကခေါ်ပြီး ဒီရောက်လာမှ ထွက်မတွေ့တာက မယ့် လို မိန်းကလေးအတွက် အမြင်စောင်းစရာပဲဖြစ်၏။

"ဒါတွေကို မင်း ကို သင်ပေးမယ့် ဆရာ ရောက်မလာခင် ကိုယ့်ဘာသာ လှန်လှောလေ့လာထား .. ပြီးတော့ .."

သူ့စကား မဆက်လိုက်နိုင်မီ အိမ်ရှေ့က ဆူညံသံတွေက အထဲထိ စူးရောက်လာခဲ့၏။

"သူက အစိုး နဲ့ လက်ထပ်ပေးမယ့် မိန်းကလေး ဟုတ်လား .."

"အဟွန့် .. အဘွားက အစိုး အတွက် မင်္ဂလာကိစ္စနဲ့ လာတယ်ဆိုတာ ထင်တောင်မထင်ထားဘူး .."

အစိုး အပြင်ထွက်လာတော့ ဗေဒါရောင် ကိုယ်ကျပ်စကက်ရှည်နှင့် လည်ဟိုက်စာလက်ပွအင်္ကျီကို ဝတ်ထားသည့် မိန်းကလေး ...၊

"ဟော .. မြေး .."

ဇော တို့ ဆီးကြိုနှုတ်ဆက်တာ တစ်ချက်လေးမှ မပြုံးရယ်ခဲ့ဘဲ အစိုး ကို မြင်လိုက်မှ ခေါမြင့်မြတ် သွားတွေအဖွေးသားနှင့် ပြုံးပြုံးရယ်ရယ်ဖြစ်သွား၏။

ပြီးတော့ လက်ကြီးနှစ်ဖက်ကားထားပြီး မြေးဖြစ်သူကို မွေ့ဖက်ရန် အသင့်ပြင်ပြီးဖြစ်လျက် ...

"ဘွားမြေးရဲ့ .. လာပါဦး .."

အစိုး က ခေါမြင့်မြတ် ရင်ခွင်ထဲရောက်အောင် သွားပေမယ့် ခေါင်းဆော့ရမယ့်အရွယ်လည်း မဟုတ်သည်မို့ ဘွားအေ မွေ့ဖက်တာကိုပဲခံယူကာ ...

"ဘွား က ခွေ့သည်သွားကြိုတာ ဘာဖြစ်လို့ တစ်ယောက်တည်းသွားရတာလဲ .."

www.burmeseclassic.com



"ဘွားက ကြိုမပြောတာမဟုတ်ပါဘူး၊ ရွှေရုပ် က မသေချာလို့ လေဆိပ်ရောက်မှာပဲ ဖုန်းဆက်လိုက်တာ .."

ရွှေရုပ် က ရင်းနှီးသည့်အပြုံးလေးနှင့် ဝင်ရှင်းပြကာ ..၊

"ဒီမှာလည်း ဘွားနဲ့ပဲ ရင်းနှီးတာဆိုတော့ မသိကြတဲ့လူတွေ လာကြကြရင် အနေခက်မှာစိုးလို့ပါ .."

"မဟုတ်တာ ရွှေရုပ် ရယ် .. ကိုယ့်အိမ်ကိုလာတဲ့ဧည့်သည်ပဲ၊ ဒီက မိသားစုဝင်တွေရဲ့ ဘယ်သူ့ဧည့်သည်ဖြစ်ဖြစ် အိမ်ရှင်က ဧည့်ဝတ်ကျေရမှာပေါ့ .."

လူငယ်ချင်း ချက်ချင်းအဆင်ပြေသွားသဖြင့် ဒေါ်မြင့်မြတ် သဘောတွေ ကျနေမိ၏။

"ဟဲ့ .. ကြည်ပြာ .. အအေးမြန်မြန်သွားလုပ်လေ၊ မုန့်ဖြစ်ဖြစ် သစ်သီးဖြစ်ဖြစ် သေချာလုပ်လာခဲ့ .."

"ညီမလေးကို ဘာကြိုက်လဲမေးဦးမှာ နေ့လယ်စာ သူကြိုက်တာလေးတွေ စီစဉ်ရအောင်လေ .."

စော နဲ့ သီရိ တို့က တာဝန်ကျေချင်နေကြပေမယ့် ဒေါ်မြင့်မြတ်က လှည့်မကြည့်သလို ရွှေရုပ် ကိုလည်း သူမတို့ဘက်ကိုအာရုံမရောက်စေဘဲ အပြင်ဧည့်ခန်းမှာပဲ ထိုင်လိုက်ကြကာ ...

"မေးရယ် .. ရွှေရုပ် ကလေ သူ့ဦးလေးခေါ်လို့ စင်ကာပူကကုမ္ပဏီမှာ သွားတိုင်ပင်ဦးမှာ ..၊ သူ့ဦးလေး ဂျပန်ကိုသွားမယ့်ရက်ရောက်ရင် လုပ်ငန်းအကြောင်းကြားမှာလေ မသွားခင် ဒီမှာနေမှာ .."

"ဟုတ်လား .."

သူမက ဒေါ်မြင့်မြတ် ပြောပြနေတာကို ဟုတ်ကြောင်း ခေါင်းညိတ်ပြီးရယ်ပြ၏။ ရယ်လိုက်တော့ အပေါ်သွားစွယ်တွေ တော်တော်ထင်နေသဖြင့် နည်းနည်းတော့ အလှပျက်ချင်၏။

ဒါပေမယ့် မျက်နှာဝိုင်းဝိုင်း မျက်လုံးပြူးပြူးလေးမို့ လှတော့လှပါ





သည်။ ထို့ပြင် ဝတ်စားပြင်ဆင်ပုံက ရှင်းသန့်သေသပ်ကာ ခေတ်ဆန်သမယ့် မျက်လုံးအေးစေ၏။ သူမကို သေချာအကဲခတ်ကြည့်နေပြီးမှ အားနာသွားမိကာ အစိုး က ပြုံးပြ၍ ...

"ရွှေရုပ် က ဒီအသက်အရွယ်နဲ့ စီးပွားရေးဘက်မှာ အောင်မြင်နေပြီဆိုတော့ ချီးကျူးပါတယ်ဗျာ .."

"ဟာ .. အောင်မြင်နေတာမျိုးတော့ မဟုတ်သေးပါဘူး၊ ခုမှ သင်ယူနေတုန်းပါ၊ ကိုစိုး ကရော ဘာတွေလုပ်ဖို့ရည်ရွယ်ထားလဲ .."

"အမှန်တိုင်းပြောရရင် ဘာရည်ရွယ်ချက်မှမရှိသေးဘူး .."

"မရှိသေးဘူးဆိုတော့ နောက်ရော .."

"မသိဘူး .."

သူ ခေါင်းပဲခါပြနေတော့ ရွှေရုပ် က ရယ်သည်။ နှစ်ယောက်အတူ ရယ်မိကြရင်း အခြေအနေက ထင်တာထက်ပိုပြီး အဆင်ပြေသွားခဲ့၏။ စော နဲ့ သီရိ တို့လည်း အနားရောက်လာကြကာ ..၊

"ခဏပဲနေနေ အကြာကြီးဖြစ်ဖြစ် လိုအပ်တာရှိရင်ပြောနော် ..၊ တို့ယောက်မလောင်းဆိုတော့ လိုလေသေးမရှိ ပြုစုရမှာ .."

သီရိ က ဖော်ရွေစွာ နှုတ်ဆက်ပေမယ့် ရွှေရုပ် ရဲ့ အကြည့်တွေက သူမတို့ဘက်ကိုလှည့်လိုက်တော့ တစ်မျိုးဖြစ်သွားသလိုရှိကာ ..၊

"ဦးအောင်ထွန်း နဲ့ ဦးသူရိန် တို့ရဲ့ ဇနီးတွေဆိုတော့ ဒီအစ်မက ဘယ်သူ့ရဲ့ မယားလဲမသိဘူး .."

ကိုယ့်ကို မေးလိုက်တာပေမယ့် သီရိ ရုတ်တရက် ခပ်အမ်းအမ်းဖြစ်သွား၏။ ပြီးမှ ...

"တို့က ကိုအောင်ထွန်း ရဲ့ ဇနီး၊ သူက နေသူရိန် ရဲ့ ဇနီးလေ နာမည်တွေတော့သိမှာပေါ့ .."

"အင်း .. သိပါတယ်၊ ဦးအောင်ထွန်း တို့ အကြောင်းလည်းသိတယ် .."

"ဟင်! .."



www.burmeseclassic.com

www.burmeseclassic.com



"ဪ .. ဘွားက တော်တော်လေး ပြောပြထားတာကိုပြောတာပါ .."

ဒါဆို သူမက ကိုယ်တွေကို မွေးစားသားတွေရဲ့ မိန်းမတွေဆိုတာ တမင်သိကြောင်းပြောလိုက်တာလား ..၊

စော နဲ့ အကြည့်ချင်းဆုံသွားတော့ စော ကလည်း ကိုယ့်လိုပဲတွေးမိသွားတာသေချာနေလျက် မျက်လုံးတွေက စူးစူးရဲရဲဖြစ်နေကြ၏။

အဘွား ပြုံးပြုံးမှာစိုးလို့ တမင်တကာ ရင်းရင်းနှီးနှီးခေါ်ပြောဆက်ဆံနေခဲ့တာ သူမက ခုကျမှ ပြန်ပြီး မိတ်ဆက်နိုင်းနေတာ ဘာသဘောလဲ ..

ဒီသဘောပဲဆိုတာ အရှင်းကြီးမို့ စော တို့မျက်နှာတွေ ဘယ်လိုမှ ပြေပြစ်လို့မရတော့ဘဲရှိလေသည်။ ထိုစဉ် မယ် က အအေးဗန်းလေးနဲ့ ရောက်လာပြီး ရွှေရုပ် နဲ့ ဒေါ်မြင့်မြတ် တို့ကို တစ်ယောက်စီရှေ့မှာချပေးလိုက်လျှင် ရွှေရုပ် ရဲ့ အကြည့်တွေ မယ့် ထံ ပြောင်းသွား၏။

ဂျင်းဘောင်းဘီဖြူဖျော့ဖျော့အရှည်နှင့် ကမ္ဘာ့အေးဘုရားအမှတ်တရလို့ စာတမ်းပါသော တီရှပ်လေးနဲ့ မယ့် ကိုသေချာကြည့်သည်။ အင်္ကျီအဖြူရောင်က အဖြူရောင်လား အညိုလား ခွဲရခက်အောင် ညစ်ထပ်ထပ်ဖြစ်နေတာကိုကြည့်ပြီး ပြုံးကာ ..၊

"ဒီလိုအင်္ကျီတွေကြိုက်ရင်လည်း တခြားအရောင်တွေ ရှာဝတ်ပါလားကွ ..၊ အဖြူရောင်ဆိုတော့ ညစ်ပတ်ရင်သိသာတာပေါ့ .."

ဟင် ..၊

မယ် နောက်ပြန်လှည့်လိုက်ကာမှ ခြေလှမ်းတုံ့သွားသည်။

"ပြီးတော့ .. ဒါတွေဆို တစ်ထည်မှ နှစ်ထောင်သုံးထောင်ပဲ ပေးရတာ ..၊ တစ်ထည်တည်းကို ဒီလောက်ညစ်ပတ်အောင်ဝတ်ထားရလား.."

"ရွှေရုပ် .. သူက .."

"ကိုစိုး တို့ အိမ်ဖော်ကို ရွှေရုပ် က ကဲ့ရယ်နေတာမဟုတ်ပါဘူး။ အကြံပေးတာပါ .."





ရွှေရုပ် က မျက်နှာပျက်သွားသည့်လူတွေကို ဂရုမစိုက်ဘဲ သူမဘက်ကိုပြန်လှည့်လာသည့် မယ့် ကိုပဲ ကြည့်ကာ ..၊

"ရွှေရုပ် ဆိုရင်တော့ ကိုယ့်အိမ်ဖော်ကို ဒီလိုပုံစံနဲ့ အလုပ်လုပ်မခိုင်းဘူး .."

ထဘွားထိုင်နေ လွှတ်လပ်အောင် ဒူးကျဘောင်းဘီလောက် ဝတ်ထားတာဆိုတော်သေးသည်။ ခြေဖမိုးပေါ်ထိ ဖုံးနေသည့်ဘောင်းဘီက ကျယ်ကျယ်၊ တီရှပ်က ကပ်ကပ်နှင့် ဖွံ့ထွားသည့်ကိုယ်ဟန်က ထင်းလှသည်။

ဒီလိုပုံစံက အိမ်ဖော်တစ်ယောက်ရဲ့ ဝတ်စားပြင်ဆင်မှုမျိုးမှ မဟုတ်တာ ..၊

"မယ် .. သွားလေ .. လုပ်စရာရှိတာ သွားလုပ် .."

မယ့် မျက်နှာကိုကြည့်၍ အစိုး က လမ်းလွှဲလွှတ်ဖို့ကြိုးစားသည်။ ထိုစဉ် ဒေါ်ကောက် က ခပ်လှမ်းလှမ်းမှာပေါ်လာကာ ..၊

"မယ် ရေ .. ဒီမှာ အမေ့ကို လာကူဦး .."

ကိုယ့်အခြေအနေကို ပြန်တွေးပြီး မယ် မျက်နှာပြန်လွှဲလိုက်သည်။ အစိုး နဲ့ အမေ့ရဲ့ စကားသံတွေကို နားလည်နေသဖြင့် လှည့်ထွက်လာခဲ့ပေမယ့် ..၊

"တို့အတွက်ဆို ဘာမှမလုပ်နဲ့တော့နော် .. မစားတော့ဘူး .."

မစားတော့ဘူးပြောသည့် ရွှေရုပ် ရဲ့ ရယ်သံက ကိုယ်ကိုင်တွယ်မှာကို ရွံတယ်လို့ပြောနေသည့် စကားသံတွေအတိုင်း ..။

"လာစမ်းပါအေ .."

ဧည့်ခန်းအပြင်ရောက်လာတာနှင့် ဒေါ်ကောက်က သမီးဖြစ်သူကို နောက်ပြန်မလှည့်ဖြစ်အောင် အတင်းဆွဲခေါ်သွားခဲ့၏။ အစိုး က ထိုအရိပ်တွေကို သေချာလှမ်းမြင်လိုက်ကာ ပင့်သက်ရှိုက်ရင်း ..

"သူက အိမ်ဖော်မဟုတ်ပါဘူး .."

"ဟင်!.. ဘယ်လို .."



www.burmeseclassic.com

www.burmeseclassic.com



"သူက တောကရောက်လာတဲ့ ကိုယ်တို့မိတ်ဆွေပါ .."

"ဟင် .. တကယ်လား ..၊ အေ၊ .. ဆော်ရီးပါ ကိုစိုး ရယ် .."

ရွှေရုပ် မျက်နှာက တကယ်ကို တအံ့တသြအားနာသွားပုံပေါ်ကာ..

"အဘွားရယ် .. စိတ်မရှိပါနဲ့နော် .."

"အဟွန်း .. မသိလို့ပဲကွယ် .."

ဒေါ်မြင့်မြတ် မျက်နှာက ပြုံးနေပေမယ့် မကြည်လင်ခဲ့ပေ ..။ မယ့်ကို အိမ်ဖော်စွပ်စွဲလိုက်လို့ စိတ်ဆိုးတာမဟုတ်ပေ၊ 'သူမလေးက ဒီလို မဆင်မခြင် ပါဝင်ပြောဆိုတတ်သူလား' ဆိုသည့် အတွေးက ကသိကအောင့် ဖြစ်စေ၏။

"ဒီလိုပေါ့ .. မသိရင် မှားတတ်တာပဲဟာ .."

စော တို့ကတော့ ကိုယ့်အလှည့်ရောက်ပြီဟုတွက်ကာ ကျေနပ်စွာ ပြုံးလိုက်ရင်း ခြေဆင်းလေးခင်း၍ ..၊

"မောင်တို့ပွဲရုံက မန်နေဂျာရဲ့ သမီးအငယ်မလေးလေ .."

စကားထပ်ဆက်ပြီး အားလုံးဆီကနေ သီရိ ထံ အကြည့်ကိုပို့၍..

"သီရိ ကလည်း မသိဘူးလား .. သဲသဲ လေ .. စိတ်သိပ်မနံ့တဲ့ကောင်မလေး .."

"အော် .. အင်း .. ဟုတ်တယ် .. သိပြီ .."

သီရိ ဆီက ထောက်ခံချက်ရမှ ဒေါ်မြင့်မြတ် တို့အပါအဝင် ရွှေရုပ် မျက်နှာကို စေ့စေ့ကြည့်ကာ ..၊

"အဲဒီကောင်မလေး ပွဲရုံကိုရောက်လာရင် ပြဿနာတက်တော့တာပဲ ..၊ ကက်စတာမ်ာတွေနဲ့တွေ့ရင် လင်မယားမှန်းမသိ၊ သားအဖ မောင်နှမမှန်းမသိ စွပ်ပြောတာပဲ ..၊ ချွေးတွေ့တာတောင် အလှမွေးခွေးမှန်းမသိ လမ်းဘေးခွေးမှန်းမသိရယ် ..၊ မသိရင် မေးပေါ့နော်၊ မေးရမှာလေးကိုပဲ မမေးတာသိလား ရယ်ရတယ် .."

"ဒီလိုပဲ အစော ရယ် .. အကျင့်ပါနေရင် ဖျောက်ရခက်တယ်။





အဟွန်း .. ဟွန်း .."

ရယ်တော့ရယ်နေကြတာပဲဖြစ်ကာ ပြောသည့်စကားလုံးတွေကအားနဲ့ပြေးခုတ်နေသည့်အတိုင်း ..။

ရွှေရုပ် မျက်နှာ ညှိုမှောင်သွားလိုက်၊ ရဲတက်သွားလိုက်နှင့် အခြေအနေက တော်တော်ဆိုးရွားသွားခဲ့ပြီ ..။

"ပြီးတော့လည်း ရိုးမယ်ဖွဲ့ ဂုံစံကိုက ပြောစရာပါ၊ သူက တောကလာပေမယ့် ကိုယ့်အဝတ်အစားတွေပေးဝတ်တော့လည်း ယူတာမဟုတ်ဘူး၊ မြို့နဲ့ဝေးတဲ့နေရာမှာဆိုတော့လည်း သူများဘုရားဖူးအပြန် သက်ဆောင်ပေးတာလေးတွေပဲ အကောင်းဆုံးရှိမှာပေါ့ .."

"ကဲ .. ကဲ .. တော်ကြတော့၊ ဧည့်သည်က နားရသေးတာမဟုတ်ဘူး .."

ဒေါ်မြင့်မြတ် က အခြေအနေကို ထိန်းသိမ်းသည့်သဘောနှင့် ဝင်ပြော၍ ...

"နွယ်နွယ်ထွန်း ရော .."

"ရှင် .. အော် .. သင်တန်းသွားတယ်လေ အဘွား .."

သီရိ က ပျာပျာသလဲဖြေကာ ..၊

"အဘွား ဘာခိုင်းစရာရှိလို့လဲဟင် .."

"ရိုးမယ်ဖွဲ့ ရဲ့ ဝတ်အစားပြင်ဆင်မှုလေးတွေ အဆင်ပြေပြေ ဖြစ်သွားအောင် နွယ်နွယ်ထွန်း ကိုလုပ်ခိုင်းလိုက်၊ သူတို့ချင်းက မတိမ်းမယိမ်းဆိုတော့ ပိုနားလည်တာပေါ့ .."

သီရိ အံ့သြသွား၏။ ရိုးမယ်ဖွဲ့ အတွက် အစီအစဉ်တွေ ဒေါ်မြင့်မြတ် ခေါင်းထဲကို ဘယ်လိုရောက်သွားတာလဲဆိုတာ သူမတို့ မသိလိုက်သည့် လျှပ်တစ်ပြတ်ရိုက်ချက်လား ..၊

တွေးကြည့်နေပေမယ့် နားမလည်နိုင် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"အဆင်ပြေလား ဆရာမ .."

"မပြေဘူး .."

"ဗျာ!.. ဘာဖြစ်လို့လဲ .."

စားပွဲမှာ တစ်ယောက်တည်း ရေးမှတ်နေသည့် အင်္ဂလိပ်စာသင်မည့် ဆရာမ ဒေါ်ကေသွယ် က ပြုံးနေပေမယ့် ခပ်မဲ့မဲ့နှင့် ..၊

"မယ် က အလုပ်တွေ ထထလုပ်နေတယ် ကိုအစိုးရ .."

"ဟာ .. ဒီကောင်မလေးကလည်း .."

"ဟိုလေ .. သူ့ခမျာလည်း နေလို့မရလို့ ထလုပ်ရတာပါပဲ .. ဒါ ပေမယ့် စာသင်ချိန်လေးကိုတော့ သီးသန့်ရှိနေစေချင်တယ်၊ ကျွန်မ သူများအိမ်တွင်းရေးကို စွတ်ဖက်တာမဟုတ်ပါဘူးနော် .."

သူမက ဝင်စွတ်ဖက်ပေမယ့် ဒီလောက်ဆို သူ သဘောပေါက်သွား ပြီဖြစ်သည်။

"မယ် .."

သူ မယ် ကို ခေါ်ရတိုင်း မယ် လို့ လှလှပပခေါ်ခဲ့ရတာသိပ်မရှိဘူး ထင်သည်။ သူမကို အမြင်မတော် အကြားမတော်နဲ့ မချင့်မရဲ ဒေါသတွေ





သမျှ ခေါ်ဖြစ်လိုက်တိုင်း 'မယ့်' ဆိုသည့်အသံတွေသာ ဖြစ်နေခဲ့၏။

"ဟော့ .. မယ် ဘယ်မှာလဲ .."

ဘာကိုစိတ်တိုမှန်းမသိဘဲ အော်ခေါ်ပစ်မိကာ နောက်ဖေးဘက်ကို သွားခဲ့မိသည်။ ထင်သည့်အတိုင်း မယ် က မီးဖိုချောင်ထဲမှာ ..၊

"အောင်မယ်လေး .. ငါးပိတွေ ဒီလောက်တောင်ထည့်ရသလား ..တော်သူပီပီ ဘာကိုင်လိုက်ကိုင်လိုက် တစ်ဆုပ်တစ်ခဲကြီးပဲ .."

သီရိ အသံက ဆူတာရော ဒေါသဖြစ်တာရော နှိမ်ချကဲ့ရယ်တာ ..ပါလျက် ..၊

"အချိုမှုန့်တွေသုံးလိုက်တာလည်းဟယ် ရောဂါတွေရတော့မှာပဲ၊ ..ကြက်သားမှုန့် .. မသိရင်သေချာမှတ်ထား .."

"မှတ်ထားရင်လည်း မယ် အဲ့ဒါတွေကိုင်ရင် ဘယ်ဟာကဘယ် ..ခပ်ရမယ်မှန်းမသိဘူး .."

"ဟဲ့ .. မသိရင် မေးလေ .. နင့်နားမှာ ဒေါ်ဥ ရှိတယ် ကြည်ပြာ ..ရှိတယ်၊ ပြောလိုက်ရင် နားထောင်ဖို့မစဉ်းစားဘူး၊ အလုပ်ကို စိတ် ..င် မလုပ်ဘဲနေ .."

"မယ် မလုပ်ရင် အမေ့ကို ခိုင်းမှာစိုးလို့ .."

"ဟင် .. ဘာ .. ဒါဆို ညည်းက စိတ်မပါဘူးလို့ပြောလိုက်တာပေါ့ .."

"မယ် စာသင်နေတုန်း ထလာခဲ့တာ၊ ကိုယ်ကိုင်တွယ်စီမံထား ..တွေမဟုတ်ဘဲ ဟိုကထလာပြီး ဒီထဲတန်းဝင်ရတာ အကုန်လုံးတော့ ..အဆင်ပြေပါ့မလဲ .."

"အံမာ .. ရှိုးမယ်ဖွဲ့ .. ညည်းက .."

"ခမသိရီ .."

လက်သီးဆုပ်အံကြိတ်နေရင်း ပေါက်ကွဲတော့မည့် ဒေါသတွေက ..ကရောက်လာသည့် အစိုးရ အသံကြောင့် ပုံစံတွေပျက်ယွင်းသွားခဲ့၏။

"သူ့ကို စာသင်ဖို့ရောက်နေတဲ့ ဆရာမက မေတ္တာနဲ့ ပညာဒါန



www.burmeseclassic.com

www.burmeseclassic.com



လာပြုနေတာမဟုတ်ဘူး ..”

“ဟင် .. သြော် ..”

သီရိ မဲ့တော့မလို ရယ်တော့မလိုဖြစ်သွားပြီးမှ ကိုယ့်အမူအ ပြန်ထိန်းလိုက်ပြီး ...

“တို့ကလည်း သူ့ကိုမခေါ်ပါဘူး၊ မေးကြည့်ပါလား .. သူ လာလုပ်နေတာပါ ..”

“နောက်ဆိုရင် သူ့ဟာသူလာလုပ်နေလည်း စာသင်ချိန်တွေ ပြန်လွှတ်ပေးပါ ..”

အစိုးရ က မယ် လက်တစ်ဖက်ကိုဆွဲထွက်သွား၏။ ခေါ် သီရိ ကို မသိမသာလှမ်းကြည့်ကာ မယ် ချထားခဲ့သည့် ဟင်းခတ် တွေကို ပြန်ကောက်သိမ်းလိုက်၏။

အစိုး ကတော့ မယ့် ကိုလက်ဆွဲခေါ်လာပေမယ့် ဖြစ်ရသည့် ခေါ် မပြောဘဲရှိရာ ...၊

“မင်းကို ဒီလောက်ပြောထားတာတောင်မှ မယ် ..”

“မယ် ဘာလုပ်လို့လဲ ..”

“ဒီအလုပ်တွေကိုပဲ မင်း ..”

“မယ် အလုပ်လုပ်နေရတာ စိတ်သန့်တယ် .. သူတို့ကလည်း ခေ စောင်းချိတ်ကဲ့ရယ်နေကြတာ ...၊ မယ် တို့ ဝင်လာတည်းက အိမ် လုပ်ရမယ်လို့ ခေါင်းစဉ်တပ်ပေးပြီးသားကို ဘယ်လိုမျက်နှာနဲ့ အခန် စာသင်နေရမလဲ ..”

“မယ့် ..”

သူ မယ့် ကို လိုရာဆီခေါ်မသွားသေးဘဲ အခန်းနံရံမှာ တိုး ခေါ်လိုက်ပြီး ...၊

“အဲ့ဒီကိစ္စကို အားလုံးနဲ့ ကိုယ်တို့ပြောပြီးသား ..”

“ပြောပြီးသား ပြောပြီးသားနဲ့ သူတို့ရှေ့မှာ နေ့တိုင်းပဲ မယ်





တာ ..”

“လာပြန်ပြီ လိုမ့်ခံနေရတယ်ဆိုတာကြီးက ..”

“ခံနေရတာပဲကို ..”

“ဒီတစ်ခါမခံနဲ့တော့ .. ဘယ်သူဘာပြောပြော စာသင်ချိန်တွေမှာ ထွက်နဲ့၊ ထွက်မိရင်လည်း ကိစ္စပြီးတာနဲ့ ပြန်ဝင်၊ ကိစ္စဆိုတာ င်းလုပ်နေတာတွေမပါဘူး ..”

ယ် က မနာခံချင်သည့် မျက်နှာလေးနှင့် မျက်လွှာချထားပေမယ့် မ်းသားလေးတွေကို တင်းတင်းဖိပိတ်ထား၏။

“ကျွတ် ..”

ပြောရင်လည်း နားမလည်တာမဟုတ်၊ မယ့် မှာ သိတတ်မှုလေးရှိ သိသည်။ ဖျတ်ခနဲ ဖျင်းခနဲ ထောင်းထောင်းထသွားတတ်သည့် စိတ်ကို ခဏတစ်ဖြုတ်လေး ထိန်းချုပ်မျိုသိပ်နိုင်စွမ်းမရှိခြင်းက ိုးရှားနေတာဖြစ်သည်။

“ငါ မင်းအတွက် ပြောနေတာ မယ်၊ ပြီးတော့ အန်တီ့ကို မင်း ်သူရမှာ ...၊ မိဘ အသက်ကြီးလာရင် သားသမီးက ပြန်ပြီးပြုစု ျောက်ရတယ် ..”

“မယ် ပဲ အမေ့ကို တစ်သက်လုံးရှာကျွေးလာတာ ..”

“တောထဲက ဖားသတ် ငါးသတ်ကျွေးတာတွေ ထည့်မပြောနဲ့..”

“တောထဲမှာနေတာ တောကအကြောင်းတွေပဲပြောရမှာပေါ့ ..”

“မယ့် ..”

သူ စိတ်တိုသွားကာ မယ့် ပခုံးလေးကို ခပ်ဖိဖိတွန်းပစ်မိ၏။

“ငါ ရှင်းရှင်း ပြောလိုက်ရင် မင်း နားဝင်ချိုမှာမဟုတ်ဘူး ..”

“ပြောစမ်းပါ၊ နားဝင်ချိုတာ ဘယ်လိုစကားမျိုးမှန်းတောင် မသိခဲ့ ချိုခါးခါး ပြဿနာမရှိပါဘူး ..”

“အေး.. လူဖြစ်ပြီး တောထဲမှာ ဗိုက်ပြည့်ရုံစားနေနိုင်တာ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ယူမနေနဲ့၊ တောထဲမှာ မင်းရှာနိုင်တာ ကြွက်တွေ ဖားတွေမို့လား

"ဟုတ်တယ် .."

သူ့ကို မယ် က ခပ်ရွှဲရွှဲပြန်ဖြေ၏။

"မှတ်ထား .. နိုင်ရာစားလို့ခေါ်တယ်၊ အဲ့ဒါ တိရစ္ဆာန်၊ ကိုယ်အင်

ကြီးလို့ အင်အားငယ်တဲ့ သတ္တဝါလေးတွေကို သတ်ဖြတ်စားတာ တိ

တွေပဲ .."

"ရှင်နော် .."

"နားဝင်မချိုတော့ဘူးလား ..၊ အဲ့ဒါ မင်းနားထဲမှာ ရိုင်း

လေ၊ မင်း ဘာလုပ်နေမှန်း ကိုယ့်ကိုယ်ကိုယ် မသိတာ၊ သူများပြော

တော့ ရိုင်းတာပေါ့၊ လူဖြစ်လာရင် ဘာသာတရားရှိတယ်၊ အဆင့်အ

ဆိုတာ နားလည်ရမယ်၊ နောက်ဆုံး အမျိုးမြတ်ခြင်း မမြတ်ခြင်း

ကို မင်းသိရမယ်၊ ငရဲမကြောက် ပြာပူမကြောက် သတ်ဖြတ်

ဘဝတိုးတက်ရေးဆိုတာကို စိတ်မဝင်စားတာ အဲ့ဒါ တိရစ္ဆာန်သ

ရှိတဲ့လူမျိုး .."

မယ့် မျက်နှာလေးရဲချိတ်လာသည်။ အနီးကပ် ငုံ့ပြီး တမင်

အောင် ပြောနေသည့် မျက်နှာကို အံလေးကြိတ်၍ ပြန်ကြည့်နေ

"မယ့် နာမည်ကို ခေါ်လိုက်ပါလား .."

"မင်းမျက်နှာကိုကြည့်ပြောနေတာပဲ မယ်၊ အခု ဖေဖေနဲ့

"လာမပြောနဲ့ ဖယ် .."

"နေဦး .."

မယ် က လှည့်ထွက်သွားသည်။ အစိုး က လက်ကိုပြန်ဆွဲထား

"မင်း အဖေ ရိုးလွန်းအလွန်းလို့ အထုံအကျင်စွဲသွားတာ မင်း

နေသလား .."

"ရှင် .. ရှင်တော်တော့နော် .."

"မီဘတွေမပါဘဲပြောချင်တာပါ၊ မင်းကမှ နားမဝင်ဘဲ၊ မင်





သိုဘဝဆုံးခဲ့ပြီး ငါ့အဖေနဲ့ ငါတို့တွေ အခု ဘယ်လိုနေရသလဲ၊

တ်ခေတ်လူသားတွေတောင်မှ ရေကြည်ရာ မြက်နုရာဆိုတာ ရှာဖွေ

င်းလဲရမှန်းသိကြတယ်၊ မင်းက ဒီခေတ်လူ .."

မယ် သူ့ကို စိုက်ကြည့်နေရင်း မျက်ရည်ကြည်တွေ တဖွေဖွေတက်

။ ဝမ်းနည်းကြေကွဲတာမဟုတ်ဘဲ မခံချင်ဒေါသကြောင့် မာနက

ခံ၍ စိမ့်တက်လာခြင်းသာဖြစ်လေသည်။

"ဒီကလူတွေကို မာနပြိုင်ချင်တာနဲ့ မင်း တစ်ဖွတ်ထိုးလုပ်နေ

း၊ တကယ်ကို တောမှာပဲပြန်နေချင်တာလား၊ မင်းဘဝအတွက်

ာမှ ထည့်မစဉ်းစားဘူးလား မယ် .. ပြောစမ်း .."

"မစဉ်းစားဘူး .. မယ် က တိရစ္ဆာန်သာသာပဲ .."

"မင်း ငါ့ကို မရွဲ့နဲ့ .. မရဘူး မင်းစဉ်းစားသည်ဖြစ်စေ မစဉ်းစား

စေ ငါ ဒီလောက် ပြောပြထားပြီးပြီ၊ ငါ့စေတနာအတွက် မင်း

ပြန်လုပ်ပြလို့ လုံးဝမရဘူး .."

သူ မယ့် လက်လေးကိုဆွဲ၍ လှည့်ထွက်လိုက်လျှင် ရွှေရုပ် က

မှာ တည့်မတ်စွာရပ်နေကာ ..၊

"ပြဿနာကြီးကြီးဘာစ်ခုခုကို ဖြေရှင်းနေကြတဲ့ပုံပဲ .."

အစိုး မျက်မှောင်ကုတ်သွားကာ နေရာမှာ တုံ့ရပ်သွားခြင်းနှင့်အတူ

ားသည့် မယ့် လက်လေးကို အသာလွှတ်ပေးလိုက်ပြီး ..၊

"ဟုတ်တယ် .. သူက မြို့နဲ့အထာမကျသလို ဒီအိမ်သားတွေနဲ့

စိမ်းနေတော့ .."

"ကိုစိုး နဲ့တော့ တော်တော်ရင်းနှီးနေတာပဲ .."

"ကိုယ်ကိုယ်တိုင် သွားခေါ်လာတာပဲ .. ရွာကနေ ဒီထိ အတူတူ

ကြတာလေ .."

တည်ငြိမ်နေသည့် အစိုး မျက်နှာကိုကြည့်၍ ရွှေရုပ် က သူ

ကိုလည်း ဘာမှမဟုတ်ခဲ့သလိုပြင်ဆင်လိုက်ကာ ..၊



www.burmeseclassic.com

"ပြောပြကြပါတယ် .."

ပြောပြီး မယ် ကို ရယ်မြူးရိပ်သမ်းသည့်မျက်ဝန်းတို့နှင့် ကြည့်

"ဂိုက်(ဒ်) ခေါ်ထားတာက သူ့ကိုစာသင်ဖို့လား .. သူက စာ
ဘူးပေါ့ .. မထင်ရဘူးနော်၊ မျက်နှာနဲ့ လူပုံစံကတော့ နှစ်ထောင်
ခုနှစ်လောက်အတွက် ပြင်ဆင်ထားတဲ့ အထူးအေးဂျင့်လိုပဲ .."

သူမက ပြောချင်တာပြောပြီး အေးဆေးထွက်သွားသည်၊
က သူမပြောသွားတာကို သေချာနားလည်ပုံမပေါ်သဖြင့် မျက်မှောင်
ကုတ်သွားပြီး တိတ်ကျကျန်ရစ်၏။

အဲဒီလို နားမလည်တာတွေ များပြားနေတာကို မင်း တိုက်ထု
ရမှာ မယ် ..။ လူ့ဘဝကြီးက တစ်ယောက်တည်းမွေးလာပေမယ့်
ယောက်တည်းရပ်တည်လို့ရတာမဟုတ်ဘူး ..၊

ရိုးမယ်ဖွဲ့ ဆိုတဲ့အတိုင်း နေရာတကာ ရိုးမယ်ဖွဲ့ ရှင်းပြနေ
လည်း ဒီကောင် မောပြီ ..။





အခန်း (၂၅)

"စိုးရာ .."

ဒေါ်ကောက် စိတ်တွေလှုပ်ရှားနေကာ ဦးစိုးရာ ကို ကြည့်သည်
လုံးတွေက တစ်ခါမှ မမြင်ဘူးခဲ့သူတစ်ယောက်ကို ကြည့်နေသကဲ့
..

"တော်တော်ကို အံ့ဩဖို့ကောင်းတာ .. ငါ မြင်နေရပေမယ့် အံ့ဩ
နိုးပဲ .."

"ငါလည်း အံ့ဩတာပဲ .. ကဲပါ .. ထိုင်ပါဦး .."

ဒေါ်ကောက် က ခုတင်ဘေးမှာ အဆင်သင့်ရှိနေသည့် ထိုင်ခုံမှာ
ိုင်လိုက်သည်။ ဒါပေမယ့် မျက်လုံးတွေက ဦးစိုးရာ ကိုပဲကြည့်နေ
..၊

"နင့်ကိုမြင်ရတာ နိုင်ငံတော်သမ္မတကြီးကို မြင်လိုက်ရတာကျနေ
ပဲ စိုးရာ ရယ် ..၊ ငါသိခဲ့တဲ့ စိုးရာ မဟုတ်တော့သလိုပဲ၊ အသားတွေ
ပြီး ခန့်ခန့်သန့်သန့်ကြီး .."

"မယ်ကောက် ရယ် .. ငါက ငါပါပဲ .."

ဦးစိုးရာ ကတော့ ကျေနပ်စရာတွေ ပြောနေတာကြားရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မရယ်နိုင် ...။ ဟိုအရင်တုန်းက မယ်ကော့ ဆိုတဲ့ သူငယ်ချင်းမလေး ... ဖြူဖြူသေးသေး သွက်သွက်လက်လက်လေးနှင့် ရွှေရိုး ရဲ့ ဘေးမှာ သူ ... ဆရာမကြီး ...။

ခုကျတော့ စိတ်ဓာတ်ကျဆင်း၍ ခွန်အားမဲ့နေခြင်းက မည်းမှောင် ... ခြောက် သူမပုံစံလေးမှာ ပေါ်လွင်နေသည်။

အင်္ကျီအညိုရောင်ရင်ဖုံးလေးက ဟိုရှေးခေတ်က ကာဒစ်ကြယ် ... လေးတွေတပ်ထားကာ အင်္ကျီတစ်ထည်လုံးက အရောင်လွင့်နေပြီ ...

ထမီက ယော်ထမီလေးဖြစ်သည်။ ဒါပေမယ့် ဘယ်လိုအဆင် ... တောင် ကြည့်ဖို့ခက်နေပါပြီ။ မယ်ကောက် ခမျာ ဒါလေးတွေ ... အကောင်းဆုံးရွေးထုတ်ပြီး ဝတ်ထားရပုံပါ။ သူမတို့သားအမိ၏ ရှ ... ခဲ့ရသော ဘဝအဆင့်အတန်းကို မြင်လိုက်ရတော့ ရင်ထဲမှာ ပိုနင်း ... သည်။

ငယ်စိတ်နဲ့တုန်းကတော့ သူငယ်ချင်းကို လူလည်ကျပြီး ... တက်လမ်းအတွက် ကျားကုတ်ကျားခဲ ကြိုးစားရပြီး ကိုယ်ကျူးလွန် ... မသမာမှုကလည်း သတိရလိုက် မေ့သွားလိုက် ...။

ကိုယ်ချစ်တဲ့ဇနီးနဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံချမ်းသာလာ ... လည်း သတိရပေမယ့် မေ့ဖျောက်ထားနိုင်ဖို့အကြောင်းတွေက ဖုံး ... နေခဲ့သေးသည်။

သူ မိုက်နောင်တတွေနဲ့ အမှားပြင်ဆင်ဖို့ကြိုးစားတဲ့အချိန် ... နောက်ကျခဲ့ပြီလား ...။

ဘဝကို အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်သတ်ပုတ် ... ရွှေရိုး ကတော့ မရှိရှာတော့ပါ။ ဒါဆို ကျန်ရစ်ကြတဲ့လူတွေအပေါ် ... သူ့ဘက်က တာဝန်ကျေခဲ့မည်ဆိုလျှင် ဒီမကောင်းမှုက သံသရာဝဋ်ကြွေး ... အဖြစ်ပါဦးမှာလား ...။

ဇရာထောင်းပြီဆိုမှ မင်းဘဝကူးကောင်းဖို့ စိုးရိမ်ကြောင့်ကြ ...





နေတာလား စိုးရာ ...။

မင်းပြုခဲ့တဲ့ **မကောင်းမှုကို မင်း** ပြန်ပေးဆပ်**ရမယ်၊ ဒီဝဋ်ကြွေး** ကျေသည်ဖြစ်စေ **မကျေသည်ဖြစ်စေ၊** မင်းလုပ်ရမှာက မင်း မသေခင် အကောင်းဆုံးဆောင်**ရွက်ပေးသွားဖို့ပဲ** ...။

"စိုးရာ ..."

"ဟင် ..."

"နင်နေကောင်းရဲ့လားဟယ် ... ငါတို့ကို အားနာလို့ နေမကောင်း ဘဲနဲ့ ..."

ဦးစိုးရာ က ခေါင်းခါပြလိုက်ပြီး လက်နဲ့ပါကာပြ၏။

"မဟုတ်ပါဘူး ... ငါ နင့်ကို တောင်းပန်ချင်တာတွေ စဉ်းစားပြီး ရင်ထဲမှာ မကောင်းလို့ပါ ..."

"ဘာကိုတောင်းပန်ချင်တာလဲ ... နင်က ငါ့ကို ဟုတ်လား ..."

"အေး ..."

ဦးစိုးရာ စိတ်ထဲရှိတဲ့စကားကို ပြောလိုက်ပေမယ့် **ရင်ထဲမှာမျိုသိပ်** ထားရတဲ့ အကြောင်းတွေကို ရုတ်တရက်မပြောမိဖို့တော့ **သတိ**ချပ်နေရ တာ ...။

"နင်တို့ကို ဒီထိခေါ်ပြီး ငါ့အိမ်ကလူတွေကြောင့် ..."

"ဟာ ... အဲ့ဒီအကြောင်းတွေမပြောပါနဲ့၊ ငါတို့တောနဲ့ ဒီမြို့ကြီးနဲ့ ဆို အဝေးကြီးပဲ၊ နင်က ဒီလောက်ကြီးပွားချမ်းသာနေပြီး ငါတို့ကို လှမ်းသတိရသေးတယ်၊ ဒါနဲ့တောင် ငါ ဝမ်းသာလှပြီ၊ တစ်ခုတော့ရှိ တာပေါ့ဟာ ..."

ဒေါ်ကောက် က မျက်နှာမကောင်းဖြစ်သွားရင်း ...။

"နင်က ဒီကလူတွေမပြောဆိုရဲအောင် ငါတို့ကို နင့်ရဲ့ ကျေးဇူးရှင် လို့ ပြောထားတော့ ငါတို့အဆင့်အတန်းမျိုးနဲ့ နေရခက်တာပေါ့ ...၊ အဲ့ဒါလေးပါပဲ ငါတို့မြို့ကြီးပေါ်မှာလာနေခွင့်ရတယ်၊ ဒီလိုတိုက်ကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာနေရတယ်၊ ပြီးတော့ ငါ့သမီးလေးကို တောကြိုအုံကြားကနေဆွဲထုတ် ခွင့်ရခဲ့တယ်လေ ..”

ဒေါ်ကောက် က ပြောပြီး ကျေးဇူးတင်ဝမ်းသာသည့် အပြုံးတွေနှင့် အသံတွေလည်း တုန်နေရှာသည်။

‘ကျေးဇူးရှင်’ လို့ ဦးစိုးရာ ပြောခဲ့တဲ့စကားကိုတောင် သူမက ထင်သလိုဖြည့်စွက်တွေးနေသေးသည်။ ဘာပဲဖြစ်ဖြစ် သူ့ဘက်ကလည်း ဒီအဖြစ်တွေကို လောလောဆယ်ရှင်းပြဝန်ခံဖို့ မဖြစ်သေးပေမယ့် တတ်နိုင်သလောက် ဖြည့်ဆည်းပေးသွားဖို့ ဆုံးဖြတ်ပြီးသားပါ။

“အေးပါ .. နင်ကျေနပ်တယ်ဆိုတာကို ဝမ်းသာပါတယ်၊ ဒါပေမယ့် အိမ်မှာ ဘယ်လိုအခြေအနေမျိုးဖြစ်နေတယ်ဆိုတာ သားက ပြောပြလို့ ငါ အားလုံးသိတယ်၊ ငါ တောင်းပန်ပါတယ်ဟာ .. သမီးကိုလည်း ငါ ထွက်မတွေ့နိုင်သေးတာကို နားလည်အောင်ပြောပြထားပေးပါ ..”

“ရပါတယ် စိုးရာ ရယ်၊ နင်တို့ဒီလောက်ချမ်းသာနေတာ .. ငါတို့လိုပုံစံမျိုးကို ဘယ်သူမဆို ဒီလိုဆက်ဆံမှာပဲလေ ..၊ ငါ ခွင့်လွှတ်နိုင်ပါတယ်၊ ငါက နင့်ကိုပဲတွေ့ချင်ခဲ့တာ .. အခု တွေ့ရပြီဆိုတော့ သိပ်ဝမ်းသာတာပဲ၊ ငါ ဒီကိုရောက်နေတာကြာပြီ ဒါပေမယ့် ဒီနေ့လောက် ဝမ်းသာပျော်ရွှင်မိတာမရှိဘူး ..”

ဦးစိုးရာ ရင်ထဲမကောင်းနိုင်ပေ ..။ သားအမိနှစ်ယောက်ခမျာ သူ့ကို ယုံကြည်ပြီးရောက်လာကာမှ မျက်နှာစိမ်းတွေအလယ်မှာ ဘယ်လောက်ထိ အားကိုးမဲ့နေရှာမလဲ ..။

“ဒီက ချမ်းသာမှုတွေက ငါတို့နဲ့မဆိုင်ပေမယ့် ငါ့သူငယ်ချင်းကို မြင်လိုက်ရတော့ တကယ့်အရိပ်စစ်တစ်ခုကိုရလိုက်သလို လုံခြုံသွားတယ်သိလား ..”

“ဆိုင်တယ်လို့ပဲ သဘောထားပြီး လွတ်လွတ်လပ်လပ်နေကြပါ၊ ဘယ်သူတွေ ဘယ်လိုမျက်နှာထားမျိုးနဲ့နေနေ သားနဲ့ ငါက ဒီအိမ်ရှင်၊





ငါတို့သားအဖပါးစပ်က ပြောတာမဟုတ်ဘဲ ဘယ်သူပြောတာကိုမှ ဂရုစိုက်နဲ့၊ သမီးလေးရဲ့ ငယ်သူတစ်ယောက်ရဲ့ စိတ်ခံစားချက်ကိုလည်း နင်ကပဲ နားလည်အောင် ညှိနှိုင်းပေးစမ်းပါ ..”

“မယ့် ကို ငါပြောပြထားပါတယ် စိုးရာ ရယ် ..၊ သူက ရွာမှာတည်းက တစ်ရွာလုံးနဲ့ အတိုက်အခံပြောဆိုနေထိုင်ခဲ့တာ၊ အဲ့ဒီအကျင့်ကြောင့် ခပ်ရိုင်းရိုင်းလေးဖြစ်နေပေမယ့် သမာသမတ်စိတ်လေးတော့ရှိပါတယ်၊ သေချာရှင်းပြရင် နားဝင်တယ် ..”

ဦးစိုးရာ က ခေါင်းညိတ်သည်။ ပြီးတော့ ခပ်လျော့လျော့လှဲနေရင်းကနေ ခြေဆင်းလျက် ငုတ်တုတ်ထိုင်သည်။ စားပွဲပေါ်က ရေချိုင့်ကို လှမ်းကြည့်လိုက်တာမြင်သည်နှင့် ..၊

“နင် ရေသောက်မလို့လား ..”

ဒေါ်ကောက် က ပျာပျာထပြီး ရေတစ်ခွက်ထည့်ပေးလိုက်၏။ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ကျော်ကျသွားမှ ဖန်ခွက်ကိုကိုင်ထားလျက်နှင့် ..၊

“ငါတို့က တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြတဲ့ အချစ်ဆုံးသူငယ်ချင်းတွေပဲဟာ ..၊ ရွှေရိုး မရှိတော့ပေမယ့် ငါတို့ချင်းစည်းလုံးမပျက်နေထိုင်သွားကြလို့ရပါတယ်၊ အခု အိမ်တွင်းမှာ နင်တို့ရင်ဆိုင်နေရသမျှပြဿနာတွေကလည်း ငါ ကျန်းမာလာတာနဲ့ အားလုံးအဆင်ပြေသွားမှာပါ၊ ငါ့ယောက္ခမကိုတော့ အထူးသဖြင့် သည်းခံပေါ့ဟာ ..”

ဦးစိုးရာ ဒေါ်မြင့်မြတ် နှင့် ပတ်သက်သမျှကိုပြောပြနေကာ ..၊

“စည်းစိမ်ချမ်းသာတဲ့ အတ္တစိတ်ကြီးတာကလွဲရင် သနားကြင်နာတတ်တဲ့စိတ်တော့ရှိပါတယ်၊ ဒါကို ဖယ်လိုက်ရင် မျှတမြင်တတ်တဲ့စိတ်ကောင်းလေးလည်းရှိတယ်၊ ငါနဲ့ သူ့သမီးကို သဘောမတူလို့ အမြဲပြတ်စွန့်လွှတ်ထားခဲ့တာ သားမွေးပြီးတဲ့အထိပဲလေ ..”

“ပြီးတော့ .. နင့်မိန်းမက သွားတောင်းပန်လိုက်တာလား ..”



www.burmeseclassic.com

www.burmeseclassic.com



"ချစ် က မတောင်းပန်ပါဘူး သူ့အမေ ဘယ်လောက်ထိ မာနကြီးတယ်ဆိုတာ သူသိတယ်၊ သူကိုယ်တိုင်ခွင့်လွှတ်တာမဟုတ်ဘဲ ဘယ်လိုမှ မျှော်လင့်လို့မရဘူးတဲ့ ..၊ ငါကတော့ .."

ဆက်ပြောဖို့စကားတွေက သူ ရင်းနှီးထူထောင်ခဲ့တဲ့ စီးပွားရေးတွေကို လက်ညှိုးထိုးရတော့မှာမို့ မျက်လုံးထဲမှာ မြင်ယောင်လာသော ထိုလက်မှတ်လေးတစ်စောင် ..၊

"ပြောလေ .. စိုးရာ၊ နင်ကတော့ သွားတောင်းပန်စေချင်တာလား အေးပေါ့ ကိုယ့်က သားသမီးပဲ မိဘကို အောက်ကျို့တောင်းပန်သင့်တာပေ့ါ.."

"မဟုတ်ပါဘူး .. ငါကလည်း .."

စကားတို့က တုံ့ဆိုင်းဆိုင်းဖြစ်နေခဲ့လျက် ..၊

"ငါ့မှာလည်း မိသားစုတာဝန်ကိုထမ်းပိုးနိုင်တဲ့ အင်အားရှိနေပြီလေ .."

"အဲဒီတည်းက နင်က ချမ်းသာနေတာလား .."

"ချမ်းသာတာတော့မဟုတ်သေးဘူးပေ့ါဟာ .. ကိုယ့်ဘာသာရပ်တည်နိုင်တာမျိုးပေါ့၊ ငါ့မိန်းမကို ငါ အဆင့်အတန်းမီမီထားနိုင်တယ်၊ ယောက္ခမ ပြန်ခေါ်မှ လူလုံးပြောင်ရမှာမျိုးမဟုတ်တဲ့ အခြေအနေမျိုး မဟုတ်ဘူး .."

"ဘာပဲဖြစ်ဖြစ် ဒီလောက်မာနကြီးတဲ့ယောက္ခမက ပြန်ခေါ်လာတယ်ဆိုတည်းက နင့် အရမ်းတော်လို့ပါ စိုးရာ ရယ်...၊ ငါ့ယောကျ်ားခများလည်း သူ ငါ့ကို ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ သိပ်ထားချင်ခဲ့တာ .."

ဒေါ်ကောက် ဖျတ်ခနဲသတိရသွားသည့် အတိတ်က ပုံရိပ်တစ်ချက်ကြောင့် ဦးစိုးရာ မျက်နှာငုံ့ကျသွားသည်။ ဒေါ်ကောက် ကတော့ သတိမထားမိခဲ့ပေ ..။

"သူ့ခများ လူတွေကိုယုံကြည်အလေးထားသလောက် လူတွေကတော့ သူ့ကို တုံးတယ်အတယ်နဲ့ ဘယ်သူကမှ အကောင်းမပြောကြပါဘူး .."





"နင်တို့ အရမ်းကျပ်တည်းခဲ့ကြတာပေ့ါ .. ဟုတ်လား .."

"ကျပ်တာပေ့ါဟာ .. ဒါပေမယ့် လူဆိုတာတစ်ခါတော့ ကံကောင်းခဲ့ကြတာပဲလေ ..၊ ငါတို့လည်း ရွှေရိုး အရမ်းကြိုးစားခဲ့လို့ ပြေပြေလည်လည်လေးနေခဲ့ရပါတယ်၊ အမွေရလိုက်တဲ့ အိမ်လေးပိုင်းလေးနဲ့ ရွှေစလေးဘာလေးရှိခဲ့သေးတယ်၊ အဲဒါလည်း အိမ်မက်လိုပါပဲ ..၊ ရွှေရိုး က ငါတို့သားအမိကို ထားခဲ့သလို သူမရှိတော့တာနဲ့ အကြောင်းအမျိုးမျိုးနဲ့ ကုန်တာပဲ၊ ဆွေမျိုးတွေကလည်း အုပ်စီးလာကြတာကိုး .."

"နင်က အရင်တုန်းက ဒီလိုမဟုတ်ပါဘူး၊ ရွှေရိုး ကိုယ်တိုင် နင့်ကို အားကိုးတဲ့စိတ်ရှိနေလို့ ငါတို့ စခဲ့ကြသေးတာ .."

"ဟုတ်တယ် ဒါပေမယ့် အခြေအနေအချိန်အခါတွေလည်း ပြောင်းလဲသွားတာပဲ စိုးရာ ရယ်၊ ငါ့သမီးလေးရလာတော့ သူက ကိုယ့်ထက်ပိုပြီး စိတ်ဆတ်နေတယ်၊ ကိုယ်ဘယ်လိုနေထိုင်ပြုမူခဲ့သလဲဆိုတာ မသိပေမယ့် သမီးကိုကျတော့ အဲဒီလိုဖြစ်လာတာကို မကြိုက်တော့ဘူး .."

ဦးစိုးရာ သက်ပြင်းရှည်ကြီးချ၍ ခေါင်းတညိတ်ညိတ်ဖြစ်သွား၏။ ဒေါ်ကောက် က စကားပြောနေရင်း ဦးစိုးရာ ကိုင်ထားဆဲရှိသည့် ဖန်ခွက်လေးကိုယူပြီး စားပွဲပေါ်မှာ လှမ်းတင်ထားလိုက်သည်။ ပြီးမှ ...

"ငါက မဟုတ်မခံစိတ်ရှိခဲ့တယ်၊ ဒါပေမယ့် အခြေအနေအချိန်အခါကိုတော့ ခွဲခြားချိုသိပ်နိုင်သေးတယ်၊ မယ့် ကျတော့ သူ့အဖေကို လူတွေက နှိမ်တယ်၊ သူ့ကိုအထင်သေးတယ် လူတွေက ဘာကောင်းလို့လဲ .. အဲဒါတွေနဲ့ပဲ နေ့စဉ် ဒေါသတွေအဆိပ်တက်ပြီး သူ့စိတ်က ဖယောင်းလို အပူထိရင် ပျော့မသွားတော့ဘဲနဲ့ သံချောင်းလိုမျိုး မီးနဲ့ထိမှ ပိုရဲလာတာ .."

"အင်း .. ဒါ ကလေးအပြစ်မှ မဟုတ်တာပဲ .."

"ဒါကြောင့် ငါ့သမီးကို ငါ သနားတာပေါ့၊ စားစရာမရှိလို့လည်း အလုပ်ပေးခိုင်းမယ့်သူမရှိဘူး၊ မစားရလို့တောထဲဝင် အမဲရှာတာကို

www.burmeseclassic.com



လည်း သရဲမ စုန်းမလို့ပြောပြီး ဝိုင်းကဲ့ရယ်ကြသေးတယ် ..."

"ဘယ်လို .. သမီးလေးက တောထဲမှာ အမဲရှာတယ် .. ဟုတ်လား .."

ဒေါ်ကောက် က မျက်နှာငယ်ငယ်နှင့် ခေါင်းညိတ်ပြရှာ၏။ ဦးစိုးရာ ကတော့ အံ့ဩနေဆဲဖြစ်လျက် ...၊

"ဖြစ်ရလေ မယ်ကောက် ရယ် .. နင်တို့ အဲလောက်တောင် ဖြစ်ခဲ့ကြတာလား .."

"အများကြီးပိုဆိုးတာတွေ နင့်သား မြင်ပါတယ် စိုးရာ ရယ်၊ ငါပြောမပြတော့ပါဘူး၊ မယ် က ရုပ်ရည်လေးကလည်း လှတယ်၊ သူ့စိတ်ကလည်း ငယ်ငယ်လေးတည်းက ရွာသားတွေနဲ့ ဘယ်လိုမှ စည်းလုံးမရခဲ့တော့ ငါ့သမီးလေးကို မြို့ကိုပို့ပေးချင်တဲ့စိတ်တွေလည်း ငါ့မှာ တအားပဲ .."

"သမီးနာမည်က 'မယ်' ပဲလား .. သားကတော့ပြောတယ် အမှတ်တမဲ့နဲ့ .."

"ရိုးမယ်ဖွဲ့ လေ .. ငါတို့နာမည်တွေပါအောင် အဲ့ဒီလိုပေးဖြစ်သွားတာ ..၊ ဒါပေမယ့် ဆရာတော်ကြီးက မှည့်ပေးတာပါ၊ သမီးရဲ့ ရုပ်ဆင်းအင်္ဂါက ဒီနာမည်ကြောင့် ဘုန်းကံကြီးမားမယ့်သူ ဖြစ်လိမ့်မယ်တဲ့၊ အကျိုးပေးလာတဲ့တစ်ချိန်ချိန်မှာသာ လိမ္မာပါးနပ်စွာအသုံးချတဲ့ .."

ဦးစိုးရာ က ခေါင်းညိတ်ရင်း ပြုံးလိုက်သဖြင့် ဒေါ်ကောက် မလုံမလဲဖြစ်သွားကာ ...၊

"ဟုတ်ပါတယ် .. ခုချိန်ထိတော့ ငါ့တို့သားအမိ ဝမ်းဝဖို့တောင် မနက်စာပြီးရင် ညစာ မသေချာတဲ့ဘဝပါ .."

"ခုချိန်ထိ ဆိုးရွားနေဆဲပေမယ့် နောင်တစ်ချိန်မှာ ကောင်းကျိုးတရားတွေလာပြီပေါ့ မယ်ကောက်ရယ်၊ လူတစ်ယောက်ကို လက်ရှိမြင်နေရတဲ့အခြေအနေအတိုင်း တသမတ်တည်းဆုံးဖြတ်အကဲခတ်လို့





ရဘူးဟ .. ချမ်းသာနေလည်း အထင်ကြီးနေဖို့မလိုဘူး၊ ဆင်းရဲနေတာကိုလည်း အထင်မသေးနဲ့ .. ဘဝဆိုတာ လှိုင်းပေါ်က လှေလို့ဆိုထားတာပဲ .."

"ဒါပေမယ့် ဆင်းရဲတဲ့လူကိုတော့ ချိုးဖဲ့နှိမ်ချကြတာပါပဲဟာ .."

အိမ်က သားတွေ ချွေးမတွေရဲ့ ရိုက်ခတ်မှုကို ဒေါ်ကောက် ဘယ်လောက်ခံစားနေရသလဲဆိုတာ မျက်နှာမှာ ဖုံးဖိမရစွာ ပေါ်လာသည်။

"အဲဒီလိုလူတွေက မပြည့်ဝတဲ့လူတွေပါ၊ သူတို့ကမှ ဆင်းရဲတဲ့လူထက်ပိုပြီးဆင်းရဲတာ ...၊ မေတ္တာစိတ်နည်းပါးတဲ့လူလောက် လူဖြစ်ရှုံးတာမရှိဘူး၊ ကြီးသူကို ရိုသေ ငယ်သူကိုလေးစားဆိုတာ အသက်အရွယ်ကိုလည်း ညွှန်ပြသလို အဆင့်အတန်းကိုလည်း ဒီတိုင်းကြည့်နိုင်ဖို့လိုတယ်၊ ဆင်းရဲချမ်းသာ ဘယ်လိုလူကိုဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် လေးစားသမှုရှိရတယ်၊ ဆင်းရဲတဲ့လူကို ငါနိုင်တယ်လို့ သတ်မှတ်ထားတဲ့လူမျိုးက ချမ်းသာနေလည်း အနှစ်မရှိပါဘူး .."

စကားတွေအရှည်ကြီးပြောပြီး ဒေါ်ကောက် ကို နှစ်သိမ့်ပေးမိသည်။

"စိတ်ရှည်ရှည်ရင်းနဲ့ သည်းခံစိတ်မွေးထားစမ်းပါ၊ နင်တို့သားအမိကို ငါ ပစ်မထားပါဘူး၊ သားနဲ့ ချွေးမတွေကတော့ .."

ဦးစိုးရာ က သားနဲ့ချွေးမတွေအကြောင်းကိုပါ ပြောပြကာ ...၊

"ငါ သူ့ဝို့ကိုချစ်ပါတယ် .. သားသမီးမရနိုင်တော့ဘူးထင်ပြီး မွေးစားခဲ့တယ်၊ မွေးစားပြီးမှ သားကိုရတယ်၊ ဒါပေမယ့် အချစ် ရော ငါရော သားနှစ်ယောက်ကို သားအရင်းနဲ့တန်းတူချစ်ခဲ့တာပါ၊ သူတို့ကတော့ အသက်တွေကြီးလာလေ သွေးကွဲလေဖြစ်လာတယ် .."

ဘာဖြစ်ဖြစ် သူ ဒီတိုင်း ပစ်ထားလိုက်ခြင်းက ကံကြမ္မာစမ်းသပ်ပွဲပဲဆိုတာတော့ ထည့်မပြောမိခဲ့ပါ။ သားတွေကို ကိုယ့်အတိုင်းအတာနဲ့ ကိုယ် ဝေငှခွဲခြမ်းပေးပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြတော့လို့ ပြောသင့်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ ဒီတိုင်းတော့ ခွဲမထုတ်ချင်ပေ။ ဒီမိသားစုကနေ ခွဲထွက်ကြရပြီဆိုရင်တောင် 'ငါတို့ဘာလို့ထွက်ခဲ့ရတာလဲ' ဆိုတာ သူတို့ ကိုယ်သူတို့ သိစေချင်၏။

'သားတို့ကို မင်းတို့အမေက ချစ်သလိုပဲ အဖေ ချစ်ပါတယ်' လို့ ပြောမိတိုင်း မျက်ဝန်းတွေက လှောင်ရိပ်သမ်းနေတတ်ကြသည်။

ချွေးမတွေက မျက်နှာခပ်လွှဲလွှဲနှင့် မဲ့တော့မလို ပြုံးတော့မလို ..။

ထိုအခါ ယောက္ခမဖြစ်သူမျက်နှာကို ပြေးမြင်မိခဲ့၏။ ဒေါ်မြင့်မြတ် ပြောနေကျစကားက 'ဝမ်းနဲ့မလွယ် သားမမယ် ..' တဲ့ ..။

ကိုယ်က ခွဲခြားမကြည့်ခဲ့ပါဘဲ သူတို့ဘာသာ ကွဲပြားကြောင်း သက်သေ တွေပြလာကြသည်။ ထို့ကြောင့် ဦးစိုးရာ နာကျင်ခဲ့မိသည်။

သားတွေကို ဒီအရွယ်ထိ ပညာတွေသင် ပြုစုပျိုးထောင်ပေးခဲ့သည်။ အပြိုင်းအရိုင်း ကျားကျားလျားလျားတွေဖြစ်လာကြတော့ သူတို့က ကိုယ် ဘာမှမသိလိုက်ရဘဲ စိုက်မယ်ပျိုးမယ် ရူးဆွတ်ကြမယ်တွေဖြစ်လို့ ..။

"သူတို့တွေက ငါတို့တောမှာလို လယ်ဘယ်နှစ်ဧကနဲ့ နွားဘယ် နှစ်ရှဉ်းခွဲပေးပါပြောနေကြလို့လားဟင် .."

ဒေါ်ကောက် မေးပုံကြောင့် ဦးစိုးရာ က ပြုံးလိုက်ပြီး ..၊

"အဲဒါမျိုးမဟုတ်ဘူး၊ နင် ဒီမှာ ကြာကြာနေရင် သိလာမှာပါ၊ အခု ငါ့ ယောက္ခမကလည်း သူ့မြေးရဲ့ မင်္ဂလာဆောင်ကိစ္စနဲ့ ဒီမှာပဲရှိနေလိမ့် ဦးမယ်၊ အားလုံးရဲ့ မကောင်းဆိုးပြစ်တွေရှိရင် ခဏတော့ သည်းခံပေးပါ၊ အခိကက သမီးလေးကို နားလည်စေချင်တာ .."

"စိုးရာ .. နင် .. နင်က ကိုယ်တစ်ပိုင်းသေတာ ဘာညာ .."

"မဟုတ်ပါဘူး မယ်ကောက် ရယ်၊ ငါ အပြင်းအထန်ခံထားရလို့ လူရောစိတ်ရော နည်းနည်းလေးမှ လှုပ်ရှားမခံနိုင်ဘူးဖြစ်နေလို့ပါ၊ ပြော ရရင် နှလုံးရောဂါပေါ့ .."

"ဘုရားရေ .."





"ဘုရားမတပါနဲ့ .. နှလုံးရောဂါရှိတိုင်း အသေမစောပါဘူး၊ ငါ ည်း အဲဒီလောက်စိုးရိမ်ရမယ့် အခြေအနေမျိုးမဟုတ်သေးဘူး .."

"ငါ ကြားဖူးတာတော့ .."

"ဘာမှမဖြစ်ပါဘူး နေတတ်ဖို့ပဲလိုတာပါ .."

ဒေါ်ကောက် နဲ့ ဦးစိုးရာ စကားတွေအကြာကြီးပြောဖြစ်ခဲ့ကြ၏။ ွက်လာတော့ မယ် က စာကျက်နေရင်း စာအုပ်လေးတစ်ဖက်နဲ့ ားဖားယားပြေးလာ၏။

"အမေ့သူငယ်ချင်းနဲ့ တွေ့ခဲ့တယ်ပေါ့၊ ဘယ်လိုကြီးလဲဟင် .. အမေ့ ိုလူတွေပြောသလို .."

"မဟုတ်ပါဘူ မယ် ရယ် ..၊ အဲ့ဒါကြောင့်ပြောတာပေါ့ .. စိုးရာ ီလိုမျိုးမဟုတ်ပါဘူးဆိုတာ .."

ဒေါ်ကောက် က အားလုံးကို သေချာရှင်းပြပေမယ့် ချန်သင့်တာလေး ာတော့ ချန်လှပ်ထားခဲ့၏။ ငယ်သူမို့ မမှားသင့်တာ မမှားရအောင်ပါ။ ေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဘာကိုသိချင်တာလဲ .."

ကြားလိုက်ပေမယ့် အံ့ဩသွားသဖြင့် အစော က နှစ်ခါပြ
သည်။ ရွှေရုပ် က အဖြူရောင်ပခုံးချိတ်လက်ပြတ်လေးကို ဝတ်
ကာ ကွာတားဆောင်းဘီအဖြူလေးနှင့်မို့ နုသစ်လှပနေသည်။

လည်ကပ်ဆွဲထားသ ည့် စိန်နဲ့ ပလက်တီနမ်ကြိုးပျော့လေးတ
ဒီဇိုင်းဆန်လေးနှင့် လင်းလက်နေ၏။ သူမလို လှပချောမော၍
တတ် သူဌေးသမီးလည်းဖြစ်သည့် မိန်းကလေးက မယ် ကို လာ
နေသဖြင့် အံ့ဩမိတာ ဟန်မဆောင်နိုင် ..။

"သိချင်တာထက် မေးသင့်လာတယ်ထင်လို့ပါ .."

သိချင်တာကို မေးသည့်ပုံက လက်ဖွဖွပိုက်၍ မျက်နှာလေးယ
ပြီး ထောက်ကြွကြွပုံစံနှင့် ..၊

"ဘာလဲ မေးလေ .. မယ် ကလည်း ညီမရှေ့ကပဲ ရောက်လာ
ပါ .."

"သြော် .. အစော ကလည်း မကြာသေးပေမယ့် အရင်လူက စိ
ပဲပေါ့ ..၊ ဟွန်း .. ဟွန်း .."





ရွှေရုပ် မျက်နှာတင်းသွားတော့ သိရို က အစော ကို မျက်စပစ်ပြီး
ည်။ အစော က ခေါင်းညိတ်လိုက်ကာ ..၊

"အေးနော် .. မယ် က အရင်ရောက်လို့လည်း အစိုး နဲ့ ပိုရင်းနှီး
ပါ .."

"ရွှေ သိချင်တာကလည်း အဲ့ဒီရင်းနှီးနေတဲ့ အတိုင်းအတာကိုပဲ.."

ပြောပြီး စာအုပ်တစ်ဖက်နှင့် ဖုန်းပြောနေသည့် မယ် ရှိရာကိုလှမ်း
၏။ ပြောနေသည့်ဖုန်းက အစိုး ရဲ့ ဖုန်းမှန်းသိလိုက်ကြကာ အစော
ာက်ထပ်အံ့ဩရပြန်၏။ နားစွံ့ကြည့်လိုက်တော့ တကယ် ..၊ -

"မယ် ဘာမှမလုပ်ဘူး စာကျက်နေတာ .."

"... ... ... ..."

"ဟုတ်တယ် ကွန်ပျူတာထဲလည်း ထည့်ပြီးပြီ .."

"... ... ... ..."

"ကိုစိုး ရေးပေးထားခဲ့တဲ့ ပက်(ခ်)ဝေါ့ဒ်ကိုတွေ့တယ်လေ .. အဲ့ဒါ
တာပဲ .."

ချက်လုံးတွေ သူမဆီမှာ စုပြုံနေကြတာကို မယ် က မသိ ..။
အစော တို့က မယ် နဲ့ ရွှေရုပ် ကို တိတ်တခိုးကြည့်နေကြလျက်..၊

"ရောက်လာတုန်းကတော့ အစိုး ကို ဆက်ဆံပုံက လူကြီးတွေ
ာအရ မတတ်သာလို့ အကဲခတ်လေ့လာရမယ့်ပုံ .."

စိတ်ထဲမှာ ဒီလိုအသံတိတ်စကားတွေ ကိုယ်စီပြောနေမိကြစဉ် ..၊

"အန်တီတို့တွေ့တာပဲ .. သူ အပြင်သွားလည်း ဒါမျိုးတွေတွေ့နေ
အိမ်မှာရှိနေတော့လည်း သူတို့ချင်းဆွဲလားဆွဲလား ဘာတွေမှန်း
ူး .."

"ဒါကတော့ .."

"ဒီလိုပဲနေလာကြတာလို့ ပြောမလို့လား .. ခုနကတော့ ရွှေ မရောက်
းကမှ ရောက်လာတာဆို .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် တောအထပ်ထပ် တောင်အသွယ်သွယ်ကျော်ဖြ
အခက်အခဲတွေကို ကျော်ချင်းကပ် ရင်ချင်းထပ်ဖြေရှင်းလာခဲ့ကြ

"ဪ .."

"ပိုမြင်လာအောင်ပြောပြတာပါနော် .."

မှတ်ထားစမ်းပါ မိန်းမ ..၊

ညီအစ်ကိုချင်းက ဇနီးမယားတွေဆိုတာ လင်ညီအစ်မတွေ

သင်းက လူတွေကို အန်တီခေါ်ချလိုက်တာ နှင့် သိမယ် ..

စော က ပြုံးနေပေမယ့် မျက်လုံးတွေက စူးရဲနေ၏။ မယ့် အ
တွေကို လိုလားချစ်ခင်ပန်တွေထည့်၍ ပိုပိုသာသာလေးပြောပေး
ဖို့ပါ ဆုံးဖြတ်ကာ ...

"ယောကျ်ားတွေကလည်း သူတို့မျက်လုံးထဲမှာ သနားစရာ
လာရင် အဲဒီအစွဲကို ချွတ်မရတော့ဘူးလေ၊ မယ် က ဆင်းရဲ
အသက်ကလည်း ငယ်ငယ်၊ တောသူပေမယ့် ဖြူဖြူလှလှ က
လေးဆိုတော့ .."

"ကျေးဇူးပါပဲ .. သိချင်တာ အဲ့ဒါပဲလေ .. ဟွန်း .."

ရွှေရုပ် က အေးစက်စက်နှင့် ပြုံးပြသွားသေးသည်။ အ
သီရိ တို့ လက်ဝါးချင်းကျိတ်ရိုက်ကာ ရယ်နေမိကြသည်။

"ဟွန်း .. တို့တွေကိုများ အန်တီတဲ့ .."

"အေးလေဟယ် .. အသက်ဘယ်လောက်များကွာလို့လဲ ..
မတ်ကို မှန်းထားပြီးတော့ ယောက္ခမခေါ်သလို ခေါ်နေတယ် .."

နှစ်ယောက်စလုံး မကျေနပ်ချက်တွေ တူညီနေကာ နောက်
နွယ် က ရောက်လာပြီး ..၊

"မမေတို့လုပ်ပုံတွေ လွန်ကျွံကုန်ဦးမယ်နော် .."

"အံမယ် .. သမီးကကြားလို့လား .."

"ကြားသားပဲ .. ဟိုတစ်ယောက်က ဘွားတော်ကြီးရဲ့ အလို





မေ့နေကြသလားလို့ လာသတိပေးတာ .."

"မမေ့ပါဘူးရှင် .. တို့တွေကရော ကိုယ့်ဘောကိုမကြည့်ဘဲ ပြော
သား .."

အစော က ကိုယ်ပဲစခဲ့တာမို့ ဖြေရှင်းပြနေသည်။ ပြီးတော့ သီရိ
အမိကို စိုက်ကြည့်လိုက်ကာ ...

"တို့ အစတုန်းက ထင်ထားတာ ယောဒီ နွယ်နွယ်ထွန်းလေး နဲ့
နဲ့လေ .."

သီရိ မျက်နှာ ကွက်ခနဲပျက်သွားသည်။ အားကြိုးမာန်တက် စီစဉ်
တုန်းက ဒါကိုဖြစ်ကိုဖြစ်ရမည်ဆိုတဲ့ မျှော်လင့်ချက် ယုံကြည်ချက်
ပြည့် ..။

တကယ်တမ်းကျတော့ အကြောင်းကြောင်းကြောင့် မဖြစ်မြောက်
ဒါပေမယ့် ဒါကို မခံစားတတ်အောင်ကြိုးစားနေခဲ့တာပါ။ ကြိတ်ကြိ
တဲ့ကိစ္စမို့ ကိုယ့်ဘာသာပြီးဆုံးပြီလို့လည်း သတ်မှတ်ထားပြီးသား..၊

"ဒါတွေက ပါးစပ်ထဲမှာ တောင်ပြော မြောက်ပြောပါ အစော ရယ်.."

"ဟုတ်ပ အန်တီစော ကလည်း နွယ် ကဖြင့် ကိုကြီးစိုး ကို ကိုယ့်
တိုလို စိတ်မျိုးပဲထားတာ .."

"သမီးရယ် .. အန်တီကလည်း အန်တီကိုယ်တိုင် ဖြစ်စေချင်ခဲ့တာ
ထည့်ပြောလိုက်မိတာပါ၊ ဒါလေး ပြောတာကို ဘာဖြစ်သွားရတာ
ကိုယ့်အချင်းချင်းတွေကို .."

"အန်တီပြောတာက ဘာမှမဖြစ်ဘူး၊ ဘွားတော်ကြီးကြားသွားရင်
တကယ့်ကွိုင် .."

စကားပြောရင်း လှမ်းကြည့်လိုက်တော့ လက်ပ်တော့ပ်လေးပိုက်
ခြံထဲဆင်းသွားသည့် မယ် ကို မြင်သွားကာ ..၊

"မယ် .. မယ် .."

လူကြီးတွေ တားဆီးချိန်မရလိုက်မီ မယ့် ဆီကို နွယ် က ပြေးသွား

www.burmeseclassic.com



ကာ ...

"နင့် လက်ပ်တော့ပ်က အပ်ပဲ(လ်)ပါလား .. တကယ်ဂွတ်

ခဏပြ .."

"နွယ်နွယ် .."

သီရိ ထက် အစော က ပို၍ကဲကဲဆတ်ဖြစ်သွားခဲ့လျှက် နွယ်နွယ်

နောက်ကို ထမီတစ်စ 'မ' ၍လိုက်သွား၏။

"နွယ် .."

နွယ့် ပခုံးကို ပြန်ဆောင့်ဆွဲလိုက်ကာ .. မယ့် ကိုကြည့်၍ -

"ညည်းက လက်ပ်တော့ပ်တစ်လုံးနဲ့ ဘယ်ကိုလဲ .."

"ကိုစိုး ခိုင်းထားတဲ့ပစ္စည်းစာရင်းတွေ ထည့်မလို့ပါ .."

"ဘာ!..."

အစော က လက်ပ်တော့ပ်ကိုပြန်ကြည့်ပြီး မျက်နှာပျက်သွား

'ကိုအစိုးရ' လို့ ထော်လော်ကန့်လန့်ကြီးခေါ်နေတဲ့သူက 'ကိုစိုး' ဖြ

ပြန်ကာ စာမတတ်ပေမတတ်နဲ့ လက်ပ်တော့ပ်ကိုင်နေသဖြင့် မဲ့

ကာ ...

"မတန်မရာ .."

ဟု ပစ်ပစ်နှစ်နှစ်ပြောလိုက်၏။ မယ့် မျက်နှာလေးရဲတက်သွာ

သူမ ဘာမှမဟုတ်သလို မေးဖျားလေးပင့်၍ ...

"နင့်ကို ငါ့အကျီတွေ စီခိုင်းထားတာ ပြီးပြီလား .."

"ပြီးပြီ .."

မယ့် အသံလေးကလည်း မညက်ညာတော့ပေ ..။ သို့သော် တော

အရိုင်းအစိုင်းလို့ သတ်မှတ်ထားပြီးသားမို့ ဒါကြောင့် ပြဿနာမ

တော့ဘဲ ..၊

"ပြီးရင်လည်း ဒီနေ့မှရောက်လာတဲ့ ကုန်ခြောက်တွေ မသိ

သေးဘူး၊ အဲဒါတွေ သူ့နေရာနဲ့သူ သွားသိမ်းလိုက် .."





"ဘယ်နေရာမှာ ဘာထားတယ်ဆိုတာ သိ မှ မသိဘဲ .."

"ဟဲ့ .. ဘာလို့မသိရမှာလဲ .. နင် မမြင်ဘူးတဲ့ ပစ္စည်းတွေတောင်

တ်နေသေးတာ၊ အလုပ်ကျမှ ဘာဖြစ်လို့ မသိတာတွေချည်း ခေါင်း

ပ်နေရတာလဲ .."

"အဲ့ဒါတွေကို ဒေါ်ဥ တို့ပဲ လုပ်တာကိုး အန်တီစော ရယ် .. သူက .."

"သမီး .."

ဒေါ်သီရိ က ကိုယ့်သမီးကို မျက်မှောင်ကုတ်နှင့် လှမ်းကြည့်၍

တ်ပြသည်။ နွယ်နွယ်ထွန်း က မျက်နှာလေးအို့နေကာ လက်ပ်

ဆိပ်ပဲ အကြည့်ရောက်နေ၏။

သူမ စိတ်ကူးက မယ့် ဆီက ဒါကို ကိုယ့်လက်ပ်တော့ပ်နဲ့ လဲကိုင်

ဖြစ်သည်။ ထိုစဉ် ဒေါ်ကောက် အူယားဖားယားရောက်လာကာ..၊

"မစော ရယ် .. အဲ့ဒါတွေကို ဒေါ်ကြီး လုပ်လိုက်ပါ့မယ်၊ ခုပဲ ..

စ္စည်းတွေအခန်းထဲထည့်နေတာ ဒေါ်ကြီး ဝိုင်းကူပေးခဲ့သေးတယ်၊

ကြာ သူ့ဆရာမ ရောက်လာတော့မှာမို့လို့ပါ .. နော် .."

"ရှင့်ကိုဘယ်သူက ခေါ်လို့လဲ .."

"ကဲပါ အစော ရယ် .. သူ လုပ်ပေးမယ်ဆိုလည်းပြီးတာပဲ၊ တော်

အဲဒီ ဂိုက်(ဒ်)လုပ်စားတဲ့တစ်ယောက်က အတိုင်းအတောထူပါဘိ

.."

ပြော၍ မသိမသာ လက်တို့လိုက်မှ အစော က လက်လျော့၏။

ကို မယ် ကလည်း မြင်လိုက်သည်။ ဖာဖာထေးထေး ဝင်ပြောသလိုလို

က်လုံးထဲမှာတော့ စိတ်ကောင်းစေတနာ တစ်စက်မှ မပါတာ အသိသာ

ပင် ..။

ဒီမိန်းမကြီးနှစ်ယောက်စလုံး သူမတို့ သားအမိအပေါ်မှာ ဘယ်လို

က်တွေနဲ့ ဒီလောက်ထိ နေရာတကာ အပြစ်မြင်နေကြသလဲ မသိ..။

ဒါပေမယ့် ဘကြီးဦးစိုးရာ က အမေ့ကို တရင်းတနှီးခေါ်တွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြလိုက်သည်ဆိုတာ သိထားရသဖြင့် ငြိုငြင်မှုအားလုံးကို ရှင်း
ဆုံးဖြတ်ထားပြီးဖြစ်ကာ …။

"ရတယ် အမေ .. တီချယ် ရောက်လာရင်လည်း မယ် အိမ်
အားလုံးပြီးနေပြီ ရပါတယ်၊ မယ် ပဲလုပ်မယ် .."

ကိုယ့်သမီးက လုပ်မယ်ဆိုကာမှ ဘာမှမတတ်နိုင်တော့
ဒေါ်ကောက် မျက်နှာငယ်နှင့် ကျန်ရစ်၏။

"ဟွန်း .. ငယ်တဲ့သူက မသိရင်တောင် ဒူးနေရာဒူး ခေါ်
တော်ဆိုတာ ရှင်က သိသင့်တယ်၊ အစိုး က အရေးပေးထားတိုင်း အ
အရေးမလိုချင်နဲ့ .."

အစော က အကျအနကြိမ်းဝါးနေသေးသည်။ သီရိ က သ
သူကို မျက်ရိပ်ပြ၍ မနေရာမှ မသိမသာခွာ၏။ စိတ်ချရလောက်
ကွယ်ရပ်တစ်နေရာရောက်မှ နွယ်နွယ်ထွန်း ရဲ့လက်ကိုလွှတ်က

"သမီး နင် အစော မြှောက်ပေးတိုင်း မကနဲ့နော် .."

"သမီး ဘယ်မှာဘာပြောလို့လဲ .. သူပြောတာကို မေမေပဲ ရ
မန်း လိုက်လုပ်နေတာ .."

"ခုကိစ္စကို ပြောနေတာမဟုတ်ဘူး၊ မယ် တို့ကို ဖေးမညှာတ
တာလည်း ကျားကို ကျောသပ်မွေးသလိုပဲ၊ မယ် ဆိုတဲ့ကောင်မလေ
'ဇ' သေးသေးမဟုတ်ဘူးနားလည်လား .."

"မေမေရာ မေမေတို့ကိုက ဒီအိမ်ကကိစ္စတွေမှာ စိတ်ဝင်
တတ်တာ အိုဗာဟင်းပဲ .."

"ဘာ!..."

"မေမေပဲ ကိုယ်လိုချင်တာရချင်ပေမယ့် ဘဘ ငြိုငြင်ခံလို့
မဖြစ်ဘူးဆို .."

"ဒါကြောင့် ပြောနေတာလေ .. ငြိုငြင်စရာတွေ ကိုယ်က
လိုက်၊ အစော က ဘီလူးဆိုင်းတီးပြီဆိုရင် အသာလေး နောက်ပြန်





လိုက်ပေါ့၊ သူနဲ့ရောသောပြီး ကိုယ့်ခေါင်းကိုပါ မိုးကြိုးပစ်ခံရမှာမျိုး
ကြိုတင်ရှောင်ရှားရမယ် .."

ကောင်းပါ့ …။

နွယ်နွယ်ထွန်း က ပခုံးလေးတွန့်ပြီး သက်ပြင်းချသည်။ သူမလည်း
အိမ်ကို ခဏလေး ခဏလေးပဲလာဖြစ်တာပါ။ မယ့် ကို မြင်ကာစက
တော်တော်မျက်စိစပါးမွေးစူးလိုက်ပေမယ့် တောသူမ ငတုံး …။

အသာလေးချော့ပြီး ကိုယ်လိုချင်သလို ဆွဲထုတ်ယူရုံမဟုတ်ဘူး
လား …။

"မိဘပြောနေရင် ပြောတာကိုပဲ သဘောပေါက်ဖို့ကြိုးစား၊ ကျော်
ပြီး လျှောက်တွေးမနေနဲ့ .."

သီရိ က နွယ် ဘာတွေတွေးနေတယ်ဆိုတာ သိနေတဲ့အတိုင်း …။

"ငါ ညည်းအမေနော် သမီး၊ လူဆိုးလုပ်ရမလား ဓားပြရမလား
မျိုးစုံအောင် ကတတ်တယ်၊ ဒါပေမယ့် အစော က ငါတို့ထက်ပိုတယ်၊
ခုလည်း အိမ်မှာ ငါတို့မသိအောင် သူ ကြံစည်လှုပ်ရှားနေတာတွေ အများ
ကြီးပဲ .."

"ဟင် .. ဟုတ်လား .."

"အေး .. နောက်တော့မှပြောပြမယ် .. အခု သိထားရမှာက အစော
ကို သတိထား .."



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၇)

“မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ မြေး .. မင်္ဂလာကိစ္စ ဘွားပြောမိလို့လား ..၊ ခုလောလောဆယ်မှ မဟုတ်သေးတာကွယ်၊ ရွှေရုပ်လေး စင်ကာပူကပြန်မှ ..”

“မဟုတ်ဘူး ဘွား ..”

အစိုး မျက်နှာက မသိမသာအောင် မှုန်မှိုင်းနေ၏။ ရေချိုးပြီးစမို့ ရှင်းသန့်ကြည်စင်နေသည့် မျက်နှာမှာ မျက်ခုံးထူထူတို့ကို တွန့်ကုတ်ထားသဖြင့် အလိုမကျနေတာကို အကဲခတ်စရာမလိုပေ ..။

ဒေါ်မြင့်မြတ် မေးလိုက်မှ မဖတ်ဘဲကိုင်ထားသည့် မင်္ဂလာဧည့်ခံပွဲဖိတ်စာကို စားပွဲပေါ်မှာ ချယားလိုက်ပြီး ကိုယ်ကိုမတ်မတ်ပြင်၍ ..၊

“ဒီမှာ တစ်အိမ်လုံး ဘာတွေဖြစ်နေကြမှန်း မသိဘူး ..”

“ဘာတွေဖြစ်နေလို့လဲ ..”

“အန်တီနဲ့ မယ့် ကိုပဲ ငြူငြင်နေကြတယ် ဘွား ..၊ သူတို့ကို မြေလည်အောင်နေပေးပါလို့ ကျွန်တော်မပြောဘူး ငြူငြင်တာတွေ ထုတ်ပြမနေဖို့ပဲ ..”

ဒေါ်မြင့်မြတ် က မြေးဖြစ်သူမျက်နှာကိုပဲ ကြည့်နေခဲ့လျက် ဘာမှ





ပြောသေးပေ ..

“ကျွန်တော်က ဒီလိုမှာထားရင် အားလုံးက ဟိုလိုလုပ်တယ် ..”

“အားလုံးဆိုတာ ..”

“အားလုံးပဲ ဘွား .. ကိုကြီးတို့ ကိုလေးတို့ အားလုံးကိုပြောတာ..”

“သူတို့မိန်းမတွေရောလား ..”

“ကျွတ် ..”

မဖြေပေမယ့် စုတ်သပ်ခေါင်းခါခြင်းကြောင့် ဖြေသလိုပြည့်စုံသွားသည်။ ပြီးတော့မှ ...

“ကျွန်တော် လက်ထပ်ပြီးရင် ဒီသားအမိကပိုပြီး တခြားဖြစ်သွားတော့မှာ၊ အဲ့ဒီကျရင် အားလုံးရဲ့ ဖိနှိပ်မှုတွေကလည်း မတွေးရဲစရာပဲ..”

“နေပါဦး မြေးရယ်၊ မြေးက သူတို့အတွက်ကို မြေး အိမ်ထောင်ပြုပြီးတဲ့ ဟိုဘက်ထိ တွေးပူနေရတာလား ..”

ဘာရယ်မဟုတ်ဘဲ အစိုး မျက်နှာပူသလိုဖြစ်သွားသည်။

“စိုးရာ ကလည်း တစ်သက်လုံး အိပ်ရာထဲလဲသွားတော့မယ့် လူမမာကြီးမဟုတ်ပါဘူး၊ မြေး စိတ်ပူနေတာက စိုးရာ အတွက် သားလိမ္မာဖြစ်သင့်တာထက်တောင် ပိုနေပြီထင်တယ် ..”

မလုံမခြုံဖြစ်သွားသည့် ကိုယ့်စိတ်ကို ချက်ချင်းသန့်စင်ကာ ဘွားမျက်နှာကို တည်ငြိမ်စွာပြန်ကြည့်၍ ...

“ကျွန်တော်ပြောပြီးသားပဲ ဘွားရယ်၊ ဖေဖေ ခိုင်းလိုက်တာပေမယ့် ကျွန်တော်တို့က ရဲဘော်ရဲဘက်လို ပခုံးချင်းယှဉ်ပြီး အန္တရာယ်တွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ရတာ ..၊ ဟိုဘက်မှာတုန်းကဆို ရန်ဖြစ်ဖော်ဖြစ်ဖက် သူငယ်ချင်းတွေလိုပဲ .. ဒီရောက်လာတော့မှ အလုပ်ရှင်နဲ့ အလုပ်သမား ဖြစ်သွားခဲ့တာ ကောင်းလား ..၊ ပြီးတော့ ဖေဖေက သူတို့ကို ခိုင်းဖို့ခေါ်တာမဟုတ်ဘူးဆိုတာလည်း ပြောပြထားပြီးသား ..”

“ခိုင်းတာကတော့ ..”



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်းရုံတင်လည်းမဟုတ်ဘူး .. အခု ဖိနှိပ်မှုတွေပါဖြစ်နေတာ ဘယ်လိုပြောပြထားထား မရဘူး ..၊ ဘာကိုမှ ဂရုမစိုက်ဘူး၊ သူတို့ လုပ်နေကြတဲ့ပုံက ဖေဖေ့ကိုပါ စော်ကားနေတာနဲ့ တူနေပြီ .."

"မြေး .. တော်တော် ဒေါသထွက်နေတာကိုး .."

တကယ် စိတ်မကောင်းလို့ ပြောလိုက်တာလား၊ တစ်ခုခုကိုပြောချင်လို့ အစပျိုးလိုက်တာလားတော့မသိ ..။

"ဒေါသဖြစ်ထိုက်နေပြီ ဘွား ..၊ မမဓော တို့ တကယ်ကိုလွန်တယ်၊ အိမ်ကအလုပ်သမားတွေနဲ့တောင် မတူဘူး။ မယ် တို့သားအမိကိုမှ ရွေးကွက်ပြီး ပြုငြင်နေတာ .."

"မယ် ဆိုတဲ့ မိန်းကလေးကလည်း မေတ္တာထားချင်ဖွယ်လေးမှ မဟုတ်ဘဲ မြေး၊ ကြီးမှန်းမသိ ငယ်မှန်းမသိ ခပ်ရိုင်းရိုင်းလေး .."

"မယ့် ဘ၀အခြေခံကိုက ဒီတိုင်းဖြစ်စေခဲ့တာ၊ သူတို့ထက်လည်း အများကြီး အသက်ငယ်တယ်လေ၊ ပြီးတော့ ခွေးကို ရိုက်ချင်ရင် ခွေးရှင်မျက်နှာတော့ကြည့်ဦးပေါ့ .."

ဘယ်အချိန်ဖြစ်ဖြစ် သူ ပြန်လာလိုက်ရင် မယ် က အိမ်အလုပ်တွေထဲမှာ ..၊

ဒေါ်ကောက် ကို မြင်လိုက်ရတိုင်း ခြံတွင်း သို့မဟုတ် အိမ်တွင်း တစ်နေရာမှာ ခေါင်းမဖော်နိုင်အောင် တကုပ်ကုပ် ..၊

'မယ် က ပြောတော့ အမေ့ကို ခိုင်းမှာစိုးလို့ သူမ ဝင်လုပ်နေပါသည်' တဲ့ ..။

ပုံစံကြည့်ရတာ မယ့် ကို ဒီမှာခိုင်းထားပြီး ဒေါ်ကောက် ကိုတော့ ဟိုတစ်နေရာမှာ ခိုင်းနေတဲ့ပုံပင် ..။

တစ်ခါတစ်လေ ဒေါ်ဥ ကို ဖယ်ခိုင်းပြီး ဒေါ်ကောက် ကို ဝင်လုပ်စေတာတွေ သူ့နားနဲ့ ကြားသည်။ မျက်လုံးနဲ့ သေချာမြင်တာတွေလည်း ရှိသည်။





ဒါ ဘယ်သူကမှ ပြန်တိုင်တာမဟုတ်သေးမယ့် ပြောပြန်ရင် နှစ်ဖက်စလုံး အမြင်တွေဆောင်းသွားနိုင်တာကြောင့် သူ ပါးစပ်ပိတ်ထားခဲ့တာပါ။

ခုတော့ မယ် က သူ သိစေချင် တတ်စေချင်တာတွေကို အလုပ်တစ်ဖက်နဲ့ ကြိုးစားနေရသည်။ သိနေသင့်သလောက် သိမလာတာတွေ၊ တတ်ထားသင့်သလောက် မတတ်သေးတာတွေ ..၊

ဒါတွေကို သူ ဘယ်လိုအပြစ်တင်ရမလဲ ..၊ ဘယ်သူ့ကို ကြိမ်းမောင်းမလဲ ..၊

"ကျွန်တော် ပြောချင်တာက ဒီလိုပါ၊ ဖေဖေ ကျန်းမာလာရင်လည်း လူငယ်တစ်ယောက် သိသင့်တတ်သင့်တာတွေကို ကျွန်တော့်လောက်တော့ ကိုယ်တိုင်ကြပ်မတ်ပြီး သင်ပေးနိုင်မှာမဟုတ်ဘူး၊ သူ ဒါတွေလေ့လာကျွမ်းကျင်သွားရင် သူ့ကို မြို့နဲ့ မြို့ပတ်ဝန်းကျင်မှာ ဝင်ဆံ့အောင် သင်ပြပေးရမှာတွေရှိသေးတယ်၊ အားလုံးက ကျွန်တော်လက်ထပ်ပြီးသွားရင် သွားပြီ .."

"ဘာသွားတာလဲ မြေး .."

"ကျွန်တော် ပြီးပြည့်စုံအောင် မလုပ်ခဲ့နိုင်ရင် ဖေဖေပဲ စိတ်ဆင်းရဲရမှာ .."

မြေးရဲ့ စကားတွေမှာ ကြီးမားတဲ့ သံယောဇဉ်တွေပါနေပေမယ့် လက်မထပ်ရသေးခင်မှာ ဆောင်ရွက်ပေးခဲ့ချင်တာပါလို့ ပြောနေသဖြင့် ပွပန်စိတ်တော့ လျော့ကျသွားမိ၏။

ထို့ကြောင့် ဒေါ်မြင့်မြတ် က သက်ပြင်းချရင်း ..၊

"မြေးကို ဘွား ပြောပြမယ်၊ ခုန မြေးစိတ်ဟိုနေသလို 'ခွေးရိုက်ချင်ရင် ခွေးရှင်မျက်နှာကြည့်ရမယ်' ဆိုတဲ့စကားကိုပေါ့၊ သူတို့တွေ မြေးရဲ့ဆန္ဒ မြေးပြောတဲ့စကားကို ဘာလို့ဂရုမစိုက်ကြသလဲ သိလား .."

အစိုး က ဘာမှမပြောဘဲ နားထောင်နေ၏။

"မြေးကို ဂရုစိုက်စရာလူလို့ မမြင်လို့ပေါ့ .."

www.burmeseclassic.com



ဖြေရှင်းချက်က တိုတိုတုတ်တုတ်သေမယ့် အတိအကျပဲဖြစ်သည်။

"ဒီအိမ်မှာ မြေးက တစ်ဦးတည်းသော မျိုးဆက်သွေးပဲ၊ ဒါပေမယ့် မြေး ဘာကို ဂရုစိုက်လို့လဲ .. သူငယ်ချင်းတွေနဲ့ လွတ်လပ်သလိုနေတယ်၊ ရည်းစားထားဖူးတယ် .."

"သူငယ်ချင်းတွေပါ .."

"ဘာဖြစ်ဖြစ် တွဲနေကြတာကို လူတိုင်းမြင်မှာက အတွဲပဲလေ၊ မြေးက မိဘရဲ့အမွေအနှစ်စည်းစိမ်ဥစ္စာကို ဂရုမစိုက်ဘူး၊ စီးပွားရေးဆိုတာ ကိုယ်နဲ့ ဆိုင်တယ်လို့တောင် ထင်ရဲ့လား .."

"ကျွန်တော် အဲလောက်ထိ မဟုတ်ပါဘူး ဘွားရယ်၊ ဖေဖေ ကိုယ်တိုင်က ကိုကြီးတို့ အားငယ်သွားမှာစိုးလို့ ကျွန်တော့်ကို ဘာမှမခိုင်းခဲ့တာပါ၊ ကျွန်တော်ကလည်း အဲ့ဒါကို ငဲ့နေခဲ့တာပါပါတယ် .."

"ငဲ့ညှာရတဲ့ဘက်က ဂုဏ်ဖော်ပြလို့လည်းမကောင်းဘူးမြေးရဲ့၊ အဲ့ဒီတော့ ကိုယ်က ငဲ့ညှာလိုက်ရင် 'ငါ့ကိုငဲ့ညှာတာပါလား' ဆိုတာ တစ်ဖက်က သိတတ်မှုရှိမှ ညှာတာရကျိုးနပ်သလို ခံယူတဲ့ဘက်မှာလည်း ယူသလောက်ရတာ .. ဘွား ပြောတာ မြေး သဘောပေါက်ရဲ့လား .."

သူ ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်မြင့်မြတ် က လည်းခေါင်းညိတ်ကာ ..၊

"အခု မြေးနဲ့ သူတို့ အပေးအယူတွေလွဲနေကြတယ်လို့ ဘွား ပြောရင်ရော မြေး နားလည်လား .."

"ဟုတ်ကဲ့ .."

"အေး .. ဖမ့်ဒီတော့ နေရာတကာမှာ ငဲ့ညှာစာနာမှုတွေချည်း ထားပေးနေဖို့ မစဉ်းစားနဲ့၊ အများကြီးမတွေးဘဲ အခု မြေး ဘာလုပ်သင့်သလဲ ဆိုတာ တွေးကြည့်လေ .."

"ကျွန်တော် ရင်ဆိုင်နေရတဲ့ကိစ္စတွေက အဲလောက်ထိ .."

"ကြီးကျယ်ပြီကော မြေးရယ်၊ သူတို့တွေ မြေးကို အလေးထားလာ





ရမယ်၊ ဂရုစိုက်စရာလူလို့ မြင်လာရမယ်၊ ဒါမှ မြေးက ဒါဆိုဒါ မြေးပြောလိုက်တဲ့စကားတစ်ခွန်းကပဲ တစ်သံတစ်မိန့်ဖြစ်လာမှာပေါ့ .."

"ကျွန်တော် ဖြစ်စေချင်နေတာတွေက ကျွန်တော် လက်မထပ်ခင် အတွင်းမှာ စီးပွားရေးပညာကို လေ့လာဖို့က .."

" 'ပညာဆို အိုသည်မရှိ' တဲ့ မြေးရဲ့ ..၊ မြေးက လုပ်သင့်နေတဲ့ အချိန်မှာ မလုပ်ဘဲ နေသေးတာပဲရှိဟာ၊ ဘာမှ အချိန်မလွန်သေးဘူး၊ ခုနေသာ စီးပွားရေးလုပ်ငန်းတွေကို မြေးက စူးစမ်းလာပြီဆိုတာ သူတို့ သိလိုက်ရင် ချက်ချင်းတုန်လှုပ်သွားကြမှာ .."

ဒေါ်မြင့်မြတ် ဖြစ်စေချင်နေသည့်ဆန္ဒကလည်း ဒါပဲဖြစ်သည်။ ဦးစိုးရာ ကို နေရာတကာပြောပြနေရတာ ကြာရင် ကိုယ်ကပဲ အသက်ကြီးမှ ဥစ္စာခြောက်နေသည်ဖြစ်တော့မည်။

ဘာပဲဖြစ်ဖြစ် တစ်မူးတစ်ပဲကအစ ကိုယ်ရှာဖွေစုဆောင်းခဲ့ရတာ၊ ကိုယ့် သားသမီး မြေးသားအတွက်ပဲမဟုတ်ဘူးလား ..။

ကိုယ့်မှာ တောင့်တင်းမှသာ စိတ်အကြိုက်အိတ်နှိုက် လှူနိုင်မည်။ မြေးသားကအစ ရိုသေသမှုရှိမည်။ ကြွေးဟောင်းကိုပဲဆပ်ဆပ် ကြွေးသစ်ဖဲချပါစေဦး၊ အရာရာဟာ ကိုယ့်သွေးသားမျိုးဆက်တွေအတွက်သာ ဖြစ်ရပေမည်။

ကိုယ့်သွေးသားလည်းမဟုတ်၊ အထူးသဖြင့် သူတို့ကိုယ်တိုင်ကလည်း မိဘလိုသဘောထားကြတာမဟုတ်ဘဲ ကိုယ်က ဘာမဆိုင် ညာမဆိုင် ပေးဆပ်နေရမှာလား ..၊

မြေးကိုလည်း ပြောဆိုသင်ပြချင်တာကြာပါပြီ။ ဒါမျိုးကလည်း ကိုယ်တိုင်စိတ်ပါဝင်စားမှ ဖြစ်တာမို့ အချိန်အခါကို စောင့်နေခဲ့ရသည်။

"မြေး .. ဘွား ပြောနေတာကြားရဲ့လား .."

"ကြားပါတယ် ကျွန်တော် စဉ်းစားနေတာ .."

"ဘာကိုလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးတို့နဲ့ ရင်ဆိုင်ရမှာ ဖေဖေ ကြိုက်ပါ့မလား .."

"မကြိုက်ရှိပါမလား မြေးရယ်၊ မတိုက်တွန်းပေမယ့် ဒါ တားဆီး ရမယ့်ကိစ္စမှမဟုတ်တာ၊ သူလည်း မြေးကို စီးပွားရေးစိတ်ဝင်စားဖို့ပြော ဖူးတယ်မို့လား .."

မိဘနဲ့ သားသမီးကတော့ မလိမ္မာတာတွေ့တိုင်း လိမ္မာဖို့ဆုံးမကြမှာ ပါ။ ဒါကို နင်း၍ ကျကျနနဆုံးမနေမိသည်။ သို့သော် .. ဒီတစ်ခါကျ နာခံဖို့အဆင်သင့်ဖြစ်နေသည့် မြေးရဲ့ပုံစံကိုမြင်ရတော့ စိတ်ထဲမှာသိပ် ဘဝင်မကျ ..၊

'စီးပွားရေးတွေကို အာရုံစိုက်ပါတော့မယ်' လို့များ ဆုံးဖြတ်တော့ မည်ဆိုလျှင် ဒါ ဘယ်သူ့ကြောင့်ဖြစ်နိုင်မှာလဲ ..၊





အခန်း (၂၈)

"စာမေးပွဲအောင်ပေမယ့် အဲဒါတွေ မလုပ်ချင်ပါဘူး .."

ငြင်းနေကျအတိုင်း မယ် က ခေါင်းခါမြဲခါ၏။

"မင်း .. ကွာ .."

မချင့်မရဲ စုတ်သပ်ရင်း အစိုး ထွက်သွားတော့မှ သူမ သက်ပြင်း ချ်မိသည်။ အင်္ဂလိပ်စကားပြော အခြေခံအဆင့် အောင်တုန်းကလည်း ဆုံစံကိုပါ ပြောင်းလဲရမယ် .. ငါနဲ့အပြင်ကိုလိုက်ခဲ့ပြီး တစ်နေ့လောက် င်ထွက်ရအောင်' လို့ပြောခဲ့၏။

ထို တစ်နေ့လောက်ဆိုတဲ့အချိန်မှာ အစိုး လာခေါ်တော့ သူမ ခေါင်း သလိုလို ဗိုက်နာသလိုလိုအကြောင်းပြ၍ ငြင်းခဲ့သည်။

တစ်ခါက မမစော နဲ့ စကားပြော အဆင်မပြေဖြစ်ကြသည်။ နောက် မှာ အစိုး ဒီတိုင်းပဲ လာခေါ်၏။

"မင်းကို ဒီပုံစံထားလို့မဖြစ်တော့ဘူး၊ ဆံပင်လေးနည်းနည်းပြင် တားပုံလေးပြောင်းရမယ် .." တဲ့ ..။

သေချာသိတော့ ပိုဆိုးသွားသည်။ သူမ ငြင်းဆန်ခဲ့တာ ဒီတစ်ခါ သုံးခါရှိပါပြီ။ တီချယ်က ပြန်ခါနီးတော့ ရယ်ရင်းပြောသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"တီချယ်ကတော့ စာမေးပွဲတွေစစ်ပေးတယ်၊ တကယ်တော
အမှတ်ပြည့်နဲ့ အောင်လက်မှတ်ချီးမြှင့်ခဲ့တာနော် ..၊ နောက်ထပ် နိ
ချင်တဲ့ သူဆီက ယူတာမယူတာကတော့ မယ့် အပိုင်းပဲ၊ တော်
ကိုကြီးစိတ်ဆိုးသွားလို့ နောက်ထပ် သင်တန်းတွေပေးမတတ်နိုင်
နေဦးမယ် .." တဲ့ ..။

မတတ်နိုင်းတော့လည်း ကောင်းတာပဲလို့ မှတ်ရမှာပါ။ ပည
လိုချင်ပေမယ့် အလုပ်လည်းလုပ်ချင်သည်။ အလုပ်လုပ်ရင်း စာသင်
မျိုးကိုသာ လိုချင်မိသည်။

ကိုယ်နဲ့ သွေးမတော်သားမစပ်ဘဲ မလိုလားကြတဲ့လူတွေ
ဝိုင်းဝိုင်းလည်နေတာကို ..။

"ဟဲ့ .. ဘယ်ရောက်သွားလဲ .. မယ် .. ရိုးမယ်ဖွဲ့ .."

"ရှိပါတယ် .."

"အောင်မလေးဟယ် .."

ဘေးမှာ အနီးကပ်ကြီးပေါ်လာသဖြင့် အစော တုန်ခနဲဖြစ်
သည်။ ရင်ဘတ်ကိုလက်နဲ့ ဖိထားလိုက်ကာ ..၊

"ဒီနားမှာတင်ရှိနေတာကို ထူးလိုက်ရင် သေမှာမို့လို့လား ရိုးမယ်

"မထူးတော့ မမစော 'ဟဲ့' လို့အကျယ်ကြီးအော်လို့ရတာပေ

"ဘာ!..."

ဒေါသက လူကိုပါ ထုရိုက်ပစ်ချင်သွားတဲ့အထိဖြစ်၏။ သို့သေ
ရိုးမယ်ဖွဲ့ ဆိုသည့် မိန်းကလေး အပြောအဆိုမညက်သောတိုင်း... ဒေါ
တွေ ထိုင်ဖြစ်နေရလျှင် အသက်တိုမည်။

"ပြောလိုက်ရင် နားထဲဝင်အောင်ပြော၊ လူဆိုတာတစ်ခါပြော
မှတ်ထားရတယ် .."

"ဟုတ် .."

ရွဲ့တာဖြစ်ဖြစ် မျိုးသိပ်သည်းခံ၍ဖြစ်ဖြစ် 'ဟုတ်ကဲ့' ခေါင်းညိ





ခြင်းဖြင့် 'စကားနည်းရန်စဲ' ဖြစ်သွားလိမ့်မည်လို့ အမေ အတန်တန်
ပေးထားလို့ပါ။

ဒါပေမယ့် အစော ရဲ့ ကြိမ်းဝါးသံတွေလည်း ဒီမှာပဲ အဆုံးသတ်
ခဲ့ပြီး ..၊

"စားသောက်ပွဲတွေအတွက် စီစဉ်ပေးထားတာတွေအားလုံး ချက်
ပြီးပြီလား .."

"ပြီးသွားပါပြီ .. အဲ့ဒါ ညနေစာဖြစ်သွားတယ်ဆိုလို့ ပြန်လည်း
ပြီးပါပြီ .."

"ဟုတ်တယ် .. ရွှေရုပ် ရဲ့ မိတ်ဆွေတွေ ဒီမှာ လန့်ချ လာစားကြ
သ၊ အဲ့ဒါ စောစောကမှ လေဆိပ်ကဖုန်းဆက်တယ်၊ ဒီ ဖလိုက်(တ်)
ပါဘူးတဲ့ ..၊ အစိုး ကလည်း အပြင်ထွက်သွားပြီဆိုတော့ အားလုံး
သိမ်းလိုက်တော့ ..၊ ညနေစာအတွက် ဘယ်ဟာမှ အဆင်းအနံ့အရသာ
ကဲစေနဲ့ .."

"ဟုတ်ကဲ့ပါ .."

"အရမ်းနူးသွားလို့မကောင်းမယ့် ဟင်းတွေ ပြန်နွှေးရင် အရသာ
သွားနိုင်တာတွေ ..၊ အဲ့ဒီဟင်းတွေကို သွန်ပစ်ပြီး အသစ်ပြန်ချက်
တ် .."

"ဟုတ်ကဲ့ .."

"ဟုတ်ကဲ့ မနေနဲ့ .. အစိုး က နေရာတကာ ဖေဖာ်ပေးနေတိုင်း
ပါဝါနဲ့ နေလို့မရဘူး၊ အခု ဟင်းတွေပြန်စီစဉ်ရမယ့်ကိစ္စကို ဒေါ်ကောက်
ညည်းနဲ့ပဲ လုပ်ရမှာ ..၊ ဒေါ်ဥ တို့ အပေါ်ထပ်မှာ ဧည့်သည်အတွက်
နေခန်းရှင်းနေကြတယ် .."

"ချက်ပြုတ်ပြီးသားတွေကို ပြန်စီစဉ်တာ အမေ ပါဖို့မလိုပါဘူး
စော ..၊ ဒီဟင်းတွေတွေချက်တာလည်း ဒေါ်ကြီးဥ ကိုမေးပြီး မပ
ချက်တာပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. ဟင်းအိုးတွေအကုန်လုံး .. ဟုတ်လား .."

"ဟုတ် .."

"ဒုက္ခပါပဲ .. တောနဲ့တွေပါကုန်ရင် သွားပြီ၊ ညည်းက ဒါမျိုး တော့ မနိုင်းရဘဲနဲ့ .."

"မမသီရိ ခိုင်းခဲ့တာပါ .."

"ဟင်!..."

ဒါမျိုးကျတော့ သင်းကလည်း ပါဝါအာဏာတွေဝင်ပြသွားသ ဒီက ပြောသင့်လို့ပြောနေပြီဆိုရင်တော့ လျှော့ပါပေါ့ပါ တားရတာ မိန်းမဆိုး ..၊

တွေးနေရင်း ဖုန်းလာသဖြင့် အိတ်ထဲက ထုတ်ကိုင်လိုက်ရ

"လေးနာရီဆို အားလုံးပြင်ဆင်ပြီးသားဖြစ်နေပေ့စေနော် .. ပြန်လာရင် ဝင်ကြည့်မယ် .."

ဖုန်းမပြောခင် မယ့် ကို မှာခဲ့သေးသည်။ ပြီးမှ ထွက်လာရင်း ကို ဖွင့်၍ ...

"ဗုဒ္ဓး ပြော .."

"... ... ... ..."

"အေး .. ညနေ ဒင်နာဖြစ်သွားပြီ၊ လာခဲ့လေ .. ဒါပေမယ့် အ ပုံစံနဲ့ မလာနဲ့တော့ .."

"... ... ... ..."

"ဟုတ်တယ်၊ နောက်မှပဲ သေချာရှင်းပြတော့မယ် ..၊ ငါက ကသာ သူများကိုပြောချင်တာ ကိုယ့်ကိုပြောရင် မခံနိုင်ဘူး၊ အဲဒီ ကြိုတင်အကွက်မြင်မှ ..၊ ဒါကြောင့် ပုံစံပြောင်းရမယ် .."

တူမ ဖြစ်သူကလည်း အစိုး လို ကောင်လေးမျိုးကိုတောင် မ ရုံးနိုင် ..၊

ကိုယ့်တူမအခြေအနေကိုက တိုးတက်လာဖွယ်မရှိသည့်ပြင်





သူတွေများလာခဲ့သည့်အဖြစ်ကြောင့် ကိုယ့်ဇွဲအစည်ကို လက် ထားရသည်။

ပြီးတော့ အစ်ကိုအောင်ထွန်း နဲ့ သီရိ နဲ့ ပါးစပ်က ဒီတိုင်းနေမှာ တဲ့ ..၊

"ကိုသူ .."

ဗုဒ္ဓး နဲ့ ပြောပြီးတော့ ယောကျ်ားဖြစ်သူကိုခေါ်ကာ ...

"ဒီနေ့ အစိုး ရောက်လာသေးလား .."

"... ... ... ..."

"ဟင် .. ဘာ .."

အစိုး က စက်ရုံဝင်းထဲမှာတဲ့ ..၊

"သူက ဘာလုပ်နေတာလဲ၊ ကုမ္ပဏီရုံးခန်းထဲမှာတောင် မနေဘဲ .."

"မသိဘူး .. ကိုအောင် နဲ့ အတူတူ ဘာတွေလုပ်နေတယ်မသိဘူး၊ ကို စာရင်းတွေအင်းတွေစစ်လို့ကတော့ .."

"အစိုး ပါနေရင် ကို ဘာလုပ်လို့ရမှာလဲ ကိုရယ် ..၊ ဒါ သီရိ တို့ ဘုရားဖူးလိုက်တာ ..၊ တမင်တကာ သူ့လူကိုယ့်ဘက်သားလုပ်နေ တွေ ခုတော့ ပေါ်ပြီ .."

"မဟုတ်လောက်ပါဘူးကွာ .. ကိုအောင် ကရော ဘာတတ်နိုင်မှာ လဲ ..၊ သူလည်း ကိုယ်တို့လိုပဲ မလွှဲသာလို့ ကြည်ဖြူဟန်ပြနေရတာ ပါ၊ ကြည့်ရတာတော့ နယ်က ရီတမ်း(န်)ပြန်ဝင်တဲ့ ကုန်တွေ ကြောင့်ထင်တယ် .."

"အို .. အဓိပ္ပာယ်မရှိလိုက်တာ အစိုး က ဘာသိမှာမို့လို့လဲ .."

ဒေါသတွေတနုံ့နုံ့ဖြစ်နေမိသည်။ ပြောမယ့်သာပြော ရသည် အစိုး ကုမ္ပဏီလုပ်ငန်းတွေနဲ့ သိပ်စိမ်းသက်တဲ့သူမှ မဟုတ်ဘဲ ..။

မအေက ခေါ်ခိုင်းခဲ့တာတွေ၊ ဖအေ ခရီးသွားတဲ့အခါ မိတ်မပါ

www.burmeseclassic.com

www.burmeseclassic.com



လက်မပါ ဝင်ထိုင်ခဲ့တာတွေ၊ ဘာပဲဖြစ်ဖြစ် လုပ်ငန်းအကြောင်း... တော့ ကြားဖူးနားဝရှိနေတဲ့သူဖြစ်သည်။

ဒီကောင်လေးက ခုကျမှ ဘာစိတ်ကူးတွေပေါက်ပြီး အလုပ်... နေ့စဉ်လာနေတာလဲ ..၊

အဖေ တစ်ခုခုကပ်ပြောပြီး ကြပ်ပေးလိုက်တာလား၊ အဲ... လား ..၊

ဒါမှမဟုတ် ဟိုတောသူမကို အာရုပ်တွေဘာတွေပေးလုပ်... မို့လို့လား ..၊

တွေးမိလိုက်တော့ ပိုဆိုးသွား၏ ..။

တွေ့မယ် ..၊

တောကျိုးကန်းကို ဇာမဏီငှက်လို ဘယ်သော့မှ ပြောင်းလဲ... ရမှာမဟုတ်ဘူးဆိုတာ အားလုံးသိအောင်လုပ်ပြမယ် ..၊





အခန်း (၂၉)

"အားလုံးပြည့်စုံကြပါတယ်နော် .."

"ပြည့်စုံပါတယ်ရှင် .. ကျွန်မတို့က သမီးရဲ့ သူငယ်ချင်းနဲ့ လိုက်...ပါနေသလိုဖြစ်တော့ အားတောင်နာပါတယ် .."

"မဟုတ်တာ အန်တီကလည်း မလေးမှာ ရွှေရုပ် ခဏဆိုပြီး ဆယ်...ကျော်သွားသေးတာ၊ အဲဒါကျတော့ အားမနာရဘူးလား .."

ထမင်းစားပွဲမှာ ထိုင်ကြပြီဆိုတည်းက မိဘက နှစ်ယောက်၊ မိန်း...လေးက နှစ်ယောက်နှင့် ရွှေရုပ် ရယ်၊ အိမ်က မိသားစုတွေရယ် လူ...အားလုံး စားပွဲရှည်ကြီးမှာ နေရာတကျ အဆင်ပြေနေ၏။

ရွှေရုပ် နဲ့ အစိုး က ယှဉ်တွဲလျက်ရှိကာ ထိပ်ဆုံးမှာ နလံထစလူမမာ...သည့် ဦးစိုးရာ ထိုင်နေ၏။ ဦးစိုးရာ ရဲ့ ညာဘက်ဘေးမှာ ဒေါ်မြင့်မြတ်...က အောင်ထွန်း နဲ့ နေသူရိန် တို့ စုံတွဲတွေက မျက်နှာချင်းဆိုင်ရှိနေ...၏။

တစ်ဖက်က အစွန်းနားမှာတော့ မယ် နဲ့ ဒေါ်ကောက် ..။

ဧည့်သည်တွေမှလွဲလျှင် ရွှေရုပ် ကအစ မယ် တို့ သားအမိကို ...မင်းဝိုင်းထဲအတူသွင်းထားသဖြင့် စိတ်ကသိကအောက်တွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ မျက်နှာတွေမှာ ပေါ်နေကြသည်။ ထို့ပြင် ဒေါ်မြင့်မြတ် ရဲ့ အ... တွေက မယ် တို့ဆီမှာ စူးခနဲကျရောက်သွားကာ နောက်ထပ် ... တို့ သီရိ ကို့ထံ ပြန်ဝေ့၏။

ဒါ ဘယ်သူ့လက်ချက်လဲဆိုတာ မျက်နှာတွေကိုကြည့်လိုက်... ရိပ်မိသွားနိုင်လောက်အောင် အကြည့်က ထွင်းဖောက်နိုင်စွမ်းရှိ...

သီရိ ကတော့ မယ် တို့ သားအမိနဲ့ ဒေါ်မြင့်မြတ် ရဲ့ မျက်လုံး... ကို ကူးလူးကြည့်မိတည်းက တရားခံရှာပြီကိုသိလိုက်ကာ မျက်နှာ... ငယ်ကျသွားသည်။

အစော ကတော့ မသိမသာ မျက်လုံးတွေ ရွှေ့လျားပြီး ဟို... သလိုလို ဒီကိုင်သလိုလို ..။

ဒီကိစ္စ မရှိသားဘူးဆိုတာ ဒေါ်မြင့်မြတ် က ရိပ်မိပါသည်။ ဒီ... မှာ ဒီချွေးမနှစ်ယောက်သာ လွှမ်းမိုးနေခဲ့လျှက် မယ် ဆိုတဲ့ကောင်... က ခပ်ရိုင်းရိုင်းပေမယ့် ဒီလိုဝင်ထိုင်ရဲတဲ့သတ္တိတော့ ရှိမှာမဟုတ် ...

ဒေါ်ကောက် ကတော့ မျက်နှာရိပ်မျက်နှာကဲတွေကိုကြည့်... ဖင်တကြွကြွဖြစ်လာပြီး ..၊

"ဟိုလေ .. ကျွန်မတို့ ခါတိုင်းလိုပဲ နောက်မှာ စားလိုက်ပါ့မယ်..."

ခါတိုင်းလိုပဲလို့ ထည့်ပြောလိုက်သဖြင့် မိသားစုဝင်တွေမဟုတ်... တစ်ဝိုင်းတည်းဝင်ထိုင်နေတာ ပေါ်လွင်သွားသည့်ပြင် သူမတို့ ဘာ... လဲဆိုတာ သို့လောသို့လောတွေ တွေးကုန်ကြ၏။

မျက်နှာတွေလည်း ပျက်ကုန်ကြကာ ဝင်လာကာစလို ဖော်... လိုက်လှဲမှုမရှိတော့ဘဲ မတတ်သာသော အားနာပြုံးတွေဖြစ်ကုန်... သည်။

ဒေါ်မြင့်မြတ် က ဦးစိုးရာ ကို တစ်ချက်ကြည့်လိုက်ပြီးမှ ..

"နောက်မှာ ဘာမှစီစဉ်ပေးဖို့မရှိတော့ဘူးမို့လား .. တစ်ခါတည်း... ပဲ စားလိုက်ပါ .."



အခြေနေမဆိုးရအောင် ထိန်းမတ်ပြောလိုက်ရင်း ဧည့်သည်တွေ ဘက်ကိုလှည့်၍ ..၊

"သူတို့က တောကရောက်လာကြတဲ့ ဧည့်သည်တွေပါ၊ မြို့ကို ရောက်စဆိုတော့ သူတို့နဲ့ ဘာမှအထာမကျသေးဘူးဖြစ်နေတာပေါ့၊ ဒါကြောင့် အစစအရာရာပြောပြနေရတယ် .."

"ဟုတ်လား .."

ဒေါ်မြင့်မြတ် ကိုယ်တိုင်ပြောပြလိုက်မှ လူကြီးနှစ်ယောက်ရဲ့ မျက်နှာ ကြည်ကြည်လင်လင်ဖြစ်သွားကြသည်။ အကောင်းဆုံးပတ်စားဆေမယ့် တော်တော်လေးနုံချာနေသော ဒေါ်ကောက် ကို သိပ်ဘဝင်မကျသော်လည်း မယ့် ပုံစံလေးကိုကြည့်၍ လက်ခံသွားကြသည်။

"ဟုတ်တယ် .. ဟုတ်တယ် .. နယ်ကလူတွေ မြို့ကိုရောက်လာကြရင် ဒီတိုင်းပဲ ..၊ ဒါနဲ့ သူက ဖြူဖြူချောချောလေးပဲနော် .. ဆွေမျိုးတွေလား .."

မြို့ရောက်တည်းက အိမ်တွင်းအောင်းနေသည့် မယ့် မျက်နှာလေး ဖြူနုနေပေမယ့် ..၊

"မဟုတ်ပါဘူး .. အဖေ့ရဲ့ ရပ်ဆွေရပ်မျိုးတွေပါ .."

"သြော် .. ဦးစိုးရာ က ဆောပိုင်းကလား၊ မထင်ရဘူးနော် .. ဖြူဖွေးနုရဲနေတော့ နိုင်ငံခြားသားနဲ့တောင် တူနေတာ .."

လူကြီးတွေ ဘယ်လိုဖြစ်နေကြသလဲဆိုတာ မသိ၊ ဘူးသီးနဲ့ ကြက်ခြေထောက်ကို ချဉ်ဟင်းလေးချက်ထားသည့် ဟင်းပန်းကန်ဆီ မယ့် မျက်လုံးတွေရောက်နေခဲ့သည်။

ဒီရောက်တည်းက ဆီပြန်အကြော်နှပ်တွေချည်းစားနေရတာမို့ စိတ်ဆင်းရဲကြီးစွာ ခံစားနေခဲ့ရသည်။ သူမ ကြိုက်တာက ဟင်းချိုပင်း တစ်ခွက်လောက်နဲ့ ငါးပိရည် ..၊

ဒါမှမဟုတ် အသီးအရွက်တွေနဲ့ အသားတစ်မျိုးမျိုးထဲကို အချို

www.burmeseclassic.com



အင်လေး စိုးစိုးစပ်စပ်ထည့်၍ ပွက်ပွက်ဆူပြီး သိပ်မကြာခင် ဆွဲချစားလို့ရသော 'ပစ်ထည့်ဟင်းလေးတစ်ခွက်' လောက်ဆို အဆင်ပြေပြီ။

အသားတစ်မျိုးမျိုးဆိုလည်း ခုတ်ထစ်လှီးဖြတ်ပြီး တံစို့ထိုး၊ ဒါမှမဟုတ် ဝါးနှီးနဲ့ ဝါးခြမ်းနဲ့ ထိန်းညှပ်ပြီး မီးဖိုဘေးမှာ ကပ်ထောင်ပြီးကင်ထားလိုက် ..၊ ကြွပ်ရှပြီး ရဲနေပြီဆို ဖြုတ်ယူပြီး ဖုံ့ရွဲ့ကာ ဒီတိုင်းပါးစပ်ထဲပစ်ထည့် ရေသောက် ..။

ဒါလည်းပြီးသွားလို့ ရသေးသည်။ သူမအတွက်က ထမင်းနဲ့ဟင်းကို စားရဖို့အတွက် ဆယ်မျိုးလောက် စီစဉ်နေဖို့လည်းမလို ..၊

ခပ်တင်းတင်းဟင်းကြောကို မိုက်ခရိုဝေ့(ဗ်)ထဲထည့်လိုက်မှ လှလှပပ အငွေ့တထောင်းထောင်းဖြစ်လာတာကြီးကို မစားချင် ..။

အရိုးပျောက်အောင် နူးနပ်နေတာတွေလည်း မကြိုက်ပေ။ ခုတော့ ဘူးသီးနဲ့ ကြက်ခြေထောက်ဟင်းက ကိုယ့်ရှေ့ရောက်နေပြီမို့ 'သုံးဆောင်ကြပါ' ဆိုသည့် စကားမဆုံးခင် အနီးဆုံးမှာရှိသည့် အခြေကို အရင်ဆုံးဦးချပေးလိုက်ပြီး ..၊

ရိုးမယ်ဖွဲ့ .. မင်းလုပ်ပြီ ..။

ဒါကို စားတော့မည်ဆိုတာသိနေသဖြင့် မစားဖြစ်ဖို့ဆုတောင်းနေမိသည့် အစိုး မျက်နှာ ကွက်ခနဲပျက်သွားသည်။ ဟင်း၏ အရည်အသွေးကို ကြည့်လိုက်တည်းက ဒီဟင်း မကြာခင် မယ့် ကို ဒုက္ခပေးတော့မည်မှန်း သိနေသည်။

တားဖို့လည်းခက်နေ၏။ မယ် ကတော့ စားဖို့တစ်ခုကိုသာ အာရုံစိုက်နေခဲ့လျက် ဇွန်းနဲ့ ခက်ရင်းကို အကျအနကိုင်သည်။

ကြက်ခြေထောက်၏အလယ်အုံနားမှာ ခက်ရင်းနဲ့ထောက်၍ ဇွန်းနဲ့ ခြစ်ဆွဲနေပါပြီ။

အစိုးရ ပါးစပ်ထဲသွင်းမည့် ထမင်းလုတ်က နှုတ်ခမ်းရှေ့ကနေ နောက်ကို ဒီဂရီများစွာ ငိုမ်းစောင်း၍ ဆုတ်လေသည်။





ခုချိန်မှာ ဘယ်သူ့မျက်နှာ ဘာကိုမှ ဂရုစိုက်ဖို့ သတိမရတော့ဘဲ မယ် ဆွဲနေသည့် ကြက်ခြေထောက်တစ်ဖက် တစ်နေရာကို လွင့်ထွက်မသွားခင် အစိုး ကိုင်ထားသည့် ဇွန်းနဲ့ ခက်ရင်းကို ပန်းကန်ထဲပြန်ချထားလိုက်ပြီး ..၊

"မယ့် .."

"ဟင် .."

"အဲ့ဒါထားလိုက် .. တခြားဟင်းနဲ့စား .."

မယ့် အဖြစ်ကို မသိသေးသည့် သူရော၊ သိလို့ စောင့်ကြည့်နေတဲ့ သူရော အားလုံး၏အကြည့်တွေက မယ် နဲ့ အစိုး ထံ ရောက်သွားခဲ့သည်။

ရွှေရုပ် ကတော့ မယ့် ကိုတစ်ချက်ပဲလှမ်းကြည့်ကာ သူမ၏ အာရုံစူးစိုက်မှုတို့က အစိုး ရဲ့ မျက်နှာပေါ်မှာပဲ တာ့ဂတ်တစ်ခုလို ..။

"အဟွန်း .. ဘာဖြစ်လို့လဲ မောင်လေးရယ်၊ မယ် က ခြေထောက်ကြိုက်လို့နေမှာပေါ့၊ တော်ကြာ သူ စားချင်တာစားခွင့်မရလို့ဆိုပြီး နောက်ဆိုလူတွေထဲ တစ်ဝိုင်းတည်း ဝင်စားနိုင်းလို့မရဘဲနေပါဦးမယ် .."

ဒါကိုစားဖို့ ကြိုးစားလိုက်တာနဲ့ အရှက်ကွဲပြီဟာကို အစိုး က တားဆီးလိုက်လို့ ပျက်သွားခဲ့သဖြင့် အဲစော စိတ်တိုတာကို ဘယ်လိုမှ မမျိုသိပ်နိုင် ..။

"နောက်ဆေးမှာ ချက်ပြုတ်နေရင်လည်း သူက ကြက်သားဆို အရိုးမှ ကြိုက်တာတဲ့၊ အဲဒါကြောင့် .."

"လူငယ်တွေကတော့ ဒီလိုပါပဲ .."

ဒေါ်မြင့်မြင့် က တည်ငြိမ်သည့်လေသံနှင့် စကားထောက်လိုက်ကာ ..၊

"မြေးရဲ့ မမေဆိုလည်း ငယ်ငယ်တုန်းက ဒီတိုင်းပဲလေ ..၊ ကြက်သားဆို မြန်မာကြက်ကို ကြော်ပေးမှ စားတာ၊ ဟင်းချက်ရင် ဖျော့ဖပ်ဖပ်ဖြစ်သွားတာ မကြိုက်လို့တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဟုတ်တယ် .. ပေါင်းတာနှစ်တာတွေဆို သူတို့က ပိုတောင် နှာခေါင်းရှုံ့သေးတယ်၊ အရိုးပါတဲ့ ငါးတွေကိုပဲ ပေါင်းပါလား တဲ့၊ အသားတွေကို အရိုးနူးမှာမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ပေါင်းအိုးထဲထည့် ရတာလဲတဲ့ .. သိလား .. အဲ့ဒီ သမီးပေါ့ .."

ဒေါ်မြင့်မြတ် က ဖာထေးပြောလိုက်တာနှင့် လူကြီးချင်းက အထာ နပ်ပြီးဖြစ်သွားသည်။ ဘယ်သူက ဘယ်သူ့အတွက် ကာကွယ်ပေးလိုက် တယ်ဆိုတာ နားလည်နေရကာ ..၊

"ဒီသမီးက သမီးတို့ထက် အသက်ငယ်မယ်ထင်တယ်နော် .."

ညှိသည်မိန်းကလေးနှစ်ယောက်ရော ရွှေရုပ် ပါ ခေါင်းထောင် သွားကြသည်။ လူကြီးတွေ အဆင်ပြေနေတဲ့ပုံက သူမတို့ဆီကို မေးခွန်း တွေပါရောက်လာသဖြင့် ရုတ်တရက်ပြန်ဖြေရမှာလား မဖြေရဘူးလား လည်းမသိ ..၊

ဒါပေမယ့် ဒေါ်မြင့်မြတ် က ကြားဝင်ဖြေလိုက်ကာ ..၊

"ရိုးမယ်ဖွဲ့ က ပိုငယ်မှာပေါ့ ..၊ ကဲပါ .. စကားတွေပြောနေရင် အစားပျက်နေပါ့မယ်၊ သုံးဆောင်ကြပါ .."

အခြေအနေက ဘာမှမဖြစ်ခဲ့သလို ပြန်လည်တည်ငြိမ်သွားခဲ့လျက် စိတ်ကူးတွေ ပျက်ခဲ့ရသည့် အစော ကတော့ သူမ မျက်နှာပေါ်မှာ ကျေနပ် အားရသည့်အပြုံးကွေ့ပျောက်ကွယ်ခဲ့ရ၏။

အစိုး က မျက်မှောင်ကုတ်နေကာ မယ် က ဘယ်ဟင်းကိုမှ ထပ် မယူတော့ဘဲ ဝို့တိတိနှင့် ဘာကိုမှလည်း ဟုတ်တိပတ္တိ မစားတော့ပေ။

သူမ လုပ်ပုံကို အစိုး စိတ်တွေတိုနေမိကာ ဘာမှမစားဘဲနေလိုက် တော့ ပိုဆိုး၏။ ကရုဏာဒေါသဖြစ်တာမျိုးလား၊ ဒါမှမဟုတ် ဒီလောက် တောင် အခြေအနေအချိန်အခါ နားမလည်ရလားဆိုသည့် ဒေါသတွေ ပြင်းထန်လာတာလား၊ ဘာမှကို ဆက်စားချင်စိတ်လည်း မဖြစ်တော့ ..၊

ဒါကို ရွှေရုပ် က အကဲခတ်နေကာ ဒေါ်မြင့်မြတ် က သုံးယောက်



စလုံးကို မြင်နေရ၏။ ပြီးတော့ စောဥမ္မာ ကို လှမ်းကြည့်မိ၏။

ဒီမိး ဘယ်သူ့မွေးသလဲဆိုတာသိနေသဖြင့် ဒီလောက်ထိ ဂရုမစိုက် ဘှာ မွေနှောက်ရဲတာကို အံ့ဩမိသည်။ ထို့ပြင် ဘာကို မကျေနပ်တာလဲ၊ မယ် ဆိုတဲ့ ပိန်းကလေးကိုမှ ဘာဖြစ်လို့ တာဂတ်လုပ်လိုက်တာလဲ ..။

ဦးစိုးရာ ကတော့ ယောက္ခမမျက်နှာကို တကြည့်ကြည့်နှင့် ဘာဝင် ပြောရမှန်းလည်းမသိ၊ ကိုယ့် သားသမီးတွေ ဘယ်လောက်ထိ ချစ်ခင် စည်းလုံးကြသလဲဆိုတာ ယောက္ခမ သိသွားပြီပေါ့ ..။

သားရေးသမီးရေးနဲ့ ပတ်သက်သည့် ထမင်းဝိုင်းကြီးက ဘာမဟုတ် တဲ့ စကားတွေ အစွန်းထွက်သွားခဲ့သဖြင့် သာယာစိုပြည်ခြင်းတို့ ဆိတ် သုဉ်းခဲ့လျက် မသက်မသာ ပြီးဆုံးခဲ့လေသည်။

နောက်ဆုံး တိတ်ဆိတ်ခြောက်သွေ့ခြင်းကို ထွင်းဖောက်၍ ...

"သားနဲ့ သမီးအတွက် အမေ ဘယ်လိုစီစဉ်ထားသလဲ .."

"ငါ့သဘောကတော့ .."

"ဒီလိုရှိပါတယ် အန်ကယ်လ် .."

ရွှေရုပ် က မျက်နှာလေး တည်ငြိမ်နေပေမယ့် မျက်ဝန်းတို့က အေးစက်စက်ရှိနေခဲ့လျက် ..၊

"လူကြီးချင်း သဘောတူမှ အဆင်ပြေမှာဖြစ်သလို ရွှေရုပ် တို့ ချင်း နားလည်မှုကလည်း အရေးကြီးတယ်လေ .."

"ဟုတ်တာပေါ့ .."

ရွှေရုပ် က ခရမ်းချဉ်သီးသုပ်လေး ထမင်းပေါ်တင်ကာ ဇွန်းကိုင် ထားပြီးမှ မစားဖြစ်သေးဘဲ အစိုး ကို ငဲ့ကြည့်၍ ...

"သူနဲ့ ရွှေရုပ် နားလည်ဖို့လိုသေးတယ်ထင်တယ် ..၊ မင်္ဂလာကိစ္စကို .."

"ဒါက ဒီလိုရှိတယ်လေ သမီးရယ် .. အခုဆို မြေးက လုပ်ငန်းတွေ မှာ ဦးစီးနိုင်ဖို့ ခြေလှမ်းဝင်နေပြီ၊ သမီးတို့ နားလည်မှုတွေရလာတဲ့ အချိန်မှာ အစစအရာရာက ပြည့်စုံနေပြီးဖြစ်မှာလေ .."



www.burmeseclassic.com

www.burmeseclassic.com



အစိုး ခေါင်းငုံ့နေရာကနေ ဖျတ်ခနဲမော့လာသည်။ သူ့ကို အလုပ်တွေလုပ်ဖြစ်အောင် ဘွား ဖိအားပေးနေတာ ဒါကြောင့်လား ...၊

သူမနဲ့ လက်ထပ်ခွင့်ရဖို့အတွက် သူ့ဘက်က ဒီလိုပြင်ဆင်မှုတွေ ပြနိုင်မှ ဖြစ်မှာတဲ့လား ...၊

ယောကျ်ားမာန ကြောင့် ရှက်သည့်စိတ်က ဖျင်းခနဲဖြစ်၏။ ကြည့်လိုက်တော့ လူကြီးတွေရဲ့ ခယနေသော အပြုံးတွေရှေ့မှာ ရွှေရုပ် က မျက်နှာလေးပင့်နေလျက် ...

"ရွှေရုပ် ကတော့ သူ့ရဲ့ ဘာမဆို ရွှေရုပ် ကို တိုင်ပင်သင့်တယ်ထင်လို့ပါ၊ ခရီးသွားစရာရှိလို့ ဝင်တာဖြစ်ဖြစ်၊ တမင်ဝင်ဘာဖြစ်ဖြစ် မိန်းကလေးကတောင် ဒီထိရောက်လာခဲ့တယ်၊ ရွှေရုပ် ဘက်က နာခံမှုကို ပြတာပဲလေ။ သူက နာခံတယ်ဆိုရင် ရွှေရုပ် နဲ့ သူ ဘယ်လိုပတ်သက်မှုရှိနေပြီဆိုတာ ..."

"ခဏလေး ရွှေရုပ် .."

"မြေး မပြောနဲ့ဦး .. သမီးရဲ့ ခံစားချက်လေးကိုပြောပါစေ၊ မြေးတို့ချင်း အပြန်အလှန်ဆွေးနွေးဖို့က ဒီနေရာမဟုတ်ဘူး .."

ဒေါ်မြင့်မြတ် က အစိုး ဘာပြောတော့မည်ကိုသိပြီးသား ...။

ထို့ကြောင့် အချိန်မီ ပိတ်ပင်လိုက်တာဖြစ်သည်။ မြေးနဲ့ သူမ နားလည်မှုယူခဲ့ကြတာက ရွှေရုပ် နဲ့ ပတ်သက်သည့် ကဏ္ဍမပါခဲ့ပေ။

ဒါပေမယ့် ကိုယ်လိုချင်တာက မြေးရဲ့ ကြိုးစားမှုတိုင်းက ဘာ၀အတွက်မှလွဲ၍ ဘယ်သူနဲ့မှ မသက်ဆိုင် ...။

အကြည့်တို့သည် မယ့် ထံရောက်သွားခဲ့လျှင် သူမလေးက ဘယ်သူ့ မျက်နှာကိုမှ သတိထားနေပုံမရှိဘဲ ဟင်းရည်ဇွတ်ရုံနဲ့ ထမင်းကို စားနေရင်းဖြင့် ...၊

"မြို့သူမြို့သားတွေကတော့ ကြက်ခြေထောက် မစားကြလို့လား ..."





အခန်း (၃၀)

"ဟာ .. ဒါစားရမယ့်နေရာမှမဟုတ်တာ ...၊ ဟင်းပွဲတွေ ဆယ့်ငါးမျိုးလောက်ရှိတယ် .. ဗင်းက .."

"ဆယ့်ငါးမျိုးလောက်ကို ကိုယ်ကြိုက်မှ စားလို့ရတာ .."

"တောက်!..."

"ရှင် မယ့် ကို တက်မခေါက်ပါနဲ့ .."

"ခေါက်တော့ ဘာဖြစ်လဲ၊ မင်းကို ပြောမကောင်း ဆိုမကောင်းမှုနဲ့ လည်ပင်းညှစ်ပစ်ချင်တာ .."

"ဖယ် .. လွှတ် .."

"မလွှတ်ဘူး .. မင်း စားချင်နေတာတွေကျွေးမယ် .. လာ .. ဒီမှာထိုင် .."

နောက်ခန်းက ထမင်းစားပွဲမှာ ထိုင်ခိုင်းတော့လည်း ခွတ် ...။

"အရိုးပါတာ ဘာဟင်းရှိသလဲ ဒေါ်ဥ .. အကုန်ချ .."

"ဟို .. ဝက်နံရိုင်းပေါင်းနဲ့ ကြက်ပေါင်း .."

"ပေါင်းတာတွေမပြောနဲ့ အရိုးချည်းပဲ ဝါးမရနိုင်အောင်ချက်ထားတာ ဘာရှိလဲ .."

"မ .. မရှိ .."

www.burmeseclassic.com

www.burmeseclassic.com



"မရှိရင်လည်း ပေါင်းထားတဲ့ အသားတွေ ခါချပစ်ခဲ့၊ အရိုးတွေ ချပေးလိုက် .. မြန်မြန်လုပ် .."

ဒေါ်ဥ လည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့ပေ။ အစိုး က သူကိုယ်တိုင် အိုးတွေလှျောက်ဖွင့်ကာ ..၊

ပန်းကန်တွေချ၍ ဒီတိုင်းလောင်းထည့်တာရော၊ စိတ်ရှိလက်ရှိ ခပ်ထည့်တာရော စုံနေကာ ...

"အရိုင်းအရင်းဆိုတာ ကြိုက်တတ်ရင်လည်း ဒီလို ချောင်ထဲမှာပဲ စားရတာယ် .. မှပ်ထား .."

ပြောပြီး ဒီဘက်လှည့်လာကာ ကိုင်ထားသည့် ဟင်းပန်းကန်တွေကို ချပေးလိုက်၏။

"စားလေ .. ကြိုက်တဲ့ပုံစံမျိုးနဲ့စား .."

မယ့် အသံတိတ်နေတာကို သူသိသည်။ ဒေါသတွေကို မျိုသိပ် အံကြိတ်နေတာလား၊ ဝမ်းနည်းကြေကွဲနေတာလား ..။

သူမ ဖြစ်နေတဲ့တစ်ခုခုကို စိတ်ဝင်စားဖို့ထက် ဘာပြောပြော မှတ်ရသားရမှန်းမသိသည့် သူမရဲ့အကျင့်ကိုပဲ ပညာပေးချင်နေမိကာ ..၊

"ဒေါ်ဥ သူ့ကို ဘာမှမခိုင်းနဲ့ .. အေးအေးကိုက်နေပေ့စေ .."

ဒေါသကြောင့် လက်ရောခြေရောပါအောင် ပြောနေမိကာ ထိုင်ခုံ တစ်လုံးကို လှဲကန်ပစ်လိုက်တာ ဒုန်းခနဲတုန်ခါသွား၏။

"ဘာလေးမှန်းမသိဘူး၊ ကိုယ့်ဖို့ပြောမှန်းမသိ သူ့ဖို့ပြောမှန်းမသိ ခင်ဗျားလေးကို တိုးတက်စေချင်လို့ ဒီလိုနေပါ ဒီလိုစားပါပြောပြောနေရတာ၊ ဆရာလုပ်တယ်ချည်းထင်နေသလား ..၊ သူများ ချောက်ချတိုင်း ခံနေရတာရော .. ခင်ဗျားကိုယ် ခင်ဗျား သိရဲ့လား .."

"ဒုန်း .."

"တောက် .."

အပြင်ထွက်သွားရင်း တံခါးအတွင်းက ပန်းအိုးစင်ကိုလက်နဲ့





ခစ်ခဲ့သေးသည်။ မယ် က ခေါင်းငုံ့အံကြိတ်ရင်း မျက်ရည်ပူတွေ ငိမ့်လိမ့်စီးကျနေခဲ့ပြီး ..၊

"သမီး .."

ဒေါ်ဥ က အေးမှာလာရပ်ပြီး ပခုံးကိုကိုင်လိုက်သဖြင့် မယ် မျက် ရည်းတစ်ဖက်လှဲပစ်သည်။ ထိုအခါ ဒီဘက်ထိ လျှောတိုက်ရောက်ရှိ သော ကြက်ခြေထောက်တွေချည်း ခပ်ထည့်ထားသည့် ပန်းကန်နှင့် ရိုးပေါင်းကနေ အရိုးတွေချည်းထုတ်ယူထားသည့် ပန်းကန် နှစ်လုံး..။

မျက်ရည်စက်တို့ ဖောဖောသီသီ ခုန်ချဆင်းလာကြ၏။

"ဝမ်းမနည်းပါနဲ့ သမီးရယ်၊ လူလေးက သမီးအတွက်ပြောတာပါ၊ ဒုန်းကဆို လူလေးက အိမ်မှာ ကပ်တယ်လို့မရှိဘူး ..၊ အိမ်မှုကိစ္စ ရေကို စိတ်မဝင်စားတတ်တဲ့သူ .."

မယ့် မျက်နှာလေးကို အတင်းမော့ယူကာ ဒေါ်ဥ က မျက်ရည်တွေ သုတ်ပေး၍ ...

"ဆရာကြီး မကျန်းမာဖြစ်လာမှ အိမ်ကပ်ဖော်ရလာတာ၊ သမီးတို့ ကို သွားဖို့လွှတ်လိုက်တဲ့အထိ အားလုံးက သူ သွားပေးလိမ့်မယ် မထင် ဘူး၊ အဲဒီကစပြီး အရမ်းကိုပြောင်းလဲသွားတာ ..၊ ခုဆို အလုပ်တွေ တွေလုပ်နေပြီ .."

ဆရာလုပ်ဖို့ အကွက်တွေရအောင် သူ အရင်တတ်ထားဖို့ကြိုးစား တာဖြစ်မှာပေါ့။ ပြီးတော့ သူက မိန်းမယူတော့မှာ၊ ဒါကိုပဲ ကိုယ့် ကြောင့် ပြောင်းလဲသွားတာလိုလို လူတွေထင်ကုန်အောင် ..၊

"ကျွန်တော့်ကို လူတွေဘယ်လိုထင်ထင် ဂရုမစိုက်ဘူး၊ အခု ကျွန်တော် ပြောချင်တာက မမဆော တို့ လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ပါ.."

ဒီကထွက်လာခဲ့ပြီး ဒေါသက ဦးတည်သည့်အတိုင်း နေသူရိန် တို့ အခန်းရှေ့ကိုရောက်သွားခဲ့သည်။ အခန်းထဲက လင်မယားနှစ်ယောက် သာမဟုတ်ဘဲ တခြားအခန်းထဲက အောင်ထွန်း တို့ လင်မယားပါထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။

"ဘာတွေဖြစ်နေတာလဲ အစိုး .."

"ဘာတွေဖြစ်နေတာလဲဆိုတော့ အဲ့ဒီလို အဆင်ခြင်မဲ့တဲ့ ကော မလေးအပေါ်မှာ အဆင်းဘီးတပ်ပြီး ချောက်တွန်းတဲ့စကားတွေနဲ့ အား လုံးကို သိက္ခာကျအောင်လုပ်တဲ့ကိစ္စ .."

"များလှချေလား အစိုး၊ ဒါတွေကို မနက်ကပဲ အဘွား လာ တယ်၊ ခု မင်းက ထပ်ပြီး .."

"အားလုံးက ရိပ်မိတယ်ဆိုတော့ မမစော တို့ စဉ်းစားကြည့် ထမင်းဝိုင်းမှာ မမစော တို့ ဘာတွေပြောသလဲ .."

"'မမစော တို့' ဆိုတာ တို့ပါနေသလိုပဲနော် မောင်လေး ဘာတစ်ခွန်းမှ မပြောခဲ့ဘူး .."

သီရိ က ပေါ်တင်ဖြေရှင်းပြီး မျက်နှာလွှဲနေ၏။ အစော က အံပြ လိုက်ပြီး ...

"အဆင်းမှာလည်း ဘီးမတပ်ဘူး၊ ချောက်တွန်းတာလည်း မဟု ဘူး၊ မင်း ကောင်မလေးကိုက ခြေထောက်ကိုမှ မစားရရင် သေတော ဖြစ်နေလို့ ဒေါ်ဉ ကို ချက်ခိုင်းလိုက်ရတာ၊ ခုလည်း မင်းကသာ ဒေါ နေတာ၊ သူကတော့ ခြေထောက်မကိုက်ရလို့ ဘာဟင်းမှ မစားဘဲ ဆ သွားတယ်မို့လား .."

"ဒါလည်း သိလိုက်တာပဲလား ..၊ မယ့် ကို ဂရုစိုက်စောင့်ကြ နေလွန်းတဲ့ဆု မမစော ကို ပေးရမှာ .."

"အစိုး .."

နေသူရိန် မျက်နှာက တင်းနေခဲ့လျှက် အစော ရှေ့မှာ မားမား ကာကွယ်ရပ်လိုက်ပြီး ...

"မင်းက ကြီးတဲ့လူတွေကို ဒီလောက်ထိပြောနေတာ ဘာအ ဒေါသတွေ ငယ်ထိပ်တက်လာလို့လဲ .."





"မယ့် ကို ချောက်တွန်းပါတယ်လို့ပြောနေမှတော့ မယ့် အတွက် အစ်ကို၊ ဒီလောက်ရှင်းနေတာကို .."

"ခဏနေကြပါဦး၊ မင်းတို့ ညီအစ်ကိုချင်း ဒီလောက်ဖြစ်ဖို့မလို .."

အောင်တွန်း က ရှေ့တိုးလာပြီး သူကိုယ်တိုင် အသံကိုနှိမ့်ကာ အားလုံး ည်း အကျယ်တဝင့်မပြောကြစေလိုသော အမူအရာတွေနှင့်..။

"ပြီးတာလည်း ပြီးသွားပါပြီ၊ ညီလေးကလည်း တော်တော့ကွာ ..၊ တလည်း ဘွား လာဆူသွားပြီးပြီ၊ ဒီပြဿနာမှာ ဘယ်သူမှားမှား.."

"ကျွန်တော်သိတာတော့ .. မမစော ပဲ .."

"ဘာ!..."

"အစော တော်တော့ .."

နေသူရိန် က ဒေါသထိန်းထားရသည့် မျက်နှာနှင့် ဇနီးဖြစ်သူကို ဗိုးလိုက်ကာ ..၊

"စကားပြောရင် ရှေ့ဖြစ်နောက်ဖြစ်တွေပါ ထည့်စဉ်းစားပြီး ပြော ယ် အစိုး.. မင်း ပြောလိုက်တာက .."

"နောက်ဖြစ်လာမှာကို မပြောနိုင်သေးပေမယ့် ရှေ့ဖြစ်ထားတာ သက်သေရှိတယ် ကိုသူ .."

ပြောရင်း အစော မျက်နှာကို လှည့်ကြည့်၍ ...

"ကျွန်တော်ရန်ကုန်ကိုရောက်တော့ မြို့ထဲဝင်စရာတောင် စရိတ် တာ့လို့၊ ပြီးတော့ ကျွန်တော့်မှာ ဒဏ်ရာတွေရှိနေသေးလို့ အိမ်ကို ဆက်တယ် .."

ခံစားချက်တွေကို သိသိကြီးနဲ့ မျိုသိပ်ခဲ့ရတာမို့ လနဲ့ချီပြီး ကြာခဲ့ အဖြစ်က မနေ့တစ်နေ့က အတိုင်း ..။

"ကျွန်တော်တို့ကို လာခေါ်ဖို့ သေချာမှာလိုက်တယ် .."

"ဖုန်းကိုင်တာက ဘယ်သူလဲ .."



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန် က ချ က်ချင်းကောက်မေးသည်။

"ကြည်ပြာ .."

"ကြည်ပြာ က ပြန်မပြောလို့နေမှာပေါ့၊ မင်းအခုမှ ဘာလို့ေ
နေရတာလဲ ..၊ ကြည်ပြာ လည်းမရှိတော့ဘူး၊ ငါတို့အားလုံးက
အဲဒီအချိန်မှာ ဖေဖေ့ ကျန်းမာရေးကြောင့် ဗျာများနေကြတာ ..

"တစ်ယောက်ကတော့ ဖုန်းကိုင်တဲ့ ကြည်ပြာ့ ကိုစောင့်ပြီး
ထရိုးလ်လုပ်နိုင်တာပဲ၊ သူကတော့ ဘယ်သူ့အတွက်မှ ဗျာမများ
ဖြစ်မယ် .."

လူကိုတည့်တည့်ကြည့်ပြောလိုက်သဖြင့် အစော ပါးပြင်နှစ်
သဖန်းသီးလို ရဲတွတ်သွား၏။ ပြီးတော့ ဆတ်ခနဲ မျက်နှာခံမော
"မင်းက ငါ့ကိုချည်းပဲ မည်းခြေတင်စွပ်စွဲနေတာ ဘယ်လို
နဲ့လဲ အစိုး၊ မယ့် ကို ငါပြောခဲ့မိတာကြောင့်လား .."

"ကျွန်တော် စွပ်စွဲနေတာမဟုတ်ဘူး၊ ကြည်ပြာ ပြောသွား

"ဟင် .."

"မင်းနော် .."

အစော မှလွဲ၍ အားလုံး 'ဟင်' ခနဲ ဖြစ်ကုန်ကြ၏။ အစော
မျက်ဝန်းတွေ ဂနာမငြိမ်ဖြစ်သွားခဲ့လျက် ..၊

"မရှိတဲ့လူကို သက်သေမပြုနဲ့ အစိုး၊ နင် ပြောလိုက်တာ ဘ
အမိပ္ပာယ်တွေ သက်ရောက်သွားနိုင်သလဲ သိရဲ့လား .."

"ငါ့မြေးက ဘယ်သဘောသက်ရောက်သွားမလဲ သိစရာ
စောဥမ္မာ၊ ဒါတွေမလုပ်ခင်တည်းက ညည်း စဉ်းစားခဲ့ဖို့ပဲလိုတာ

ဒေါ်မြင့်မြတ် ဘယ်လိုရောက်လာခဲ့သည်မသိလိုက်ကြပေ
ပြောနေတာတွေကို အားလုံးကြားသွားတာတောင် အစတည်းက
သိသလို သိထားပြီးသားလား ..။

သို့သော် အစိုး ၏ စကားသံတွေအရ အစတည်းက သိပြီ





မဖြစ်နိုင် ..။

"ပြီးခဲ့တာတွေကို အစမဖော်တော့ဘူးလို့ ကျွန်တော် နေခဲ့တာ.."

"မဟုတ်ဘူး အစိုး၊ သူ့ကို တို့က အလုပ်ထုတ်ပစ်လိုက်လို့ တမင်
တ်တွန်းသွားတာ .."

ဒေါ်မြင့်မြတ် ရောက်လာသည်မို့ အစော ရဲ့ လေသံတွေပြောင်း
ခဲ့လျက် ..၊

"တို့က ဘာဖြစ်လို့ ဒီလိုလုပ်ရမှာလဲ ..၊ ပြီးတော့ သူ့ကို အလုပ်
ခဲ့တာကလည်း .."

"အဲဒီကိစ္စ ပေါ်မှာစိုးလို့ နှုတ်ပိတ်တဲ့နည်းလေ .."

"မဟုတ်ဘူး .."

"ဟော့ .. တော်ပြီ .."

ဒေါ်မြင့်မြတ် က ခပ်မာမာတားဆီးကာ ..၊

"မြေး သွားတော့၊ ဒီကိစ္စ ဘွား ရှင်းမယ် .."

"မဟုတ်ဘူး ဘွား၊ ဒါတွေက ဘွား မသိတဲ့အပိုင်းတွေ .."

"မသိတာတွေကို ဘွား မပြောပါဘူး၊ လူတစ်ယောက်ရဲ့ ကာရိုက်
ဘယ်လိုပျက်ရင် ဘယ်လောက်တိ ဆိုးရွားသွားနိုင်သလဲပဲ ထောက်
အိမ်တစ်အိမ်မှာ အတွင်းလူက မရိုးသားနေရင် အဲ့ဒီတစ်ယောက်
တစ်မိသားစုလုံးရဲ့ စည်းလုံးမှုကို ဖြိုလှဲပစ်နိုင်တယ်၊ ချစ်ခြင်းမေတ္တာ
ကြည်မှု စီးပွားဥစ္စာ အားလုံးကိုပဲ .."

ဒေါ်မြင့်မြတ် မျက်လုံးတွေက အစော နဲ့ သီရိ နှစ်ယောက်စလုံးကို
နေသဖြင့် သီရိ က အောင်ထွန်း ဘက်ကို မသိမသာကပ်၏။ ဒီကိစ္စ
သူမတို့ ဘာမှမသိခဲ့တာမဟုတ်ဘဲနဲ့တော့ ရောသောအထင်မခံနိုင်..။

အစိုး ပြန်ရောက်လာတည်းက အစော ဘာတွေကြံ ဘ်ကြံပြီး ဘာ
လုပ်နေမှန်းမသိပေ။ မယ် တို့ကို အိမ်ဖော်လုပ်ဖို့ အဖေ့ အ
ားတွေနဲ့ ဆီးကြို့တာတွေကအစ သူမတို့ ဘာမှသိခဲ့တာမဟုတ် ..၊



www.burmeseclassic.com

www.burmeseclassic.com



အစိုး ကလည်း အစော ကို စိုက်ကြည့်ကာ နေရာမှ ချာ… ထွက်သွား၏။ သိစေချင်တာက ဒါပဲဖြစ်သည်။ ကိုယ်က ဘာ… သားအရင်းမို့ပြောနိုင်သည်။ သူတို့က မွေးစားသားတွေမို့ မျက်… သည်။

ဒါတွေကြောင့် အစစအရာရာ သူ ထိန်းချုပ်ခဲ့သည်။ မယ် တို့… ရှိနေသဖြင့် နောက်ထပ်မရှုပ်ထွေးစေချင်တာလည်းပါသည်။

ဒါပေမယ့် မမစော တော်တော်လွန်နေဘာဖြစ်လည်း… သားအမိကိုချည်း ဘာဖြစ်လို့ မည်းခြေတင်နေမှန်း နားမလည်နိုင်… ပေ။

အိမ်မှာ ဒီလိုအဖြစ်တွေရှိလာခဲ့တာ ဖြေရှင်းရင်း လူက သေ… နံနေပြီ …၊ ဒီကြားထဲ မယ် ကို ပြောမကောင်းတိုင်း မျှိုသိပ်ထိန်းချု… ခဲ့ရသည့် ဒေါသတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းမ… ခင် အသက်ထွက်သွားနိုင်ဖွယ်တွေလည်းရှိသေးသည်။

ရှူးလောက်အောင် စိတ်ပျက်ပါတယ် … ရိုးမယ်ဖွဲ့ …။





## အခန်း (၃၁)

နေသူရိန် တို့ လင်မယား အိမ်ခွဲထွက်သွားပြီဆိုသည့် သတင်းကြား… ဦးစိုးရာ မျက်နှာမကောင်းပေ …။ သို့သော် သက်ပြင်းရှည်ကြီးချ…

"သူ့ဟာသူထွက်သွားကြတာဆိုတော့လည်း သွားပေါ့ …"

"မင့် ချွေးမအကြီးကိုလည်း သတိတော့ထားဦး စိုးရာ …၊ ငါ့ အကဲခတ်… လောက်က စောဥမ္မာ နဲ့ သိပ်မကွာပါဘူး …"

ဖြစ်နိုင်တာပဲမို့ ဦးစိုးရာ ဘာမှမပြောဘဲငြိမ်နေ၏။

ထိုစဉ် ကြက်မွေးတံလေးနဲ့ဝင်လာသည့် မယ် ကို လှမ်းကြည့်ကာ… မြင့်မြတ် မျက်မှောင်ကုတ်သွားသည်။

စာကြည့်ခန်းရှင်းဖို့ဆိုလျှင် မယ် က ဒူးကျဘောင်းဘီကျပ်ကျပ်… နှင့် ရှပ်အင်္ကျီလက်ပြတ်ခါးရှည်ကို ဝတ်လာတတ်၏။

ရောက်လာတာနှင့် ခုံရှည်ပေါ် တလွှားလွှားတက်လိုက်ကာ အပေါ်… ထပ်ကို သုတ်သင်ရှင်းလင်းလေသည်။

စာကြည့်ခန်းက အကျယ်ကြီးမို့ တစ်နေရာနဲ့တမ်ခြနေရာ ဝေးနေ… …ကာ ဒေါ်မြင့်မြတ် စကားပြောခြင်းကို အာရုံပြန်ရောက်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ကျန်းမာရေးကရော စိတ်ချရပြီလား .."

"စိတ်ချထားနိုင်တဲ့ ကျန်းမာရေးဆိုတာတော့ မရှိဘူးပေါ့ အ
ဒါပေမယ့် ကျွန်တော် သက်သာနေပါပြီ၊ သားကလည်း လုပ်ငန်း
နေပြီ၊ မင်္ဂလာကိစ္စကလည်းရှိနေတော့ .."

"မင်္ဂလာကိစ္စကို မင်း ခေါင်းထဲ သိပ်မထည့်ပါနဲ့ .."

"ဗျာ!..."

ဒေါ်မြင့်မြတ် မျက်မှောင်ကုတ်နေသဖြင့် တစ်ခုခုကို အလို
နေမှန်းသိသာနေကာ အကြာကြီး တိတ်ဆိတ်နေပြီးဘာမှလည်းမ

ထိုပြင် သူတို့ဆီးကို နီးကပ်လာသည့် မယ် ကို မော့ကြည့်

"ရီးမယ်ဖွဲ့ .."

"ရှင် .."

"ဒီမှာ လူကြီးတွေ စကားပြောနေတာ မမြင်ဘူးလား .."

"ရှင် .. ဟုတ် .."

မယ် က ခုံရှည်ကြီးကို ခက်ခဲပင်ပန်းစွာရွှေ့လာပြီး ခြေထောက်
တွေကနေ လွှားတက်မယ်ပြင်ပြီးမှ ခြေထောက်ပြန်ရုတ်၏။ ပြီး
ခုံကို အဝင်ဝခြေရင်းဘက်ခြမ်းကို ပြန်ရွှေ့နေလျှင် ...

"အို .. ကော်ဇောတွေငြိကုန်ပါပြီ .. ဟဲ့ .. ဘယ်လိုလုပ်နေတာ

"မယ် .. ဟိုဘက်ကိုသွားမလို့ ဆွဲတာပါ .."

"မနိုင်တာကို မလုပ်နဲ့လေ .. ဘယ်လိုမိန်းကလေးတုန်း ..
မမြင် ကိုးမမြင် .."

မယ့် မျက်နှာတင်းခနဲဖြစ်သွားသည်။ ဒီ အမျိုးသမီးကြီး
မြင်တည်းက မတည့်စကားပြောခဲ့တာ တစ်ချိန်လုံးကောင်းတာ

ထမင်းဝိုင်းမှာတော့ ဖေးဖေးမမပြောပေးခဲ့တာ ဘယ်လို
မှားသွားလို့လဲ ...၊

သူမ ကိုယ့်စိတ်ကို ဖြေသိမ့်ရင်း အလုပ်ကိုပဲ အာရုံစိုက်လုပ်နေ



"ဟဲ့ .. ဆင်းစမ်း .. ဆင်းစမ်း .."

ဟင် ...၊

ခုလေးတင်ပဲ စကားပြောနေတာကို ချက်ချင်းကြီး ကိုယ့်အောက်
ကို ဘယ်လိုရောက်လာမှန်းမသိ ...။

"ပြောနေတာ မကြားဘူးလား ရီးမယ်ဖွဲ့ .."

"ဟုတ် .."

မတ်တပ်ကနေ ဆောင့်ကြောင့်လေးထိုင်ချလိုက်တော့ ရှပ်အင်္ကျီ
ပွပွ၏အောက်ဖျားက လေပင့်လိုက်သဖြင့် လွင့်ခနဲကားတက်သွားသည်။

ဒေါ်မြင့်မြတ် မျက်နှာမဲ့သွားကာ မမြင်ချင်သလို တစ်ဖက်လှည့်
ပစ်လေသည်။ ခြေထောက်တစ်ဖက်ဆန့်ပြီး အောက်ထစ်ပေါ်ချလိုက်ကာ
မှ မျက်နှာပြန်မော့မိတာနှင့် တည့်တည့်တိုးခဲ့ပြီး ...၊

"စိတ်ပျက်ဖို့ကောင်းလိုက်တဲ့ မိန်းကလေးနော် .. ထိုင်ကားယား
ထကားယားနဲ့ .."

"မေမေကြီးက မယ့် အောက်က လာမော့နေတော့ ကားယားကြီး
မြင်နေရတာပေါ့ .."

"အံမယ် .. နင်က ငါ့ကိုများ .."

"မယ် ဘောင်းဘီလုံအောင် ဝတ်ထားတာဥစ္စာ .. ဘာမှ မပေါ်ဘဲနဲ့ .."

ရှေ့ကို ဖလုတ်ခနဲ ခုန်ချလိုက်တော့ ပခုံးသာသာ ဘုတ်သိုက်ဆံပင်
က ကားခနဲလွင့်ပျံ့ဝဲ၏။ ဒေါ်မြင့်မြတ် နောက်ထပ် အမြင်မတော်ဖွယ်
တစ်ခုပိုးပြန့်ကာ ...

"နင့်ဆံပင်တွေနဲ့ပဲ ခေါင်းတိုက်ဝေ့သွားလို့ရနေပြီ .. ကြက်မွေးတံ
မလိုဘူး .."

မယ် ယောင်ယမ်းပြီး ကိုယ့်ခေါင်းကို ပြန်ကိုင်မိ၏။ ပြီးတော့ အခန်း
က စားပွဲမှာထိုင်နေသေးသော ဦးစိုးရာ ကို လှမ်းကြည့်လိုက်မိသည်။

ဦးစိုးရာ က လှမ်းကြည့်နေပေမယ့် တစ်ခုခုမှ ဝင်ပြောမည့်ပုံမရှိ...။

www.burmeseclassic.com

www.burmeseclassic.com



“ဒီအိမ်မှာ ယောက်ျားတွေရှိတယ်၊ လူကြီးဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ် ယောက်ျားက ယောက်ျားပဲ ..၊ မိန်းကလေးဖြစ်ပြီး အနေအထိုင်မပေါ့ ရဘူး၊ မအေလည်း အနားမှာရှိနေလျက်နဲ့ ဘာမှ မသင်ထားဘူးလား..”

“အမေက သင်ပေးတာတွေတော့ အများကြီးပဲ .. ဒါပေမယ့် သင် တိုင်းတတ်တာမှမဟုတ်တာ ..”

“ဟုတ်တယ် .. မင်းလိုသင်တိုင်းမတတ်တဲ့ မိန်းကလေးတွေ ငါ မြင်ဖူးတယ်၊ အဲ့ဒါကျတော့ မိဘကဆုံးမလျက်နဲ့ မလိမ္မာတာလေ ‘မိမ နိုင် ဖမနိုင်’ အမျိုးအစားပေါ့ ..၊ မင်းဘာသာ ဘယ်လိုအမျိုးအစားဖြစ်ဖြစ် ပါ မင်း ဒီအိမ်မှာ သန့်ရှင်းရေးရော ချက်ပြုတ်တာရော နေရာတကာ ဝင်ပါနေတာ ဒီလိုပုံစံနဲ့ လုံးဝမဖြစ်ဘူး ..”

ဘယ်လိုပုံစံနဲ့မှ ဖြစ်မှာလဲဆိုတာ ပြောမသွားပေ ..။ နှုတ်ခမ်းမွှဲတဲ့တဲ့ နှာခေါင်းခပ်တွန့်တွန့်နှင့် မျက်စောင်းတစ်စင်း ချန်ရစ်ခဲ့လျက် ထမီစ တစ်ဖက် ‘မ’၍ ထွက်ခွာသွားခဲ့၏။

ဒေါ်ကောက် အခန်းတံခါးဝကို ချက်ချင်းရောက်လာ၏။ သမီး ဝင်သွားသည်၊ ဒေါ်မြင့်မြတ် ထမီ ‘မ’ ပြီး ထွက်သွား၏။ ဘာတွေဖြစ် ကုန်ပြီလဲဆိုသည့် စိုးရိမ်စိတ်နှင့် မျက်စပစ်၍ အဲ့သံတိတ်မေးလေသည်။

မယ် က သူမ အကျင့်အတိုင်း ‘ဘာမှမဖြစ်ဘူး ပြန်တော့’ ဆိုတာ မျိုး လက်ခါပြ၏။

သို့သော် သူမ ဒီနေ့ ကမကောင်းပါလားဆိုတာ သိလိုက်ရသည် အခါ ..၊





## အခန်း (၃၂)

“မောင်လေးရေ ..”

ရွှေရုပ် နဲ့ အစိုး တို့ ကားနားရောက်ကာမှ သီရိ က လှမ်းခေါ် လိုက်ရင်း အပြေးတစ်ပိုင်းလျှောက်လာကာ ..၊

“အဘွားကလေ တို့ အပြင်သွားရင် မယ့် ကိုခေါ်သွားပေးစမ်းပါ လို့ ပြောထားလို့၊ နွယ့် ကို စောင့်နေတာလည်း မလာလို့လေ ..”

“ဘာလုပ်ဖို့တဲ့လဲ ..”

“သူ့ဆံပင်ပုံကို ရှင်းရှင်းလင်းလင်း ဖြတ်ချလိုက်ဖို့ပြောထားတာ၊ မမကလည်း လုံးဝမအားလို့ပါ ..”

“ကျွန်တော်က ခေါ်သွားပေးရမှာလား ..၊ ဟိုမှာ ညှိသည်တွေနဲ့ ဆုံဖြစ်ဦးမှာ ..”

မယ် သူ့ကို စကားမပြောဘဲ ရှောင်နေတာ သုံးရက်ရှိပြီဖြစ်သည်။ သူကိုယ်တိုင် စိတ်တိုနေတုန်းပဲမို့ ဘာမှ ပြေရာပြေကြောင်းသွားမပြော ဘဲ ဒီတိုင်းပဲ ထားခဲ့တာဖြစ်သည်။

ပြီးတော့ ဖေဖေလည်း အပြင်ထွက်နေပြီဆိုတော့ သူတို့သားအမိ အတွက် ကိုယ်တစ်ယောက်တည်း ဖေးမကာကွယ်နေဖို့လည်းမလို ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ ရွှေရုပ် ရဲ့ မျက်လုံးတွေကို ရှောင်ရှားရခက်နေသဖြင့် ပြဿနာဆိုတာ ရှုပ်ထွေးမလာခင် ဆင်ခြင်တာအကောင်းဆုံးလို့ နားလည်လာ၏။

မကြာခင် လက်ထပ်ဖြစ်ကြမည်ဆိုလျှင် နောင်တစ်ချိန်မှာ မဟုတ်တာလေးက အကြီးကြီးဖြစ်လာနိုင်၏။ အစစအရာရာအတွက် ဒီတိုင်းပဲ နေလိုက်တာထက် ပိုကောင်းဖွယ်ရာမရှိ ..။

"မောင်လေး .. မောင်လေးရယ် .. နေပါဦး .."

သီရိ က တံခါးဖွင့်ဖို့ တင်လိုက်သည့် အစိုး ရဲ့ လက်ကို ပြန်ဆွဲထားကာ ဟိုဘက်မှားဝိုင်နေပြီဖြစ်သည့် ရွှေရုပ် ကိုလည်း တောင်းပန်သလို ငုံ့ကြည့်၍ပြုံးပြ၏။

ပြီးမှ အစိုး ကို ပြန်ကြည့်၍ ...

"မောင်လေးတို့ သွားမယ့် နေရာနဲ့ လမ်းကြုံပါတယ်၊ နွယ့် ကိုလည်း မမ ဖုန်းဆက်လိုက်ပါ့မယ် .. မယ့် ကို နွယ့် ဆီ ဝင်ထားခဲ့ရုံပဲ.."

ဟိုတုန်းကနဲ့ လုံးဝမတူတော့သည့် သီရိ ပုံစံက ဒေါ်မြင့်မြတ် ကို ဘယ်လောက်ထိ လန့်သွားသလဲဆိုတာ သိသာနေ၏။ ခိုင်းထားသည့်ကိစ္စ ကို မဖြစ်မနေ ဆောင်ရွက်ပေးဖို့သာ ပျာယာခတ်နေကာ ..၊

"ပြီးရင် မမ ကိုယ်တိုင် သွားကြိုမှာပါ၊ တော်ကြာ မယ့် ကို အဲဒီပုံစံနဲ့ ထပ်မြင်ရရင် မမက ဘာမှလုပ်မပေးထားဘူးလား ဖြစ်နေဦးမှာ၊ လုပ်ပါ မောင်လေးရယ် .. နော် .."

တကယ်က အစိုး ကို တောင်းပန်ချင်တာထက် ရွှေရုပ် မကြိုက်ဘူးဆိုတာကို သိနေလို့ဖြစ်သည်။ မယ် ထွက်လာတော့ အနီရောင်ရှုပ်အင်္ကျီလက်တိုပွပွ ဂျင်းဘောင်းဘီနဲ့ ဖြစ်ကာ၊ ဆံပင်တွေက ခွတာ ပြတ်တာတွေနဲ့ မသေမသပ် လွင့်ထောင်နေသည်။

ဆံပင်ဖျားတွေက လိမ္မော်ရောင်နောက်ခံ ဆလိုက်ထိုးထားသလို ဝါကျင့်နီရဲနေ၏။ ဒီ ဆံပင်တွေ ဒီလောက်ထိ ကြည့်ရဆိုးနေတာ အစိုး





တကယ် သတိမထားမိခဲ့ပေ ..။

တောခေါင်ခေါင်မှာတုန်းကတော့ သူမ နေခဲ့တဲ့ ကာရိုက်တာနဲ့ အရပ်ဒေသ အံဝင်ခွင်ကျဖြစ်နေခဲ့လို့လား ..၊

ကားမောင်းနေရင်း မယ့် ကို ခဏခဏ လှမ်းကြည့်ဖြစ်တာ ကိုယ့်အတွေးနဲ့ကိုယ်ဖြစ်သည်။ ဒါပေမယ့် ရွှေရုပ် ကတော့ ဘယ်လိုထင်နေသည်မသိ ..၊

နောက်ခန်းထဲမှာ မျက်နှာသေလေးနဲ့ လိုက်ပါလာသည့် မယ် နဲ့ အစိုး ကို မျက်မှောင်ကုတ်၍ အကဲခတ်နေတာ အပြန်ပြန်အလှန်လှန်..

အစတုန်းက ဒီလိုမဟုတ်ခဲ့ဘဲ ထမင်းဝိုင်းမှာလည်း ဒေါ်စောဥမ္မာ ရဲ့ စကားအကျဉ်းထဲကနေ လွတ်မြောက်အောင် ထွက်ပေါက်ပေးခဲ့သည်။

ခုလည်း ဒီပုံစံကို ပြင်ပါဆင်ပါဆိုတာတွေ ဖြစ်လာပြန်ပြီ ..၊

"ရွှေရုပ် ကိုယ် သူ့ကို နွယ့် ဆီဝင်ပို့ပေးလိုက်ဦးမယ်နော်၊ မင်း သူငယ်ချင်းတွေဆီ အရင်ဝင်လိုက်မလား .. ဘာလုပ်ချင်လဲ .."

"ရွှေရုပ် ကို ခုမှ မေးရလား အစိုး ရယ်၊ အဟွန်း .. တော်သေးတာပေါ့ မေးဖို့သတိရသေးလို့ .."

"မဟုတ်ပါဘူး ရွှေရုပ် ရယ်၊ အရင်ဝင်လို့ရတဲ့ နေရာနဲ့ နောက်မှ ရောက်မယ့်နေရာဆိုပေမယ့် နီးနီးလေးပဲဆိုတော့ ဘယ်သူ့အတွက်မှ အပန်းမကြီးဘူးထင်လို့ပါ၊ မမသီရိ လည်း မင်းကို ပြောပြလိုက်တယ်လေ .."

"ဟုတ်ပါတယ် .. ရှင် ကြိုက်သလိုလုပ်ပါ .. ရွှေရုပ် က ရတယ်.."

သူမ ရွဲ့တာလား တကယ်လားမသိပေမယ့် မယ့် ကို လူအုပ်ကြားထဲ ဆွဲခေါ်မသွားချင်တာမို့ နွယ့် ဆီ ကိုပဲ မောင်းသွားလိုက်၏။

နွယ့် ကို အပြင်သွားမည့်ပုံစံနှင့် တိုက်ခန်းရှေ့မှာ မြင်လိုက်ရတော့..၊

"မမေကလည်း ဘာလုပ်မှန်းမသိဘူး၊ နွယ် က သူငယ်ချင်းတွေနဲ့ ချိန်းထားတာ .."



www.burmeseclassic.com

www.burmeseclassic.com



စောင့်တော့ စောင့်နေလေမယ့် မြင်တာနှင့် ရှုံ့မဲ့ညည်း၏။

"လေးလေး .. လေးလေးတို့နဲ့ ခေါ်သွားလို့မရဘူးလား ..၊ အဲ့ .. ဆောရီး .."

ပြောနေရင်း ကားထဲကို ငုံ့ကြည့်ကာ ရွှေရုပ် မျက်နှာပေါ်က ရာသီဥတုကြောင့် ဆောရီး လုပ်သွားရသည်။ ပြီးမှ ပခုံးလေးတွန့်၍ ...

"ထားခဲ့လေ .. သူ့ကို ဆံပင်ဆိုင်မှာထားခဲ့ပြီး အချိန်မြန်မြန်းလို့ရတာပဲ .."

"အဲလိုလုပ်လို့မရဘူး နွယ်၊ သူက မြို့ပေါ်မှာ တစ်ခါမှ သွားလာဖူးတာမဟုတ်ဘူး .."

"ဘယ်သွားစရာလိုလို့လဲ လေးလေးကလည်း ..၊ သူ့ကိစ္စကို နွယ်က ထိုင်စောင့်နေရမှာလည်း ကြည့်ပါဦး .."

"နွယ် .."

သူ တံခါးဖွင့်ဆင်းလိုက်ရကာ ..၊

"သူ့ကို ဆံပင်ဆိုင်မှာ သေချာအပ်ပြီး နင် စောင့်နေလိုက်၊ မမသီရိရောက်လာမှ သွားစရာရှိတာသွား .."

"ဟား .."

"ပြောသလိုလုပ် ..၊ တစ်ယောက်တည်း ထားခဲ့လို့ တစ်ခုခုဖြစ်ရင် နင် မလွယ်ဘူး .."

"လေးလေးက တကယ်ကျပ်တယ်ကွာ .. ကျွတ် .."

"ဂျိမ်း .."

မယ် ကို စိတ်မချတာရော နွယ် ကို ဒေါသထွက်တာပါရောကာ တံခါးကို ဂျိမ်းခနဲဆောင့်ပိတ်မိ၏။ ကားထဲကနေ လှမ်းကြည့်လိုက်တော့ မယ် က မျက်တောင်ဖျားလေးတွေစင်း၍ တခြားကိုကြည့်နေသည်။

သူမအတွက် ဒီမှာ ဘာတွေပြောနေကြသလဲဆိုတာ မကြားသလို မသိသလိုမျိုး ...။

ဟိုနေ့တည်းက စိတ်ဆိုးပြီး စကားမပြောဘဲနေခဲ့တာ ဒီလောက်ထိ





နေနိုင်ရလား ..၊

'မနေခဲ့ချင်ဘူး လိုက်ခဲ့မယ်' လို့ သူမ ဝင်ပြောလိုက်လျှင် သူ့ဘက်က ခေါင်းညိတ်လိုက်ရုံ ..၊

ခုတော့ သူမရဲ့ ကံကြမ္မာ ဘယ်လိုပုံစံဖြစ်သွားသွား ဂရုမစိုက်သည့်ပုံစံဖမ်းလျက် အိမ်မက်ထဲမှာ ယောင်တောင်ပေါင်တောင် ရပ်ငေးနေသူလို..။

နေလိုက်ပေါ့ ..၊

"ဖြည်းဖြည်းဝိုက်လေ ဘာဖြစ်လို့ ဒေါသတွေထွက်နေတာလဲ .."

"မဟုတ်ဘူး ရွှေရုပ်၊ ဒီကောင်မလေးကိုက လူကြီးတွေက ဒါဆို ဒါနဲ့မပြီးဘူး .. အမြဲတမ်း ကွန့်ပလိန်းတက်တယ် .."

"သူပြောတာလည်း ဟုတ်နေတာပဲ အစိုး ရယ်၊ သူငယ်ချင်းတွေနဲ့ သွားလာမယ့်ကိစ္စရှိနေတာကို တခြားကိစ္စကြီး ဘယ်သူက ဖွဲ့လုပ်ချင်မှာလဲ ..၊ ပြီးတော့ ရိုးမယ်ဖွဲ့ တစ်ယောက်ကို ဆံပင်ညှပ်ချလိုက်တာနဲ့ မြို့ပုံစံပြောင်းသွားမှာမှ မဟုတ်ဘဲ တစ်ကိုယ်လုံး အရေခွံဆုတ်ပစ်မှပဲ.. အဲ.. အဲ့ဒီလောက် အလုပ်ရှုပ်မှာကိုပြောတာ .. ဆောရီး .."

အပြုံးယဲ့ယဲ့နှင့် ဆောရီးလုပ်ပြီးမှ ပြန်ကြည့်ကာ ...

"အစိုး စိတ်မချရင်လည်း သူ့ကိစ္စလုပ်ပေးလိုက်ပေါ့၊ တို့ ဆော်ဒါတွေနဲ့တွေ့ရင် တို့ကိုထားခဲ့ပေါ့ .."

"မဟုတ်ဘာ ရွှေရုပ် ကလည်း .."

သူမက အောင်နိုင်သူလို မဲ့ပြုံးနှင့် ကားပေါ်မှာ လက်လေးပိုက်၍ မျက်နှာလွှဲပစ်သည်။ ဒီည ပြန်ကြမည့် သူငယ်ချင်းတွေအတွက် နေ့လယ်စာ လက်ဆုံစားပြီး နှုတ်ဆက်မည့်ပွဲဖြစ်သည်။

အိမ်မှာ အဆင်မပြေဖြစ်သွားခဲ့ပြီးမှ ရွှေရုပ် က သူမနဲ့ပတ်သက်သည့် မိတ်ဆွေဆိုလျှင် အပြင်မှာပဲ တွေ့ဖို့စီစဉ်၏။

"အစိုး .."

"ဟင် .. ပြောလေ .."



www.burmeseclassic.com

www.burmeseclassic.com



"တို့က ဒီမှာ ကြာဦးမှာဆိုတော့ အစိုး ဒီလိုမျိုးမကြာခဏအလုပ်ရှုပ်မှာနော် .."

"ရပါတယ် .. ဒါ အလုပ်ရှုပ်တာမှမဟုတ်တာ .. ကိုယ်တို့ဘက်က ညှိဝတ်ကျေရမှာပေါ့ .."

"အလုပ်တွေလုပ်နေပြီဆိုတော့ ဘယ်လိုလဲ .. အဆင်ပြေရဲ့လား.."

"ပြေပါတယ် .. မိဘလုပ်ငန်းဆိုတော့ သားသမီးနဲ့ စိမ်းတာမှမဟုတ်ဘဲ၊ လုပ်ငန်းကို သိတာထက် တိုးပွားအောင် ဘယ်လောက်လုပ်နိုင်လဲဆိုတာက အဓိကကျတာ၊ ပြောရရင် ကိုယ်ပိုင်အရည်အချင်းပေါ့.."

"ဒါဆို .. အစိုး က ကိုယ့်ကိုယ်ကိုယ် ဘယ်လိုထင်လဲ .."

"ကိုယ်က !..."

"ယူ့ကိုယ်ယူ ကွန်ဖီးဒန့်(ထ်) ဘယ်လောက်ရှိသလဲဆိုတာမျိုး.."

"ဒါကတော့ ဘယ်လောက်ထိလုပ်နိုင်သလဲဆိုတာထက် ဘယ်လောက်လုပ်နေသလဲဆိုတာပဲ အရင်လိုအပ်တာပါ .."

"ဘာပဲလုပ်လုပ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိထားဖို့က အရေးကြီးဆုံးပဲ မဟုတ်ဘူးလား .."

"ယုံကြည်မှုတိုင်းက လက်တွေ့နဲ့ တစ်ထပ်တည်းကျတာမှ မဟုတ်ဘဲ၊ ကိုယ်က မင်း အထင်တကြီးဖြစ်ရလောက်မယ့် ယောကျ်ားမျိုး ဟုတ်မဟုတ်တော့မသိဘူး၊ ဒါပေမယ့် ကိုယ် ဘာကိုမှ မလေးနက်ခဲ့တာအမှန်ပဲ .."

ကားက မီးပွိုင့်မှာ ရပ်သွား၏။ ရွှေရုပ် က ကိုယ်လေးခပ်လှုပ်လှုပ်ပြင်လိုက်ပြီး ရယ်၏။ အစိုး ကတော့ မရယ်ပါ။ သူမ ဘာကိုဦးတည်ချင်နေသလဲဆိုတာ သိသည်။

ထို့ကြောင့် ဦးတည်နေတဲ့ဆီကို အရောက်ပို့ဖို့ ဆုံးဖြတ်၍ ...

"ဖေဖေကိုယ်တိုင်က ကိုယ့်ကို ဒီတိုင်းလွတ်လပ်ခွင့်တွေပေးထားခဲ့တာလေ၊ ဒါပေမယ့် အရာအားလုံးက တစ်ချိန်ချိန်မှာ တစ်ပြိုင်တည်းပြောင်းလဲသွားတာက အံ့ဩဖို့ကောင်းတယ် .."





"ဘာတွေလဲ .."

"ဖေဖေပဲ .. ဖေဖေ့ ကျန်းမာရေး တော်တော်လျှော့သွားတာကွ၊ ီမှာ ဖေဖေ တောင့်တခဲ့တာက သူ့အပေါ်မှာ ကျေးဇူးပြုခဲ့ဖူးတဲ့ သူ ်ချင်းကောင်းဆိုတဲ့ တစ်ယောက်ကို တမ်းတလာခဲ့တယ်၊ ဖေဖေ့ ွက် တစ်ခါမှ စဉ်းစားမပေးခဲ့ဘူးဘဲ အဲဒီအချိန်မှာ ဖေဖေ့ အတွက် မဆို ကိုယ် အဆင်သင့်ဖြစ်နေတာ .."

"ဒါဖြင့် အစိုး က မိဘကိုလည်း အနေမနီးဘူး၊ စီးပွားရေးလုပ် ်းတွေကိုလည်း ဘာမှလှည့်မကြည့်ခဲ့ဘူးပေါ့ .. ဟုတ်လား .."

"အမှန်ပဲ .. ကိုယ်က အဲ့ဒီလိုလူ .."

"ရွှေရုပ် ကို စိတ်ပျက်စရာတွေ ရှာကြံထည့်သွင်းပြနေတာတော့ ုတ်ပါဘူးနော် .."

"မင်းအတွက် အဲ့ဒီလိုလူက စိတ်ပျက်စရာလူလား၊ ဒါဆို မင်း ည်း ကိုယ့်ကို တစ်ခါတည်း အဝါကဒ်ပြထားတာပဲပေါ့ .."

"ဟွန်း .."

ရွှေရုပ် က ရယ်လိုက်ပြီး ဆံပင်လေးသပ်သည်။ မီးပွိုင့်က စိမ်း ားပေမယ့် ကားတန်းကတော့ မရွေ့သေးပါ။

"ဆက်ပြောပါဦး .. ရွှေရုပ် ပါလာတဲ့အပိုင်းကို မရောက်သေးဘူး.."

"အဲ့ဒါက ဘွားး စီစဉ်တာလေ၊ ဖေဖေက ကိုယ့်ကို ဘာအတွက်မှ ဖြင်းအထန်မတောင်းဆိုဘူး၊ မချုပ်ချယ်ခဲ့ဘူး ."

"ဘွားကတော့ ချုပ်ချယ်တယ်ပေါ့ .."

"သူလည်း သူ့ခံစားချက်နဲ့နေမှာပါ .."

"ဒါနဲ့ တစ်ခုလောက် မေးလို့ရမလား .."

"မေးလေ .."

"အန်ကယ်လ်က တောဇာတိဆိုတော့ မယ့် အမေတို့နဲ့ တစ်ရွာ ည်းပေါ့ .."

"ဟုတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"တော့်တော် ခေါင်ကာပေါ့နော် ..၊ အဲဒီကနေ မြို့မှာလာကြ
တယ်ဆိုတာ နည်းတဲ့အရည်အချင်းမဟုတ်ဘူး ..၊ မာမီဆိုရင် အန်က
စိုး ရဲ့ ဘက်စ်ရောင်း(န်)က ဘာမှမဟုတ်ပေမယ့် အဲဒီအရည်အချ
လေးစားတယ်ဆိုပြီး ဘွား က ကြောင်းလမ်းတော့ ရွှေရုပ် ကို အ
နားချတော့တာပဲ .."

သူမ လည်ပါသည်။ ဦးစိုးရာ ဘက်မှာ အထင်ကြီးဖွယ်မရှိတာ
ရော၊ အစိုး မှာ ဖအေလိုအရည်အချင်းမျိုး မရှိဘူးလားဆိုတာကိုပါ အ
ပါအောင်ပြောသွားခဲ့သည်။

ထို့ကြောင့် အစိုး က ပြုံး၍ ...

"ဒါကြောင့် ဘွား ပြောတာထင်တယ်၊ အရည်အချင်းကော
တဲ့ ယောကျ်ားတစ်ယောက်အတွက် ပြည့်စုံချမ်းသာတဲ့ ဇနီးမျိုးရဖို့
ယဉ်းဘူးတဲ့ ..၊ ဒါပေမယ့် မင်း သိလား ရွှေရုပ်၊ ဖေဖေနဲ့ မေ
သဘောမတူလို့ ဘွား က အမွေပြတ်စွန့်လွှတ်ခဲတာ .."

"ခု ပြန်ခေါ်နေပြီမို့လား အစိုး ရဲ့၊ အဲ့ဒါကို နားလည်သွား
လေ၊ ခုလည်း အစိုး ကိုယ့်ဘာသာ စိတ်လိုလက်ရ အလုပ်လုပ်လာတ
ဆိုတော့ ပင်ကိုယ်အရည်အချင်းတွေပေါ်လာနိုင်ပါတယ် .."

"ဟား .. ဟား .."

"ယူ ဘာရယ်တာလဲ .."

ကားကို မီးပွိုင့်လွတ်အောင် အသာလိမ့်ထွက်လိုက်ရင်း အစိုး
သူမကို ငဲ့ကြည့်ကာ ..၊

"ခုချိန်ထိ ကိုယ့်စိတ်နဲ့ ကြိုးပမ်းတာ ဘာမှမရှိဘူး၊ အဲ့ဒါကြော
မင်းပြောတာကို ရယ်မိတာ .."

ရွှေရုပ် က ခေါင်းလေးငဲ့စောင်းကြည့်ရင်း မျက်မှောင်ကုတ်သွ
၏။ သနပ်ခါးရောင်ရှပ်အင်္ကျီကော်လံကို မီးခိုးရောင်ကုတ်အင်္ကျီပေါ်
မြင်နေရကာ ဝင်းဖန့်ဖန့်မျက်နှာသည် သနပ်ခါးရောင်ကြောင့် ဖွေး
နေ၏။ ဘေးကစောင်းကြည့်တော့ မဲနက်ထူတန်းသည့် မျက်ခုံးများ





ရိုပ်ဆင်းနေသော ပါးသိုင်းမွေးရာစိမ်းစိမ်းက ထင်းနေသည်။

ယောကျ်ားပီသ၍ ချောမွေ့ခြင်းက သူပြောနေသည့် ပေါ့သွမ်းသော
းတွေနဲ့ မလိုက်ဖက် ..။

"ကိုယ့်စိတ်နဲ့ မဟုတ်ဘူးဆိုတော့ ပြောပါဦး၊ အလုပ်လုပ်ဖို့ ဘယ်
ာ အမိန့်ပေးထားလို့လဲ .."

"အမိန့်မဟုတ်ပါဘူး .. ဖြစ်သင့်မှန်း ကိုယ်နားလည်သွားတာ .."

သူ ဆက်ပြောလာမှာကို ရွှေရုပ် က အပြင်းအထန်စိတ်ဝင်စားနေ
။ စီးပွားရေး စိတ်မဝင်စားသော လူရွယ်တစ်ယောက်ကို ချက်ချင်း
ာက်ကပ်လုပ်ပစ်တဲ့အထိ ဘယ်လိုဖိအားပေးနိုင်တာလဲ ..။

"အိမ်မှာ ကိုယ်က ဘာကောင်မှန်းမသိအောင် လူပေါ်ကြီးဖြစ်နေ
တွ ..၊ ဖေဖေနဲ့ ကိုယ်က နေတတ်သလိုနေပြီး မနေတတ်မှာစိုးတဲ့
ို့အတွက် နေရာပေးထားခဲ့တယ်၊ ဒါပေမယ့် လူ့သဘောက ကိုယ်
ပြီးရင် အဲ့ဒီနေရာကို မဖယ်ချင်တော့ဘူး၊ မဖယ်ရဖို့အတွက် ဘာ
ဖြစ်လုပ်တော့တာပဲ .."

"အင်း .. ရွှေရုပ် ဆက်စပ်မိလာပြီ၊ အခု ကိုကြီးသူရိန် တို့လည်း
ွက်သွားပြီဆိုတော့ သူတို့နဲ့ ဖြစ်ရတဲ့ပြဿနာအရ .."

သူမ ဆက်မပြောဘဲ ထမင်းဝိုင်းက ကိစ္စတွေကိုရော၊ ဒေါ်စောဉမ္မာ
ယ် တို့ကိုချည်း သဟောက်သဟမ်းလုပ်နေခဲ့တာတွေရော အားလုံးကို
က်စပ်တွေး၍ ...

"ရွှေရုပ် ထင်တာပြောလို့ရလား .."

"ရတယ် .."

"ဒါတွေအားလုံးက မယ် နဲ့ပဲ ဆိုင်တယ်ထင်တယ် .."

အစိုး မျက်နှာကိုစိုက်ကြည့်နေရင်း ခေါင်းညိတ်လိုက်မှာကိုတော့
ိုလားစွာရှိနေခဲ့၏။ ဒါပေမယ့် သူက ပင့်သက်ရှိုက်၍ ...

"အဲလိုကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဖြစ်ချိန်တန်လာတဲ့
ခြေအနေတစ်ခုက သူ့ဟာသူ ချိတ်ဆက်ပတ်သက်လာတာမျိုးပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



ပြောလက်စနှင့် ပြုံးလိုက်ကာ ..၊

"ပြီးတော့ ကိုယ်က မင်းနဲ့ ဒါမှမဟုတ် တစ်ယောက်ယော
လက်ထပ်ရမှာပဲလေ ..၊ တစ်သက်လုံး ပေါ့ပေါ့နေ ပေါ့ပေါ့စား လု
လို့မှမရဘဲ .."

"ပြောပါဦး .. ရွှေရုပ် နဲ့ မဟုတ်ခဲ့ရင်လို့ ဘာဖြစ်လို့ထင်ရတာ

"ကိုယ်က မင်းမှမဟုတ်တာ၊ ခုထိ ကိုယ်တို့က လေ့လာနေ
ပဲလေ ..၊ မင်းလည်း စင်ကာပူသွားဦးမှာ အလုပ်ကိစ္စပြီးမှ ပြန်လာ
ကိုယ်ကလည်း ခပ်ညှံ့ညှံ့ကောင်ပဲဆိုတော့ .."

"ဟွန်း .. ဟွန်း .."

ရွှေရုပ် က မရယ်ချင်ဘဲ ပခုံးလေးတွေ လှုပ်အောင် တမင်ရယ်

"ဟုတ်ပါပြီ .. ကဲ .. ဟိုဘက်နားမှာကွေ့လိုက်၊ သူတို့နဲ့ အ
ချိန်းထားတာ .."

ဒီတစ်ခါကျတော့ လူကြီးတွေမပါတော့ဘဲ စုံတွဲတစ်တွဲနဲ့ ရွှေ
ရဲ့ သူငယ်ချင်းဆိုသည့် မိန်းကလေးတစ်ယောက် ..။

"ရုပ်ရှင်ဝင်ကြည့်ရအောင် .. ရှေ့ဆောင်ရုံမှာ Furious 7 ပြ
တယ် .."

"ရှေ့ဆောင်ရုံမှာလား .. အဲ့ဒီမှာ အဲကွန်း သိပ်မကောင်းဘူး ..

"ကောင်းကောင်း မကောင်းကောင်းဟာ တစ်နာရီခွဲလောက်ပေ
ပဲဟာ ..၊ အဲဒီကား အရမ်းနာမည်ကြီးနေတာ .."

"ဟုတ်တယ် .. လန့်ချက စောပါသေးတယ်၊ အဆင်ပြေတယ်
လား အစိုး .."

"ပြေပါတယ် .. ဒါပေမယ့် မင်းတို့မိတ်ဆွေတွေ တွေ့ကြတာ ဖို
က ရှုပ်နေသလားလို့ .."

"အို .. ငါ့မောင်ကလည်း ပြောတော့မယ် တို့တွေက ခုမှဆုံကြ
မယ့် ရွှေရုပ် နဲ့ ပတ်သက်တဲ့သူမှန်း တို့က သိပြီးသားပါ၊ ဟိုဘက်
ယွန်း ကလည်း ခဏကြာရင် သူ့ရဲ့ ဘွိုင်းဖရန့် လာမှာလေ၊ မောင်လေ





အားလုံးပြည့်စုံသွားမှာပေါ့ .."

ရုပ်ရှင်ကြည့်ဖြစ်သွားသည့်အကြောင်းရင်းက ဤသို့ရှိခဲ့၏။ ဖြစ်ချင်
ရုံထဲမှာ သူ့ရဲ့ အဆက်ဟောင်း ခင်မီမီလင်း က စုံတွဲဝင်လာတာ
ကပ်ပင်းတိုး၏။

"စိုး .."

သူမက ရွှေရုပ် နဲ့ သူ့ကို တအံ့တသြကြည့်ပြီး ရှေ့မှာပဲ ခြေစုံရပ်
ခုံတွေကြားထဲက လူသွားလမ်းလေးမှာမို့ နောက်ကလိုက်တက်
သည့် လူတွေ သူမနောက်မှာ တန်းစီသွားကြ၏။

"ယူ ဝင်ထိုင်လိုက်ပါလား အစိုး၊ နောက်ကလူတွေ အားနာဖို့
ကောင်းတယ် .."

ရွှေရုပ် က ပြောလိုက်တော့ မီမီ က သူမကိုလှမ်းကြည့်ကာ ...

"အသိမို့ နှုတ်ဆက်တာပေါ့.. အဆက်ဟောင်းတွေလို့ ထင်မသွား
.."

"တို့ကအရေးမကြီးပါဘူး၊ မင်းဆောက လူကိုပဲရှင်းပြလိုက် .."

မိန်းကလေးချင်း ချက်ချင်းကောက်ငြိသွားတော့ အားလုံးအံ့သြသွား
သော အစိုး စိတ်ညစ်သွားမိသည်။ ထို့ပြင် ထိုင်မိကြတော့ ခုံတန်းရဲ့
ဘက်ထိပ် ဒီဘက်ထိပ် ဆေးချင်းယှဉ်လျက် ..။

"ယူ့အကြောင်း နည်းနည်းတော့ ကြားထားပါတယ်၊ ရည်းစားများ
သလို့မပါပေမယ့် .."

"ဟုတ်တယ် .. ရည်းစားထားဖူးတယ် .."

"သူက ယူ့ချစ်သူလား .."

"အင်း .. သူနဲ့ဆို နှစ်ယောက် .."

ကိုယ့်ရဲ့ မခြေရာသူတွေကိုပါ အတည်ပြုပေးလိုက်သည်။ နိုင်ငံ
တ်အလံ အလေးပြုကြတဲ့အထိ သူမရဲ့ မျက်နှာက ကိုသို့ဘက်မှာ
ပ်ဝင်တစားရှိနေတုန်း ..။

"နှစ်ယောက်စလုံး ပြတ်သွားပြီပေါ့ .."

"အင်း .."

"ကြည့်ရတဲ့ပုံစံကတော့ ခုနတစ်ယောက်ရဲ့ မျက်လုံးတွေက
ပြောနေတုန်းပဲ .."

"ဟွန်း .."

ဓာတ်လမ်းက ထွက်လာတည်းက ကြမ်းနေသည်။ ရွှေရုပ်
ခွန်းတွေက မပြီးနိုင် ...၊

"ကိုယ်လည်း ပြန်မေးချင်တာရှိလာပြီ .."

"မေးလေ .."

"မင်းက နိုင်ငံရပ်ခြားကို အိမ်ဦးနဲ့ ကြမ်းပြင်သို့သွားနေ
တော့ ဒီလိုမေးခွန်းတွေ မင်းဆီက ဖြစ်လာလိမ့်မယ်လို့ မထင်ခဲ့ဘူး

"ဘာလဲ .. အစိုး ကို စပ်စုတာမကြိုက်လို့လား .."

"ကြိုက်ပါတယ်လို့ဖြေရင် မုသားပါသွားမလားမသိဘူး၊ ဒါ
မင်းမေးသမျှ ကိုယ်ဖြေချင်ပါတယ်၊ အရွယ်ရောက်ပြီးကြတဲ့ ယော
မိန်းမတွေမှာ ချစ်သူရှိခဲ့ကြတာရော၊ ဘယ်လိုချစ်ပြီး ဘယ်လို
ညားကြသလဲဆိုတာရော အဲ့ဒါတွေကို မင်း စိတ်ဝင်စားတတ်နေ
ထူးဆန်းတာ .."

"ဒါ ဘာဆန်းလို့လဲ အစိုး၊ နိုင်ငံခြားပဲဖြစ်ဖြစ် တခြားဂြိုဟ်
ကိုပဲရောက်ရောက် ရွှေရုပ် က ရွှေရုပ် ပဲလေ ...၊ ပိုသေချာတာက
နိုင်ငံမှာမွေးပြီး မြန်မာပြည်မှာပဲ ကြီးပြင်းခဲ့တဲ့ ရွှေရုပ် .."

"အဟွန်း .."

"စပ်စုသလိုဖြစ်သွားတဲ့အတွက် ဆောရီးပါ၊ အစိုး ကရော
ပတ်သက်ပြီး သိချင်တာတစ်ခုခုမရှိဘူးလား .."

"ရှိလာရင်မေးမှာပေါ့ .."

ရွှေရုပ် အောင့်သက်သက်နှင့် ငြိမ်နေလိုက်ရသည်။ ရုပ်ရှင်ပြီး
တော့ ဘယ်သူတွေဘယ်လိုဝေဖန်ကြသလဲမသိပေ၊ သူကတော့ ရွှေ
ရဲ့ မေးခွန်းတွေနဲ့ပဲ ဓာတ်လမ်းဘယ်လိုသိမ်းသွားလိုက်မှန်းမသိ





"ချေးခွန်စတေဟန်လေး ကို လက်ထိပ်ခြေထိပ်တွေနဲ့ မြင်ရတာ
သဲမကောင်းလိုက်တာဟယ် ...၊ ငါ့ မင်းသားလေးကို .."

"အဲ့ဒါလေးကလွဲရင် တစ်ကားလုံး ဘာမှပြောစရာမရှိဘူးနော်၊
ငြင့် နေကြာစေ့စားဖို့တောင် မေ့နေတယ် .."

သူများတွေ ဝေဖန်နေကြတာကြားမှ ကိုယ်ကြည့်မိရဲ့လား ပြန်စဉ်း
ရတဲ့အဖြစ် ...။

"ငါ့ဆလင်းဘက်ခ်ကြိုးပြုတ်တော့မယ် .. ဒီနားမှာ ရှော့ပင်းစင်တာ
တစ်ခုခုမရှိဘူးလား .."

" 'ဂျန်းရှင်းမော်တင်' ရှိတယ် .. နီးနီးလေးပဲ .."

သွားပြီ ...၊

သူတို့ချင်း ညှိနှိုင်းပြီး ခြေလှမ်းမြင်သမျှ အစိုး တကောက်ကောက်
က်နေရသည်။ ရည်းစားနဲ့ လျှောက်လည်တုန်းကတောင် ဒီလောက်ထိ
မျှော်မျှားခဲ့ဘူးထင်သည်။

တစ်နေရာမှာတွေ့ကြမည်။ တစ်ခါတစ်လေ ကောင်မလေး ရှော့ပင်း
တ်မည်ဆိုလျှင် လိုက်ပေးခဲ့သည်။ ဒါတောင် ပခုံးချင်းတိုက်ရယ်မော
ဝယ်တာက တစ်မျိုးနှစ်မျိုးလောက်နှင့် မုန့်စားပြီးပြန်ကြတာပဲဖြစ်၏။

ခုကျမှ ဘာမှမသက်ဆိုင် ကျွမ်းဝင်ခြင်းမရှိသော ယောကျ်ား မိန်းမ
သည်သည်များအတွက် သူက ရွှေကြိုလား ...၊

စင်တာထဲဝင်တော့လည်း လှည့်လည်ဝယ်ခြမ်းနေကြတာ မပြီးနိုင်...။
ထို့ကြောင့် သူ ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံး ...၊

"အားတော့နာတယ် .. ဒါပေမယ့် ကိုယ် ဗိုက်ဆာနေပြီ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ချော်တော့ချော်ပါတယ် .. အရှိန်းလှတယ်၊ ဒါပေမယ့် ကျော
ကြီးကျနေတာပဲ .."

"လုပ်ပါဦး .. ဟော့ .. နင့်လူကို ခေါ်ကြည့်ပါဦး .."

"ခစ် .. ခစ် .. ခစ် .."

"ဟား .. ဟား .. ဟား .."

"နင်တို့ကလည်း မလှောင်ပါနဲ့ဟာ .. သူ ခုမှ ပြင်ဆင်လာ
ဆိုတော့ မနေတတ် မထိုင်တတ်ဖြစ်နေမှာပေါ့ .."

"ဟုတ်လား .. မပြင်ဆင်ရသေးခင်ပုံကို မမြင်လိုက်ရတာ နာ
ကွာ .."

"လှပြီးသားပဲဟာ .. လှမှာပါပဲ ..၊ ကြည့်ပါလား နဂိုချော
ဉစ္စာ .."

လူငယ်တွေအုပ်စုဝင်လာတည်းက ဆူညံပွက်ထနေကြတာ ကို
အုပ်စုကတောင် အံ့သြပြီးလှည့်ကြည့်ရတဲ့အဖြစ် ..၊

"ငါတို့တော့ ကံဆိုးပြီ ရွှေရုပ် ရေ နည်းတဲ့အုပ်စုကြီးမဟုတ်ဘူး

"ကြည့်မနေပါနဲ့ မော် ရယ် ..၊ စားစရာရှိတာ မှာစမ်းပါ၊ ဒီ





ကို နင်တို့ပဲ ရွေးတာ .. ငါ ရွေးတာမဟုတ်ဘူး .."

"ဟုတ်ပါတယ် မော် ရယ် .. ရွှေရုပ် တို့ အားနာစရာ၊ ကိုအစိုးရ
လည်း စိတ်ညစ်နေပြီလား မသိဘူး .."

"ကိုထက် က အစိုး စိတ်ညစ်နေပြီလို့ ဘာဖြစ်လို့ထင်ရတာလဲ.."

ရွှေရုပ် က အစိုး မျက်နှာကိုလှမ်းကြည့်ပြီး ကြားဖြတ်မေးခွန်းနှင့်
လီဗာတင်သည်။

"မသိဘူးလေ .. ကျွန်တော်တို့အုပ်စုထဲမှာ သူချည်းပဲ စကားတွေ
များနေလို့၊ အဟွန်း .. ဟွန်း .. ဆောရီးနော် .. ခင်လို့စတာ .."

အားလုံးပြုံးစိစိဖြစ်ကုန်ကြတော့ အစိုး က ပြုံးပြလိုက်ပြီး ခေါင်း
ညိတ်သည်။

"ရပါတယ် .. ကျွန်တော်ကလည်း ကိုယ်တစ်ယောက်တည်း လူ
စိမ်းဖြစ်နေတော့ ကိုထက်နိုင် တို့အတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့
ပါ .."

စားစရာတွေ ကိုယ်စီရှိနေပေမယ့် စိတ်ကျဉ်းကျပ်ခြင်းတွေနှင့်
မျှိုချလို့လည်း မကျ ..၊

ထို့ပြင် ကြက်ခြေထောက်ချဉ်စပ်သုပ် ဆိုတာကို မျက်လုံးရောက်
သွားသဖြင့် မယ် ကို သတိရမိ၏။ အရိုးထုတ်ပြီး အရေခွံနဲ့ အကြောတွေ
ချည်း ခရမ်းချဉ်သီးတွေ ငရုတ်ပွအရှည်တွေနဲ့ သုပ်ထားတာက မယ်
ဆိုရင်တော့ တော်တော်သဘောကျသွားမှာဖြစ်သည်။

ဘာကမှာ ကြက်ဖနဲ့ ကြက်မလေးတစ်စုံဝယ်ထားပြီး မျိုးပွားချ
ခြံလေးခတ်မွေးသည်။ စားလောက်သောက်လောက်အရွယ်ရပြီဆို ရိုက်
သတ်စားသည့် ကောင်မလေး ..။

"ဘာဖြစ်လို့လဲ .. သတ္တဝါ လူချတ်မှကျွတ်တာ .." လို့ပြောတတ်
သေးသည်။

"ကြက်ဖြစ်ဖြစ် ငှက်ဖြစ်ဖြစ် မယ် က အသားမရွေးရှာပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လှလေးရယ်၊ ကောင်းကောင်းလေးရရင် အမေ့အတွက် အခြောက်အခြမ်းလေးလုပ်ပေးထားလိုက်၊ အစိုလေးလုပ်ကျွေးလိုက်နဲ့ အဒေါ်ကိုပဲ ကျွေးတာ .." တဲ့ ..။

အန်တီကလည်း ပြောပြဖူးသည်။ ဒါကြောင့် ဒီကောင်မလေး အမိုးအရင်းတွေပဲကြိုက်နေတာပါ။ သူ ဒေါသဖြစ်ဖြစ်နဲ့ ဟိုမနေ့က ဆူပြောပစ်လိုက်တာတွေ လွန်သွားမှန်းလည်းသိသည်။

ဒါပေမယ့် သူမကလည်း ရှောင်နေသည်။ သူကလည်း မပြောဆိုဖြစ်နဲ့ ..။

"ဟဲ့ .. ဟဲ့ .. ဟိုမှာ မပြောမဆိုနဲ့ ဇွန်းခွက်ကြီးနဲ့ ခေါက်ဆွဲပြုတ်သောက်နေပြီ .."

"သူ .. တူ မကိုင်တတ်ဘူးလား .."

"မင်းက ကိုင်ပြလိုက်လေ စွမ်း ရာ ..၊ ဒါမျိုးက လက်ထပ်သင်ရတယ် .."

"ကဲ .. တော်ကြပါတော့ဟယ်၊ နင်တို့ကြောင့် ပိုမှားကုန်ပါပြီ၊ တကယ်ပဲ ကောင်းကောင်းလည်းမစားရပါဘူး၊ နွယ်နွယ် ရယ် နင့်လူကို လုပ်ပေးလိုက်စမ်းပါ .."

"ဟုတ်တယ်နော် .. ကြာရင်တော့ .. အင်း ငါ ခွံ့ကျွေးလိုက် .."

"ဒုန်း .."

"ဟာ !..."

စားပွဲကိုလက်သီးဆုပ်နဲ့ ထုလိုက်တာလား၊ တစ်ခုခုနဲ့ ဆောင့်ချလိုက်တာလားမသိ နားထဲမှာ အနီးကပ်ကျယ်လောင်သံက ရူးရူးဝါးဝါး ဒုက္ခပေး၏။

ဒီ စားပွဲကလူတွေ ထိုဘက်ကို စိတ်ဝင်တစားလှည့်ကြည့်ကြပေမယ့် အစိုး စိတ်ပျက်စွာ ခေါင်းခါမိ၏။ ဒီလို စားပွဲတွေနီးကပ်ပြီး ဆိတ်ငြိမ်မှုမရှိတဲ့ ဆိုင်မျိုးကို သူ ဘယ်တုန်းကမှ မထိုင်ခဲ့ဘူးပေ ..။ ခုလည်း





ထသွားလိုက်ချင်တာ ကိုယ်တစ်ယောက်တည်းမဟုတ်လို့ သည်းခံနေရ၏။ ထိုစဉ် ...

"ဘာဖြစ်တာလဲ မယ် .. ပြန်ထိုင်လေ .."

ဟင် !...၊

မယ် ဆိုသည့် နာမည်ကြားလိုက်သဖြင့် အစိုး နဲ့ ရွှေရုပ် ဖျတ်ခနဲ မျက်လုံးချင်းဆုံသွား၏။ ဒါ နွယ့် အသံ ..၊

"ဘာဖြစ်လို့ထိုင်ရမှာလဲ .. ဒီလောက် စည်းမစောင့် နှုတ်မစောင့် ပြောနေကြတာ ဘာအဆင့်အတန်းလဲ .."

မယ် ..၊

အစိုး လက်ထဲက ခက်ရင်း ဒေါက်ခနဲလွတ်ကျလေသည်။ သူ တစ်ခွန်း တစ်စ ကြားနေရသည့် ပြဿနာတွေက မယ် နဲ့ ဖြစ်နေတာတွေလား..၊

တစ်ဖက်နဲ့ တစ်ဖက် တိုက်ဆိုင်စွာ ကျောခိုင်းနေမိကြတာမို့ မယ်ကလည်း သူတို့ရှိနေတာကို မသိပေ။ ပြောချင်ရာပြောနေကြသည့် ယောကျ်ားလေးတွေကို ဒေါသနှင့် ရူးရူးဝါးဝါးကြည့်လိုက်ပြီး ..၊

"လုပ်လေ .. ခွံ့ကျွေးကြည့်လိုက်စမ်းပါ၊ ကျောက်ရုပ်လိုနေတဲ့ လက်က နင့်သွားတွေ အခွေလိုက်ကျွတ်သွားအောင်လုပ်နိုင်လား မလုပ်နိုင်ဘူးလား သိသွားအောင် .."

"မယ့် .."

နွယ် က သူမ နေရာကနေ ပတ်လျှောက်လာကာ မယ့် လက်မောင်းကို ဆိုးဆိုဆတ်ဆတ် ဆောင့်တွန်းလိုက်၍ ...

"ငှင်ကိုခင်လို့ စနေကြတာ ..၊ ဒီလောက်တောင် စွာရလား ..၊ လူပုံကြားထဲမှာ ကိုယ့်အဆင့်အတန်းကို ပြနေတာလား ပြောစမ်း .."

"နင့်ကောင်တွေ တော်သလင်းခွေးတွေလို နေရာမရှောင်နှာဘူးဆဲနေတာ နင်မမြင်ဘူးလား ..၊ အဆင့်အတန်းမရှိတာက ငါ မဟုတ်ဘူး အဲဒီကောင်တွေ .."



www.burmeseclassic.com

www.burmeseclassic.com



"မယ် .. နင် .. နင် ငါ့ထက်အသက်ကြီးပေမယ့် နင့်ကို ပါးရိုက်ပစ်လို့ရတယ်နော် .."

"သြော် .. ဟုတ်လား၊ ငါ နင့်ထက်အသက်ကြီးမှန်းတော့ သိသားပဲ၊ ဒါဆို ငါလည်း နင့်ကို ပါးပြန်ရိုက်လို့ရတယ်၊ လုပ်လေ .. ဘယ်သူ့လက် ဘယ်လောက်မာသလဲ စမ်းကြည့်တာပေါ့ .."

ကြည့်စမ်း ..၊

နွယ့် မျက်နှာရဲခနဲဖြစ်သွားသည်။ ထို့အတူ လက်တစ်ဖက်က ရိုင်ခနဲလွှဲမြှောက်သွား၏။ သို့သော် ...

"ဟော့ .."

သူမ လက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲထားလိုက်ပြီး ..၊

"နွယ်နွယ်တွန်း .."

အစိုး က ခပ်ကြိတ်ကြိတ်ခေါ်၍ လက်ကိုဆောင့်တွန်းလွှတ်လိုက်၏။ ပြီးတော့ မယ့် လက်ကို သွားဆွဲလိုက်ပြီးမှ ပြန်လှည့်၍ ...

"တောက် .."

ဘာကိုဖြစ်သည့်ဒေါသမှန်းမသိပေ။ စိတ်ရှိသလောက် ဘာမှလည်း ပြောမထွက်ဘဲ ဟက်တစ်ချက်ခေါက်ရင်း မယ့် လက်လေးကိုဆွဲ၍ ထွက်လာခဲ့သည်။

ဘယ်သူ့ကိုမှ ဘာမှမပြောဘဲ ထွက်သွားသည့် သူ့ကို ရွှေရပ် က ရူးရူးစိုက်စိုက်လိုက်ကြည့်နေခဲ့၏။ သူမကို အစိုး မေ့လျော့ထားရစ်ခဲ့တာ မဟုတ်ပေ ..။

မယ့် ကို ကားထဲတွန်းထည့်လိုက်ကာ ဖုန်းထုတ်၍ အိမ်က ကားလွှတ်ပေးဖို့ လှမ်းမှာလိုက်သည်။ ဖုန်းပြောပြီးတာနှင့် ကားထဲမှာ ထိုင်ချလိုက်ပြီးဖြစ်လျက် ..၊

"ဟား .."

စတီယာရင်ပေါ် လက်မတင်နိုင်သေးဘဲ သက်ပြင်းမောကြီး ချလိုက်မိ





သည်။ ပြီးတော့ ဆံပင်တွေထဲ လက်တစ်ဖက်ထည့်ဖွရင်း ..၊

"ဆောရီး .."

မယ် က လှည့်ကြည့်ပေမယ့် မျက်မှောင်ကုတ်ထားလျက်ဖြစ်ကာ သူကလည်း လှည့်ကြည့်လာပြီး ..၊

"ဆောရီးပါ .."

ဒါပဲထပ်ပြော၏။

"ဘာကို ဆောရီးနေတာလဲ .."

"မင်း ငါ့ကို မကျေနပ်တာတွေ အားလုံးအတွက် .."

"ရှင့်ကို မဟုတ်ဘူး၊ ဘာကိုမှ မကျေနပ်တာ ..၊ မယ့် ကိုယ် မယ် လည်း မကျေနပ်ဘူး၊ ဒီလိုနေရာကို ဘာဖြစ်လို့ လိုက်လာမိမှန်းမသိဘူး၊ ဘာဖြစ်လို့ ထွက်မသွားနိုင်မှန်းလည်းမသိဘူး၊ ဘာကိုကြောက်စရာရှိလို့လဲ ..၊ ဒီလောက် ဝိုင်းဝန်းဖိနှိပ်နေကြတဲ့ ပတ်ဝန်းကျင်ကနေ ဘာဖြစ်လို့ ထွက်မသွားရဲတာလဲ ..၊ တခြားမှာရှိနေသမျှ လူတွေအားလုံး ဒီလိုလူတွေ ချည်းပဲလား .."

"မဟုတ်ပါဘူး .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် မယ် သတ္တိနည်းနေတာပါ၊ တောကို ပြန်မသွားချင်တော့တာ၊ ပိုက်ဆံတစ်ပြားမှ မရှိဘဲ အဲ့ဒီခြံဝင်းအပြင်ကို တစ်လှမ်းမှ မထွက်ရဲခဲ့တာ ..၊ အဲဒါတွေ မယ် အသုံးမကျတာပဲ .."

"အသုံးကျရမယ့်ကိစ္စမှ မဟုတ်ဘဲကွ .."

ဒီလိုပြောတော့ 'ငါမှားခဲ့သည်' ဆိုပြီး ညံ့သက်နေခဲ့သည့်စိတ်က ဒေါသအဖြစ် ထောင်းခနဲထ၏။

"မင်းက မိန်းကလေး၊ အန်တီက အသက်ကြီးနေပြီ .."

"ဟုတ်တယ် .. အဲဒါတွေကြောင့် နေ့ရှိသမျှ ပုတ်ခတ်စော်ကားခံနေရတာ၊ ဘာဖြစ်လဲ .. မိန်းကလေးတွေ ကိုယ့်ဝမ်းစာကိုရှာစားလို့မရဘူးလား ..၊ အလုပ်လုပ်မယ်ဆိုတာတောင် ဦးစိုးညွှန့် အိမ်ကလွဲ

www.burmeseclassic.com



ရင် ထမင်းစားရမယ့်နေရာ မရှိတော့ဘူးလား ..."

"မယ့် ..."

"မပြောနဲ့ .. ရှင်ကြီးကိုလည်း မုန်းတယ် ..."

အတင်းခေါင်းခါအော်ပစ်ကာ မယ် ရှိုက်ကြီးတငင်ငိုချလိုက်သည်။

"ကျွတ် .."

ကားပေါ်ထိုင်ပြီးမှ ကားလည်း မမောင်းဖြစ်ဘဲ စတီယာရင်ကို ထုပစ်မိ၏။ ပြီးတော့ ပြန်ကြည့်မိသည်။ မယ့် ပုံစံလေးလုံးဝပြောင်းလဲနေပြီဖြစ်သည်။

ပုဖွန်ဆီရောင် ခါးတွန့်လက်ပွလေးက လည်ဟိုက်လေးဖြစ်ကာ ဂျင်းဘောင်းဘီ ပန်းသွေးရောင်ရဲရဲလေးက ကျပ်ကျပ်ကပ်ကပ်လေးဖြစ်၏။

ဆံပင်မတိုမရှည်ခပ်ပွပွကို နားရွက်ကုပ်လေးညှပ်ချလိုက်သဖြင့် ဖြူဝင်းနေသည့် ကုပ်သားလေးတွေကို မစိုမပို့မြင်နေရသည်။

အင်္ကျီပုံကိုက လည်စည်းပုံစံ ပဝါပါးလေးပါနေသဖြင့် ပခုံးစွန်းလောက်ထိ အကျယ်ဟိုက်ထားသည့် အင်္ကျီပုံက ရှိုင်းသည့်တက်ကို မရောက်တော့ခြင်းဖြစ်သည်။

ဆေးဆိုးစရာမလိုဘဲ နီရွှေရောင်သမ်းနေသည့် ဆံပင်တွေက ယျော့ အိတုန့်ခွဲ့နေသဖြင့်၊ ဒီ ဆံပင်ပုံလေးနဲ့ သူမက တကယ်ကို နုနုငယ်ငယ် ပုံလေးပေါက်သွားခဲ့၏။

ဒါပေမယ့် မိတ်ကပ်ပြေပြေနဲ့ မျက်ဝန်းမှာ တင်ထားသည့် လိုင်နာ တွေကတော့ မျက်ရည်ကြောင့် ပျော်ကျပျက်စီးကုန်ပြီဖြစ်သည်။

မျက်လုံးတစ်ပိုက်နဲ့ မျက်ရည်ဆွဲပွတ်ထားသည့် ပါးပြင်တစ်ခြမ်း မှာ အညိုအမည်းအကွက်လိုက် ထင်နေသဖြင့် ...၊

"ရော့ .. မျက်နှာကို အကုန်ပွတ်ပစ်လိုက် .."

ငိုလို့ကောင်းနေတုန်း မျက်နှာအောက်ကို တစ်ရှူးထုပ်ရောက်လာ





သဖြင့် မယ် ဖျတ်ခနဲမော့လာ၏။

"မင်း မျက်နှာကို မုန်းကြည့်ပါလား .."

"ရှင် လူကိုလှောင်နေတာပေါ့ .."

"မယုံရင်ကြည့်လိုက်လေ .. ဇန်ပိုင်းယားဖြစ်နေပြီ .."

ကြည့်ဖို့မရည်ရွယ်ပေမယ့် သူ ဒီဘက်ကုန်းလာပြီး မှန်ကိုဆွဲချပေး လိုက်သဖြင့် ကြည့်လိုက်မိသည်။

"အဟွန်း .."

မျက်လုံးအိမ် တလက်လက်က အိုင်းလိုင်နာတွေ ညည်းညီးရစ်ဝိုင်း နေကာ သရဲရုပ်ပေါက်နေတာတော့ အမှန်ပင် ..။ ဒါပေမယ့် သူ့ရယ်သံ ကြောင့် စိတ်တိုသွား၏။

"ရှင် .. ဘာရယ်တာလဲ .."

"မင်းကို သူများမြင်ရင်လည်း ရယ်မှာပဲ .."

"အဲဒါ ရှင်တို့တွေ လူကိုအရုပ်တစ်ရုပ်လို ထင်သလို ခိုင်းနေတာ တွေပဲလေ .."

"မင်းသာ ငိုမချလိုက်ရင်တော့ .."

"တော်ပြီ .."

"ဟော့ .."

မယ် ရှက်ရှက်နှင့် ကားပေါ်က ဆင်းဖို့လုပ်တော့ တံခါးလည်း မဖွင့်တတ် ..၊

အစိုး ပျာပျာသလဲ လှမ်းဆွဲမလိုဖြစ်သွားပြီးမှ လက်ပြန်ရုပ်ကာ...

"ကိုယ် ဖွင့်မပေးဘဲ မင်း ဆင်းသွားလို့မရဘူး .."

"ဖွင့်ပေး .."

"ဘယ်ကိုသွားမလို့လဲ .."

မယ် ရုတ်တရက် မဖြေနိုင် ..၊ သူ အလယ်က စပယ်ယာဘောက် (ဂ်စ်)လေးပေါ် လက်တင်၍ သူမ ဘက်ကိုတိုးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က အရိုးအရင်းကြောင့် ကိုယ်ပြောမိတာတွေအတွက် ဆောရီးပါကွာ ..၊ ပြီးတော့ ဒီနေ့ နွယ် နဲ့ မင်းကို ထားခဲ့မိတယ်၊ အဲဒါ ကလည်း မင်းက စကားတစ်ခွန်းမှ မပြောလို့ပါ၊ ပို့ပေးလိုက်ဖို့ မမသီ က မှာတယ်၊ မင်းက ဒီတိုင်းတက်လိုက်လာတယ်၊ ကိုယ်က ရွှေရှင် ရှေ့မှာ မင်းကို .."

"ဒီမှာ .."

မယ် သူ့ဘက်ကို ပြန်လှည့်ကာ ...

"ဘယ်သူ့ရှေ့မှာဖြစ်ဖြစ် မယ် ဘယ်သူနဲ့မှ နောက်ထပ်မရင်းနှီး တော့ဘူး၊ အခု အဘစိုး နေကောင်းသွားပြီ၊ မယ် ပိုက်ဆံနည်းနည်း တောင်းပြီး ဒီအိမ်ကထွက်သွားဖို့.."

"ဘာဖြစ်လို့သွားရမှာလဲ ..၊ မင်းတို့ကို ဖေဖေ ခေါ်လိုက်တာ ရန်ကုန် ကနေ ဟိုနားဒီနားသွားလို့ရအောင် ခရီးစရိတ်စောင့်ပေးဖို့မှ မဟုတ်ဘဲ -"

"ဒါဆို ဘာအတွက်လဲ .. ပြောစမ်းပါ .."

"ငါပြောမှာမဟုတ်ဘူး .. ဖေဖေ ပြောမှာ၊ မင်းနဲ့ အန်တီအတွက် ဖေဖေ ဘာစီစဉ်ထားသလဲဆိုတာ ဖေဖေ ပြောလာမှာ၊ ဒီကြားထဲမှာ ဖေဖေ့ကိုထပ်ပြီး စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့ .."

"ဘာ!..."

"မင်းအတွက် စိုးရိမ်တာလည်းပါတယ် မယ် ..၊ မြို့ကြီးတွေမှာ လူယုတ်မာတွေချည်းရှိနေတာမဟုတ်ဘူး .. မှန်တယ်၊ ဒါပေမယ့် မိန်း ကလေးတစ်ယောက် ပျက်စီးဖို့အရမ်းလွယ်တယ်၊ အဲဒါ မင်းမှတ်ထား ပြီးတော့ သည်းခံခြင်းက အောင်နိုင်ခြင်းပါ၊ အခု ငါတို့သားအဖ မင်း ဘက်မှာရှိနေတယ်၊ တခြားလူတွေက ဘာမို့လို့လဲ ..၊ သူတို့ပြော လောက်ကို မင်း တုန်လှုပ်ပြီး ကိုယ်ရလာမယ့် အခွင့်အရေးကောင်းတွေ ကို လက်လွှတ်ခံမှာလား .."

"မသိဘူး .. ဒီနေ့ မယ့် စိတ်တွေဘာကိုမှ ဖမ်းမမိတော့ဘူး၊ အဲ





တွေနဲ့အဝေးဆုံးကို သွားချင်တာပဲသိတယ် .."

"မသွားရဘူး .."

အစိုး က ထပ်ပြောသည်။ ပြီးတော့ .. တစ်ရှူးနှစ်စကို သူကိုယ်တိုင် သုတ်လိုက်ပြီးပေးကာ ..၊

"အဲဒါတွေ မတွေးနဲ့တော့ .. ရော့ .. မျက်ရည်တွေသုတ်ပစ်လိုက်.."

မယ် က မကြည်မလင်နဲ့ယူကာ ဖြစ်သလို ပွတ်သပ်ပစ်၏။

"ပိုဆိုးကုန်ပြီ .. မှန်ကြည့်သုတ်လေ .."

"နေပေ့စေ .."

"ဒီဘက်ပါးချိတ်ရောက်လာပြီကွ အမည်းတွေ ..၊ လာ ဒီဘက်တိုး.."

ပြောပြီးတာနှင့် လက်မောင်းကိုဆွဲချလိုက်သဖြင့် မယ် သူ့ဘက်ကို ယိုင်သွားသည်။ အမှတ်တမဲ့မို့ ပခုံးချင်းထပ်သွားကာ ပါးချင်းမထိတထိ ဖြစ်မိသွား၏။

"အ .."

"ဆောရီး .."

ဘယ်မှထိနိုက်နာကျင်တာမဟုတ်ဘဲ အော်မိကာ အစိုး ကလည်း ပြုံးသမ်းပြီး ဆောရီးလုပ်နေ၏။ ပြီးတော့ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်မိပြီး မရယ်ဘဲမနေနိုင်တော့ပေ ..။

"ဘာရယ်တာလဲကွ .."

"ရှင်ကရော ဘာရယ်တာလဲ .."

"မင်း မျက်နှာ သရဲမလေးနဲ့တူနေတာကို မပျက်နိုင်လို့ ရယ်တာ.."

"ရှင်လည်း အခု သရဲနဲ့တူသွားပြီ .."

"ဟုတ်လား .."

သူ့မျက်နှာမှာ အမည်းတွေစွန်းထင်းသွားမှန်းသိကာ ဘယ်မှာမှန်း မသိဘဲ ဟိုစမ်းဒီစမ်းနှင့် ဖျက်ဖို့ကြိုးစားနေ၏။

မယ် က ရယ်မိတာကိုပြန်ထိန်းလိုက်ပြီး မျက်စောင်းလေးရွယ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တစ်ရှူးစထုတ်ယူကာ ...

"ဒီဘက်လှည့် .."

"ထားလိုက်ပါကွာ .. မင်းနဲ့ ငါ သရေပေါ့ .."

"ဘာသရေလဲ .. နှစ်ယောက်စလုံး ပေကျံနေတာ လူမြင်လို့ကော

မလား .."

"ဪ .. ဒါတော့ သိလား .."

"ဘာ!..."

"ဆောရီး .. မင်းကို မတည့်အောင်ပြောမိပြန်ပြီ .."

သူက ရယ်ကျဲကျဲနှင့် ဒီဘက်ကပ်လိုက်ရင်း မျက်နှာလှည့်က

"မင်းနဲ့ ငါ အပြန်အလှန် သုတ်ပေးကြတာပေါ့၊ မျက်နှာတ

တည့်လှည့် .."

မယ် လည်း သူ့မေးဖျားကို ကိုင်ထားပြီးပြီမို့ ကိုယ့်မျက်နှာ

ဘယ်မှာလွှဲပစ်လို့မရတော့ပေ ..။ သူကလည်း မယ့် ပါးပြင်လေးပေ

တစ်ရှူးနဲ့ထိကပ်မိပြီးမှ မျက်ဝန်းချင်းဆုံသွားမိတော့ တုံ့ခနဲဖြစ်

မျက်ဝန်းတို့ အမှတ်တမဲ့ စူးစိုက်ကြည့်မိရင်း သံလိုက်တို့ ဆွဲ

သလို ရုတ်တရက်လွှဲဖယ်ဖို့ မေ့လျော့နေခဲ့ကြ၏။ မယ် သတိဝင်

ကာ မျက်ဝန်းတို့ချောက်ချားရုတ်ဖယ်သွားလျှင် အစိုး က တစ်ရှူး

ထားသည့် မယ့် လက်လေးကို ဆုပ်ကိုင်ထားလိုက်၏။

မယ့် ရင်တွေ ဒိန်းခနဲဆောင့်ခါသွားသည်။ တစ်ကိုယ်လုံး ကြ

သီးမွေးညှင်းတွေထသွားသလို ပူရှိန်းတုန်ခါသွားခဲ့ပြီ ..။

"ဖယ်ပါ .."

"မယ် .."

သူက မယ့် မျက်နှာလေးကို စူးစိုက်ကြည့်ကာ ..၊

"မင်းနဲ့ ငါက အရမ်းကိုရင်းနှီးသင့်တဲ့ လူတွေပါ၊ စိတ်ချင်းလည်း

ရင်းနှီးကြတာပဲ ..၊ ဘာဖြစ်လို့ မင်းကိုယ့်ကို နားမလည်တာလဲ .."





"ဘာကိုနားလည်ရမှာလဲ .."

"မင်းအပေါ်မှာ ထားခဲ့တဲ့ ငါ့ သံယောဇဉ်တွေကို .."

မယ် ဖျတ်ခနဲ မျက်လွှာပင့်ကြည့်တော့ နောက်ထပ်အကြည့်ချင်း

ွား၏။

"မင်းက အရမ်းကိုဖြူစင်ပြီး ချစ်ဖို့ကောင်းတဲ့ ကောင်မလေးပါ၊

ည် မင်းကို .."

"ဖယ်ပါဆို .. လက်ကနာနေပြီ .."

သူက ဆုပ်ကိုင်ထားသည့်လက်ကို နည်းနည်းလျှော့ပေးလိုက်ပေ

ဲ့ မလွှတ်သေး ..၊

"မင်းကို ကိုယ် မရိုးမသားမပြောပါဘူး၊ ဒါပေမယ့် ကိုယ့်ဘဝမှာ

မိန်းမိန်းကလေး တစ်ယောက်အပေါ် တစ်ခါမှ မထားခဲ့ဘူးတဲ့ တွယ်

မျိုးနဲ့ မင်းကို ချည်နှောင်ခဲ့တာ၊ အဲ့ဒါကို မင်း ယုံသည်ဖြစ်စေ

ုံသည်ဖြစ်စေကွာ .. ကိုယ် ဘာပြောပြော ဆရာလုပ်တယ်လို့မထင်

နားလည်ပေးစမ်းပါ .."

မယ် က မျက်လွှာလေးချ၍ ငြိမ်သက်သွား၏။ အစိုး က မယ့်

က်လေးကို တင်းခနဲ ဆုပ်ဖျစ်လိုက်ပြန်ကာ ...

"မင်းကို ကိုယ်ဘယ်မှာဖြစ်ဖြစ် စိတ်မချဘူး၊ အဲ့ဒါကြောင့် စိတ်

ျင်တယ်၊ ကိုယ့် မျက်စိအောက်မှာပဲ တစ်သက်လုံး စောင့်ရှောက်သွား

င်တာ၊ ဒါပေမယ့် မဖြစ်နိုင်ဘူး .. ဒီမှာ မယ် .."

မယ် သူ့ကိုကြည့်လာတဲ့အထိ စောင့်နေမိကာ ...

"ခုချိန်ကစပြီး ကိုယ်ပြောဆိုဆုံးမရင် နားထောင်ပါ့မယ်လို့ ကတိ

စမ်းပါ .."

"မပေးဘူး .."

"ဘာဖြစ်လို့လဲ .."

"ရှင် ဖြစ်စေချင်တာတွေ မယ် ဘာမှမဖြစ်ချင်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ဘာဖြစ်စေချင်တာလဲ .."

မယ် အသံတိတ်သွားပြန်သည်။

"ပြောလေ .."

"ဘုတ် .. ဘုတ် .."

သူ မယ့် မျက်နှာနား ပိုကပ်လာချိန်တွင် အပြင်က ပါကင် က မှန်ကိုပုတ်၍ ခေါ်နေ၏။ သူ မှန်ချပေးလိုက်လျှင် ...

"ညီလေး ကားမထွက်သေးရင် နောက်နည်းနည်းလေး ထပ် ပေးပါလား ..၊ ကုန်ကား ပြန်ထွက်မှာမို့လို့ပါ .."

"အိုခေ .."

ဘာပဲဖြစ်ဖြစ် ဒီနေ့လယ် ရာသီဥတုအေးချမ်းသွားပြီမို့ အခိုး နိုင်ရယ်နိုင်ဖြစ်သွားခဲ့၏။

အိမ်မှာ ဘာဖြစ်မည်ဆိုတာကိုမသိ ..၊ သို့သော် ...

ကားထွက်လို့ ရေဒီယိုဖွင့်လိုက်တော့ ...

"နေရာကွက်၍ မိုးထစ်ချုန်းရွာမည် -- ရွာရန်ရွာနှုန်းရှစ်ဆယ်





## အခန်း (၃၄)

"ကိုယ် ရှင်းမယ် .. မင်းနဲ့မဆိုင်ဘူး သွားတော့ .."

ကားရပ်လိုက်တာနှင့် ဧည့်ခန်းမှာ စုဝေးနေသည့် လူစုကို လှမ်း ိုက်၏။ အပြင်ဧည့်ခန်းက အိမ်အဝင်တံခါး၏ ညာဘက်ခြမ်းမှာမို့ ိုက်ကာကနေ မြင်နေရတာဖြစ်သည်။

သူတို့ဆင်းလာတော့ ဒေါ်ကောက် ဟာ မျက်စိမျက်နှာပျက်နှင့် ကြိုနေသဖြင့် သူ ထင်တာသေချာပြီမှန်း သိလိုက်သည်။

ထို့ကြောင့် ဒေါ်ကောက် ကိုပါ ထပ်ဆင့်မှာကာ ...

"အန်တီ မယ့် ကို နောက်ဖေးထိခေါ်သွားနော် .."

မယ် က ရုတ်တရက်မသိလိုက်ဘဲ အိမ်ပေါ်လှမ်းတက်လိုက်မှ ပ် ဟို့ကို ဧည့်ခန်းထဲမှာထိုင်နေတာမြင်သွား၏။

ရွှေရုပ် တို့ကလည်း သူမကို ဝိုင်းကြည့်နေကြပြီး ..

"မျက်နှာမှာ ဘာမှပါမလာတော့ဘူး ရွှေရုပ်၊ သူ့ကို ဆိုင်က လုပ နေအောင် ပြင်ပေးလိုက်တာကို .."

www.burmeseclassic.com

www.burmeseclassic.com



မော် က ရွှေရုပ် နားကို ကပ်ပြောသည်။ ရွှေရုပ် ရဲ့ တိုဘ
ထိုင်နေသည့် ဒေါ်မြင့်မြတ် ကြားနိုင်လောက်သောလေသံနဲ့ဖြစ်

ဒေါ်မြင့်မြတ် မျက်ခုံးအစုံ ထိဆက်မတတ် ညှတ်ကျသွားခဲ့
ရွှေရုပ် ၏ အကြည့်တွေကလည်း 'ဘွား ဘယ်လိုတာဝန်ယူမလဲ' ဆို
မေးခွန်းတွေနှင့် ..။

"မြေးက ဘာဖြစ်လို့ တခြားစီ ပြန်လာကြလဲ .."

"မယ် ကို ခေါ်လာရလို့ပါ၊ သူက ပြဿနာတက်နေတာ

သိပြီးပြီမှန်းသိသည်။ ထပ်မေးလို့ ထပ်ဖြေရခြင်းမှာ အဖြေက
ဖို့မလိုဘူးထင်၏။ သူ အရင်ထွက်သွားပြီး နောက်ကျမှ ရောက်လာ
အတွက် အပြစ်ရှိသည်ဆိုရင်တောင် ..။

"ဒီကလေးတွေ ပြောလို့ အနည်းအကျဉ်းတော့ သိပြီးပါပြီ၊
မယ် မြေးတို့က အရင်ပြန်သွားတာဆို .."

"အရင်ပြန်ပြီး နောက်မှ ပြန်လာလို့မရဘူးလား ဘွား ..၊ မယ်
လိုအပ်နေတာ ဆံပင်ဒီဇိုင်းတစ်မျိုးတည်းမဟုတ်ဘူး၊ ရန်ပွဲကနေ
ရတဲ့သူ့ကို အဲ့ဒီနေရာကနေ အိမ်အရောက်တွန်းထည့်လိုက်လို့မှ
ပြောဆိုဆုံးမဖို့တွေ ကျွန်တော် မလုပ်ရဘူးလား .."

ဒေါ်မြင့်မြတ် မျက်နှာ ချက်ချင်း ပြေကျသွားသည်။ မော်
ရိပ်မိသည်နှင့် စုစည်းထားသည့် သဝေထိုးကို ခကွေးလေး ခပ်ကုပ်
ပြန်ရေး၍ ပြိုင်တူထရပ်ကြ၏။

"ငါတို့ ပြန်ဖို့ပြင်ဆင်ရဦးမှာဆိုတော့ သွားမယ်နော် ရွှေရုပ်
ဘွား သမီးတို့ကို ခွင့်ပြုပါဦး .."

"သမီးတို့က ရွှေရုပ် တစ်ယောက်တည်းကျန်ခဲ့လို့ ပြန်ပို့ကြတာ





နှုတ်ဆက်လိုက်ရပေမယ့် သဝေထိုးဖို့ အစီအစဉ်ကိုလည်း လုံးလုံး
းလျား လက်မလျှော့နိုင်ဘဲ စကားအစွန်းလေး ထားရစ်ခဲ့လိုက်သည်။

ဘာရမလဲ .. ကားပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်း
ပ် ပါးချင်းကပ်နေကြတာ မမြင်ဘူးမှတ်လို့ ..။

မော် က နည်းနည်းလေးမှ မကျေနပ်သဖြင့် ရွှေရုပ် ကို လက်တို့
တိပေးခဲ့သေးသည်။

ဒေါ်မြင့်မြတ် က လူငယ်တွေရဲ့ မျက်နှာကို နားလည်နေပေမယ့်
သက္ခာထားလိုက်၏။

"မြေးရယ် .. မယ် ကို ခေါ်တာလည်း ခေါ်ပေါ့ .. ရွှေရုပ် ကိုလည်း.."

"စားပွဲနှစ်လုံးက ကပ်ကပ်လေးဖြစ်နေလို့ ဘွား၊ တစ်ဖက်နဲ့တစ်
ာ် ပစ်ခတ်ကြတော့မလိုဖြစ်နေတာကို ဝေးတဲ့နေရာအထိ တစ်ခါတည်း
ခွဲထုတ်မသွားရင် ဆက်ဖြစ်ကုန်ကြမှာ .."

"ခက်တော့တာပဲ .. ဒီမိန်းကလေး ဘာဖြစ်လို့ ဒီလောက်ရိုင်းနေ
န်းမသိပါဘူး ..၊ မဖြစ်ဘူး .. ဆုံးမမှုမရှိဘူးတော့ အပြောမခံနိုင်ဘူး
အဟွတ် .. အဟွတ် .."

"ဘွား နေမကောင်းဘူးလား .."

"ကောင်းတယ် .. ဘာမှမဖြစ်ဘူး .."

ဘွား မျက်နှာငယ်ရတာ ကိုယ့်ကြောင့်မို့လို့ စိတ်တော့မကောင်း
ါ။ ဒါပေမယ့် ကိုယ်မဟုတ်တာလုပ်ခဲ့တာမှ မဟုတ်ဘဲ ..။

"ဆောရီးပါ ရွှေရုပ် ရယ် .. ကိုယ် အချိန်မီကားလွှတ်ပေးတာပါ.."

"ဟွန်း .. ရပါတယ်၊ ဟုတ်တယ် .. ရွှေရုပ် က ချက်ချင်းထပြန်
ာတာ .. ကိုယ်နဲ့တွဲတဲ့လူက ကိုယ့်ကိုထားပြီး ထွက်သွားတော့မနေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့တာနဲ့လေ ..”

ပြောပြီး သူမက ထရပ်လိုက်သည်။ ပြီးမှ ပြန်ကြည့်၍ ...

“ယူ ကားလွှတ်လိုက်မယ်လို့ ပြောသွားရင်တော့ စောင့်မိမလား ဒါပေမယ့် .. ဟွန်း ..”

သူမက အဓိပ္ပာယ်ပါသည့် မဲ့ပြုံးနှင့် စကားအဆုံးမသတ်ဘဲ ထွက်သွား၏။ ဒါပေမယ့် .. မတတ်နိုင် ...၊



## အခန်း (၃၅)

“အဟွတ် .. အဟွတ် ..”

ထမင်းစားခန်းထဲဝင်လာတည်းက ချောင်းသံကြားနေရသဖြင့် အစိုးက ဘွားအမျက်နှာကို လိုက်မော့ကြည့်၏။ ပြီးတော့ ဘွား အတွက် သီးသန့်ဖျော်ထားသည့် အိုဗာတင်းနဲ့ ကြက်ဥပေါင်မုန့်ကြော်ကို ကိုယ်တိုင်ထည့်ပေးကာ ...၊

“ဘွား နေမကောင်းဘူးလား ...၊ ညကလည်း ချောင်းဆိုးသံကြားတယ် ..”

“ရွှေရုပ် ထမလာသေးဘူးလား ..”

“ဩော် .. အဲဒီကိစ္စကြောင့် ရွှေရုပ် စိတ်နဲ့ ဘွား ဖျားသွားတာလား..”

“တယ် .. ဒီကောင်လေး စောစောစီးစီး ဘွားအေကို စိတ်တိုအောင် လုပ်နေပြန်ပြီ ..”

အစိုး ပြုံးစိစိနှင့် ခေါင်းငုံ့သွားကာ ...၊

“သိဘူးလေ .. ဘွား က ချက်ချင်းကြီး လူမမာနဲ့ တူသွားတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုး ..”

“ဘွားမှာ ရင်ကျပ်ရောဂါရှိနေတာကြာလှပေါ့ ..”

ပြောပြီး အိုဗာတင်းတစ်ငုံသောက်သည်။ ပြီးတော့ ကြက်ဥပေါင်မုန့်ကြော်ကို စားလိုက်ပြီး ...

“အင်း .. ဒီနေ့ ပေါင်မုန့်ကြော်က မဆိုးဘူး၊ အပေါ်ယံလေးတွေ ကြွပ်ပြီး အချိုလည်း မများဘူး ..”

“အဲဒါ မယ် လုပ်ပေးထားတာ မမကြီး ..”

ဒေါ်ဥ က မီးဖိုခန်းဘက်ကို အသားငါးတွေ ‘မ’ သယ်သွားရင်း မလှမ်းမကမ်းကနေ ရပ်ပြော၏။ ဒေါ်မြင့်မြတ် မျက်မှောင်ကုတ်သွားကာ လှည့်လည်းမကြည့် ..၊

“ညည်းကို ဘယ်သူက မေးနေလို့လဲ မယ်ဥ ..”

“ရှင် .. ဟို ..”

“ကိုယ့်အလုပ်ကိုယ်သွားလုပ် ..”

ဒီကောင်မလေး မီးဖိုခန်းထဲမှာ အလုပ်လုပ်နေတာ ဒီကနေ မြင်နေရတာပဲ ..၊ အဝင်ဝကနေ တံခါးပေါက်ခွဲ၍ နှစ်ခန်းကန့်ထားပေမယ့် မှန်တစ်ဝက်နဲ့မို့ လှမ်းတော့ မြင်နေရတာပင် ..။

ဆံပင်နားရွက်ကုပ်လေးနဲ့မို့ မြင်နေကျ ရိုးမယ်ဖွဲ့ ဆိုတဲ့ကောင်မလေး မဟုတ်တော့သလိုပင် ..။

အနက်ရောင်ဆွယ်တာအင်္ကျီ ခါးရှည်လေးကလည်း ကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်မို့ ကိုယ်လုံးတော်တော်လှတာကို မိန်းကလေးချင်းတောင် အသိအမှတ်မပြုဘဲ နေနိုင်မှာမဟုတ် ..။

ဒါပေမယ့် အလှတရားတိုင်းက တန်ဖိုးမြင့်ကြတာမှ မဟုတ်ဘဲ..။





ပေါင်မုန့်ကြော်စားရင်း မယ် ကို မကြည့်တော့ပေမယ့် မြင်ယောင်နေသည်။ ကိုယ့်ရှေ့မှာဆို မျက်လွှာချသွားသည်။ ခေါင်းငုံ့သွားတာလည်း လည်းရှိ၏။

သို့သော် .. မျက်လွှာချ ခေါင်းငုံ့သွားတိုင်း ရိုသေသမှုရှိလှသည်လို့ ဆိုနိုင်တာမဟုတ် ..၊

အကြိတ်အခဲတစ်ခုခုကို မျိုသိပ်၍ မျက်လုံးချင်းမဆုံချင်လို့ ရှောင်ဖယ်တာမျိုးမှန်း စိတ်ထဲက ခံစားမိနေသည်။

သူမကိုက ဒီကောင်မလေးကို ဘာဖြစ်လို့ သတိထားကြည့်မိနေသလဲ မသိတော့ပါ။

“ဘွား ..”

“ဟင် ..”

“စားသောက် မကောင်းဘူးလား ..”

စိတ်ကူးရင်း စားလိုက်တာ ပေါင်မုန့်နှစ်ချပ်ကုန်သွားသဖြင့် ကိုယ့်ဘာသာပြန်ကြည့်မိပြီး ဒေါ်မြင့်မြတ် ရဲ့ မျက်ဆောင်းတစ်ချက် မြေးထံ ချစ်စနိုးဝေ၏။

“မြေးနော် .. ကိုယ့် ဘွားအောကို ..”

“ဟား .. ဟား .. ဟား ..”

ဒေါ်ဥ စကားကြောင့် မယ် ဆီ စိတ်ရောက်သွားတာက လှမ်းကြည့်လိုက်တာကိုလည်း မြင်လိုက်သဖြင့် အစိုး က တပ်အပ်သိနေ၏။ ပြီးတော့ ရယ်ရင်း ကော်ဖီကို အကုန်မော့လိုက်ပြီး ထရပ်သည်။

“မြေးက ဒီနေ့ စက်ရုံကိုလား ကုမ္ပဏီကိုလား ..”

“အဆင်ပြေသလို ရောက်သွားမယ်ထင်တယ် .. ဘွားခိုင်းစရာရှိ



www.burmeseclassic.com

www.burmeseclassic.com



လို့လား ..”

“မရှိပါဘူး .. ဘာမှတောင်မပြောရသေးဘူး ..”

အစိုး က လက်ကနာရီကိုပင့်ကြည့်ကာ ..၊

“ဘွား က အိပ်ရာထနောက်ကျတာကိုး၊ ကျွန်တော် နောက်ကျနေပြီ .. ဘွား ဘာပြောစရာရှိလို့လဲ ..”

မေးရင်း ပြန်ထိုင်တော့ ကုတ်အင်္ကျီအနက်နဲ့ ရှပ်အင်္ကျီအဖြူကို ဝတ်ဆင်ကာ တင့်တယ်ချောမွေ့နေသည့် မြေး ဖြစ်သူကို သေချာငေးကြည့်ရင်း ...

“မြေး ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့တဲ့အလုပ်ကို ဘွား တစ်ခါလောက် တိုက်တွန်းလိုက်တာနဲ့ ခုလို ဂရုစိုက်ပါဝင်နေတာ ဘွား ဝမ်းသာတယ်..”

“ဟွန်း ..”

“ဘွားမြေးက ချောလည်းချောတယ် .. ပညာလည်းတတ်တယ်၊ စီးပွားရေးပညာရှင်တစ်ယောက်သာဖြစ်ခဲ့ရင် မြေးလိုယောကျ်ားမျိုးက လိုချင်တဲ့ မိန်းကလေးကို ဘယ်လိုအခွင့်အတန်းထဲကဖြစ်ဖြစ် စိတ်ကြိုက်ရွေးယူလို့ရတယ် ..”

“ခု .. မရနိုင်သေးဘူးလို့ ဘွား ပြောချင်တာလား ..”

“ဘယ်ဟုတ်မလဲ .. အခုက ဒေါ်မြင့်မြတ် ရဲ့ မြေး .. ဦးစိုးရာ ရဲ့ သားဆိုပြီးတော့လေ၊ အစိုးရ ဆိုတဲ့ မြေးရဲ့ ကိုယ်ပိုင်အရည်အချင်းနဲ့ဆို ..”

“ဟုတ်တယ် .. ဘွားရဲ့ ရွှေရုပ် ကတောင် ကျွန်တော့်ထက်ပိုသာကာကို စိတ်ကူးရှိထားတဲ့ပုံပဲ ..”

ဒေါ်မြင့်မြတ် မျက်နှာပျက်သွားသည်။ ပြီးတော့မှ ခပ်ယဲ့ယဲ့ပြုံးကာ ...



“ဘွား သိတယ်၊ သူ့ရဲ့ အတွင်းစိတ်က အဲ့လိုမဟုတ်ဘူး ..”

အစိုး ရဲ့ မျက်ခုံးနှစ်ဖက် ညွတ်ခနဲဖြစ်သွားသည်။ ဒါပေမယ့် ထိုအကြောင်းအရာကို သူ ရှေ့မဆက်ချင် ..၊

“ဘွား အဲဒါတွေ ပြောမှာဆို ညကျမှ ပြောရင်ဖြစ်တာပဲ .. ဘာမှ အရေးကြီးတာမဟုတ်ဘဲနဲ့ ..”

“မဟုတ်ပါဘူး .. ဘွား သိချင်တာလေးရှိလို့ပါ၊ မြေး အလုပ်ကြိုးစားနေတာကို အားရမိပေမယ့် ဘွား စကားကို နားထောင်လိုက်တာလား၊ မြေး စိတ်ကိုက စီးပွားရေးဘက်ကို တကယ်ဝင်စားသွားတာလား ..”

“ဘွားက ထောက်ပြလိုက်တာလေ၊ အဲ့ဒါကို ကျွန်တော် နားလည်သွားလို့ပါ ..”

“ဘွားက ထောက်ပြခဲ့တာဆိုတော့ အောင်ထွန်း တို့ နေသူရိန်တို့ လွှမ်းမိုးတာနဲ့ ဆက်စပ်တာပဲ ..”

ဒါကို ဖွင့်ပြောမိပြီးမှ နောက်ဆက်တွဲတွေးမိလာတာတွေက ရင်ဘတ်ထဲမှာပဲ ငုတ်သွားခဲ့သည်။ မြင်ယောင်လာခြင်းသည် မယ့် မျက်နှာဝဲဖြစ်ကာ ..၊

“မယ့် လက်ကို သူ ဆွဲထွက်သွားတာများ ဇာတ်လမ်းထဲက မင်းသားနဲ့ မင်းသမီးကျနေတာပဲ ..”

“မဟုတ်ပါဘူး .. ပိုတောင်ကဲသေးသလားပဲ၊ မယ့် အသံ စူးခနဲကြားလိုက်တာနဲ့ ကိုင်ထားတဲ့ ဖွန်း ဒေါက်ခနဲလွှတ်ကျသွားတာ ဟုတ်တယ်မို့လား ရွှေရုပ် ..၊ သူ လှည့်တောင်မကြည့်ရသေးဘဲနဲ့နော် ..”

“လမ်းတစ်လျှောက်လုံးလည်း သူ ငေါင်နေတာ အရမ်းသိသာတာပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပြောကြတာတွေအားလုံး ဟုတ်ဘယ် ဘွား ..၊ ဘွားရဲ့မြေးကို ရွှေရုပ် ဘယ်လိုနားလည်ရမှန်းမသိတော့ဘူး ..၊ စိတ်ထဲမှာ နားလည်ထားသလိုပြောရရင်တော့ ဘွား ကို စော်ကားမိသလိုဖြစ်မှာပဲ .." တဲ့..။

လူငယ်တွေ အုန်းခနဲရောက်လာကြပြီး တစ်ယောက်တစ်ခွန်းတိုင်လိုက်ကြတာ ဘယ်သူ့စကားကို နားထောင်ရမှန်းမသိ ..။

နောက်ဆုံး အားလုံး၏စကားတွေကို ရွှေရုပ် က အတည်ပြုကာ ရှုံ့မဲ့ညည်းညူသွားခဲ့သည်။

"အင်း .. မြေး အလုပ်သွားချင်သွားတော့လေ .."

ဒေါ်မြင့်မြတ် မြေးကို ခွင့်ပြုလိုက်ပြီးမှ လွတ်လပ်စွာ ရင်လေးရ၏။ လူငယ်တွေရဲ့ ချစ်ခြင်းတရားက အနေနီးခြင်းနဲ့ ဘယ်နှစ်ရာနှုန်းလောက် သက်ဆိုင်နေပါသလဲ ..။

အဆင့်အတန်းစကားတွေ ပြောပြီး ဒေါ်သမောဟတွေနဲ့ သတ်ပုတ်လုံးထွေးခဲ့ရသည့်အတိတ်က မှုလောင်မှုတွေ ရင်ထဲကို ကူးခတ်လောင်မြိုက်လာခဲ့၏။

တွေးနေရင်း မျက်ဝန်းထောင့်မှာ ပုံရိပ်တစ်ခုထင်သွားသဖြင့် လှည့်ကြည့်လိုက်တော့ မြေးက မီးဖိုခန်းဘက်မှာ ..၊

"ဒေါ်ဥ .. ဘာတွေချက်မလို့လဲ .."

"ဟင် .. လူလေး .."

ဒေါ်ဥ က ငှည့်ကြည့်ပြီး အားတက်သရောဖြစ်သွားကာ ...

"နေ့လယ်စာက လူမစုံတတ်တော့ ခါတိုင်းလိုပဲလေ လူလေး၊ ဒီနေ့ လူလေး ပြန်စားမှာလား .."

"မစားပါဘူး .. ဒါပေမယ့် ညဘက်အိမ်မှာ အလုပ်တွေ ယူလုပ်ရ





မှာ၊ ကျွန်တော် ညနေခြောက်နာရီလောက် ပြန်ရောက်မှာ၊ ဂျူးက လူနှစ်ယောက် ပါလာလိမ့်မယ် .."

"ဪ .. သိပြီ .. စိတ်ချ ဒေါ်ကြီး စီစဉ်ထားပေးမယ် .."

အစိုး ခေါင်းညိတ်ပြီး တစ်ဖက်ကိုလှည့်ကြည့်လိုက်တော့ မယ်က ဆောင်မှာ ဟင်းရွက်တွေ ဆေးနေ၏။ သီရိ က အထုပ်တစ်ထုပ်ကို ဆွဲပြီး ဝင်လာကာ ...

"ဒေါ်ဥ ရေ .. ဒီမှာ ငါးခူတွေ လတ်လတ်ဆတ်ဆတ်တွေ့လို့ ဝယ်လာတယ်၊ အဲ့ဒါကို ဘွားနဲ့ အဖေ့အတွက် ရဲယိုရွက်နဲ့ စဉ်းကောလေး လုပ်ပေးလိုက် .."

"ငါးခူကို ရဲယိုရွက်နဲ့ မလုပ်ရဘူး၊ လူကြီးအတွက်ဆို သက်ရင်းကြီးရွက်လေးနဲ့ ထုပ်ပြီး ပေါင်းရတယ် .."

"ဘယ်လို .."

"ဟင်းချက်သလို ဆီပြန်ပေါင်းလိုက်ရင် ဆီက သက်ရင်းကြီးရွက်မှာပဲကပ်တာ ငါးတုံးတွေမှာ ဆီသိပ်မကပ်ဘူး၊ အုန်းနို့နဲ့လေးပဲရှိတာ အနံ့လည်းမဆိုးဘူး၊ အကြောအချဉ်ပြေတယ် .. အညောင်းအညာပျောက်တယ် .."

သီရိ က အံ့သြဟန်နှင့် လှမ်းကြည့်၏။ တောကြိုအုံကြားက လာတဲ့သူက ဆရာလုပ်သွားသဖြင့် သိပ်တော့မခံချင် ..။

ဒါပေမယ့် ဒီကောင်မလေးကို အပြောအဆိုဆင်ခြင်ဖို့ သတိချပ်ရင်း အစိုး ကို လှမ်းကြည့်မိပြီးမှ ...

"ဟုတ်လား .. ငါ့ညီမက ဗဟုသုတရှိသားပဲ၊ ဒါဆို ဒေါ်ဥ ကို ပြောပြလိုက်တော့ .. သက်ရင်းကြီးရွက်က .."



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဖေးခြံအပြင် လမ်းကြားဘက်မှာ တွေ့တယ်၊ မယ် ဒီဘက်က လှမ်းရှုးလို့ရတယ် .."

စားသွားပြန်ပြီ တစ်ပွဲ ..၊

"အင်း .. ကောင်းတာပေါ့ .."

သီရိ ခေါင်းညိတ်လိုက်ရပြန်၏။ ဒေါ်ဥ က သဘောတွေကျနေကာ ငါးထုပ်ကို လာဖြည်ရင်း ...

"ဒါဖြင့် အဲဒါတွေ ထားခဲ့လေ သမီး၊ သက်ရင်းကြီးရှက် သွားရှုးချေ .. သွား .."

အစိုး အားလုံးကိုကြားနေကာ အပြင်ပြန်ထွက်တော့မို့ဖြစ်သည်။ မယ် ကလည်း လက်သုတ်နေပြီဖြစ်ကာ ဒေါ်ဥ ဖွင့်လိုက်သည့် အိတ်ထဲက ငါးရှူနှစ်ကောင် ခုန်ပျံထွက်သားကာမှ ..၊

"အောင်မယ်လေး ပလုတ်တုတ်ကြီး အကြီးကြီးတော့ .."

ဒေါ်ဥ လက်မြှောက်ခြေမြှောက်အော်ပြီး ထခုန်၏။

"ဟယ် .. ငါ့ဆီ ခုန်လာပြီ၊ လုပ်ပါဦး .. ငါးကို လုပ်ကြပါဦး မြှော့မြှော့လုပ်ပေးပါဆို ဒီတိုင်းကြီး ထည့်လိုက်တာ အောင်မယ်လေး မယ် ရေ .."

ခလုတ်ထိမှ အမိတပေမယ့် ကြောက်တတ်သည့် သီရိ ကတော့ မကြောက်တတ်မှန်းသိသည့် မယ့် ကို 'တ' လေသည်။

ငါးနှစ်ကောင်က တစ်တောင်နီးပါးလောက်ရှိကာ မြေနဲ့လည်း တူကာ ခုန်ပျံနေတော့ မကောင်းဆိုးဝါးတွေလို မည်းခနဲ မှည်းခနဲ ..

"မယ် .. ဟော့ .. ဘာလုပ်မလို့လဲ .."

မယ် က စဥ့်တီတုံးကို အဆင်သင့်ချခဲ့ကာ ငါးခုတ်ဓားမကို အကျ





ကိုင်ပြီးလိုက်၏။ လူတွေက ပြေး ငါးကလိုက်နှင့်၊ ငါးနောက်ကို ကိုင်လိုက်ပြန်လျှင် ချက်ပြုတ်ခန်းထဲမှာ ပွတ်ပွတ်ညံသွား၏။

"ဒုန်း .."

"ဟော့ .. မယ် ရပ်လိုက်စမ်း .. မလုပ်နဲ့ .."

"ဒုန်း .."

"ဖလပ် .. ဖလပ် .."

တစ်ကောင်ကို ဖက်ကနေ အတိအကျပိုင်းလိုက်နိုင်ကာ နောက်ကောင်ကို ဂေရတ်ကျည်ပွေ့နဲ့ ထုလိုက်ပြီးမှ ဓားနဲ့ပိုင်းဖို့ ကိုင်လိုက် ..၊

"ပြောနေရင် မရပ်ဘူး .. တော်တော့ .."

"ဖယ်ပါ .. အ .."

အစိုး က မယ့် ကို နောက်ကနေ ခါးကသိမ်း၍ ဖွေ့ခနဲပွေ့ယူလိုက် ငါးက နှစ်ထောက် သုံးထောက် ခုန်ပေါက်ထွက်သွား၏။ အထုခံထားရသဖြင့် ငါးက ပို၍ခုန်နေတော့သည်။

"ဒီမှာထိသွားပြီ ဖယ်ပေး .. လွှတ် .."

"ဟာ .. မင်း .."

"ဟုတ်တယ် .. ရှင့်ကြောင့် ငါးတွတ်သွားတာ .."

"ဆောရီး .. ဆောရီးပါကွာ .. ငါက မင်း အဲဒီလို သွေးသံရဲရဲတွေ ခံနေတာ မကြိုက်လို့ပါ၊ ပြီးတော့ မင်း ဂေရဲကြီးမှာစိုးလို့တား

ကြီးကြီးပေါ့ .. သူများခံရတာ ရှင် ခံရမှာမို့လို့လား .."

ဟုတ်ပါပြီ၊ တောင်းပန်တယ်ဆိုမှကွာ .. မမသီရိ ဆေးယူသွား

www.burmeseclassic.com

www.burmeseclassic.com



သွားယူပေးပါ ..”

“အေးပါ.. လက်စနဲ့ ဟိုငါးတွေကိုတော့ ..”

“ဟာဗျာ \.. မမသီရိ တို့က တစ်မျိုး၊ မချက်နဲ့တော့ အဲ့ဒီငါး
သွားလွှတ်ပေးလိုက် ..”

ဒေါ်ဥ ကတော့ ငါးတွေကို ဇကာနဲ့လိုက်အုပ်နေတာ က
ကနင်း ...။

အခန်းထဲကအဖြစ်ကို လှမ်းကြည့်ကာ ဒေါ်မြင့်ဖြတ် သက်ပြ
၏။ ပြီးတော့ လှည့်ထွက်လာခဲ့သည်။ မယ့် လက်မှာ သွေးတွေ
တာကိုမြင်ပြီး မြေးဖြစ်သူ ပျာယာခတ်သွားတာ မကြည့်ချင် မြင်
သား ...၊



## အခန်း (၃၆)

“ဒေါ်ကြီးဥ ..”

“ဟော ..”

“ရှော့ .. ဒီမှာ ပျားရည် ..”

“ပျားရည် .. ဟုတ်လား .. အိမ်မှာရှိတယ်လေ သမီးရဲ့ ..”

မယ် က ခေါင်းခါပြကာ ...

“အထဲမှာ ဆေးစိမ်ထားတာ ..”

“ဟော .. ဟုတ်လား၊ ဘာရောဂါပျောက်တာလဲ ..”

“ပန်းနာရင်ကျပ်ဆို ဒီဆေးနည်းက အမြစ်ပြတ်တယ် .. ပျောက်
တဲ့လူတွေ လက်တွေ့ရှိတယ် ..”

ဒေါ်မြင့်မြတ် လှေကားပေါ်ကဆင်းလာကာမှ ခြေလှမ်းတုံ့သွားသည်။

“ဟုတ်လား .. ဒါဆို မမကြီး အတွက်ပေါ့၊ ကောင်းလိုက်တာ
လော မမကြီး အစားအသောက်တောင် ပျက်လာသလိုပဲ ...၊ အိပ်
က်တော့လေ ..”

“ဟုတ်တယ် .. အမေပြောလို့ မယ် အဲ့ဒါကို တမင်ရှာလာတာ..”

“အေးကွယ် .. ကုသိုလ်ရတာပေါ့၊ ဒါနဲ့ ဆေးနည်းတွေ သမီးက

www.burmeseclassic.com



တော်တော်သိတယ်နော်၊ ဒီထဲမှာ သစ်မြစ်လေးတွေလား .. အခက်အ
တွေ ကားနေတာပဲ ..''

"မဟုတ်ဘူး .. ကင်းခြေများတွေ ဖမ်းထည့်ထားတာ ..''

"ဘုရား ..''

ဒေါ်မြင့်မြတ် ကိုယ့်အတွက်ဆေးဆိုလို့ တိတ်တဆိတ် ကျေနပ်
မိတုန်း ရင်ဘတ်ကို ကမန်းကတန်းဖိလိုက်မိ၏။

"ဘုရားရေ .. ကင်းခြေများတွေ ဟုတ်လား ..''

"အကောင်ကြီးလို့ပါ၊ တစ်ကောင်တည်းရယ် .. မနက်တည်း
သက်ရင်းကြီးရွက် သွားခူးရင်နဲ့ ခြံထောင့်က သစ်ဆွေးလုံးကြီးမှာ
တွေ့ထားတာ ..''

"ခု သွားဖမ်းတော့လည်း ရှိနေတာပဲလား ..''

"ရှိတယ် .. နေရာရွှေ့သွားလည်း သူတို့ရှိတဲ့ အနီးတစ်ဝိုက်
မယ် သိပါတယ် ..''

"နေပါဦး သမီးရယ် .. အဲဒါကြီးက ဆေးလားဟင် ..''

"ဟုတ်တယ် .. အဲဒီ ကင်းခြေများအရည်ပျော်သွားရင် ဆေး
စွမ်းသွားပြီ၊ တစ်ခုရှိတာက ပျားရည်စစ်ရင် ကင်းခြေများ ပါဆေး
ပျားရည်အတိုင်းပဲကျန်မယ်၊ ပျားရည်မစစ်ရင် အနံ့ပြောင်းသွား
ပြီးတော့ ကင်းက လုံးလုံးလျားလျားပျော်ပျောက်သွားမှာ မဟုတ် ..

"ဒါဖြင့် ..''

"ဒါက အစစ်ပါ ဒေါ်ကြီးဥ ရဲ့ ..''

"တို့အိမ်မှာ ဆေးဝါးအတွက်ဆောင်ထားတဲ့ ပျားရည်က ..

"အဲဒီထဲကခွဲယူလာတာလေ .. ဒီဆေး ဘယ်လိုလုပ်ထား
တာ ဘွား သိရင် သောက်ချင်မှ သောက်မှာ၊ အဲဒါကြောင့် ဒေါ်
ကို သပ်သပ်ခွဲသိမ်းထားဖို့လာပေးတာ၊ ပြီးတော့ မယ် လုပ်ပေးတာ
မပြောလိုက်နဲ့နော် ..''

"သြော် ..''



ဒေါ်ဥ က ခေါင်းညိတ်လိုက်ပြီး ခုနကလို သင်းလေးကို သေချာ
ည်းထောင်မကြည့်ရဲတော့ဘဲ အဖုံးကိုပဲ ကျပ်သထက်ကျပ်အောင်
ည့်ပိတ်နေမိကာ ..၊

"ပျားရည်အစစ်ကို သမီး ဘယ်လိုသိလဲ ..''

"သိလို့ရတဲ့နည်းတွေတော့ အများကြီးပဲ ..၊ ဒါပေမယ့် ပျားရည်
ရင် စာရွက်ပေါ်မှာ အစက်ချထားလည်း မပေါက်ဘူးတဲ့ ..၊ ပြီးတော့
မြေတမ်း အပေါ်ယံမှာ အမြှုပ်လေးတွေဘက်နေတတ်တယ် ..၊ မယ်
ိလောက်ပဲသိတာ ..''

"သြော် .. ဒေါ်ကြီးဆို ဘာမှကိုမသိပါဘူးကွယ်၊ သမီးလေးက
ာ်လိုက်တာ .. အဲဒါကြောင့် ဒေါ်ကြီးက အကဲခတ်မိတယ်၊ သမီး
တ်ဝန်းကျင်ကွဲပြားလို့သာ အပြောအဆိုမညက်သော့တာလေးတွေ
ာ .. စိတ်ရင်းကောင်းလေးရှိတယ်၊ လုပ်တာကိုင်တာ သေသပ်တယ်၊
သင်ပေးပေး အတတ်လည်းမြန်ပါ့ ..''

ဒေါ်မြင့်မြတ် ထိုနေရာကနေ မခွာဖြစ်ဘဲ ဒီတိုင်းရှိနေခဲ့မိတာ
ကိုယ်ကိုယ် ဘာလုပ်နေမိမှန်းတောင် မသိတော့ပါ။

"ပြီးတော့ .. မမကြီးဆို သမီးကို သိပ်မျက်နှာသာပေးတာမဟုတ်
လေ၊ သမီးကတော့ အတေးအမှတ်မထားဘဲ ..''

"မယ် လည်း မကျေနပ်ပါဘူး ..''

"ဟင် .. ဟုတ်တယ် ..''

"ဟုတ်တယ်လေ .. မယ့် ကိုဆို လိုက်ကြည့်ပြီးဆူနေတာ၊ မယ်
ည်း သူ ကျေနပ်မှုရအောင်လုပ်ပေးတာ မဟုတ်ပါဘူး ..''

"သမီးရယ် ..''

ဒေါ်ဥ အသံက ချစ်စနိုးရယ်သံစွက်လို့ပါ ..။

"မယ် က အခု ကိုစိုး သင်ပေးတဲ့ပညာတွေကို ဇောချာကရှိ
တာ ..''

"ကောင်းတာပေါ့ သမီးရယ်၊ အခု လူလေးက ကုမ္ပဏီကြီးထိုင်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သမီး ပညာတတ်ရင် အလုပ်တစ်ခါတည်းရတာပေါ့၊ အဲ
အလုပ်က အိမ်မှာလို အဝတ်လျှော် ကြမ်းတိုက်လုပ်နေရတာမျိုး
မဟုတ်တော့ဘူး၊ သမီး သိက္ခာရှိရှိလုပ်ရမှာ .."

"ဟင့်အင်း .. သိက္ခာရှိရှိလုပ်ရင်လည်း ကိုစိုး ဆီမှာ မလုပ်
မယ် ဒီမှာလည်းမနေဘူး .."

"ဟင် .. ဘယ်လို .."

"အမေ ပြောတယ် .. ဘွားက မယ့် ကို ကိုစိုး နဲ့ ဟိုလိုဒီလိုဆ
စိုးရိမ်နေတာတဲ့ .."

"သမီးရယ် .. ဒါက .."

"မယ့် ကို ဘွား အဲဒါကြောင့် ကြည့်မရဖြစ်နေတာ မယ် နား
ပါတယ်၊ မယ့် ကြောင့် အမေလည်း မျက်နှာငယ်ရတယ်၊ နွယ့်
မယ် အဆောင်မှာ သွားနေလို့ရတယ် .."

"အို .. မဟုတ်တာ .."

"နွယ် တို့ ပြောနေသံကြားတယ်၊ အဆောင်ကနေ အလုပ်
တာ ရတဲ့လစာနဲ့ မျှသုံးရင်ရတယ်တဲ့ ..၊ အရမ်းပိုချင်ရင်တော့ 
မိအောင် စုရမှာပေါ့ ..၊ တစ်ချို့ဆို သူတို့မိသားစုကို ထောက်ပံ့
တာတဲ့၊ မယ့် မှာ အမေ့တစ်ယောက်ပဲ ပြုစုကျွေးမွေးဖို့ရှိတာ 
မရရမှာလဲ .."

အလုပ်တစ်ခုလုပ်တာ ဒီပညာအရည်အချင်းမျိုးနဲ့ ရတတ်
အင်္ဂလိပ်စာကျွမ်းကျင်တော့ ကွန်ပျူတာသုံးတတ်တာလောက်နဲ့ 
မှန်းလို့ရသလဲ ..။

ဒေါ်မြင့်မြတ် ခေါင်းခါရင်း နေရာမှခွာခဲ့သည်။ နားလည်
ဆိုတော့လည်း ပြောရသက်သာတာပေါ့ ..။





## အခန်း (၃၇)

"ဘွား ပြီးပြီလား .."

"အေး .. ပြီးပြီ .. သမီးရော .."

"ဟုတ်ကဲ့ .. အဆင့်သင့်ပါပဲ .."

ရွှေရုပ် က လက်ကိုင်အိတ်လေးကောက်ချိတ်ပြီး နေရာမှ ထလာ
သည်။ အစိုး က ကားသော့ဖြုတ်ပြီးထွက်လာ၏။

ဒီနေ့ ရွှေရုပ် အတွက် ခရီးထွက်ဖို့ကိစ္စစီစဉ်ရင်း လိုအပ်တာလေး
ဝယ်ခြမ်းဖို့ ဒေါ်မြင့်မြတ် က စိတ်ကူးထားသည်။

အစိုး ကလည်း သွားလိုသမျှလိုက်ပို့ဖို့ သုံးယောက်သား အဆင်
သင့်ဖြစ်နေကြကာမှ ..၊

"ဆရာဝန်ဘာလို့ပင့်ရတာလဲ .."

ဒေါ်ဥ က ဆေးသေတ္တာထွက်ကြိုယူကာ ဆရာဝန်ပါလာတာမြင်
တော့ သူတို့အံ့သြသွားကြ၏။

"မယ်ဥ ဘယ်သူဘာဖြစ်လို့လဲလို့ .."

"မမကြီး ညက မယ် ဒဏ်ရာကိုက်ပြီး အဖျားတွေဟက်လို့လေ.."

"ဟင် .. ဘာလဲ .. ဘာဒဏ်ရာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. ငါး .. ငါးရူတွတ်သွားတဲ့ ဒဏ်ရာကလေ .."

အားလုံး မယ့် အခန်းထဲထိပါသွားကြ၏။ အစိုး က ရှေ့ဆုံးက ကာ ဒေါ်မြင့်မြတ် ဘာလို့လိုက်သွားမိမှန်း ကိုယ့်ဘာသာ မသိလိုက် အဖြစ်မှာ ရွှေရုပ် ကလည်း ဒါကိုပဲနားမလည်နိုင် ..။

ဒေါ်မြင့်မြတ် ဒီ ဟာမလေးအတွက် ခေါင်းတစ်ခြမ်းကျ ဆိုတာ ပိုပြီးခံစားမိလာ၏။ ထို့အတူ သူမကိုယ်တိုင် အခြေအနေအ ကို သိချင်စိတ်နှင့် ပါသွားခဲ့ပြီး ..၊

"ဟင် .. မမကြီး .."

ဒေါ်ကောက်.မယ့် ဘေးမှာ ထိုင်ရာကနေ ကမန်းကတန်း ထ လေးကာ ထိတ်ထိတ်ပျာပျာဖြစ်နေ၏။ မယ့် ရဲ့ ဘယ်လက်မှာ လ တစ်ချောင်းလုံးကို ပတ်တီးစည်းထားရကာ ဟိုတုန်းက ဖလံထ ခေါ်သော ပိတ်စထူထူ အနီရောင်ရုပ်အင်္ကျီကို ရင်ခွဲဝတ်ထား၏။

မယ့် မျက်နှာတစ်ပြင်လုံး ပန်းရင့်ရောင်လွှမ်းနေကာ နှုတ်ခ လေးတွေက နီရဲနေ၏။ စောင်ထူထူကို ရင်ဝထိဆွဲတင်ထားသေး

"လူမမာက အလုံပိတ်ထားတဲ့အခန်းထဲမှာ စောင်တွေထူ သွား .. သွား .. ပြတင်းပေါက်တွေ ဖွင့်ပစ်စမ်း .."

"ဟုတ်ကဲ့ မမကြီး၊ ကိုယ်အရမ်းပူနေတော့ လေတိုးရင်ပိုဆိုး လို့ပါ .."

"မယ် .."

အစိုး က မယ့် ဘေးမှာ တင်ပါးလွှဲထိုင်ကာ နဖူးကို လ ကပ်ကြည့်၏။ မျက်စိမျက်နှာတွေပျက်နေခဲ့လျက် လက်ဖဝါးလေ ထပ်ဆုပ်ကိုင်၍ ...

"ဒီလောက်ဖြစ်နေတာ ညတည်းက ကျွန်တော်တို့ကို ဘာ မပြောတာလဲ .."





"မယ် က မပြောနိုင်းတာ .."

ဟင် ..၊

မယ် က မျက်လုံးတွေဖွင့်၍ လက်လေးထောက်ပြီး ငုတ်တုတ်လေး ထိုင်လိုက်၏။ ပြီးတော့ ရောက်လာသည့်လူတွေကို တစ်ချက်မော့ကြည့် လိုက်ရင်း အပြင်သွားကြမည့်ပုံစံတွေမှန်းသိကာ ...

"မယ် ဘာမှမဖြစ်ပါဘူး .."

"မင်း ဘာမှမဖြစ်ပေမယ့် ငါးတွတ်မိသွားတာ ငါ့ကြောင့်လေ၊ မင်းဘာသာလှုပ်ရှားနေရင် ဖြစ်မှာမဟုတ်ဘူး၊ ဓားကိုင်တဲ့လက်ကို ငါ ဆွဲထားလိုက်လို့ဖြစ်ကုန်တာ .."

"အဟွန်း .. အဲဒါ လောလောလတ်လတ် ရေကြီးသွားတာနေမှာပေါ့.."

ရွှေရုပ် က ရယ်ဟဟလေး ဝင်ပြောကာ လက်ပိုက်လျက် ရှေ့တက်လာ၏။

"မင်းက မထင်ရဘူးနော် .. မိန်းကလေးဖြစ်ပြီး ဓားခုတ် လှံခုတ် တွေလည်းရတယ်၊ ယောကျ်ားလေးအုပ်စုကိုလည်း လူလယ်ခေါင်မှာ စိန်ခေါ်တာပဲ .. ဟွန်း .."

မယ့် မျက်လုံး လက်ခနဲဖြစ်သွားလျှင် အစိုး လက်ဖဝါးကိုတစ်ချက် ဖျစ်၍ သတိပေးသည်။ ပြီးတော့ ဆရာဝန်စမ်းသပ်လို့ရအောင် ဖယ်ပေး လိုက်သည်။

"ငါးရိုးက အဆိပ်တက်တာထင်တယ် ဆရာ .."

ရွှေရုပ် ရဲ့ စကားကို ပျောက်ပျက်သွားအောင် လမ်းလွှဲပေးမိ၏။ ဆရာဝန်က ခေါင်းညိတ်၍ ...

"သိပ်ဟုတ်တာပေါ့ .. လည်ချောင်းမှာ ငါးရိုးစူးပြီး အရိုးက ကျ သွားပေမယ့် အနာရှိန်နဲ့ သေသွားတဲ့လူတောင်ရှိတယ်၊ ဟား .. ဟား.. ကြောက်မသွားနဲ့နော် .. တခြားမသင့်တင့်တာတစ်ခုခုနဲ့ အဲဒီ့မသင့် ဖြစ်တတ်တာပါ၊ ပြောချင်တာက အဲဒီလောက်ထိ ပြင်းထန်တတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေ ..”

“ဟုတ်တယ် .. မနေ့တည်းက ဒဏ်ရာကြီးတာကိုသိတယ်၊ အဲဒီမှာ ဆေးထည့်စည်းထားလိုက်တည်းက တစ်ခါမှလည်း မဖွင့်ဘူးထင်တယ် ..”

ဒေါ်ကောက် ကို ကြည့်ပြောကာ ...

“ကျွန်တော်လည်း တစ်နေကုန်အပြင်ရောက်နေတာ ..”

“မဖွင့်ပါဘူးကွယ် .. သူ့ တစ်နေ့ကုန်သွားလာနေတာ ဘာမှမဖြစ်သလိုပဲ ..၊ တစ်ခုခုနဲ့ တိုက်မိခိုက်မိရင်သာ အော်သံတစ်ချက်တစ်ချက် ထွက်တယ် ...၊ မေးလိုက်ရင် ရတယ်ချည်းပဲ ..”

ဆရာဝန်ကတော့ သေချာစမ်းသပ်ကုသပေးခဲ့ပြီး စိတ်မပူဖို့ပြောသွားသည်။ ဒေါ်မြင့်မြတ် ကလည်း ပြန်ဖို့ခြေလှမ်းပြင်နေ၏။ အစိုး က ထိုင်ရာ မထသေး ...၊

“ဘယ်လိုဖြစ်ကြတာလဲ .. ညတည်းက မဥ နဲ့ မယ်ကောက် လှုပ်ရှားနေကြတာ ကျွန်တော်သိနေတာ ..”

ဦးစိုးရာ ထပ်ဝင်လာပြန်သည်။ ရွှေရုပ် ခပ်မဲ့မဲ့ပန်းတွန့်ရင်း နောက်ကို မသိမသာလေးဆုတ်ပေးလိုက်၏။

အပြင်ကပဲ စောင့်တော့မယ်လို့ပြောပြီး ထွက်သွားဖို့စိတ်ကူးဖြစ်ပေမယ့် အားလုံး၏ အနေအထားတွေကို စိတ်ဝင်စားနေမိသဖြင့် ခြေလှမ်းက မရွှေ့ဖြစ် ...၊

“သားနဲ့ ဘာဖြစ်ကြလို့လဲ ..”

ဒေါ်ကောက် နဲ့ ဒေါ်ဥ တို့က သိလွယ်အောင် မြုံ့ပြောပြလိုက်ကာ ...၊

“ကဲ .. မအေလုပ်တဲ့သူက သူ့အပေါ်ကအကျႌကြီး ချွတ်ပေးလိုက်လေ..”

“ရပါတယ် .. မယ့် ဘာသာလဲပါ့မယ် ..”

မယ် က စောင်ကိုခွာချပြီး ခုတင်ပေါ်ကဆင်း၏။ အခန်းထဲမှာ





သေတ္တာလေးတစ်လုံးပဲရှိသဖြင့် သူမရဲ့ ရုပ်အင်္ကျီကို ချွတ်ပစ်လိုက်ပြီး သေတ္တာနားမှာ ထိုင်ချလိုက်လျှင် ...၊

“အို .. လည်ကုပ်မှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ပဲ ..”

ရွှေရုပ် က မျက်စိအောက်ရောက်လာတာကို ငုံ့ကြည့်ပြီး ခပ်ကျယ်ကျယ်အံ့သြပြလိုက်ကာ ...

“ဒါက ဘာကောင်ကိုက်ထားတာလဲ .. ကြည့်ရတာ သွားရာကြီးပဲ၊ အညိုအမည်းအရွတ် ထင်ကျန်ခဲ့တာဆိုတော့ အဲဒီကုန်းကတော့ ဘယ်လိုကုလိုက်သလဲမသိဘူး ..”

လက်ညှိုးလေးတစ်ချောင်းဒဏ်ရာဖြစ်တာကို တစ်အိမ်လုံး အုံးအုံးကျွတ်ကျွတ်လာကြည့်နေကြသဖြင့် စိတ်အချဉ်ပေါက်နေမိသည်။ စိတ်ထဲရှိသလိုပြောလိုက်မိကာ ရွှေရုပ် က ဒဏ်ရာကိုသေချာကုန်းကြည့်သည်။

မမြင်ရလို့ မဟုတ်သေ .. မယ် က ဒဏ်ရာ အမာရွတ်ပေါ်ကို ပြန်စမ်းကြည့်လိုက်သဖြင့် ကာကွယ်လိုက်သလိုဖြစ်သွား၏။ ထို့ကြောင့် အားလုံးကို မြင်စေချင်သည်မို့ မြင်အောင်ကြည့်ပြတာဖြစ်သည်။

မယ် က သူမကို မော့ကြည့်ရင်း ခေါင်းတွေမူးလာသဖြင့် နေရာမှ ထရပ်လိုက်ကာ ...

“ဘာကောင်မှ ကိုက်တာမဟုတ်ဘူး၊ မသိရင် မိုက်မိုက်ရိုင်းရိုင်း မမေးနဲ့ .. အဲ့ဒါ လူကိုက်တာ ..”

“ဘာ!...”

“ဟဲ့ ..”

“ဘယ်လို!...”

လူကြီးတွေ မျက်လုံးပြူးသွားကြသည်။ ဒေါ်ကောက် တားဆီးမလို လက်ရောပါးစပ်ပါ ပြင်လိုက်ပေမယ့် ...၊

“အဲဒါ ကိုစိုး လုပ်ခဲ့တာ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား!…"

"ဘာပြောတယ်!…"

ဒီတစ်ခါ ရွှေရုပ် မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်ကုန်၏။ အစိုး ကိုယ်တိုင် မျက်ခုံးတွေပင့်တက်သွားကာ ချက်ချင်းနေရာပြန်မကျနိုင်ဘဲဖြစ်သွား၏။

မယ့် ဒေါသတွေကတော့ လူကို တမင်တကာလာဖဲ့နေသည့် ရွှေရုပ်ထံမှာပဲရှိနေကာ …

"ဘယ်သူတွေဘာဖြစ်ခဲ့သလဲဆိုတာ အရင်မေး .. မသိရင်မပြောနဲ့ .."

"မယ် .."

"ပြော .. ပြောစမ်းပါ .. အဲဒါကြီးက .. ဘယ်တုန်းက ."

ရွှေရုပ် ကပဲ ထပ်မေး၏။

"ဒီကိုထွက်လာတဲ့ လမ်းမှာဖြစ်တာ .."

"ဘာ!…"

ရွှေရုပ် အစိုး ကို လှမ်းကြည့်လိုက်၏။ အစိုး က မျက်လုံးပြူးနှင့်ပြန်ကြည့်ကာ လူကြီးတွေကို လှည့်ကြည့်တော့ ဘာကိုရှင်းပြချင်တာလဲ မသိ …၊

"နင်တို့က ဒီလိုတွေဖြစ်ခဲ့တယ်ပေါ့ .."

"လမ်းခရီးက တောကြီးမျက်မည်းလေ .. ဘာမှမရှိတော့ မယ့်နားမှာ သူပဲရှိတာ .."

"တောက် .."

"မယ့် .. နေဦး .."

အစိုး လှမ်းတားပေမယ့်လည်း မယ် က မရပ် …၊

"သူ ဒီလောက်အနိုင်ပိုင်းပြောချင်နေတာ မယ် က ခံနေရမှာလား၊ ပူပူဟာသူ ရှင်နဲ့ လက်ထပ်မယ့် မိန်းမဖြစ်ရုံမကလို့ ဘာဖြစ်ဖြစ် .."





"အေးပေါ့ .. နင်တို့က ဒီလောက်ထိ ဝတ်သက်ခဲ့တာဆိုတော့.."

"နေဦး ရွှေရုပ် .. သမီးတို့ချင်း စကားကောင်းပြောလို့ရမှာမဟုတ်ဘူး။ မင်း ပြောစမ်း .. ဒါကို ဘာကြောင့်မပြောခဲ့တာလဲ .. ဘယ်အခြေအနေထိလဲ .."

"ဘွား .. ကျွန်တော် .."

"မြေး နောက်မှပြော .. အခု သူ ပြောပါစေ .."

"ပြော သမီး .. ရဲရဲပြော .."

ဦးစိုးရာ ကလည်း မယ် ပြောရဲအောင် အားပြုပေးနေ၏။ ဒေါသနှင့် ပြောနေရင်း လူကြီးတွေဘာဖြစ်လို့ ပြူးတူးပြဲတဲတွေထမေးလာကြမှန်း မယ် နားမလည်ဖြစ်လာ၏။

ဒါက ဖြစ်ခဲ့တာကြာပြီပဲ …၊ ပြီးတော့ ဘာဖြစ်သွားနိုင်လို့လဲ …။

"ပြောလေ .. ရိုးမယ်ဖွဲ့ .. မြေးက မင်းကို .."

"အဲဒီတုန်းက အရမ်းနာပြီးမူးမိုက်နေတာ ချောင်းထဲမှာဆိုတော့ ရေတွေလည်းစိုနေတယ်၊ သူဘယ်လိုစုပ်ထုတ်လိုက်မှန်းလည်း မသိဘူး၊ နာတာတွေရောပြီး ဒဏ်ရာဖြစ်ကျန်လောက်အောင် .."

"မယ့် .."

"ရှင် တားမနေပါနဲ့ .."

ရွှေရုပ် က ဘယ်သူ့ကိုမှ အပြောမခံတော့ပေ …။ ရင်ထဲမှာ ဒေါသတွေ ရှက်တာတွေ ပြောင်းဆန်အောင် ဒုက္ခပေးနေသဖြင့် အသိစိတ်ပျောက်သလို ဖြစ်သွားခဲ့လျက် …၊

"သူ့ကိုမပြောဖြစ်အောင် ခုမှ တားဆီးမနေနဲ့ အစိုး၊ ရှင်က ဒီလောက်စုတ်ပြတ်သပ်နေတဲ့ တောကြိုအုံကြားက မိန်းမကိုတောင် ချမ်းသာမပေးဘူး .."

"ရွှေရုပ် .. မင်း .."

www.burmeseclassic.com



"ပြောလေ .. အိမ်တိုင်ရာရောက်ခေါ်ပြီး စောကားခံရတာက ရွှေရုပ်ပါ ..၊ ဒီတော့သူမ အစုတ်အပြတ် ပညာမဲ့နဲ့ ငြိစွန်းပြီးမှ ရွှေရုပ် လို မိန်းမကို လာမှန်းရဲတယ်၊ ဘွား ဒေါ်မြင့်မြတ် ဒါတွေကို တမင်လုပ်လိုက်တာလား .."

"ဟော့ .. မင်း .. မင်းစကားပြောတာ လွန်နေပြီနော် .."

"ဘာငြိစွန်းတာလဲ .. မယ် ကို သူ ဘာပြောလိုက်တာလဲ .."

မယ် က လှစ်ခနဲကြားလိုက်ရသည့်စကားကြောင့် အတင်းရှေ့တိုးလာ၏။ သူမ လက်မြန်တာကို သိထားသဖြင့် ဒေါ်ဥ နဲ့ ဒေါ်ကောက်တို့က ဝိုင်းဆွဲထားကြ၏။

အခြေအနေတွေက ဘယ်အကြောင်းအရာ ဘယ်သူ့စကားမှ သေချာတိုးမပေါက်လောက်အောင် ရှုပ်ထွေးနေခဲ့လျက် ..၊

"သိပ်ကို အံ့ဩဖို့ကောင်းတာပဲ .. တော်သေးတာပေါ့ ဒီအရှုပ်ကို ရွှေရုပ် ဖော်လိုက်မိလို့လေ၊ ဒါကြောင့် ရှင့်အမူအရာတွေက ဖုံးမရဖိမရ တစ်ဖက်စောင်းနင်းဖြစ်နေတာကိုး ..၊ ဟုတ်ပါတယ် လူဆိုတာ ကိုယ်နဲ့တန်တာပဲရတာ .. ရှင်နဲ့ အဲဒီလိုမိန်းမမျိုးပဲ တန်လို့ .."

"ဟော့ .. တိတ်စမ်း .."

ဒေါ်မြင့်မြတ် အသံက ဟိန်းထွက်သွားကာ ဘယ်လောက်ထိ ဒေါ်သပြင်းထန်သွားသလဲဆိုလျှင် စိန်နားကပ်ကြီးနှင့် တွဲနေသော နားဖျားတို့နှင့် ပါးရေတွေပါ တုန်ခါနေခဲ့လျက် ..

"မင်း .."

ရွှေရုပ် ၏ မျက်နှာဆီသို့ လက်တစ်ဖက်ဆန့်ထွက်လာပြီး လက်ညှိုးညွှန်လျက် ..၊

"တော်တော် မောက်မာရိုင်းစိုင်းတဲ့ မိန်းကလေး၊ ငါ .. ငါ မင်းကို ဒီလောက်ထိ ပြောခွင့်ပေးခဲ့မိတာ မင်း မိဘတွေမျက်နှာကြောင့် ..၊ ပြီးတော့ ငါ့အိမ်က ဧည့်သည်မို့လို့ .."







"ရွှေရုပ် ပြောတာ မဟုတ်တာတစ်ခွန်းမှ မပါဘူး၊ ဘွားဒေါ်မြင့်မြတ်တို့ကသာ .."

"မင်းပါးစပ်ကို ပိတ်ထားစမ်း ..၊ မင်း ငါ့ကို နာမည်တစ်ခေါ်ရလောက်အောင် မထိုက်တန်ဘူးဆိုတာ သဘောပေါက်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက နွဲ့နွဲ့သီ တို့ရဲ့ သမီးရင်းမဟုတ်လို့ပဲ .."

"ဘယ် .. ဘယ်လို .."

"မင်း ဘယ်လိုဇစ်မြစ်ဇာတိကလာသလဲဆိုတာ မင်း မိဘကို မင်းပြန်မေး ..၊ ငါ ပြောနိုင်တာက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးနေတဲ့ မင်း မပြောနဲ့ မင်းရဲ့ မိဘတွေတောင် ငါ့ထောက်ပံ့မှုနဲ့ ရပ်တည်နေကြတာ၊ မင်းကတော့ အဲဒီဘာမှမရှိတဲ့ မိဘတွေရဲ့ သမီးရင်းတောင် မဟုတ်ဘူးဆိုတာ .."

"ရှင် လျှောက်မပြောနဲ့ .. ခုမှ သူခိုးလူမိလို့ သူများကို ငြိုးချက်နဲ့ .."

"မင်း သိချင်ရင် ခုချက်ချင်း ဖုန်းဆက်မေးလေ ..၊ သူတို့ ဖုံးကွယ်ထားတာကို ငါ ဖွင့်ပြောခဲ့တယ်ဆိုတည်းက မင်းရဲ့ မွေးစားမိဘတွေကို ငါ ဂရုမစိုက်လို့ဆိုတာ နားမလည်သေးဘူးလား .."

ရွှေရုပ် ကတုန်ကယင် ရေရွတ်နေရင်း ခေါင်းတွင်တွင်ခါသည်။ ပြီးတော့ မျက်လုံးတွေ ကျွတ်ထွက်မတတ် ဂနာမငြိမ်ဖြစ်နေလျက် တစ်လှမ်းချင်းနောက်ပြန်ဆုတ်၏။

"ငါ့မြေးက ဘယ်သူနဲ့ပဲထိုက်တန်နေနေ မင်းသာ ထိုက်ထိုက်တန်တန်ယောကျ်ားမျိုးနဲ့ ပေါင်းဖက်နိုင်ဖို့ကြိုးစားပါ၊ မင်း ထွက်သွားတော့ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ထားလိုက်တော့ .. ထားလိုက်ပါတော့၊ ငါစိတ်တွေအရမ်းရှုပ်နေပြီ နိုးရာ ..၊ မြွေကိုက်တဲ့ဒဏ်ရာဖြစ်ဖြစ် နဂါးပေါက်တာဖြစ်ဖြစ် အားလုံးက ပြီးသွားပြီပဲ .."

"မဟုတ်ရပါဘူးရှင် .. ဒါလေးကိုတော့ ကျွန်မဝင်ပြောပါရစေ.."

မျက်နှာစုံညီရှေ့မှာ ဒေါ်ကောက် က ရှင်းပြဖို့ဝင်လာရှာသည်။

"မယ် က တကယ်ကိုမသိလို့ သူ့စိတ်ထဲဒေါသဖြစ်တဲ့အတိုင်း ဘွင်းဘွင်းကြီးပြောချလိုက်တာပါ၊ အဲဒါကို သူ့စကားအပိုအလိုတွေဖြစ်သွားမှန်းသိတော့ ရှင်းပြဖို့ကြိုးစားပါတယ်၊ မြွေကိုက်ခံရတဲ့ အချက်လေးကိုသာ ရွှေရုပ်လေး ကြားသွားမယ်ဆိုရင် .."

"အို .. တော်ပါတော့လို့ပြောနေမှာပဲ မယ်ကောက် ရယ် .."

ဒေါ်မြင့်ကြက် က ဦးစိုးရာ ခေါ်သလိုပဲ ခေါ်လိုက်ကာ ..၊

"ဖြစ်ချင်လို့ကို ဖြစ်ကုန်တာ ဘာမှ လာမရှင်းနဲ့တော့ ..၊ အဲ့ဒီကာင်မလေး ဘာမှမသိတာကိုလည်း စိတ်ပျက်တယ်၊ ဟိုမိန်းကလေးက်ရိုင်းတာကိုလည်း စိတ်ကုန်တယ်၊ ငါက လူကြီးမတန်မယ့် ငယ်ကျိုးယ်နာတွေဖော်ပြီး လူငယ်နဲ့ဖက်ပြီး ရန်ဖြစ်ခဲ့ရသေးတယ်၊ ရှက်လိုက်





တဲ့ .."

"ကျွန်တော်ကတော့ ဒါ ရှက်စရာလို့မမြင်ဘူး အမေ၊ ရှင်းစရာရှိကတော့ ရှင်းရမှာပဲ ..၊ ဒီမိန်းကလေး ခုလောက်ထိ မာန်မာနထောင်းနေတာ ကျွန်တော်တို့မှာ ချေပခွင့်ရှိတယ်၊ မဟုတ်ရင် ဘယ်လောက်ပ်ရိုင်းစော်ကားသွားမလဲဆိုတာ မတွေးရဲစရာ .."

"ဟုတ်တယ် .. ငါ လုပ်ခဲ့တာ နွဲ့နွဲ့ တို့ရဲ့ စိတ်ဓာတ်စာရိတ္တလေး နုံးညံ့လွန်းလို့၊ ဒီတစ်ခါတော့ စည်းစိမ်အဆင့်အတန်းချင်းယှဉ်မရွေးဘူး၊ ပညာတတ်လေးဖြစ်နေရင်ပဲတော်ပြီဆိုပြီး .."

"ကိုယ့်စိတ်ကိုဖြေပါ အမေ၊ ဒါက အမှားတစ်ခုမဟုတ်ပါဘူး၊ မေ့ မြေးအတွက် အမေ ကြိုက်သလို ရွေးချယ်စီမံပါ ..၊ ချစ် နဲ့ အမေသားအမိ ကျွန်တော့်ကြောင့် ဝေးကွာခဲ့ရတာမို့လို့ အမေ့မြေးရဲ့ အိမ်ထောင်ရေးကို အမေ့လက်ထဲ ယုံကြည်စိတ်ချစွာအပ်ထားတာပါ .."

"တော်ပြီ .."

ဒေါ်မြင့်မြတ် မျက်ဝန်းတွေက ရီဝေဆွေးမြေ့နေခဲ့လျက် ..၊

"အားလုံးဟာ လုပ်သလိုဖြစ်မလာနိုင်ဘူး၊ ငါလုပ်သမျှ ဘာတစ်ခု .."

ဒေါ်မြင့်မြတ် မျက်ရည်တွေဝေ့လာကာ စကားလည်းမဆက်နိုင်ဘဲ့ပေ။ ရွှေရုပ် ပြောဆိုသွားသည့်စကားတွေကြောင့် သူမ ဂုဏ်သိက္ခာတွက်ရော၊ မြေးဖြစ်သူအတွက်ပါ သူကျိုးမရှဖြစ်နေမှန်း အားလုံးကိကြ၏။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဘယ်သူမှလည်း ဒီ့ထက်ပိုပြီးကြိုးစားနိုင်တော့ဘဲရှိရာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"ဒါက ဘာဖြစ်ရပြန်တာလဲ .."

ရှေ့မှာ အစိုး က ဘွားခနဲပေါ်လာသလို ရောက်လာသဖြင့် မ
မျက်နှာလေးအိုသွားသည်။

"မယ် တစ်ယောက်တည်းသွားမှာပါ .."

"ဘယ်သူကရော အန်တီ့ကိုတော့ထားပါ တောင်းဆိုနေလို့လဲ-

ပြောပြီးတာနှင့် မယ့် လက်ထဲက အိတ်လေးကို ဆွဲယူကာ လ
ကိုပါ ဆွဲခေါ်လာခဲ့၏။

"ကိုစိုးရ ရှင် ဘယ်လိုဖြစ်နေတာလဲ .. လူကြီးတွေ မရှိတုန်း -

"ငါရှိတယ် .. မင်း သွားမှာကို မသိချင်ယောင်ဆောင်နေရမှာလား -

"ဟင့်အင်း .. လွှတ် .."

"မယ် .."

"မသိဘူး .. မလိုက်ဘူးနော် .."

အစိုး က မယ့် လက်လေးကိုဆွဲ၍ အိမ်ထဲပြန်မဝင်ဘဲ ပန်းခြံထဲ
ခုံတန်းလေးဆီခေါ်လာပြီး အတူထိုင်ချလိုက်သည်။





"လက်ကဒဏ်ရာကိုလည်း ပတ်တီးဖြေပြီး ပြန်မစည်းဘူးကွာ.."

"ရှင်က ဘာဖြစ်လို့ နေ့လယ်ခင်းကြီး ပြန်လာတာလဲ .."

"မင်း ထွက်သွားမှာ သိလို့မဟုတ်ဘူး၊ ဒါပေမယ့် မင်းက ကိုယ့်
တွေက်ဖြစ်နေတော့ .."

"ဘာ!..."

"ဖြည်းဖြည်းအော် .. ဒီမှာ ဒဏ်ရာကြည့်နေတာ လန့်ပြီးဖိပစ်လိုက်
လိမ့်မယ် .."

"ကိုအစိုးရ .."

"ကိုအစိုး လို့ခေါ်တာ အဆင်မပြေဘူးလား .."

"ရင်းနှီးခဲ့ဖူးတာကိုပါ မေ့ပစ်ချင်တာ .."

"လွယ်တာမှတ်လို့ .."

"ဘာလို့ မလွယ်ရမှာလဲ .. ဒီလိုအိမ်မှာ မတန်မရာနေခဲ့မိလို့ မယ့်
ဘဝ အပြောအဆိုခံရတာ စုတ်ပြတ်သပ်နေပြီ .."

"ပြောတတ်တဲ့ပါးစပ်တွေကို ဘာလို့ ဂရုစိုက်နေတာလဲ .."

"ပြောကြလို့လည်း သိရတာပေါ့၊ မယ့် ဘဝက အဲဒီလိုပဲ .."

"မဟုတ်ပါဘူး .."

အစိုး မျက်နှာက ခပ်တည်တည်ပုံစံဖြစ်နေကာ ခုံတန်းမှာမှီ၍
လက်ဆန့်တင်လိုက်သည်။ ဘယ်ဘက်လက်တစ်ဖက်က မယ့် နောက်မှာ
ရှိနေကာ ...

"မယ့် .."

ဟိုဘက်ပခုံးစွန်းလေးကို လက်နဲ့ပုတ်ခေါ်လိုက်တော့ သူ့ရင်ခွင်ထဲ
ရောက်နေသလိုဖြစ်နေသည့် အနေအထားကို မယ် သတိထားမိသွား၏။

"မင်း မသိတာတွေ အများကြီးရှိသေးတယ် .."

www.burmeseclassic.com



"ရှင်ကတော့ သိတယ်ပေါ့ .."

"ညကမှ သိတာ .."

"ဘာတွေလဲ .."

"အဲ့ဒါတွေ ဖေဖေ ပြောပြမှာပါ၊ တစ်ခုရှိတာက မင်းအားငယ် တာတွေ ပြေပျောက်သွားနိုင်လောက်တဲ့အဖြစ်တစ်ခုရှိခဲ့တယ် .."

ထိုလက်မှတ်တစ်စောင်၏ ဖြစ်ရပ်ကြောင့် တစ်ချိန်ချိန်မှာ က သူတို့သားအဖကို နားလည်ခွင့်လွှတ်ပေးနိုင်ပါ့မလားဆိုတာ မသေချာ ..။

အန်တီကတော့ မျက်ရည်များတောင် ကျရှာခဲ့သည်။

"မဟုတ်ပါဘူး .. ရွှေရိုး လက်ထဲမှာ ဒီငွေတွေရှိရင်တောင် လူ သာဖြစ်လာနိုင်ဖို့မသေချာပါဘူး စိုးရာ ရယ် ..၊ နင့်ကို ငါ အပြစ် ချင်ပေမယ့် နင်တောင် သူ့ကို လိမ်လို့ရခဲ့တာ သူ့လက်ထဲက ဒီငွေ ကို မကောင်းတဲ့လူတွေ မျက်စိကျသွားတာနဲ့ သွားပြီပေါ့၊ ပစ္စည်း ဆိုတာ စားထိုက်မှ စားရတာပါ .." လို့လည်း ဖြေသိမ့်နေခဲ့၏။

"သမီးကို ငါ နားလည်အောင်ရှင်းပြပါ့မယ် မပူပါနဲ့ .." တဲ့ ..

သူ မယ့် မျက်နှာလေးကို စိုက်ကြည့်နေမိကာ လူကြီးတွေစီစဉ် တာကို ပြောမထွက်နိုင် ..၊

"မယ် သွားမှဖြစ်မယ် ကိုအစိုးရ ..၊ မမသီရိ ကလည်း နွယ် သူကိုယ်တိုင် ခေါ်အပ်ပေးမယ်တဲ့၊ ခု ဖုန်းဆက်ထားပြီးပြီ .. အနေ မယ် အလုပ်အကိုင်အတည်တကျဖြစ်မှ .."

"အဲ့ဒီအလုပ်တစ်ခုရဖို့ မင်း ဘယ်လောက်ထိကြိုးစားရမလဲသိလား မရနိုင်ဘူးလို့လည်း မပြောရက်ပါ။

"ဒါကတော့ .."





"အဲဒါကြောင့် အဆင်ပြေအောင် ကိုယ့်ကုမ္ပဏီမှာအလုပ်လုပ်၊ မင်း အမေကို မင်းလစာနဲ့ ကျွေးမွေးလို့ရပြီ .."

"ဟင့်အင်း .. မယ် ဒီမှာ မနေချင်တော့ဘူး .."

"မရတော့ဘူး .. အန်တီက မင်းကို ဖေဖေ မွေးစားပါဆိုပြီး အပိုင် ပေးလိုက်ပြီ .."

"ဟင် .. တကယ်ပြောနေတာလား .."

"ဟုတ်တယ် .."

"ဒါဆို ဘွား ချက်ချင်းကြီးပြန်သွားတာ ဘာဘစိုး အဲဒါတွေလုပ်လိုက် လို့ထင်တယ် ..၊ အမေ မယ့် ကို မပြောဘဲ ဘာတွေလုပ်နေတာလဲ .."

မယ် ဖျတ်ခနဲထရပ်လိုက်တာနှင့် အစိုး က ပခုံးကိုဆွဲဖက်ထား လိုက်မြီး ...

"မမေးနဲ့ ကိုယ် ပြောပြမယ် .."

BURMESE CLASSIC

"ရှင် ဘယ်လိုလုပ်တာလဲ .. လက်ဖယ်စမ်းပါ .."

မယ့် မျက်နှာလေး နီရဲနေတာကိုကြည့်ပြီး အစိုး က တစ်ချက်မှ မျက်လုံးမလွှဲဘဲနေကာ ..၊

"မယ် .."

"ဘာလဲ .."

"ငြိမ်ငြိမ်နေ .. ကိုယ်ပြောမလို့ .."

မယ် က သူ့မျက်နှာကိုကြည့်လိုက်ရင်း ငြိမ်သက်သွား၏။ ဒါပေမယ့် အစိုး က ဘာမှမပြော ..၊

"ပြောလေ .."

"အင်း .. စဉ်းစားနေတာ .."

"ခုမှ စဉ်းစားတယ် .."



www.burmeseclassic.com

www.burmeseclassic.com



အစိုး က ရယ်ကာ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် .. မင်းကို ဖေဖေက သမီးရင်းအဖြစ်အမွေစားအမွေခံ မွေးစားလိုက်ပြီဆိုတော့ မင်းရဲ့ အိမ်ထောင်ရေးကိုလည်း စီစဉ်ပေးမှာပဲ .."

မယ် က ရှုပ်ထွေးနေသည့် မျက်နှာလေးနှင့် နားထောင်နေ၏။

"အဲဒီလိုဖြစ်ခဲ့ရင် .."

"မယ့် ကို မွေးစားလို့မရပါဘူး၊ မယ် ဒီမှာ မနေပါဘူးဆိုမှ .."

"ကဲ .. မွေးစားလိုက်ပြီလို့ထားလိုက်ကွာ ..၊ မင်းကိုကြိုစဉ်းစားခိုင်းမလို့၊ အကယ်၍ မင်းကို လက်ထပ်ပေးတော့မယ်ဆိုရင် လူကြီးတွေပေးစားတဲ့ယောကျ်ားကိုယူလိုက်မှာလား .."

"ဘယ်လိုလုပ်သိမှာလဲ .."

"ခု သိလိုက်တော့ .. ဖြေပါဆိုမှကွာ .."

"မယ် မှ မစဉ်းဘူးတာ .. ရှင့်လက်ကြီးဖယ်လို့ရပြီလား .."

"မင်း ဖြေလေ၊ ဘယ်လိုယောကျ်ားမျိုးနဲ့မှ လက်ထပ်မယ်လို့ စဉ်းစားဖူးတာတစ်ခုခု မရှိခဲ့ဘူးလား .."

"မရှိခဲ့ဘူး .."

"အင်း .. မစဉ်းစားတာပဲကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့.."

အစိုး က မယ့် မျက်နှာလေးကို အနီးကပ် ငုံ့မိုးကြည့်ကာ ..၊

"မင်း ကုပ်ပေါ်မှာ ကိုယ် တံဆိပ်ခတ်ထားတာရှိတော့ .."

"ရှင်နော် .."

"ပြောပြတာလေ .. မင်းကို လက်ထပ်ပြီးမှ အဲဒါကိုမြင်သွားရင် မင်းကို အဲဒီကောင် သောင်းကျန်းမှာပဲ .."

"အခု မယ် ကိုယ့်ဒေါသနဲ့ကိုယ် မှားကုန်တာသိလား၊ အဲဒီတုန်းက မြွေကိုက်ခဲ့လို့ ရှင် မြွေဆိပ်စုပ်ပေးခဲ့တာကို .."



"ထားလိုက်စမ်းပါ .. ဘာကြောင့်ရခဲ့တဲ့ဒဏ်ရာဖြစ်ဖြစ် အဲ့ဒါ ကိုယ် ခတ်ခဲ့တဲ့တံဆိပ် .."

"အဲဒါကို မပြောပါနဲ့တော့ တောင်းပန်ပါတယ် .."

"တစ်ခုယပ်ရှိသေးတာက မင်းနဲ့ လက်ထပ်မှာက ကိုယ်ဆိုရင်တော့ .."

"လျှောက်ပြောမနေနဲ့ .."

"ဟော့ .."

"ရှင်နော် .."

မယ် ထပြေးတာနှင့် လက်ကိုကမန်းကတန်းပြန်ဆွဲလိုက်သဖြင့် သူ့ရင်ခွင်ထဲကို ပုံခနဲပြိုကျလာ၏။

သူ မယ့် ကိုယ်လေးကို ဖွဖွလေးဖက်ထားလိုက်မိကာ ရယ်နေမိလျက် ..၊

"ပါးတွေမှာ ပါးနီဆိုးထားသလို တွေ့လား၊ အဲဒါ မင်းကိုယ့်ကို ရင်ခုန်နေပြီ .."

"မဟုတ်ဘူး .."

"ဝန်မခံဘူးလား .."

သူ မယ့် ပခုံးလေးကို မျက်နှာမော့လာအောင် ဆွဲပင့်လိုက်ပြီး ...

"ရှင်နော် .."

ပါးပြင်မှာ နွေးခနဲထိတွေ့မှုကြောင့် မယ် တစ်ကိုယ်လုံးကျင်ခဲသွားသည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် သတိလစ်သွားပြီလားထင်ရလောက်အောင် ဘာဖြစ်သွားခဲ့မှန်းမသိ ..။

အစိုး က ပြုံးနေရင်း သူမလေးရဲ့ ရင်ခုန်သံတွေကို စိတ်ဝင်စားနေခဲ့သည်။

"မင့် ဘွားကပြောသွားတယ်၊ ပြဿနာက ဟုတ်ဟုတ် မဟုတ်ဟုတ်

www.burmeseclassic.com



တစ်ယောက်စ တစ်ရာအဆုံး ရွှေရုပ် ကြောင့် အားလုံးသိကုန်ပြီတဲ့၊ မယ့် သိက္ခာကို ငဲ့ရမယ်တဲ့၊ ဆိုလိုတာက မယ့် ကို မင်းနဲ့ လက်ထပ်ပေးဖို့ပဲ..." တဲ့ ..။

သူကတော့ အစတည်းက မယ့် အပေါ်မှာ ကြင်နာချစ်ခဲ့တာပါ။ ဒီကောင်မလေးဘက်ကို မြင်ချင်တာတစ်ခုသာ ခံမနေခဲ့ရင် လူကြီးတွေ ဒီတိုင်းပြောလိုက်တယ်ဆိုပြီး မင်္ဂလာကိစ္စပြောပြ၍ ရင်ခုန်သံချင်း တရားဝင် နားထောင်ခွင့်ရဂိမ့်မည်။

ခုတော့ သိုင်းဗိုင်းပြောနေရတာ လိုရာခရီးကိုမရောက် ..၊

ဘာဖြစ်ဖြစ် သူ စိတ်ရှည်ရမည်သာ ..။

**မယ့် ပန်းလေးကိုဖက်ထားမိရင်း** ရင်ခုန်သံတွေက လှို့ဝှက်ဆန်ဆန် **လှိုက်ခါနေခဲ့လျက်** ..၊

**အနမ်း**တို့နှင့် ထွေးပွေ့၍ ကိုယ့်ရင်ခွင်မှာ သူမကို မွေ့မူးစေချင် **ပေမယ့်** ..။

*ဝရိသတ်အတွက်*
*ထာဝရ*